http://www.cherrythitsar.org

# ဒဂုန်ရွှေမျှား

# ထောရာသက်ပြင်း



http://www.cherrythitsar.org

စာအုပ်အမှတ် ( ၈၄ )

**Quality Publishing House**

trw 153? 5(u)vm? qyur;omvr;

ausmuwwm;lrke , ? &euelrk/

ze; - 706414? 721067? 282604

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | **ဒို့အရေး** |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | **ဒို့အရေး** |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | **ဒို့အရေး** |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဆုဝန်ရွှေရှား

# ဓားရထက်ပြင်း

# နှင့်

# အခြားဝတ္ထုတိုများ

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် - ၁၁၂၀ / ၂၀၀၁ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၉၉ / ၂၀၀၁ (၁၂)

❑

**စီစဉ်သူ**

ကိုမြင့်ထွန်း

❑

**ပုံနှိပ်ခြင်း**

ပထမအကြိမ် - (ဧပြီလ၊ ၂၀၀၂)
အုပ်ရေ - (၁၀၀၀)

❑

မျက်နှာဖုံးပန်းချီ - မောင်မောင်သိုက်
ကာလာခွဲ - *Alpha*
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

❑

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ် (၁၆၃)၊ (၄၈)လမ်း၊ ဗိုလ်တထောင်။

❑

**ထုတ်ဝေသူ**

ဦးကျော်ဆန်း (ရဲအောင်စာပေ) (၀၉၃၂)၊
အမှတ် (၂)၊ ချွန်း (၁)လမ်း၊ မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။

❑

**တန်ဖိုး**

၉၀၀ ကျပ်

http://www.cherrythitsar.org


| | |
|---|---|
| မိတ်ဆက် | ၁ |
| စောရသက်ပြင်း | ၄ |
| မြစိမ်းရောင်ကလပ် | ၂၀ |
| စောရညီနောင် | ၆၈ |
| ပုလဲသူခိုး | ၉၅ |
| ခါတော်မီပုလဲသူခိုး | ၁၁၄ |
| သူခိုးမကလေး | ၁၂၆ |
| ဝိဇ္ဇာစိန် | ၁၄၇ |
| ကုလားမခြေထောက် | ၁၆၈ |
| ဥမင်လေးဆယ် | ၁၈၇ |
| ကလိမ်ခြံျခားပြအမှုကြီး | ၂၀၆ |
| ထောင်နှုတ်ခမ်းကို နင်းခဲ့သူ | ၂၂၇ |

# မိတ်ဆက်

သူရိယမဂ္ဂဇင်း ထုတ်ဝေခဲ့စဉ်အခါက **စောရသက်ပြင်း** ဟူသော အမည်မှာ အလွန်ခေတ်စားလျက် စောရသက်ပြင်း ဝတ္ထုများသည်လည်း အတော်ပင် လူသိများ၍ ရေပန်းစားခဲ့လေသည်။ ယင်းဝတ္ထုကို သူရိယမဂ္ဂဇင်း တိုက်က စတင်တီထွင်ခဲ့ရာ မူလရေးသူမှာ သူရိယသတင်းစာတိုက် လက်ထောက်အယ်ဒီတာ တစ်ဦးဖြစ်သူ ကြို့ပင်ကောက်မြို့သား ဦးမောင်ကလေး ဆိုသူဖြစ်ကြောင်း နောင်အခါမှ တစ်ဆင့်စကား ကြားသိရ၏။

ဦးမောင်ကလေးသည် အနောက်နိုင်ငံမှ ကမ္ဘာကျော်သူခိုးကြီး အာဆင်လူပင် ( Arsin Lupin) ၏အကြောင်းကို မှီငြမ်းပြုကာ မြန်မာပြည်နှင့် ဆီလျော်အောင် ရေးသားခဲ့သည်ဟု ကြားသိခဲ့ရလေသည်။ ယင်းသူခိုးကြီးမှာ အလွန်သူရသတ္တိရှိပြီးလျှင် ကြံရည် ဖန်ရည် လုပ်ရည် ကိုင်ရည်နှင့်ပြည့်စုံလျက် မတရားသဖြင့် ရရှိအပ်သော ပစ္စည်းများကို တိုက်ခိုက်လုယူတတ်သော်လည်း ပစ္စည်းဥစ္စာမပြည့်စုံသော ဆင်းရဲသားလူတန်းစားများအပေါ် တွင် အလွန်ထောက်ထားညှာတာ၍ သနားကြင်နာတတ်သူ ဖြစ်လေသည်။

အထက်အဆိုပါ ဦးမောင်ကလေးသည် **စောရသက်ပြင်း** ဝတ္ထုကို သူရိယမဂ္ဂဇင်းတွင် ရေးသူနာမည်မဖော်ဘဲ ၂ ပုဒ် ၃ ပုဒ်မျှ ရေးသားပြီးသော အခါ လူကြိုက်များလာသဖြင့် ဆက်လက်ရေးသားခဲ့ရာ ၄ ၅ ပုဒ်မျှရေးပြီး နောက် ရုတ်တရက် ကွယ်လွန်အနိစ္စရောက်သွားရာလေသည်။ သို့နှင့် စောရ

http://www.cherrythitsar.org

သက်ပြင်းမှာ သူရိယမဂ္ဂဇင်းတွင် အတန်အဆက်ပြတ်လျက် မပါဘဲရှိနေခဲ့၏။

ထိုအခါ စာဖတ်ပရိသတ်သည် စောရသက်ပြင်းဝတ္ထုကို မဂ္ဂဇင်းတွင် လစဉ်ထည့်သွင်းပေးရန် နေ့စဉ်နှင့်အမျှ တောင်းဆိုလျက်ရှိရာ အယ်ဒီတာအဖွဲ့ဝင်များက ယင်းဝတ္ထုကို မဖြစ်ဖြစ်အောင် ကြံဖန်ဆက်လက် ရေးသားကြရပြန်၏။ သို့သော် စာရေးဟန်နှင့် လေမှာ မူလစာရေးသူနှင့် မတူလှချေ။

ဤဇာတ်လမ်းမျိုး ရေးသားရာ၌ ဝတ္ထုရေးဆရာသည် အလွန်ထူးခြားဆန်းကြယ်၍ နက်နဲခက်ခဲသော ဇာတ်လမ်းဇာတ်ကွက်များကို ရှာဖွေရသည်ဖြစ်ရာ အယ်ဒီတာအဖွဲ့၌ အတော်အတန် ဝန်လေးလျက်ရှိ၏။ သို့နှင့် ဇာတ်လမ်းဇာတ်ကွက်ကို နိုင်၍ အမြဲတမ်းရေးသားနိုင်မည့် စာရေးဆရာကို ရှာဖွေကြရလေသည်။

သို့ရှာဖွေရာ ရှေးဦးစွာ ဆရာကြီးမဟာဆွေ၏ လက်သို့အပ်၍ ၂ ပုဒ် ၃ ပုဒ်မျှ ရေးသားပြီးနောက် ဒဂုန်ရွှေမျှားရောက်ရှိလာရာ တစ်ယောက်တစ်လှည့်စီရေးသားသွားကြရန် ဆုံးဖြတ်ကြလေသည်။ ထိုအခါက မဂ္ဂဇင်းအယ်ဒီတာမှာ သတင်းစာဆရာ ဦးသိမ်းမောင် ဖြစ်၏။

ဤသို့ဖြင့် ဆရာကြီး မဟာဆွေနှင့် ယခုစာရေးသူတို့သည် စောရသက်ပြင်းဝတ္ထုကို တစ်ယောက်တစ်လှည့်စီ တာဝန်ယူ၍ ဆက်လက်ရေးသားခဲ့ကြရာ ဇာတ်ကောင်အမည်များပြောင်းလဲခြင်းမပြု၊ စာရေးသူ၏ အမည်များကိုလည်း ဖော်ပြခြင်း မပြုရန် နားလည်မှု ရှိခဲ့ကြရလေသည်။ သို့သော် စာရေးသူသည် ထိုအခါက ရှေ့နေအလုပ်ဖြင့် အသက်မွေးမြူနေထိုင်လျက်ရှိရာ ၄ ၅ ၆ ပုဒ်ခန့် ရေးပြီးသောအခါ ဆက်လက်မရေးနိုင်တော့ဘဲ လက်လွှတ်လိုက်ရ၏။ ထိုအခါ ဆရာကြီးမဟာဆွေက ဆက်လက်ရေးသားခဲ့လေသည်။

အထက်ပါ အကြောင်းအရာများသည်ကား ရှေးခေတ်ဟောင်းအချိန်က စောရသက်ပြင်း ဝတ္ထုဖြစ်ပေါ်လာပုံနှင့်တကွ စာဖတ်ပရိသတ်အား စောရသက်ပြင်းနှင့် မိတ်ဆက်ပေးခြင်း ဖြစ်လေသည်။

**ဒဂုန်ရွှေမျှား**

* * *

http://www.cherrythitsar.org

## မှတ်ချက်

စာရေးသူသည် သွေးသောက် မဂ္ဂဇင်း၌ပင် သူခိုးကြီး စောရသက်ပြင်းနှင့် စုံထောက်ဦးအောင်မြင်တို့၏အကြောင်းကို အတော်အတန်ရေးသားခဲ့ဖူးရာ ဦးအောင်မြင်သည် သက်ပြင်းအား မရမနေ ဖမ်းဆီးရန်ကြံစည်ကြိုးစားလျက် ရှိနေသည်နှင့်အမျှ သက်ပြင်းကလည်း ဦးအောင်မြင်၏ 'ကွန်ချက်' မှ ရှောင်တိမ်းသည်ဆိုရုံမျှ ရှောင်တိမ်းရန်းထွက်နိုင်အောင်အားထုတ်ခဲ့၏။

ထိုအခါက စာရေးသူသည် သူတို့အချင်းချင်း ဉာဏ်ကစားပုံကိုဝတ္ထုသွားအနေဖြင့် ရေးသားခဲ့ဖူး၏။ သက်ပြင်းသည် ဦးအောင်မြင်အားတစ်ခါတစ်ရံ လက်တစ်လုံးခြားမျှ မခံချိမခံသာ လှည့်ပတ်နိုင်ခဲ့သော်လည်းဦးအောင်မြင်ဘက်၌မူ တရားဥပဒေက လက်ကိုင်ရှိနေသဖြင့် တစ်လမ်းသာ၍ နေတော့၏။

ဦးအောင်မြင်မှာ ပါးရည်နပ်ရည်ရှိ၍ ရဲရင့်ခြင်း သူရသတ္တိနှင့်ပြည့်စုံသည်မှန်သော်လည်း ဖွဲကောင်းခြင်း၊ ဖျတ်လတ်ခြင်း၊ တစ်ပတ်ရိုက်ခြင်းတို့တွင် သက်ပြင်းက သာမယောင်ယောင်ရှိခဲ့လေသည်။

ဤအကြောင်းများကို စာရေးသူသည် ၁၉၅၄ ခု ဖေဖော်ဝါရီလ ထုတ်သွေးသောက်မဂ္ဂဇင်း အမှတ် ၉၇ တွင် 'မြစိမ်းရောင်ကလပ်' ဝတ္ထု၌လည်းကောင်း၊ ၁၉၅၄ ခု မေလထုတ် သွေးသောက်မဂ္ဂဇင်း အမှတ် ၁၀၀ တွင် 'စုံထောက်ဦးအောင်မြင်' ဝတ္ထုအမည်ဖြင့်လည်းကောင်း ရေးသားခဲ့ဖူးလေပြီ။

# စာရသက်ပြင်း

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ၅ နှစ် ၆ နှစ်ခန့်အချိန်သည်ကား မြန်မာပြည်တွင် ဗြိုရိုကရက်တို့ တန်ခိုးအရှိန်အဝါ အကောင်းဆုံးအချိန်ပင် ဖြစ်၏။

ထိုအခါက မြန်မာအရာရှိများသည် အစိုးရအရှိန်အဝါလွှမ်းမိုးကာ 'ငါမှငါ' ဟူသော သဘောဖြင့် ဆင်းရဲသားတိုင်းရင်းသားများအပေါ်တွင် မော်မောက်ဝါကြွားကာ ရှိကြကုန်ရာ မင်းမြှောင်စိုးမြှောင်တို့သည်လည်း ထိုမင်းတို့ကို 'ကပ်ပါး ယပ်ပါး' ပြုလျက် စားသောက်နေထိုင်ကြ၏။

ထိုအခါက ပုလိပ်ဘက်နှင့် နယ်အုပ်ချုပ်ရေးဘက်တို့မှာ ယခုခေတ်ကဲ့သို့ နီးနှောတိုင်ပင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဟူ၍ မရှိလှဘဲ ကိုယ့်မာနနှင့်ကိုယ်၊ ကိုယ့်တန်ခိုးအာဏာနှင့်ကိုယ် ရှိနေကြပြီးလျှင် တစ်ခါတစ်ရံ တစ်ဘက်နှင့်တစ်ဘက် 'စောင်' လျက်ပင် ရှိနေတတ်ကြ၏။

ဥပမာအားဖြင့် ပုလိပ်ဘက်မှ အရေးယူသောအမှုတစ်မှုကို တရားသူကြီးက မျက်စိ မှိတ်၍ လွှတ်ပစ်တတ်၏။ ထို့အတူ တရားသူကြီးတစ်ဦးက အပြစ်မရှိဟု ယူဆကာ လွှတ်ပစ်သောအမှုကိုလည်း ပုလိပ်ဘက်မှ ကုတ်ကုတ်ကပ်ကပ် သက်သေခံရှာပြီးလျှင် ပြန်၍ ဖမ်းဆီးတတ်လေသည်။ ထိုခေတ်မှာ အလွန်ငွေကြေးရှားပါးသောခေတ်ဖြစ်သဖြင့်လာဘ်ပေးလာဘ်ယူ

http://www.cherrythitsar.org



ကိစ္စတို့သည်လည်း 'လက်သိပ်ထိုး' ရှိနေကြကုန်ရာ အချို့အရာရှိများမှာ အစိုးရလခထက် လာဘ်သပ်ပကာကို ပို၍မျှော်လင့်ကြလေသည်။

တစ်နေ့သော ညနေ ၇ နာရီအချိန်လောက်တွင် ဘောင်ဒရီလမ်း၌ ပုလိပ်မင်းကြီး (. . . . .) ၏ အိမ် ဆင်ဝင်အောက်၌ ရာဇဝတ်ဝန်ကလေး ဦးစိန်လှိုင်သည် ကားထွက်ခါနီးဆဲဆဲတွင် မင်းကြီးအား အရိုအသေပြု၍ နှုတ်ဆက်လိုက်၏။ သို့သော် မင်းကြီးက လက်မြှောက်၍ တားဆီးလိုက်သဖြင့် ကားကလေးသည် နောက်သို့ အတန်ငယ်ပြန်၍ ဆုတ်လာပြီးနောက် ဦးစိန်လှိုင်သည် ကားပေါ်မှ ပြန်၍ ဆင်းလာလေသည်။ မင်းကြီးသည် အောက်ဆုံးလှေခါးထစ်ရောက်အောင် ဆင်းလာပြီးနောက် . . .

'ဒီမှာ မောင်စိန်လှိုင် တရားခံကို အာမခံရအောင်တော့ စီစဉ်ပေးလိုက်ပါကွယ် . . .'

'ဟုတ်ကဲ့ အစ်ကို . . .'

'ပြီးတော့ သူက တရားသူကြီးဆိုတော့ သူ့ဂုဏ်သိက္ခာကိုလဲ ထောက်ရသေးတယ်မဟုတ်လား . . .'

'ဟုတ်ပါတယ်အစ်ကို . . .'

'၃၀၀၀ တန် ၂ ယောက်ဆိုရင် တော်လောက်ပါပြီကွယ် . . . ပြီးတော့ မင်းက ဌာနအုပ်ကိုလဲ သတိပေးခဲ့ . . . ကြားလားမောင်စိန်လှိုင်'

'ဟုတ်ကဲ့ ကျွန်တော် ကြည့်ပြီး စီစဉ်ခဲ့ပါ့မယ်အစ်ကို . . .'

ဦးစိန်လှိုင်သည် ပုလိပ်မင်းကြီးအိမ်မှ ထွက်ခဲ့ပြီးလျှင် ကားကလေးကို အနောက်ပိုင်းရှိ တရုတ်ဟိုတယ်တစ်ခုသို့ မောင်းသွားလေ၏။

ထိုအခါက ရုပ်ရည်အတော်အတန် သနားကမားရှိ၍ ခေတ်ပညာတတ်တစ်ယောက်ဖြစ်သော 'စောရသက်ပြင်း' ဆိုသူ၏သတင်းသည် ရန်ကုန်မြို့ပေါ်၌ အတော်ပင် ခေတ်စားလျက်ရှိရာ ၎င်းမှာ သာမန်ဆိုးခိုးတိုက်ခိုက်ရုံမျှမက နယ်ဘက်နှင့် ပုလိပ်ဘက်ကိုပင် မကြာခဏ တစ်ပတ်ရိုက်၍ သွားတတ်၏။ တစ်နေရာတွင် ခိုးယူ၍သွားသော်လည်း အခြားတစ်နေရာတွင် ကူညီတတ်၏။ ဆင်းရဲသားများအပေါ်၌ ညှာတာပြီးလျှင် မောက်မာမော်ကြွားသူများကို နှိမ်နင်းတတ်၏။

သူသည် နေရာအနှံ့အပြား၌ နာမည်အမျိုးမျိုးဖြင့် ရုပ်ဖျောက်နေထိုင်တတ်ပြီးလျှင် ပေးကမ်းလှူဒါန်းရာ၌လည်း ရက်ရောစွာ ပေးကမ်းလှူဒါန်းတတ်၏။ သူခိုးဟုပင် ဆိုရသော်လည်း သက်ပြင်းသည် မည်သူ့အားမျှ မတရားနှိပ်စက်သည်ဟူ၍ မရှိဘဲ ကူညီသင့်သူများကိုလည်း အထိုက်အလိုက် ကူညီတတ်သေလည်။

http://www.cherrythitsar.org



ဤသို့လျှင် သက်ပြင်းမှာ သူခိုးတစ် ယောက်ပင်ဖြစ်လင့်ကစား ဂုဏ်သရေရှိ လူကြီးသူကောင်းတစ်ယောက်၏ ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံသဖြင့် ၎င်းအား 'ဂုဏ်သရေရှိ သူခိုး' ဟူ၍ တိုင်းပြည်က အသိအမှတ် ပြုခဲ့လေသည်။ ထို့ကြောင့်လည်း အမြတ်ကြီးစား ကုန်သည်ကြီးများ အတိုး ကြီးစားငွေရှင်များ သူတော်ကောင်းဟန်ဆောင်သူများမှစ၍ မတရားလုပ်သူ မှန်သမျှတို့သည် အစိုးရကို ကြောက်ရွံ့သည်ထက် တစ်ဖက်တစ်လမ်းမှ သက်ပြင်းကို ပို၍ ကြောက်ကြလေသည်။

ဝန်ကလေးဦးစိန်လှိုင်သည် ပုလိပ်မင်းကြီးအိမ်မှ ကားထွက်လာ သည်နှင့်တစ်ပြိုင်နက် ဦးထုပ်ပျော့ကို မျက်နှာတစ်ဝက်နီးပါးမျှအုပ်၍ ဆောင်း ထားသော လူတစ်ယောက်သည် သစ်ပင်ရိပ်တစ်ခုအောက်တွင် ရပ်ထားသော ကားတစ်စီးပေါ်သို့ ခုန်တက်ကာ ဦးစိန်လှိုင်၏ ကားနောက်သို့ ထပ်ချပ် မကွာ လိုက်ပါသွားလေ၏။

ဦးစိန်လှိုင်သည် ဒါလ်ဟိုဇီလမ်းမှ ၁၉ လမ်းထဲသို့ ကွေ့ဝင်ခဲ့ပြီး နောက် တရုတ်ဟိုတယ်တစ်ခုရှေ့တွင် ကားကိုရပ်၍ ဟိုတယ်ဆိုင်ထဲသို့ ဝင် သွား၏။ ထို့နောက် အထူးခန်းတစ်ခုအတွင်း သပ်ရပ်စွာ ခင်းကျင်းထား သော စားပွဲ၌ထိုင်ကာ ဘီယာတစ်ခွက်ကို သောက်လျက်ရှိလေသည်။ သူသည် ဘီယာသောက်ရင်း တစ်စုံတစ်ယောက်အား မျှော်လင့်စောင့်ဆိုင်း နေဘိသကဲ့သို့ လက်ပတ်နာရီကို မကြာခဏ မြှောက်၍ ကြည့်၏။

ဦးစိန်လှိုင်သည် အရေးကြီးသော အမှုများကို ဖမ်းဆီးရန် မိမိ၏ တပည့်လက်သားများနှင့် လျှို့ဝှက်တိုင်ပင်ရန်လည်းကောင်း၊ အလွန်အရေး ကြီးသောသတင်းများကို ရယူရန်လည်းကောင်း၊ ဤတရုတ်ဟိုတယ်သို့ လာလေ့ရှိရာ တရုတ်များနှင့် မိတ်ဆွေဖြစ်၍နေသည့်ပြင် ၎င်းမှာလည်း ရာဇ ဝတ်ဝန်ကလေးတစ်ယောက်ဖြစ်ကြောင်း ဟိုတယ်ပိုင်ရှင်များ သိပြီးသဖြင့် ဦးစိန်လှိုင်ဝင်လာသည်နှင့်တစ်ပြိုင်နက် ထိုအခန်းကလေးကို အထူးပြင်ဆင် ပေးတတ်လေသည်။ သို့သော် ထိုအခန်းနှင့်ကပ်လျက်ရှိသော အခြားအခန်း ဘက် ပျဉ်ထောင်လိုက်ကာ၌ ဆွဲချိတ်ထားသော ဓာတ်ပုံတစ်ပုံနောက်တွင် ရွေးကြီးစေ့ခန့်ရှိ အပေါက်ကလေးတစ်ပေါက် ရှိသည်ကိုကား မည်သူမျှ သတိမပြုမိချေ။

ဦးစိန်လှိုင်၏ ကားနောက်မှ မျက်ခြေမပြတ်လိုက်ပါလာသော ကား ကလေးသည် ဦးစိန်လှိုင်ကားနှင့် မနီးမဝေးတွင် ရပ်ပြီးနောက် တစ်ခဏမျှ ကြာသောအခါ ကားပေါ်မှလူသည် မျက်နှာတစ်ဝက်နီးပါး ဖုံးအုပ်လုမတတ် ဦးထုပ်ပျော့ကို ရှေ့သို့ဆွဲချကာ တရုတ်ဟိုတယ်အတွင်းသို့ ဝင်သွားလေ

http://www.cherrythitsar.org



၏။ ထို့နောက် ဦးစိန်လှိုင်ရောက်ရှိနေသည့် အခန်းနှင့် ကပ်လျက်ရှိသော အခန်းလွတ်အတွင်းသို့ ဝင်ကာ ဝက်နံကင်တစ်ခွက်နှင့် ဘီယာကို မှာလိုက်လေသည်။

ဦးစိန်လှိုင်သည် မြေပဲလှော်အနည်းငယ်ကို ဝါးပြီးလျှင် ဘီယာ ကို အာတစ်ငုံစာမျှကျိုက်၍ ချချည်တစ်စ်ခါ စီးကရက်ကို ဖွာချည်တစ်လှည့် ဖြင့် စောင့်ဆိုင်းလျက်ရှိရာမှ ၈ နာရီထိုးရန် ၁၄ မိနစ်ရှိသောအခါ ယူနီဖောင်း ကို သပ်ရပ်စွာဝတ်ထားသော လူတစ်ယောက်သည် ခြေလှမ်းခပ်ကျဲကျဲဖြင့် အခန်းတွင်းသို့ ဝင်လာပြီးနောက် ခြေထောက်ကို စုံရပ်ကာ ဦးစိန်လှိုင်အား အရိုအသေပေးလေသည်။

ဦးစိန်လှိုင်က

'ထိုင်ဟေ့ မောင်သန်းဖေ . . . ထိုင် . . . မင်းနဲ့ကွာ စောင့်လိုက်ရတာ လာမှလာပါဦးမလားလို့ ငါ့မှာဖြင့် တထိတ်ထိတ်နဲ့ . . .'

ဟု ပြောလိုက်ရာ မောင်သန်းဖေက . . .

'ဟုတ်တယ်ဆရာ ကျွန်တော် တစ်မိနစ်နောက်ကျသွားတယ်. . . ကျွန်တော့်အပြစ်ပဲ ဆရာ၊ သူငယ်ချင်းတစ်ယောက်က အတင်းဆွဲထားလို့ ဆရာရဲ့'

'အေးလေ . . . တစ်မိနစ်နောက်ကျတာ တော်ပါသေးတယ် . . . ဟေ့ ပေါက်ဖော် ဘီယာတစ်ခွက် ထပ်ယူခဲ့ဦးဟေ့ . . .'

မောင်သန်းဖေဆိုသူမှာ ဦးစိန်လှိုင်၏ တပည့်ရင်း ရာဇဝတ်အုပ် တစ်ယောက်ဖြစ်၍ ဘီယာတစ်ခွက်နှင့် ဝက်အူချောင်းများကို နောက်ထပ်မှာ ယူကာ ဆရာတပည့်နှစ်ယောက်တို့သည် ထိုည ၉ နာရီတွင် တရားသူကြီး ဖြစ်သူ ဝန်ထောက်ဦးလွန်းမောင်အား ဖမ်းဆီးရန် အသေးစိတ် ကြိုတင် ဆွေးနွေးတိုင်ပင်လျက် ရှိကြလေ၏။

*

ဤနေရာ၌ တရားသူကြီး ဦးလွန်းမောင်အကြောင်းကို အနည်းငယ်မျှ ရေးသားဖော်ပြရပေဦးမည်။

ထိုအချိန်က ဦးလွန်းမောင်၏ ရုံးတွင် တစ်မြို့လုံးက ဂရုစိုက်လျက်ရှိနေသော မိန်းမခိုးမှုတစ်ခုရှိရာ တရားခံမှာ ကုံလုံကြွယ်ဝသော မြေပိုင်ရှင် စက်သူဌေးတစ်ဦး၏ သားဖြစ်သဖြင့် ထိုအမှုတွင် အနည်းဆုံး ငွေတစ်သောင်းခန့် အကုန်အကျခံနိုင်သော အခြေအနေရှိ၏။ သို့နှင့် အမှုစစ်ဆေး

http://www.cherrythitsar.org



သော တရားသူကြီးအား လာဘ်ပေး၍ လွတ်မြောက်ရန် ကြိုးစားလိမ့်မည်ဟု ကောလာဟလသတင်းဖြစ်လျက် ရှိ၏။ အထူးသဖြင့် တရားလိုဘက်မှ ထို အကြောင်းကို ထင်မြင်ချက်ပေးလျက်ရှိရာ အပြင်မှလည်း ထိုကောလာဟလ သတင်းကို ယုံကြည်လျက် ရှိကြလေသည်။

အမှုမှာ တရားလိုပြ သက်သေများကို စတင်စစ်ဆေးလျက်ရှိသော အချိန်ဖြစ်၍ တရားလိုသက်သေ နှစ်ယောက် သုံးယောက်မျှသာ စစ်ဆေးပြီး သေး၏။ ဤသို့ ကောလာဟလသတင်းဖြစ်နေသည့်အချိန်အတွင်း၌ပင် တရားခံအား ကွင်းလုံးကျွတ် လွှတ်ပစ်ပါက ငွေ ၅၀၀၀ ပေးပါမည်ဟူသော စကားသည် ဦးလွန်းမောင်၏နားသို့ လာဘ်ပေးလာဘ်ယူ အောင်သွယ်ပွဲစား တစ်ဦးထံမှ ရောက်ရှိလာလေသည်။

ထိုအခါက ရှေ့နေရှေ့ရပ်များထံသို့ အမှုသည်များကို ဆွယ်၍ခေါ် လာပြီးလျှင် ၁၀၊ ၁၅၊ ၂၀ ရာခိုင်နှုန်းမျှ ပွဲခယူလေ့ရှိသော 'တောက်' ခေါ် အမှုဆွယ်ပွဲစားများ ရှိကြ၏။ ထို့အတူ လာဘ်ယူသော တရားသူကြီးအချို့ ၌လည်း အိမ်သို့ ဝင်နိုင်ထွက်နိုင်သည့် သူများက ငွေရလောက်မည့် အမှု သည်များကို ဆွယ်ပြီးလျှင် လာဘ်ပေးလာဘ်ယူ တိတ်တိတ်ပုန်း ပွဲစားလုပ် တတ်ကြလေသည်။

တရားသူကြီး ဦးလွန်းမောင်မှာ ပုလိပ်ဘက်၌လည်းကောင်း၊ နယ် ဘက်၌လည်းကောင်း အထက်အရာရှိကြီးများနှင့် အပေါင်းအသင်းဆံ့ရုံမျှ မက မည်သည့်အသင်းတွင် ဥက္ကဋ္ဌ၊ မည်သည့်အဖွဲ့၌ ငွေထိန်း၊ မည်သည့် ကလပ်တွင် အတွင်းရေးမှူး၊ မည်သည့်ဘုရား၌ ဘုရားလူကြီး စသည်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသူတစ်ယောက်ဖြစ်၏။ ထို့ပြင် ဦးလွန်းမောင် မှာ ဘီအေနှင့် ဘိလပ်ပြန် ဝတ်လုံတစ်ယောက်ဖြစ်ပြီးလျှင် ပင်စင် အငြိမ်းစား စက်ရှင်မင်းကြီးတစ်ဦး၏ သမီး 'မြင့်' ဆိုသူနှင့် အကြောင်းပါခဲ့ရာ မိမိ၏ ပညာဂုဏ်၊ ရာထူးဂုဏ်တို့ဖြင့်လည်းကောင်း၊ ယောက္ခမ၏ အရှိန်အဝါဖြင့် လည်းကောင်း၊ မြို့ပေါ်ရှိ မင်းစိုးရာဇာ အထက်တန်းလွှာ နယ်ပယ်တွင် ထင် ရှားသူတစ်ယောက်ဖြစ်လာခဲ့၏။

နဂိုအားဖြင့် ဦးလွန်းမောင်မှာ သဘောကောင်းပြီးလျှင် ထောက် ထားညှာတာတတ်သောစိတ် ရှိသူတစ်ယောက်လည်းဖြစ်၍ အမှုများကို မှန် ကန်ရာရောက်အောင် စစ်ဆေးတတ်၏။ အပြစ်ပေးရမည့် အမှုကိုပင် သက် ညှာနိုင်သမျှ သက်ညှာစွာ အပြစ်ပေးတတ်၏။ လာဘ်သပ္ပကာ ယူရန်ကိုကား အိပ်မက်မျှပင် မမက်ခဲ့ချေ။ သို့နှင့် ဦးလွန်းမောင်၏ ဂုဏ်သတင်းမှာ အတော် ပင် မွှေးလျက်ရှိ၏။

http://www.cherrythitsar.org



'မြင့်' မှာ စက်ရှင်မင်းကြီးတစ်ယောက်၏ သမီးဖြစ်သည်ဟု ဆိုရ ငြားသော်လည်း ဦးလွန်းမောင်နှင့် လက်ထပ်ခဲ့စဉ်က လက်ဝတ်လက်စားဟူ၍ လုံလောက်စွာ မရှိခဲ့ချေ။ သို့နှင့် အခြားသော မင်းကတော်များကဲ့သို့ ဝတ်ချင်စားချင် ပလွှားချင်သောအချိန်တွင် လက်ဝတ်လက်စားချို့တဲ့မှုသည် ရင်ထဲမှ ပေါက်ကွဲ၍ လာကာ မြင့်၏နှုတ်ဖျားမှ

'ဒီပွဲတော့ မြင့်မသွားချင်တော့ဘူး။ လက်ဝတ်လက်စားလဲ မပြည့်စုံဘဲနဲ့ ရှက်စရာကြီး'

စသည်ဖြင့် ဦးလွန်းမောင်၏နားသို့ မကြာခဏ ရောက်ရှိလာတတ်လေသည်။

သို့ဖြစ်ရကား တရားသူကြီးဖြစ်စတွင် အလွန်သန့်ရှင်းစင်ကြယ်ခဲ့သော ဦးလွန်းမောင်သည် မြင့်၏ လက်ဝတ်လက်စား ဆင်ယင်ရေးအတွက် ရတက်မအေးနိုင်အောင် ရှိခဲ့၏။

ဤသို့ရှိနေစဉ် ဓာတ်သိမင်းကတော်ကြီးတစ်ဦး၏ မြှူဆွယ်မှုကြောင့် ငွေထွက်လောက်သော အမှုများတွင် တရားသည် မတရားသည်ကို မဆင်ခြင်နိုင်တော့ဘဲ လာဘ်ယူသော အတတ်ကို တစ်စတစ်စ သင်ကြားတတ်မြောက်လာခဲ့လေသည်။

သို့သော် အကြိမ်ကား မများလှသေးဘဲ ၂ ကြိမ်သာ ရှိသေး၏။ ပထမ နွားခိုးမှုတစ်ခုတွင် ငွေ ၅၀၀ ရသဖြင့် တရားခံကို လွှတ်ပစ်ခဲ့ဖူး၏။ ဒုတိယအကြိမ်တွင် ငွေ ၂၀၀၀ ယူ၍ ဓားထိုးမှုတစ်ခု၌ တရားခံအား သက်သေမလုံမလောက်ဘဲ မျက်စိမှိတ် ၍ အပြစ်ပေးခဲ့၏။ ယခု လက်ရှိစစ်ဆေးလျက်ရှိသောအမှုမှာ တတိယ အကြိမ်ဖြစ်၍ မြို့ပေါ်တွင် နာမည်ကြီး မိန်းမခိုးမှုတစ်မှုဖြစ်ရာ မိန်းကလေး ၏ အရွယ်မရောက်ခြင်း၊ မိဘများ သဘောမတူခြင်း၊ မိန်းကလေးကိုယ်တိုင် သဘောမတူဘဲ ၂ ရက်မျှ ခြံတစ်ခြံအတွင်းတွင် မတရား ချုပ်တည်းထားခြင်း စသည်တို့မှာ ကောင်းစွာ ပေါ်လွင်ထင်ရှားလျက်ရှိသော်လည်း တရားခံ ယောကျ်ားကလေးမှာ ပိုက်ဆံကြေးငွေ ကုံလုံကြွယ်ဝသော လူကုံတံ စက်သူဌေးတစ်ယောက်၏ သားဖြစ်သဖြင့် လာဘ်ပွဲစားဖြစ်သူက တရားခံဘက် မှ အနည်းဆုံး ၅၀၀၀ ရရန် ဆွယ်လျက်ရှိသော အမှုဖြစ်လေသည်။

သို့ဖြစ်၍ ထိုငွေ ၅၀၀၀ ရရှိသောအခါ 'မြင့်' ပူဆာလျက်ရှိသော စိန်နားကပ်တစ်ရံနှင့် စိန်လည်တုံတစ်ခုကို ကောင်းစွာ ဝယ်ယူနိုင်မည်ဖြစ် သဖြင့် တရားခံကို လွှတ်ပစ်ပြီးနောက် အထက်လွှတ်တော်အထိ အယူခံရုံး များမှ အခြေအနေကိုကြည့်ပြီးလျှင် အလုပ်ပင် ထွက်ရသော အခြေအနေသို့

http://www.cherrythitsar.org



ရောက်စေကာမူ 'နောင်ခါလာ နောင်ခါရှေး' ဟု သဘောထားကာ မျက်စိမှိတ်၍ ယူလိုက်တော့မည်ဟု ဦးလွန်းမောင်သည် စိတ်ကို ပိုင်းဖြတ်လိုက်၏။ မယားဏ် လောဘရမ္မက်ဖြင့် သွေးဆောင်မှုကား လင်ယောက်ျားဏ် တွေးတောဆင်ခြင်မှုကို လုံးဝ ဖုံးအုပ်သွားစေနိုင်၏။ သို့နှင့် ငွေ ၅၀၀၀ ပေးလျှင် လက်ခံမည့်အကြောင်း လာဘ်ဆွယ် ပွဲစားမိန်းမကြီးအား ဦးလွန်းမောင်က လျှို့ဝှက်စွာ ပြောကြားလိုက်လေသည်။

အထက်တွင် ကျွန်ုပ်တို့ ရေးသားဖော်ပြခဲ့သော ညဥ့်မှာ ဦးလွန်းမောင်အိမ်သို့ ထိုအမှုအတွက် မိန်းမကြီးက ငွေ ၅၀၀၀ လာ၍ပေးရန် ချိန်းဆိုထားသည့် ညဥ့် ဖြစ်လေသည်။

တရားသူကြီးအား တရားခံဘက်မှ လာဘ်ထိုးမည်ဆိုသောသတင်းမှာ မည်မျှပင် လျှို့ဝှက်ထားသော်လည်း တရားလိုဘက်သို့ ပေါက်ကြားခဲ့ရုံမျှမက မည်သည်နေ့ မည်သည့်အချိန်လောက်တွင် မည်သူ၏ လက်မှ တစ်ဆင့်ပေးမည်ဆိုသော သတင်းကိုပါ တရားလိုဘက်က ရရှိသွားလေ သည်။

တရားလို မိန်းကလေးဘက်မှာ ပိုက်ဆံကြေးငွေ မပြည့်စုံသော်လည်း မြို့ပေါ်တွင် အတော်အတန် ဩဇာတိက္ကမ ရှိသူ လူငယ်တစ်စုက အုပ်စီးဆောင်ရွက်လျက်ရှိလေရာ တရားခံဘက်မှ လာဘ်ပေးခြင်းကို တစ်နည်းနည်းအားဖြင့် မိအောင်ဖမ်းရန် ကြံစည်လျက်ရှိနေခဲ့လေသည်။ သို့ဖြစ်၍ တရားလို မိန်းကလေးဘက်မှ 'လူလည်' တစ်ယောက်သည် တရားခံဘက်က ငွေ ၅၀၀၀ ကို တရားသူကြီးဦးလွန်းမောင်အား ထိုညဥ့် ၈ နာရီခွဲအချိန်တွင်ပေးရန် ချိန်းထားကြောင်း အတိအကျ သိရသောအခါ စုံထောက်ဘက်နှင့် ပူးပေါင်းပြီးလျှင် ဦးလွန်းမောင်အား လက်ပူးလက်ကြပ် ဖမ်း၍ အပြုတ်ချရန် စီစဉ်လျက်ရှိလေ၏။

ထိုသူသည် ဤကိစ္စကို ပထမဦးစွာ ဝန်ကလေး ဦးစိန်လှိုင်ထံသို့ သွားရောက်သတင်းပေးလေ၏။ ဦးစိန်လှိုင်မှာ တရားသူကြီးဦးလွန်းမောင် ဟူသော နာမည်ကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ယခင်က အနာ ဟောင်း ပေါ်၍လာကာ ဤအတိုင်းမှန်ခဲ့ပါက မိမိကိုယ်တိုင် သွားရောက် ဖမ်းဆီးမည်ဟု တာဝန်ယူလိုက်လေသည်။

သို့နှင့် ဦးစိန်လှိုင်သည် ဤကိစ္စကို ပို၍ သေချာစေရန် အောက်ပါအတိုင်း စီစဉ်လေ၏။

ဦးစိန်လှိုင်သည် လာဘ်ပေးမည့်သူ မည်သူမည်ဝါဖြစ်သည်ကို တရားလိုဘက်နှင့် ပူးပေါင်း၍ စုံစမ်းရာ စိန်ပွဲစားဖြစ်သူ ယခင်က မင်း

http://www.cherrythitsar.org



ကတော်ကြီး ဒေါ်ရှင်ဆိုသူ ယခုရက်အတွင်း တရားသူကြီးဦးလွန်းမောင်အိမ်သို့ ဝင်ထွက်သွားလာလျက်ရှိကြောင်း သတင်းရရှိသည့်ပြင် ဒေါ်ရှင့်အပေါ်၌လည်း ဤကိစ္စမျိုးနှင့် ပတ်သက်၍ ယခင်က သတင်းသန့်သန့်ရဖူးသောကြောင့် ဒေါ်ရှင်ပင် ဖြစ်ရမည်ဟု တွက်ကိန်းချမိ၏။

သို့နှင့် ဦးစိန်လှိုင် လွှတ်လိုက်သောသူသည် မင်းကတော်ကြီး ဒေါ်ရှင့်အိမ်တွင် နေသော အိမ်ဖေါ်မိန်းကလေးနှင့် ပူးပေါင်းပြီးလျှင် မိန်းကလေးအား လက်သိပ်ထိုးငွေ ၂၀၀ ပေး၍ ရအောင် ကြံစည်လေသည်။ မိန်းကလေးသည် မင်းကတော်ကြီး ရေချိုးသနပ်ခါးလိမ်းနေခိုက်တွင် လက်ကိုင်ပုဝါတစ်ထည်ဖြင့် ထုပ်ထားသော လာဘ်ပေးမည့် ငွေစက္ကူများမှ နံပါတ်များကို နာရီဝက်ခန့် အချိန်အတွင်း ကောင်းစွာကူးယူနိုင်ခဲ့လေသည်။

ငွေစက္ကူနံပါတ်များ ရသောအချိန်မှာ ၆ နာရီခွဲပင် ရှိနေပြီဖြစ်၍ ဦးစိန်လှိုင်သည် ရလျှင် ရချင်း ပုလိပ်မင်းကြီးထံမှ နောက်ထပ် အကြံဉာဏ်တောင်းပြီးလျှင် ညဥ့် ၉ နာရီတိတိ၌ ဦးလွန်းမောင်အိမ်သို့ သက်သေ အရပ်လူကြီးများနှင့် သွားရောက်ကာ လက်ပူးလက်ကြပ် ဖမ်းဆီးရန် စီစဥ်ခဲ့ခြင်းဖြစ်၏။

ဦးစိန်လှိုင်သည် တရားသူကြီး ဦးလွန်းမောင်အား ဖမ်းဆီးရန် မနေနိုင် မထိုင်နိုင်ပင် ဖြစ်ကာ လွန်စွာ စိတ်အား ထက်သန်လျက်ရှိလေ၏။ ဤသို့ ထက်သန်ရခြင်းအကြောင်းမှာလည်း သာမန် အလုပ်ဝတ္တရားအတွက်ကြောင့်သာမဟုတ်ဘဲ ဦးလွန်းမောင်အပေါ်တွင် ယခင်က 'မျက်' ခဲ့ဖူးသော အကြောင်းအချက်တစ်ခုကြောင့် ဖြစ်လေသည်။

ဦးစိန်လှိုင်သည် ဦးလွန်းမောင်၏ ယောက္ခမများနှင့် အိမ်နီးချင်းဖြစ်ခဲ့ရာ မြင့်လက်မထပ်မီက မြင့်အား အစွမ်းကုန် ပိုးပန်းခဲ့သူဖြစ်၏။ မြင့်ကလည်း ဦးစိန်လှိုင်၏အချစ်ကို လက်ခံတော့မည်ဆဲဆဲရှိစဥ် ကြားထဲမှ ဦးလွန်းမောင် ပေါ်ပေါက်လာ၏။ ထိုအခါက ဦးစိန်လှိုင်မှာ ရာဇဝတ်အုပ်ကလေး ဘဝနှင့်သာ ရှိနေသေး၍ ဦးလွန်းမောင်မှာလည်း မြို့အုပ်ဖြစ်စသာ ရှိသေး၏။

ဤသို့ဖြင့် မြင့်အား နှစ်ယောက် ယှဥ်ပြိုင်ပိုးပန်းခဲ့လေရာ နောက်ဆုံး၌ မြင့်သည် ၁၀ တန်းမျှသာ အောင်မြင်သော ပုလိပ်အရာရှိကလေးအား မျက်နှာလွှဲခဲ့ပြီးလျှင် ဘီ အေ ဝတ်လုံတော်ရ မြို့အုပ်နောက်သို့ ပါခဲ့လေ သည်။

ထိုအခါမှစ၍ ဦးစိန်လှိုင်သည် ဦးလွန်းမောင်အပေါ်တွင် ကမ္ဘာဆုံးသည့်တိုင်အောင် မမေ့နိုင်ဘဲ ရှိနေခဲ့ပြီးနောက် ယခုအခါ အချက်ကောင်း

http://www.cherrythitsar.org



ပေါ်လာပြီဟု သာမန် အလုပ်ဝတ္တရားသဘောထက် ပို၍ စိတ်အား ထက်သန်ခဲ့ခြင်းဖြစ်၏။

ဝန်ကလေး ဦးစိန်လှိုင်နှင့် တပည့်ဖြစ်သူ မောင်သန်းဖေတို့သည် အချိန်အနည်းငယ် ရှိသေးသည်နှင့် တရုတ်ဟိုတယ်ရှိ အခန်းထဲတွင် ဘီယာများသောက်ပြီးနောက် စီးကရက်ကို တစ်ယောက်တစ်လိပ်ခဲလျက် ရှိကြလေ၏။

ဦးစိန်လှိုင်က . . .

'ဘယ့်နှယ်လဲဟေ့ မောင်သန်းဖေ၊ မြင့်ကို ငါ့လက်က လုသွားတဲ့ အကောင် ဒီကနေ့ညတော့ လုလုကြီး ဒုက္ခတွေ့တော့မယ် မဟုတ်လား'

'ဒါပေ့ါ ဆရာ လူဆိုတာ ဝဋ်လည်တတ်တာမျိုးပေ့ါ . . . သူ့မင်းကတော်နဲ့ ဆရာနဲ့ ငယ်ရည်းစားဆိုတာ သတင်းတော့ သန့်သန့်ကြားဖူးပါရဲ့ ဆရာ၊ နို့ပေမယ့် အားနာတာနဲ့ ဆရာ့ကို တစ်ခါမှ ဖွင့်မမေးဖူးဘူး၊ အခု ဆရာ ဖွင့်ပြောမှပဲ သိရတော့တယ်'

'ဒီအကောင် ဝင်မရှုပ်ရင် မြင့်ဟာ ဆရာ့လက်ထဲရောက်နေပြီကွဲ့၊ အခုလဲ ယောက်ျားဖမ်းပြီးတဲ့ နောက်တော့ မြင့်ကိုယ်တိုင် ငါ့ရှေ့မှာ ဒူးထောက်ရရော့ မဟုတ်လား'

'ဒါပေ့ါဆရာ၊ မိန်းမဆိုတာ ဂုဏ်ကို မက်တာကိုးဆရာရဲ့ . . . ဒါထက် ဂါတ်ရောက်တော့ ဒီညအာမခံမပေးဘဲ ညှင်းထားလိုက်ရရင် မကောင်းဘူးလားဆရာ . . . ဒီလိုဆိုရင် သူ မင်းကတော်ကိုယ်တိုင် ဆရာပြောတဲ့အတိုင်း ဆရာ့ရှေ့မှာလာပြီး ဒူးထောက်ရရော မဟုတ်လား'

'ဒီလိုလဲ မလုပ်နဲ့ဦး မောင်သန်းဖေ၊ သူ့မှာလဲ သူ့အသိုင်းအဝိုင်းနဲ့သူ ရှိသေးတယ်ကွဲ့၊ သူ့ရာထူးလဲ မငယ်ဘူးဆိုတာ သိတယ်မဟုတ်လား၊ ဒီတော့ ကိုယ်က သူ့ကို နှိပ်စက်ချင်တယ်ထားဦး၊ ကိုယ့်အပေါ်မှာ ပြန်လာမယ့် တန်ပြန်အရေးကိုလဲ တွေးကြည့်ရသေးတယ် မောင်သန်းဖေရဲ့'

'ဆရာပြောတာလဲ ဟုတ်ပါရဲ့၊ နို့ပေမယ့် ကျွန်တော်က ဘာဖြစ်ဖြစ် အကြွေးမထားချင်ဘူး၊ လုပ်စရာရှိရင် ချက်ချင်းလုပ်ရမှ ကြိုက်တယ်'

'အေးလေ လုပ်တာလဲ လုပ်တာပေ့ါ၊ ဒီလောက်လဲ အရင်မလိုပါနဲ့ဦး . . . ပထမမိပြီးတဲ့နောက် အချိန်တွေ အများကြီး ရှိပါသေးတယ် ကွယ် . . .'

'ဒါထက် ဆရာ့ဆီမှာ နံပါတ်တွေ အသင့်ပါပြီနော် . . .'

ဦးစိန်လှိုင်က အင်္ကျီအိတ်ကို လက်ဖြင့် စမ်းသပ်လိုက်ပြီးနောက်

'ပါပါတယ်ကွယ်၊ ငါ့ဒိုင်ယာရီထဲမှာ အသေအချာ ရေးပြီးသားပါ'

http://www.cherrythitsar.org



'၈ နာရီ ၂၀ တောင် ရှိနေပြီဆရာ ကျွန်တော်တို့ သွားကြစို့ လား . . . အရပ်လူကြီးနဲ့ သက်သေတွေလဲ ကျွန်တော်တို့ ခေါ်ရဦးမယ်'

*

ပုလိပ်အရာရှိ ၂ ယောက် ထွက်သွားသည်နှင့်တစ်ပြိုင်နက် အခြားအခန်းဘက်မှလူသည် လိုက်ကာ၌ ဆွဲချိတ်ထားသော ခေတ်ပုံကို နေသားတကျပြန်၍ ထားလိုက်၏။ ထို့နောက် ဦးထုပ်ကို ယခင်ကထက် အောက်သို့ အတန်ငယ်ဆွဲချလျက် စုတ်ပြတ်နေသော ကုတ်အင်္ကျီအိတ်များထဲသို့ လက်နှစ်ဖက်နှိုက်ပြီးလျှင် စားပွဲသိမ်းသော တရုတ်ကလေးနှင့်အတူ အပြင်သို့ ထွက်သွားလေ၏။ လမ်းပေါ်သို့ ရောက်သောအခါ ယခင်က ကားပေါ်သို့ တက်ပြီးနောက် ဖရေဇာလမ်းဘက်မှ ထွက်ခဲ့ပြီးလျှင် အရှေ့ဘက်သို့ မောင်းနှင်သွားလေ၏။

ထိုသူသည် မြို့၏ ဆင်ခြေဖုံးတစ်နေရာရှိ ဦးလွန်းမောင်အိမ်အနီးသို့ ရောက်သောအခါ ခြံ၏ နောက်ဖေးဘက် လမ်းကြားကလေးတစ်ခုမှ ဝင်ခဲ့ပြီးလျှင် ကားကလေးကို မှောင်ရိပ်ကောင်းသော နေရာတစ်ခု၌ ထိုး၍ ရပ်လိုက်၏။ ထို့နောက် ကားထိုင်ခုံအောက်မှ သားရေအိတ်ငယ်တစ်လုံးကို ထုတ်ယူပြီးလျှင် အဝတ်အစားများကို လျင်မြန်စွာ လဲလှယ်လျက်ရှိလေသည်။ ထိုနေရာမှာ လမ်းကြားဟုပင် ဆိုရသော်လည်း အခြားလမ်း၏ နောက်ဖေးဘက် အမှိုက်သရိုက်များ စွန့်ပစ်ထားရာဖြစ်၍ လူသူ အသွားအလာမရှိချေ။

၁၀ မိနစ်ခန့်ကြာသောအခါ ထိုသူသည် ဦးလွန်းမောင် ခြံနောက်ဖေးဘက်တွင် ကာထားသော ခြံစည်းရိုးမှ သံဆူးကြိုး ၂ ချောင်းကို ကတ်ကြေးဖြင့် ကျင်လည်စွာဖြတ်တောက်ပြီးလျှင် ခြံတွင်းသို့ ဝင်သွားလေ၏။ အိမ်နောက်ဖေး မီးဖိုအနီးသို့ ရောက်သောအခါ မီးဖိုနှင့် မနီးမဝေးရှိ မကျည်းပင်ကြီးတစ်ပင်အရိပ်အောက်တွင် ပျောက်ကွယ်သွားလေသည်။

ထိုသို့ ဝင်သွားသောအချိန်နှင့် မရှေးမနှောင်းပင် အသက် ၅၀ ခန့်ရှိ ရုပ်ရည်သန့်ပြန့်သော မိန်းမကြီးတစ်ယောက်သည် ဦးလွန်းမောင်ခြံ ထဲမှ ထွက်ခွာသွားပြီးလျှင် လမ်းပေါ်သို့ရောက်သောအခါ အသင့်စောင့်ဆိုင်းလျက်ရှိသော ကားတစ်စီးပေါ်သို့ တက်သွားပြီးနောက် ကားကလေးသည် မြို့ဘက်သို့ လျင်မြန်စွာ မောင်းသွားလေ၏။

ထိုအချိန်၌ မင်းကတော် 'မြင့်' သည် အိမ်ရှေ့ဧည့်ခန်းတွင် ဧည့်သည်များအတွက် တည်ထားသော ကွမ်းအစ်ထဲမှ ဒေါ်ရှင်ထည့်ထားခဲ့သည့်

http://www.cherrythitsar.org



စာအိတ်ကြီးတစ်လုံးကို နှိုက်ယူကာ ရွှင်ပြုံးသော မျက်နှာဖြင့် အိပ်ခန်းထဲသို့ ဝင်ခဲ့လေ၏။ သူ၏မျက်စိထဲ၌ကား မဂိုလမ်းမှ ကျောက်သံပတ္တမြားရောင်းသော ရွှေဆိုင်များ ဖိတ်ဖိတ်တောက် စိန်နားကပ်နှင့် စိန်လည်တုံများကို မြင်ရ၏။

အိမ်ရှေ့ခန်းရှိ ကြိမ်ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်၍နေသော ဦးလွန်းမောင် မျက်စိထဲ၌မူ ရှေးဦးစွာ စိန်ရွှေလက်ဝတ်လက်စား အပြည့်ဝတ်လာသော မြင့်ကို မြင်ရ၏။ ထို့နောက် မြင့်၏ ပြုံးရွှင်သော မျက်နှာကလေး ပျောက်ကွယ်သွားပြီးလျှင် ထိုနေရာ၌ ပုလိပ်များ လက်ထိပ်များ သံကြိုးများနှင့် ထောင်နံရံကြီးများကို မြင်ရလေသည်။

မြင့်သည် အခန်းတွင်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် နံရံကပ်ဓာတ်မီးခလုတ်ကို ဖွင့်လိုက်ပြီးလျှင် ငွေစက္ကူများပါသော စာအိတ်ကြီးကို အိပ်ရာခုတင်နံဘေးရှိ မီးခံသေတ္တာကြီးပေါ်တွင် ခေတ္တ တင်ထားလိုက်၏။ ထို့နောက် မွေ့ယာအောက်မှ သော့တွဲကို ယူပြီးလျှင် ငွေထုပ်ကို ထည့်ရန် သံသေတ္တာကို ဖွင့်လေသည်။

ထိုခဏ၌ တစ်အိမ်လုံး ဓာတ်မီးများ ရုတ်တရက် ငြိမ်းသွားသဖြင့် မြင့်သည် ကြောက်ရွံ့ကာ 'ဟာ' ခနဲ တစ်ချက် အော်လိုက်၏။ သို့သော် ဓာတ်မီးများငြိမ်းသွားသည်မှာ အချိန်မကြာလှချေ။ ချက်ချင်းလိုပင် ပြန်၍လင်းလာလေသည်။

ဓာတ်မီးများ ပြန်၍လင်းလာသည်နှင့် တစ်ပြိုင်နက် မိမိအား ခြောက်လုံးပြူးဖြင့် ချိန်ထားသော လူတစ်ယောက်ကိုမြင်ရသဖြင့် မြင့်သည် အံ့အားသင့်ကာ ကြက်သေသေလျက်ရှိလေ၏။ ထိုသူသည် ယောင်ယောင်မျှ အရုပ်မြင့်သည်ဟု ထင်ရသော်လည်း ကျစ်လစ်ဖြောင့်စင်းသောကိုယ် ရှိ၏။ အသားမဖြူ မညိုဖြစ်ပြီးလျှင် မျက်နှာအောက်ပိုင်းကို အဝတ်မည်းတစ်ခုဖြင့် စည်းထားလျက် ဦးထုပ်ကိုလည်း မျက်လုံးများဖုံးအုပ်လုမတတ် ဆောင်းထားလေသည်။ ထိုသူသည် အဝတ်နက်အောက်မှ ပါးကြောများ လှုပ်၍သွား အောင် ပြုံးရယ်လိုက်ပြီးလျှင် မြင့်လက်တွင် ကိုင်ထားသော စာအိတ်ကြီးကို ဖျတ်ခနဲ ဆွဲယူလိုက်၏။

ထိုအချိန်တွင် သံသေတ္တာမှာ ဖွင့်ပြီးဖြစ်နေသဖြင့် မြင့်၏ လက်ဝတ်လက်စားများထားသော သံမဏိ သံသေတ္တာကလေးကိုလည်းကောင်း၊ သားရေအိတ်ဖြင့် ထည့်ထားသော ဦးလွန်းမောင်၏ ပစ္စတိုသေနတ်ကလေး ကိုလည်းကောင်း၊ ငွေစက္ကူ အထပ်ထပ်ကိုလည်းကောင်း ဓာတ်မီးရောင်ဖြင့် ကောင်းစွာ မြင်ရ၏။ သို့သော် ခြောက်လုံးပြူးကိုင်ထားသူကား ထိုပစ္စည်း

http://www.cherrythitsar.org



များကို ပြန်စောင်းမျှ မကြည့်ချေ။ ငွေ ၅၀၀၀ ပါသော စာအိတ်ကြီးကိုသာ သူ၏ ဘောင်းဘီအိတ်ထဲသို့ ထိုးသွင်းလိုက်လေသည်။

ထိုခဏတွင် ခတ်မီးများ တစ်ဖန် ငြိမ်းသွားပြန်သဖြင့် မြင့်သည် 'အံမယ်လေး' ဟု လန့်၍ အော်လိုက်၏။ သို့သော် ၁၀ စက္ကန့်မျှအကြာ၌ ခတ်မီးများ ပြန်၍လင်းလာပြန်ရာ ထိုအချိန်၌ကား လူဆိုးမှာ မရှိတော့ချေ။

မြင့်သည် ဆံပင်များ ပြေလျက် အခန်းပြင်သို့ အမောတကော ပြေးထွက်လာပြီးလျှင် ဦးလွန်းမောင်အား အကျိုးအကြောင်းကို ကမန်းကတန်း ပြောပြလေရာ ထိုအခါမှ ဦးလွန်းမောင်မှာ ပါးစပ်အဟောင်းသား ဖြင့် ရှိနေတော့၏။ ဒုတိယအကြိမ် ခတ်မီးများပိတ်သွားသောအချိန်နှင့် ပြန်လင်းလာသောအချိန်မှာ ၁၀ စက္ကန့်ထက် မပိုသည့်ပြင် အိမ်ရှေ့ဘက်မှ လည်း တံခါးပိတ်ထားသဖြင့် လူဆိုးသည် အိမ်ရှေ့ဘက်သို့ လာမည်မဟုတ် ပေ။ အိပ်ခန်းမှ နံဘေးဘက်တွင် ပြတင်းပေါက်တစ်ချပ် ပွင့်နေသည်ကို တွေ့ရသဖြင့် ၎င်းပြတင်းပေါက်မှ ဝရန်တာဘက်သို့ ကျော်ကာ နောက်ဖေး လှေခါးမှ ဆင်းမည်ဆိုက ဆင်းနိုင်၏။

ဦးလွန်းမောင်သည် ခြောက်လုံးပြူးသေနတ်ကို ကဗျာကယာ ဆွဲကာ အစေခံများနှင့်အတူ ဝရန်တာကို ကျော်ပြီးလျှင် နောက်ဖေးလှေကား မှ ဆင်း၍ လိုက်သွားလေ၏။ ခြံမှာ အတော်ကျယ်ဝန်းလေရာ နောက်ဖေး လှေခါးမှ ခြံစည်းရိုးအထိ ပေ ၅၀ ခန့်သွားရသဖြင့် အစေခံများသည် ခြံဝင်း အတွင်းအပြင် ရှာသော်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရတော့ ချေ။ အစေခံတစ်ယောက်က ခြံစည်းရိုးကို လျှောက်၍ လက်နှိပ်ခတ်မီးနှင့် ထိုးကြည့်သောအခါတွင်မှ ခြံစည်းရိုးတစ်နေရာတွင် အပေါ်ဆုံး သံဆူးကြိုး နှစ်တန်းကို ဖြတ်ထား၍ ပြတ်နေကြောင်း တွေ့ရလေသည်။

ဤတွင်မှ ဦးလွန်းမောင်သည် အိမ်ပေါ်သို့ ပြန်တက်ခဲ့ပြီးလျှင် ခြေကုန်လက်ပန်းကျကာ အိမ်ရှေ့ခန်းရှိ ပက်လက်ကုလားထိုင်ပေါ်သို့ ကိုယ်ကို ပစ်လှဲလိုက်လေ၏။ မြင့်သည် ပက်လက်ကုလားထိုင် လက်ရမ်းများပေါ်တွင် ခေါင်းငိုက်စိုက်ချကာ ကလေးငယ်တစ်ယောက်ကဲ့သို့ တရှုတ်ရှုတ် ငိုကြွေးလျက်ရှိလေရာ ယောကျ်ားဖြစ်သူက မိမိ၏ ဂုဏ်သိက္ခာကို စွန့်၍ ယူလိုက်ရသော ငွေဖြစ်သောကြောင့် နှမြောဝမ်းနည်းလျက် မိန်းမဖြစ်သူက လည်း မိမိအိပ်မက်မက်ခဲ့သော စိန်တစ်လုံးနားကပ်နှင့် စိန်လည်တိုကလေး ကို မြင်ယောင်ကာ လင်မယားနှစ်ယောက်တို့သည် မိမိတို့အပေါ်တွင် လက် တစ်လုံးခြား 'ကျိတ်' ၍သွားသော လူဆိုးအား ကျိတ်မနိုင် ခဲမရဖြစ်နေကြ ကုန်၏။

http://www.cherrythitsar.org



သို့သော် ဤကဲ့သို့ မခံချိမခံသာဖြစ်နေရသည့်အချိန်မှာ မကြာမြင့်လှချေ။

အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ အိမ်ရှေ့ဝင်းထဲသို့ ကားတစ်စီးဝင်လာရာ ပုလိပ်အရာရှိများဖြစ်သည်ကို မြင်ရသဖြင့် ဦးလွန်းမောင်သည် အစေခံတစ်ယောက်အား တံခါးဖွင့်ပေးရန် အမိန့်ပေးလိုက်၏။ တံခါးဖွင့် လျှင်ဖွင့်ခြင်း ဝန်ကလေးဦးစိန်လှိုင်၊ ရာဇဝတ်အုပ် ကိုသန်းဖေနှင့် အရပ် လူကြီး ၃ ယောက်တို့သည် အိမ်ပေါ်သို့ တက်လာကြလေသည်။ ဦးလွန်း မောင်သည် ဝန်ကလေးဦးစိန်လှိုင်၏မျက်နှာကို မြင်လိုက်ကတည်းကပင် မိမိအား လာဘ်ပေးသောငွေကိုလာ၍ ဖမ်းခြင်းဖြစ်ကြောင်း သိရှိသဖြင့် မိမိ လက်မှ အချိန်မနှောင်းမီ လူဆိုးယူသွားသည်ကိုပင် ဝမ်းထဲမှ ကျိတ်၍ ပြုံး မိ၏။

ဦးလွန်းမောင်နှင့် မြင့်တို့သည် ဧည့်သည်များအား လက်ဖက်ရည် စီးကရက်တို့ဖြင့် ဣန္ဒြေမပျက် ဧည့်ခံလေရာ မြင့်မှာ ဆံပင်ကို ဖားလျားချကာ နီမြန်းသော မျက်လုံးများကို တို့ဖတ်ကလေးများဖြင့် ကပျာကယာဖုံးအုပ်လျက် တစ်ပတ်နွမ်း အဝတ်အစားကလေးများနှင့်ရှိနေသော ကပိုကရိအမူအယာကလေးကိုပင် ပို၍ ချစ်စဖွယ်ကောင်းသည်ဟု ဦးစိန်လှိုင်၏ စိတ်တွင် ထင်မှတ်မိ၏။

ဝန်ကလေးဦးစိန်လှိုင်သည် လက်ဖက်ရည်သောက်ရန် အတန် တန်ငြင်းပယ်ပြီးနောက် စကားကို အလိုက်သင့်ပြောနေရာမှ မိမိတို့ လာရောက်ခြင်းမှာ အခြားအကြောင်းကိစ္စမဟုတ်ဘဲ စက်သူဌေး ဦးသာညဏ်၏သား နာမည်ကြီး မိန်းမခိုးမှုနှင့် ပတ်သက်၍ တရားခံဘက်မှ ငွေ ၅၀၀၀ ထိုညဉ့်ပင် လာဘ်ရသည်ဟု သတင်းအရ ထိုငွေများကို အရပ်လူကြီးများ နှင့်အတူ လာရောက် ရှာဖွေခြင်းဖြစ်ကြောင်း၊ ဤသို့ပြုလုပ်ရသည်မှာ မိမိ ဝတ္တရားအတိုင်း ပြုလုပ်ရခြင်းမျှသာ ဖြစ်ကြောင်း၊ အလွန်ခင်မင်ရင်းနှီးသော မိတ်ဆွေဖြစ်သည့်အတိုင်း အလွန်အားနာဖွယ်ကောင်းသော်လည်း ဝတ္တရားဆိုသည်မှာ ဝတ္တရားသာဖြစ်၍ မိမိအပေါ်၌ တစ်စုံတစ်ရာ စိတ်မရှိရန် အကြောင်းနှင့် ပြောပြလေ၏။

ထိုအခါ ဦးလွန်းမောင်က

'ကိစ္စမရှိပါဘူး ဦးစိန်လှိုင် ရှာသာရှာပါ . . . ဝတ္တရားပေကိုး ခင်ဗျ . . . အားနာစရာမရှိပါဘူး၊ ကိုင်း . . . ကိုင်း . . . ရှာကြပါ၊ ရှာကြ ပါ၊ မြင့်ရေ ဟောဒီက လူကြီးမင်းများကို ဗီရိုတွေ၊ အံဆွဲတွေ၊ သံသေတ္တာ တွေ ဖွင့်ပြလိုက်ပါကွယ် သဘောရှိရှာကြပါစေ . . .။'

http://www.cherrythitsar.org



ဦးစိန်လှိုင်သည် မျက်နှာပူသဖြင့် ပြတင်းပေါက်တစ်ခုသို့ ထသွားပြီးလျှင် လမ်းဘက်သို့ ကြည့်ရှုလျက်ရှိလေရာ ရာဇဝတ်အုပ် မောင်သန်းဖေသည် လူကြီးများအား မိမိအနီးသို့ ခေါ်ပြီးလျှင် အဝတ်ဗီရိုများ ဗီရိုအံဆွဲများနှင့် မီးခံသေတ္တာကို ရှာဖွေပြီးနောက် မတွေ့ရသည်နှင့် အခြားတိုလီမိုလီပစ္စည်းထည့်သော သေတ္တာများ အဝတ်ဖာများမှစ၍ ချောင်ကျိုချောင်ကြားမကျန် ရှာဖွေလျက်ရှိလေ၏။

တစ်နာရီခန့်မျှ ကြိုးစားပမ်းစား ရှာဖွေပြီးနောက် မတွေ့ရသောအခါမှ လက်လျှော့လိုက်ရလေသည်။

ထိုအခါ ဦးစိန်လှိုင်သည် ဦးလွန်းမောင်အား အနူးအညွတ် တောင်းပန်လျက်ရှိလေရာ ဦးလွန်းမောင်က မျက်နှာကို ခပ်တင်းတင်းထားလျက်

'ဒီလိုနဲ့ ဘာရမလဲ ဦးစိန်လှိုင်၊ အခုကိစ္စက ကလေးကစားတာ မဟုတ်ဘူးဗျ၊ ကျုပ်က တော်ရိရော်ရိ ပါချီပါချဲ့အကောင်မဟုတ်ဘူး . . .။ သက်သက်မဲ့ ကျုပ်ကို ဂုဏ်သိက္ခာပျက်အောင်လုပ်တဲ့ကိစ္စ၊ ပြီးတော့ ခင်ဗျားက အငြိုးကြီးနဲ့ လုပ်တဲ့ကိစ္စမို့ ကျုပ် မခံနိုင်ဘူး . . .။ ဒီဟာတွေတော့ မြင့်ရှေ့မှာမို့ ကျုပ် အကုန်ဖွင့်မပြောချင်ဘူး . . .။ နက်ဖြန် ကျုပ် ခင်ဗျားကို တရားစွဲမယ် စောင့်သာနေ'

ဟု ပြောလေ၏။ ထိုအခါ ဦးစိန်လှိုင်မှာ ချက်ကောင်းကို မိ၍နေပြီဖြစ်သဖြင့် မပြောသာသော်လည်း

'စွဲဗျာ စွဲချေ . . . ဆယ်ရုံးပဲ တက်တက် တက်ချေ'

ဟု ရက်ရမ်းရမ်း၍ ပြောခဲ့ပြီးလျှင် မိမိ၏လူများကို ခေါ်ကာ အိမ်ပေါ်မှဆင်းသွားလေ၏

*

နောက်တစ်ရက်မျှအကြာတွင် ဦးလွန်းမောင်သည် စာတိုက်မှ စာတစ်စောင်ရရှိရာ စာတွင် အောက်ပါအတိုင်း ပါရှိလေသည်။

## အတွင်းရေးလျှို့ဝှက်စာ

မိတ်ဆွေကြီး ဦးလွန်းမောင် . . .

ယခုကိစ္စ၌ မိတ်ဆွေကြီးမှာ မင်းကတော်နှင့် ပတ်သက်၍ ရန်သူဖြစ်ရသော ဦးစိန်လှိုင်လက်တွင်းသို့ ကျရောက်တော့မည့်ဆဲဆဲတွင် ကျွန်ုပ်က

http://www.cherrythitsar.org



ကြိုတင်ကာကွယ်ပေးသည့်အနေဖြင့် ပြုလုပ်လိုက်ခြင်းဖြစ်ရာ ကျွန်ုပ်အား စိတ်ဆိုးရန် အကြောင်းတစ်စုံတစ်ရာမရှိဘဲ မိတ်ဆွေကြီး၏ ဂုဏ်သိက္ခာကို ကယ်တင်ပေးသည် 'ကယ်တင်ရှင်' အနေဖြင့် ကျွန်ုပ်အား ကျေးဇူး တင်ထိုက်ပေသည်။

မိတ်ဆွေကြီးအပေါ်တွင် ဦးစိန်လှိုင်သည် မည်ကဲ့သို့ ရန်ငြိုးသိုခဲ့သည်ကိုလည်းကောင်း၊ မည်သည့်အတွက် အကျိတ်အခဲ မကျေဖြစ်နေသည်ကိုလည်းကောင်း ကျွန်ုပ် ကောင်းစွာသိပြီးဖြစ်သည်။

မိတ်ဆွေကြီးအား တစ်ခု သတိပေးလိုသည်မှာ ယမန်နှစ်က ဘာဘူကုလားနွားခိုးမှုတွင် ငွေ ၅၀၀ လာဘ်ရသဖြင့် တရားခံကို လွှတ်ပစ်ခဲ့ခြင်း၊ ဒုတိယအကြိမ် တရားလိုဘက်မှ ငွေ ၂၀၀၀ ယူပြီးလျှက် မျက်စိကို စုံမှိတ်၍ အပြစ်မရှိသော တရားခံဖိုးသက်အား ထောင်ဒဏ်တစ်နှစ် ပေးခဲ့ခြင်းတို့ကို အပြည့်အစုံ ကျွန်ုပ် သိခဲ့၏။ ယခုအကြိမ်တွင်မူ ယခင်ကထက် ကြေးတက်လျက် တရားလိုစက်သူဌေးဘက်မှ ငွေ ၅၀၀၀ ယူပြန်ရာ ရှေ့တွင် ယခုထက်ပို၍ အတင့်ရဲလာမည်စိုးသောကြောင့် အမှုကိစ္စများတွင် တရားမှန်ကန်ရာရစေရန် ကျွန်ုပ်ကိုယ်တိုင် စွက်ဖက်ပါဝင်ခဲ့ရလေသည်။

လူမျိုးခြားအုပ်စိုးသည့် အချိန်အခါပင်ဖြစ်လင့်ကစား တရားဥပဒေမှန်ကန်ခြင်း၏ သဘောတရားသည် တစ်စုံတစ်ရာ ပြောင်းလဲမှု မဖြစ်နိုင်ကြောင်း သတိပြုစေလိုပါသည်။ ထို့ပြင် မိတ်ဆွေကြီးအား ပြောကြားလိုသည်မှာ မတရားသဖြင့် ရအပ်သော ငွေတစ်ရာသည် ဓမ္မိယလဒ္ဒ စင်ကြယ်သော ငွေတစ်ကျပ်မျှလောက် လောကတွင်လည်းကောင်း၊ သံသရာတွင်လည်းကောင်း အကျိုးမပြုသည်ကို မိတ်ဆွေကြီး သတိချပ်စေလိုသည်။

လာဘ်ပေးလာဘ်ယူပြုလုပ်သော ငွေများ ဖမ်းဆီးရမိသောအခါ အစိုးရဘဏ္ဍာတော် ဖြစ်သကဲ့သို့ မိတ်ဆွေကြီး၏ မင်းကတော် လက်မှယူခဲ့သော ငွေ ၅၀၀၀ မှာလည်း ကျွန်ုပ်၏ ဘဏ္ဍာတော်ဖြစ်ပေပြီ။ သို့သော် ကျွန်ုပ်သည် ယင်းငွေများကို ကျွန်ုပ်၏ နေထိုင်စားသောက်ရေး၊ ကိုယ်ရေးကိုယ်တာအတွက် ၁၀၀၀ သာ နုတ်ယူပြီးလျှင် ကျန်ငွေ ၄၀၀၀ အနက်တစ်ထောင်ကို လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်ကြီးသို့လည်းကောင်း၊ တစ်ထောင်ကို မန္တလေး မဟာမြတ်မုနိဘုရားသို့လည်းကောင်း၊ တစ်ထောင်ကို ရန်ကုန်ဆေးရုံကြီးသို့လည်းကောင်း၊ တစ်ထောင်ကို မင်းကွန်းလူအိုရုံသို့လည်းကောင်း လှူဒါန်းလိုက်ပါပြီ။ ကျွန်ုပ်၏ ကုသိုလ်ကောင်းမှုအတွက် မိတ်ဆွေကြီးကလည်း ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာ ခေါ်စေလိုပါသည်။

http://www.cherrythitsar.org



မိတ္ေဆြႀကီးအား ေနာက္ဆံုးေျပာၾကားလိုသည္မွာ မိမိ၏ တစ္ကိုယ္ႏွင့္ သားမယား၀ရံမႈအတြက္ မသိနားမလည္ရွာေသာ အျပစ္ကင္းမဲ့သူဆင္းရဲသားမ်ားအား မနစ္နာပါေစႏွင့္။

ဤစာသည္ မိတ္ေဆြႀကီးအား ေနာက္ဆံုးသတိေပးစာျဖစ္သည့္အတိုင္း ယခုအခ်ိန္မွစ၍ ေနာင္ လာဘ္ယူျခင္းကိစၥကို ၾကပ္ၾကပ္ႀကီး သတိထား၍ ေရွာင္ရွားေစလိုပါသည္။

မိတ္ေဆြႀကီးႏွင့္တကြ မင္းကေတာ္ပါ ကိုယ္စိတ္ႏွစ္ျဖာ ခ်မ္းသာ၍ က်န္းမာေတာ္မူၾကပါေစ။

**သက္ၿပင္း**
**ဂုဏ္သေရရွိသူခိုးႀကီး**

အထက္ပါ သက္ၿပင္း၏စာကို ရရွိၿပီးေနာက္ ဦးလြန္းေမာင္မွာ အေတာ္ပင္ သတိသံေ၀ဂ ရသြားဟန္တူ၏။

မိမိရံုးတြင္ စစ္ေဆးလ်က္ရွိေသာ နာမည္ႀကီး မယားခိုးမႈႏွင့္ ပတ္သက္၍ တရားခံထံမွ လာဘ္ေပးေသာ ေငြ ၅၀၀၀ မွာ မိမိကိုယ္တိုင္ မသံုးစြဲရဘဲ စာေရသက္ၿပင္းလက္သို႔ ေရာက္သြားသည္ကိုပင္ ေက်းဇူးတင္လ်က္ရွိေလ၏။ သက္ၿပင္း၏ ကုသိုလ္ေကာင္းမႈမ်ားကိုပင္ ကဲ်တ္၍ သာဓုအႏုေမာဒနာေခၚမိ၏။

အထက္အဆိုပါ မယားခိုးမႈ၌ တရားခံအား အျပစ္ေပးသည္ဆိုရံုမွ် ရံုးဆင္းရံုးတက္ ေထာင္ဒဏ္တစ္ရက္ က်ခံေစရန္ အမိန္႔ခ်မွတ္လိုက္ေလသည္။

သို႔ႏွင့္ ဦးလြန္းေမာင္မွာ မိမိ၏ယခင္က ဂုဏ္သိကၡာကိုေထာက္ထားကာ ‘ကိုယ့္လိပ္ျပာကိုယ္မလံု’ ဆိုဘိသကဲ့သို႔ ခြင့္ ၄ လ ယူၿပီးေနာက္ အလုပ္မွ တစ္ခါတည္းႏုတ္ထြက္ကာ ၀တ္လံုေတာ္ရ အလုပ္ျဖင့္ အသက္ေမြးမ်ဴေနထိုင္သြားေၾကာင္း ေနာက္ဆံုးသတင္းၾကားသိရေလသည္။

**၁၉၆၁ ခုႏွစ္၊ ေအာက္တိုဘာလ၊**
**ေသြးေသာက္မဂၢဇင္း။**

http://www.cherrythitsar.org



# မြစိမ်းရောင်ကလပ်

## အခန်း – ၁

စာဖတ်ပရိသတ်များသည် နာမည်ကျော်သူခိုးဘုရင် စောရသက်ပြင်းနှင့် ပတ်သက်၍ စုံထောက်ကြီးဦးအောင်မြင်အကြောင်းကိုလည်း ကြားဖူးကြပေလိမ့်မည်ဖြစ်ရာ၊ ဦးအောင်မြင်သည် သက်ပြင်းအား မရမနေဖမ်းဆီး ရန်ကြိုးစားလျက်ရှိနေသည်နှင့်အမျှ သက်ပြင်းကလည်း ဦးအောင်မြင်၏ 'ကွန်ချက်' မှ ရှောင်တိမ်း ရုန်းထွက်နိုင်အောင် ကြိုးစားခဲ့၏။

ကျွန်ုပ်မှာ သက်ပြင်းနှင့် မိတ်ဆွေဖြစ်ခဲ့သဖြင့် ဦးအောင်မြင်၏ စုံထောက်ပုံများကိုလည်း ကြားသိခဲ့လေရကား၊ သက်ပြင်းသည် ဦးအောင်မြင်ကို တစ်ခါတစ်ရံ မခံချိမခံသာ လက်တစ်လုံးခြားမျှ လှည့်ပတ်နိုင်ခဲ့သော်လည်း ဦးအောင်မြင်သည် ခေသူတစ်ယောက်မဟုတ်ခဲ့ပေ။ 'ပါးရည်နပ်ရည်ရှိခြင်း' တွင် သက်ပြင်းနှင့် နင်လားငါလား ရှိနေသော်လည်း ဖွဲ့ကောင်းခြင်း၊ ဝီရိယကောင်းခြင်းနှင့် စွန့်စားခြင်းတို့၌မူ တစ်ခါတစ်ရံ ဦးအောင်မြင်ကပင် သာမယောင်ယောင် ရှိနေသည်ဟု ကျွန်ုပ် ဆုံးဖြတ်ချက်ချခဲ့၏။

သို့ဖြင့်လည်း အထက်အရာရှိကြီးများသည် ဦးအောင်မြင်၏ စွမ်းရည်သတ္တိကို သိပြီးဖြစ်သည့်အတိုင်း နိုင်ငံရေးနှင့် ပတ်သက်သည့် လျှို့ဝှက်သော ဂိုဏ်းကြီးများ၊ နာမည်ကြီးသူခိုး ဓားပြဂိုဏ်းကြီးများ၊ လူသတ်သင်း

http://www.cherrythitsar.org



ကြီးများကို ထောက်လှမ်းစုံစမ်းရာ၌ အများအားဖြင့် ဦးအောင်မြင်ကိုသာ တာဝန်လွှဲအပ်သည်က များလေသည်။

ယင်းကဲ့သို့ အစိုးရမင်းတို့၏ အကျိုးကို သယ်ပိုးဆောင်ရွက်လျက် ရှိရာမှ တစ်နေ့တွင် သာယာဝတီမြို့၌ ဦးအောင်မြင် သေဆုံးသွားပြီဖြစ် ကြောင်းနှင့် သတင်းကြားသိရ၏။ ထိုအခါက တိုင်းပြည်တွင် သူရိယနှင့် မြန်မာ့အလင်း သတင်းစာ နှစ်စောင်သာရှိရာ သတင်းစာ နှစ်စောင်လုံး၌ပင် ဦးအောင်မြင်သေဆုံးသည့်သတင်း ပါလာလေသည်။ သတင်းအတိုချုပ်မှာ သာယာဝတီမြို့တွင် ငွေစက္ကူတု လုပ်သော ဂိုဏ်းကြီးတစ်ဂိုဏ်းကို ပုလိပ် အရာရှိများက ဖမ်းဆီးရမိလိုက်ရာ ပုလိပ်များသည် သက်သေခံပစ္စည်းများ နှင့်တကွ လူအချို့ကို ဖမ်းဆီးရမိလိုက်သော်လည်း ခေါင်းဆောင်ဆိုသူကိုမူ ရမိခြင်းမရှိသေးပေ။ သို့နှင့် ဦးအောင်မြင်သည် ထိုကိစ္စကို အစအဆုံးလိုက် ရန်အတွက် သာယာဝတီသို့ လျှို့ဝှက်စွာ သွားရောက်ခဲ့ရာမှ တစ်နေ့တွင် မြို့၏ အနောက်ဘက် ၂ ဖာလုံခန့်ဝေးသော လယ်ကွင်းတစ်ခုထဲ၌ ဦးအောင် မြင်၏အလောင်းကို ရွာသားတစ်ယောက်က စတင်တွေ့ရှိသဖြင့် ဌာနသို့ သတင်းပေးပို့ခဲ့လေသည်။ အလောင်းကို ဆေးရုံသို့ ယူဆောင်လာသောအခါ အလောင်းမှာ ရုပ်ပျက်ဆင်းပျက် ရှိနေရုံမျှမက မျက်နှာမှာလည်း ဓားဖြင့် မွှန်းထားသည့် ဒဏ်ရာများကြောင့် လူရုပ်မျှပင် မပေါ်တော့ပြီ။ သို့သော် ဦးအောင်မြင်စီးသော ကျားပါးစပ် ပတ္တူဖိနပ်၊ ချည်လုံချည်အနက်ကွက်၊ ကုတ်အင်္ကျီအစိမ်းရောင်နှင့် လက်ပတ်နာရီတို့မှာ ဦးအောင်မြင်၏ ပစ္စည်းများ ဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။ ဦးအောင်မြင်၏ ပစ္စတိုသေနတ်ကလေးကို ကား ခါးတွင် မတွေ့ရတော့ချေ။ လူဆိုးများ ယူဆောင်သွားလိမ့်မည်ဟု ထင်ရ၏။ ဦးအောင်မြင်၏ အလောင်းအမှန်ဖြစ်ကြောင်းကို ဌာနအုပ်ကပင် အစစ်ခံခဲ့လေသည်။ (ဤကား သတင်းအတိုချုပ်ပေတည်း)

အထက်ပါသတင်းသည် ရန်ကုန်မြို့၌ပင် ဥက္ကောဒေးယျဖြစ်၍ သွား၏။ ဤကဲ့သို့ စွမ်းရည်သတ္တိနှင့် ပြည့်စုံ၍ တိုင်းပြည်အကျိုးကို သည်ပိုး ဆောင်ရွက်လျက်ရှိသူ တစ်ယောက် အသက်ငယ်ငယ်နှင့် သေဆုံးသွားရ သည်ကို နှမြောတသ ဝမ်းနည်းကြကုန်၏။ ထိုအချိန်မှာ ဂျွန်သူပုန်များ ငြိမ်သက်စသာ ရှိသေး၍ တောနယ်များတွင် မငြိမ်မသက်ရှိနေရာ မင်းက တော်ကြီးသည် သား၏အလောင်းကို ရန်ကုန်သို့ မယူတော့ဘဲ သာယာဝတီ ၌သာ အကျဉ်းရန်း၍ သင်္ဂြိုဟ်လိုက်တော့၏။ သို့နှင့် မင်းကတော်ကြီး ဒေါ် မြမေပြန်ရောက်လာသောအခါ အိမ်တွင် အမေးအမြန်း လာရောက်သူများဖြင့် ပြည့်လျက်ရှိသဖြင့် နောက်ဆုံး၌ ဒေါ်မြမေသည် ဗဟန်းဘုန်ကြီးကျောင်း

http://www.cherrythitsar.org



တစ်ကျောင်းသို့ သွားရောက်ကာ ဉပုသ်ကြီးစောင့်၍ နေလေတော့၏။ ဦးအောင်မြင်သေဆုံးသွားသောအခါ အသက် ၃၄ နှစ်သာ ရှိသေး၍ လူပျိုကြီးတစ်ယောက်ဖြစ်သည့်အတိုင်း သူပိုင်ပစ္စည်းအားလုံး (ကရစ်လမ်းရှိ ဦးအောင်မြင်နေသော တိုက်တစ်လုံးအပါအဝင်) ကို မင်းကတော်ကြီးက အမွေဆက်ခံရရှိလေသည်။

ဦးအောင်မြင်၏ မီးခံသေတ္တာကြီးကို ဖွင့်သောအခါ သူ၏ ဘဏ္ဍာစိုးဖြစ်သူ ဦးပြုံးချိုအား သူ၏ ပစ္စည်းများထဲမှ ငွေ ၅၀၀၀ ပေးရန် မိခင်ကြီးအား သေတမ်းစာသဖွယ် မှာကြားထားခဲ့သော စာတစ်စောင်ကို တွေ့ရ၏။ သို့သော် ဦးပြုံးချိုကား ထိုအမွေအနှစ်ကို မခံစားရတော့ချေ။

အကြောင်းမူကား ဦးအောင်မြင်မရှိခိုက် ဦးပြုံးချိုသည် မင်းကတော်ကြီးအိမ်သို့ ဝင်ထွက်ခွင့်ရသည့်အတိုင်း သွားလာဝင်ထွက်ခဲ့၏။ တစ်နေ့သ၌ ဦးပြုံးချိုသည် မင်းကတော်ကြီးအိမ်သို့ မင်းကတော်ကြီး အိပ်နေ ခိုက် ရောက်သွားရာ အစေခံမကလေးများသည်လည်း မီးဖိုထဲတွင် အလုပ်များလျက်ရှိကြ၏။ ထိုအခါ ဦးပြုံးချိုသည် မင်းကတော်ကြီး မီးခံသေတ္တာအနီးတွင် တရစ်ဝဲဝဲပြုလုပ်ကာ သော့ပေါက်များကိုပင် ကိုင်တွယ်စမ်းသပ်ကြည့်ရှုနေသည်ကို မြင်ရကြောင်းဖြင့် အိမ်ရှေ့သို့ အမှတ်မဲ့ထွက်လာသော အစေခံမကလေးတစ်ယောက်က မင်းကတော်ကြီးအား တိုင်တန်းလေသည်။ ထိုအခါ မင်းကြီးကတော်ကြီးသည် နှစ်ပေါင်း ၄ – ၅ နှစ်မှစ၍ သားဖြစ်သူ ဦးအောင်မြင်က ကြည့်ရှုကျွေးမွေး လာသူတစ်ယောက် ဤကဲ့သို့ သစ္စာဖောက်ရန် ကြံစည်ရမည်လောဟု ဆိုင်ရာပုလိပ်ဌာနသို့ တိုင်ကြားလေ၏။ သို့သော် ဦးပြုံးချိုအပေါ်တွင် အခြားလုံလောက်သော သက်သေခံအထောက်အထားမရှိသဖြင့် အရေးမယူနိုင်ခဲ့ချေ။

နောက် ၂ ရက်မျှကြာသောအခါ ဦးပြုံးချိုလည်း အလုပ်မှ ထွက်သွားလေသည်။ ဦးအောင်မြင်၏ သံသေတ္တာကို ဖွင့်သောအခါ အလုပ်မှ ဦးပြုံးချို ထွက်သွားပြီးဖြစ်လေသည်။

ဦးပြုံးချိုမှာ မူလက လူဆိုးတစ်ယောက်ဖြစ်၍ ဦးအောင်မြင်က အမှုတစ်ခုမှ ကယ်လိုက်သဖြင့် ဦးအောင်မြင်အား ကျေးဇူးတင်ပြီးလျှင် ဦးအောင်မြင်၏အိမ်တွင် အလုပ်လုပ်နေခဲ့ခြင်း ဖြစ်၏။ အသက် ၅၀ နီးပါးမျှ ရှိပြီဖြစ်သော်လည်း အလွန် သွက်လက်ဖျတ်လတ်၍ သတ္တိကောင်းသော သူတစ်ယောက်လည်း ဖြစ်လေသည်။ နှာခေါင်း အနည်းငယ်ချွန်ပြီးလျှင် လက်ျာဘက်ပါးတွင် ဓားခုတ်ရာကြီးတစ်ခုမှာ နှုတ်ခမ်းအစွန်းမှ နားရွက်အောက်နားအထိသို့ပင် ရောက်၏။

http://www.cherrythitsar.org



စုံထောက်ဦးအောင်မြင် သေဆုံးသွားပြီးနောက် အချိန်မှာ တစ်နှစ်ခန့်မျှပင် ကြာရှိခဲ့လေပြီ။

ရန်ကုန်မြို့ . . . လမ်း တိုက်တစ်တိုက်၏ အခန်းတစ်ခု၌ ရှပ်အင်္ကျီခပ်နွမ်းနွမ်းတစ်ထည်ကို ဝတ်ဆင်ထားလျက် အသက် ၅၀ ခန့်ဟု ခန့်မှန်းရသော လူတစ်ယောက်သည် မိမိကိုယ်တိုင် ပြင်ဆင်ထားသော ထမင်းပွဲကို စားသောက်ပြီးနောက် ပန်းကန်များကို နောက်ဖေးခန်းသို့ ပို့ဆောင်သိမ်းဆည်းလျက်ရှိ၏။

သူ၏ အနေအထိုင် အမူအရာ အဝတ်အစားများကို ကြည့်ရှုခြင်းအားဖြင့် လူကြီးလူကောင်း လူကုံတံတစ်ယောက်ဟု မဆိုနိုင်ပေ။ အိမ်ရှေ့ဧည့်ခန်းတွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်ဟောင်း ၃ – ၄ လုံး၊ အိပ်ခန်း ၌ တစ်ယောက်အိပ်ခုတင်တစ်ခု၊ နောက်ဖေး မီးဖိုအတွင်း၌ အိုးခွက်အနည်းငယ်နှင့် ရေအိုးစင်တစ်ခုရှိ၏။ သို့သော် မီးဖိုနှင့် မျက်နှာချင်းဆိုင်၌မူ ထူထဲသော သံတံခါးကြီးဖြင့် ပိတ်ထားသော တိုက်ခန်းကလေးတစ်ခုရှိ၏။ မီးဖို၏ အပေါ်ထပ် ကြပ်ခိုးစင်၏ နောက်ပိုင်းတွင် အထပ်ခိုးကလေးတစ်ခုရှိရာ ထိုအထပ်ခိုးကလေး၏ ထောင့်တစ်ထောင့်တွင် ထင်းရှူးပျဉ်ပြားများဖြင့် ပြုလုပ်ထားသည့် ခိုအိမ်ကလေးတစ်ခု ရှိလေသည်။

ထိုသူသည် ပိုးလုံချည်တစ်ပတ်ရစ်နှင့် ပင်နီရင်စေ့အင်္ကျီကို လဲလှယ်ပြီးလျှင် ဦးထုပ်ဟောင်းတစ်လုံးကို ဆောင်းကာ အိမ်တံခါးကို အပြင်မှ သော့ခတ်ခဲ့ပြီးနောက် လမ်းထိပ်သို့ ထွက်ခဲ့လေ၏။ လမ်းထိပ်သို့ရောက်သောအခါ အာအီးတီ ထရောက်လီကို တက်စီး၍ ဆူးလေဘုရားလမ်းသို့ ရောက်လျှင် ရွှေဂုံတိုင်ဘက်သို့သွားသော ဘတ်စကားကို ပြောင်း၍စီး၏။ မကြာမီ ဗဟန်းရပ်ကွက်သို့ရောက်လာ၍ လမ်းကြားတစ်ခုအတွင်းသို့ အတန်ငယ်ဝင်သွားမိသောအခါ တရုတ်ဟိုတယ်ကလေးတစ်ခုသို့ ရောက်လာလေ၏။ ဟိုတယ်ကလေးမှာ ချောင်ကျသော်လည်း အတော်အတန် သပ်ရပ်စွာ ပြင်ဆင်ထားလျက် အရက်မျိုးစုံနှင့် တရုတ်ဟင်း အကြော်အလှော်များ ရနိုင်လေသည်။ ဆိုင်ရှင်၏ ဇနီး တရုတ်ကပြားမကြီးသည် နံနက်ခင်း ဧည့်သည်များကို စောင့်မျှော်ဧည့်ခံလျက်ရှိ၏။

ဖောက်သည် ၄ – ၅ ယောက်တို့သည် စားပွဲများရှိရာသို့ အသီးသီးသွားကြစဉ် ပင်နီအင်္ကျီနှင့် ဦးထုပ်ဆောင်းထားသောလူသည် ဝီစကီကို မှာပြီးနောက် ဖန်ခွက်ကို လှမ်း၍ ယူလိုက်ရာတွင် စားပွဲချင်းကပ်လျက် သူ့အား ကြောပေးနေသူတစ်ယောက်၏ တံတောင်ဆစ်ကို တိုက်မိလေ၏။ ထိုသူမှာ အပြာရင့်ရောင် ဘန်ကောက်လုံချည်၊ မီးခိုးရောင် သက္ကလပ်အင်္ကျီ၊

http://www.cherrythitsar.org



ကော်လာကို ကြွေရောင်တိုက်ထားသော ရှပ်အင်္ကျီအဖြူ၊ သားရေပြောင် ရှူးဖိနပ် စသည်တို့ဖြင့် သားနားသပ်ရပ်စွာ ဝတ်စားဆင်ယင်ထား၏။ ထိုသူမှာ နှုတ်ခမ်းမွေး ရေးရေးရှိလျက် နေကာမျက်မှန်အမည်းကြီးကို တပ်ထားပြီးလျှင် လက်ဆွဲသားရေအိတ်ကြီးတစ်လုံးကိုလည်း လက်က ဆွဲထားလေသည်။

ထိုသူသည် မီးထွက်မတတ်သော မျက်လုံးများဖြင့် ပင်နီအင်္ကျီနှင့် လူအား ပြန်၍ ကြည့်လိုက်ပြီးနောက် . . .

'ဒီလူက မသောက်ခင်က မူးနေတယ် ထင်ပါရဲ့၊ လူကို မမြင်ဘူးလားဗျ'

'မျက်စိပါတဲ့လူမှန်ရင် မြင်တာပေါ့ဗျာ၊ မတော်တဆ တိုက်မိတာ ခင်ဗျားက ဘာလုပ်ချင်သေးလို့လဲ'

တရုတ်မကြီးသည် ဘန်ကောက်လုံချည်နှင့် လူအား ယခင် သိဟောင်းကျွမ်းဟောင်း ဖြစ်သည့်ဟန်ဖြင့် . . .

'ဒီမှာ ဆရာကီး အားကီး ဒေါစကြီးလယ်၊ ဆိုင်ထဲမှာ စောစောစီးစီး ရန်ဖြစ်တယ်နော် မကောင်းဘူး'

ဟု ပြောလိုက်ရာ ပင်နီအင်္ကျီနှင့်လူက

'ဟုတ်တာပေါ့ဗျာ၊ ကျုပ်ကလဲ မတော်တဆတိုက်မိတာပဲ'

ဟု ပြောလိုက်ပြန်သည်။ ထိုအခါ ဘန်ကောက်လုံချည်နှင့်လူက

'ဒီလိုဆိုရင် အစက ခင်ဗျားပြောပါတော့လား . . . ဒီလိုပေါ့ဗျာ တစ်ယောက်နဲ့တစ်ယောက် ဟုတ်လား၊ ခင်ဗျား ဘာသောက်မလဲ'

'မှာချင်တာမှာလေ'

'ဟော့ . . . ပေါက်ဖော်မ ဝီစကီတစ်လုံး . . . ကျုပ်တို့ ဟိုချောင်ထဲက စားပွဲကို သွားကြစို့လား၊ ဟိုမှာ လူရှင်းတယ်'

'အကောင်းသားပဲ'

'ပေါက်ဖော်မ ဘဲကင်တစ်ခြမ်း'

သို့နှင့် နှစ်ယောက်သား ချောင်ကျသော စားပွဲတစ်လုံးတွင် ထိုင်မိကြလေ၏။ မကြာမီ ဝီစကီ တစ်ပုလင်းနှင့် ဖန်ခွက်နှစ်လုံး ဆိုဒါနှစ်ပုလင်း ရောက်ရှိလာ၍ သပ်ရပ်စွာ ဝတ်ထားသောသူသည် ဖန်ခွက်များထဲသို့ ဝီစကီကို ဆိုဒါနှင့် ရောစပ်ထည့်လေ၏။ ဘဲကင်ရောက်လာသောအခါ ပင်နီအင်္ကျီနှင့်လူကြီးသည် ဘဲကင်ကို တူနှင့် ညှပ်ယူကာ တဖြည်းဖြည်း ဝါးလျက်ရှိလေသည်။ သပ်ရပ်စွာ ဝတ်ထားသူက . . .

'သောက်လေဗျာ'

http://www.cherrythitsar.org



'ဖြည်းဖြည်းပေါ့'

ဟု ပြောလိုက်ပြီး နံဘေးပတ်လည်သို့ ကြည့်လိုက်လေသည်။

'ဘယ့်နှယ်လဲ ဦးပြုံးချို ကျုပ်ပြောတာတွေ အားလုံး စဉ်းစားပြီး ပြီလား'

'စဉ်းစားပြီးပါပြီ ကိုဝက်ကြီး'

'ဒါဖြင့် ကျုပ်တို့အသင်းထဲကိုဝင်ဖို့ ခင်ဗျား စိတ်ပိုင်းဖြတ်ပြီးပြီ ဆိုပါတော့'

'ပိုင်းဖြတ်ပြီးပြီဆိုပါတော့ဗျာ'

'ဘယ့်နှယ် . . . ဆိုပါတော့လဲ ဦးပြုံးချိုရဲ့၊ ဝင်ရင်လဲ ဝင်မယ်၊ မဝင်ရင်လဲ မဝင်ဘူးပေါ့၊ စကားကို တိတိကျကျပြောစမ်းပါ'

'တစ်ခုရှိတာက ကျုပ်က ဒုက္ခမခံချင်ဘူး ကိုဝက်ကြီးရဲ့၊ သတင်းပေးရတာ အရေးမကြီးပါဘူး၊ ဒီ . . . အမယ်ကြီးရဲ့ အဖိုးတန် လက်ဝတ်လက်စားတွေ ဘယ်မှာထားတယ်ဆိုတာ ကျုပ် ကောင်းကောင်းသိပါတယ် နို့ပေမယ့် ကိုယ်ထိလက်ရောက်တော့ ကျုပ်မပါနိုင်ဘူးဗျနော်'

'ဒါကတော့ ခင်ဗျားမပါဘဲ နေနိုင်ပါတယ်ဗျာ၊ ဦးပြုံးချိုလဲ အတော်ရှော်သေးတဲ့ လူတစ်ယောက်ပဲ၊ ကျုပ်တို့ဆရာကြီး နံပါတ် (၁) က တော်ရုံတန်ရုံလူကိုလဲ မခိုင်းပါဘူးဗျ။ အလုပ်ကို ကောင်းကောင်းနားလည်ပြီး လုပ်သက်ရှိတဲ့ လူကိုမှ သုံးတာပါ . . . ခင်ဗျားအလုပ်က မင်းကတော်ကြီးရဲ့ လက်ဝတ်လက်စားတွေ ဘယ်နေရာမှာထားတယ်၊ သေတ္တာနဲ့ထားရင်လဲ ဘယ်လိုသေတ္တာမျိုးဖြစ်ပြီး သော့ကို ဘယ်မှာ သိမ်းဆည်းထားတယ်၊ အိမ်ကို ဘယ်နေရာကဝင်ရင် အလွယ်ဆုံးဖြစ်တယ်၊ ဘယ်သူက ဘယ်မှာအိပ်ပြီး ဘာလုပ်တတ်တယ်ဆိုတာ သတင်းပေးရုံပဲ၊ ကျန်တဲ့ဟာတွေ အသင်းက အားလုံးလုပ်လိမ့်မယ်၊ ကျုပ်တို့က အသင်းဗျ၊ တစ်ယောက်တည်းနဲ့ ဆောင်ရွက်တဲ့ကိစ္စ မဟုတ်ဘူး၊ ဘယ်သူက လုပ်တယ် . . . ဘယ်လိုလုပ်တယ်၊ ဘယ်တုန်းက လုပ်လိုက်တယ်ဆိုတာ ခင်ဗျားတောင်မသိရဘူး၊ လူကိုလဲ ဘယ်သူ့ကိုမှ ခင်ဗျားသိမှာမဟုတ်ဘူး၊ ဘယ်သူကမှလဲ ခင်ဗျားကိုမသိဘူး၊ နို့ပေမယ့် နံပါတ် ၁ ကတော့ အားလုံးကို သိနေတာပဲ'

'ခင်ဗျားကကောဗျာ . . . အခု ကျုပ်ကို သိတာပဲ'

'ဒါကတော့ ဟုတ်တာပေါ့လေ၊ နို့ပေမယ့် ကျုပ်ကို တခြားနယ်ပြောင်းပစ်လိုက်လိမ့်မယ်၊ ကျုပ်တို့ အသင်းက မြန်မာပြည်မှာ အနံ့အပြားရှိတာပဲ၊ ပြီးတော့လဲ ဒီကနေ့ကစပြီး ခင်ဗျားနဲ့ ကျုပ်နဲ့ဟာ သင်းလုံးကျွတ်အစည်းအဝေးမှာကလွဲပြီး တခြားနေရာမှာ တွေ့တော့မယ်မဟုတ်တော့ဘူး၊

http://www.cherrythitsar.org



ဒီအခါမှာလဲ မျက်နှာဖုံးတွေ တပ်လာကြရမှာဗျ၊ ကျုပ်တို့ဆရာကြီး တည်ထောင်ထားတဲ့အသင်းက အနောက်နိုင်ငံက သူလျှိုအသင်းကြီးများလိုပဲ အင်မတန် ပိပိရိရိရှိတယ်'

'ကိုင်း အသင်းထဲဝင်ဖို့ နည်းလမ်းသာ ပြောပါတော့ဗျာ'

'နည်းလမ်းက ခင်ဗျားကို နံပါတ် ၁ ဆီ ခေါ်သွားရမယ်၊ သူက ခင်ဗျားကို ကြည့်လိမ့်မယ်၊ နို့ပေမယ့် ခင်ဗျားက သူ့ကို မမြင်ရဘူး၊ ဒီအခါ ခင်ဗျားအပေါ်မှာ သူ ကျေနပ်ရင် ခင်ဗျားကို စာရင်းသွင်းလိုက်ပြီး နောက်တော့ ဘယ်နေရာကနေပြီး ခင်ဗျား အစီရင်ခံရမယ်ဆိုတာ ခင်ဗျားကို ပြောမယ်၊ တနင်္ဂနွေ နှစ်ပတ်တစ်ကြိမ် ဆိုင်ရာနယ်ပယ်နဲ့ ပတ်သက်တဲ့ အစည်းအဝေးရှိတယ်၊ သုံးလတစ်ကြိမ် သင်းလုံးကျွတ်အစည်းအဝေးလုပ်တယ်၊ အသင်းသားတိုင်းမှာ နံပါတ်ရှိတယ်၊ နံပါတ်နဲ့ ခေါ်တယ်၊ နံပါတ်နဲ့ စကားပြောရတယ်၊ နံပါတ်နဲ့ ညွှန်ကြားတယ်၊ နံပါတ်နဲ့ အစီရင်ခံတယ် . . . ဒါပါပဲ'

'နို့ နေပါဦးဗျာ၊ အလုပ်တစ်ခုအတွက် အသင်းသား ၂ ယောက်ကို တစ်ပြိုင်တည်း လုပ်ခိုင်းရင်ကော'

'နေ့မှာလုပ်မယ့် အလုပ်ဆိုရင် တစ်ယောက်ကိုတစ်ယောက်မသိအောင် ရုပ်ဖျက်ထားတာဟာ တခြားသူမပြောနဲ့ သူတို့အမေတွေကတောင် သူတို့ကို မှတ်မိမှာမဟုတ်ဘူး၊ နို့ပေမယ့် ညမှာလုပ်ရမယ့် အလုပ်က များပါတယ်'

'ဩော် . . . ဟုတ်လား၊ နို့ ကျုပ်နောက်ကို တစ်ယောက်ယောက်ကလိုက်လာပြီး ကျုပ်ကို ပုလိပ်လက်ထဲအပ်ရင်ကောဗျာ၊ ဘယ်လိုကာကွယ်မလဲ'

'ကာကွယ်စရာတော့ မရှိဘူး၊ နို့ပေမယ့် ဒီလိုလုပ်မယ့်လူကိုသိရင် လုပ်စမ်းကြည့်ဖို့ ကျုပ်က အကြံပေးလိုက်မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုအကြံမျိုး ကြံစည်တဲ့ နောက်ဆုံးလူတစ်ယောက်ရဲ့ အလောင်းကို လွန်ခဲ့တဲ့ ၃ လ လောက်ကပဲ ညောင်ပင်ကလေးဆိပ်က သမ္ဗာန်တစ်ခုနဲ့ လာငြိနေတာတွေ့ရတယ်၊ ပုလိပ်ကို သတင်းမပေးနိုင်ခင် ခမြာလဲ သွားမြဲတိုင်းလမ်း သွားရရှာတယ်၊ နံပါတ် ၁ က ဘယ်သူ့ကိုမဆို ဘာလုပ်တာကိုမဆို သူသိတာချည်းပဲ'

'နေပါဦးဗျ . . . အဲဒီနံပါတ် ၁ ဘယ်သူလဲ'

'လူတိုင်း ခင်ဗျားလို သိချင်ကြတဲ့လူချည်းပေါ့ဗျာ'

'ဒါဖြင့် ဘယ်သူမှ မသိဘူးလား'

http://www.cherrythitsar.org



'ဘယ်သူမှ မသိဘူး . . . နံပါတ် ၁ ဆိုတဲ့လူက အင်မတန်တော်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပေါ့ဗျာ၊ စိတ်ထားလဲ အင်မတန်မြင့်မြတ်တဲ့ တကယ့်လူကြီးလူကောင်းတစ်ယောက်ပါပဲ၊ ဒီပုဂ္ဂိုလ်ကြီး သဘောထားကို ကျုပ် ရဲရဲကြီး အာမခံဝံ့တယ်၊ သစ္စာလဲရှိတယ်၊ ကတိလဲ တည်တယ်၊ တကယ့်လူကြီးလူကောင်းတစ်ယောက်ရဲ့ ဂုဏ်အင်္ဂါနဲ့ ညီညွတ်ပါတယ်'

'ဒီလိုဆိုရင် ကောင်းတာပေါ့ဗျာ'

'ပြီးတော့ သူ့မှာ မျက်စိနှစ်လုံးမကဘူးဗျ၊ ရှေ့ရော နောက်ရော ဘေးရော မျက်လုံးတွေရှိတယ်၊ သူ့လက်တံကလဲ မန္တလေးအထိ မီတယ်၊ နို့ပေမယ့် ဘယ်သူမှ သူ့အကြောင်းမသိဘူး၊ နံပါတ် ၂ ကတော့ဖြင့် သိချင်သိမလား မပြောတတ်ဘူး၊ နို့ပေမယ့် ဒီမိန်းမတောင် သိမယ်မသိဘူးဆိုတာ ကျုပ် တတ်အပ်မပြောနိုင်ဘူး'

'ဩော် ခင်ဗျားတို့အသင်းထဲမှာ မိန်းမတွေလဲ ပါသလား'

'ဒါကတော့ ခင်ဗျားသိတဲ့အတိုင်းပဲဗျာ၊ အခုခေတ်မှာ မိန်းမမပါ ရင်ဘယ်နေရာမှ မပြီးဘူးမဟုတ်လားဗျ . . .။ နို့ပေမယ့် ဒီအတွက်တော့ ဘာမှ ခင်ဗျားဝမ်းထဲမှာ စိတ်စနောင့်စနင်း မရှိပါနဲ့၊ မိန်းမတွေအတွက်က စိတ်ချရပါတယ်၊ သူတို့လဲ အစိုးရအပြစ်ပေးခံရမှာကို ခင်ဗျားတို့ ကျုပ်တို့လို ကြောက်ကြတာပေါ့ဗျာ'

'ငွေကြေးအတွက်ကကော ပြောပါဦး ကိုဝက်ကြီးရဲ့၊ ဘယ်လိုအကျိုးကျေးဇူးခံစားရမှာလဲ၊ အလုပ်ကတော့ စွန့်စားရမယ့်အလုပ်ပဲ'

'ဖြစ်ရလေ ဦးပြုံးချိုရယ် ငွေအတွက် ဘာမှမပူစမ်းပါနဲ့ဗျာ။ ဒီကိစ္စမှာ ခင်ဗျားကိုယ်တိုင် ဝင်ပြီး လုပ်ရသည်ဖြစ်စေ၊ မလုပ်ရသည်ဖြစ်စေ တခြားလူတွေနဲ့ ညီတူညီမျှရမှာပဲ၊ ကျုပ်တို့အသင်းမှာ အသင်းသား ၅၀ ရှိတယ်ဗျ၊ ရတဲ့ပစ္စည်းရဲ့ အပုံ ၅၀ အနက် တစ်ပုံကို ခင်ဗျားရမယ်'

'တစ်ယောက်တစ်ယောက် တော်တော်ကောရကြရဲ့လား'

'ခင်ဗျားမကြားမိဘူးလားဗျာ။ ဘီအိုစီကို စီးတုန်းက ငွေနှစ်သိန်းကျော်ဗျာ၊ မစ္စတာ ရောဘတ်အိမ်ကို တိုက်တုန်းက ရှစ်သောင်းကျော်၊ ပြီးတော့ စထရင်းဟော်တယ်က ပြင်သစ်အမတ်ကတော်ရဲ့ လက်ဝတ်လက်စားတွေဖောက်ပြီး ယူတဲ့အခါတုန်းက တစ်သိန်းနဲ့ ခွန်နှစ်သောင်းဗျာ . . .

အဲဒီ ၃ ခုဟာ တစ်နှစ်ခွဲအတွင်းမှာ ဖြစ်တာ ဦးပြုံးချိုပဲ တွက်ကြည့်ပေတော့'

'ဩော် . . . ဒါနဲ့ တစ်ခုမေးရဦးမယ်'

'ဆိုစမ်းပါဦး'

http://www.cherrythitsar.org



'တကယ်လို့ ကျုပ်က သူလျှိုဆိုပါတော့ဗျာ။ ခင်ဗျားဆီက အခု သိရသမျှဟာတွေကို ပုလိပ်ဆီသွားပြီး သတင်းပေးရင်ကော'

'ဘယ်လိုဖြစ်တယ်ဆိုတာ တကယ်လို့ စမ်းကြည့်တဲ့လူ သိမှာပေါ့။ တကယ်လို့မှ လမ်းမှာ ခင်ဗျား တစ်ခုခုမဖြစ်ဘူးဆိုရင် ကံကောင်းပေါ့။ ပြီးတော့လဲ ခင်ဗျား ကျုပ်ကို ဘယ်တော့မှ တွေ့မှာမဟုတ်တော့ဘူး'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က နံပါတ် ၅ ဆီကို သွားရမှာကိုး'

'နံပါတ် ၅ ဆိုတာက ဘယ်သူလဲဗျ'

'ကျုပ်လဲမသိဘူး . . . သူက ဆရာဝန်တစ်ယောက်ပဲ၊ ပလတ်စတာ ခွဲစိတ်မှုဆိုတာ ကြားဖူးတယ်မဟုတ်လား . . . လူတစ်ယောက်ရဲ့ မျက်နှာကို အသစ်ပြင်ပစ်နိုင်တယ်၊ ဒီလောက်ဆိုရင် ဦးပြုံးချို နားလည်ရော့ပေါ့၊ တကယ် အံ့သြလောက်တဲ့ ရုပ်ပြောင်းရုပ်လွှဲအတတ်ပါပဲဗျာ . . . တခြား ဟာမပြောနဲ့ ခင်ဗျားရဲ့ လက်ဗျားမှာရှိတဲ့ ဗွေတွေ၊ လက်ပုံစံတွေတောင် တစ် ခါထဲ အသစ်ဖြစ်သွားမယ်'

ဦးပြုံးချိုသည် ငေးမောနားထောင်လျက်ရှိရာမှ ဦးခေါင်းကို တ ဆတ်ဆတ်ညိတ်လိုက်၏။ သို့နှင့် ကိုဝက်ကြီးဆိုသူက ဦးပြုံးချို၏ မျက်နှာ ကို အရက်ဖန်ခွက်ပေါ်မှ ကျော်၍ကြည့်လိုက်ပြီးလျှင် . . .

'ကိုင်း . . . ဘယ့်နှယ်လဲ ကျုပ်ပြောတာ သဘောကျပြီမဟုတ် လား'

'နေပါဦး ကိုဝက်ကြီးရဲ့၊ ခင်ဗျားတို့အသင်းအကြောင်းကို ခင်ဗျား ပြောလို့ ကျုပ် အတော်ကြီးသိရပြီ၊ ဒီတော့ ကျုပ်က တကယ်လို့ မဝင်ချင် ဘူးဆိုပြီး ငြင်းလိုက်ရင် ကျုပ်ဒုက္ခများရောက်မလား'

'ဒါကတော့ ကျုပ်တို့ကို အနှောင့်အယှက်ပေးရင် ရောက်မှာပေါ့ လေ'

'သြော် . . . ဟုတ်ပြီ တကယ်လို့ ကျုပ်က သဘောတူပြီး ဝင်မယ် ဆိုရင်တော့'

စကားမဆုံးမီ ကိုဝက်ကြီးက

'ဝင်မယ်ဆိုရင်တော့ ခင်ဗျား လူချမ်းသာတစ်ယောက်ဖြစ်ပြီးသား ပေါ့၊ ရွှေမရှား ငွေမရှား ဖောဖောသီသီသုံးနိုင်မယ်၊ တကယ့်လူကြီးလူကောင်း တစ်ယောက်လို ခမ်းခမ်းနားနား နေထိုင်နိုင်မယ်ပေါ့၊ ခင်ဗျား ဘာမှလုပ်ဖို့ မလိုဘူး။ ခင်ဗျားနေခဲ့ဖူးတဲ့ အိမ်တွေရဲ့ အနေအထား မီးခံသေတ္တာထားတဲ့ နေရာ၊ ဝင်ဖို့ထွက်ဖို့နေရာနဲ့ ပစ္စည်းတန်ဖိုး ခန့်မှန်းခြေ၊ ဒါလောက် သတင်း

http://www.cherrythitsar.org



ပေးဖို့ပဲ၊ အသင်းကို သစ္စာရှိသမျှကာလပတ်လုံး ခင်ဗျား မုချချမ်းသာရမယ် ဗျာ'

ဦးပြုံးချိုသည် တစ်ခဏမျှ စဉ်းစားနေပြီးနောက် အဆုံးသတ်၌

'ကိုင်း . . . ကျုပ် လုပ်ပါတော့မယ်ဗျာ'

'ကောင်းတာပေါ့ဗျ၊ ဒီလိုမှပေါ့၊ နံပါတ် ၁ တဲ့ ဆရာရှေ၊ နံပါတ် ၁ ကို ခင်ဗျား တွေ့ရလိမ့်မယ်'

'တွေ့တာပေါ့လေ၊ တွေ့အောင် ကျုပ်က ဘယ်လိုလုပ်မှာလဲ'

'ခင်ဗျားလုပ်ဖို့က ဒီလိုလေ ခင်ဗျားကို ရက်ချိန်းပေးတဲ့နေ့ ည ၁၀ နာရီတိတိမှာ ပုလိပ်ရုံးကြီးဘေးက ကျောက်ရုပ်ကြီးနားကို ခင်ဗျားတစ်ယောက်ထဲလျှောက်လာခဲ့။ ကျောက်ရုပ်ကြီးနဲ့တည့်တည့် အနောက်ဘက်က လမ်းဘေးမှာ အဝါရောင် အငှားမော်တော်ကားတက္ကစီတစ်စီး ရပ်နေတာ တွေ့လိမ့်မယ်၊ ခင်ဗျားကြည့်တဲ့အခါမှာ ဒရိုင်ဘာက စက်တစ်ခုခုပြင်နေတာ တွေ့ရင် 'ဘယ့်နှယ်လဲဗျို့ ကားကောင်းပြီလား' လို့ ခင်ဗျားက မေးလိုက်၊ ဒီအခါ 'ဆရာသွားချင်လဲ ကောင်းပါပြီ' လို့ သူက ပြန်ဖြေလိမ့်မယ်၊ ဒီနောက် ခင်ဗျားက 'ကျုပ်ကို နံပါတ် ၁ ဆီပို့စမ်းဗျာ' ဆိုပြီး ကားပေါ်သာ တက်ပေတော့၊ ဒီအခါ ကားပြတင်းပေါက်အားလုံးကို သူက ပိတ်ပြီး ခင်ဗျားကို ခေါ်သွားလိမ့်မယ်၊ ပထမဆုံးအခေါက်တော့ ထုံးစံ ဒီလိုပဲလုပ်ရတယ်ဗျ၊ ခင်ဗျားစိတ်ထဲမှာ ဘယ်လိုမှ စနောင့်စနင်းမရှိလေနဲ့၊ နောက်ကျတော့ နေရာကို အတိအလင်းပြောပြီး သွားနိုင်တာပေါ့၊ ဟိုရောက်တဲ့အခါမှာ သူတို့ပြောသလို ခင်ဗျားလုပ်၊ နို့ပေမယ့် မှန်ရာသာပြောနော်'

'ပြောပါ့မယ်ဗျာ . . . ကျုပ် မလိမ်တတ်ပါဘူး'

'ဝမ်းသာတယ်ဦးပြုံးချို . . . ခင်ဗျား ကျုပ်တို့အသင်းထဲကိုရောက်ရင် တစ်သက်လုံး အေးအေးချမ်းချမ်း နေနိုင်ပြီဆိုတာ မှတ်ပေတော့၊ ဒါထက် နံပါတ် ၁ နဲ့တွေ့ရအောင် သွားတဲ့အခါ အဝတ်အစားနဲ့ မျက်နှာဖုံးတစ်ခု လိုတယ်ဗျ၊ အသင်းအစည်းအဝေးတက်တဲ့အခါမှာ ကျုပ်တို့ အသင်းသားတွေဟာ အဝတ်အစားဆင်တူဝတ်ပြီး မျက်နှာဖုံး တပ်လာကြရတယ်'

'ဩ် . . . ဟုတ်လား'

'ကိုင်း . . . ခင်ဗျားအတွက် ယူနီဖောင်း ကျုပ်ပေးခဲ့မယ်၊ ဒီအဝတ်စုံကို ကားပေါ်ရောက်မှ ခင်ဗျား ဝတ်ရမယ်နော် . . . အသင်းစည်းကမ်းချက်ထဲမှာ ယူနီဖောင်းလဲ အရေးကြီးတယ်နော် . . . နံပါတ် ၁ ဆီ ရောက်အောင် ခင်ဗျားကို လိုက်ပို့တဲ့ကားပေါ်ရောက်မှသာ ခင်ဗျား ဝတ်ရလိမ့်မယ်၊ နားလည်ပြီမဟုတ်လား'

http://www.cherrythitsar.org



'နားလည်ပါပြီဗျာ'

'ကြောက်သလားဗျ'

'မကြောက်ပါဘူးဗျာ'

'အင်း . . . မကြောက်တတ်တာ ကောင်းတယ်ဗျို့၊ ဘာမှလဲ ကြောက်စရာမရှိပါဘူး။ သစ္စာရှိရှိနဲ့ ဝတ္တရားကို ဆောင်ရွက်သွားရင်း ပြီးတာပါပဲ . . . ရော့ ခင်ဗျားအတွက် ယူနီဖောင်း'

ကိုဝက်ကြီးသည် သူ၏ လက်ဆွဲသားရေအိတ်အတွင်းမှ ကြိုးစိမ်းကလေးဖြင့် သပ်ယပ်စွာ ရစ်ပတ်ထားသည့် အထုပ်တစ်ထုပ်ကို ထုတ်ပေးလေ၏။

'အိမ်ရောက်မှ ဖြည်ကြည့်ပေတော့လေ'

'ကောင်းပါပြီ'

'ကိုင်း . . . ကျုပ်သွားမယ်၊ နောက်ကို တစ်ယောက်တစ်ယောက် ဘယ်လောက်ကြာမှ တွေ့ကြရဦးမယ် မသိဘူး'

'သွားပေတော့ဗျာ'

ထို့နောက် သူတို့သည် တစ်ယောက်ပြီးတစ်ယောက် ဆိုင်တွင်းမှ ထွက်သွားကြလေသတည်း။

အိမ်သို့ရောက်၍ အထုပ်ကို ဖွင့်ကြည့်သောအခါ အစိမ်းရင့်ရောင် မန္တလေးကျစ်ပိုး လုံချည်တစ်ထည်၊ အယ်လ်ပတ်ကား အပေါ်အင်္ကျီ အနက်တစ်ထည်နှင့် ကတ္တီပါ အစိမ်းရောင်ကို လုပ်ထားသည့် မျက်နှာဖုံးတစ်ခုကို ဦးပြုံးချိုတွေ့ရ၏။ အယ်လ်ပတ်ကား ရင်စိအင်္ကျီအနက်မှာ ဦးပြုံးချိုနှင့် တိုင်း၍ချုပ်ထားသကဲ့သို့ရှိပြီးလျှင် အစိမ်းရောင် မျက်နှာဖုံးမှာလည်း နဖူးအောက်ပိုင်းမှ နှုတ်ခမ်းအထက်ပိုင်းအထိ ဦးပြုံးချိုမျက်နှာနှင့် အကျ ရှိနေ၏။ မျက်နှာဖုံး၏ ထိပ်တွင် ၂၁ ဂဏန်းကို အဖြူရောင်ဖြင့် ထင်ရှားစွာ ရေးထိုးထားလေသည်။

## အခန်း – ၂

အသင်းထဲသို့ ဦးပြုံးချို မဝင်မီ ၂ နှစ်ခန့်မှစ၍ ရန်ကုန်မြို့ပေါ် တွင် အဆန်းတကြယ် ဉာဏ်ကစား၍ လုယူတိုက်ခိုက်ခဲ့သော တိုက်ခိုက်မှု ကြီးများ ပေါ်ပေါက်ခဲ့၏။ ကုန်သည်လမ်း စိန်ဘာဘူကြီးတစ်ဦး၏ တစ်သိန်းကျော်ဖိုးမျှသော စိန်များကို တနင်္ဂနွေနေ့ တစ်နေ့တွင် ဖောက်ထွင်းခိုးယူသွားခြင်း၊ ဘောင်ဒရီလမ်းရှိ ပြည်ထဲရေးဝန်ကြီး၏ 'ဂါဒင်ပါတီ' ပွဲ

http://www.cherrythitsar.org



တွင် ဝန်ကြီးကတော်၏ လည်ပင်းတွင် ဆွဲထားသည့် ၅ သောင်းကျော်မျှ ထိုက်တန်သော စိန်လည်ဆွဲကို ဆောင်ကူးလမ်းကြားကလေးတွင် ဧည့်သည်များထဲမှ မျက်နှာဖုံးတပ်ထားသည့် လူတစ်ယောက် ရုတ်တရက် ပေါ်လာပြီးလျှင် အတင်းဆွဲ၍ ဝရန်တာမှ ခုန်ချပြီးနောက် ၄ ပေမြင့်သော ဝါးရုံပင် ခြံစည်းရိုးကို ခုန်ထွက်သွားခြင်း စသော အမှုကြီးများ ပေါ်ပေါက်လာ၏။ ထို့နောက် ၆ လခန့်အကြာတွင် အနောက်ပိုင်း လှည်းတန်းရပ်ကွက်သား ရှင်ပြုအလှူတစ်ခု၌ ရှင်လောင်းတွင်တပ်ဆင်ထားသည့် စိန်သုံးသောင်းကျော်ဖိုးခန့်ကို ထိုအလှူအိမ်အတွင်း၌ပင် ရေချိုးခန်းထဲသို့ ရှင်လောင်းကိုသွင်း၍ လက်ဝတ်လက်စားအားလုံးကို ဖြုတ်ယူကာ ပိုက်လုံးမှ လျှောဆင်းထွက်ပြေးသွား၏။ ထို့ပြင် ရန်ကုန်စာတိုက်ကြီးမှ အလုံခန်းကို ဖွင့်ပြီးလျှင် ခုနစ်သောင်းကျော်ဖိုးမျှ အင်ရှုးစာအိတ်များကို ယူသွားခြင်း၊ ဘီအိုစီမှ လခပေးမော်တော်ကားကို ဒရိုင်ဘာချင်းလဲလှယ်ကာ ကားကို ကုက္ကိုင်းလမ်းသို့ အပြင်းမောင်း၍ ခဲပြတိုက်သွားရာ ငွေသား ၆ သောင်းကျော်မျှ ပါသွား၏။

ဤကိစ္စများမှာ အလွန်ပိယိသေသပ်စွာ ကြံစည်ခဲ့သဖြင့် အစအနမျှပင် မပေါ်ပေါက်ဘဲရှိနေရာ လူတစ်ဦးတစ်ယောက်၏ လက်ချက်မဟုတ် ပဲ အလွန်ကြောက်မက်ဖွယ်ကောင်းသည့် လျှို့ဝှက်သော ဂိုဏ်းကြီးတစ်ဂိုဏ်း ၏ လက်ချက်ဖြစ်သည်ဟု ယူဆရ၏။

တစ်နေ့သော နေ့လည်ခင်း၌ ဦးပြုံးချိုသည် သူ၏တိုက်ခန်းရှိ ရွက်ဖျင်ကုလားထိုင် တစ်လုံးပေါ်၌ ထိုင်နေစဉ် မိမိနောက်ဘက်ရှိ ပြတင်းပေါက်ကလေးမှ 'ချောက်' ခနဲ အသံတစ်သံကြားရသဖြင့် ဦးပြုံးချိုသည် ကုလားထိုင်ပေါ်မှ ဖျတ်လပ်စွာ ထလိုက်ပြီးလျှင် တိုက်ရှေ့တံခါးမကြီးကို ဖွင့်၍ အိမ်ကြားကို လိုက်လံကြည့်ရှုလေ၏။ သို့သော် လူစလူနဟူ၍ တစ်စုံ တစ်ရာ မမြင်ရချေ။ သို့နှင့် အိမ်ရှေ့တံခါးကို ပိတ်ပြီးလျှင် ပြတင်းပေါက် ဆီသို့လာခဲ့ရာ လေးထောင့်ကျောက်ခဲကလေးတစ်လုံးဖြင့် အသေအချာ ချည် နှောင်ထားသော စာကလေးတစ်စောင်ကို တွေ့ရလေသည်။ စာရွက်ကလေး မှာ အလွန် ထူထဲမာချောသော စက္ကူဖြစ်၍ အောက်ပါစာလုံးများကို ၁၄ ပွိုင့်စာလုံးကလေးများဖြင့် သပ်ယပ်စွာ ပုံနှိပ်ထား၏။

'နံပါတ် ၂၁ သိစေရန်မှာ ယခုည ၁၁ နာရီ မိနစ် ၃၀ တိတိအချိန်တွင် နံပါတ် ၁ ၏ နေအိမ်၌ ကျင်းပမည်ဖြစ်သော မြစိမ်းရောင်အသင်းကြီး၏ သင်းလုံးကျွတ်အထူးအစည်းအဝေးသို့ မတက်လျှင် သင်၏ တာဝန်သာ ဖြစ်လိမ့်မည်၊ တံခါးဝ၌ သင်အချက်ပေး ပြောကြားရန်စကားလုံးမှာ **'နောက်ဆုံးပိတ် . . .'** ဖြစ်သည်။

http://www.cherrythitsar.org



ဦးပြုံးချိုသည် တစ်ခဏမျှ စဉ်းစားပြီးလျှင် စာကို တစ်ခေါက်ပြန်၍ ဖတ်ပြန်၏။ ထို့နောက် နောက်ဖေးခန်းသို့သွားကာ သံတံခါးကို ဖွင့်လေသည်။ သံတံခါးပွင့်သွားသောအခါ အတွင်း၌ အလွန်ထူထဲသော အလုံခန်းကလေးကို တွေ့ရသည်။ ဦးပြုံးချိုသည် အခန်း၏ နောက်ပိုင်းတွင် လူတစ်ရပ်သာသာခန့်ရှိ အခန်းကလေးထဲသို့ ဝင်ရောက်ကြည့်ရှု၏။ ပြန်ထွက်လာသောအခါ ခါးထဲမှ သော့ကိုယူကာ စာလုံးအနေအထားများကို မိမိမှတ်သားထားသည့်အတိုင်း သော့ပေါ်၌ ပြန်၍ လှည့်လေသည်။ (ထိုသံသေတ္တာမျိုးမှာ သော့ပေါ်၌ အေ ဘီ စီ အမှတ်အသား စာလုံးများဖြစ်၍ မိမိပိတ်စဉ်က စီစဉ်ထားခဲ့သော စာလုံးအနေအထားအတိုင်း ပြန်၍ ဖွင့်သောအခါမှသာ ဖွင့်နိုင်လေသည်။)

သံသေတ္တာကြီး ပွင့်သွားသောအခါ ဦးပြုံးချိုသည် အံဆွဲတစ်ခုကို ဖွင့်လိုက်၍ 'စာများ' ဟု ပုံနှိပ်ထားသည့် ကြိုးနီဖြင့် စည်းထားသော ဖိုင်တွဲတစ်ခုကို ထုတ်ယူလိုက်ပြီးလျှင် ယခုရသော စာကို တစ်ကြိမ်ပြန်၍ ဖတ်လိုက်ပြီးနောက် ထိုဖိုင်တွဲထဲသို့ ထည့်လိုက်လေ၏။ တစ်ခဏမျှ ကြာသောအခါ သူသည် သော့ပေါ်မှစာလုံးကို အနေအထားတစ်မျိုးပြင်ကာ မီးခံသေတ္တာကြီးကို ပြန်၍ပိတ်ပြီးနောက် အပြင်သို့ ထွက်လာခဲ့လေ၏။ သံတံခါးကိုမူ ရိုးရိုးသော့ဖြင့်သာ ခတ်ရလေသည်။

ဦးပြုံးချိုသည် အပြင်ဧည့်ခန်းသို့ ထွက်လာခဲ့ပြီးနောက် လက်ဖက်ရည်ကြမ်းတစ်အိုးကို သောက်ရင်း အတန်ကြာ စဉ်းစားစိတ်ကူးလျက်ရှိ၏။ ထို့နောက် စာတစ်စောင်ကို ရေးမည်ပြုပြီးမှ မရေးတော့ဘဲ အထပ်ခိုးကလေးပေါ်မှတစ်ဆင့် ခိုအိမ်များထားသောနေရာသို့ ကူးသွားလေ၏။ မကြာမီ ခိုများ ညည်းညူသံနှင့် အတောင်ခတ်သံများကို ကြားရလေသည်။ ခိုအိမ်ကလေး၌ အပေါက်သုံးပေါက်ရှိ၍ အခန်းကလေးတစ်ခန်းတွင် ခိုတစ်ကောင်စီ ရှိလေသည်။ ဦးပြုံးချိုသည် အနီးရှိ စင်မြင့်ကလေးတစ်ခုပေါ်တွင် တင်ထားသော အင်တုံကလေးတစ်ခုအတွင်းမှ ရေစိမ်ထားသည့် ကုလားပဲလုံးကလေးများကို ယူပြီးလျှင် ခိုကလေးများကို အစာကျွေး၏၊ ရေတိုက်၏။ ယုယပွတ်သပ်၍ ပေး၏၊ ထို့နောက် ခိုတစ်ကောင်ကို ထုတ်ယူပြီးလျှင် အိတ်ထဲမှာ အသင့်ရေးယူခဲ့သော ဂဏန်းများရေးခြစ်ထားသည့် စက္ကူရွက်ကလေးတစ်ရွက်ကို ခို၏ လည်ပင်း၌ ကြိုးစကလေးတစ်ခုဖြင့် ချည်နှောင်ကာ လက်ပေါ်မှ တင်မြှောက်၍ လွှတ်လိုက်လေ၏။ ခိုကလေးသည် လက်ဝါးပေါ်မှ ရုတ်တရက်မပျံသေးဘဲ ၎င်း၏ ပန်းနုရောင်ခြေချောင်းကလေးများကို တစ်ခဏမျှ ကုတ်ဖွဲ့လိမ်ခြစ်ကာ ရှိနေပြီးနောက် အတောင်ပံကလေးများကို နှစ်

http://www.cherrythitsar.org



ချက်သုံးချက်မျှ ရိုက်ခတ်လိုက်ပြီးလျှင် ကောင်းကင်သို့ ပျံတက်သွားလေ ၏။

ဦးပြုံးချိုသည် ခိုအိမ်တံခါးများကို ပိတ်၍ အောက်ထပ်သို့ ပြန်၍ ဆင်းခဲ့ပြီးနောက် လက်ဖက်ရည်ကြမ်းကိုသာ သောက်လျက်ရှိလေသည်။ တစ်နာရီတိတိကြာသောအခါ ဒုတိယခိုတစ်ကောင်ကို လွှတ်၍ ထို့နောက် တစ်နာရီကြာသောအခါ တတိယခိုကို နောက်ဆုံးလွှတ်ပြန်၏။

ထိုညနေ၌ ဦးပြုံးချိုသည် ည၌ ၉ နာရီ သာသာလောက်၌ အပေါ် ထပ်သို့ တက်သွားသောအခါ ခိုကလေးသုံးကောင်လုံးပင် ၎င်းတို့၏ အခန်း ကလေးများရှိရာသို့ ပြန်၍ ရောက်နေကြလေပြီ။ ပထမ လွှတ်လိုက်သော ခိုကလေးတွင် စာရွက်ကလေးတစ်ရွက်ချည်လျက် ပါလာလေသည်။ ဦးပြုံး ချိုသည် စာကလေးကို ဖြည်၍ဖတ်ပြီးနောက် ခိုများကို အစာကျွေး၍ ပွတ် သပ်ပေးခဲ့ပြီးလျှင် အောက်ထပ်သို့ ပြန်၍ ဆင်းလာလေ၏။ စာရွက်လိပ် ကလေးကိုမူ နောက်ဖေးမီးဖိုထဲသို့ ထည့်လိုက်လေ၏။ ထို့နောက် ဦးပြုံးချို လည်း နေ့လည်က ရရှိထားသော အသင်း၏ လျှို့ဝှက်ဖိတ်ကြားစာအတိုင်း သွားရောက်ရန် ပြင်ဆင်တော့၏။

ညစာကို အဝစားသောက်ပြီးနောက် အိမ်ရှေ့စားပွဲ အံဆွဲထဲတွင် စာအုပ်ဟောင်းများ အောက်၌ ဝှက်ထားသော ငါးချက်ထွက် ပစ္စတိုသေနတ် အသေးစားကလေးတစ်လက်ကို ယမ်းတောင့်များ အသေအချာထည့်သွင်း ပြီး အောက်ခံဘောင်းဘီအိတ်ထဲတွင် ထည့်လိုက်လေ၏။ ထို့နောက် ချည် လုံချည် အဟောင်းတစ်ထည်နှင့် ရှပ်အင်္ကျီကိုဝတ်ကာ အိမ်တံခါးကို သော့ခပ် ၍ လမ်းထိပ်သို့ ထွက်ခဲ့လေ၏။ ဒါလဟိုဇီ လမ်းသို့ ရောက်သောအခါ အရှေ့ဘက်သို့သွားသည့် ဘတ်စကားတစ်စီးကို စီးခဲ့ပြီးလျှင် ဆူးလေဘုရား အနီးတွင် ဆင်းပြီးနောက် ဆူးလေဘုရားလမ်းအတိုင်း ကမ်းနားဘက်သို့ လျှောက်ခဲ့လေ၏။ ဟိုက်ကုတ်လွှတ်တော် နာရီစင်ကြီးမှ နာရီသည် ဆယ် နာရီထိုးရန် ငါးမိနစ်လိုသေးသဖြင့် ဦးပြုံးချိုသည် အဝတ်ထုပ်ကလေးကို ချိုင်းကြားတွင်ညှပ်ကာ ပန်းခြံမြောက်ဘက်ထောင့်ရှိ သစ်ပင်ရိပ်တစ်ခု အောက်တွင် ဆေးပေါ့လိပ်တိုကို ညှိ၍သောက်လေသည်။ သုံးမိနစ်ခန့် ကြာသောအခါ တောင်ဘက်သို့ ဆက်လက်လျှောက်သွားလေ၏။

အချိန်မှာ ဆယ်နာရီရှိပြီဖြစ်၍ ဆူးလေဘုရားလမ်းတစ်လျှောက် လူသွားလူလာပြတ်လျက် တစ်ခါတစ်ရံမှသာ ကားကလေး တစ်စင်းနှစ်စင်း သည် လမ်းပေါ်တွင် ဖြတ်သန်းသွားလာလျက်ရှိလေသည်။ လဆုတ်ရက် ဖြစ်သဖြင့် ကောင်းကင်တွင် ကြယ်ရောင်များသာရှိ၏။ ကျောက်ရုပ်အနီး

http://www.cherrythitsar.org



သို့ ရောက်သောအခါ ကျောက်ရုပ်နှင့် တည့်တည့်လမ်း၏ အနောက်ဘက် ဘေးတွင် လူသွားလမ်း ပလက်ဖောင်းနှင့် ကပ်လျက် ကားတစ်စီး ရပ်နေသည်ကို မြင်ရလေသည်။ ကားမှာ 'ဖို့'အငယ်စား အဝါရောင်ကလေးဖြစ်၍ ဒရိုင်ဘာနှင့်တူသော သူသည် ကက်ဦးထုပ်အနက် ဘောင်းဘီရှည်နှင့် အညိုရောင်ဂျာကင်အင်္ကျီကြီးကို ဝတ်ကာ ကားအဖုံးကို ဖွင့်၍ အတွင်းသို့ လက်နှိုက်လျက်ရှိလေသည်။ ဦးပြုံးချိုသည် ကားအနီးသို့ ချဉ်းကပ်သွားလေ၏။

'ဘယ့်နှယ်လဲဗျို့ . . . ကားကောင်းပြီလား'

ဟု မေးလိုက်ရာ ဒရိုင်ဘာက

'ဆရာသွားချင်ရင်လဲ ကောင်းပါပြီ'

'ကျုပ်ကို နံပါတ် ၁ ဆီပို့စမ်းဗျာ'

'ကားပေါ်တက်လေ'

ဒရိုင်ဘာသည် ကားပြတင်းပေါက်များကို လုံခြုံအောင်ပိတ်ပေးပြီးလျှင် အတွင်းမှ လိုက်ကာအနက်အားလုံးကိုပင် ဆွဲ၍ ပိတ်လိုက်ပြီးနောက် မြောက်ဘက်သို့ ခေါင်းလှည့်ထားသည့်အတိုင်း စက်နှိုး၍ ထွက်သွားလေ၏။ ဆူးလေဘုရားကို နှစ်ပတ်သုံးပတ်မျှ လှည့်၍ မောင်းသွားပြီးလျှင် တစ်ဖန်ပြန်၍ ကွေ့ပြီးနောက် ဘားလမ်းဘက်သို့ ထွက်ခဲ့ကာ မည်သည့်လမ်းဟူ၍ မသိ လမ်းကြားတစ်ခုထဲသို့ ဝင်သွားသည်ဟု ထင်လိုက်ရ၏။ ထို့နောက် အခြားလမ်းကြားတစ်ခုမှ ပြန်ထွက်သည့်ဟန်ဖြင့် နှစ်ကြိမ် သုံးကြိမ်မျှ ဝင်ချည်ထွက်ချည်ပြုလုပ်ပြီးသော် လမ်းကျယ်ကြီးတစ်ခုပေါ်၌၊ တစ်နာရီလျှင် မိုင် ၃၀ မှ ၄၀ ခန့်နှုန်းဖြင့် အပြင်းမောင်းနှင်လျက်ရှိလေ၏။ ထိုအချိန် အတွင်း၌ပင် ဦးပြုံးချိုမှာ အစိမ်းရောင်လုံချည် အယ်(လ်) ပတ်ကား အင်္ကျီ အနက်ကို ဝတ်ဆင်ပြီးလေပြီ။

တစ်နာရီခန့် မောင်းနှင်သွားမိသောအခါ ကားကလေးသည် လမ်းမကြီးပေါ်မှအတွင်းသို့ ခပ်လျောလျောဆင်းသွားသည့် လမ်းကြားကလေး တစ်ခုသို့ ချိုးဝင်၍ သွားပြီး လက်ျာဘက်သို့ တစ်ကြိမ်၊ လက်ဝဲဘက်သို့ နှစ်ကြိမ် ကွေ့ပြီးနောက် ခြံကြီးတစ်ခြံရှေ့တွင် ရပ်လေ၏။ ဒရိုင်ဘာသည် စကားတစ်ခွန်းမျှ မပြောဘဲ ကားတံခါးကို ဖွင့်ပေးသဖြင့် ဦးပြုံးချိုသည် ကားပေါ်မှ ဆင်းလေရာ၊ ကားကလေးလည်း လျင်မြန်စွာ မောင်းထွက်သွားလေ၏။

သစ်ပင်ကြီးများ ပေါက်လျက်ရှိသော ခြံကြီး၏ အလယ်တွင် ကြီးမားလှသော တိုက်ခံအိမ်ကြီးတစ်အိမ်ရှိရာ၊ တစ်အိမ်လုံးမှာ မှောင်နှင့်မည်း မည်းရှိနေသော်လည်း မှန်ပြတင်းပေါက်ကလေးတစ်ခုမှာမူ မီးရောင်ကလေး

http://www.cherrythitsar.org



ထွက်လျက်ရှိလေသည်။ ဦးပြုံးချိုသည် ကားပေါ်မှဆင်းလျှင် ဆင်းခြင်း မျက်နှာဖုံးကို တပ်လိုက်ပြီးနောက် ခြံတံခါးဝမှ ဝင်ခဲ့ပြီးလျှင် သစ်ပင်အုပ် ကလေးများအရိပ်ကို ခိုကာ အိမ်ရှေ့တံခါးမကြီးရှိရာသို့ ချဉ်းကပ်လေ၏။ မကြာမီ နောက်မှလည်းကောင်း၊ ဘေးမှလည်းကောင်း၊ ခြေသံများကြားရ၍ သစ်ပင်တစ်ပင်ဘေးတွင် ကပ်နေလိုက်ရာ၊ မိမိကဲ့သို့ အင်္ကျီနက်များဝတ်ကာ မျက်နှာဖုံးကိုယ်စီ တပ်ထားသော လူလေးငါးယောက်တို့သည် အိမ်ကြီးဆီ သို့ ချဉ်းကပ်လာကြသည်ကို မြင်ရ၏။ သို့ရှိစဉ် ထိုသူများသည် အိမ်ကြီး အတွင်းသို့ တစ်ယောက်စီ ချဉ်းကပ်သွားပြီးလျှင် တံခါးကိုခေါက်၍ တစ်စုံ တစ်ရာကို တီးတိုးပြောလိုက်ရာ တံခါးသည် လူတစ်ယောက်ဝင်သာရုံမျှ ပွင့် သွားပြီးနောက် အတွင်းသို့ လူရောက်သည်နှင့်တစ်ပြိုင်နက် ပြန်၍ ပိတ်သွား သည်ကို မြင်ရ၏။

လူသုံးယောက်ဝင်သွားပြီးနောက် ဦးပြုံးချိုသည် တံခါးအနီးသို့ ချဉ်းကပ်ကာ ပထမ ခပ်ပြင်းပြင်းသုံးချက်ခေါက်ပြီးနောက် နောက် နှစ်ချက် ခပ်သာသာ ခေါက်လိုက်၏။ တံခါးရွက်သည် နှစ်လက်မ သုံးလက်မခန့် ဟ၍သွားပြီးနောက် နားရွက်တစ်ဖက် ပေါ်၍လာသဖြင့် ဦးပြုံးချိုသည် မိမိ စာတွင် ညွှန်ကြားထားသည့်အတိုင်း **'နောက်ဆုံးပိတ်'** ဟု ညင်သာစွာ ပြောလိုက်လေ၏။ ထိုအခါ တံခါးသည် လူတစ်ယောက်ဝင်သာအောင် ပွင့် ၍သွားလေရာ ဦးပြုံးချိုလည်း အတွင်းသို့ ဝင်သွားလေ၏။

သို့နှင့် တစ်စုံတစ်ရာ အနှောင့်အယှက်မရှိဘဲ အသင်းသား နံပါတ် ၂၁ သည် လက်ဝဲဘက်ရှိ အခန်းတစ်ခုထဲသို့ ရောက်သွားရာ၊ အခန်းကလေး မှာ ရုံးခန်းနှင့်တူ၍ စားပွဲတစ်ခု၊ ကုလားထိုင် ၂ လုံးနှင့် မီးခံသေတ္တာတစ်လုံး ရှိလေသည်။ စားပွဲ၌ကား ကြံ့ခိုင်တောင့်တင်းဟန်ရှိသော လူတစ်ယောက် သည် ရှေ့၌ စာရင်းစာအုပ်တစ်အုပ်ကို ဖွင့်ကာ ထိုင်၍ နေလေသည်။ အစိမ်း ရောင်ပိုးလုံချည် အယ်လ်ပတ်ကား အပေါ်ဝတ် အင်္ကျီကို ဝတ်ဆင်ကာ တင်း မာခက်ထန်သည့် မျက်နှာထားရှိဟန်တူသော်လည်း ငြိမ်သက်အေးဆေးလှ သော အမူအရာရှိလေသည်။ အစိမ်းရောင် ကတ္တီပါ မျက်နှာဖုံးပေါ်တွင် ၁ နံပါတ် ဂဏန်းကို ငွေချည်ဖြင့် ထင်ရှားစွာ ထိုးထားသဖြင့် တလက်လက် တောက်ပလျက်ရှိ၏။

မျက်နှာဖုံးနှင့် တံခါးစောင့်သည် အတွင်းသို့ ဦးပြုံးချိုရောက်သည် နှင့် တစ်ပြိုင်နက် သံပတ်ဖြင့်ပြုလုပ်ထားသော တံခါးကို အကျပိတ်ခဲ့ပြီးလျှင် နံပါတ် ၁ ရှေ့သို့ လာရောက်ကာ ခြေစုံရပ်လျက် ရိုသေလေးစားသည့် အမူ အရာဖြင့်

http://www.cherrythitsar.org



'နံပါတ် ၂၁ ရောက်ပါပြီခင်ဗျာ'

ဟု ပြောလိုက်လေ၏။ သို့ပြောလိုက်ပြီးနောက် အမိန့်ကို နာခံရန် စားပွဲအနီးတွင် မတ်တပ်ရပ်လျက် ရှိလေသည်။ ခံ့ညားထည်ဝါသော လူ သည် မော်၍ကြည့်လိုက်ရာ ငွေချည်ဖြင့် ထိုးထားသော ၁ ဂဏန်းကို ပို၍ ထင်ရှားစေ၏။ သူသည် မျက်နှာဖုံးအောက်မှ စူးရှတောက်ပသော မျက်လုံး ကြီးများဖြင့် နံပါတ် ၂၁ အား ခြေဆုံးခေါင်းဆုံး ကြည့်လေသည်။ ထို့နောက် မျက်နှာဖုံးကို ချွတ်လိုက်ရန် မျက်ရိပ်ပြလိုက်သဖြင့် ဦးပြုံးချိုလည်း မျက်နှာ ဖုံးကို ချွတ်၍ချလိုက်လေ၏။ ထို့နောက် သူသည် ဦးပြုံးချိုအား ယခင်က ထက် နီးကပ်သေချာစွာ ကြည့်ရှုပြီးလျှင်

'ကောင်းပြီ . . . နံပါတ် ၂၁'

ဟု ပါးစပ်မှ ရေရွတ်ကာ လယ်ဂျာစာအုပ်ကြီးထဲတွင် စာရင်းသွင်း လိုက်လေ၏။ သူ၏အသံမှာလည်း သူ၏ မျက်လုံးများကဲ့သို့ပင် စူးရှ၍ အဓိပ္ပါယ်လေးနက်လှလေသည်။ ဤကဲ့သို့ ခြေဆုံးခေါင်းဆုံး အသေးစိတ် ကြည့်ရှုခြင်းကို ခံရသဖြင့် ဦးပြုံးချိုမှာ ရင်ထဲတွင် အေးခနဲဖြစ်၍ သွားမိ၏။ ထို့နောက် ကိစ္စပြီးကြောင်း အထိမ်းအမှတ်ပြလိုက်သည်နှင့် ဦးပြုံးချိုလည်း မျက်နှာဖုံးကို ပြန်၍တပ်လိုက်ပြီးလျှင် စားပွဲရှိရာမှ ထွက်ခဲ့လေ၏။ ဦးပြုံးချို ပြီး၍သွားသောအခါ ဦးပြုံးချိုနေရာတွင် အခြားတစ်ယောက် ဝင်၍ လာပြန် လေသည်။

မြစိမ်းရောင်အသင်းကြီး စည်းဝေးရာ ခန်းမကြီးသည်ကား ပထမ ထပ်ရှိ အခန်းကျယ်ကြီးဖြစ်၍ အင်္ဂလိပ်ဓာတ်ပြားသီချင်းတစ်ပုဒ်ကို ဓာတ် စက်ဖြင့် ဖွင့်ထားရာ ထိန်လင်းစွာ တောက်ပလျက်ရှိသော အစိမ်းနုရောင် အဆင်းရှိသည့် ဓာတ်မီးအောက်တွင် အင်္ကျီအနက် လုံချည်အစိမ်းများကို ဆင်တူဝတ်ဆင်ကြကုန်လျက် ကတ္တီပါ မျက်နှာဖုံးစိမ်းများကို တပ်ကာ တစ် တွဲစီ တစ်တွဲစီ ကခုန်လျက်ရှိကြကုန်၏။ ထိုအခါက ဓာတ်သီချင်းစက်ဖြင့် ယောကျ်ားမိန်းမတွဲကာ ဗိုလ်က, ကသောအလေ့အကျင့်မှာ မျက်နှာကြီး လူ ကုံထံလောကတွင် ခေတ်စားစပြုသော အချိန်ဖြစ်၏။ မိန်းမများသည်လည်း ယောကျ်ားများကဲ့သို့ပင် မျက်နှာဖုံး ကိုယ်စီတပ်ကာ ခန့်မှန်းခြေအားဖြင့် အတွဲပေါင်း ၂၀ ကျော်ခန့်ရှိ၍ စိမ်းလဲ့သော အဆင်းရှိသည့် မီးရောင်အောက် တွင် ယိမ်းနွဲ့ပျော့ပြောင်းစွာ ကခုန်လျက်ရှိသော စုံတွဲတို့သည် ချိုအေးသာ ယာသော ဂီတသံယူဆောင်ရာသို့ လှိုင်းအိများ လိမ့်သကဲ့သို့ တလိမ့်လိမ့် လိုက်ပါလျက် ရှိကြလေသည်။ ထောင့်တစ်ထောင့်တွင် အရက်များပေးသော နေရာတစ်ခုရှိ၍ အရက်ပေးသူသည်လည်း အသင်းယူနီဖောင်းကိုဝတ်ကာ

http://www.cherrythitsar.org



မျက်နှာဖုံးစိမ်းတပ်ဆင်ထားလေသည်။ အခန်းအလယ်တွင် စားပွဲတစ်လုံး ရှိ၍ ကုလားထိုင် ၄ – ၅– လုံး ဝိုင်းရံထားကာ ကခုန်သူများသည် ထိုစားပွဲ ကို လှည့်ပတ်ကခုန်လျက် ရှိကြကုန်၏။ စားပွဲထိပ်၌ ကုလားထိုင် ၂ လုံး ရှိရာ၊ လက်ဝဲဘက် ကုလားထိုင်တစ်လုံးပေါ်၌ လုံးကြီးပေါက်လှမိန်းမတစ် ယောက်သည် ခံ့ညားစွာ ထိုင်လျက်ရှိနေပြီးလျှင် ၎င်း၏ မျက်နှာဖုံးအလယ် တွင် နံပါတ် ၂ ဂဏန်းကိုလည်း ငွေချည်များဖြင့် ထင်ရှားစွာ ထိုးထားသည် ကို မြင်နိုင်လေသည်။

မကြာမီ နံပါတ် ၁ သည် အခန်းကျယ်ကြီးထဲသို့ ဝင်ရောက်လာ ပြီးလျှင် နံပါတ် ၂ နှင့် ယှဉ်ပြိုင်၍ထိုင်ပြီးနောက် ရုတ်တရက် မတ်တပ်ရပ် လိုက်လေသည်။

'မိတ်ဆွေ မင်းယောက်ျား မင်းမိန်းမအပေါင်းတို့ . . .'

သို့ ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ဂရမ်မာဖုံး သီချင်းသံသည် ရုတ်တရက် ရပ်တန့်သွားပြီးနောက် ဗိုလ်က က၍နေသော ယောက်ျားမိန်းမ များသည်လည်း အကရပ်၍ လူချင်းခွဲသွားကာ မျက်နှာဖုံးများအောက်မှ စူးရှ သော မျက်လုံးများနှင့် နံပါတ် ၁ ရှိရာသို့ စိုက်၍ ကြည့်နေကြလေသည်။ ထိုအခါ နံပါတ် ၁ က ဆက်လက်၍ ကြည်လင်ပြတ်သားသောအသံဖြင့်

'ကျုပ်တို့အသင်းက အသင်းသား ၂ ယောက်ဖြစ်တဲ့ နံပါတ် ၁၅ နဲ့ နံပါတ် ၄၈ ဟာ ပုလဲကုံးကို မရရအောင် ကြံစည်တဲ့အမှုမှာ အလိမ်ခံရပြီး ပုလိပ်လက်ထဲကို ရောက်သွားကြရတယ်၊ ဒါကြောင့် အခု အစည်းအဝေးကြီး ကို သူတို့မရောက်လာတဲ့အကြောင်း အထူးပြောစရာမလိုပါဘူး . . .'

မျက်နှာဖုံးတပ် အသင်းသားများ၏ တစ်ယောက်စီ တီးတိုးညည်း ညူလိုက်သော ဟီးခနဲအသံကြီးသည် တစ်ခန်းလုံးကို ပွဲတင်ရိုက်၍ သွားစေ ၏။

နံပါတ် ၁ က ဆက်လက်၍

'သူတို့ဟာ တကယ် သတ္တိကောင်းပြီး တကယ် နှုတ်လုံတဲ့ အသင်း သားတွေဖြစ်တဲ့အကြောင်း မိတ်ဆွေတို့ သိပြီးဖြစ်ပါတယ်၊ သို့သော် တာ ရှည်အောင် ညှဉ်းပန်းနှိပ်စက်တဲ့အခါ ပေါ်ပေါက်တတ်တာဟာ လောကရဲ့ ဓမ္မတာပါပဲ၊ ဒါပေမယ့် ဒီအတွက် မစိုးရိမ်ကြပါနဲ့တော့၊ သူတို့နှစ်ယောက် ဟာ ရုံးကိုရောက်ခြင်း၊ ထောင်တန်းကျခြင်း၊ အစစ်အဆေးခံရခြင်း၊ အရှက် တကွဲအကျိုးနည်းဖြစ်ခြင်း စတဲ့ ဒုက္ခတွေနဲ့ ကင်းဝေးတဲ့နေရာကို ရောက် အောင် လုပ်လိုက်ပြီဆိုတဲ့အကြောင်း ဒီကနေ့ညနေပဲ ဆိုင်ရာက အစီရင်ခံ စာကို ကျုပ်ရပြီးပါပြီ'

http://www.cherrythitsar.org



တစ်ဖန် အသင်းသားများ၏ သက်ပြင်းချလိုက်သံကြီးသည် ညောင်ပင်များကို လေခတ်သကဲ့သို့ အခန်းထဲတွင် သိမ့်ခနဲဖြစ်သွားလေ သည်။

နံပါတ် ၁ က ဆက်လက်၍

'သူတို့ရဲ့ ကျန်ရစ်ခဲ့တဲ့ သားမယားများနဲ့ မှီခိုသူများတွေကိုလဲ ထုံးစံအတိုင်း အသင်းက သင့်လျော်တဲ့ လျော်ကြေးကို ပေးရပါမယ်။ ဒီလျော်ကြေးပေးတဲ့ ကိစ္စအတွက် ထိုက်သလိုစီစဉ်ဖို့ နံပါတ် ၁၂ နဲ့ ၃၄ က ပြုလုပ်ပါလိမ့်မယ်၊ ဒါကြောင့် နံပါတ် ၁၂ နဲ့ ၃၄ ဟာ အခု အစည်းအဝေးကြီးအပြီးမှာ ကျုပ်ရဲ့ရုံးခန်းကို လာခဲ့ကြပါ ကျုပ်အခုပြောတဲ့ နံပါတ်များက ဒီကိစ္စဆောင်ရွက်ရန် သဘောတူတဲ့အကြောင်း အထိမ်းအမှတ်ပြကြပါ'

မျက်နှာဖုံးထဲမှ လူ ၂ ယောက်သည် အသင်းဥက္ကဋ္ဌအား အရိုအသေပေး၍ လက် ၂ ချောင်းကို ထောင်လိုက်ကြလေသည်။

နံပါတ် ၁ က ဆက်လက်၍

'ကိုင်း မိတ်ဆွေတို့ ကိုယ့်တွဲဖက် ကိုယ်ခေါ်ပြီး ဆက်ကကြပါ တော့'

ထိုအခါ ဓာတ်သီချင်းစက်သံသည် ယခင်ကကဲ့သို့ ဆက်လက်ပေါ်လာလေရာ ယောကျ်ားများသည် မိမိတို့ တွဲဖက်လိုသည့် မိန်းမများကို ကိုယ်စီကိုယ်င ရှာကာ တစ်ဖန် ဆက်လက် ကခုန်ကပြန်လေ၏။ မကသူများကလည်း ဘေးတွင်ရပ်ကာ ကြည့်ရှုလျက် ရှိကြလေသည်။ ဦးပြုံးချိုအနားရှိ အဖော်မရှိဘဲ ရပ်နေသော အရပ်ပုပု မိန်းကလေးတစ်ယောက်မှာ ဦးပြုံးချိုအား ဖိတ်ခေါ်သော မျက်လုံးများဖြင့် ကြည့်နေသဖြင့် ဦးပြုံးချိုသည် အညှံ့မခံဘဲ ထိုမိန်းကလေးကို တွဲခေါ်ပြီးနောက် ငြိမ့်ညောင်းသော တူရိယာသံများဖြင့် နွဲ့ကာ ယှဉ်ကာ ပူးကာ ကပ်ကာ ကခုန်လေရာ လှိုင်းထသကဲ့သို့ ညက်ညောစွာ ကလျက်ရှိသော လူအုပ်ကြီးအလယ်သို့ တဖြည်းဖြည်း ကခုန်ရင်း ရောက်သွားလေတော့၏။

ဤသို့ဖြင့် ဂရမ်မာဖုံးသီချင်းသံသည် ငြိမ့်ငြိမ့်အေးအေးဖြစ်လျှင်ဖြစ်သည့်အလျောက် ခပ်ဆတ်ဆတ်ကလေး တီးမှုတ်ပြန်လျှင်လည်း တီးမှုတ်သည့်အလျောက် ခပ်ကြမ်းကြမ်းတီးသောအခါလည်း တီးသည့်အလျောက် ကခုန်လျက်ရှိကြကုန်ရာ ၎င်းတို့၏အရိပ်များသည် နံရံများပေါ်၌ လည်းကောင်း၊ သရက်ထည် ခန်းဆီးများပေါ်၌လည်းကောင်း၊ တရွေ့ရွေ့ လှုပ်ရှားလျက်ရှိကြကုန်၏။

အရပ်ပုပုမိန်းကလေးက ဦးပြုံးချို၏ နားနားသို့ ကပ်လျက် . . .

http://www.cherrythitsar.org



'ဘာဖြစ်လို့လဲ . . . ဟင် . . . ကျွန်မဖြင့် သိပ်ကြောက်တာပဲ ရှင်၊ ကျွန်မစိတ်ထဲမှာ တစ်ခုခုများ ဖြစ်မလားလို့ အောက်မေ့မိတယ် . . . ရှင်ကော မကြောက်ဘူးလား'

'မကြောက်ပါဘူး ဥက္ကဋ္ဌကြီးပြောတာ အရှင်းသားပဲ . . . ကျုပ်တို့အတွက် ဘာများ စိုးရိမ်စရာရှိလို့လဲ'

ထိုအခိုက်၌ ဦးပြုံးချိုအား နောက်မှ ကနေသည့် လူတစ်ယောက်က ပခုံးကိုလက်ဖြင့် အသာပုတ်လိုက်ပြီးနောက် တီးတိုးအသံဖြင့် . . .

'ဟေ့လူ စကားမပြောနဲ့လေ၊ ထုံးစံ ခင်ဗျားမသိဘူးလား'

'သိပါတယ်ဗျာ'

ဦးပြုံးချိုနှင့် တွဲသော မိန်းကလေးမှာ လက်ကလေးများ တဆတ်ဆတ်တုန်ကာ အတော်အတန် တုန်လှုပ်လျက်ရှိလေသည်။ ဓာတ်စက်သီချင်းသံရပ်သွားသောအခါ ယောကျ်ားနှင့် မိန်းမများ ကွဲ၍သွားပြီးနောက် ကုလားထိုင်များပေါ်တွင် ထိုင်ကြလေ၏။ ထိုအခါ အသင်းဥက္ကဋ္ဌဖြစ်သူ နံပါတ် ၁ သည် မတ်တပ်ရပ်လိုက်သဖြင့် ယခင်က သီချင်းသံများဖြင့် အုပ်လျက် ရှိသော အခန်းကြီးမှာ လူတစ်ယောက်မျှ မရှိသကဲ့သို့ ဆိတ်ငြိမ်၍ သွားလေ သည်။

နံပါတ် ၁ က

'မင်းယောကျ်ား မင်းမိန်းမ မိတ်ဆွေအပေါင်းတို့ခင်ဗျား၊ အခုညဒီအထူးအစည်းအဝေးကြီးကို ဘာကြောင့် ခေါ်ရတယ်ဆိုတာ ခင်ဗျားတို့အံ့ဩမှာပဲ၊ အကြောင်းက အတော်ပဲအရေးကြီးပါတယ် . . .။ ဘုရင်ခံကတော်ရဲ့ ပုလဲကုံးကို ရအောင် ကြံစည်တဲ့ကိစ္စမှာ အခုလို အထမမြောက်ရုံမျှမကဘဲ ကျွန်တော်တို့အသင်းသား ၂ ယောက်ပါ အဖမ်းခံရတဲ့ကိစ္စဟာ မတော်တဆဖြစ်ရတာမဟုတ်ဘူးခင်ဗျ၊ ပုလိပ်တွေ ဒီအနားရောက်နေတာလဲ ကံအားလျော်စွာ ရောက်နေတာမဟုတ်ဘူးခင်ဗျ . . . ကျွန်တော်တို့အထဲမှာ သစ္စာဖောက်ကောင်တစ်ကောင် ရှိနေပြီခင်ဗျ'

ဟာခနဲ သက်ပြင်းချလိုက်သော အသံကြီးသည် လေမုန်တိုင်းတိုက်ခတ်လိုက်သကဲ့သို့ ရှိလေ၏။ အသင်းသားတိုင်း ကျောထဲမှ စိမ့်ခနဲဖြစ်၍ သွား၏။

နံပါတ် ၁ က ဆက်လက်၍

'ဒီပုလဲကုံးကိစ္စ ပျက်သွားရုံသာ မဟုတ်သေးဘူး တခြားကိစ္စတွေမှာလဲ ကျွန်တော်တို့ထင်တဲ့အတိုင်း မပေါက်ဘဲ အနှောင့်အယှက်ကလေးတွေ တွေ့ရတာဟာ အကြောင်းရှိတယ်ခင်ဗျာ။ ဒီအကြောင်းကို ကျွန်တော်တို့

http://www.cherrythitsar.org



အခု ခြေရာခံလို့ရပါပြီ၊ ကျွန်တော်တို့ တစ်စုံတစ်ရာ စိတ်အနှောင့်အယှက်ဖြစ်ဖို့ မလိုပါဘူး၊ ဒီလိုပြောရတာ ကျွန်တော် ဝမ်းမြောက်ပါတယ် . . .။ သစ္စာဖောက်တဲ့လူကို အခု တွေ့ပြီးဖြစ်တဲ့အတွက် အသင်းဥပဒေအတိုင်း သုတ်သင်ဖို့ပါပဲ၊ ဒီတော့မှ နောင်ကို အမှားမဖြစ်တော့မှာကိုခင်ဗျ။ လမ်းလွဲပြီး ဒီသစ္စာဖောက်ကောင်ကို အသင်းထဲရောက်အောင် သွင်းပေးတဲ့ အသင်းသားကိုလဲ နောင် ဒီလိုလမ်းမလွဲရအောင် ကျွန်တော်တို့ ဆုံးမကြရလိမ့်မယ်။ ဘာမှ ကြောက်ဖို့မရှိပါဘူးခင်ဗျာ မကြောက်ကြပါနဲ့'

နံပါတ် ၁ ၏ အသံကား စူးရှသလောက် လေးနက်လှပေရာ မျက်လုံးအစုံအစုံတို့သည် မိမိတို့လူအုပ်ထဲတွင် ထိုသစ္စာဖောက်ကောင်နှင့် သူ့ ကို အသင်းထဲသို့ သွင်းပေးသူအား မည်သူမည်ဝါ ဖြစ်သည်ကို သိလိုကြသည့်ဟန်ဖြင့် ကြည့်ရှုရှာဖွေလျက်ရှိကြကုန်၏။ ထိုလူအုပ်ထဲတွင် သစ္စာဖောက်ကောင်သည်လည်းကောင်း၊ သူ့အား အသင်းသို့ရောက်အောင် သွေးဆောင်လာသူသည်လည်းကောင်း ရှိနေသည်ဖြစ်ရာ ကာယကံရှင်များမှာမူ မျက်နှာပျက်၍ နဖူးမှ ချွေးများပင် ပြန်လျက်ရှိနေမည်ဖြစ်သော်လည်း အပေါ်မှ အစိမ်းရောင် ကတ္တီပါမျက်နှာဖုံးသည် ထိုအခြင်းအရာအားလုံးကို ကွယ်ဝှက်၍ ထားလေသည်။

နံပါတ် ၁ က

'မိတ်ဆွေ မင်းယောက်ျား မင်းမိန်းမအပေါင်းတို့ခင်ဗျာ၊ ကိုယ်တွဲမယ့်လူကို ကိုယ်ရှာတွဲပြီး ဆက်ကကြပါ'

ဂရမ်မာဖုံးသီချင်းသံသည် ကြည်လင်စွာ ထွက်ပေါ်လာပြန်ရာ၊ ယောက်ျားများသည် ယခင်က မိမိမတွဲခဲ့ဖူးသူများကို ရှာဖွေတွဲယူကြပြီးလျှင် တစ်ဖန် ဆက်လက် ကကြပြန်လေ၏။ ဦးပြုံးချိုနှင့် တွဲ၍ ကခဲ့ဖူးသော အရပ်ပုပုနှင့် မိန်းကလေးအား အရပ်မြင့်မြင့်လူတစ်ယောက်က တွဲခေါ်သွားလေ၏။ ဦးပြုံးချိုအား အသားခပ်ညိုညို မိန်းမတစ်ယောက်က လက်ကို လှမ်း၍ ပေးလိုက်သဖြင့် ဦးပြုံးချိုမှာ မနေသာတော့ဘဲ ထိုမိန်းမနှင့် တွဲဖက်ကရလေတော့၏။ ဦးပြုံးချိုမှာ လူကြီးတစ်ယောက်ပင်ဖြစ်လင့်ကစား လူငယ်များကဲ့သို့ ဖျတ်လတ်သွက်လက်စွာ ကနိုင်လေသည်။ မျက်နှာဖုံးစုံတွဲများသည် ငြိမ့်ညောင်းသော တူရိယာသံများအကြားတွင် လှိုင်းအိမျာ လိမ့်သကဲ့သို့ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့်၊ လှည့်ချည်တစ်ခါ ပတ်ချည်တစ်လှည့်ဖြင့် ရွေ့လျားလျက်ရှိကြကုန်၏။

ဓာတ်သီချင်းသံသည် ရုတ်တရက် ရပ်သွားပြန်သဖြင့် အသင်းသားများသည် တစ်စုံတစ်ရာကို မျှော်လင့်သည့်ဟန်ဖြင့် နံပါတ် ၁ ရှိရာသို့

http://www.cherrythitsar.org



စိုက်ကြည့်နေစဉ် နံပါတ် ၁ သည် မတ်တပ်ရပ်လိုက်ကာ စကားစပြန်လေသည်။

'မိတ်ဆွေ မင်းယောက်ျား မင်းမိန်းမအပေါင်းတို့ခင်ဗျာ။ ယခု ကပွဲကြီး ပြီးဆုံးပါပြီ။ ကျွန်တော်တို့ အလုပ်ကို စကြရပါတော့မယ်၊ အခု သစ္စာဖောက်မှုကြီးထဲမှာ ဘယ်သူတွေ ပါဝင်သလဲဆိုတာ မိတ်ဆွေကြီးတို့လဲ သိချင်လှကြရော့မယ်၊ ကိုင်း . . . နံပါတ် ၃၇'

ထိုအခါ မျက်နှာဖုံးနံပါတ် ၃၇ သည် လူအုပ်များထဲမှ ရှေ့သို့ ဒယိမ်းဒယိုင် ထွက်၍လာလေရာ၊ သက်ပြင်းရှူလိုက်သော သူ၏ အသံကြီးကိုပင် အနီးအနားမှ ကြားရလေသည်။ ထို့နောက် ၃၇ သည် မကွဲပြားသော အသံဖြင့် ပါးစပ်မှ တစ်စုံတစ်ရာကို ရေရွတ်လိုက်လေသည်။

နံပါတ် ၁ က . . .

'ဟေ့လူ . . . ပါးစပ်ပိတ်နေ'

ဟု ပြောလိုက်သောအခါ နံပါတ် ၃၇ က

'ကျွန်တော် အပြစ်မရှိပါဘူးဆရာ . . . ဒါ ကျွန်တော့်အပြစ် မဟုတ်ပါဘူးခင်ဗျာ'

'ငြိမ်ငြိမ်နေ . . . စကားမပြောနဲ့ . . . သတိကင်းမဲ့တဲ့လူကို အပြစ်ရှိသလို ဆက်ဆံရလိမ့်မယ် . . . မင်းရဲ့ မိုက်မဲမှုအတွက် ခုခံပြောဆိုချင်တဲ့စကားတွေကို နောက်မှ ငါနားထောင်မယ် . . . နားလည်ပြီလား ထိုင်နေ . . .'

နံပါတ် ၃၇ သည် တဆတ်ဆတ်တုန်ကာ အနီးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်၍ ချလိုက်လေ၏။

ထို့နောက် နဖူးပြင်နှင့်တကွ မျက်နှာဖုံးအောက်သို့ နှိုက်ကာ၊ ချွေးများကို လက်ကိုင်ပုဝါဖြင့် သုတ်လေသည်။

သန်မာတောင့်တင်းသော အသင်းသား ၂ ယောက်တို့သည် ထိုသူထိုင်နေသော ကုလားထိုင် တစ်ဖက်တစ်ချက်သို့ ရောက်လာကာ၊ အသင့်ရှိနေလေသည်။ အခြားသူများကား ပုလိပ်ရောဂါဖြစ်နေသူ တစ်ယောက်အနီးသို့ မကပ်ဝံ့ကြဘိသကဲ့သို့ နောက်သို့ ဆုတ်ခွာ ရှောင်ရှားသွားကြလေသည်။

ထိုအခါ နံပါတ် ၁ သည် တစ်ဖန် နေရာမှ ထလိုက်ကာ စူးရှလေးနက်သော အသံကြီးဖြင့် . . .

'မိတ်ဆွေတို့ . . . ဒီသစ္စာဖောက်ရဲ့ အမည်ကို အခု ကျွန်တော်ပြောပါတော့မယ် . . . နံပါတ် ၂၁ . . . ရှေ့ကို ထွက်ခဲ့စမ်း'

http://www.cherrythitsar.org



ဦးပြုံးချိုသည် ရှေ့သို့ထွက်၍ ရပ်လိုက်ရာ ၄၈ ယောက်သော သူများ၏ မျက်လုံးအစုံတို့သည် ရွံရှာမုန်းတီးသော ဟန်ဖြင့် နံပါတ် ၂၁ အား စူးစိုက်ကြည့်ရှုလျက်ရှိကြလေ၏။

နံပါတ် ၂၁ က . . .

'အလိုလေး . . . ဘုရား . . . ဘုရား'

ဟု ပြောလိုက်ရာ နံပါတ် ၁ က

'ဟေ့လူ တိတ်စမ်း . . . မျက်နှာဖုံးကို ချွတ်လိုက်'

နံပါတ် ၂၁ သည် ထူထဲသော ကတ္တီပါအစိမ်းမျက်နှာဖုံးကို ချွတ်ချလိုက်ရာ ဦးပြုံးချို၏မျက်နှာ ပေါ်လာတော့၏။ ထိုအခါ အားလုံးသော အသင်းသားများသည် ဦးပြုံးချိုအား အစိမ်းလိုက် ဝါးစားတော့မည့်ကဲ့သို့ ကြည့်ရှုလျက်ရှိကြလေသည်။

နံပါတ် ၁ က

'ဒီမှာကြည့်စမ်း၊ နံပါတ် ၃၇ . . . မင်းဟာ အခု သစ္စာဖောက်ဖြစ်တဲ့ နံပါတ် ၂၁ ကို ဦးပြုံးချိုဆိုတဲ့နာမည်နဲ့ ကျုပ်တို့ မြစိမ်းရောင် ကလပ်ထဲကို အသင်းသားအဖြစ် စာရင်းသွင်းခဲ့တယ်။ သူ့ရဲ့ ရာဇဝင်ကတော့ သူဟာ ကျုပ်တို့အသင်းကို အတော်ကြီး ဒုက္ခပေးသွားတဲ့ နာမည်ကျော်စုံထောက်ကြီး ဦးအောင်မြင်ရဲ့ ဘဏ္ဍာစိုးဖြစ်ပြီး မင်းကတော်ကြီးရဲ့ အိမ်ကို လက်ထောက်ချဖို့ ကြံစည်ခဲ့တယ်၊ ဒီနောက် သူ့အလိုအလျောက် အလုပ်ကထွက်ပြီး တိတ်တဆိတ် တိမ်းရှောင်နေခဲ့တယ်လို့ မင်းက အစီရင်ခံစာ တင်ပြတယ်၊ မင်းပေးတဲ့ ရာဇဝင်ဟာ မှန်တယ်မမှန်ဘူးဆိုတာ မင်း အတိအကျ စုံစမ်းရဲ့လား နံပါတ် ၃၇'

'စုံစမ်းပါတယ် ဆရာကြီး . . . ကျွန်တော် အတိအကျစုံစမ်းပါတယ် ခင်ဗျာ . . .။ ဦးအောင်မြင်အိမ်မှာ အလုပ်လုပ်သွားဖူးတဲ့ အစေခံ ၂ ယောက်က သူဟာ ဦးပြုံးချိုဖြစ်ကြောင်း ထောက်ခံပါတယ် . . . ဒီဟာ အမှန်ပါပဲ ဆရာကြီး . . . ကျွန်တော် ကျမ်းကျိန်ပြောဝံ့ပါတယ်'

အသင်းဥက္ကဋ္ဌ နံပါတ် ၁ သည် စားပွဲပေါ်မှ စာရွက်တစ်ရွက်ကို တစ်ခဏမျှ ကောက်ယူကြည့်ရှုလိုက်ပြီးလျှင် သူ၏ ခါးပိုက်ဆောင်နာရီကို ထုတ်၍ ကြည့်လေသည်။ ထို့နောက် ဆက်လက်၍ . . .

'မိတ်ဆွေ မင်းယောကျ်ား မင်းမိန်းမအပေါင်းတို့ခင်ဗျာ . . . ကိုယ့်အတွဲနဲ့ ကိုယ် ကဖို့ အသင့်ရှိကြပါစေ . . .'

ကုလားထိုင်နံဘေးတွင် ရပ်နေသော မျက်နှာဖုံး ၂ ယောက်သည် ဦးပြုံးချို၏ လက်နှစ်ဖက်ကို နောက်မှ ဖမ်း၍ ချုပ်ကိုင်ကာ လက်သန်းခန့်

http://www.cherrythitsar.org



ရှိ ခိုင်မာသော ကြိုးတစ်ချောင်းဖြင့် ချည်လိုက်ကြလေ၏။ သစ္စာဖောက်အား ဖမ်းဆီးရမိသဖြင့် ဩဘာပေးလိုက်သော အသံကြီးမှာ တစ်ခန်းလုံးကို မုန်တိုင်းတိုက်ခတ်သကဲ့သို့ တိုက်ခတ်၍ သွား၏။

သို့သော် အခန်းကြီး လေဝင်ပေါက်မှတစ်ပါး ပြတင်းပေါက်နှင့် တံခါးများကို ရော်ဘာခန်းဆီးများဖြင့် ကာ၍ထားသဖြင့် အသံကို အပြင်မှ မကြားရချေ။

ထို့နောက် နံပါတ် ၁ က စတင် စစ်ဆေးလေသည်။

'နံပါတ် ၂၁ . . . ခင်ဗျားနာမည်ကို ဦးပြုံးချိုလို့ စာရင်းသွင်းထားတယ် . . . အလုပ်က စုံထောက်ကြီးဦးအောင်မြင်ရဲ့ တပည့် ဘဏ္ဍာစိုး. . . မင်းကတော်ကြီးက သူ့အိမ်ကို လက်ထောက်ချမှာစိုးရိမ်ရပါတယ်ဆိုပြီး ပုလိပ်ဘက်ကို တိုင်ထားတော့ အလုပ်က ခင်ဗျား . . . ထွက်လိုက်တယ် ဟုတ်တယ် မဟုတ်လား'

'မဟုတ်ပါဘူး'

'ခင်ဗျားနာမည်က ဘယ်သူလဲ'

'စုံထောက်ဦးအောင်မြင်ဆိုတာ ကျုပ်ပါပဲ'

'ခင်ဗျား . . . ဘာလိမ်တာလဲ . . . ခင်ဗျားဆရာဦးအောင်မြင်ဟာ လူဆိုးသတ်လို့ သာယာဝတီမှာ သေသွားတာ တစ်တိုင်းပြည်လုံး သိနေတာပဲ'

'သေတာက ကိုအောင်မြင်မဟုတ်ဘူး . . . ကိုပြုံးချိုသေတာ၊ မျက်နှာကို ရစရာမရှိအောင် လူဆိုးတွေက ဓားနဲ့ခုတ်ထားလို့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတော့ လူချင်းလဲလိုက်တာပေါ့ဗျာ။ ဦးပြုံးချိုက အသက်သာ ကျုပ်ထက်ကြီးတာ ကိုယ်လုံးကိုယ်ပေါက်က ခပ်ဆင်ဆင် မဟုတ်လား . . .'

'ဒါဖြင့် ဦးပြုံးချိုက တကယ်သေသွားတာပေါ့'

'ဟုတ်တယ်လေ သေသွားတယ်။ ဒါကြောင့် . . . ဦးပြုံးချိုနေရာကို ကျုပ်က ယူလိုက်ပြီး ဦးပြုံးချိုယောင် ဆောင်နေတာပေါ့ . . . ကျုပ်ကိုယ်ကျုပ် ဦးပြုံးချိုလုပ်နေတယ်ဆိုပါတော့'

'နို့ မျက်နှာက ဦးအောင်မြင်မဟုတ်ပါကလား'

'ဘာခက်သလဲဗျာ၊ မယုံရင် ရေနွေးတစ်ခွက်ပေးပါလား ကျုပ် ပြမယ်'

နံပါတ် ၁ ၏ အမိန့်ပေးချက်အရ မကြာမီ ရေနွေးဇလုံတစ်ခု ရောက်လာရာ ဦးပြုံးချို အမည်ခံ နံပါတ် ၂၁ သည် ရေနွေးကို လက်ဖြင့် အတန်ငယ် စမ်းသပ်ကြည့်ပြီးနောက် အိတ်တွင်းမှ လက်ကိုင်ပုဝါတစ်ထည်

http://www.cherrythitsar.org



ကို ထုတ်ယူလိုက်ပြီးလျှင် ရေနွေးတွင် စိမ်လျက် သူ၏မျက်နှာကို ရေနွေးစိမ်ထားသော လက်ကိုင်ပုဝါဖြင့် ၂ ကြိမ် ၃ ကြိမ်မျှ ပွတ်ချလေ၏။

ထိုအခါ ပါးရည်တွန့်လိပ်ခြင်းတို့သည်လည်းကောင်း အတန်ငယ်ညိုသော အသားသည်လည်းကောင်း၊ လက်ျာဘက် ပါးပြင်၌ရှိသည့် ဓားခုတ်ရာကြီးသည်လည်းကောင်း၊ ခပ်ရေးရေး ခပ်ကြောင်ကြောင် ရှိနေသော နှုတ်ခမ်းမွေးသည်လည်းကောင်း၊ အလွန်အမင်း ချွန်ထွက်လျက်ရှိသော နှာခေါင်းသည်လည်းကောင်း၊ သစ်ပင်မှ သစ်ခေါက်ကို ဓားဖြင့် ခွာချလိုက်ဘိသကဲ့သို့ အပေါ်ဖုံးများ ကွာကျပျောက်ပျက်သွားပြီးလျှင် အောက်မှ အသားလတ်လတ် မျက်လုံးပြူးပြူး နှာတံမပေါ့တပေါ် အသက် ၃၅ နှစ်ခန့်ရှိ ရုပ်ရည်သနားကမား လူရွယ်တစ်ယောက်၏ပုံ တဖြည်းဖြည်း ပေါ်လာတော့၏။ ထို့နောက် ၂၁ သည် ရှုပ်ထွေးတွန့်လိမ်လျက် ခပ်ကြောင်ကြောင်ရှိနေသော ဆံပင်ပုံကို ခွာချလိုက်ပြန်ရာ နောက်သို့ သပ်ယပ်စွာ လှန်၍ဖြီးထားသော မည်းနက်သောဆံပင်များ ပေါ်လာလေသည်။ နံပါတ် ၁ ကားဦးအောင်မြင်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မိုးကြိုးထိမှန်လိုက်သကဲ့သို့ အံ့အားသင့်ကာ ကြက်သေသေလျက် ရှိလေ၏။

နံပါတ် ၁ က . . .

'ဟာ . . . ကို . . . အောင် . . . မြင်ပဲ'

ဟု ပြောလိုက်ရာ ဦးအောင်မြင်က

'ဟုတ်တယ်လေ . . . ကျုပ်ပေါ့ . . . ဘယ့်နှယ်လဲ ယုံပြီမဟုတ်လား'

'ဒါဖြင့် ကိုယ့်အမေအိမ်ကို ကိုယ်ပြန်ပြီး ခင်ဗျားလက်ထောက်ချနေတာပေါ့'

'ဒီလိုပဲ ခင်ဗျားတို့ ယုံအောင် လုပ်ရတာပေါ့ . . .။ ဒါထက်စီးကရက်တစ်ဖွာလောက် သောက်ပါရစေ . . . မိတ်ဆွေ'

'ကျုပ် . . . ခွင့် မပြုဘူး . . . ကိုင်း . . . နံပါတ် ၁၅ – ၂၂ နဲ့ ၄၉ . . . ခင်ဗျားတို့ဟာ ဦးပြုံးချိုကို အမြဲတစေ စောင့်ကြည့်နေခဲ့ကြတယ် မဟုတ်လား၊ သူဟာ အပြင်လူတစ်စုံတစ်ယောက်နဲ့ အဆက်အသွယ် လုပ်တာများ တွေ့ရသလား'

သူတို့ ၃ ဦးတွင် နံပါတ် ၂၂ မှာ စကားပြန်၍ ပြောရန် ခေါင်းဆောင်ဖြစ်သည့် အတိုင်းဖြေဆိုလေသည်။

'သူ့စာတွေနဲ့ ပါဆယ်ထုပ်တွေကို ကျွန်တော်တို့ ဖောက်ကြည့်ပါတယ်၊ အရင်က ဦးအောင်မြင်အိမ်က ပြောနေကျ တယ်လီဖုန်းကိုလဲ ကျွန်

http://www.cherrythitsar.org



တော်တို့လမ်းက ဖြတ်ပြီး စောင့်နားထောင်ပါတယ်။ ယုတ်စွအဆုံး ဦးပြုံးချို အိမ်ကို သွယ်တဲ့ ရေစက်ပြွန်လုံးကစပြီး အပြင်နဲ့ အဆက်အသွယ်ရှိမရှိ နားထောင်ပါတယ်'

'ဒီဟာ သေချာရဲ့နော်'

'သေချာပါတယ် ဆရာကြီး'

ဦးအောင်မြင်ဘက်သို့ လှည့်၍

'ဟေ့ သစ္စာဖောက်ရာဇဝတ်ကောင် . . . အခု မင်းရဲ့ သစ္စာဖောက်မှုထဲမှာ တခြား ဘယ်သူများပါသေးသလဲ ပြောစမ်း . . . လိမ်ပြောရင် မင်း ဘယ်လိုသေရမယ်ဆိုတာ မင်းကို ပြောစရာမလိုပါဘူး'

'မပါပါဘူးဗျာ တစ်ယောက်ထဲပါ၊ ဒီလို ဘေးရန်များတဲ့အလုပ်မှာ ကျုပ် အဖော်မခေါ်ပါဘူး'

'အင်း . . . ဟုတ်ချင်လဲ ဟုတ်မှာပေါ့ . . . ဒါပေမယ့် ဒီအကြောင်းကို မင်းအမေကြီးနဲ့ နမ သိချင်သိမှာပေါ့'

ထိုစကားကို ကြားလျှင် ဦးအောင်မြင်သည် ရုတ်တရက် တုန်လှုပ်ဟန်ရှိ၏။

သို့သော် ချက်ခြင်း ဣန္ဒြေဆည်လိုက်သဖြင့် နံပါတ် ၁ ရိပ်မိဟန်မတူချေ။

'မပါပါဘူးဗျာ . . . သူတို့ဟာ ကျုပ်သေပြီလို့ တကယ် ယုံကြည်နေကြတာပါ။ အမေကြီးဟာ ကျုပ်အတွက် ပရိဒေဝမီးတောက်ပြီး ခမြာဗဟန်းတောရသွားပြီး ဥပုသ်ကြီးတောင် စောင့်နေရှာပါတယ်၊ သူတို့ဟာ ခင်ဗျားတို့ အသင်းကို ဘယ်လိုနည်းနဲ့မှ ရန်လုပ်တဲ့လူတွေမဟုတ်ပါဘူး'

နံပါတ် ၁ က မျက်နှာဖုံးအသင်းသားများဘက်သို့ လှည့်လျက်

'ကိုင်း မိတ်ဆွေတို့ အရင်ကအတိုင်းပဲ ကပွဲကို ဆက်ပြီး . . .'

မျက်နှာဖုံးတစ်ယောက်က စကားမဆုံးမီ . . .

'ဟာ . . . ကျုပ်တို့ ဆက်မကချင်တော့ဘူး . . . ဒီကိစ္စ အရေးကြီးပါတယ် ဆရာကြီး။ ဒီလူဟာ ပုလိပ်နဲ့ အဆက်အသွယ်လုပ်ထားချင်ထားမှာ ဆရာကြီးရဲ့ ပြီးတော့ . . .'

နံပါတ် ၁ သည် စားပွဲကို ဖြန်းခနဲ လက်ဝါးဖြင့် ပြင်းထန်စွာ ပုတ်လိုက်ပြီးနောက်

'တိတ်စမ်းဟေ့ နံပါတ် ၈'

တစ်ခန်းလုံးသည် တိတ်ဆိတ်၍ သွားလေ၏။

နံပါတ် ၁ က

http://www.cherrythitsar.org



'ကိုင်း အကျဉ်းသားကို နောက်ထပ် သူစကားမပြောနိုင်အောင် လုပ်ဖို့ ခေါ်သွား၊ သူ့ကို လေးနံပါတ် ညဉ်းဆဲနည်းမျိုးနဲ့ ညှဉ်းဆဲရမယ်၊ မညှဉ်းခင် သူ့ကို အသေအချာ ပြန်ပြောနော်'

ဟာ . . . ခနဲ သက်ပြင်းချလိုက်သံကြီးသည် လူတစ်ယောက်တည်းက ထွက်ပေါ်လာသကဲ့သို့ ရှိနေလေ၏။ နံဘေးမှ လူနှစ်ယောက်သည် စုံထောက်ဦးအောင်မြင်၏လက်ကို သံညှပ်ဖြင့် ညှပ်ထားသကဲ့သို့ ဖျစ်ညှစ်ထားလေသည်။

ဦးအောင်မြင်က . . .

'တဆိတ်ကလေး ဆရာကြီး ကျွန်တော်သေရမယ်ဆိုရင် ဂုဏ်ရှိတဲ့ လူတစ်ယောက်အနေနဲ့ သေပါရစေခင်ဗျာ'

နံပါတ် ၁ က

'မင်း ဒီကိစ္စကို အရင်ကထဲက စဉ်းစားထားရမယ်ကွဲ့၊ ကိုင်း မိတ်ဆွေတို့ ဒီသစ္စာဖောက်ကောင်ဟာ ချက်ခြင်း မသေဆေးရပါဘူးဗျာ၊ စိတ်ချ ကြပါ'

ဟု ပြောလိုက်ရာ ဦးအောင်မြင်က

'ဒီမှာ ရပ်ပါဦး ဆရာကြီး၊ ကျွန်တော်ပြောစရာရှိလို့ပါ။ ကျွန်တော် ပြောမှာက ကျွန်တော့်အသက်ကို ချမ်းသာပေးဖို့ မဟုတ်ပါဘူး၊ မြန်မြန်သေဖို့သာ ကျွန်တော် တောင်းဆိုတာပါ၊ ပြီးတော့ မသေခင် ခင်ဗျားကို ကျွန်တော် တစ်ခု ရောင်းစရာရှိပါသေးတယ်'

နံပါတ် ၁ က

'ဘာဗျ ရောင်းစရာ ဟုတ်စ'

'ဟုတ်ပါတယ် ဆရာကြီး'

'ကျုပ်တို့က သစ္စာဖောက်တဲ့ လူနဲ့ အရောင်းအဝယ်မလုပ်ဘူး'

'နေပါဦးခင်ဗျာ၊ ကျွန်တော်ပြောတာ နားထောင်စမ်းပါဦး၊ စာတစ်စောင် ကျွန်တော် ထားခဲ့တယ်ခင်ဗျ'

'အင်း . . . အခု ပေါ်လာပြီ . . . ဘာစာလဲ ဆိုစမ်း၊ ဘယ်သူ့ကို ပေးဖို့လဲ'

'ပုလိပ်ကို ခင်ဗျ . . . တကယ်လို့ ကျွန်တော် နက်ဖြန်ပြန်မလာရင် . . .'

'ကောင်းပြီ'

'စာကို ဖောက်ကြည့်ကြလိမ့်မယ်ခင်ဗျ'

ထိုအခါ နံပါတ် ၁၅ က ကြားဖြတ်၍ . . .

http://www.cherrythitsar.org



'ဒီဟာ အလကား သူလိမ်တာပါဆရာကြီး။ ဒီလူဟာ ဘယ်သူနဲ့မှ အဆက်အသွယ်မလုပ်ပါဘူး။ ကျွန်တော်တို့ စောင့်ကြည့်နေတာပဲ လ ပေါင်း အတော်ကြာပါပြီ'

ဦးအောင်မြင်က

'ဒါပေမယ့် နားထောင်ပါဦးခင်ဗျ . . . ဒီစာက ရေးထားတာ အတော်ကြာပါပြီ'

နံပါတ် ၁၅ က

'ဒီလိုဆိုရင် စာထဲမှာ ဘာအရေးကြီးတဲ့ အကြောင်းမှ ပါမှာမဟုတ်ပါဘူးခင်ဗျာ'

ဦးအောင်မြင်က

'မဟုတ်ပါဘူး ဆရာကြီး . . . ပါ ပါတယ်'

နံပါတ် ၁ က

'ဘာသတင်းလဲ'

'ကျွန်တော့် မီးခံသေတ္တာကြီးကို ဖွင့်နိုင်တဲ့ စာလုံးအစီအစဉ် ပါ ပါတယ်'

'အင်း . . . ဟုတ်ချင်လဲ ဟုတ်မယ် . . . ဒီလူရဲ့ သံသေတ္တာကို ကော ရှာပြီးကြပလား'

'ရှာပြီးပါပြီ ဆရာကြီး'

'ဘာတွေ့ရသလဲ'

'အရေးကြီးတဲ့သတင်း မပါဘူး ဆရာကြီး . . . ကျွန်တော်တို့ အသင်းတည်ရှိနေပုံ အခြေအနေရယ် . . . ဒီအိမ်ရဲ့ နာမည်ရယ် . . . ဒီဟာ တွေဟာ ဒီညမိုးမလင်းခင် ဘာမှ အရေးမကြီးပါဘူးခင်ဗျာ'

ဦးအောင်မြင်က ခပ်တည်တည် ပြုံးရယ်လိုက်လေသည်။

'သံသေတ္တာရဲ့ အတွင်းခန်းကိုကော ခင်ဗျားတို့ ကြည့်ကြရဲ့လား'

ဆရာကြီးနှင့်တကွ နံပါတ် ၁၅ မှာ အံ့အားသင့်၍ သွားဟန်ရှိ၏။

နံပါတ် ၁ က

'ဘယ့်နှယ်လဲဟေ့ . . . နံပါတ် ၁၅၊ သူ အခုပြောတာ ကြားရဲ့မဟုတ်လား။ သူ့သံသေတ္တာအတွင်းခန်းကို တွေ့သလား'

'သူ့သံသေတ္တာမှာ အတွင်းခန်းမရှိပါဘူး ဆရာကြီး . . . ဒီ အကောင် သက်သက် အချိန်ကုန်အောင် ညာနေတာပါခင်ဗျာ'

ထိုအခါ စုံထောက်ဦးအောင်မြင်သည် သူ၏နဂိုအတိုင်း ပြုံးရွှင် သော မျက်နှာဖြင့် နံပါတ် ၁၅ ကို ကြည့်လျက် အေးဆေးလှသောဟန်ဖြင့်

http://www.cherrythitsar.org



'ခင်ဗျားကို ကျုပ် ငြင်းမနေချင်ပါဘူးဗျာ၊ ဒါကတော့ နောက်က တံခါးဝက်ပဲ၊ အပေါ်ယံ လျှံသွားလို့ ခင်ဗျားတို့မြင်ချင်မှလဲ မြင်မှာပေါ့'

'ဒါဖြင့် မင်းပြောတဲ့စာက ဒီနောက်က အခန်းဝက်ထဲမှာ ထားတယ်ဆိုပါတော့ . . .'

'ဟုတ်တယ် . . . မြစိမ်းရောင်ကလပ်က အားလုံး အသင်းသားတွေရဲ့ နာမည်ရော . . . သူတို့ဓာတ်ပုံရော၊ သူတို့ရဲ့ လက်ပုံစံတွေရောပဲ'

'ဘာ . . .'

မျက်နှာဖုံးများသည် ရှုံ့ရှာမုန်းတီးလှသော မျက်နှာဖြင့် ဦးအောင်မြင်အား စူးစိုက်ကြည့်ရှုလျက်ရှိလေ၏။

ဦးအောင်မြင်ကား ဦးခေါင်းကို ငုံ့ကာ နံပါတ် ၁ ကိုသာ တစ်ချက်တစ်ချက် မော်၍ ကြည့်လေသည်။

နံပါတ် ၁ က

'ဒီဟာတွေ ခင်ဗျား ဘယ်လိုလုပ်ပြီး ရသလဲ . . .'

'တဖြည်းဖြည်း စုဆောင်းရတာပေါ့ဗျာ . . . စုံစမ်းပြီး လာတာလဲ ကြာလှမှပဲ . . .'

'နို့ပေမယ့် ခင်ဗျားကို ကျုပ်တို့အသင်းက မျက်ခြည်မပြတ် စောင့်ကြည့်နေတာဗျ . . .'

'ဟုတ်ပါတယ် . . . အဲဒီစောင့်ကြည့်နေတဲ့လူတွေရဲ့ လက်ပုံစံတွေက ရှေ့ဆုံးစာမျက်နှာမှာ ပါတာပေါ့ . . .'

'ခင်ဗျား အခုပြောတာ သက်သေပြနိုင်တယ်ဆိုပါတော့ . . .'

'အို . . . ပြနိုင်တာပေါ့ . . . ကျွန်တော် ပြပါ့မယ်။ ဥပမာ အသင်းသား နံပါတ် ၅၁ ရဲ့ နာမည်ဟာ . . .'

စကားမဆုံးမီ

'ရပ်လိုက် . . . မပြောနဲ့ . . .'

မျက်နှာဖုံးများထဲမှ ဟင်းခနဲ သက်ပြင်းချလိုက်သံကြီးသည် အခန်းတစ်ခုလုံး လွှမ်း၍ သွားလေ၏။

'နာမည်တွေကို အခု . . . ခင်ဗျား လျှောက်ပြောရင် ခင်ဗျားကို ဘယ်နည်းနဲ့မှ ကျုပ်တို့ သက်သာခွင့်မပေးနိုင်ဘူး . . . ညှဦးပန်းနည်း နံပါတ် ၅ ဆိုတာ ရှိတယ်၊ အဲဒါက အသင်းသားရဲ့နာမည်တွေကို ဖော်ပြတဲ့ လူအတွက် ထားတာ . . .'

'ကိုင်း . . . ဟေ့ . . . ရာဇဝတ်ကောင်ကို ငါ့ရုံးခန်းထဲ ခေါ်ခဲ့၊ ကတာက ဆက်ပြီး ကကြလေ . . .'

http://www.cherrythitsar.org



ရုံးခန်းထဲသို့ရောက်သောအခါ နံပါတ် ၁ အမည်ခံ အသင်းဥက္ကဋ္ဌသည် ခါးထဲမှ သေနတ်ကလေးတစ်လက်ကို ထုတ်ယူလိုက်ပြီးလျှင် လက်ကို နောက်ပြန်ချည်ထားသော ဦးအောင်မြင်၏ ရင်ဝကို တည့်တည့်ချိန်ထားလိုက်လေသည်။

'ကိုင်း . . . စုံထောက်ကောင် . . . ပြောစမ်း'

'နေပါဦးဗျ . . . ကျုပ်သာ ခင်ဗျားဖြစ်ရင် . . . ဒီသေနတ်ကို ကိုင်မှာမဟုတ်ဘူး . . . ကိုင်ဖို့လဲ မလိုဘူး၊ ခင်ဗျားတို့ ညှဉ်းပန်းနည်းအမျိုးမျိုးတွေနဲ့ . . . သေရမယ့်အစား နှလုံးသားထဲကို ကျည်ဆံဖောက်ပြီး သေရတာက မြတ်တယ်ဆိုတာ ခင်ဗျားကိုယ်တိုင် အသိသားပဲ . . .'

'ကိုင်းလေ . . . စကားရှည်မနေပါနဲ့ ပြောစရာရှိတာသာ ပြောပါ'

'ပြောရင် အသက်ကို ချမ်းသာပေးမှာလား . . .'

'ဒီလိုတော့ ကတိမထားနိုင်ဘူး . . . ပြောလေဗျာ မြန်မြန် . . .'

ဦးအောင်မြင်သည် ပခုံးများကို တွန့်လိုက်၏။ သို့သော် လက်ပြန်ချည်ထားသော ကြိုးများက တင်းကြပ်ကိုက်ခဲလှသဖြင့် ကောင်းစွာ မတွန့်နိုင်ချေ။

'ကောင်းပြီ . . . ကျုပ်သိတာ ကျုပ်ပြောမယ် . . . ခင်ဗျားရပ်စေချင်တဲ့နေရာရောက်ရင်ပြော . . .'

ဦးအောင်မြင်သည် ခါးကို ရှေ့သို့ အတန်ငယ် ညွှတ်ကာ လေသံဖြင့်ပြောလေရာ အပေါ်ထပ်မှ ဓာတ်သီချင်းစက်သံ၊ ကခုန်သူများ၏ တငြိမ့်ငြိမ့်လှုပ်ရှားသွားလာသော တရှဲရှဲ တရှပ်ရှပ်အသံများကို ကြား၍ နေရလေ၏။

ထို့နောက် ဦးအောင်မြင်က . . .

'ဘယ့်နှယ်လဲဗျ ဆက်ပြောရဦးမလား . . .'

မျက်နှာဖုံးစိမ်းကြီးအောက်မှ ဥက္ကဋ္ဌဖြစ်သူ နံပါတ် ၁ ၏ တစ်စုံတရာ သဘောကျသကဲ့သို့ ခပ်အုပ်အုပ် ရယ်မောလိုက်သံကို ကြားရ၏။

'ခင်ဗျားလို လူမျိုးတစ်ယောက် ကျုပ်တို့အသင်းထဲမပါတာ ကျုပ်တကယ် ဝမ်းနည်းသဗျာ . . . ခင်ဗျားမှာ . . . အကြံဉာဏ်လဲရှိတယ်၊ သတ္တိလဲရှိတယ်၊ လုပ်ရည်ကိုင်ရည်လဲ ရှိတယ်၊ ဒီဟာတွေဟာ ကျုပ်တို့အသင်းမှာ . . . အဖိုးအထိုက်တန်ဆုံး အချက်ကြီးတွေပေါ့ဗျာ . . . အင်းနို့ပေမယ့် ခင်ဗျားကို ပြောလို့မရတာက ခက်သဗျာ . . .'

နံပါတ် ၁ သည် လူခေါ်ခေါင်းလောင်းကလေးကို နှိပ်လိုက်ရာ မျက်နှာဖုံးတစ်ယောက်ဝင်လာသဖြင့် . . .

http://www.cherrythitsar.org



'အပေါ်ထပ်မှာ ကနေတဲ့လူစုကို ညစာစားခန်းကြီးထဲ လာခဲ့ဖို့ ပြောလိုက် . . .'

မျက်နှာဖုံးသည် ဥက္ကဋ္ဌဖြစ်သူအား အရိုအသေပေး၍ ထွက်သွားလေ၏။ ညစာ စားခန်းမှာ အောက်ထပ်ဖြစ်၍ ထူထဲသော ကန့်လန့်ကာများ ခန်းဆီးများဖြင့် ကာထား၏။ အခန်းအလယ်၌ စားပွဲရှည်ကြီး တစ်လုံးရှိ၍ ကုလားထိုင်များဖြင့် ဝိုင်းရံထား၏။ စားပွဲထိပ်တွင် နံပါတ် ၁ က ထိုင်၍ အခန်းအဆုံးတွင် မလွယ်တံခါးကလေး တစ်ခုရှိလေသည်။ သို့နှင့် နံပါတ် ၁ သည် ယခင်ကကဲ့သို့ပင် တည်ငြိမ်သောအသံဖြင့် စကားစပြန်လေသည်။

'မိတ်ဆွေ မင်းယောက်ျား မင်းမိန်းမအပေါင်းတို့ခင်ဗျား . . .။ ကျွန်တော်တို့အသင်းရဲ့ ယခု လက်ရှိအခြေအနေဟာ အင်မတန် အရေးကြီးနေတဲ့အကြောင်း ကျွန်တော် ဖုံးမထားတော့ပါဘူး၊ ဒီသစ္စာဖောက်ကောင်ဟာ ကျွန်တော်တို့အသင်းသား ၂၀ ကျော်ကျော်လောက်ရဲ့ နာမည်ရော နေရပ်ပါ ကျွန်တော့်ကို နှုတ်တိုက် ရွတ်ပြသွားပါတယ်။ သူတို့ရဲ့ နေရပ်ဆိုတာလဲ ကျွန်တော်မှတစ်ပါး ဘယ်သူမှ မသိပါဘူး၊ ဒီတော့ ကျွန်တော်တို့ အသင်းဘက်က ပေါ့လျော့မှုရှိတယ်ဆိုတာ ထင်ရှားပါတယ် . . .။ ဒီဟာတွင် မကသေးပါဘူး၊ သူဟာ ကျွန်တော်တို့အသင်းသားတချို့ရဲ့ လက်ပုံစံတွေကိုရပြီး ဒီဟာတွေကို ရိုက်ကူးထားတဲ့ ဓာတ်ပုံတချို့ကိုလဲ ကျွန်တော့်ကိုပြလို့ မြင်ရပါပြီ . . . နောက်ဆုံးအချက်ကတော့ ကျွန်တော်တို့ရဲ့ စုံစမ်းစစ်ဆေးရေး အဖွဲ့ဟာ သူ့ သံသေတ္တာ နောက်အံ့ဂုက်ကို ဘာကြောင့် ရှာမတွေ့ခဲ့သလဲ ဆိုတဲ့ အချက်ပဲ . . . ဒီဟာကို ကျွန်တော်တို့ ချက်ခြင်းစုံစမ်းရပါလိမ့်မယ်'

ထိုအခါ ဦးအောင်မြင်က ရဲတင်းစွာ ရင်ကိုကော့လျက် . . .

'သူတို့ကို အပြစ်မတင်ပါနဲ့ခင်ဗျား . . .။ လုပ်တာကလည်း အင်မတန် လျှို့ဝှက်ပြီး တမင် မျက်စိလျှမ်းအောင် လုပ်ထားတာပါ'

နံပါတ် ၁ သည် ဦးအောင်မြင်က ကြားဖြတ်၍ ပြောလိုက်သော စကားများကို ဂရုမစိုက်ဘဲ ဆက်လက်၍ . . .

'ပြီးတော့ . . . ရာဇဝတ်ကောင်က ကျွန်တော်တို့အသင်းသားများရဲ့ နာမည်နဲ့ နေရပ်လိပ်စာတွေ ရေးထားတဲ့ စာအုပ်ဟာ အဲဒီ . . . အတွင်း အံ့ဂုက်တံခါးရဲ့ နောက်မှာ ရှိတဲ့အကြောင်း . . . ဒီစာအုပ်နဲ့အတူ . . . လက်ပုံစံတွေရော . . . ဓာတ်ပုံတွေရော . . . ကျွန်တော်တို့အသင်းနဲ့ ပတ်သက်တဲ့ တခြားအရေးကြီးတဲ့ စာရွက်စာတမ်းတွေရော ရှိတဲ့အကြောင်း၊ ကျွန်တော့်ကို ပြောပြတယ်ခင်ဗျ . . . သူပြောတဲ့အတိုင်းလဲ ကျွန်တော် ယုံကြည်တယ် . . . ကျွန်တော်က သူ့ကို တဖြည်းဖြည်း ညှဉ်းပြီး ဇိမ်ဆွဲသတ်တဲ့

http://www.cherrythitsar.org



နည်းမျိုးနဲ့ သတ်ဖို့ စီစဉ်ချက်ရှိတဲ့အကြောင်းပြောတော့ သူက သူ့သံသေတ္တာကို ဖွင့်နိုင်တဲ့ စကားဝှက်ကို ပြောပါမယ်၊ အမြန်ဆုံးသေတဲ့နည်းမျိုးနဲ့ သတ်ပါဆိုပြီး ဒီအချက်ကို ကျွန်တော်တို့ အချင်းချင်း ကတိထားပြီး အပြန်အလှန်နားလည်မှုရှိတယ်ခင်ဗျ . . . အခုပြောတာ ဘယ်လိုသဘောရကြပါသလဲ ခင်ဗျာ . . .'

ထိုအခါ နံပါတ် ၂၂ က ဝင်၍ . . .

'သံသေတ္တာဖွင့်တဲ့ သော့က စာလုံးပေါင်းကို သိပြီးပြီ မဟုတ် လား . . .'

နံပါတ် ၁ က

'ဟေ့ လူအရဲ့ သံသေတ္တာဖွင့်တဲ့ သော့စာလုံးကို သူ့သဘောအတိုင်း ပြောင်းမပစ်နိုင်ဘူးလို့ မင်းပြောနိုင်သလား'

ထိုအခါ မိန်းမတစ်ယောက်ကဝင်၍ ကျယ်လောင်စူးရှသောအသံဖြင့်

'ဒီလိုဆိုရင် သူ့ကို ကတိပေးလိုက်ပါ . . . သူ့ဆီကရတဲ့ သတင်းကိုလဲ အရေးယူပြီး . . . ဒီသတင်းအတိုင်း ကျွန်မတို့ အတိအကျဆောင်ရွက်ဖို့ လိုပါတယ်၊ မြန်မြန်လဲ လုပ်ရလိမ့်မယ်၊ အချိန်မရှိဘူး . . .'

ထိုအခါ အားလုံးသောမျက်နှာဖုံး အသင်းသားများကလည်း ထိုမိန်းမ၏ အကြံပေးချက်ကို သဘောကျထောက်ခံသည့် လက္ခဏာဖြင့် . . .

'ဟုတ်ပါတယ် . . . ဟုတ်ပါတယ် . . . ကောင်းပါတယ်'

ဟူသော အသံများ တစ်ခန်းလုံးမှ အနှံ့အပြား ထွက်ပေါ်လာလေသည်။

သို့နှင့် ဥက္ကဋ္ဌဖြစ်သူ နံပါတ် ၁ သည် ဦးခေါင်းကို ဖြည်းညင်းစွာ မော့လိုက်ပြီးနောက် ဦးအောင်မြင်အား

'ဟေ့ ရာဇဝတ်ကောင် ဒီမှာကြည့်စမ်း။ မင်းရဲ့ သံသေတ္တာကို ဖွင့်နိုင်တဲ့ သော့က စာလုံးပေါင်းကို မင်းအမှန်ပြောရင် မင်းဟာ အညှဉ်းမခံရဘဲ မြန်မြန်ဆန်ဆန် သေတဲ့နည်းမျိုးနဲ့ သေနိုင်ဖို့ အသင်းက တညီတညွတ်တည်း သဘောတူလက်ခံလိုက်ပြီး ကြားလား . . .'

'ခင်ဗျားရဲ့ မွန်မြတ်တဲ့ကတိကို ကျုပ်ရတာ . . . ဝမ်းသာပါတယ်ဗျာ'

'ကျုပ် ကတိပေးပါတယ်'

'ကျေးဇူးတင်ပါတယ်ဗျာ . . . ဒါထက် ကျွန်တော့်အမကြီးနဲ့ နှမကလေးကကော . . .'

'မင်းဟာ . . . ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ဖြစ်ပြီး သစ္စာကတိ တည်ကြည်တဲ့ လူတစ်ယောက်ဆိုတာ တို့ယုံကြည်တယ်၊ ဒီတော့ မင်းအမေကြီးနဲ့ မင်းနှမကလေးဟာ တို့အသင်းအကြောင်း . . . ဘာမှမသိ ဘူးဆိုတာကို မင်းပြောနိုင်ရင် သူတို့ နှစ်ယောက်ကို တို့က ဘာမှ မနှောင့် ယှက်ဘူး . . .'

'ကျေးဇူးတင်ပါတယ်ဗျာ . . . ခင်ဗျားယုံပါတော့၊ သူတို့နှစ်ယောက် ဟာ အသင်းအကြောင်းကို ဘာတစ်ခုမှ မသိကြရှာပါဘူး။ ကျုပ်ရဲ့ ဂုဏ် သိက္ခာကို ထောက်ထားပြီး ကျုပ်ကျိန်ပြောပါတယ် . . .'

'ကောင်းပြီ . . . ကောင်းပြီ . . . သဘောကျပြီ'

ထိုအခါ မျက်နှာဖုံးများကလည်း သဘောကျသည့် ဟန်ဖြင့် သက် ပြင်းချလိုက်သံကြီးကို ကြားရ၏။

'ကိုင်း . . . ကျုပ် သံသေတ္တာ သော့က စကားဝှက်ကို ပြောပါ တော့မယ်ဗျာ . . . စကားဝှက်က 'ပီအိုအယ်(လ်)အိုင်စီအီး' 'POLICE' တဲ့ မှတ်ထားပါ . . .'

'သံသေတ္တာကြီးရဲ့ နောက်က တံခါးဝှက်ကကော . . .'

'ကျွန်တော် ပြန်မလာလို့ ပုလိပ်များလာရှာရင် အလွယ်တကူ တွေ့ နိုင်ဖို့ ဖွင့်ထားခဲ့တယ်ဗျ'

'အခု ပြောတဲ့အတိုင်း အမှန်နော်'

'အမှန်ပါဗျာ . . . အခု အခြေရောက်မှတော့ ကျုပ်လိမ်မပြောဝံ့ ပါဘူး'

ထိုအခါ နံပါတ် ၁ က သူ့အသင်းသားများဘက် လှည့်လိုက်ပြီး နောက် . . .။

'အင်း အလုပ်ကတော့ စွန့်ရမယ့် အလုပ်တစ်ခုပဲ . . . နို့ပေမယ့် မလုပ်ရင်လဲ ပြီးမှာမဟုတ်ဘူး . . . ဒီတော့ ကျွန်တော်တို့ စွန့်ရလိမ့်မယ် ဗျ . . . ကိုင်း . . . ရာဇဝတ်ကောင်ကို အောက်ထပ် ခေါ်သွားကြပေတော့။ နံပါတ် ၅ ကိရိယာကို နည်းနည်းပါးပါး စမ်းသပ်ကြည့်ရင် အရသာ တွေ့ ပါလိမ့်မယ် . . . အဲဒီအချိန်မှာ အသင်းသား နံပါတ် ၁၂ နဲ့ ၄၆ က . . .'

စကားမဆုံးမီ

'မဟုတ်ဘူး . . . မဟုတ်ဘူး . . .'

ဟူသော အသံများ ထွက်ပေါ်လာ၏။

ထိုအချိန်၌ အရပ်မြင့်မြင့်နှင့် မျက်နှာဖုံးတစ်ယောက်က ကျယ် လောင်အား အသံဖြင့် . . .

http://www.cherrythitsar.org



'ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲခင်ဗျာ . . . ဒီသစ္စာဖောက်ကောင်ရဲ့ အိမ်ကို သူတို့ နှစ်ယောက်ချည်းလွှတ်လို့ တော်ပါ့မလား . . . ဒီသက်သေ ခံပစ္စည်းကို ဒီအသင်းသား နှစ်ယောက်ထဲ အကြည့်လွှတ်လို့ ဖြစ်နိုင်ပါ့မလား ခင်ဗျ . . . အခုပဲ ကျုပ်တို့ရဲ့ အသင်းသားတွေဟာ အင်မတန်လုံခြုံလှပြီ ထင်နေတဲ့ အထဲက သစ္စာဖောက်တစ်ယောက်ကို တွေ့ရပြီ . . .။ သူများရဲ့ အနှိပ်ခံရတဲ့ လူမိုက်တစ်ယောက်ကိုလဲ တွေ့ရပြီ . . . အခု ဆရာကြီးရွေး ချယ်လိုက်တဲ့ နံပါတ် ၁၂ နဲ့ ၄၆ ဟာကော သစ္စာဖောက်မဟုတ်ဘူးလို့ ဘယ်သူပြောနိုင်သလဲ . . .'

မျက်နှာဖုံးနံပါတ် ၁၂ နဲ့ ၄၆ တို့သည် စကားပြောသူအား ခက် ထန်သော မျက်နှာများဖြင့် လှည့်၍ ကြည့်လိုက်လေ၏။ သို့ရှိစဉ် မိန်းမတစ် ယောက်၏ စူးရှကျယ်လောင်သော အသံတစ်သံကို ကြားရလေသည်။

မိန်းကလေးတစ်ဦးက

'နားထောင်ကြစမ်းပါ၊ ဒီလူပြောတာ မှန်တယ်ရှင့်၊ ကျွန်မက ထောက်ခံတယ် . . .။ ဒီသစ္စာဖောက်က သူ့ကိုခေါ်သွားတဲ့ ကျွန်မတို့လဲ မသိတဲ့ လူနှစ်ယောက်ကို ကျွန်မတို့ရဲ့ နာမည်တွေ လျှောက်ပြီးများပြောရင် မခက်ပေဘူးလားရှင် . . . ကျွန်မတို့အထဲက သူသိတဲ့ နာမည်တွေကို ရောင်း စားရင် မခက်ပါလားရှင်'

အခြားမျက်နှာဖုံးတစ်ယောက်က

'ကျွန်တော် ထောက်ခံတယ် . . . အခုအခါမှာ ဘယ်သူ့ကိုမှ မယုံရဘူးခင်ဗျ . . . ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ ကျွန်တော် မယုံနိုင် ဘူး'

နံပါတ် ၁ က ပခုံးများကို တွန့်လိုက်လေသည်။ ထို့နောက် တည် ငြိမ်အေးဆေးသော အသံဖြင့် . . .

'ကိုင်း . . . မိတ်ဆွေတို့ခင်ဗျား၊ ဒီလိုဆိုရင် ဘယ်လိုများ အကြံ ပေးလိုကြပါသလဲ'

အခန်းကြီးသည် လူတစ်ယောက်မျှ မရှိသကဲ့သို့ ခေတ္တမျှ ငြိမ်သက် ၍ သွားလေ၏။ ထို့နောက် စူးရှသောအသံဖြင့် ပထမဦးစွာပြောသော မိန်း ကလေးကပင် . . .

'ဒီကိစ္စမှာ ဆရာကြီးကိုယ်တိုင် သွားသင့်တယ်လို့ ကျွန်မထင်ပါ တယ် . . . သူတစ်ယောက်ဟာ အသင်းသားတွေအားလုံးရဲ့ နာမည်ကို သိ တယ်ရှင့် . . . သူ့ထက်သင့်လျော်မယ့်လူ ဘယ်သူရှိသေးသလဲ . . . သူ တစ်ယောက်ထဲ သွားပါစေ . . .။'

http://www.cherrythitsar.org



တီးတိုးသံများသည် စားပွဲကြီး၏ ပတ်ဝန်းကျင်တွင် တရှီးရှီး လှုပ်ရှား၍သွားလေ၏။ ထိုအတွင်း မျက်နှာဖုံး ခပ်ဝဝတစ်ယောက်က

'ဒီဟာ . . . ထောက်ခံပါတယ်'

ဟု အော်လိုက်ပြန်လေသည်။

ထိုအခါ နံပါတ် ၁ သည် မျက်နှာဖုံးအောက်မှ စူးရှသော မျက်လုံးများဖြင့် တစ်ခန်းလုံးကို လျှောက်၍ ကြည့်လိုက်ပြီးနောက် . . .

'အင်း . . . အသင်းရဲ့ ဆန္ဒကဖြင့် ကျုပ် ကိုယ်တိုင် သွားဖို့သင့်တယ် . . . ထင်နေပြီ' ဟု တစ်ကိုယ်တည်း ပြောသကဲ့သို့ ပြောဆို ရေရွတ်လိုက်သည်တွင် ၄၅ ယောက်သော မျက်နှာဖုံးတို့သည် သဘောတူကြောင်း ဝန်ခံသည့် လက္ခဏာဖြင့် လက်များကို မြှောက်လိုက်ကြလေသည်။ မျက်နှာဖုံးတွင် ငွေချည်ဖြင့် နံပါတ် ၂ ထိုးထားသော မိန်းမတစ်ဦးတည်းသော လက်ထောင်ခြင်းမပြုဘဲ ဖြူဖွေးနုထွတ်သော သူ၏လက်များကို တစ်ဖက်နှင့်တစ်ဖက် ဆုပ်ကိုင်လိမ်ပွတ်လျက်ရှိလေသည်။

နံပါတ် ၁ က အသံကို ယခင်က ထက်မြှင့်လျက် . . .

'ဒီဟာ အသင်းသားအားလုံးရဲ့ တညီတညွတ်တည်း ဆုံးဖြတ်ချက်လို့ ယူဆရမလား'

နံပါတ် ၂ မျက်နှာဖုံးမိန်းမသည် ခေါင်းထောင်၍ ကြည့်လိုက်ပြီးနောက် . . .

'မသွားနဲ့'

နံပါတ် ၁ က

'ဘယ့်နှယ်လဲဗျာတို့ . . . ဒီမိန်းမက သူ သဘောမတူဘူး မသွားနဲ့ ဆိုပါကလား'

ထိုအခါ အသံစူးစူးနှင့် ယခင် ထောက်ခံသူက

'ဒီဟာကတော့ မိန်းမများရဲ့ ဓမ္မတာပဲ၊ မိန်းမများဟာ သူတို့ အခွင့်အရေးရှိတဲ့လူကို ဩဇာပေးချင်ကြတာမျိုးပဲ'

ထိုစဉ် အသံတစ်သံက

'ဒါဟာ ဒီမိုကရေစီအရ ဖွဲ့စည်းတည်ထောင်ထားတဲ့ အသင်းမဟုတ်ဘူး . . . ဩဇာတွေ မာလကာတွေ ကျုပ်တို့ မလိုချင်ဘူး'

နံပါတ် ၁ က

'ဘယ့်နှယ်လဲ နံပါတ် ၂၊ အစည်းအဝေးကြီးရဲ့ ဆုံးဖြတ်ချက်က ခင်ဗျားအလိုနှင့် ဆန့်ကျင်နေတယ် . . . ဒီတော့ ခင်ဗျားရဲ့ဆန္ဒကို ထောက်ခံတဲ့ အချက်များရှိရင် ပြောစမ်းပါ'

http://www.cherrythitsar.org



နံပါတ် ၂ က

'အချက်တွေ ၁၀၀ မကဘူးရှိပါတယ် . . . အသင်းရဲ့ဥက္ကဋ္ဌဆိုတာ အသင်းရဲ့ အသည်းနှလုံး အသင်းရဲ့ အသက်ဖြစ်ပါတယ်၊ အကယ်၍ သူတစ်စုံတစ်ရာဖြစ်သွားရင် ကျွန်မတို့ ဘယ်လိုနေမလဲ . . .'

ဟု စကားပြောသူကို လက်ညှိုးထိုးလျက်

'ရှင်ကော ဘယ်လိုဖြစ်မလဲ . . .'

စကားကိုဖြတ်ကာ သူ၏စူးရှသော မျက်လုံးများဖြင့် တစ်ခန်းလုံးကို ခြုံ၍ ကြည့်လိုက်ပြီးနောက်

'ရှင်တို့ဟာ ဘာမှဉာဏ်မသွားဘူး . . . ဥက္ကဋ္ဌမရှိရင် ကျွန်မတို့ တစ်တွေဟာ ၁၅ မိနစ်တောင် လုံခြုံလိမ့်မယ်လို့များ ထင်သလား'

ယခင်က စကားမပြောသေးသော မျက်နှာဖုံးတစ်ယောက်

'ဒီစကားထဲမှာ အဓိပ္ပါယ်ပါတယ်ဗျ'

ထိုအခါ ဦးအောင်မြင်က

'ကျွန်တော်စကားဖြတ်ပြောတာ အခွင့်လွှတ်ကြပါနော် . . . ကျွန်တော့်စာအုပ်ထဲမှာ အသင်းသားအားလုံးရဲ့ အမည်နေရပ် အလုပ်အကိုင် လိပ်စာအပြည့်အစုံရှိတယ် ဆိုတာ ပြောပြီးပြီ၊ ဒီတော့ နံပါတ် ၂ ဟာ တကယ်လို့ နံပါတ် ၁ ရဲ့ ယုံကြည်ခြင်းခံရတဲ့သူဆိုရင် နံပါတ် ၁ သိသလို သူလဲ ဒီဟာတွေကို အားလုံးသိမယ် မဟုတ်လားခင်ဗျ . . . ဒီတော့ နံပါတ် ၂ ဟာ သူကိုယ်တိုင် ဘာဖြစ်လို့ မသွားသင့်သလဲ'

ထိုအခါ နံပါတ် ၁ သည် အခြားသူများစကားပြောမည်ကို ဟန့်တားသည့် ဟန်ဖြင့်လက် ပြလိုက်လျက် ဣန္ဒြေရစွာဖြင့် . . .

'ကျုပ် ပြောလိုတာက နံပါတ် ၂ မသွားရဘူး၊ အသင်းရဲ့ ဆန္ဒက ကျုပ်ကို သွားစေချင်တယ်မဟုတ်လား၊ ဒီတော့ ကျုပ်သွားမယ်။ အိမ်ကသော့သာ ကျုပ်ကို ပေးပေတော့'

ထိုအခါ မျက်နှာဖုံးတစ်ယောက်သည် ဦးအောင်မြင်အနီးသို့ ချဉ်းကပ်ပြီးလျှင် ဦးအောင်မြင်၏ အိတ်ထဲမှ သော့ကို ထုတ်ယူကာ နံပါတ် ၁ လက်သို့ ပေးအပ်လိုက်လေ၏။ တစ်ဖန် နံပါတ် ၁ က ဦးအောင်မြင်အား မေးခွန်းထုတ်ပြန်လေသည်။

'အိမ်မှာ အစောင့်ရှိသလား'

'မရှိပါဘူး'

'အမှန်နော်'

'အမှန်ပါပဲ ဆရာကြီး'

http://www.cherrythitsar.org



နံပါတ် ၁ သည် သော့ကို ယူကာ တံခါးဆီသို့ လျှောက်သွားပြီး နောက် . . .

'ကျုပ်သွားပြီး ၂ နာရီကြာလို့မှ ကျုပ် ပြန်မလာရင် ခင်ဗျားတို့ ကိုယ် ခင်ဗျားတို့ လွတ်မြောက်ဖို့ အကောင်းဆုံးထင်တာ ခင်ဗျားတို့ လုပ်ကြ ပေတော့၊ ရာဇဝတ်ကောင်ကိုလဲ ခင်ဗျားတို့ သဘောအတိုင်းပဲ၊ ကျုပ်မရှိတုန်း နံပါတ် ၂ က ကျုပ်ကိုယ်စား အမိန့်ပေးလိမ့်မယ်'

သူသည် အခန်းထဲမှ ထွက်သွားလေရာ၊ နံပါတ် ၂ သည် အမိန့် ပေးသည့် ဟန်ဖြင့် နေရာမှ ထလိုက်ကာ . . .

'မိတ်ဆွေ မင်းယောက်ျား မင်းမိန်းမအပေါင်းတို့ရှင်၊ ညစာ စားပွဲ ကြီး ယခု ပြီးစီးသွားသဖြင့် ပြန်ပြီး ကဖို့ ပြင်ကြပါတော့ . . .'

## အခန်း – ၃

အောက်ထပ် မြေတိုက်အတွင်း၌ကား အချိန်သည် အလွန်နှေးကွေး စွာ သွားလျက်ရှိလေ၏။ ဦးအောင်မြင်အား အသင်းထဲသို့ သွင်းပေးသူသည် နံပါတ် ၅ ညှဉ်းပန်းခြင်းကို ခံနေရသဖြင့် တွန့်ကာ လိမ်ကာ ရုန်းကန်ကာ အပြင်းအထန် ဝေဒနာခံစားလျက်ရှိရာမှ နောက်ဆုံး သတိလစ်၍ သွားရှာ တော့၏။ မျက်နှာဖုံး ၄ ယောက်က အလုပ်ဝတ္တရားကျသဖြင့် စောင့်ရှောက် လျက်ရှိနေရာ ၎င်းတို့အနက် တစ်ယောက်က သူတို့အချင်းချင်း တီးတိုး လေသံဖြင့် . . .

'ဆရာကြီးသွားတာ ၁ နာရီခွဲတောင် ရှိပြီ'

ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးအောင်မြင်သည် အခန်း၏ အခြေအနေကို မော်ကာ ကြည့်ရင်း အကဲခတ်မိ၏။ တစ်ခန်းလုံးမှာ လူကို မှောက်ချည်တစ်ခါ လှန် ချည်တစ်မျိုး အမျိုးမျိုး အဖုံဖုံ နှိပ်စက်နိုင်သည့် ကိရိယာများ ကြိုးခွေများ ဘီးလုံးကြီးများ၊ နန်းကြိုးများ၊ လျှပ်စစ် ဓာတ် ခလုတ်များ၊ ဓာတ်မီးဖိုများဖြင့် ပြည့်လျက် ငရဲပြည်တမျှ ကြောက်မက်ဖွယ် ကောင်းသည့်နေရာကို တွေ့မြင် ရလေ၏။

အခန်း၏အစွန်၌ မလွယ်တံခါးကလေးတစ်ခုရှိရာ မကြာမီ တံခါး ကလေးသည် ရုတ်တရက် ပွင့်သွားပြီးနောက် . . .

'ရာဇဝတ်ကောင် ဒီကို ယူခဲ့ကြ'

ဟူသော အသံတစ်သံကို ကြားရလေ၏။

http://www.cherrythitsar.org



သို့နှင့် ဦးအောင်မြင်အား ထိုတံခါးကလေးအတွင်းသို့ သွင်းသွားလေရာ မျက်နှာဖုံး အသင်းသားများသည် ထိုအခန်းရှိ စားပွဲတွင် ဝိုင်း၍ထိုင်ကာ နံပါတ် ၂ က ဥက္ကဋ္ဌ၏ နေရာကို ယူလျက်ရှိသည်ကို တွေ့ရလေ၏။ မျက်နှာဖုံးပင် ဖုံး၍ထားသော်လည်း မိန်းမ၏မျက်နှာ တစ်ခုလုံးမှာ ကျားသားအုပ်မ တစ်ကောင်ကဲ့သို့ ဒေါသရောင်ဖြင့် နီမြန်းလျက်ရှိ၏။ သို့သော် စကားပြောသောအခါ၌မူ စိတ်ကို ချုပ်တီးနိုင်စွမ်းရှိသဖြင့် ဦးအောင်မြင်က ပင် ချီးကျူးအံ့သြမိလေသည်။

'ဆရာကြီးသွားတာ ၂ နာရီရှိပြီ သူဘာဖြစ်နေပြီလဲ . . . ဟဲ့. . . နှစ်ခါထပ် သစ္စာဖောက်ပြောစမ်း'

'ကျုပ် ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ . . . နံပါတ် ၁ ဟာ နံပါတ် ၁ အတွက်သာ ကြည့်ပြီး အလုပ်လုပ်လေရော့သလားမှ မသိဘဲ'

နံပါတ် ၂ သည် ကျားမတစ်ကောင်ခုန်သကဲ့သို့ လက်သီးလက်နှစ်ဖက်ကိုဆုပ်ကာ ဦးအောင်မြင်ရှိရာသို့ ခုန်၍ လာလေသည်။

'ဟဲ့ခွေး . . . ဟဲ့တိရစ္ဆာန် . . . ဆရာကြီးကို နင် ဒီလိုပြောရသလားဟင် . . .'

သို့နှင့် နံပါတ် ၂ သည် မိန်းမပီပီ စိတ်ကို မချုပ်တီးနိုင်တော့ဘဲ ဦးအောင်မြင်၏ပါးစပ်ကို လက်ဝါးဖြင့် တစ်ချက် ပိတ်၍ ရိုက်လိုက်လေ သည်။ ထို့နောက် ဆက်လက်၍ . . .

'ဆရာကြီးဟာ ဒီလို ကိုယ်လွတ်ရုန်းတတ်တဲ့ လူစားမျိုး အောက်မေ့နေသလား ဟင် . . . သူဟာ အသင်းကို သစ္စာရှိတယ်၊ ချစ်တယ်၊ ပြောစမ်း သူ့ကို နင်ဘယ်လိုလုပ်လိုက်ပြီလဲ'

ဦးအောင်မြင်ကား ဆိတ်ဆိတ်သာ ရှိနေလေသည်။

'ပြောလေ . . . မပြောဘူးလား၊ မပြောရင် ပြောအောင် လုပ်ရလိမ့်မယ်၊ ကိုင်း . . . ရှင်တို့နှစ်ယောက်က မီးဖုတ်ထားတဲ့ သံညှပ်ယူခဲ့စမ်း'

ဦးအောင်မြင်က

'ဒီလိုရှိပါတယ် အစ်မကြီးရယ်၊ ကျွန်တော် သေသေချာချာတော့ မပြောနိုင်ဘူး တွေးကြည့်ရတာပဲ'

'ပြောစမ်း . . . ပြောစမ်း အဲဒီ တွေးကြည့်တာပဲ ပြောစမ်း'

'ဒီလောက်လဲ ဒေါသမကြီးပါနဲ့ဗျာ၊ စိတ်ကို နည်းနည်းထိန်းဦးမှပေါ့၊ ကျွန်တော့် စိတ်ထဲတွေးပြီးရတာ ကျွန်တော် ပြောပါ့မယ်၊ ခင်ဗျားတို့ဆရာကြီးဟာ သေတ္တာရဲ့ အတွင်းထဲက ကျွန်တော့်စာအုပ်တွေ စာရွက်စာတမ်းတွေကို လောဘတကြီးနဲ့ ကြည့်နေတုန်း ဖြုန်းဆို နောက်က တံခါး

http://www.cherrythitsar.org



ပိတ်သွားတာ မသိလိုက်ဘူးမှတ်တယ်'

ဦးအောင်မြင်သည် ရိုးသားဟန် အမူအရာဖြင့် ဝမ်းနည်းစွာ ပြောကြားလိုက်လေသည်။

'ဘာပြောတယ် . . . ဘာ'

'ဒါကို ပြောရမယ်ဆိုရင် ကျွန်တော့် သံသေတ္တာမှာ လုပ်ထားတဲ့ စက်ကိရိယာအကြောင်းကို အစက ချီပြီး ရှင်းပြောရလိမ့်မယ် ခင်ဗျ၊ သေတ္တာကတော့ တကယ် စိတ်ချရတဲ့ သေတ္တာပါပဲ၊ စိတ်မချရဘဲ နေပါ့မလား ကျွန်တော့်စိတ်ကူးနဲ့ ကျွန်တော်ကိုယ်တိုင် ကြံစည်ထားတာကိုး။ သော့တံက စာလုံး ၆ လုံးအထိ လှည့်နိုင်တဲ့ သော့မျိုး၊ လန်ဒန်က 'ဘန်း' ကုမ္ပဏီက လုပ်တယ်၊ အဲဒီအထဲမှာ ကျွန်တော့်အဖိုးတန်ပစ္စည်းအားလုံး ထားတာပဲ၊ ဒါပေမယ့် တံခါး ၂ ပေါက်နဲ့ အတွင်းခန်းတစ်ခုရှိသေးတယ်ခင်ဗျ၊ အဲဒါက တစ်မျိုး ဖွင့်ရတယ်၊ အဲဒီ တံခါး ၂ ပေါက်အနက် ပထမဆုံး တံခါးကတော့ သံပြားတစ်ချပ်ထည်းပဲ၊ ဆေးသုတ်ထားတာကလဲ သေတ္တာရဲ့ နောက်ခံလို့ ထင်ရအောင် တစ်ပြင်ထဲ သုတ်ထားတယ်၊ ဘယ်နေရာကကြည့်ကြည့် အဆက်မရှိဘူးထင်ရတယ်၊ ပြီးတော့ အဲဒီ သံပြားချပ်က အခန်းနံရံနဲ့လဲ တစ်ပြင်ထည်းဖြစ်လေတော့ သံသေတ္တာရဲ့ အပြင်ဘက်က အတိုင်းအထွာနဲ့ အတွင်းက အတိုင်းအထွာဟာ ဘာမှ ထူးခြားချက်မရှိဘူး အတူတူပဲ၊ တံခါးက သော့ရိုးရိုးနဲ့ပဲ အပြင်ကို တွန်းဖွင့်ရတယ်၊ ကျုပ် ဒီကို လာခဲ့တုန်းက ဒီတံခါးကို မပိတ်ဘဲ ဖွင့်ထားခဲ့တယ်'

'ဒီလောက်တောင် လွယ်နေတာ ဆရာကြီးအတွက် စိုးရိမ်ဖို့ရှိသေးလား'

'လွယ်တာကတော့ ဟုတ်ပါတယ် . . . နို့ပေမယ့် အဲဒီ သံပြားချပ်ကလေးနဲ့ လုပ်ထားတဲ့ တံခါးနောက်မှာ အံဝှက်နဲ့ လူမမြင်အောင် လုပ်ထားတဲ့ တံခါးက ရှိသေးတာကိုးခင်ဗျ . . . အဲဒီ တံခါးကမှ တကယ်အရေးကြီးတာ . . .'

ဟုပြောလိုက်ရာ နံပါတ် ၂ က

'မြန်မြန်ပြောစမ်းပါ . . . စကားကို အရှည်ဆွဲပြီး ပြောမနေစမ်းပါနဲ့'

'ခင်ဗျားတို့ အသင်းက အသင်းသားတွေကို နံပါတ်စဉ်အတိုင်း နာမည်သာမကဘူး၊ သူတို့ရဲ့ ရာဇဝင်ကိုပါ ကျွန်တော်က အပြည့်အစုံ စုဆောင်းပြီး ရေးရလေတော့ စာအုပ်က အတော်ထူတာပဲ၊ ကျွန်တော်လာတုန်းက ဆရာကြီးရေးနေတဲ့ စာအုပ်ထက်တောင် ထူနေတယ်၊ ပြီးတော့လဲ ကပ်

http://www.cherrythitsar.org



ထူဖုံးပေါ်က ဆိတ်သားရေ နှစ်ထပ်အုပ်ပြီး ထားပြန်လေတော့ တော်တော်လဲ လေးတယ်'

'သိပ်ခက်တာပဲ . . . မြန်မြန်ပြောပါဆိုမှ'

'ဟုတ်ကဲ့ အဲဒီစာအုပ်ကြီးကို အတွင်းခန်းနောက်နားက စင်ကလေး ပေါ်မှာတင်ထားတယ် . . . ဪ . . . ဒါထက် ဒီအတွင်းခန်းအကြောင်း အစ်မကြီးကို မပြောရသေးဘူး၊ ဒီစင်ကလေးက ၆ ပေ မြင့်တယ်ခင်ဗျ၊ အကျယ်က ၃ ပေ အနက်က ၃ ပေရှိတယ်၊ လူတစ်ယောက်ဟာ အရပ်သာ မမြင့်ခဲ့လို့ရှိရင် ကောင်းကောင်းကြီးတက်ပြီး နေနိုင်တာပေါ့ . . . ကျွန် တော်တော့ အဲဒီအပေါ် ကောင်းကောင်းနေနိုင်တယ်၊ ကျွန်တော့်အရပ်က ၅ ပေ ၇ လက်မရှိတာပဲ၊ ဆရာကြီးက ကျွန်တော့်ထက်တော့ နည်းနည်းမြင့် တယ်၊ နည်းနည်း လူကို ခပ်ကွေးကွေးလုပ်နေရင်တော့ နေနိုင်ပါတယ်၊ ဒါထက် ကျွန်တော့်ကို တုပ်ထားတဲ့ ကြိုးတွေက တင်းလှတယ်ခင်ဗျာ'

'တင်းပစေ . . . တင်းပစေ . . . အရိုးကွဲအောင် တင်းပေစေဟေ့ ရိုက်ကြစမ်း . . . ဒီအကောင် သက်သက်အချိန်ကုန်အောင် လုပ်နေတာ'

'ကျွန်တော့်ကို ရိုက်လို့ စကားမပြောနိုင်ရင် ဘယ့်နှယ့်လုပ်မလဲ၊ အစ်မကြီးက အင်မတန် ဒေါသကြီးတာကို ကိုယ့်စိတ်ကိုလဲ ကိုယ်ထိန်းဦး မှပေါ့ အစ်မကြီးရဲ့'

ဟု ဦးအောင်မြင်က ပြောလိုက်ရာ

'ကိုင်း မြန်မြန်ဆက်ပြောစမ်း'

'နေပါဦး ကျွန်တော်ပြောတာ ဘယ်ရောက်သွားပြီလဲ၊ အဲဒီ နောက် ခန်းကလေးက လေလုံတယ် ဘယ်ကမှ လေဝင်ပေါက်မရှိဘူး . . . ဪ ဒါထက် အဲဒီ စင်ကလေးပေါ်မှာ စာအုပ်ကိုတင်ထားတဲ့အကြောင်း ပြောပြီး ပြီလား'

'ပြောပြီးပါပြီ'

'ဟုတ်ကဲ့ . . . အဲဒီ သံမဏိနဲ့လုပ်ထားတဲ့ စင်ကလေးဟာ လူ မမြင်အောင် ဝှက်ထားတဲ့ သံပတ်ပေါ်မှ ချိန်ခွင်လျှာလို လုပ်ပြီး တင်ထား တယ်၊ ဒီတော့ အပေါ်မှာတင်ထားတဲ့ အချိန်စီးတဲ့ စာအုပ်ကြီးကို ယူလိုက် တာနဲ့တစ်ပြိုင်နက် စင်ဟာ အပေါ်ကို မြင့်တက်သွားပြီး ခေတ်ခလုတ်ကို သွားထိတယ် . . . ဒီတော့ အစ်မကြီးပဲ စဉ်းစားကြည့်လေ၊ ဆရာကြီးဟာ အဆင်သင့်ပွင့်နေတဲ့ အတွင်းဘက်ဆုံးက အလုံခန်းထဲ ဝင်သွားမယ်။ စာအုပ် ကြီးကိုလဲ မြင်ရော လောဘတကြီး သွားယူပါရော နောက် ဒီစာအုပ်ဟာ ပြောလိုက်တဲ့ စာအုပ် တကယ်ဟုတ်မဟုတ်ပဲ့မလားဆိုပြီး ဖွင့်ကြည့်၊ စာ

http://www.cherrythitsar.org



ရွက်တွေ လှန်ကြည့် နာမည်တွေဖတ်ကြည့်၊ လက်ပုံစံတွေ လျှောက်ကြည့် နေတုန်းအချိန်မှာ ဓာတ်ခလုတ်ကို နှိပ်လိုက်သလိုဖြစ်သွားတဲ့အတွက် နောက်က တံခါးဝက်ဟာ ပိတ်သွားမှာပေါ့၊ ကျွန်တော်ပြောတာ အရှင်းသားပဲ အစ်မကြီးစဉ်းစားကြည့်ရင် မျက်စိနဲ့ တပ်အပ်မြင်ရသလို မြင်နိုင်ပါတယ်'

'အလိုလေး . . . ဘုရား . . . ဘုရား . . . ဟဲ့ ခွေးတိရစ္ဆာန် ဒီလောက်ပဲ ကြံကြံဖန်ဖန် ယုတ်မာရသလား ဟင် . . . အဲဒီ တံခါးဖွင့်တဲ့ သော့က စာလုံးပေါင်းဟာ ဘာလဲ . . . ပြောစမ်း မြန်မြန် . . . မြန်မြန် မြန်မြန်'

'စာလုံးပေါင်းက မခက်ပါဘူး၊ နို့ပေမယ့် အစ်မကြီးကို ကျွန်တော် ပြောတဲ့အတိုင်း လျှပ်စစ်ဓာတ်ချည်း တပ်ထားတဲ့ တံခါးဖြစ်လေတော့ သော့ပေါက်ဝကို အသံဝင်အောင် သွင်းလိုက်ရတယ်၊ ဒီတော့မှ အသံလှိုင်းကြောင့် အတွင်းက ခလုတ်ကလေး ကျသွားပြီး တံခါးပြန်ပွင့်သွားတယ် . . . မိုးကြိုးထစ်ချုန်းလိုက်တဲ့အခါ ရေဒီယိုမှာ ရှဲခနဲ မြည်သွားသလိုပေါ့ အစ်မကြီးရဲ့။ ဘယ့်နှယ်လဲ ကျွန်တော့်သေတ္တာ မထူးဆန်းဘူးလား၊ မြန်မာပြည်မှာ ကျွန်တော့်သေတ္တာမျိုး ဒီတစ်လုံးပဲ ရှိသေးတယ်၊ ဟိုရောက်လို့ အစ်မကြီးမြင်ရရင် အံ့ဩလို့ ဆုံးမှာမဟုတ်ဘူး'

'ပြောစမ်း . . . ပြောစမ်း . . . အဲဒီစကားလုံးကို မြန်မြန်ပြော စမ်း'

'ကျွန်တော်တို့ငယ်ငယ်တုန်းက အလီဘာဘာနဲ့ ဓားပြလေးဆယ် ဝတ္ထုကို ကြားဖူးတယ်မဟုတ်လား အစ်မကြီးရဲ့ အဲဒီအထဲက ဂူကြီးကို ဖွင့်ချင်တဲ့အခါ 'အိုးပင်း ဆီးဆိမ်း' (Open Sesame) လို့ အော်လိုက်ရင် ဒီလေလှိုင်းသံဟာ အတွင်းက ဓာတ်ခလုတ်ကို တိုးမိပြီး တံခါး တစ်ခါထဲ ပွင့်သွားတယ် . . . ဘယ့်နှယ်လဲ မထူးဆန်းဘူးလား . . .အစ်မကြီးရဲ့ . . . အနောက်နိုင်ငံသားများဟာ လျှပ်စစ်ဓာတ်ကို တကယ်နိုင်ပြီး တကယ် တတ်နိုင်တာကလား အစ်မကြီးရယ်'

အသင်းသားများဘက်သို့ လှည့်၍

'အခုပြောတာ ကြားကြရဲ့မဟုတ်လား ဒီတော့ ကျုပ်ကိုယ်တိုင် သွားမယ် . . . ဟဲ့ လူယုတ်မာ တံခါးပိတ်သွားပြီးတဲ့နောက် လူတစ်ယောက်ဟာ အထဲမှာ ဘယ်လောက် ကြာကြာ အသက်ရှင်နေနိုင်သလဲ ပြောစမ်း'

'ဒါကတော့ ဒီလိုရှိပါတယ်ခင်ဗျာ၊ သူသာ မှန်ထွန်ပြီးတော့ တံခါးကို ကန်လားကြောက်လား အော်လားဟစ်လားလုပ်ပြီး အတွင်းမှာရှိတဲ့ အောက်ဆီဂျင်ဓာတ်တွေကို အကျိုးမဲ့ ဖြုန်းမပစ်ဘူးဆိုရင် နာရီအနည်းငယ်

http://www.cherrythitsar.org



လောက်တော့ နေနိုင်ပါတယ် . . . အခု ချက်ခြင်းသာသွားရင် ဘာမှ စိုးရိမ်စရာမရှိသေးပါဘူး'

'သွားမယ် . . . သွားမယ် . . . အခု ချက်ခြင်းသွားမယ် . . . ဒီအကောင်ကို သေသေချာချာ ချုပ်ထားကြ၊ ငါပြန်လာမှ ငါကိုယ်တိုင်သတ်မယ်'

'တစ်ဆိတ် . . . အစ်မကြီး၊ တကယ်လို့ အစ်မကြီးသွားရင် ကျွန်တော်ပါ လိုက်မှဖြစ်မယ်ခင်ဗျ'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့ရမလဲ အစ်မကြီးရဲ့ . . . သေတ္တာက ကျွန်တော် တစ်ယောက်ထဲသာဖွင့်လို့ရတဲ့ သေတ္တာပဲ'

'အခုတင်က ပြောတော့ အိုးပင်းဆီးဆိမ်း ဆိုတဲ့အသံနဲ့ တံခါး ဟာ ပွင့်နိုင်တယ်ဆို'

'နို့ပေမယ့် အသံက ကျွန်တော့်အသံမှဖြစ်တယ် . . . အစလုပ်ကတည်းကိုက ကျွန်တော့်ပါးစပ်ကထွက်တဲ့ အသံလှိုင်းနဲ့ လျှပ်စစ်ဓာတ်ကို တွက်ပြီး ဖွင့်နိုင်အောင် လုပ်ထားတယ်'

'အောင်မယ် . . . နင့်အသံနဲ့မှ ဟုတ်စ . . . ခွေးတိရစ္ဆာန်'

'ဟုတ်ပါတယ်အစ်မကြီးရဲ့၊ ဒေါသရှေ့မထားဘဲ ကျွန်တော်ပြောတာသည်းခံပြီး နားထောင်စမ်းပါ၊ လျှပ်စစ်ဓာတ်နဲ့ ပတ်သက်တဲ့ အသံလှိုင်းဆိုတာ အင်မတန် နူးညံ့သိမ်မွေ့ရပါတယ်၊ တစ်ခါတစ်ခါ ကျွန်တော်တောင် သံနေသံထားမမှန်လို့ ရုတ်တရက် ဖွင့်မရတာ တွေ့ရပါတယ်၊ တစ်ခါကလဲ ကျွန်တော်ကိုယ်တိုင် အအေးမိပြီး အသံဝင်နေတာနဲ့ တနင်္ဂနွေ တစ်ပတ်လောက်ကြာအောင် မဖွင့်နိုင်ဘဲ စောင့်နေခဲ့ရဖူးတယ် အစ်မကြီးရဲ့၊ ကျွန်တော်ပြောတဲ့အတိုင်း လူတစ်ယောက်ပြောလိုက်တဲ့ အသံက ဖြစ်သွားတဲ့ လေလှိုင်းကလေးတွေဟာ တခြားလူတစ်ယောက်ရဲ့ အသံလှိုင်းတွေနဲ့ အင်မတန်ကွာခြားပါတယ်၊ လူတစ်ယောက်ထဲတောင် သံနေသံထား မူလကထားတဲ့အတိုင်း မမှန်ရင် မဖြစ်တဲ့အကြောင်း အစ်မကြီးပဲ စဉ်းစားကြည့်ပါတော့'

နံပါတ် ၂ သည် အနီးရှိ မျက်နှာဖုံးတစ်ယောက်နှင့် တီးတိုးတိုင်ပင်လျက် ရှိလေ၏။

နံပါတ် ၂ က

'သူပြောတာ ဖြစ်နိုင်ပါ့မလားဟင် . . . ညာတာများလား'

ဟု ပြောလိုက်ရာ . . .

မျက်နှာဖုံးတစ်ယောက်က . . .

http://www.cherrythitsar.org



'ဖြစ်နိုင်တယ်ခင်ဗျ၊ ကျွန်တော်က ရေဒီယိုဘက်က အင်ဂျင်နီယာ လုပ်ဖူးလေတော့ အသံလှိုင်းအကြောင်း ကောင်းကောင်းသိတယ်၊ တံခါး ပွင့်နိုင်သလား မပွင့်နိုင်ဘူးလားတော့ အတိအကျမပြောနိုင်ဘူး၊ နို့ပေမယ့် လေထဲမှာပါသွားတဲ့ အသံလှိုင်းတွေဟာ တစ်ယောက်နဲ့တစ်ယောက် မတူဘူး ဆိုတာကတော့ ကျွန်တော် အမှန်ပြောနိုင်တယ်'

နံပါတ် ၂ က

'ဒါဖြင့် လျှပ်စစ်ဓာတ်ဘက်က ရှင်ကောင်းကောင်း နားလည်တာ ပေါ့'

'ဟုတ်ကဲ့ . . . အတော်အတန်တော့ နားလည်ပါတယ်'

'ပုဆိန်နဲ့ ပေါက်ဖွင့်ရင်ကော မရနိုင်ဘူးလားရှင်'

'ဒီလိုအကြမ်းဖွင့်လို့မရအောင် လုပ်ထားလိမ့်မယ် ထင်တယ်'

ဦးအောင်မြင်သည် ဦးခေါင်းကို မသိမသာ ညိတ်လိုက်လေ၏။

နံပါတ် ၂ က

'ဟုတ်ပါလိမ့်မယ် . . . ဩော် . . . ခက်တာပဲ မကြံနိုင်ကြတော့ ဘူးလားရှင်'

'တကယ်လို့ အကြမ်းဖွင့်လို့ ရနိုင်တယ်ထား၊ အခုလို အချိန်မတော် ကြီး ဘယ်ကရနိုင်ပါ့မလဲ ခင်ဗျာ . . . တနင်္ဂနွေနေ့ မနက်၊ အချိန်ကလည်း ၃ နာရီခွဲနေပြီ၊ အခုဆိုတောင် ကျွန်တော်တို့ နောက်များကျနေပြီလား မပြော တတ်ဘူး'

နံပါတ် ၂ သည် စဉ်းစားလျက် ရုတ်တရက် စကားမပြောသေးပဲ ရှိနေရာ တစ်ခန်းလုံးမှာ လူတစ်ယောက်မျှမရှိသကဲ့သို့ ဆိတ်ငြိမ်လျက် ရှိ လေ၏။ ထို့နောက်မှ ဦးအောင်မြင်ဘက်သို့ လှည့်၍ . . .

'ကိုင်း . . . ကျွန်မ လက်လျှော့ပြီ . . . ရှင်ဟာ လူယုတ်မာတစ် ယောက်ဖြစ်ပေမယ့် ဒီလောက်တောင်တော့ ယုတ်မာသေးမယ်မထင်ဘူး၊ သူ့ ကို အခုသွားပြီး အချိန်မီကယ်ကြရအောင် . . . နံပါတ် ၉ နဲ့ ၁၆ က သူ့ကို တုပ်ထားတဲ့ ကြိုးတွေဖြေပေးလိုက်ကြ'

ထိုအခါ မျက်နှာဖုံးတစ်ယောက်က ဝင်၍ ကြည်လင်ပြတ်သား သောအသံဖြင့် . . .

'ဒီအကောင်ကို ကြိုးဖြေပြီး အလွတ်ခေါ်သွားမယ် ဟုတ်စ . . . ကောင်းပေ့ဗျာ . . . တယ်ကောင်း . . . အပြင်ရောက်တော့ ဒီအကောင်က ပုလိပ်ကို တစ်နည်းနည်းနဲ့ သတင်းမပေးဘူးလို့ ဘယ်သူက အာမခံမလဲ၊ ပြောကြစမ်း . . . ဆရာကြီးတော့ မုချအမိခံရပြီ . . . ဒီတော့ ကျုပ်တို့ဟာ

http://www.cherrythitsar.org



အချိန်ရှိတဲ့အခိုက် ကိုယ်လွတ်ရုန်းကြရလိမ့်မယ် . . . ကိုင်း . . . ကိုယ့်လူတို့ ကျုပ်တို့တစ်တွေတော့ ကိစ္စချောပြီ . . . ဒီအကောင် အောက်ခန်းခေါ်သွား ကြိုးနဲ့ခိုင်ခိုင်တုပ် မလွတ်စေနဲ့၊ ဒီတော့မှ ပုလိပ်ကို သတင်းမပေးနိုင်မယ် . . . ကျုပ်က ဆရာကြီးရဲ့ လယ်ဂျာစာအုပ်ကြီးကို အခုဖျက်ဆီးပစ်မယ်၊ ကျုပ်ကို မယုံရင်လဲ ခင်ဗျားတို့လိုက်ကြည့်ကြ . . . ပြီးတော့ နံပါတ် ၃၀ ခင်ဗျားက ဒီတိုက်ကြီးမှာ ဒိုင်းနမိုင်းခလုတ်ရှိတဲ့နေရာကို သိပါတယ်၊ ဒီတော့ ကျုပ်တို့လွတ်အောင် ရှောင်တိမ်းနိုင်ဖို့ ၁၅ မိနစ်သာ အချိန်ပေးပြီး ရင် ဒိုင်းနမိုင်းခလုတ်သာ နှိပ်လိုက်ပေတော့'

နံပါတ် ၂ က

'အို . . . ဒီလိုလုပ်လို့ မဖြစ်သေးပါဘူးရှင် . . . ကိစ္စက ရှင်တို့ဆရာကြီးရဲ့ သေရေးရှင်ရေးကိစ္စရှင့် . . . အို သူ့ကို လွှတ်ကြပါရှင် . . . ကိုင်း တစ်ယောက်မှ ကျွန်မကို မကူညီကြတော့ဘူးလားရှင်'

ထိုအခါ ပထမ စတင်ကန့်ကွက်သူက . . .

'မကူဘူး . . . မကူဘူး . . . ခင်ဗျားကို ဘယ်သူမှ မကူဘူး'

ဤသို့ ပြောပြောဆိုဆိုနှင့်ပင် ထိုသူသည် နံပါတ် ၂ ၏ လက်ကောက်ဝတ်များကို အတင်းချုပ်ကိုင်လျက်ရှိလေရာ နံပါတ် ၂ သည်လည်း ထိုသူလက်ထဲမှ အတင်းရုန်းကန်လျက်ရှိလေ၏။ ထိုအခါ မျက်နှာဖုံးတစ်ယောက်ကဝင်၍ . . .

'စဉ်းစားပါခင်ဗျာ . . . စဉ်းစားပါ . . . အခု မိုးလင်းတော့မယ် ခင်ဗျ၊ အများဆုံး ၁ နာရီ ၂ နာရီပဲ လိုတော့တယ်၊ ပုလိပ်တွေ ဘယ်အချိန်အခါမဆို ဒီကို ရောက်လာနိုင်တယ်'

နံပါတ် ၂ သည် ကန်ကြောက်ခြင်းမပြုတော့ဘဲ တစ်ခဏမျှ တွေဝေစဉ်းစားလျက်ရှိလေ၏။

'အင်း သူပြောတာ ဟုတ်တော့ဟုတ်တယ်၊ လူတစ်ယောက်အတွက်နဲ့ လူအများ ဒုက္ခရောက်မခံနိုင်ဘူး  အဲဒါ ဆရာကြီးရဲ့ဝါဒပဲ . . . ကိုင်း ဒီတော့ ဒီအကောင် အချုပ်ခန်းထဲ ပြန်ခေါ်သွား . . . အသင်းသားအားလုံး ဟာ ကိုယ်လွတ်ဖို့ ကိုယ်ကြိုးစားပြီး ထွက်ကြရလိမ့်မယ်'

'ဟို ရာဇဝတ်ကောင် တစ်ယောက်ကကော'

'ဟိုအကောင်က ဘာမှ အရေးမကြီးပါဘူး အသင်းကို ရန်မူမှာမှ မဟုတ်ဘဲ၊ သူလဲ လွတ်ရာလွတ်ကြောင်း သွားပါစေ'

သို့နှင့် အသင်းသား ၃ – ၄ ယောက်တို့သည် ဦးအောင်မြင်အား အတင်းတွန်းထိုးကာ အောက်ထပ်မြေတိုက်အတွင်းသို့ ခေါ်သွားလေ၏။

http://www.cherrythitsar.org



အသင်းဥက္ကဋ္ဌဖြစ်သူ ဆရာကြီး၏ အသက်ကိုပင် ဥပေက္ခာထားကာ သူ့အား မလွတ်ဘဲ ဤကဲ့သို့ ပြုမူသည်ကို စိတ်ထဲမှ ဝေခွဲမရနိုင်အောင် ရှိ၏။ အသင်းသားများသည် သူ့အား သမံတလင်းပေါ်၌ ချထား၍ ဒူးနှစ်ဖက်ကို တုပ်၍ ထားခဲ့ပြီးလျှင် ဓာတ်မီးများကို ငြိမ်းလိုက်လေ၏။ ထိုအခါ ဦးအောင်မြင် က . . .

'ဒီမှာကိုယ့်လူ ဓာတ်မီးတော့ မပိတ်ပါနဲ့ဗျာ . . . တစ်ဆိတ် ဖွင့်ထားခဲ့ပါ . . . သေရမယ့်အတူတူ လင်းလင်းချင်းချင်းသေပါရစေ'

'ဟား . . . ဟား . . . ဟား . . . မှောင်ထဲနေလို့ မပူပါနဲ့ဗျာ၊ မှောင်ဟာလဲ သိပ်ကြာမယ် မဟုတ်တော့ပါဘူး။ သူတို့ ဒိုင်းနမိုင်းခလုတ်ကို နှိပ်ပြီးပါပြီ . . . စိတ်သာချ . . . တော်တော်ကြာရင် မှောင်တယ် လင်းတယ် ခင်ဗျားသိမှာမဟုတ်တော့ပါဘူး'

အခြားတစ်ယောက်ကမူ ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။ ထို့နောက် နှစ်ယောက်သား အပြင်သို့ ထွက်သွားကြလေသည်။ မကြာမီ ဒိုင်းနမိုင်း ပေါက်ကွဲတော့မည်ဖြစ်၍ ဦးအောင်မြင်ကား မရှူမလှ သေဆုံးရပေတော့မည်။ နံပါတ် ၁ ကို ထောင်ချောက်အတွင်း ပိတ်မိမည်မှန်သော် လည်း မြစိမ်းရောင်ကလပ်ကြီး၏ ဥက္ကဋ္ဌအား တရားမှန်ကန်ရာရောက်အောင် တရားရုံးတော်သို့ တင်ပို့စစ်ဆေးခြင်း ပြုရတော့မည် မဟုတ်ပေ။ မိမိကိုယ်တိုင်လည်း တိုင်းပြည်ကသိအောင် ရုံးတော်တွင် သက်သေခံနိုင်တော့မည် မဟုတ်ပေ၊ ဤအကြောင်းများကို စဉ်းစားလိုက်သောအခါ ဦးအောင်မြင် သည် ယူကျုံးမရဖြစ်မိ၏။ ရန်ကုန် ပုလိပ်အဖွဲ့ကြီးသည် ဤမြစိမ်းရောင် အသင်းကြီးကို ဖြိုဖျက်နှိမ်နင်းရန် ကြိုးပမ်းကြံစည်ခဲ့သည်မှာ ၃ နှစ်ကျော်မျှ ရှိခဲ့လေပြီ။

ဦးအောင်မြင်သည် ဆိတ်ငြိမ်သော ပတ်ဝန်းကျင်ကို နားစွင့်လျက် ရှိ၏။ မိမိလက်ပတ်နာရီမှ တချက်ချက်သွားလျက်ရှိသော စက္ကန့်သံသည် တိတ်ဆိတ်လှသော အခန်းထဲတွင် အတော်အတန် အသံမြည်လျက်ရှိ၏။ မကြာမီ အပေါ်ထပ်မှ တရုပ်ရုပ်အသံများ ကြားရသဖြင့် မျက်နှာဖုံးအသင်းသားများသည် အဆောက်အအုံကို စွန့်ခွာလျက်ရှိကြောင်း ထင်ရှား၏။ သို့ရှိစဉ်အတွင်း 'ကျွီ' ခနဲ အသံတစ်ခုကို မထင်မရှား ကြားလိုက်ရသဖြင့် မြေတိုက်၏ မလွယ်ပေါက် တံခါးကလေး ပွင့်သွားသည်ဟု ထင်မိ၏။ ၎င်းနှင့် မရှေးမနှောင်းပင် မိမိထံသို့ ဖြည်းညင်းစွာလာနေသော ခြေသံတစ်ခုကို ကြားရလေသည်။

'ရှူး . . . စကားမပြောနဲ့နော်'

http://www.cherrythitsar.org



ဦးအောင်မြင်သည် မိမိနားအနီးသို့ ကပ်၍ တစ်စုံတစ်ယောက်က တီးတိုးလေသံဖြင့် ပြောသံကြားရပြီးနောက် နူးညံ့သော လက်တစ်ဖက်သည် မိမိမျက်နှာနှင့် ကိုယ်ပေါ်သို့ စမ်းသပ်လိုက်သည်ကို သိရ၏။ ခြေထောက်၌ ကြိုးချည်ထားသော နေရာတွင် အေးခနဲဖြစ်သွားပြီးနောက် ကြိုးများ ရုတ်တရက် ပြေသွားပြီးလျှင် အောက်သို့ လျှောကျသွားလေ၏။ လက်ထိပ်များ ထဲသို့ သော့ထည့်သံ ကြားလိုက်ရပြီးလျှင် လက်ထိပ်များလည်း ပြုတ်ထွက်သွားလေသည်။

ထိုအသံက

'မြန်မြန်လုပ် . . . မြန်မြန်လုပ် . . . ဒိုင်းနမိုင်းစနက်တံကို သူ တို့ ရှို့ပြီးပြီ'

ဦးအောင်မြင်က

'ဟုတ်ကဲ့'

'လာ . . . ကျွန်မလက်ကို ဆွဲလိုက်ခဲ့ . . . အိမ်ထဲမှာ ကျွန်မ လက်ဝတ်လက်စားတွေကို တမင်ထားခဲ့ပြီး အခု ပြန်လာရတာရှင့်၊ ကျွန်မ ယောကျ်ားအသက်ကို ဘယ်နည်းနဲ့မဆို ကယ်ရမယ် . . . ဒီအလုပ်ကို ရှင် တစ်ယောက်ထဲ လုပ်နိုင်တာမဟုတ်လား၊ လာပါရှင် . . . မြန်မြန်'

ဦးအောင်မြင်သည် ခြေလက်များ တောင့်တင်းကာ နာကျင်ကိုက်ခဲလျက်ရှိနေသော်လည်း ထိုမိန်းမခေါ်ဆောင်ရာသို့ မှောင်ထဲတွင် လိုက်ပါသွားရလေ၏။

အပေါ်ထပ်သို့ ရောက်သောအခါ မိန်းမသည် ပြတင်းပေါက် တစ်ခုကို ဖွင့်လိုက်၏။

'ကျွန်မ ယောကျ်ားအသက်ကို ကယ်မယ်လို့ ရှင် ကတိထားတယ် မဟုတ်လား . . . ရှင့်ကတိကို တည်စေနော် . . . လာ . . . ကျွန်မနဲ့လိုက် ခဲ့'

'ကျွန်တော် ကတိထားတာတော့ ဟုတ်ပါတယ် . . . နို့ပေမယ့် ကျွန်တော့် သံသေတ္တာက တံခါးလဲ ပိတ်သွားရော၊ ပုလိပ်ဌာနက ဓာတ် ခလုတ်နဲ့ အချက်ပြတဲ့ တိုင်ကလေးမှာ မီးနီကလေးပွင့်သွားတော့ ပုလိပ်တွေ ဒီခြံကြီးရောက်လာ ဝိုင်းထားပြီး အခုလောက်ဆိုရင် ခင်ဗျားတို့ အသင်းသား တွေ ဖမ်းမိကုန်ရောပေါ့'

'အိုရှင် . . . ဘယ်သူတွေကိုပဲဖမ်းဖမ်း . . . ကျွန်မယောကျ်ား အသက်ကိုတော့ ဘယ်နည်းနဲ့မဆို ကယ်ရလိမ့်မယ် . . . ကျွန်မအတွက်က တော့ အရေးမကြီးပါဘူး လာပါရှင့် မြန်မြန် . . . အချိန်ကုန်လှတယ်'

http://www.cherrythitsar.org



သို့နှင့် ထိုမိန်းမသည် ဦးအောင်မြင်၏ လက်ကို အတင်းဆွဲခေါ်ကာ ခြံကြီးကိုဖြတ်၍ပြေးသဖြင့် ဦးအောင်မြင်လည်း လိုက်ပါသွားရလေ၏။ ထိုအချိန်၌ လက်နှိပ်ဓာတ်မီးရောင်တစ်ခုသည် ဦးအောင်မြင်တို့ဘက်သို့ ဝင်းခနဲဖြတ်၍သွားလေရာ ဦးအောင်မြင်က လက်နှိပ်ဓာတ်မီးရောင်လာသောဘက်သို့ လှမ်း၍ . . .

'ဟေ့လူ . . . ကိုအုံးဖေမဟုတ်လား . . . ခင်ဗျားလူတွေကို မြန်မြန်ပြေးပေစေဗျို့ . . . ဒိုင်းနမိုင်းစနက်တံ မီးရှို့ထားပြီးဗျ . . . မြန်မြန်လုပ် မြန်မြန် . . .'

ခြံကြီးမှာ ထိုအချိန်အထိ ဆိတ်ငြိမ်လျက်ရှိနေရာမှ အင်စပိတ် တော်ဦးအုံးဖေ၏ အမိန့်ပေးသံကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် နေရာအသီးသီးမှ လူသံများကို ကြားရပြီးလျှင် ဝင်းခနဲ လက်ခနဲဖြတ်၍ သွားသောဓာတ်မီးရောင်များကိုလည်း မြင်ရလေ၏။

ဦးအောင်မြင်နှင့် လက်တွဲထားသော မိန်းမသည် ကျောက်ခဲတစ်လုံးကို ခလုတ်တိုက်၍ လဲသွားသဖြင့် ဦးအောင်မြင်ပါ မှောင်ထဲတွင် လဲကျသွားလေ၏။ ထိုခဏ၌ 'ဒိုင်း' ခနဲ ဖုံးပေါက်သကဲ့သို့ အသံကြီးကို ကြားလိုက်ရပြီးနောက် တိုက်ကြီးဆီမှ မီးတောက်ကြီးများ ထွက်ပေါ်လာပြီးလျှင် အုတ်ကျိုးအုတ်ပဲ့များ ပျဉ်စပျဉ်နများသည် မိုးရွာသကဲ့သို့ ခြံအတွင်းသို့ ကျရောက်လေ၏။

အသံများ အတော်အတန် ဆိတ်ငြိမ်သွားပြီးနောက် လူ ၂ ယောက်သည် ဦးအောင်မြင်တို့လဲနေသောနေရာသို့ မီးအိမ်တစ်လုံးကို ဇွေ့ရမ်းကာ ပြေးလာလျက်ရှိလေ၏။

၎င်းတို့အနက် တစ်ယောက်က . . .

'ဟာ . . . ဆရာပါလား . . . ဘာမှမဖြစ်ဘူးနော်'

'အေးကွယ် . . . မဖြစ်ပါဘူး . . . ခေါင်းမှာ နည်းနည်းထိသွားတာပါပဲ . . . ကိစ္စမရှိပါဘူး ဟိုမိန်းမ ကြည့်စမ်းပါဦး'

ပုလိပ်သားများသည် ဦးအောင်မြင်အား ဆွဲခေါ်လာသော မိန်းမကို ပွေ့ထူကြည့်ရှုရာ လက်တစ်ဖက်တွင် ဒဏ်ရာအနည်းငယ်ရှိသည်မှတစ်ပါး တစ်စုံတစ်ရာ မဖြစ်ဘဲရှိနေသည်ကို တွေ့ရလေ၏။ ပုလိပ်သားတစ်ယောက်သည် ဦးအောင်မြင်၏ ဦးခေါင်းမှဒဏ်ရာကို လက်ကိုင်ပုဝါတစ်ထည်ဖြင့် စည်းပေး၍ မိန်းမကို အခြား ၂ ယောက်က တွဲခေါ်ယူသွားလေ၏။ ဦးအောင်မြင်လည်း အင်စပိတ်တော်ဦးအုံးဖေ၏ ပခုံးကိုဖက်ကာ လမ်းလျှောက်သွားရင်း

http://www.cherrythitsar.org



'ကိုင်း . . . ကိုအုံးဖေ . . . ကျုပ်နဲ့ ဟိုမိန်းမကို ကျုပ်အိမ်ရောက်အောင် မြန်မြန်ပို့ပေးစမ်းဗျာ'

'ဘာဖြစ်လို့ ဒီလောက်တောင် အရင်လိုရတာလဲဆရာရဲ့ . . . အေးအေးဆေးဆေး စကားပြောကြသေးတာပေါ့'

'စကားပြောနေလို့ မဖြစ်သေးဘူး ကိုအုံးဖေ . . . ကျုပ်သံသေတ္တာထဲမှာ သူ့ယောက်ျား ပိတ်မိနေတယ်ဗျ . . .'

'ဟာ . . . ဟုတ်လား'

'ဟုတ်တယ် ၂ နာရီလောက်တောင် ကြာသွားပြီ'

'ဒါဖြင့် လာဗျို့၊ ကျုပ်မှာ ကားပါပါတယ်'

'နေရာကျလိုက်လေဗျာ'

'နေပါဦး သူ့ယောက်ျားဆိုတာက ဘယ်သူလဲ ဆရာရဲ့'

'မြစိမ်းရောင်ကလပ်က ခေါင်းဆောင် ဆရာကြီး နံပါတ် ၁ ဆိုတာသူပေါ့'

'ဩော် . . . ဟုတ်လား၊ နိတ်လိုက်လေ ဆရာရယ်'

ဦးအောင်မြင်တိုက်သို့ ရောက်၍ သံသေတ္တာအတွင်း တံခါးကို ဖွင့်လိုက်သောအခါ အသက်ငွေ့ငွေ့မျှသာ ကျန်သော လူဆိုးခေါင်းဆောင် နံပါတ် ၁ ၏ ပျော့ခွေလျက်ရှိသော ကိုယ်ကြီးသည် သော့ဖွင့်သူ၏ ကိုယ်ပေါ်သို့ လဲကျလာလေ၏။ သို့သော် ကံကောင်းထောက်မသဖြင့် ထိုသူမှာ မကြာမီ သတိပြန်၍ လည်လာလေသည်။ နံပါတ် ၂ အား ဦးအောင်မြင် အစစ်ခံခဲ့သော အစစ်ခံချက်များမှာ 'အိုးပင်းဆီးဆိမ်း' ဟူသော သူကိုယ်တိုင် အော်မှသာ တံခါးပွင့်နိုင်သည်ဟူသော 'ထွင်လုံး' မှတစ်ပါး ကျန်စကားအားလုံးမှာ အမှန်အတိုင်းဖြစ်လေ၏။

ဤအမှုကြီးကို စစ်ဆေးသောအခါ ဦးအောင်မြင်မှာ ပထမ သက်သေအဖြစ် ပါဝင်ရ၍ တရားခံမှာ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးဖြစ်သည့်အတိုင်း တရားခံ၏ အမည်ကို ထုတ်ဖော်ခြင်းမပြုဘဲ အပြစ်ရှိကြောင်း အသီးသီး ဝန်ခံသည့်အလျောက် နံပါတ် ၁ အား ၁၄ နှစ် တစ်ကျွန်း၊ နံပါတ် ၂ အား ထောင်ဒဏ် ၇ နှစ် အပြစ်ပေးလိုက်လေသည်။ ကြောက်မက်ဖွယ်ကောင်းသော 'မြစိမ်းရောင်' အသင်းကြီးကား ထိုနေ့မှစ၍ ပျက်စီးခဲ့လေပြီ။

**၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊**
**သွေးသောက်မဂ္ဂဇင်း။**

http://www.cherrythitsar.org



# စောရ ညီနောင်

ရန်ကုန်မြို့ ကိုယ့်မင်းကိုယ်ချင်းလမ်း 'ချာချီအဲဗင်းနယူး' ကြား၌ စတုရန်းပေ ၁၀၀ ခန့်ရှိ ခြံကြီးတစ်ခြံရှိရာ ၎င်းအတွင်း၌ တစ်ထပ်အိမ် ကလေးတစ်လုံးရှိ၏။ အိမ်ကလေးမှာ သာမန် ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုး တစ်ထပ်အိမ်ဖြစ်လေသည်။ အိမ်သားများမှာ အသက် ၆၀ ကျော် အမယ်အို ကြီးတစ်ယောက်၊ အသက် ၂၅ နှစ်ခန့်ရှိ ပိန်ပိန်ပါးပါး ယောက်ျားတစ် ယောက်၊ အသက် ၂၀ ခန့်ရှိ ရုပ်ရည် အသင့်အတင့်သာရှိသော မိန်းမပျိုတစ် ယောက် နေထိုင်၏။

လုလင်နှင့် မိန်းမပျိုမှာ မောင်နှမအရင်းဖြစ်၍ မျက်မမြင်မိန်းမကြီး မှာ ၎င်းတို့၏ မိခင်ဖြစ်လေသည်။

ခြံကြီးများနံဘေးနှင့် နောက်တွင် ကင်မွန်းချဉ်နှင့် ဆူးပုတ်ပင်များ ခြံရှေ့ပိုင်းတွင် ဘူးစင်နှင့် သဘော်ပင်ရွက်လုပင်များ ရှိနေ၍ လမ်းမှကြည့် လျှင် အိမ်ကလေးကိုပင် အနိုင်နိုင် မြင်ရလေသည်။

လုလုင်ပျိုမှာ အများအားဖြင့် ညဥ့်နေဝင်ရီသရော အချိန်များနှင့် ထို့ထက်ပင် ညဥ့်နက်သောအချိန်များ၌ စက်ဘီးတစ်စီးဖြင့် ထွက်ကာ ဗဟန်း ဈေးဘက်မှ မြို့ထဲသို့လည်းကောင်း၊ ကုက္ကိုင်းလမ်းဘက်သို့လည်းကောင်း၊

http://www.cherrythitsar.org



မကြာခဏ သွားရောက်တတ်၏။ မိန်းမပျိုမှာ ရွက်ကြမ်းရေကြိုမှု လုပရော မောသူဖြစ်၍ မိခင်ကြီးနှင့် အစ်ကိုအား ချက်ပြုတ်ကျွေးမွေးရ၏။ အထူး သဖြင့် မိခင်ကြီးအား ဝတ်ကြီးဝတ်ငယ်ပြုခြင်း၊ ချက်ပြုတ်ကျွေးမွေးခြင်း၊ အိမ်ထောင်ထိန်းသိမ်းခြင်းဖြင့် အချိန်ကုန်ရရှာ၏။

မိခင်အိုကြီး၏အမည်မှာ ဒေါ်ဖွားစုဟူ၍လည်းကောင်း၊ သားဖြစ်သူ၏အမည်မှာ မောင်အေးချိုဟူ၍လည်းကောင်း၊ သမီး၏ အမည်မှာ မအေးပိုဟူ၍လည်းကောင်း ခေါ်တွင်၏။ သို့သော် မောင်အေးချိုနှင့် ခင်အေးပိုတို့မှာ အိမ်နီးပါးချင်းများနှင့်သော်လည်းကောင်း၊ အပြင်မှ အခြားသူစိမ်းတရံဆံများနှင့်သော်လည်းကောင်း ပေါင်းသင်းဆက်ဆံသည်ကို မမြင်ရဘဲ မိမိတို့ဘာသာ အိမ်ထဲတွင် အေးချမ်းစွာနေထိုင်လေ့ရှိ၏။ တစ်လလျှင် တစ်ကြိမ်နှစ်ကြိမ်မျှ ခင်အေးပိုသည် ဗဟန်းဈေးသို့ သွားရောက်ကာ ဈေးဝယ်ခြမ်းပြီးနောက် တစ်လကိုးသီတင်း အိမ်ထဲမှ မထွက်ဘဲ ရှိနေ၏။ မောင်အေးချိုမှာလည်း ညဥ့်အချိန်များတွင် စက်ဘီးဖြင့်ထွက်ကာ လည်ပတ်သည်မှ တစ်ပါး မည်သူနှင့်မျှ အပေါင်းအသင်းမလုပ်ချေ။ သို့ဖြစ်၍ သူတို့၏ အိမ်ထောင်ကလေးမှာ မိသား ၃ ယောက်ဖြင့် အေးချမ်းသာယာစွာ ရှိနေသော်လည်း တစ်နည်းအားဖြင့် ထူးဆန်းလှပေ၏။

မောင်အေးချိုမှာ ပိန်ပိန်ပါးပါးဖြစ်သော်လည်း တောင့်တင်းဖြောင့်စင်းသော ကိုယ်ရှိပြီးလျှင် အရပ်မြင့်သလောက် ခြေတံလက်တံရှည်၏။ မျက်လုံးမျက်ခုံးကောင်း၍ စူးရသော မျက်လုံးများရှိပြီးလျှင် သွက်လက်ဖြတ်လတ်ခြင်း အရည်အချင်းနှင့် ပြည့်စုံခြင်းအသွင်အပြင်ကို ဆောင်လျက်ရှိလေသည်။ အိမ်တွင်နေသောအခါ ချည်လုံချည် တစ်ပတ်ရစ်ကလေးကို ဝတ်၍ ရိုးသားစွာ ဝတ်ဆင်လေ့ရှိ၏။ အပြင်သို့ထွက်သောအခါများ၌မူ ကာကီ ရှပ်လက်ရှည်နှင့် သက္ကလပ်ဘောင်းဘီရှည်ကိုလည်းကောင်း၊ ရွက်ဖျင်ဖိနပ်ကိုလည်းကောင်း ဝတ်လေ့ရှိ၏။

ခြံကြီးမှာ ဝင်းတံခါးကို သော့ခတ်ကာ အမြဲပိတ်ထားလေ့ရှိသည့် အပြင် ခွေးနက် အမွေးဖွားကြီးတစ်ကောင်လည်း ရှိသဖြင့် သူစိမ်းများ ဝင်ရန်လည်း ခဲယဉ်းလေသည်။

သို့ဖြစ်၍ အိမ်နီးပါးချင်းများကို မောင်အေးချို မှာ ရဲဘက်တွင် အလုပ်လုပ်သည်ဟူ၍လည်းကောင်း၊ အချို့ကလည်း လျှို့ဝှက်သော စုံထောက်တစ်ယောက်ဖြစ်သည်ဟူ၍လည်းကောင်း၊ အချို့ကလည်း သောင်းကျန်းသူများနှင့် ဆက်သွယ်နေသူ တစ်ယောက်ဖြစ်သည် ဟူ၍လည်း ကောင်း၊ အချို့ကလည်း နာမည်ကြီး သတင်းစာတိုက် တစ်တိုက်မှ သတင်း

http://www.cherrythitsar.org



ထောက် ဟူ၍လည်းကောင်း အမျိုးမျိုး ထင်မြင်ချက်ပေးလျက်ရှိကြလေ သည်။

*

ထိုညဥ့်သည်ကား အလွန်မှောင်မိုက်သော ညဥ့်ဖြစ်သဖြင့် ကောင်းကင်တွင် အနည်းငယ်မျှသော ကြယ်ရောင်များမှတစ်ပါး အခြားအလင်း ရောင် မရှိချေ။ ဘတ်လမ်းရှိ မိုလ်အိမ်ပုံဆောက်ထားသော တိုက်ခံအိမ်ကလေးတစ်လုံးမှာ ကျယ်ဝန်းသော ခြံတစ်ခြံအလယ်၌ တည်ရှိပြီးလျှင် သော်ကခြုံများဖြင့် ဝန်းရံလျက်ရှိ၏။ တစ်တိုက်လုံးမှာ မှောင်နှင့်မည်းမည်း ရှိနေရာ ခြံ၏ ရှေ့ဂိတ်ပေါက်နှင့် ကိုက် ၂၀ ခန့်ဝေးသောနေရာတွင် လမ်းဓာတ်မီးတိုင်တစ်တိုင်မှ တစ်ပါး အခြားအလင်းရောင် မရှိချေ။

အချိန်မှာ ညဥ့် ၁၂ နာရီကျော်ပြီဖြစ်၍ ရပ်ကွက်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပေသည်။

ဆွယ်တာအင်္ကျီလက်ရှည် ဘောင်းဘီရှည်နှင့် ရွက်ဖျင်ဖိနပ်ကို စီးထားသော လူတစ်ယောက်သည် စက်ဘီးတစ်စီးကို စီးကာ ဟယ်လပင်လမ်းဘက်မှ 'ဘတ်' လမ်းဘက်သို့ချိုး၍ ဝင်လာပြီးလျှင် ဓာတ်မီးတိုင်နှင့် မျက်နှာချင်းဆိုင်ဘက် သစ်ပင်ရိပ်တစ်ခု အောက်သို့ ရောက်သည်နှင့်တစ်ပြိုင် နက် စက်ဘီးပေါ်မှ ဆင်းလိုက်၏။ သူသည် ဘေးပတ်ဝန်းကျင်ကို သတိကြီး စွာဖြင့် ကြည့်၏။ အသံကိုလည်း နားစိုက်ထောင်၏။ ဟယ်လပင်လမ်းဘက် မှ ကားတစ်စီးဖြတ်၍ မောင်းသွားသောအသံကို တစ်ကြိမ် ကြားလိုက်ရ၏။ ထို့နောက် တိတ်ဆိတ်မြဲ တိတ်ဆိတ်၍ သွားပြန်လေသည်။

သို့နှင့် ထိုသူသည် စက်ဘီးကို သစ်ပင်၌ ထောင်ထားခဲ့ပြီးလျှင် ခြံတံခါးဆီသို့ လျှောက်လာပြီးနောက် သော့ကို စမ်းသပ်ရာ၊ သော့ခလောက်ကလေးမှာ အတွင်းဘက်မှ ချိတ်ရုံသာ ချိတ်ထားသဖြင့်၊ ခြံတံခါးကို အလွယ်တကူဖွင့်ပြီးလျှင် စက်ဘီးကို မီးငြိမ်းပြီးနောက် တစ်ခါတည်းစီး၍ ဝင်သွားလေ၏။ သူသည် ဝရန်တာအောက်သို့မဝင်ဘဲ လက်ဝဲဘက်မှ အိမ်၏ နောက်ဖေးဘက်သို့ လှည့်သွားလေသည်။

အိမ်နောက်ဖေး၌ကား မီးဖိုဆောင်နှင့်တူသော သွပ်မိုးအိမ်ငယ်ကလေးတစ်လုံးရှိ၍ ၎င်းနှင့်အတူ မော်တော်ကားဂိုဒေါင်ရှိရာ ဂိုဒေါင်၏ ဘေးတစ်ဘက်တစ်ချက်၌ကား လူတစ်ရပ်ခန့်မြင့်သော သစ်ပင်နှင့်ခြုံများ ရှုပ်ထွေးစွာ ပေါက်ရောက်လျက်ရှိသည်ကို တွေ့ရလေသည်။ သို့နှင့် သူသည်

http://www.cherrythitsar.org



စက်ဘီးကို ခြံတစ်ခု၌ မှီ၍ ထားလိုက်လေသည်။ ဤကဲ့သို့ ထားမှလည်း တိုက်နောက်ဖေးပြတင်းပေါက်များကို ဖွင့်စေကာမူ စက်ဘီးကို မြင်နိုင်မည် မဟုတ်ချေ။

နောက်ဖေးဘက်မှ မှန်ပြတင်းပေါက် ၄ ပေါက်နှင့်တကွ အလယ် တံခါးမကြီးပါ လုံခြုံကြပ်တည်းစွာ ပိတ်ထားသည်ကို တွေ့ရ၏။

ထိုသူသည် စက်ဘီး 'ကယ်ရီယာ' ပေါ်တွင် ပါသော သားရေအိတ် ငယ်အတွင်းမှ ဖောက်ထွင်းရန် လက်နက်ကိရိယာများကို ဘောင်းဘီအိတ် ထဲသို့ ထည့်လေ၏။ ထို့နောက် ကက်ဦးထုပ်အပျော့အလုံးနှင့် အညိုရောင် ပိုးလက်ကိုင်ပုဝါတစ်ထည်ကို ထုတ်ယူပြီးလျှင် ပိုးလက်ကိုင်ပုဝါကို မျက်နှာ တွင် စီးကာ ကက်ဦးထုပ်ကို မျက်လုံးများ ဖုံးလုမတတ်ဆွဲ၍ ချလိုက်လေ သည်။ ထို့နောက် လက်တွင် ချည်လက်အိတ်ကို စွပ်လိုက်သည်။

အောက်ထပ်မှန်ပြတင်းများမှာ မျှော်လင့်ချက်မရှိသဖြင့် ထိုသူ သည် နောက်ဖေး ရေသွန်ခန်းပိုက်လုံးမှ တွယ်ကပ်၍ တက်သွား၏။ ထို့ နောက် ၆ လက်မခန့်သာကျယ်သော အုတ်ခုံအစွန်းကို နင်းကာ အပေါ်ထပ် ရှိ ပြတင်းပေါက်များကို စမ်းတက်လေ၏။ စတုတ္ထပြတင်းပေါက်သို့ရောက် သောအခါ မှန်တံခါးမှာ အတွင်းချိတ်များဖြင့် သေချာစွာပိတ်ထားသော်လည်း အပေါ်မှ လေဝင်ပေါက်မှာ တစ်ဘက်မှ အနည်းငယ်ပြုတ်ထွက်နေသည်ကို ကံအားလျော်စွာ တွေ့ရ၏။ ဤသို့တွေ့ရခြင်းသည်ပင် သူ့အတွက် ကံ ကောင်းခြင်းပေလော ကံဆိုးခြင်းပေလော မပြောတတ်ပေ။

သူသည် တစ်လက်မခန့်သာ အပြင်သို့ အစွန်းထွက်နေသော မှန် ပြတင်းဘောင်ပေါ်သို့ ခြေတစ်ဘက်ဖြင့် မှေးပြီးလျှင် လေဝင်ပေါက်ကို ပြုတ် ထွက်နေသည့်ဘက်မှ အပြင်သို့လှည့်၍ ဆွဲထုတ်လေရာ သစ်သားဘောင် မှာ အရင်းမှ မပြုတ်သော်လည်း အပြင်သို့ ထွက်လာသဖြင့် လူတစ်ယောက် ဝင်နိုင်လောက်အောင် အပေါက်တစ်ပေါက်ဖြစ်သွားလေ၏။ ထို့နောက်တွင် ကား သူသည် အတွင်းသို့ ဦးခေါင်းလျှို၍ ဝင်ကာ ခန်းဆီးဆောင်တစ်ခုကို တွဲလွဲခိုပြီးနောက် ကြမ်းပြင်ပေါ်သို့ ညင်သာစွာ ကိုယ်ကို ဖော့၍ ချလိုက်လေ သည်။

အိမ်အတွင်း၌ကား မှောင်လျက်ရှိရာ အတန်ငယ် အလင်းရောင် ရှိသော ဘက်မှကူးခဲ့သော 'စောရ' ၏ မျက်လုံးများမှာ တစ်စုံတစ်ရာ မမြင် ရချေ။

သူသည် ပြတင်းပေါက်အနီးရှိ အိမ်ထရံကာကို ကျောကပ်ကာ အတွင်းမှအသံများကို နားထောင်လျက်ရှိ၏။

သို့နှင့် တစ်ခဏမျှ ကြာသွားလေရာ ထိုအချိန်၌ကား ၎င်း၏ မျက်လုံးများမှာ မှောင်ထဲတွင် ကျင့်သားရလာပြီဖြစ်၍ အတော်အတန် မြင်နိုင်လေပြီ။

သူဝင်ခဲ့သော ပြတင်းပေါက်မှာ ခေါင်းရင်းဘက်ပြတင်းပေါက်ဖြစ်၍ သူ၏ လက်ျာဘက်တွင် ဘုရားစင်တစ်ခုရှိ၍ လက်ဝဲဘက်၌ အဝတ်ကန့်လန့်ကာ တစ်ခုရှိရာ သူသည် ကန့်လန့်ကာကို လက်ဖြင့် ဖယ်ရှားပြီးလျှင် အပြင်သို့ လှမ်းကြည့်၏။ ဧည့်ခန်း၌ကား ခန်းလုံးပြည့်ခင်း၍ထားသော ကော်ဇောကြီးသည် အိမ်ခန်း၏ ခံ့ညားထည်ဝါသော အသွင်ကို ဆောင်လျက်ရှိ၏။ ကြိမ်ကုလားထိုင်လေးလုံးနှင့် ဆက်တီတစ်ခုသည် အခန်းအလယ်၌ ရှိနေ၍ ကတ္တီပါစိမ်းများဖြင့် ဖုံးအုပ်ထား၏။ မှန်ဖုံး၍ထားသော အလယ်စားပွဲပေါ်တွင် ကြွေပန်းအိုးတစ်လုံးရှိ၍ သရက်ထည်အနီစဖြင့် ပြုလုပ်ထား သည့် နှင်းဆီပန်းများကို မြင်ရ၏။ သူသည် လက်ဝဲဘက် ဘောင်းဘီအိတ် အတွင်းမှ လက်နှိပ်ဓာတ်မီးကလေးကို ထုတ်ကာ ကြွေပန်းအိုးကလေးကို ထိုးကြည့်၏။ ဓာတ်မီးထိပ်တွင် စက္ကူပါးကလေးတစ်ချပ် ကပ်ထားသဖြင့် အလင်းရောင်မှာ ဝိုးဝါးမျှဖြစ်သော်လည်း မှောင်ထဲ၌မူ အတော်အတန် မြင် နိုင်လေသည်။ ဧည့်ခန်း၏ နောက်ဘက်တွင် အိပ်ခန်း ၂ ခန်းရှိ၍ သော့ ခလောက်များဖြင့် ပိတ်ထား၏။

သူသည် ထိုအိပ်ခန်းများကိုကျော်ကာ လှေကားရှိရာသို့ သွားလေ၏။ အောက်ထပ်သို့ ဆင်းသော လှေခါးကြီးမှာ ကော်ဇောခင်းထားပြီးလျှင် အရောင်တင်၍ထားသော ပွတ်လုံးတိုင်ကြီးများ တပ်ဆင်ထား၏။ 'စောရ' သည် ထိုလှေကားမှ အောက်ထပ်သို့ ဆင်းခဲ့ရာ ရွက်ဖျင်ဖိနပ်မှ ခြေသံများ ပင် ထူထဲသော ကော်ဇောပေါ်တွင် နစ်မြုပ်၍ သွားလေသည်။ လှေကားမှာ တစ်ထစ်ချိုးလှေကားဖြစ်၍ သူသည် ထောင့်ချိုးသို့ ရောက်သွားသောအခါ တစ်ဖက်ဆီမှ 'ချွတ်' ခနဲ အသံတစ်သံကြားလိုက်ရ၍ ခြေလှမ်းများ တုန့်လှုပ်သွား၏။ သို့သော် ခြေသံများဆက်၍ကြားရသဖြင့် ကျန်လှေကားထစ်များမှ ဆက်လက်ဆင်းသွားလေသည်။

လှေကားခြေရင်းသို့ ရောက်သောအခါ တံခါးတစ်ချပ်ကို ဖွင့်လိုက်သကဲ့သို့ 'ကျွီ' ခနဲ အသံတစ်သံကြားလိုက်ရသဖြင့် သူသည် လှေခါးရင်းရှိ တိုင်တစ်တိုင်ကိုပင် ပြေး၍ ကပ်လိုက်မိသေး၏။ အောက်ထပ်၌ကား နောက်ဖေးဘက်သို့သွားသော အခန်းကြီးတစ်ခန်းရှိရာ ၎င်း၏အလယ်တံခါးမှာ ပွင့်၍နေသဖြင့် 'စောရ' သည် ထိုတံခါးရှိရာသို့ ခေတ္တမျှ ငေးစိုက်ကြည့်နေမိ၏။ တံခါးပွင့်၍နေခြင်းမှာ သဘာဝမကျလှသဖြင့် သူသည် ခြေများကို

http://www.cherrythitsar.org



အသံမကြားအောင် ဖော့၍နင်းပြီးလျှင် တံခါးဝသို့ သွားရောက်ခါ အခန်းတွင်းသို့ လက်ဝဲဘက်ဖြင့် ဝှေ့ယမ်း၍ ဝင်လိုက်၏။ အခန်းတွင်းမှာ မှောင်၍နေသည်ဆိုရသော်လည်း ပွင့်၍နေသောတံခါးမှ အပြင်အလင်းရောင် တိုးဝင်နေသဖြင့် မျက်စိဖြင့် ဝိုးဝါးမြင်ရရုံမျှ အနည်းငယ် လင်းလျက်ရှိ၏။ ထိုခဏ၌ သူ၏ လက်ျာဘက်အမှောင်ထဲတွင် ရိပ်ခနဲ မြင်လိုက်ရသော မဲမဲသဏ္ဍာန်ကြီးတစ်ခုကို တွေ့လိုက်ရသဖြင့် အသည်းနှလုံးများမှာ သူ၏ရင်ဝတွင် လာ၍ဆို့သကဲ့သို့ ထင်လိုက်မိ၏။ ကြက်သီးမွေးညင်းထကာ ထိုသဏ္ဍာန်ကြီးရှိရာသို့ ကြည့်၍ နေမိ၏။

သို့သော် လူတို့မည်သည် မည်မျှလောက် ကြောက်မက်ဖွယ်ကောင်းသော အရာဝတ္ထုဖြစ်စေ ကြောက်ရွံ့ခြင်းကြောင့်ပင် ကြည့်ရှုလိုသောဆန္ဒရှိသဖြင့် မိမိလက်နှိပ်ဓာတ်မီးဖြင့် ထိုသဏ္ဍာန်ရှိရာသို့ ထိုးကြည့်လိုက်လေသည်။ သို့သော် ထိုခဏ၌ပင် မထင်မရှား ဓာတ်မီးရောင်တစ်ခုလည်း သူ၏ မျက်နှာပေါ်သို့ ကျရောက်လာလေသည်။ သူမြင်ရသောအရာမှာ ဘောင်းဘီရှည်နှင့် ကာကီရောင်ရှပ်အင်္ကျီကိုဝတ်ကာ မျက်နှာတွင် ဦးခေါင်းစွပ်အမည်းကြီးကို မျက်လုံးများ ပေါ်ရုံမျှ စွပ်ထားသည့် လူတစ်ယောက်ဖြစ်လေသည်။ ထိုသူသည် သူ့အား လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လျက်ရှိ၏။ လက်နှိပ်ဓာတ်မီး၌ အဝတ်ပါးကလေး ဖုံးထားသဖြင့် အလင်းရောင်ပေါ်သည် ဆိုရုံမျှ ရှိ၏။

လူနှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် စေ့စေ့ကြည့်ကာ အရုပ်များကဲ့သို့ မလှုပ်မရှက် မိနစ်အနည်းငယ်မျှ ငြိမ်သက်လျက်ရှိကြလေသည်။

ပထမစောရသည် လက်ျာဘက် ဘောင်းဘီအိတ်ဆီသို့ လက်ရောက်၍သွား၏။

ဒုတိယလူက

'ကျုပ်မှာလဲ ပါပါတယ်ဗျ . . . အလကား ဒုက္ခမရှာပါနဲ့။ ဒိန်းဒိန်းဒိုင်းဒိုင်းနဲ့ မကောင်းပါဘူး'

ဟု ပြောလိုက်ရာ ပထမလူက . . .

'ခင်ဗျား ဘယ်သူလဲ . . .'

'ခင်ဗျားက မေးရတယ်ရှိသေးသလား . . . ခင်ဗျားလို စောရပေါ့'

'ဒါဖြင့် ခင်ဗျားက အရင်ရောက်နေလို့ရှိရင် ကျုပ်ကပဲ ရှောင်ပေးပါ့မယ်ဗျာ . . . ကျုပ်က နံပါတ် ၂ ပါ'

'ဘာဖြစ်လို့ ရှောင်ပေးရမှာလဲဗျာ'

http://www.cherrythitsar.org



'ကျုပ်က ရှောင်မပေးရင် ကျုပ်ကို ခင်ဗျား တစ်ဝက်ပေးနေရမှာ ပေါ့'

'ကျုပ် လောဘမကြီးပါဘူး မိတ်ဆွေ . . . ခင်ဗျားနဲ့ကျုပ်နဲ့ ဘဝတူ အကြံတူချင်းပဲ . . . ဘာပဲရရ ဝေစားမျှစားပေါ့'

လူနှစ်ယောက်တို့သည် တစ်ယောက်၏ပုံသဏ္ဌာန်ကို တစ်ယောက်က အကဲခတ်နေသည်ထက် တစ်ယောက်၏စိတ်သဘောကို တစ်ယောက်က တွေးတောစဉ်းစားနေဟန်တူ၏။ သူတို့သည် ရှေ့သို့လည်းမတိုး နောက်သို့လည်းမဆုတ် နေရာ၌ ရပ်မြဲရပ်ကာ တစ်ယောက်အရိပ်အကဲကို တစ်ယောက်က အကဲခတ်၍ နေဟန်တူသည်။ သို့သော် နှစ်ယောက်စလုံးပင် တစ်ယောက်ကို တစ်ယောက် လှည့်ဖျားလိုသောစိတ် ရှိကြဟန်မတူချေ။ တစ်ယောက်၏ ရိုးသားခြင်းသည် အခြားတစ်ယောက်၏ ကိုယ်တွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ ကူးပြောင်းသွားသကဲ့သို့ ရှိလေသည်။

ဒုတိယလူက . . .

'ကိုင်း ရဲဘော် . . . တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြရအောင်'

'ဒါဖြင့် ခေါင်းစွပ်ကို ချွတ်လိုက်ကြစို့ . . . ပြိုင်တူနော်'

'စိန်လိုက်ဗျာ'

သူတို့သည် ခေါင်းစွပ်များကို ပြိုင်တူ ချွတ်လိုက်ကြ၏။ အနီးသို့ ချဉ်းကပ်ပြီး တစ်ယောက်မျက်နှာကို တစ်ယောက် အတန်ကြာ အကဲခတ်လျက်ရှိကြလေသည်။

ဝတ္ထုအစတွင် ကျွန်ုပ်တို့ ရေးသားဖော်ပြခဲ့သော ဟယ်လပင်လမ်းဘက်မှ စက်ဘီးနှင့်ဝင်လာသူမှာ သေးသွယ်သော ကိုယ်ဟန်အနေအထားရှိသော်လည်း ဖြောင့်စင်းကျစ်လျစ်သော ကိုယ်ကာယရှိ၏။ အခန်းတွင်းသို့ ပထမရောက်နှင့်သူမှာ တုတ်ခိုင်သောကိုယ်ရှိ၍ ခွန်အားဗလနှင့် ပြည့်စုံသူတစ်ယောက်ဖြစ်လေသည်။

ကိုယ်လုံးသေးသွယ်သူမှာ နက်မှောင်သောမျက်လုံးများနှင့် ဖျတ်လတ်သော အမူအရာရှိ၍ ကိုယ်လုံးတုတ်ခိုင်သူမှာ ဉာဏ်စွမ်းထက် ကာယဗလကို အားကိုးသူတစ်ယောက် ဖြစ်ဟန်တူ၏။ သူတို့အချင်းချင်းပင် ဤအကြောင်းကို ရိပ်မိကြလေသည်။ နောက်ရောက်လာသူက ပထမရောက်နှင့်သူအား . . .

'ခင်ဗျားအပြင်မှာ ဘာလုပ်သလဲ'

'ဘာလုပ်ရမှာလဲဗျ . . . စောရ စောရပေါ့'

http://www.cherrythitsar.org



'မဟုတ်ပါဘူး အလုပ်ကြမ်းများ လုပ်ခဲ့ဖူးသလားလို့ပါ'

'ကျုပ် ငယ်ငယ်က ပန်းပဲလုပ်ခဲ့တယ်၊ ထောင်ကျတော့လဲ ထောင်ထဲမှာ ပန်းပဲလုပ်ရတယ်၊ ခင်ဗျား ဘာဖြစ်လို့ မေးတာလဲ'

'ခင်ဗျားလက်မောင်းက ကြွက်သားနဲ့ ရင်အုပ်ကို မြင်လို့ မေးတာပါ . . . ခင်ဗျား ဒီအိမ်ကို သတင်းရလို့ လာတာမဟုတ်လား'

'သတင်းရတယ်လို့ မဟုတ်ပါဘူး . . . လူမရှိမှန်းသိတာနဲ့ ဖောက်ဝင်တာပဲ'

'ဟာ . . . ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ . . . ကျုပ်တို့ အလုပ်မျိုးက သတင်းကို သေသေချာချာရအောင်ယူတယ်၊ အိမ်မှာ လူရှိမရှိ ကြိုတင်သိမှပေါ့ . . . လူရှိရင်လဲ ဒီအိမ်မှာ ယောကျ်ားဘယ်နှစ်ယောက်ရှိတယ်၊ မိန်းမဘယ်နှစ်ယောက်ရှိတယ် သိရတယ် . . .။ ယောကျ်ားထဲကလည်း အရေးရှိရင် ခုခံနိုင်မယ့်လူ ဘယ်နှစ်ယောက်ရှိတယ်၊ သူတို့ဘယ်နေရာမှာ အိပ်တယ်၊ အိပ်ရာနားမှာ ဘာလက်နက်ထားတယ်ဆိုတာ ကြိုတင်ပြီး သိထားမှပေါ့'

'ခင်ဗျားက အတော်ဉာဏ်သွားတဲ့လူပဲ . . . ကျုပ်တော့ ဒီဟာတွေ သိပ်စုံစမ်းမနေဘူး . . . ပိုက်ဆံရှိတဲ့ အိမ်ဆိုရင် လစ်ရင် ဖောက်တာပဲ'

'ဒီလိုအရမ်းလုပ်တာက လူမိတတ်တယ်'

'ဟုတ်တာပဲ ဒါကြောင့်လဲ ကျုပ်က ထောင်ကျခဲ့တာပေါ့၊ စစ်မဖြစ်ခင်တုန်းလောက်ကလေ'

'ခိုးတယ်ဆိုပေမယ့် ဉာဏ်ထုတ်တာ အကောင်းဆုံးပဲ'

'ခင်ဗျားပြောတာ ကျုပ်သဘောကျတယ်ဗျာ . . . နို့ပေမယ့် အခုစကားပြောဖို့အချိန်မရှိဘူး . . . နောက်မှ ပြောကြသေးတာပေါ့။ ကျုပ်တို့ အခု အလုပ်လုပ်ရလိမ့်မယ်'

'ဘယ်လိုလုပ်မလဲ'

'ပစ္စည်းရှာမယ်လေ . . .'

'ဘာပစ္စည်းတွေ တွေ့ထားသလဲ'

'ဟောဒီ ထမင်းစားခန်းမှာ ငွေထည်ပစ္စည်းတွေ အများကြီးပဲ။ တချို့ မှန်ဗီရိုကြီးထဲ ထည့်ထားတယ်၊ ဒီဟာတွေ ယူကြရုံပေါ့'

'ယူတာတော့ဟုတ်ပါရဲ့၊ ပစ္စည်းတွေက ဝန်ကျယ်လှတယ်ဗျာ'

'နို့ ခင်ဗျားက ဘယ်လိုအကြံပေးချင်လို့လဲ'

'ဒီတိုက်ဟာ ပင်စင်အငြိမ်းစား ဦးဘသာရဲ့ တိုက်ဗျ၊ ဒီလူကြီးမှာ ရွှေထည်တွေအများကြီးရှိတယ်လို့ ကျုပ် သတင်းရထားတယ်'

http://www.cherrythitsar.org



'ဟုတ်လား ကျုပ်တော့ မသိဘူးဗျို့ . . . အမှန်ပြောရမယ်ဆိုရင် ကျုပ်ကို သတင်းပေးတဲ့လူက ဒီအိမ်မှာ လူမရှိဘူး . . . အိမ်ရှင်တွေဟာ မန္တလေးကို သွားနေကြတယ်၊ အိမ်တံခါးကို သော့ခတ်ပိတ်ထားခဲ့တယ်၊ ထမင်းစားခန်းဟာ အိမ်အောက်ထပ်မှာရှိပြီး ငွေပန်းကန်ပြားတွေ အချပ် ၅၀ လောက်ရှိတယ်၊ အိမ်ဘေးပေါက်က လွယ်လွယ်ဖွင့်ဝင်နိုင်တယ် . . . ဒါလောက်ပဲ ကျုပ်သိတယ်'

'ကျုပ်က ဒီထက်စုံအောင် သိတယ်'

'သိရင် ခင်ဗျားအကြံဉာဏ်ပဲ ကျုပ်လိုက်ပါ့မယ်ဗျာ'

'ကောင်းပြီ ခင်ဗျားကိုလဲ ကျုပ် မြင်မြင်ချင်းခင်မင်တယ်၊ ခင်ဗျား ကျေးဇူးလဲ ကျုပ်အပေါ်မှာ ရှိတယ်'

'နေပါဦး ဘာကျေးဇူးလဲ'

'ခင်ဗျားသာ အခန်းထဲကနေပြီး ကျုပ်ကို ချောင်းလုပ်လိုက်ရင် အခုလောက်ရှိ ကျုပ်အလောင်းဟာ ဟောဒီသမံတလင်းပေါ် စန့်စန့်ကြီးဖြစ်နေပြီ'

'ကျုပ် ဒီလိုမလုပ်တတ်ပါဘူးဗျာ ခင်ဗျားဝင်လာကတည်းက ခင်ဗျားဟာ ကျုပ်လိုပဲ 'ညဥ့်လူ' တစ်ယောက်ဖြစ်တယ်ဆိုတာ သိတာပေါ့။ ဘဝတူချင်း ကျုပ် ရန်မမူတတ်ပါဘူး'

'ဒါကြောင့် ကျေးဇူးတင်တာပေါ့၊ ပြီးတော့ အခုလိုဖွင့်ပြောတာလဲ ခင်ဗျားမှာ ရိုးသားတဲ့စိတ်သဘောရှိတယ်ဆိုတာ ပြတာပဲ'

'ဒါထက် ခင်ဗျားနဲ့ ကျုပ်ဟာ တစ်ယောက်မျက်နှာကို တစ်ယောက်တော့ မြင်ကြရပြီ၊ နို့ပေမယ့် နာမည်တော့ မသိကြသေးဘူး'

'ဟာ . . . ဒီဟာ ပြောလို့ ဘယ်ဖြစ်ဦးမလဲဗျာ . . . အခုအလုပ်သာ အရင်ပြီးအောင် လုပ်ပါဦး၊ နောက်တစ်နေ့ရာရာချိန်းတွေ့ပြီး အဲဒီတော့မှ ရှေ့ကို ဘယ်လိုဆက်ကြမယ်ဆိုတာ တိုင်ပင်ကြတာပေါ့၊ ဒီအခါကျမှ တစ်ယောက်အကြောင်း တစ်ယောက်ပြောကြမယ်၊ အဲဒါ မကောင်းဘူးလား'

'ကောင်းပါ့ဗျာ . . . ခင်ဗျားပြောတာ သဘောကျပါတယ်'

'ကိုင်းလာ ကျုပ်နောက်လိုက်ခဲ့'

သို့နှင့် ကိုယ်လုံးကိုယ်ပေါက် ခပ်သွယ်သွယ်ရှိသော စောရန့်ပါတ် ၂ သည် အခန်းတွင်းသို့ ပထမရောက်နေသော စောရန့်ပါတ် ၁ ကို ခေါ်သွားလေ၏။ သူတို့နှစ်ယောက်ရှိနေသော အခန်းမှာ ထမင်းစားခန်းဖြစ်၍ နံပါတ် ၂ သည် နောက်ဖေးဘက်မှ တံခါးကိုဖွင့်ကာ မီးဖိုဆောင်ဘက်သို့ ခေါ်သွားလေသည်။ ဤသို့ခေါ်သွားရင်း နံပါတ် ၂ က တီးတိုးလေသံဖြင့် . . .

http://www.cherrythitsar.org



'ဒီဟာက မီးဖိုခန်းဗျ . . . အဲဒီမီးဖိုခန်း အောက်မှာ မြေတိုက်တစ်ခု ရှိတယ်၊ အဲဒီ မြေတိုက်ထဲမှ သူဌေးကြီးဦးဘသာဟာ သူ့ရဲပစ္စည်းတွေ ထားတယ်'

'တယ်လဲ ခင်ဗျားက သိထားတာကိုး'

'မသိရင် ဘယ်ဖြစ်မလဲလေ၊ ကျုပ်တို့အလုပ်ဟာ ဒီဟာကို ပထမ ထောက်လှမ်းရမယ် မဟုတ်လား . . .'

'ဟုတ်ပါတယ်'

'နို့ပေမယ့် မြေတိုက်ထဲဝင်တဲ့နေရာတော့ ကျုပ်မသိဘူး . . . ကျုပ်ကို သတင်းပေးတဲ့ အကောင်ကလဲ ဒီနေရာတော့မသိဘူး . . .၊ ဒီတော့ ကျုပ်တို့ကိုယ်တိုင် ရှာရုံပဲ ရှိတော့တယ်'

သို့နှင့် စောရနှစ်ယောက်တို့သည် မီးဖိုခန်း သမံတလင်းပေါ်တွင် မြေတိုက်သို့သွားရာတံခါးကို လက်နှိပ်ဓာတ်မီးများဖြင့် ရှာဖွေလျက်ရှိကြလေ၏။ ၅ မိနစ်ခန့်ကြာသောအခါ နံပါတ် ၂ သည် ကြောင်အိမ်ကြီးတစ်လုံးအောက်တွင် ခင်းထားသော ဂုန်နီအိတ်တစ်ခုကို ဖယ်လိုက်သည်တွင် သော့ခလောက်တစ်ခုဖြင့် ခတ်ထားသော သံကွင်းတစ်ခုကို တွေ့ရလေ၏။ ထို့နောက် ကြောင်အိမ်ကြီးကို ဖယ်ရှားကြပြီးလျှင် သံတံခါးကို မ,တင်ရာ ၂ ပေပတ်လည်ခန့် အပေါက်တစ်ပေါက်မှ အောက်သို့ဆင်းသော လှေကားထစ်များကို တွေ့ရသဖြင့် စောရနှစ်ယောက်တို့သည် အေးဆေးစွာ ဆင်းနိုင်လေသည်။

မြေတိုက်ကလေး အတွင်း၌ကား ရှေးရိုး တုံးလုံးသံသေတ္တာကြီး တစ်လုံးကို တွေ့ရ၍ အဖုံးကိုသွပ်သော့ခလောက်ကြီးတစ်လုံးဖြင့် ခတ်ထား၏။

ပထမလူက . . .

'ကျုပ်မှာ သံတူရွင်းပါတယ် အပေါ်မှာ ထားခဲ့တယ်ယူမလား'

'သံတူရွင်းနဲ့ ဖွင့်လို့မရပါဘူးလေ . . . ကျုပ်မှာ ဖွင့်ဖို့ ကိရိယာ ပါပါတယ်'

နံပါတ် ၂ သည် သူ၏ဘောင်းဘီအိတ်အတွင်းမှ ဖယောင်းတိုင် တစ်တိုင် ပုလင်းကလေးတစ်လုံးနှင့် တစ်ထွာခန့်မျှသာရှိသော အမေရိကန် ဒိုင်းလွှကလေးတစ်လက်ကို ထုတ်ယူလေ၏။ ထို့နောက် ဖယောင်းတိုင်ကို မီးထွန်းပြီးလျှင် နံပါတ် ၁ အား ကိုင်၍ ပြစေလျက် သွပ်ကွင်းအဆက်နေရာကို ငရဲမီးအနည်းငယ် လောင်းပြီးလျှင် ဒိုင်းလွှဖြင့် တိုက်ဖြတ်လေရာ ၁၀ မိနစ်ခန့်ကြာလတ်သော် သော့ခလောက်ကွင်းမှာ ပြတ်ထွက်သွားလေ၏။

သံသေတ္တာကြီးအတွင်း၌ကား အဝတ်အိတ် ၂ လုံးဖြင့် ထည့်ထားသော ရွှေထည်အပျက်များနှင့် ရွှေဒင်္ဂါးအနည်းငယ်တွေ့ရလေသည်။ မြေတိုက်အတွင်း၌ပင် သူတို့သည် ပစ္စည်းများကို ခွဲဝေကြလေသည်။ နံပါတ် ၂ သည် ရွှေထည်များစုပုံကာ နံပါတ် ၁ အား ထက်ဝက်ခွဲပေး၏။

ပထမလူက . . .

'အမှန်တော့ ကျုပ် ထက်ဝက်မရထိုက်ပါဘူးဗျာ၊ ခင်ဗျားပိုယူပါ'

'ကိစ္စမရှိပါဘူးလေ ယူသာယူပါ။ ခင်ဗျားကျေးဇူးလဲ ကျုပ်အပေါ် အများကြီးရှိတာပဲ'

'ကျေးဇူးစကားမပြောစမ်းပါနဲ့မိတ်ဆွေ၊ ဒီဟာတွေအားလုံးဟာ ခင်ဗျားအစွမ်းကြောင့် ရတာပဲ။ ဩော် . . . ဒါထက် ဒီကနေ့ည ကျုပ်တို့ ဘယ်မှာတွေ့ကြမလဲ'

'ဒီကနေ့ညတော့ မကောင်းသေးဘူးဗျ၊ နက်ဖြန်ည အေးအေးဆေးဆေးချိန်းရရင် ကောင်းမယ်။ ခင်ဗျား ဘယ်မှာတွေ့ချင်သလဲ'

'လင့်လမ်းက တရုတ်ဟိုတယ်ကို လာပါလား . . .။ ည ၈ နာရီလောက်ဆိုရင် လူလဲရှင်းတယ်၊ ချောင်လဲကျတယ်'

'အကောင်းသားပဲ . . . ဒါထက် ခင်ဗျားမှာ အပေါ်အင်္ကျီအနက် ရှိသလား'

'ရှိတယ်၊ ကုတ်အင်္ကျီအနက်ရှိတယ်'

'ကျုပ်မှာလဲ ရှိတယ်ဗျို့ . . . အဆင်သင့်ပဲ၊ ဒါဖြင့် ခင်ဗျား ကုတ်အင်္ကျီအနက်ဝတ်ခဲ့ဗျာ . . . ကျုပ်လဲ ဝတ်ခဲ့မယ်၊ ဒီတော့ ကျုပ်တို့အချင်းချင်း အထိမ်းအမှတ်အဖြစ်နဲ့ ပိုသိနိုင်တာပေါ့'

'ဝတ်ခဲ့ပါ့မယ်ဗျာ . . .'

'နက်ဖြန်ည ၈ နာရီနော် . . . အရင်ရောက်တဲ့လူက စောင့်တမ်း၊ ကတိမပျက်ရဘူး'

'စိတ်ချပါ မိတ်ဆွေ'

စောရနှစ်ယောက်တို့သည် အိမ်အတွင်းအပြင် ခြေရာလက်ရာများကို ဖျက်ကာ နောက်ဖေးတံခါးမှ ထွက်ခဲ့ကြ၏။ နံပါတ် ၂ က မိမိကိုင်တွယ်သော နေရာများကို အဝတ်စတစ်ခုနှင့်ပင် ပွတ်သပ်ခဲ့လေသည်။ မိမိတို့ထွက်ခဲ့သော နောက်ဖေးဘက်တံခါးကိုလည်း အောက်မှ သစ်စတစ်ခုဖြင့် ခုကာ တင်းကြပ်စွာ ပိတ်ထားခဲ့၏။

နံပါတ် ၂ က . . .

'ကျုပ်မှာ စက်ဘီးပါတယ်၊ စက်ဘီးနဲ့လစ်မယ် ခင်ဗျားကော'

http://www.cherrythitsar.org



'ကျုပ်မှာလဲပါတယ်၊ အံ့သြစရာကောင်းလိုက်လေဗျာ . . . ဒီထိ အောင် ခင်ဗျားနဲ့ ကျုပ်နဲ့ အကြံချင်းတူတာပဲ . . . တွေ့ရတာ ဝမ်းသာ တယ်ဗျာ'

'ကိုင်း ဒါဖြင့် နှစ်ယောက်အတူသွားလို့မကိုက်ဘူး၊ ခင်ဗျားက ဂေါ်ဒွင်လမ်းဘက်က သွားပေတော့၊ ကျုပ်က ပြည်လမ်းဘက်လှည့်စီးပြီး ထောင်ကြီးဘေးရောက်မှ စိန့်ဂျွန်းလမ်းအတိုင်း သွားမယ်၊ ဘယ့်နှယ်လဲ'

'ခင်ဗျားသဘောအတိုင်းပဲဗျာ'

'ကိုင်း . . . ဒါဖြင့် သွားပြီဗျို့ . . . ဘေးဥပဒ်ကင်းပါစေဗျာ'

သို့နှင့် အကြံတူစောရနှစ်ယောက် လမ်းခွဲကြလေသည်။

*

နောက်တစ်နေ့ည ၈ နာရီအချိန်တွင် လင့်လမ်းရှိ တရုတ်ဟို တယ်နှင့် 'ဘား' ကလေးမှာ . . . အတော်အတန် လူပြတ်လျက်ရှိရာ၊ ချောင် ကျသော ထောင့်တစ်ထောင့်၌ ကုတ်အင်္ကျီအနက်ဝတ်ထားသော လူရွယ်နှစ် ယောက်သည် ဘီယာလက်လေးလုံးခန့်စီ ရှိနေသော ဖန်ခွက်ကိုယ်စီဖြင့် ပူနွေးသော ဝက်သားစတိတ်နှင့် ဝက်အူချောင်းများကို တမြိန့်မြိန့် စား သောက်လျက်ရှိကြ၏။

တစ်ယောက်မှာ အရပ်မြင့်ပြီးလျှင် ခပ်သွယ်သွယ်ဖြစ်၍ အခြား တစ်ယောက်မှာမူ တုတ်ခိုင်သောလက်မောင်းများနှင့် ထူထဲသော ရင်အုပ်ရှိ ခြင်းကို ထောက်သဖြင့် ခွန်အားဗလနှင့် ပြည့်စုံသောသူတစ်ယောက် ဖြစ် ဟန်တူ၏။

ကိုယ်လုံးတုတ်တုတ်နှင့်လူက အရပ်မြင့်သူအား

'ဒါဖြင့် ကိုအေးချိုတို့အိမ်က ငါးထပ်ကြီးဘုရား ဘက်ကလာရင် လဲ ရောက်တာပေါ့'

'ရောက်တာပေါ့၊ နို့ပေမယ့် ချာချီလမ်းဘက်က ဝင်ရင် ပိုနီးတယ်၊ ခြံတံခါးတော့ အမြဲ ပိတ်ထားတာပဲ။ ခွေးကြီးကလဲရှိတော့ ဘယ်သူမှ မဝင် ဝံ့ဘူး'

'ဒါဖြင့် ကျုပ် နက်ဖြန်လောက် အလည်လာဦးမယ် . . .'

'နက်ဖြန်တော့ မလာနဲ့၊ သန်ဘက်ခါ လာပေါ့ . . .၊ ဘယ်အချိန် လာမလဲ'

'မနက်ခင်းလာမယ်'

http://www.cherrythitsar.org



'အင်း . . . မနက်လာတာ ကောင်းတယ်၊ နေ့လည်တော့ ကျုပ်က အိပ်တယ်၊ ကိုင်း . . . ကျုပ်အိမ်တော့ ခင်ဗျားသိပြီ၊ ကိုရွှေဇင် ခင်ဗျားအိမ်ကကော'

'ကျုပ်မှာ အိမ်မရှိဘူး ကိုအေးချို၊ တွေ့ကရာမှာ နေတာပဲ။ အခု ဘုရားကြီးပေါ်မှာ နေတယ်၊ ဇရပ်တစ်ခုရဲ့ နောက်ဖေးဆောင်ကလေးဟာ ကျုပ်အိမ်ပဲ။ ဒါကြောင့် စောစောက ခင်ဗျားကို ကျုပ်ဟာ ခြေသလုံးအိမ်တိုင်လို့ ပြောပါပြီကော'

'ဖြစ်ရလေဗျာ . . . ခင်ဗျားမှာ ဆွေမျိုးညာတိတောင်မှ မရှိဘူးလား ကိုရွှေဇင်'

'မရှိပါဘူးကိုအေးချို . . . တစ်ကောင်ကြွက်ဆိုမှ တစ်ကောင်ကြွက်ပါ'

'ဒါဖြင့် ခင်ဗျားပစ္စည်းတွေကောဗျာ၊ နေဦး . . . နေဦး . . . ပစ္စည်းထားတဲ့နေရာ သိချင်လို့ ကျုပ်က မေးနေတာမဟုတ်ဘူးနော်၊ ဘယ်နေရာမှာထားတယ် ဆိုတာလဲ ကျုပ်ကို ပြောဖို့မလိုပါဘူး၊ စိတ်မချလို့ ကျုပ်က မေးတာပါ ကိုရွှေဇင်'

'လျှို့ဝှက်တဲ့နေရာတစ်ခုမှာ ဒီလိုပဲထားရတာပေါ့ဗျာ၊ ကိုင်း ကိုအေးချို . . . ထည့်ဦးဗျာ နည်းနည်း'

'တော်ပြီဗျို့ ကိုရွှေဇင် ကျုပ်က မသောက်ပါဘူး၊ အခု ခင်ဗျားနဲ့ တွေ့လို့သာ နည်းနည်းပါးပါး လုပ်တာပါ၊ ဒါထက် ကျုပ်တို့တတွေဟာ ဒီအလုပ်လုပ်နေရင် အလွန်အမင်းသောက်လို့ မကောင်းဘူးဗျ၊ ဆင်ခြင်ရ မယ်၊ ဉာဏ်ထိုင်းမယ့် အလုပ်၊ သတိလစ်ဟင်းမယ့်အလုပ်ကို မလုပ်သင့် ဘူး'

'ဒါကြောင့် ခင်ဗျားကို ဆရာတင်ချင်တာပဲဗျို့၊ ခင်ဗျားက ကျုပ်ထက် နည်းနည်းအသက်ငယ်တယ်မဟုတ်လား၊ နို့ပေမယ့် ပညာဉာဏ်မှာတော့ ခင်ဗျားက အများကြီးသာပါပေတယ်ဗျာ'

'ဒီလိုမပြောပါနဲ့ဦးဗျာ . . . ခင်ဗျားကိုလဲ ကျုပ် အားကိုးပါတယ်၊ ခင်ဗျားဟာ ခွန်အားဗလနဲ့ ပြည့်စုံတယ်၊ သတ္တိရှိတယ်၊ ရှုပ်ရှုပ်ချွံချွံလုပ်တတ်တယ်၊ ဖွဲ့ရှိတယ်ဆိုတာ ခင်ဗျားရုပ်ကိုကြည့်ပြီး ကျုပ် အကဲခတ်နိုင် တယ် . . . မဟုတ်ဘူးလား'

'ဟုတ်တယ်ပဲထားပါတော့လေ'

'နို့ပေမယ့် ကျုပ် ဘယ်လောက်ပဲထိုးထွင်းဉာဏ်ရှိတယ်ထား၊ လူဆိုတာ လိုတဲ့အချက်ကလေးတွေ ချို့ယွင်းချက်ကလေးတွေတော့ ရှိတာပဲ

http://www.cherrythitsar.org



ကိုရွှေဇင် . . . ကျုပ်ဟာ တစ်ခါတလေ သတ္တိကြောင်တတ်တယ်၊ လောဘ ရမ္မက်ကြီးတဲ့အခါ ကြီးတတ်တယ်၊ သဝန်တိုချင် တိုတတ်တယ်'

'အို ကိစ္စမရှိပါဘူးဗျာ၊ ကျုပ် သည်းခံနိုင်ပါတယ်'

'ဒါထက် ကျုပ်တို့ ဘယ်လိုရှေ့ကို စခန်းသွားကြမယ်ဆိုတာ စဉ်းစားဖို့ကောင်းတယ်ဗျ၊ ဦးနှောက်နှစ်လုံးနဲ့ ကြံစည်ရတာဟာ တစ်လုံးထည်း ကြံရတာထက် ခရီးရောက်လိမ့်မယ်လို့ ကျုပ်ထင်တယ်၊ ဆိုပါတော့ဗျာ ခင်ဗျားက ခွန်အားဗလနဲ့ သတ္တိကိုသုံး၊ ကျုပ်က ဦးနှောက်ကိုသုံးရင် ကျုပ်တို့ နှစ်ယောက်စလုံးအတွက် အကျိုးရှိမယ်မဟုတ်လား၊ ပြီးတော့ ကျုပ်တို့ခိုးတာက တိုင်းပြည်ကိုလည်း အနှောင့်အယှက်မပေးဘူး၊ အိမ်ရှင်ကိုလဲ အနှောင့်အယှက်မပေးဘူး၊ မခုခံသမျှ ဘယ်သူ့ကိုမှ အကြမ်းမဖက်ဘူး၊ အိမ်ရှင်ကိုလဲ ရန်မရှာဘူး၊ ရဲအဖွဲ့ကိုလဲ ဒုက္ခမပေးဘူး၊ အမှန်တော့ ကျုပ်တို့လို အကောင်မျိုး အစိုးရကတောင် ကျေးဇူးတင်ဖို့ကောင်းတယ်'

'ဟုတ်လိုက်လေဗျာ . . . ရှေ့ကို စခန်းသွားဖို့ကတော့ ကိုအေးချို သဘောအတိုင်းပေါ့'

'ဒါဖြင့် ဒီလိုလုပ်၊ သန်ဘက်ခါ ခင်ဗျား ကျုပ်အိမ်လာကြည့်၊ နေဖို့ထိုင်ဖို့ သဘောကျရင် ကျုပ်အိမ်ပြောင်းနေပေါ့၊ အစားအသောက်ကစပြီး ဘာမှ မပူနဲ့၊ ကျုပ်အမေနဲ့ နှမလေးတစ်ယောက်ပဲ ရှိတယ်'

'သိပ်ကောင်းတာပေါ့ ကိုအေးချို၊ ဒီလိုနေရရင် . . .'

'ကျုပ်က ဉာဏ်ထုတ်၊ ခင်ဗျားက အလုပ်လုပ်'

'ဟုတ်တာပေါ့ဗျ၊ ကျုပ် ဘယ်မှာဖြစ်ဖြစ် နေနိုင်ပါတယ် ကိုအေးချို၊ ဇရပ်မှာတောင် နေသေးတာပဲ'

'ကိုင်းဗျာ သန်ဘက်ခါသာ ဆက်ဆက်လာခဲ့'

'လာပါ့မယ် ကိုအေးချို စိတ်သာချပါ'

*

ချိန်းဆိုထားသော နေ့သို့ ရောက်သောအခါ ကိုရွှေဇင်သည် ကိုအေးချို၏ အိမ်သို့ ရောက်ရှိလာသဖြင့် ကိုအေးချိုက မိမိနှမလေးနှင့် မိခင်တို့အား မိတ်ဆက်ပေး၏။ မိခင်ကြီးက ချိုသာသောစကားများဖြင့် လည်းကောင်း၊ အေးပိုက ကော်ဖီ မုန့်တို့ဖြင့်လည်းကောင်း လောကွတ်ပျူငှာ ဧည့်ခံကြ၏။ အိမ်ကလေးမှာ အပြင်မှကြည့်လျှင် ခပ်ကုပ်ကုပ်မျှသာ ရှိနေသော်လည်း အတွင်းတွင် အတော်အတန်ကောင်းမွန်၍ ခေတ်ဆန်သော အိမ်

http://www.cherrythitsar.org



သုံးကိရိယာများ၊ အိမ်ထောင်ပရိဘောဂများသည် သူ့နေရာနှင့်သူ သပ်ရပ်စွာရှိနေ၏။ ဘုရားစင်တွင် လတ်ဆတ်သော နှင်းဆီအဖြူပွင့်များဖြင့်လည်းကောင်း၊ ဧည့်ခံစားပွဲရှိ အပြာရောင်ကြွေအိုးတွင် စိမ်းလန်းသော ကျောက်ပန်းကလေးများဖြင့်လည်းကောင်း၊ ကုလားထိုင်များတွင် ဖြူစင်သော ကုလားထိုင်စွပ်များဖြင့်လည်းကောင်း၊ အခန်းဝနှင့် ပြတင်းပေါက်များတွင် အပြာရင့်ရောင် ပေါ်ပလင်ခန်းဆီးများဖြင့်လည်းကောင်း သိုက်မြိုက်ဝေဆာစွာ ရှိနေ၏။

မောင်ရွှေဇင်မှာ ယင်းတို့ကို မြင်ရသည်နှင့် လွန်စွာပင် သဘောကျလျက်ရှိလေသည်။

ခေတ္တမျှ ဝိုင်း၍ စကားစမြည်ပြောဆိုကြပြီးနောက် မိခင်ကြီးနှင့် နှမကလေး ထ၍ သွားသောအခါ . . . ကိုရွှေဇင်က

'ခင်ဗျားဟာ သိပ်ကုသိုလ်ကံ ကောင်းတာပဲ ကိုအေးချို'

'ဘာဖြစ်လို့လဲ'

'လောကမှာ ပစ္စည်းရှာရတယ်ဆိုတာ၊ ဒီလို ခင်တွယ်စရာရှိတော့ သာပြီး အားတက်တာပေါ့ဗျာ . . . ကျုပ်တို့များ ကြည့်ပါဦး၊ အိပ်တော့ ဇရပ်၊ စားတော့ ထမင်းဆိုင်၊ သောက်တော့ ရေအိုးစင်ပဲ ကိုအေးချိုရေ'

'ဒါကြောင့် ခင်ဗျားကို ကရုဏာသက်မိတာပေါ့ ကိုရွှေဇင်။ ဘယ့်နှယ်လဲ အိမ်ကိုတော့ သဘောကျပြီမဟုတ်လား'

'မေးမှ မေးပလေ ကိုအေးချိုရယ်'

'ကိုင်း ဒါဖြင့် ခင်ဗျားပြောင်းခဲ့ပေတော့၊ ဘယ်တော့ ပြောင်းမလဲ'

ကိုရွှေဇင်သည် တစ်စုံတစ်ရာကို စဉ်းစားမိသည့်ဟန်ဖြင့် ခပ်ငိုင်ငိုင်ရှိနေ၏။

'ဘာလဲဗျ၊ ခင်ဗျား ဘာသဘောမကျတာ ရှိလို့လဲ'

'သဘောမကျစရာ မရှိပါဘူးဗျာ၊ ကျုပ် စဉ်းစားတာ ဒါမဟုတ်ပါဘူး'

'ကိုင်း ဒီတော့ ဘယ်နေ့ပြောင်းမလဲ'

'နေပါဦး ခင်ဗျားအမေကြီးနဲ့ ညီမလေးကကော ကျုပ်ပြောင်းလာမှာ သဘောတူရဲ့လား'

'ကျုပ်ပြောပြီးပါပြီဗျာ . . . ပြီးတော့ အမယ်ကြီးက ကျုပ်စကားကို ဘယ်တော့မှ မပယ်ပါဘူး'

'ဒီကနေ့ ဗုဒ္ဓဟူးနေ့မဟုတ်လား'

'ဟုတ်တယ် . . .'

http://www.cherrythitsar.org



'ကျုပ် စနေနေ့ည ပြောင်းခဲ့မယ် . . .၊ နေဝင်ရီသရောကို လာခဲ့မယ်နော်'

'ကောင်းပါပြီဗျာ'

စနေနေ့ည ၇ နာရီအချိန်လောက်တွင် ကိုရွှေဇင်သည် မြင်းလှည်းကလေးတစ်စီးဖြင့် ဆိုက်ရောက်လာရာ သူ၏ ပစ္စည်းအချို့ကို မြင်းလှည်းသမားပါ သယ်ယူပေးသဖြင့် တစ်ခေါက်တည်းနှင့် ပစ္စည်းများ အစုံပါလာ၏။ ကိုရွှေဇင်၏ ပစ္စည်းများမှာ အလွန် နုံချာပြီးလျှင် သင်ဖြူးစုတ်တစ် ခုဖြင့် ရစ်ပတ်ထားသော မွေ့ရာလိပ်တစ်ခု၊ ကုလားဆိုင်များတွင် ရောင်းချ သော သံဖြူသေတ္တာအနက်တစ်လုံးနှင့် ရွှံ့မီးဖိုဟောင်းကြီးတစ်ခု ဖြစ်လေ သည်။ စက်ဘီးဟောင်းတစ်စီးကိုလည်း လက်က တွန်းယူလာ၏။

မောင်အေးချိုကလည်း ကိုရွှေဇင်အား အိမ်နောက်ဖေး တိုလီမိုလီထားသော အခန်းကို ရှင်းလင်းစေပြီးလျှင် နေရာပေးလေသည်။

ကိုရွှေဇင်မှာ တုတ်ခိုင်သော ကိုယ်လုံးရှိသော်လည်း မျက်နှာပေါက်မှာ မဆိုးလှချေ။ သနားကမားအမူအရာရှိပြီးလျှင် ကြည်လင်အေးမြသော မျက်လုံးများရှိ၍ အစဉ်မပြတ် ပြုံးရယ်၍ စကားပြောတတ်လေသည်။

ကိုအေးချိုက

'ဒီမီးဖိုစုတ်ကြီးက ဘာလုပ်ဖို့လဲဗျ'

'ထမင်းချက်စားဖို့ပေါ့ဗျာ'

'ဘယ်မှာလဲ ဒါဖြင့် ခင်ဗျား ထမင်းအိုး ဟင်းအိုးတွေ'

'ဇရပ်က မယ်သီလရှင်ကြီးကို စွန့်ခဲ့တယ်လေ'

'အေးပေါ့ဗျာ ကျုပ်တို့နဲ့အတူတူ စားတာပေါ့၊ တသီးတခြား ချက်မနေပါနဲ့'

တစ်ပတ်ခန့်ကြာလတ်သော် ကိုရွှေဇင်မှာ အလိုက်သိတတ်သော သူတစ်ယောက်ဖြစ်သည့်အတိုင်း နံနက်လင်းလျှင် ရေနွေးအိုးဆူ၍နေပြီးလျှင် ထင်းနှင့် ရေများ အသင့်ရှိနေလေပြီ။ သို့နှင့် မောင်အေးချို၏ မိခင်ကြီးနှင့် တကွ မအေးပိုကပါ ကိုရွှေဇင်အား မိမိတို့သားချင်းတစ်ယောက်ကဲ့သို့ ချစ်ခင်၍ လာတော့၏။ ကိုရွှေဇင်က မေမေဟူ၍လည်းကောင်း၊ ညီမလေးဟူ၍လည်းကောင်း ခေါ်ဝေါ်လေရာ၊ မအေးပိုကလည်း အစ်ကိုကြီးဟူ၍ နှုတ်ဖျားတွင် သီး၍လာတော့၏။

တစ်လလျှင် ထမင်းဖိုး ၁၀၀ ဟူ၍ မောင်ရွှေဇင်က မောင်အေးချို၏ မိခင်ကြီးလက်ထဲသို့ ထည့်၍ မအေးပိုအားလည်း မုန့်ဖိုး ၅၀–၆၀ ခန့် ပေးလေ့ရှိ၏။ သို့နှင့် မောင်အေးချိုတို့၏ အိမ်ထောင်မှာ ကိုရွှေဇင်ရောက်

http://www.cherrythitsar.org



လာသည့်အချိန်မှစ၍ ယခင်ကထက် စိုပြည်လာတော့၏။ ကိုရွှေဇင်မှာ အား လပ်သောအခါများ၌ မီးဖိုချောင်သို့ပင် ဝင်၍ အကူအညီပေးလျက်ရှိရာ မ အေးပိုကလည်း လွန်စွာပင် လိုက်လျောလျက်ရှိလေသည်၏။

ထိုအချိန်အတွင်း သူတို့၏ သွားလာလှုပ်ရှားမှုများမှာ လွန်စွာပင် နည်းပါးလျက် ၁ နှစ်နှင့် ၆ လအတွင်း ၂ ကြိမ်သာ ဖောက်ထွင်းမှုများကို ကျူးလွန်ကြလေသည်။ ၁ ကြိမ်မှာ ငွေသားသက်သက်ရသဖြင့် အေးချမ်းစွာ ခွဲဝေယူနိုင်သော်လည်း အခြားတစ်ကြိမ်၌မူ မဂိုလမ်းရှိ စိန်ဘာဘူတိုက်ကို ဖောက်ထွင်းနိုင်ခဲ့သည့်အတိုင်း စိန်ထည်အမြောက်အများ ရရှိခဲ့၏။

ဤသို့ဖြင့် စောရညီနောင်တို့မှာ အခြားလူဆိုးများကဲ့သို့ အကြမ်း ဖက်မှုဟူ၍ မပါဘဲ မောင်အေးချိုက စိတ်ကူးဉာဏ်ထုတ်ရသည့် ဦးနှောက် အဖြစ်ဖြင့်လည်းကောင်း၊ မောင်ရွှေဇင်က အတက်အချက် အဖောက်အထွင်း တွင် ကျွမ်းကျင်သည့်လက်ရုံးအားကိုး 'ကိရိယာတန်ဆာပလာ' အဖြစ်ဖြင့် လည်းကောင်း အသုံးတော်ခံခဲ့ကြလေသည်။

ထိုအခါမျိုး၌ မောင်အေးချိုမှာ ပြင်ပတွင် ဆက်ဆံမှုကောင်းခြင်း၊ ငွေကို ရေလိုသုံးနိုင်ခြင်းတို့ကြောင့် နိုင်ငံခြားလက်မှတ်ကိုပင် လွယ်ကူစွာ ရရှိအောင် ယူနိုင်ခဲ့လေသည်။ နိုင်ငံခြားလက်မှတ်ပေါ်တွင် ကပ်ထားသော ဓာတ်ပုံမှာလည်း မောင်အေးချိုသည် ဆံပင်ရှည်အတု နှုတ်ခမ်းမွေးရေးရေး အတုကိုတပ်ဆင်ပြီးလျှင် မိမိ၏ရုပ်ကို ဖျောက်ထား၏။ ထို့နောက် အကောင်း ဆုံး လက်ဆွဲသားရေအိတ်များ လေယာဉ်ပျံသုံး သံသေတ္တာများ ပထမတန်း အဝတ်စုံများကို ဝယ်ယူချုပ်လုပ်ပြီးသော် ဘုံဘေမြို့သို့ သွားရောက်၍ စိန် များကို ထုခွဲရောင်းချလေသည်။

ထိုအကြိမ်၌ မောင်အေးချိုမှာ အချိန်တစ်လကျော်ကျော်မျှ ကြာရှိ ခဲ့၏။

ထိုအချိန်အတွင်း၌ မောင်ရွှေဇင်နှင့် မအေးပိုတို့မှာ ယခင်ကထက် ရင်းနှီး၍ လာကြ၏။ အိမ်တွင်းမှ အိမ်ပြင်သို့ ထွက်ခဲလှသော မအေးပိုမှာ အခြားမည်သည့်ယောကျ်ားနှင့်မျှ တွေ့ဆုံခွင့်မရဘဲ မောင်ရွှေဇင်နှင့်သာ နေ့ စဉ်နှင့်အမျှ တွေ့ရဖန်များလတ်သော် ဖိုမတို့၏ စိတ်ဓာတ်သည် အနီးကပ် ဆုံးသော အတွေ့အမြင်ကို စွဲလမ်းတတ်သည့်အတိုင်း သမီးရည်းစားအဖြစ် သို့ ရောက်မှန်းမသိ ရောက်၍လာကြကုန်၏။ ထိုအချိန်၌ကား မောင်ရွှေဇင် မှာ မအေးပိုအား အဖိုးထိုက် အဖိုးတန်အဝတ်အစားများကို မကြာခဏ ဝယ် ချမ်းပေးသည့်ပြင် လစဉ် မုန့်ဖိုးဟူ၍ ၁၀၀၊ ၁၅၀ မျှ ပေးကမ်းလျက်ရှိနေ ခဲ့၏။

http://www.cherrythitsar.org



ဘုံဘေမြို့မှ မောင်အေးချို ပြန်ရောက်လာသောအခါ မောင်အေးချိုက ငွေငါးသောင်းမျှ ရခဲ့ကြောင်း ပြောပြရာ မောင်ရွှေဇင်ကလည်း ကောင်းစွာ ယုံကြည်လေသည်။

အမှန်အားဖြင့်သော် ငွေတစ်သိန်းကျော်မျှ ရရှိခဲ့၍ ကျန်ငွေ ၅၀၀၀၀ ကို မောင်အေးချိုသည် သူ့နာမည်နှင့် ဘဏ်တိုက်တစ်တိုက်၌ပင် အပ်ထားခဲ့လေသည်။

ဤသို့ လက်ထဲတွင် အတော်အတန် စုဆောင်းမိကြသောအခါ မောင်အေးချိုနှင့် မောင်ရွှေဇင်တို့မှာ အပြင်သို့ပင် မထွက်ဘဲ အိမ်ထဲ၌ ကုပ်ကာ အေးချမ်းစွာနေထိုင်ခဲ့ကြ၏။

ထိုမျှသာမက မောင်အေးချိုမှာ အလွန် ကျစ်လျစ်သိပ်သည်းသူတစ်ယောက် ဖြစ်သည့်အတိုင်း မည်မျှပင် ပစ္စည်းဥစ္စာများကို ရစေကာမူ ယခင်ကအတိုင်း 'မူ' မပျက် နေနိုင်သည့် အလေ့အကျင့်ရှိသူတစ်ယောက်လည်း ဖြစ်လေသည်။

ဘုံဘေမြို့မှ ပြန်ရောက်လာသောအခါ မောင်အေးချိုက မောင်ရွှေဇင်အား အိုမီဂါ ရွှေလက်ပတ်နာရီတစ်လုံးပေး၏။ ထို့ပြင် 'ရာလေ' စက်ဘီးအသစ်နှစ်စီးကိုလည်း ဝယ်ယူပြီးလျှင် တစ်စီးကို မောင်ရွှေဇင်အား လက်ဆောင်ပေးလေသည်။

*

အချိန်များသည် တရွေ့ရွေ့ ကုန်လွန်၍ လာခဲ့ရာ မောင်ရွှေဇင် နှင့် မအေးပိုတို့၏ မေတ္တာနှောင်ကြိုးများသည်လည်း ခိုင်မြဲသည်ထက် ခိုင်မြဲ ၍ လာတော့၏။

တစ်နေ့သော ညနေစောင်း နေဝင်ရီသရောအချိန် သာသာလောက်တွင် မောင်အေးချိုသည် အပြင်မှပြန်လာရာ အိမ်တစ်အိမ်လုံး တိတ်ချက်သားကောင်းလှသဖြင့် အိမ်ထဲသို့ ခြေဖျားထောက်၍ ဝင်ခဲ့လေ၏။

ဘုရားခန်းတွင် မီးခင်ကြီးသည် ဘုရားစင်တွင် ဆီမီးများ ထွန်းညှိကာ ပုတီးစိပ်လျက်ရှိနေသည်ကို တွေ့ရသော်လည်း ညီမ မအေးပိုကို လည်းကောင်း၊ မောင်ရွှေဇင်ကိုလည်းကောင်း မမြင်ရသဖြင့် နောက်ဖေး မီးဖိုဘက်သို့ လှည့်၍ ဝင်ခဲ့၏။ မီးဖိုဆောင်မှ နောက်ဖေးသို့ ထွက်သည့် ရေသွန်ခန်းတွင် မောင်ရွှေဇင်သည် ခုံတစ်ခုံပေါ်တွင် မအေးပိုနှင့် ယှဉ်တွဲထိုင်ကာ စကားကောင်းလျက် ရှိနေကြသည်ကို တွေ့ရလေသည်။

http://www.cherrythitsar.org



မောင်ရွှေဇင်က

'ဘယ့်နှယ်လဲ ညီမလေးရယ်၊ အစ်ကိုကြီးပြောသလို ဘယ်တော့များမှ အေးအေးဆေးဆေးနေရပါ့မလဲကွယ်'

'အခုလိုနေတော့ ဘာဖြစ်သလဲ အစ်ကိုကြီးရဲ့။ ဒီလိုနေရတာ ညီမလေးတော့ သိပ်ပျော်တာပဲ . . .'

'ပျော်တာတော့ ဟုတ်ပါရဲ့၊ ချစ်ရတဲ့အချစ်က ပုန်းရှိုးကွယ်ရှိုးနဲ့ အစ်ကိုကြီးတော့ လက်ထပ်ပြီးမှ စိတ်အေးမှာပဲ'

'လက်ထပ်ပြီးတော့ ဘယ်လိုလုပ်မှာလဲ'

'အိမ်တစ်အိမ်ဝယ်ပြီး သီးသီးခြားခြားနေတော့မှာပေါ့ ညီမလေးရဲ့'

'ဒါဖြင့် ဒီအလုပ်ကို စွန့်တော့မယ်ဆိုပါတော့'

'စွန့်မယ်လေ၊ အစ်ကိုကြီးလဲ မိုက်တွင်းနက်လွန်းလို့ ဒီအလုပ်လုပ်နေတာပဲ၊ တစ်ခါတစ်ခါတော့ နောင်တရပါတယ် ညီမလေးရယ်၊ ဒီအပေါ်ကိုအေးချို့နဲ့ တွေ့တော့ သာဆိုးနေတာပေါ့'

'အစ်ကိုလေးကတော့ စောရနက္ခတ်ကို ပါပါတယ် အစ်ကိုကြီး ရယ်။ ပြီးတော့ ဒီလောက်ပစ္စည်းရှိမှ တော်ရောပေါ့'

'သူက အင်မတန်လောဘကြီးတဲ့လူကွဲ့'

'ဒါထက် အစ်ကိုကြီးကော ဘယ်လောက်စုမိပြီလဲ'

'သိပ်မရှိပါဘူး ညီမလေးရယ်'

'အစ်ကိုကြီးလဲ တစ်ယောက်ထည်းပဲ။ ဒီလောက်ပစ္စည်းရှိရင် တော်လောက်ရောပေါ့၊ ပစ္စည်းတွေ သက်စွန့်ကြိုးပမ်းရှာပြီး နောက်တစ်နေ့ ဘာလုပ်မှာလဲ'

'ဟောဒီအချစ်ကို ပေးဖို့ပေါ့၊ ကိုင်း သိပြီလား ဟင်'

'အို အစ်ကိုကြီးကလဲ ယားပါတယ်၊ နေပါဦး အစ်ကိုကြီးပစ္စည်းတွေ ဘယ်မှာထားသလဲ'

'အစ်ကိုကြီးကို လက်ထပ်ဖို့ ကတိပေးမလား'

'ပေးပါ့မယ်အစ်ကိုကြီးရယ်၊ အခုအခြေအနေရောက်မှတော့ မပေးဘဲဖြစ်ပါတော့မလား'

'အစ်ကိုကြီး ဒီအိမ်ပြောင်းလာတုန်းက ပါလာတဲ့ မီးဖိုကြီး မြင်တယ်မဟုတ်လား'

'ဟုတ်ပါတယ်၊ အခု ရေသွန်ခန်းဘေးမှာ ပစ်ထားတဲ့ မီးဖိုကြီး မဟုတ်လား၊ ခေါ်တောကုလားတွေ ရောင်းတာမျိုး တစ်ခု နှစ်ကျပ်ခွဲ သုံးကျပ်ပေးရတယ်'

http://www.cherrythitsar.org



'ဘယ်လောက်လေးမယ်ထင်သလဲ'

'အလေးကြီးပဲ၊ အနည်းဆုံး နှစ်ပိဿာလောက်လေးမှာပေါ့'

'အဲဒါ အတွင်းက ရွှေချည်းပဲ၊ အပေါ်ကသာ လူမမြင်အောင် ရွှံ့နဲ့မံထားတာ'

'ဟင် ဟုတ်လား . . . အစ်ကိုကြီး၊ ဒီလိုဆိုရင် အိမ်ထဲသွင်းထားမှပေါ့'

'ပြီးတော့ အစ်ကိုကြီးခေါင်းအုံးမြင်တယ်မဟုတ်လား'

'ဟုတ်တယ်လေ ခေါင်းအုံးစုတ်ကြီး ညစ်ထေးနေတာပဲ'

'အဲဒီအထဲမှာ ငွေစက္ကူတစ်ရာတန် အချပ်သုံးရာရှိတယ်'

'သြော် . . .'

'ပြီးတော့ အစ်ကိုကြီးအိမ်နေရင်း ဝတ်နေတဲ့ ပလေဇာအင်္ကျီအစိမ်းကြီး မြင်လား'

'မြင်ပါတယ်၊ ဂုတ်ကတောင် စုတ်နေပြီ၊ အစ်ကိုကြီးမို့ဝတ်နေတာ'

'အဲဒီ အင်္ကျီက အောက်အနားပတ်ထဲမှာ အတွင်းက လျှောက်ပြီး သီထားတာ စိန်ရတီနှစ်ဆယ်လောက်ရှိတယ်'

'ဟင် ဟုတ်လား ကျွန်မဖြင့် မသိပေါင်၊ တစ်နေ့ကတောင် ကုလားသူတောင်းစားကြီး စွန့်လိုက်မယ်ကြံသေးတယ်'

'မလုပ်လိုက်ပါနဲ့ မချောရယ်'

ထိုခဏ၌ မောင်အေးချိုသည် ခြေဖျားထောက်ကာ အပြင်ခန်းသို့ ပြန်၍ ထွက်သွားပြီးနောက် 'ဖိနပ်ချွတ်' မှနေ၍ ချောင်းဟန့်လိုက်ပြီးလျှင်

'အိမ်လဲ လူမရှိပါလားဟေ့၊ မအေးပို ဘယ်သွားနေသလဲ'

ဟု အော်လိုက်လေသည်။

*

နောက် ၃ ရက်ခန့်ကြာသောအခါ မောင်အေးချိုနှင့် မောင်ရွှေဇင်တို့သည် သူတို့၏ 'အော့ပရေးရှင်း' အတွက် စီးလားရိုက်လျက် ရှိကြလေ၏။

ထိုနေ့၌ မောင်ရွှေဇင်က စက်ဘီးများကို တိုက်ချွတ်၍ ဝက်အူ များကြပ်ပြီးလျှင် ဆီများထည့်လျက်ရှိသည်။

မောင်အေးချိုကမူ ဖောက်ထွင်းသော ကိရိယာများနှင့် လက်နက်များကို ပြင်ဆင်လျက်ရှိလေသည်။

မောင်ရွှေဇင်က

http://www.cherrythitsar.org



'ဘယ့်နှယ်လဲ ကိုအေးချို၊ ဒီတစ်ချီပြီးရင်တော့ ကျုပ်တို့ အလုပ်ရပ်ကြစို့ရဲ့ဗျာ။ ခင်ဗျားတို့ ကျုပ်တို့လဲ အတော်အသင့်တော့ စုမိပြီမဟုတ် လား'

'ရပ်တာတော့ ဟုတ်ပါရဲ့၊ ပြီးတော့ ဘာလုပ်စားမှာလဲ'

'ကောင်းရောင်းကောင်းဝယ်ပေါ့ ကိုအေးချို'

'ဘာကောင်းရောင်းကောင်းဝယ်လဲဗျ၊ အခုခေတ်မှာ ဘာကောင်းရောင်းကောင်းဝယ်မှ မရှိဘူး၊ ကျုပ်တို့က တိတ်တိတ်ခိုးတဲ့ သူခိုး၊ သူတို့က ဖြောင်ခိုးတဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းသူခိုး'

'အင်းလေ ဒီဟာတော့ ကြည့်လုပ်ရတာပေါ့၊ တစ်ခုရှိတာကလဲ ခင်ဗျားတို့ ကျုပ်တို့ အခုလုပ်နေတဲ့ အလုပ်ဟာ မကောင်းဘူးမဟုတ်လား၊ ဒီတော့ ကျုပ်တို့ ဘယ်လောက်ပဲ ဉာဏ်သွားတယ်ဆိုဆို၊ မကောင်းမှုဆိုတာ တစ်နေ့မှာ မကောင်းတာနဲ့ အကျိုးပေးတတ်တယ် ကိုအေးချို၊ ဒီတော့ ကျုပ်တို့ဟာ ရပ်တန်းကရပ်ဖို့ ကောင်းပြီထင်တယ်'

မောင်အေးချိုသည် စကားမပြောသေးဘဲ ခေတ္တမျှ တွေဝေလျက် ရှိလေသည်။ လွန်ခဲ့သော ၃ – ၄ ရက်က အိမ်နောက်ခန်းတွင် မအေးပိုနှင့် မောင်ရွှေဇင်တို့ စကားပြောနေပုံကို မောင်အေးချိုသည် ပြေး၍သတိရမိ၏။

'ဒီအကောင်က လက်ထဲမှာ အတော်ကလေးစုမိဆောင်းမိလို့ ဒီစကားထွက်လာတယ်၊ ပြီးတော့ အေးပိုကိုများ သူက ကြံလား စည်လားနဲ့၊ ငါ့နှမ မင်းတို့လို စောရနဲ့ တန်သလား ရွှေဇင်ရယ်၊ ငွေကိုတောင်လိုပုံပြီး ပေးရချင်ပေးရပစေ။ မြို့အုပ်ဝန်ထောက်နဲ့မှ ငါ ပေးစားမယ်မှန်းထားတာကွ။ တစ်ခုလဲ ရှိသေးတယ်၊ ငါ့နှမလဲ လွတ်ကင်းအောင်၊ အခုလက်ငင်း ခွဲပေးရမယ့် ငွေငါးသောင်းထဲက တစ်ဝက်ကိုလဲ မပေးရလေအောင် သူစုထားတဲ့ ပစ္စည်းတွေလဲရအောင် ငါ ဘယ်လိုကြံမလဲ . . . အကြံ ထုတ်လိုက်စမ်း၊ တစ်နည်းထည်းပဲရှိတယ်၊ ဒီအကောင်သေသွားလို့ ဘယ်သူကမှလဲ လာပြီး အမွေတောင်းမှာမဟုတ်ဘူး၊ သူ ဘယ်သူလဲဆိုတာတောင် ဘယ်သူမှ သိမှာ မဟုတ်ဘူး၊ မြူနီစီပယ်က မသာချ၊ ငါက အမွေရ၊ နိပ်လိုက်လေကွယ် ငါ့အကြံ'

မောင်အေးချိုသည် မိနစ်တစ်ဝက်ခန့် စီးကရက်ကို ဖွာရင်း တွေး၍ နေမိလေသည်။

မောင်ရွှေဇင်က

'ဘာတွေများ ဒီလောက်စဉ်းစားနေရသလဲဗျ၊ ဒီကနေ့ည ကိစ္စက ခဲယဉ်းလို့လား'

http://www.cherrythitsar.org



ဟု ပြောလိုက်သောအခါ . . .

'ခဲယဉ်းတယ်ဆိုလဲ ဟုတ်ကဲ့ . . . မခဲယဉ်းဘူးဆိုလဲ ဟုတ်ကဲ့'

'ဆိုစမ်းပါဦးဗျာ'

'ဒီလိုဗျ ဒီကနေ့ည ကျုပ်တို့ ဖောက်ရမယ့်တိုက်က . . . သံအမတ်ကြီးရဲ့ အပါးတော်မြဲတိုက်ဗျ . . .၊ သာသနာ့ရိပ်သာနဲ့ သိပ်မဝေးလှဘူး၊ ဒီကနေ့ည သံအမတ်ကြီးအိမ်မှာ ၉ နာရီ ညစာစားပွဲရှိတယ်၊ ဒီတော့ သောက်တာက တစ်နာရီလောက်၊ ညစာစားတာက ၂ နာရီလောက်၊ ဗိုလ်ထီးဗိုလ်မတွဲကမှာက တစ်နာရီလောက်ဆိုတော့ အနည်းဆုံး ၁၂ နာရီကျော်မှ သူအိမ်ပြန်ရောက်မယ်၊ ဒါကြောင့် ကျုပ်တို့ဖောက်ရမယ့်အချိန်ဟာ ၁၀ နာရီခွဲနဲ့ ၁၁ နာရီခွဲကြား ဖြစ်ရမယ်'

'အိမ်မှာ အစောင့်မရှိဘူးလား'

'သူက တစ်ယောက်ထည်းနေတဲ့လူပဲ၊ အိမ်သားတော့ မရှိဘူး၊ သေနတ်ကိုင်ဒရဝမ်တစ်ယောက် ဂေါ်ရခါးတစ်ယောက်၊ ဘွိုင်ကုလားတစ်ယောက်ရှိတယ်၊ သူတို့က နောက်ဖေးအစေခံတန်းလျားမှာနေတယ်၊ နို့ပေ မယ့် ဒီကောင်တွေအတွက်တော့ စိုးရိမ်စရာ မရှိလှပါဘူး၊ ကျုပ်လူတွေက ကြည့်ပြီးလုပ်ထားလိမ့်မယ်'

'ရဖို့ မျှော်လင့်ချက်ကကော'

'နှစ်သောင်းလောက်ပါ၊ ပြီးတော့ သူ့မှာ မီးခံသေတ္တာရယ်လို့ အကြီးအကျယ်မရှိဘူး၊ ရုံးတိုက်က ငွေထည့်သေတ္တာ အသေးစားကလေးတစ်လုံးနဲ့ ထည့်ပြီး အိပ်ရာခုတင်အောက်မှာ ထားလေ့ရှိသတဲ့ဗျ၊ ဒီတော့ သူ့အခန်းကသော့ကို ဖျက်ပြီးဝင်ရုံပဲ'

'ကိုင်းလေ . . . ဒီတစ်ချည်တော့ ကြံစည်ပြီးလို့ရှိရင်လဲ လုပ်ကြရသေးတာပေါ့'

'ပြီးတော့ ကျုပ်တို့အလုပ်က အိမ်မှာ လူမရှိတုန်း ကြံစည်တယ်မဟုတ်လား'

'ဟုတ်တာပေါ့ ကိုအေးချို'

'ဒီတော့ ဒီလို အခွင့်အရေးမျိုးဆိုတာ အင်မတန်ရခဲတာဗျ၊ လက်လွှတ်လို့ မဖြစ်ပေဘူး'

'ဒါဖြင့်လဲ ဆရာ့သဘောအတိုင်းပေါ့ဆရာ'

*

http://www.cherrythitsar.org



ထိုညဦး ၁၀ နာရီကျော်ကျော် အချိန်လောက်၌ ယခင်ကကဲ့သို့ပင် မျက်နှာဖုံးများ တပ်ထားသော စောရ ၂ ယောက်တို့သည် အတော်အတန် ကျယ်ဝန်းသော ခြံကြီးတစ်ခြံ၏ ဝင်းအတွင်း တိုက်သစ်တစ်လုံး၏ နောက်ဖေးဘက် မှောင်ရိပ်တစ်ခုအောက်တွင် ရောက်ရှိလျက် ရှိကြ၏။

ထိုတိုက်သစ်မှာ နိုင်ငံတော်အစိုးရ ရုပ်ရှင်နှင့် ပြဇာတ်ဌာနသို့ ဝင်သော လမ်းထိပ်နှင့် များစွာမဝေးလှချေ။ တိုက်မှာ ဆောက်ပြီးစ တိုက်သစ်ဖြစ်ပြီးလျှင် နောက်ဖေးဘက်၌ ဝါးရုံတောကလေးရှိ၏။ စောရတို့သည် စက်ဘီး ၂ စီးကို ၎င်းဝါးရုံတော၌ အပြင်မှ ရုတ်တရက် မမြင်နိုင်သော ချောင်ကျကျနေရာတစ်နေရာ၌ ယှဉ်၍ထောင်ထားပြီးသော် အိမ်နောက်ဖေးတံခါး ကို ဖွင့်ရန် နောက်ဖေးမီးဖိုဘက်သို့သွားသော စကြ်ပေါင်းကူးအောက်သို့ ဝင်ကြလေ၏။

သူတို့ဖောက်ထွင်းရမည့်တံခါးမှာ ထုတစ်လက်မခန့် ထူ၍ သံမင်းတုန်းတွင် လက်သန်းလုံးခန့် ထုရှိသည့် သွပ်သော့ခလောက်ကြီးတစ်လုံး တပ်ထား၏။

ပထမလူက

'ဟုတ်တယ်ဗျို့ ဘာသံမှမကြားရဘူး၊ အားလုံးတိတ်နေတာပဲ'

ဟု ပြောလိုက်သောအခါ ဒုတိယလူက

'ဒါကြောင့် ခင်ဗျားကို ကျုပ်ပြောတယ်မဟုတ်လား၊ ကျုပ်လုပ်လိုက်ရင် မီးသေပါတယ်ဗျာ စိတ်ချပါ၊ ဘွိုင်ကုလားက မြို့ထဲသွားပြီ၊ အစောင့် ၂ ယောက်က ဟိုဘက်က အစေခံတန်းလျားမှာ အရက်မူးပြီး ခု လောက်ရှိ လဲနေပြီ။ စိတ်ချရအောင် အရက်ထဲမှာ အိပ်ဆေးတောင် ကျုပ်လူ က ခပ်လိုက်သေးတယ်၊ ဒီတော့ ကျုပ်တို့စဉ်းစားစရာ ၂ ချက်ပဲ ရှိတယ်၊ မှန်ပြတင်းပေါက်ကို ဖောက်မလား၊ တံခါးမကြီးက သွပ်သော့ခလောက်ကို ဖြတ်မလား၊ ဒုတိယဟာက ပိုလွယ်လိမ့်မယ်ထင်တယ်။ ကိုင်း လာဗျို့၊ ကျုပ်က ငရဲမီးနည်းနည်း လောင်းထည့်ပေးမယ်၊ ဒိုင်းလွှနဲ့ ခင်ဗျားက တိုက်ပေတော့။ ခင်ဗျားဗလနဲ့ဆိုရင် မကြာပါဘူး၊ နာရီဝက်တိုက် ရတော့မပေါ့'

သို့နှင့် နံပါတ် ၁ သည် တံခါးသော့ခလောက်ကို ဒိုင်းလွှဖြင့် တဖြည်းဖြည်း တိုက်ဖြတ်လေ၏။

နံပါတ် ၂ မှာမူ၊ အသံဗလံကို နားထောင်လျက် အရေးအကြောင်းရှိက အချက်ပေးရန် အသင့်ရှိနေ၏။ နံပါတ် ၂ သည် နံပါတ် ၁ အနီးသို့ ချဉ်းကပ်ပြီးနောက်

'ခုနေအခါ လူလာရင် ဘယ်လိုလုပ်မလဲ'

http://www.cherrythitsar.org



'ကျုပ်ဝါဒကတော့ ပြေးရုံပဲ၊ ဒါကြောင့် ခြံဘေးတံခါးကို အလွယ်တကူပြေးနိုင်အောင် ဖွင့်ထားတာပေါ့၊ အိမ်ရှင်နဲ့ဖြစ်ဖြစ်၊ အရပ်သားနဲ့ ဖြစ်ဖြစ်၊ ပုလိပ်နဲ့ ဖြစ်ဖြစ်၊ ရင်မဆိုင်တာ အကောင်းဆုံးပဲ'

'ဒီဟာကတော့ ထားပါဦး၊ ဒါထက် မပြောကောင်းပြောကောင်း ကျုပ်တို့ပြေးရရင် ဘယ်ဘက်ကို ပြေးကြမလဲ၊ အစီအစဉ်ဆိုတာ ကြိုတင်ရှိထားရင်ကောင်းတယ်'

'ဟုတ်တာပေါ့ ကျုပ်က မြို့ထဲဘက် ပြေးမယ်လေ ခင်ဗျားက မြောက်ဘက်ပြေးပေါ့'

'ဟုတ်ပြီ'

'ဒါထက် ကျုပ်တို့ဘိုင်စကယ်တွေ နေရာတကျရှိရဲ့လားဗျာ'

'ရှိပါတယ် ကျုပ်တစ်ပတ်လှည့်ပြီး သွားကြည့်လိုက်ဦးမယ်။ မှောင်လိုက်တာလဲဗျာ လွန်ပါရော'

သို့နှင့် နံပါတ် ၂ သည် ဝါးပင်ချုံကလေးများရှိရာသို့ ထွက်သွားလေ၏။ ဘိုင်စကယ်များရှိရာသို့ ရောက်သောအခါ သူသည် နံပါတ် ၁ ၏ စက်ဘီးအနီးသို့ ချဉ်းကပ်၍သွားလေ၏။ ထို့နောက် ဘောင်းဘီအိတ်ထဲမှ ပလိုင်ယာတစ်ခုကို ယူပြီးလျှင် စက်ဘီးမှ 'ဘရိတ်'များကို ဖြုတ်လေသည်။

မကြာမီ နံပါတ် ၂ သည် နံပါတ် ၁ အနီးသို့ ပြန်ရောက်လာပြီးနောက် . . .

'သော့ခလောက်ကို ခင်ဗျားတိုက်တာက နည်းနည်းအသံထွက်တယ်ဗျ၊ ကြိတ်ပြီး ဖြည်းဖြည်းဆွဲယူစမ်းပါ . . . အဲ ဟုတ်ပြီ . . . ဒီလိုမှ ပေါ့ တစ်ဝက်နီးပါးတောင် ပြတ်နေမှပဲ . . . '

ဟု ပြောလိုက်ပြီး လေသံဖြင့်

'အလို နားထောင်စမ်းဗျို့၊ အိမ်ရှေ့က ဘာသံလဲ'

နံပါတ် ၁ သည် ဒိုင်းလွှကို လွှတ်ချလိုက်၏။ နှစ်ယောက်သား အိမ်ရှေ့ဘက်သို့ နားစွင့်လျက်ရှိကြ၏။

အသံကား လူနှစ်ယောက်၏ ဖိနပ်သံအမှန်ဖြစ်၍ ခြံအတွင်းသို့ အိမ်ရှေ့ပေါက်မှ ဝင်လာသောအသံဖြစ်လေသည်။

'ပြေးကြစို့ ကိုရွှေဇင်'

နံပါတ် ၂ မှာ လွန်စွာလျင်မြန်ဖြတ်လတ်သူဖြစ်သည့်အတိုင်း ဝါးပင်ချုံရှိရာသို့ ရှေးဦးစွာ ရောက်ရှိသွားပြီးလျှင် စက်ဘီးကိုတွန်းရင်း ခုန်၍ တက်ကာ ခြံဘေးပေါက်မှထွက်၍ လမ်းဘက်သို့ တစ်ခါတည်း စီးသွားလေ၏။ နံပါတ် ၁ မှာ တစ်မိနစ်ခန့်နောက်ကျခဲ့လေသည်။

http://www.cherrythitsar.org



အိမ်ခြံရှေ့မှ ဝင်လာသူများမှ စက်ဘီး ပတ္တရောင် ၂ ယောက်ဖြစ်၍ တစ်ယောက်သည် ခြံရှေ့ပေါက်သို့ စက်ဘီးဖြင့်ထွက်၍လိုက်သဖြင့် နံပါတ် ၂ သည် ယခင်က စီစဉ်ထားသည့်အတိုင်း မြောက်ဘက်သို့ ပြေးရန် လမ်း ပိတ်နေပြီဖြစ်၍ ကုက္ကိုင်းလမ်းကြီးအတိုင်း တောင်ဘက်သို့ နင်းပြေးလေ၏။ ဒုတိယ ပတ္တရောင်လည်း ၎င်းတို့နောက်သို့ပင် နောက်မှနင်း၍ လိုက်ပြန် လေသည်။

သို့ဖြစ်၍ စောရနံပါတ် ၁ မှာလည်း ယခင်က အစီအစဉ်မဟုတ် ဘဲ မြောက်ဘက်သို့ ပြေးရလေတော့၏။

စောရနံပါတ် ၂ မှာကား တောင်ဘက်သို့နင်း၍ ပြေးခဲ့ရာ တောင် ဘက်တစ်လျှောက်လုံးမှာ အဆင်းဖြစ်သဖြင့်တစ်ကြောင်း၊ စက်ဘီးမှာလည်း အသစ်ဖြစ်သည့်ပြင် ဆီများ ကောင်းစွာထည့်ထားသဖြင့် တစ်ကြောင်း၊ တစ် နာရီလျှင် မိုင် ၄၀ ခန့်ပင်ရှိမည်ဟု ထင်ရ၏။

ဘိုးဘွားရိပ်သာသို့မရောက်မီ ကိုက် ၁၀၀ ခန့်အကွာသို့ရောက် သောအခါ စက်ဘီးမှာ ယခင်ကထက် ပို၍မြန်လာသကဲ့သို့ ထင်မှတ်ရတော့ ၏။ ကိုက် ၅၀ ခန့်အကွာ ကွေ့ကြီးသို့ ရောက်သောအခါ၌မူ စက်ဘီးသည် တစ်နာရီလျှင် မိုင် ၆၀ နှုန်းခန့် ပြေးလျက်ရှိလေ၏။

ထိုအချိန်၌ တောင်ဘက်မှ မြောက်ဘက်သို့ အပြင်းမောင်း လာသော ဂျစ်ကားတစ်စီးသည် အရှိန်ပြင်းလွန်းသဖြင့် လက်ဝဲဘက်သို့ မကပ်နိုင်ဘဲ လက်ျာဘက်ဆီသို့ တရှိန်တိုးဝင်၍ လာနေ၏။ ထိုအခါ စောရ၏ စက်ဘီးသည် နောက်ဘရိတ်ကို ခပ်ဖြည်းဖြည်း အုပ်လေ၏။ သို့ သော် ဘရိတ်မရှိသဖြင့် ဘရိတ်မမိတော့ချေ။ ထိုအခါမှ မှောင်ထဲတွင် မိမိ သည် နံပါတ် ၁ ၏ စက်ဘီးကို မှား၍ စီးနင်းလာခဲ့ကြောင်း သိရတော့သည်။ သို့သော် နောက်ကျခဲ့ချေပြီ။ သူ၏ အသိဉာဏ်မှာ စက္ကန့် ပိုင်းလောက်သာ ကျန်လေတော့သည်။ သူသည် ဘရိတ်အုပ်မရသည့် အဆုံးတွင် ဂျစ်ကားရှေ့မှ လက်ဝဲဘက်သို့ တစ်ခါတည်း ဖြတ်ချရန်မှ တစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။ သို့နှင့် ဂျစ်ကားရှေ့မှ ရဲဝံ့စွာ ဖြတ်ချ လိုက်၏။

သို့သော် မိုင် ၆၀ နှုန်းဖြင့်လာသော ဘရိတ်မပါသည့် စက်ဘီးမှာ လက်ကိုင်ကို လက်ျာဘက်သို့ ပြန်၍ မထိန်းနိုင်မီ လက်ဝဲဘက်သို့ အရှိန် လွန်၍ ထိုးသွားပြီးနောက် သစ်ပင်ကြီးသုံးပင်နှင့် သစ်သား 'ပိုင်းတား' ကြား ထဲသို့ ဝင်၍သွားကာ ပေ ၃၀ ခန့်နက်သော ချောက်ထဲသို့ တစ်ခါတည်း ထိုးကျသွားလေတော့သတည်း။

http://www.cherrythitsar.org



နောက်မှ ထပ်ချက်လိုက်လာသော ရဲပတ္တရောင်များသည် ဂျစ်ကားကို ရပ်စေပြီးလျှင် ယင်းဂျစ်ကား၏ အကူအညီဖြင့် ရဲဌာနသို့ အကြောင်းကြားပြီးနောက် စာေရ၏အလောင်းကို ဆေးရုံသို့ ပို့ကြရ၏။ ဘိုင်စကယ်ကိုလည်း သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းလိုက်၏။

*

နောက်တစ်နေ့နံနက်၌ မောင်ရွှေဇင်လည်း မအေးပိုသားအမိအား စိတ်အားမငယ်ရန် အမျိုးမျိုးအားပေးလျက် မောင်အေးချို၏ ကြမ္မာကို မလွှဲသာသည့်အတိုင်း ပြန်ပြောင်းပြောဆိုရတော့၏။ မောင်ရွှေဇင်သည် ဆေးရုံသို့ ရပ်ဖျောက်ရောက်ခဲ့ပြီးလျှင် မောင်အေးချိုဖြစ်ပျက်ပုံသတင်းကို အလုံးစုံကြားသိခဲ့ရ၏။ မောင်အေးချိုသည် ချောက်ထဲသို့ ကျသွားရာ၌ မျက်နှာကို သစ်ပင်ကိုင်းများ ကျောက်တုံးများဖြင့် ပြင်းထန်စွာ ရိုက်မိပြီးလျှင် ကြေမွသွားသဖြင့် ရဲဘက်ကပင် မည်သူမည်ဝါဟူ၍ မသိတော့ပေ။ လက်မပုံစံများမှာလည်း လူဆိုးစာရင်းတွင် ရှာမတွေ့ရသဖြင့် မှတ်တမ်းဝင် လူဆိုးတစ်ယောက်မဟုတ်ကြောင်း သိရ၏။ ဘိုင်စကယ်မှ နံပါတ်လည်း ယခင်ကပင် ဖျက်ဆီးထားခဲ့သဖြင့် ရဲဘက်မှ ခြေရာမခံနိုင်ဘဲ ရှိနေတော့၏။

အဆုံးတွင် မအေးပိုသားအမိမှာ မောင်ရွှေဇင် အကြံပေးချက်အရ မိမိတို့အပေါ်တွင် မီးခိုးကြွက်လျှော့က် အမှုပတ်မည်စိုးသဖြင့် မောင်အေးချို၏ အလောင်းကိုပင် မယူဝံ့ကြပဲ ကြိတ်မှိတ်၍သာ ငိုယိုလျက် ပူဆွေးဒုက္ခရောက်ကြကုန်၏။ လူသိမခံဝံ့သော ဒုက္ခကို ပုန်းလျှိုးကွယ်လျှိုးခံရခြင်းကား လွန်စွာ အခံရခက်လှ၏။

သို့သော် မိမိတို့အပေါ်တွင် ကျရောက်လာမည့် ဘေးအန္တရာယ်အတွက်ကြောင့်သာ ကြိတ်မှိတ်၍ ခံကြရလေသည်။

ချောက်ထဲသို့ ထိုးကျသွားသော ဘိုင်စကယ်မှာ မိမိဘိုင်စကယ်ဖြစ်၍ မောင်အေးချိုသည် မှောင်ထဲတွင် အမှတ်မဲ့ မှား၍စီးသွားဟန်တူ၏။ စက်ဘီး၌ ဘရိတ်များမပါဘဲရှိနေခြင်းမှာ အခြားသူမဟုတ်နိုင် မောင်အေးချိုပင်ဖြစ်တန်ရာသည်။ မောင်အေးချိုသည် မိမိအား ဒုက္ခရောက်အောင် ဘရိတ်များကို ဖြုတ်ထားခြင်းမှာ ထူးဆန်း၍ အံ့ဩဖွယ်ကောင်းလောက်ပါပေ၏။ သို့သော် မောင်ရွှေဇင်သည် အမယ်ကြီးနှင့် မအေးပိုတို့ စိတ်မကောင်းမည်စိုးသဖြင့် ဤအကြောင်းများကို မပြောဘဲ အတွင်းကြိတ် မျိုသိပ်ထားခဲ့လေသည်။

http://www.cherrythitsar.org



ရက်သတ္တ ၂ ပတ်ခန့်ကြာ၍ ပရိဒေဝမီး အတော်အတန် အေးငြိမ်းစပြု၍ လာသောအချိန် တစ်နေ့တွင် အထက်မြန်မာပြည်သွား လေယာဉ်ပျံတစ်စင်းပေါ်၌ မျက်နှာမသာမယာနှင့်ရှိနေသော အဒေါ်ကြီး တစ်ယောက်၊ အသက် ၂၀ ကျော် ချစ်စဖွယ်မိန်းကလေးတစ်ယောက်နှင့် သူ့အနီးတွင် အရပ်အမောင်း တုတ်ခိုင်သော ယောက်ျားတစ်ယောက်ကို တွေ့ရလေရာ၊ သူတို့အား စာဖတ်ပရိသတ်နှင့် မိတ်ဆက်ပေးရန်ပင် မလိုတော့ပေ။

သူတို့သည် ရန်ကုန်တွင်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကို ဇာတ်မြှုပ်ကာ ရန်ကုန်မှ အခြေအနေကို စွန့်ခဲ့၍ အေးချမ်းရာ အထက်မြို့ ဒေသတွင် ဘဝသစ်ဖန်တီးရန် လိုက်ပါသွားကြခြင်း ဖြစ်လေသတည်း။

**သွေးသောက်မဂ္ဂဇင်း**
**၆ – ၈ – ၅၇။**

http://www.cherrythitsar.org



# ပုလဲသူစိုး

၁၉၄၀ ခုနှစ်က ကန်တော်ကြီးစောင်း၌ ကမ်းနှင့် ကိုက် ၅၀ ခန့် သာဝေးသော နေရာတစ်ခုတွင် တိုက်ခံအိမ်ကလေး ၃ လုံးစုလျက်ရှိရာ အရှေ့ဘက်ဆုံးအိမ်မှာ ပန်းထိမ်ဆရာကြီး ဦးဘဖြူအိမ်ဖြစ်၍ အလယ်အိမ်မှာ အငြိမ်းစား စုံထောက် အင်စပိတ်တော် ဦးမြိုင်၏ အိမ်ဖြစ်ပြီးလျှင် အနောက်ဘက်ဆုံးအိမ်မှာ ဥရောပတိုက်သား မျက်နှာဖြူလူမျိုး ပရော်ဖက်ဆာ ဆရာကြီး မစ္စတာ လော့ရင့်ဆိုသူအိမ် ဖြစ်၏။ အိမ်စုကလေးမှာ ၃ အိမ်မျှသာရှိနေသဖြင့် ထိုအိမ် ၃ အိမ်ရှိလူများမှာ တစ်ယောက်နှင့်တစ်ယောက် အကြောင်းသိပြီးဖြစ်သော အိမ်နီးချင်းများဖြစ်ကြလေသည်။

ဦးဘဖြူမှာ အခြားသော ပန်းထိမ်ဆရာများကဲ့သို့ အလုပ်ရုံကို လူစည်ကားသော ရန်ကုန်မြို့တွင်း၌ မထားဘဲ သူ၏ နေအိမ်အပေါ်ထပ်ကို ပန်းထိမ်ဖိုပြုလုပ်ထား၏။ လက်ခံသော အလုပ်များမှာလည်း သာမန်အရပ်သားများ၏ ပစ္စည်းများကို လက်ခံလေ့မရှိဘဲ၊ မင်းပိုင်း၊ စိုးပိုင်း၊ အစိုးရပိုင်းမှ အထည်ပစ္စည်းများကိုသာ လက်ခံလေ့ရှိရာ၊ ဦးဘဖြူမှာ ဝန်ထောက်အရေးပိုင်မှ မင်းကြီး အတွင်းဝန် ဘုရင်ခံအထိ အသုံးပြုသော နာမည်ရဆရာကြီး ဖြစ်၏။ ပီအောကုမ္ပဏီတွင် ၁၅ နှစ်ခန့်မျှ အလုပ်လုပ်ခဲ့ဖူး၍ လက်ရာမှာ လည်း နိုင်ငံခြားသားများ ချီးကျူးလောက်အောင် သေသပ်ကောင်းမွန်သည့်

http://www.cherrythitsar.org



အတိုင်း အစိုးရ ဒါဘာပွဲများတွင် ချီးမြှင့်ပေးကမ်းသော ငွေတံဆိပ်များ ငွေဓားများ၊ ငွေကျည်တောက်များ၊ ငွေဖလားကြီးများ၊ ငွေဒိုင်းများနှင့် အခြားနုနုနယ်နယ် ရုပ်လုံးဖော် ပစ္စည်းမှန်သမျှတို့မှာ ဦးဘဖြူ၏ လက်ရာများသာများလေသည်။

ဦးဘဖြူမှာ အထူးသဖြင့် ဘယက်လည်ဆွဲများ ပြုလုပ်ရာတွင် ကောင်းမွန်သေသပ်လှပေသည်။ ဤသို့လျှင် ဦးဘဖြူမှာ ပန်းထိမ်အတတ်၌ အထူးနာမည်ရခဲ့သော ဆရာကြီးဖြစ်ရာ၊ ဘိလပ်သို့ လက်ဆောင်ပဏ္ဏာအဖြစ် ပို့လိုသော နိုင်ငံခြားသားများသည် နာမည်ကျော် ပီအောကုမ္ပဏီ ကုမ်းကုမ္ပဏီများသို့ မသွားဘဲ ဦးဘဖြူထံသို့သာ လာရောက်အပ်နှံတတ်ကြ၏။ သို့ဖြစ်၍ ဦးဘဖြူမှာ သာမန်အရပ်သားများ၏ အထည်များကို မလွှဲမရှောင်သာမှသာ လက်ခံ၍ အဖိုးလက်ခကိုမမြင်သော နိုင်ငံခြားသားများ ပစ္စည်းများကိုသာ လက်ခံလေ့ရှိသည့်အတိုင်း ဟိတ်မာန်ကြီးလှသည်ဟု အချို့က ယူဆကြ၏။ ယင်းကဲ့သို့ ယူဆမည်ဆိုကလည်း ယူဆလောက်ပေ၏။ အဘယ်ကြောင့်ဆိုသော် လက်ခ အဖိုးသားနား၌ သာမန် မြန်မာပန်းထိမ်ဆရာတစ်ယောက်ထက် ဆယ်ဆခန့်ရရှိသောကြောင့်ပေတည်း။

ဦးဘဖြူ၌ မောင်ထိန်လင်းခေါ် သားတစ်ယောက်ရှိရာ မောင်ထိန်လင်းမှာ မက်ထရစ်စာမေးပွဲ အောင်ပြီးနောက် တက္ကသိုလ်သို့ ဆက်လက်ပညာသင်ကြားခြင်းမပြုဘဲ ဖခင်ကြီး၏ အလုပ်ကို ကူညီလုပ်ကိုင်လျက်ရှိ ၏။ သို့ လုပ်ကိုင်သည်ပင် ဆိုရငြားသော်လည်း အမှန်အားဖြင့်မူ၊ မောင်ထိန်လင်းမှာ ကပွဲများ၊ ကလပ်များ၊ ပါတီများသို့ သွားရောက်ပြီးလျှင် အထူးသဖြင့် ဗိုလ်ကပြားမကလေးများဖြင့် ရောနှောဆက်ဆံကာ 'ဆိုရှယ်' ကျ၍နေသောအချိန်က များလေသည်။

၃ အိမ်စုကလေး၏ အနောက်ဘက်ဆုံးအိမ်၌ နေသော ပရော်ဖက်ဆာ ဆရာကြီး မစ္စတာလောရင့်၌ 'မေရီလောရင့်' ခေါ် သမီးတစ်ယောက်ရှိ၏။ မေရီမှာ အသက် ၁၅ နှစ်ခန့်မျှရှိသေးသော်လည်း အနောက်တိုင်းသူပီပီ ထွားထွားကြိုင်းကြိုင်း ရှိပြီးလျှင် မြန်မာယောက်ျားကလေးများကိုလည်း ရဲရဲတင်းတင်း ဆက်ဆံလေ့ရှိလေသည်။

တစ်နေ့သ၌ မောင်ထိန်လင်းသည် မိတ်ဆွေ တစ်ယောက်၏ ဥယျာဉ်ပွဲတစ်ခု၌ မေရီနှင့် လွတ်လပ်စွာ စကားပြောခွင့်ရခဲ့လေရာ မောင်ထိန်လင်းက မေရီချောပုံလှပုံကို ချီးကျူးလျက် မေရီကလည်း မောင်ထိန်လင်းအား မြန်မာလူမျိုးများ၏ ဝတ်စားဆင်ယင်ပုံမှာ ယဉ်ကျေးလှကြောင်း၊ မောင်ထိန်လင်း၏ ယောက်ျားပီသသော ရုပ်လက္ခဏာမျိုးကို မိမိ သဘော

http://www.cherrythitsar.org



ကျကြောင်းဖြင့် ချီးကျူးရာမှအစ တစ်လအတွင်းတွင် မေရီနှင့် မောင်ထိန်လင်းတို့မှာ သမီးရည်းစားအဖြစ်သို့ ရောက်ရှိခဲ့ကြလေသည်။

မစ္စတာလောရင့်ကမူ မြန်မာများအား အရပ်နိမ့်၍ ပိန်ချုံးသေးကွေးသော လူဝါမျိုးဟူ၍ နှိမ့်ချသော မျက်လုံးဖြင့် ကြည့်တတ်လေသည်။

သို့သော် ထိုအချိန်က မစ္စတာလောရင့်မှာ သမီးနှင့် ဇနီးများ၏ ဆိုရှယ်ကိစ္စများ အဝတ်အစားများ၏ ပလွှားမှုများကြောင့် ကြွေးများပင် တင်ရှိလျက်ရှိလေရာ ဦးဘဖြူထံမှ လက်လှည့်သုံးယူသော ငွေများပင် ၂၀၀၀ ခန့်မျှရှိနေလေပြီ။

တစ်နေ့သ၌ မောင်ထိန်လင်းသည် မစ္စတာလောရင့်နေသော အိမ်ခြံကို နောက်ဖေးဘက် ခြံစည်းရိုးမှ ဖောက်ဝင်ကာ မေရီအား ချစ်တင်းနှီးနှောလျက်ရှိစဉ် မစ္စတာလောရင့်ကိုယ်တိုင် မိသွားသဖြင့် မောင်ထိန်လင်းမှာ ခြံစည်းရိုးကို အတင်းခုန်လွှားကာ ထွက်ပြေးခဲ့ရ၏။

ချက်ချင်းလိုပင် မစ္စတာလောရင့်သည် ဦးဘဖြူ အိမ်သို့လာရောက်ကာ မောင်ထိန်ဝင်းသည် မိမိ၏ ပိုင်နက်ကို ကျူးကျော်စော်ကားကြောင်း ဖြင့် တိုင်တန်းလေသည်။ မျက်နှာကြီးမှာ နီမြန်းသည်ထက်နီမြန်းကာ လက်သီးလက်မောင်းတန်းလျက်

'ကိုဘဖြူ ခင်ဗျားသား စော်ကားတာ မြင်တယ်နော် . . .'

'နေပါဦး မစ္စတာလောရင့်ရဲ့၊ စော်ကားတယ်ဆိုတာ ဘာကိုပြောတာလဲ'

'ကျုပ်ပိုင်နက်ကို ကျုပ်အခွင့်အမိန့်မရဘဲနဲ့ ဝင်တယ်လေ၊ ဒါ စော်ကားတာမဟုတ်ဘူးလား'

'ဝင်တာက ဘယ်လိုရည်ရွယ်ချက်နဲ့ ဝင်တာလဲဗျ၊ ရည်ရွယ်ချက်က မကောင်းတဲ့ရည်ရွယ်ချက်မှ မဟုတ်ဘဲ၊ ခင်ဗျားကို သတ်ရအောင် ဝင်တာလဲမဟုတ်ဘူး၊ ခင်ဗျားပစ္စည်းကို ခိုးရအောင် ဝင်တာလဲမဟုတ်ဘူး'

'ဒီထက်ဆိုးသေးတယ်ဗျ၊ ကျုပ်သမီးကို စကားပြောရအောင် ဝင်တာ နားလည်လား'

'လည်ပါတယ်၊ ဒီဟာတော့ အချစ်ကိစ္စကိုဗျ၊ သူ့သား ကိုယ့်သား သူ့သမီး ကိုယ့်သမီးဖြစ်တတ်တဲ့ ဓမ္မတာပဲ'

'ဓမ္မတာတွေ ဘာတွေ ကျုပ်မလိုချင်ဘူးဗျာ၊ ဝင်တာဟာ ဝင်တာပဲ၊ ပိုင်နက်ကျူးလွန်မှုနဲ့ ကျုပ်တရားစွဲမယ်'

'စွဲချင်စွဲပေါ့၊ ကျုပ်က ခုခံဖို့အသင့်ပဲ၊ ပြီးတော့ ခင်ဗျား တစ်ခု စဉ်းစားဖို့ရှိတယ်'

http://www.cherrythitsar.org



'ဘာ ကျုပ်က စဉ်းစားရမှာလဲ'

'ခင်ဗျားအပေါ်မှာ ကျုပ်ချေးထားတဲ့ငွေ ၂၀၀၀ ရှိတယ် ဟုတ်စ၊ ဒီဟာတွေလဲ စဉ်းစားဦးမှပေါ့ မစ္စတာလောရင့်ရယ်'

'ဘာစဉ်းစားစရာလိုလဲ၊ ငွေ ၂၀၀၀ ချေးတာ ချေးတာပေါ့၊ ခင်ဗျား အကြွေးရှိတယ်ဆိုပြီး ကျုပ်ကို ခြိမ်းခြောက်တယ်ထင်တယ်၊ ဒီမှာ ဦးဘဖြူ ကျုပ်မိန်းမဘက်က အင်္ဂလန်မှာ အမွေတွေ အများကြီးရစရာရှိတယ်၊ ဒီမှာ ကျုပ်လခနဲ့ သူတို့ ဖြုန်းတာ၊ သုံးတာနဲ့ မကာမိလွန်းလို့သာ ကျုပ်မှာ ကြွေး တင်ခံရတာ ခင်ဗျားသိပြီလား၊ ကျုပ်မိန်းမ အမွေရလာတဲ့အခါ ခင်ဗျားငွေ ၂၀၀၀ ကို ကျုပ်က ၄၀၀၀ တောင် ပြန်ဆပ်နိုင်သေးရဲ့'

'ကိုင်း ဒီတော့ ခင်ဗျားက ဘာလုပ်ချင်သလဲ'

'ကျုပ်ပြောပြီးပါပြီကော၊ ခင်ဗျားသားကို ကျုပ်တရားစွဲမယ်'

'ခင်ဗျားစွဲရင် ခုခံဖို့အသင့်ပဲ၊ ပြီးတော့ ကျုပ်ငွေ ၂၀၀၀ ကိုလဲ တရားစွဲရလိမ့်မယ်၊ ကျုပ် ကြွေးမဆပ်နိုင်ရင် ခင်ဗျားအိမ်ကြီး ဝရမ်းကပ်ရုံ ပဲ'

'ကျုပ်သမီးဟာ အသက်မပြည့်သေးဘူး၊ ၁၅ နှစ်ရှိသေးတယ်၊ အင်္ဂလန်မှာဆိုရင် ကစားလို့ကောင်းတုန်းအရွယ်၊ ပြီးတော့ ခင်ဗျားသားလို အသားဝါလူမျိုးတစ်ယောက်က မျက်နှာဖြူ မိန်းကလေးကို လိုချင်တယ်ဆို တာ အံ့သြစရာသိပ်ကောင်းတာပဲ'

'ဒါ အံ့သြစရာလား၊ လူများရဲ့ ချစ်ခြင်းမေတ္တာဆိုတာ အဖြူအမည်း ရွေးသလား၊ အနီအဝါရွေးသလား၊ ယောကျ်ားတစ်ယောက်က မိန်းမတစ် ယောက်ကို ကြိုက်တာဟာ အသားရောင်နဲ့ ဘာဆိုင်သလဲ'

'ဆိုင်တယ်ဗျ၊ အဖြူဟာ အဖြူချင်း၊ အဝါဟာ အဝါချင်းဖြစ်ရမယ်၊ ကျုပ်တို့က စကော့လူမျိုး၊ အင်မတန် အယူသီးတယ်၊ ခင်ဗျားသားဟာ ကျုပ် သမီးကို ဘယ်တော့မှ မရနိုင်ဘူးမှတ်ပါ၊ ပြီးတော့ ကျုပ်ခြံထဲ နောက်မဝင် အောင် ခင်ဗျားသားကိုလဲ ကြပ်ကြပ်သတိပေးထားပါ၊ ဝင်ရင်တော့ သေနတ် နဲ့ ပစ်မိလိမ့်မယ်'

'ခင်ဗျားသေနတ်နဲ့ ပစ်ရင် ကျုပ်က ဓားနဲ့ခုတ်မိလိမ့်မယ်၊ ကျုပ် ငှက်ကြီးတောင်ဓားက ကျည်ဆံကို မကြောက်ဘူး . . .၊ ကိုင်း . . . သွား သွား၊ ခင်ဗျားသဘောအတိုင်း လုပ်ချင်တာလုပ်ချေတော့'

ဟု ပြောလိုက်လေသည်။

မစ္စတာလောရင့်သည် ခြေကို ခပ်ပြင်းပြင်းနင်းကာ ဦးဘဖြူအိမ် ထဲမှ ထွက်သွားလေ၏။

http://www.cherrythitsar.org



တစ်နေ့သော ညနေစောင်း၌ အပြာရင့်ရောင် ကားကလေးတစ်စီးသည် ဦးဘဖြူအိမ်ရှေ့သို့ ရောက်လာပြီးနောက် အသက် ၄၀ ခန့်ရှိ ရုပ်ရည်ချောမောသော မိန်းမတစ်ယောက်သည် ကားမောင်းသူက တံခါးကို ဖွင့်ပေးသောအခါ အောက်သို့ ဆင်းလာ၏။

၎င်းနောက် ဘောင်းဘီပွကြီးကို ဝတ်လျက် ဦးခေါင်းတွင် ပိုးအဖြူကို အလိုက်သင့်ရစ်ပတ်ပေါင်းထားသဖြင့် ရှမ်းလူမျိုးနှင့်သဏ္ဍာန် တူသော လူကြီးတစ်ယောက် ဆင်းလာလေသည်။ ထိုသူသည် ခြောက်လုံးပြူးသေနတ်ကို လက်ဝဲဘက်ခါးစောင်းတွင် ထိုးလျက် လက်ျာဘက်၌လည်း ဓားရှည်တစ်ချောင်းကို ဆွဲချိတ်ထားလေသည်။

ရှေ့ကဆင်းလာသော အမျိုးသမီးကြီးသည် ပန်းနုရောင် အချိတ်ထမီ ပဒုမ္မာ အင်္ကျီလက်ရှည်ကို ဝတ်လျက် ပန်းရောင် ကတ္တီပါပိန်းတန်းဖိနပ်ကို စီးထား၏။

အိမ်ဖော်မိန်းကလေးတစ်ယောက်သည် သံတံခါးဆီသို့ ရောက်လာရာ အမျိုးသမီးကြီးက ဖော်ရွေပြုံးရွှင်သော အမူအရာဖြင့်

'ပန်းထိမ်ဆရာကြီး ဦးဘဖြူကို တွေ့ချင်လို့ပါရှင်'

ဟု ပြောလိုက်သောအခါ အိမ်ဖော်မိန်းကလေးက တံခါးကို ဖွင့်ပေးလေသည်။

မိန်းကလေးက ခေတ္တမျှစောင့်ဆိုင်းရန် ပြောပြီးလျှင် ဧည့်သည်များအား ဧည့်ခန်းတွင် နေရာထိုင်ခင်းပေးလေ၏။

တစ်ခဏမျှ ကြာလတ်သော် အသက် ၅၀ ခန့်ရှိ ခံညားထည်ဝါသော မျက်နှာရှိသည့် လူကြီးတစ်ယောက်သည် အတွင်းခန်းမှ ထွက်လာပြီးနောက် ဧည့်သည်များအား ဖော်ရွေစွာနှုတ်ဆက်ပြီးလျှင် ကိစ္စကို မေးမြန်းလေသည်။

ဧည့်သည်အမျိုးသမီးကြီးက ချိုသာသော မျက်နှာဖြင့်

'ဆရာကြီးရဲ့ ဂုဏ်သတင်းက မွှေးတာနဲ့ အထည်ကလေးတစ်ခု အပ်ချင်လို့ လာခဲ့တာပါပဲရှင်'

'အပ်နိုင်ပါတယ်ဗျာ အပ်နိုင်ပါတယ် . . . ဘာအထည်များပါ လိမ့်'

'ပုလဲကုံးတစ်ကုံး ရွှေနဲ့ဆစ်ပြီး ဘယက်လုပ်ချင်လို့ပါ ဆရာကြီး'

'ဘယ်မလဲ ပြစမ်းပါဦး . . . ကြည့်ရအောင်'

ထိုအခါ အမျိုးသမီးကြီးသည် ဓားလွယ်နှင့်လူအား ရှမ်းဘာသာစကားဖြင့် ပြောလိုက်ပြီးလျှင် ၎င်း၏ အတွင်းအိတ်ထဲမှ အထုပ်တစ်ထုပ်ကို

http://www.cherrythitsar.org



ထုတ်စေ၍ ပစ္စည်းများကို ထုပ်ထားသော ကတ္တီပါအဝတ်ပေါ်၌ ဖြန့်၍ ပြစေ၏။ ပစ္စည်းများမှာ အသွေးအရောင် အလွန်ကောင်းလှသော ပုလဲ ၂၂ လုံးဖြစ်၍ ရွှေ ၅ ကျပ်သားကိုမူ အခြားအထုပ်တစ်ထုပ်မှ ထုတ်ပေးလေသည်။ ဦးဘဖြူသည် ပုလဲ ၃ ၄ လုံးကို ကိုင်တွယ်ကြည့်ရှုပြီးနောက်

'တကယ့်အဖိုးတန်ပုလဲတွေပဲ၊ ဆရာ့စိတ်ထင် ပြောရမယ်ဆိုရင်တော့ ပါရစ်ပြည်ထွက် ပုလဲမျိုးလား မပြောတတ်ဘူး'

'ဆရာကြီးစိတ်ထင်တာ မလွဲပါဘူးရှင်၊ ဒီအထဲမှာ ဟောဒီ ပုလဲ ၆ လုံးက ပါရှားပင်လယ်ကွေ့မှာ ငုပ်လို့ရတဲ့ ပုလဲတွေသာရောင်းတဲ့ ကာလကတ္တားမြို့ ကုမ္ပဏီတစ်ခုက တစ်သောင်းပေးပြီး ဝယ်ခဲ့ရပါတယ်'

အမျိုးသမီးကြီးသည် ပုလဲ ၆ လုံးကို ရွေးချယ်ပြလေ၏။

ထို့နောက် အခြားပုလဲကုံးများကိုလည်း ၂ လုံးစီ ၃ လုံးစီ ရွေးချယ်ကိုင်တွယ်ပြီးလျှင်၊ အချို့မှာ သီဟိုဠ်ကျွန်းအနီးမှလည်းကောင်း၊ အချို့မှာ ဖိလစ်ပိုင်ကျွန်းစုမှလည်းကောင်း ထွက်သော ပုလဲစုများဖြစ်ကြောင်းဖြင့် ခွဲခြားပြောပြရာ ဦးဘဖြူကိုယ်တိုင် ပုလဲကုံးကို ကိုင်တွယ်ကြည့်ရှုလျက်ရှိလေသည်။

'ဘယက်လုပ်ရာမှာ ဆရာကြီးသဘောကျသလို ပုလဲ အညံ့အကောင်းကြည့်ပြီး သူ့နေရာသူ တော်သလို ထည့်ပေးစေချင်ပါတယ်'

'ကောင်းပါပြီ . . . ဒါထက် ပုံစံကကော၊ ပုံစံကလေးများ ယူခဲ့သေးလား'

'ပါပါတယ်ရှင်'

အမျိုးသမီးကြီးသည် ပိုးလွယ်အိတ်ကလေးတစ်ခု အတွင်းမှ ဘယက်ပုံစံတစ်ခုကို ထုတ်ပေးလေသည်။ ပုံစံမှာ ရွှေငွေရတနာ ကုမ္ပဏီတစ်ခုမှထုတ်သော ကတ်တလောက်တစ်ခုမှ ဆုတ်ယူထားသော စာရွက်တစ်ရွက်ဖြစ်၍ အလယ်မှ လိပ်ပြာရုပ်ကို နံဘေးတစ်ဖက်တစ်ချက်မှ ချူးနွယ်များခတ်ထားသည့် မြန်မာဆန်ဆန် ပုံသဏ္ဌာန်ဖြစ်လေသည်။

'ဒီပုံစံအတိုင်းပါပဲရှင် . . . အလုံးရေလဲ ၂၂ လုံး ကိုက်ပါတယ်၊ လက်ရာသာ တစ်ဆိတ် ဂရုစိုက်ပြီး'

'စိတ်ချပါခင်ဗျာ'

'လက်ခကို အမိန့်ရှိပါရှင်'

'လက်ခ ၅၀၀ ထားပါတယ်၊ သာမန်ပုလဲဘယက်ဆိုရင်တော့ ၁၅၀ ၂၀၀ ပါပဲ၊ နို့ပေမယ့် ဒီက ပုလဲကုံးက တကယ်ဖိုးထိုက်အဖိုးတန်မို့ ဒီလောက်ယူရတာပါ'

http://www.cherrythitsar.org



'ဆရာကြီး အမိန့်ရှိတာ ကျွန်မ မငြင်းပါဘူးရှင်၊ ရွေးချယ်တဲ့နေရာနဲ့ လက်ရာသာ ဆရာကြီး အတတ်နိုင်ဆုံး ကြိုးစားစေချင်ပါတယ်'

'ဒီဟာတော့ စိတ်ချပါမင်းကတော်'

'ကျွန်မ မင်းကတော်မဟုတ်ပါဘူးရှင်၊ မဟာဒေဝီတစ်ယောက်ဖြစ်ပါတယ်၊ ကျွန်မနာမည်ကိုတော့ ထုတ်ဖေါ်မပြောသင့်သေးဘူးထင်လို့ အခုမပြောသေးတာပါ၊ မဟာဒေဝီလို့သာ သာမန်မှတ်ထားစေလိုပါတယ်၊ ပြီးတော့လဲ တစ်ခုရှိပါသေးတယ်၊ ဒီပုလဲဘယက်က ဘုရင်ခံကတော် ဘိလပ်အပြန်မှာ လက်ဆောင်အဖြစ်ပေးလိုက်မယ့် ပစ္စည်းဖြစ်တဲ့အပြင် အစားထိုးလို့မရနိုင်တဲ့ ပစ္စည်းမျိုးဖြစ်လို့ အထူး ဝီရိယစိုက်ပြီး ထိန်းသိမ်းစောင့်ရှောက်စေချင်ပါတယ်၊ လက်ရာအကောင်းဆုံး လုပ်ပေးစေချင်ပါတယ်'

'စိတ်ချပါ မဟာဒေဝီ၊ ဒီဟာတွေအားလုံး ဆရာ့တာဝန်ပါ'

ထို့နောက် မဟာဒေဝီသည် အကြမ်းဖျဉ်းပြီးစီးမည့်နေ့ရက်ကို မေးမြန်းပြီးလျှင် မိမိတည်းခိုသော ဟိုတယ်လိပ်စာကို ဆရာကြီးအား ပေးခဲ့ လျှင် ဆရာကြီးဦးဘဖြူထံမှလည်း မိမိအပ်နှံသော လည်ဆွဲဘယက်အတွက် အဖိုးငွေ ၂၅၀၀၀ တန် ပုလဲ ၂၂ လုံးနှင့် ရွှေ ၅ ကျပ်သားရရှိကြောင်း ပြေစာလက်မှတ်ကို တောင်းယူပြီးလျှင် ပြန်သွားလေ၏။

ဦးဘဖြူသည် မဟာဒေဝီအား ပုလဲဘယက်အတွက် အကြမ်းဖျဉ်းကြည့်ရှုရန် ရက်ချိန်းကို ၁၅ ရက်ခန့် ခွာ၍ချိန်းခဲ့၏။

သို့သော် ၆ ရက်မြောက်သောနေ့၌ မယုံကြည်နိုင်လောက်အောင် ထူးဆန်းသော အကြောင်းများ ဖြစ်ပေါ်လာလေသည်။ ညနေစောင်းအချိန်၌ ဦးဘဖြူသည် ပုလဲများကို အကုံးမှ မဖြုတ်သေးဘဲ စက္ကူတစ်ရွက်ပေါ်၌ အစီအစဉ်အတိုင်း နံပါတ်ထိုးကာ မှတ်သားလျက်ရှိလေ၏။ ယင်းကဲ့သို့ ပြုလုပ်ခြင်းမှာ ပုံလုပ်၍ထားသော ဘယက်၌ သူ့နေရာနှင့်သူ့နံပါတ်ကို ကြည့်၍ တစ်လုံးစီ ထည့်သွင်းထားရန် ဖြစ်လေသည်။

ဦးဘဖြူသည် ပုလဲသွယ်ကို ဖြန့်၍ထားသော ကတ္တီပါအဝတ်ပေါ်၌ တင်ကာ ရွေးချယ်မှတ်သားနေရာမှ အလွန်ပုပ်ဟောင်သော အနံ့တစ်ခုရသဖြင့် အနီးအနား၌ ကြည့်ရှုရှာဖွေသောအခါ အလုပ်လုပ်စားပွဲနှင့် ကပ်လျက်ရှိသည့် ခုံတစ်ခုအောက်မှ ငါးသေကောင်ကလေးတစ်ကောင်ကို တွေ့ရလေသည်။ သို့နှင့် ဦးဘဖြူသည် ငါးသေကောင်ကို ညှပ်တစ်ခုဖြင့် ကိုင်ပြီးလျှင် အိမ်အောက်သို့ လွှင့်ပစ်လိုက်လေ၏။ ထို့နောက် နောက်ဖေးရေအိမ်သို့ ကိုယ်လက်သုတ်သင်ရန်နှင့် လက်များကို ဆေးကြောရန် သွားရောက်ပြီးလျှင် ချက်ချင်းလိုပင် ပြန်၍ လာခဲ့၏။

http://www.cherrythitsar.org



သို့သော် အိမ်တံခါးဝမှ အလုပ်ခန်းဘက်သို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် အဝေးမှ ပျံသန်းလာသော လေယာဉ်ပျံသံကဲ့သို့ တဒီဒီမြည်သော အသံကို ကြားရပြီးလျှင် ပုလဲကုံးထားသော ကတ္တီပါအဝတ်စိမ်းပေါ်မှ ကိုယ်လုံးအလျား ၁ လက်မခွဲခန့်ရှိမည်ထင်ရသော ပိတုန်းကဲ့သို့ အကောင်ကြီးတစ်ကောင်သည် ပုလဲကုံးကို ချီကာ အပြင်သို့ ပျံသန်းသွားသည်ကို မြင်လိုက်ရလေ၏။

မိမိတစ်သက်တွင် တစ်ကြိမ်မျှ မကြားဖူး မတွေ့ဖူး မကြုံဖူးသော အခြင်းအရာများကို မြင်ရသဖြင့် ဦးဘဖြူသည် အံ့အားသင့်ကာ ပထမ ကြက်သေသေလျက်ရှိရာမှ

'မအုန်းမြင့်ရေ လာပါဦး၊ ကိုမောင်ငယ် လုပ်ပါဦးဗျို့'

ဟု ကျယ်လောင်စွာ လှမ်း၍ အော်လိုက်မိ၏။

ဇနီးဖြစ်သူ မအုန်းမြင့် နောက်ဖေးမီးဖိုဆောင်မှ ထွက်လာသော အခါ ပိတုန်းကောင်ကြီးကို အရိပ်အငွေ့မျှ မမြင်လိုက်ရတော့ချေ။ သို့သော် တပည့်ဖြစ်သူ ကိုမောင်ငယ်မှာ ထိုအချိန်တွင် အောက်ထပ် ဆင်ဝင်ရှေ့၌ ရှိနေသဖြင့် ဦးဘဖြူ၏ အလုပ်ခန်းထဲမှ အပြင်သို့ ပျံထွက်သွားသော ပိတုန်းကောင်ကြီးကိုလည်းကောင်း၊ ယင်း ပိတုန်းကောင်နှင့်အတူ တန်းလန်းပါသွားသော ပုလဲကုံးကိုလည်းကောင်း မြင်လိုက်ရ၏။

အပြင်သို့ ဦးဘဖြူလှမ်းကြည့်နေစဉ် ပိတုန်းကြီးသည် ကန်တော်ကြီးရေပြင်ဘက်ဆီသို့ ပျံသွားပြီးနောက် အင်စပိတ်တော် ဦးမြိုင်အိမ်နှင့် မစ္စတာလောရင့်တို့ ခြံစပ်ကြားရှိ သစ်ပင်အုပ်များ ကွယ်၍သွားသည်နှင့် တစ်ပြိုင်နက် ပျောက်သွားလေသည်။

ဦးဘဖြူသည် အောက်ထပ်သို့ ပြေးဆင်းလာပြီးနောက် ကိုမောင်ငယ်နှင့်အတူ ပိတုန်းကြီး ပျံသွားသော သစ်ပင်အုပ်ဆီသို့ နှစ်ယောက်သား အပြေးအလွှားလိုက်ကြသေးသည်။

သို့သော် အစအနကိုမျှ မတွေ့ရတော့ချေ။ နှစ်သောင်းငါးထောင်တန် ပုလဲရတနာများကား ဤသို့ဖြင့် ထူးဆန်းစွာ ပျောက်ကွယ်၍ သွားခဲ့လေပြီ။

ဦးဘဖြူသည် ကားတစ်စီးငှားကာ ချက်ခြင်းပင် မဟာဒေဝီတည်းခိုနေထိုင်လျက်ရှိသော ဟိုတယ်သို့သွားရောက်ကာ မည်သို့မျှ မယုံကြည်နိုင်မည့် စကားများကို မဟာဒေဝီအား ပြောပြရတော့၏။

မဟာဒေဝီက မိုးကြိုးထိမှန်သော သူတစ်ယောက်ကဲ့သို့ . . .

'အဟုတ်ပြောတာလား ဆရာကြီး'

http://www.cherrythitsar.org



'အဟုတ်ပြောတာပါ မဟာဒေဝီ . . . ဆရာ့သိက္ခာကို ထောက်ထားပြီး ဆရာမလိမ်ဘူးဆိုတာ ယုံပါ'

မဟာဒေဝီသည် မျက်ရည်များ လည်၍လာ၏။

'ဖြစ်မှဖြစ်ရလေရှင် . . . ကျွန်မဖြင့် အခုကြားရတာ ကျွန်မနားကိုတောင် ကျွန်မ မယုံကြည်သလိုပဲ'

'ယုံပါ မဟာဒေဝီ . . . ဆရာ လိမ်မပြောပါဘူး'

'ပိတုန်းတစ်ကောင် ချီသွားတယ်ဆိုတာ အဟုတ်လား ဆရာကြီးရယ်'

'အဟုတ်ပါပဲ မဟာဒေဝီ . . . ဆရာတစ်ယောက်ထည်း မဟုတ်ပါဘူး၊ ဆရာ့တပည့် ကိုမောင်ငယ်လဲ မြင်လိုက်ပါတယ်'

ဟု ဖြေလိုက်သောအခါ မဟာဒေဝီက မျက်နှာကို ခပ်တင်းတင်းထားလျက်

'ငါ့မယုံ ငါ့မယားမေးကြည့်ဆိုတာမျိုးလား'

'မဟုတ်ပါဘူး မဟာဒေဝီ'

မဟာဒေဝီသည် ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီးနောက်

'ရယ်စရာကောင်းလိုက်လေ ဆရာကြီးရယ် . . . သံကို ကြွက်စားသားကို စွန်ချီဆိုတဲ့ ဗမာစကားပုံလို ဆရာကြီးလိမ်တာက ယုတ္တိရှိအောင်လိမ်တာမှမဟုတ်ဘဲကို။ ကျီးကန်းချီသွားတယ်ဆိုတာက ဟုတ်ချင်ဟုတ်လိမ့်ဦးမယ်၊ ပိတုန်းချီသွားတယ်ဆိုတော့ ဟုတ်နိုင်ပါ့မလားရှင်။ ကျွန်မဖြင့် ကြားတောင် မကြားဖူးဘူး . . . ကျွန်မ ဘယ်နည်းနဲ့မှ မခံနိုင်ဘူး ဆရာကြီး'

စကားမဆုံးမီ ဦးဘဖြူက တောင်းပန်သောမျက်နှာဖြင့်

'မခံနိုင်ဘူးဆိုတာ သိပါတယ် မဟာဒေဝီ . . .။ ဘယ်လိုပဲပျောက်ပျောက် တာဝန်က ကျုပ်တာဝန်ပါ၊ အဖြစ်အပျက်ကတော့ ဒီအတိုင်းပါပဲ။ ဆရာ့သိက္ခာနဲ့ ဆရာ လိမ်မပြောပါဘူး၊ ဒါကြောင့် မဟာဒေဝီရဲ့ ပစ္စည်းကို ဘယ်လောက် လျော်ရမယ်ဆိုတာ'

ဟု ပြောလိုက်သောအခါ

'လျော်ဖို့တော့ မပြောနဲ့ဆရာကြီး၊ လျော်လို့ရတဲ့ ပစ္စည်းမဟုတ်ဘူးဆိုတာ သိလျက်မဟုတ်လား . . .။ ကိုင်းလေ ဆရာကြီး ကျွန်မပစ္စည်းကို ပြန်မပေးဘူး ဟုတ်စ'

'ဒီလိုဖြစ်သွားတော့ မဟာဒေဝီရဲ့ ပစ္စည်းကို ဘယ်နည်းနဲ့ ဆရာပြန်ပေးနိုင်ပါ့မလဲ မဟာဒေဝီ၊ လျော်ရမယ့်ငွေကိုသာ အမိန့်ရှိပါတော့ မဟာဒေဝီ'

http://www.cherrythitsar.org



'ဘယ်လောက်လျော်ကြေးပေးပေး လက်မခံနိုင်ဘူးရှင့်၊ ကိုင်း ပြန်သာပြန်၊ ဝရမ်းနဲ့လက်ထိပ်သာ စောင့်နေပေတော့'

မည်သည့်နည်းနှင့်မျှ တောင်းပန်၍မရကြောင်း သိသည်နှင့် ဦးဘဖြူမှာ ပြန်ခဲ့ရလေ၏။

နောက်တစ်နေ့၌ပင် ဦးဘဖြူအား လိမ်လည်မှု၊ အလွဲသုံးစားမှုများဖြင့် ဝရမ်းထုတ်ကာ ဖမ်းဆီးတော့၏။ တစ်ဖက်တွင် သာမန်ပန်းတိမ်ဆရာတစ်ယောက်မျှသာဖြစ်၍၊ အခြားတစ်ဖက်၌မူ မျက်နှာကြီး မဟာဒေဝီဖြစ်သောကြောင့် ဦးဘဖြူမှာ ပထမ အာမခံမရဘဲ သုံးရက်ခန့်ကြာမှ သုံးသောင်းတန်အာမခံနှစ်ယောက်ဖြင့် အမှုရက်ချိန်းမတိုင်မီ အလွတ်ထုချေရန် အာမခံရရှိလေသည်။

အမှုအကြောင်းကို တစ်ယောက်မှ တစ်ဆင့်စကား ကြားသိရသူများနှင့် သတင်းစာတွင် တွေ့ရသော မိတ်ဆွေသင်္ဂဟအပေါင်းတို့သည် ဆရာကြီး၏ အမှုစစ်ဆေးသောနေ့တွင် လာရောက်နားထောင်ကြသဖြင့် ထိုနေ့ရုံးတစ်ရုံးလုံး ပြည့်ကြပ်လျက်ရှိတော့၏။

အမှုမှာ အပ်နှံထားသော ပစ္စည်းကို အလွဲသုံးစားပြုလုပ်မှု သာမန်လိမ်လည်မှုပင်ဖြစ်သော်လည်း အစိုးရ အသိအမှတ်ပြု ဂုဏ်သိက္ခာနှင့်ပြည့်စုံသော ပန်းထိမ်ဆရာကြီးတစ်ဦးအပေါ်တွင် ယင်းကဲ့သို့ စွပ်စွဲခြင်းဖြစ်သဖြင့် လူအများ စိတ်ဝင်စားခြင်းဖြစ်လေသည်။ အင်္ဂလိပ် မြန်မာ သတင်းစာများတွင် တရားလို၏ စွပ်စွဲချက်နှင့်တကွ တရားခံ၏ ထုချေပုံများ အတိုကောက် ပါရှိ၏။ တရားလို၏အမည်ကိုလည်း နာမည်နှင့် အမည်နာမမပါဘဲ မဟာဒေဝီတစ်ယောက်ဟူ၍သာ ဖော်ပြထားလေသည်။ ထိုခေတ်က သတင်းစာများမှာ ယခုအခါကဲ့သို့ လွတ်လပ်စွာ ရေးသားခွင့်မရှိသေးသဖြင့် ရုံး၌ စွပ်စွဲသော စွပ်စွဲချက်များနှင့် တရားခံ၏ ထွက်ချက်မျှလောက်သာ ပါရှိပြီးလျှင် နံဘေးမှ ကြားသိရသော သတင်းများ တရားလို တရားခံတို့၏ ရာဇဝင်များ ဓာတ်ပုံများ မပါရှိချေ။

အမှုမှာ ရာဇဝတ်ကြီးမှု ပုဒ်မ ၄၀၆ – ၄၂၀ တပ်ဆင်ထား၍ တရားလို၏ ထွက်ချက်အတိုကောက်မှာ မိမိ၏ အဖိုးငွေ ၃၀၀၀၀ တန် အလွန်ရှားပါးအဖိုးထိုက်တန်လှသော ပုလဲလုံးရေ ၂၂ လုံးပါရှိသည့် ပုလဲကုံးကို ပုလဲဘယက်ပြုလုပ်ရန် ပန်းထိမ်ဆရာကြီး ဦးဘဖြူထံ အပ်ထားရာမှ ဦးဘဖြူသည် မိမိထံ ယုံကြည်၍ အပ်နှံထားသော ယင်းပစ္စည်းကို ကိုယ်ကျိုး ကိုယ်စီးပွားအတွက် အသုံးပြုသဖြင့် ရာဇသတ် ပုဒ်မ ၄၀၆ ထိုက်သင့်ကြောင်း၊ ပုလဲသွယ်ကို မိမိမျက်အောက်၌ ပိတုန်းတစ်ကောင်က ချီ၍ယူသွားသဖြင့်

http://www.cherrythitsar.org



ပျောက်ဆုံးသွားကြောင်း လိမ်လည်ပြောဆိုသည့်အတွက် ပုဒ်မ ၄၂၀ ထိုက်သင့်ကြောင့် ဖေါ်ပြပါရှိ၏။

တရားခံ၏ ထွက်ချက်အတိုကောက်မှာလည်း ကျွန်ုပ်တို့ ရေးသား ဖေါ်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ပုလဲသွယ်ကို ကတ္တီပါ အဝတ်ပေါ်၌ ဖြန့်၍ တင်ထားပြီးလျှင် အိမ်နောက်ဖေးသို့ ခေတ္တထွက်၍ အပြန် အလွန်ကြီးမား သော ပိတုန်းကြီးတစ်ကောင်က ချီ၍ အိမ်ရှေ့သံတိုင်ကြီးများကြားမှ ပျံသန်း သွားသည်ကို မြင်ရကြောင်း၊ ယင်းသို့ မြင်ရသည်မှာ မိမိတစ်ယောက်တည်း မဟုတ်၊ တပည့်ဖြစ်သူ ကိုမောင်ငယ်ကပါ မြင်ရကြောင်း၊ မိမိသည် ပီအော ကုမ္ပဏီတွင် ၁၀ နှစ် ကျော်ကျော်မျှ လုပ်ကိုင်ခဲ့ရာ လက်ရာကောင်းရုံမျှမဟုတ် ရိုးသားဖြောင့်မတ်သည့်အတွက်လည်း နာမည်ကောင်းလက်မှတ်များ ရခဲ့ ကြောင်း၊ မိမိကိုယ်တိုင် ယခု တစ်သက်တွင် အပြစ်အနာအဆာကင်းမဲ့သော လူကုံထံဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ဖြစ်သဖြင့် မဟုတ်မမှန် သည်ကို ပြောဆိုခြင်းမဟုတ်ကြောင်း၊ မဟာဒေဝီအား သူ၏ ပျောက်ဆုံး သွားသော ပုလဲကုံးအတွက် ရုံးတော်မှချမှတ်သည့် လျော်ကြေးငွေကို ပေးရန် အသင့်ရှိကြောင်းဖြင့် ထုချေလေသည်။

တရားလိုဘက်မှ ပုလဲကုံး အပ်စဉ်က အနီးတွင်ရှိနေသော မဟာ ဒေဝီ၏ သက်တော်စောင့်ကို သက်သေထည့်၍ တရားခံဘက်မှလည်း ပိတုန်း ချီသွားသည်ကို တပ်အပ်ဒိဋ္ဌမြင်လိုက်သည့် ကိုမောင်ငယ်ကို သက်သေပြလေ သည်။တရားလိုတရားခံနှင့် သက်သေများကို စစ်ဆေးပြီးနောက် အမိန့် ချမှတ်ရန် ရက်သတ္တတစ်ပတ်ခန့် ခွာ၍ ရက်ချိန်းပေးလေ၏။နောက်ဆုံး အမိန့်ချမှတ်မည့်ရက်သို့ ရောက်လာရာ လာရောက်နားထောင်ကြသော ပရိသတ်မှာ ယခင်အကြိမ်များကထက်ပင် စည်ကားလှ၏။

တရားသူကြီးသည် တရားလို၏ ကျမ်းကျိန်အစစ်ခံချက်နှင့်တကွ တရားခံ၏ ထုချေချက်ကိုပါ ဖတ်ပြပြီးလျှင် အမိန့်ချမှတ်ရာ စီရင်ချက်၏ အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်လေသည်။

"ဤအမှု၌ တရားခံသည် တရားလိုထံမှ အဖိုးငွေ ၂၅၀၀၀ တန် ပုလဲကုံးကို ဘယက်ပြုလုပ်ပေးရန် လက်ခံရရှိကြောင်း မငြင်းကွယ်ချေ။ ထိုမျှ သာမက တရားလိုမအား ထိုက်သင့်သော အဖိုးငွေကို လျော်ပေးရန်လည်း ဝန်ခံလေသည်။ သို့ဖြစ်၍ တရားခံသည် တရားလို၏ပစ္စည်းကို အလွဲသုံးစား ပြုရာ မရောက်၊ တရားလိုကလည်း တခြားတစ်နေရာတွင် တရားခံရောင်းစား ကြောင်း၊ သက်သေအထင်အရှားမပြနိုင်ချေ။ သို့ဖြစ်၍ ပုဒ်မ ၄၀၆ အရ စွဲဆိုမှုကို ပယ်ဖျက်ရန်သာ ရှိသည်။

http://www.cherrythitsar.org



သို့သော် ပုလဲကုံးပျောက်ဆုံးသွားခြင်းနှင့် ပတ်သက်၍ တရားခံသည် လိမ်လည်၍ ပြောမပြော သူ၏ ထုချေချက်ကို ယုံကြည်ထိုက် မယုံကြည်ထိုက်ဟူသော အချက်ကိုသာ ကျွန်ုပ်တို့ စဉ်းစားရန်ရှိသည်။

ဤနေရာ၌ ကျွန်ုပ်သည် တရားခံပြောပြသော ပုံဝတ္ထု တရားခံ၏ ရာဇဝင်၊ တရားခံ၏ အပြုအမူ၊ တရားခံ၏ စိတ်နေသဘောထား၊ တရားခံ၏ ပတ်ဝန်းကျင်တို့ကိုပါ ထည့်သွင်းစဉ်းစားရပေမည်။ ဤနေရာ၌ တရားခံ သည် အလွန်ထင်ရှားကျော်ကြားသော မြန်မာပန်းထိမ်ဆရာကြီးဖြစ်၏။ မင်း ပိုင်း၊ စိုးပိုင်းကပင် ယုံကြည်အပ်နှံခြင်းခံရသော လူကြီးလူကောင်းတစ်ယောက်ဖြစ်၏။ ပီအောကုမ္ပဏီတွင် လုပ်စဉ်က ရိုးသားကြောင်း နာမည်ကောင်းလက်မှတ်ရသူဖြစ်၏။ ပစ္စည်းဥစ္စာနှင့်လည်း ပြည့်စုံ၏။ ဤအကြောင်းများကို အဖန်တလဲလဲ ကျွန်ုပ် စဉ်းစားမိသည်။ သို့ဖြစ်၍ တရားခံသည် မည်သည့်နည်းနှင့်မျှ တရားလို၏ အဖိုးတန်ပစ္စည်းကို ထုခွဲရောင်းချလိမ့်မည်မဟုတ်ဟု ယူဆရန်ရှိသည်။

ထို့ကြောင့် တရားခံပြောသော ပုံဝတ္ထု ယုတ္တိတန်မတန် စဉ်းစားရန် အချက်တစ်ချက်သာ ကျန်ရှိတော့သည်။ တရားခံပြောသော ပုံဝတ္ထုအတိုချုပ်မှာ သူသည် ပုလဲကုံးကို အလုပ်ခန်းအတွင်း၌ ထားခဲ့ပြီးလျှင် တပိုတပါးသွားရာမှ ပြန်လာသောအခါ လေယာဉ်ပျံသံကဲ့သို့ တဒီဒီမြည်သော အသံကို ကြားရပြီးလျှင် ပိတုန်းကြီးတစ်ကောင်သည် ပုလဲကုံးကိုချီကာ အိမ်ပြင်ဘက်သို့ ပျံထွက်သွားသည်ကို မြင်ရကြောင်းနှင့် ပြောဆို၏။ ၎င်းပုံဝတ္ထု ယုတ္တိရှိမရှိ စဉ်းစားသောအခါ ရန်ကုန်မြို့ပေါ်တွင် မည်မျှလောက် သစ်ပင်ချုံနွယ်များသော နေရာပင်ဖြစ်စေ အလျားတစ်လက်မခွဲခန့် ကိုယ်လုံးရှိမည်ထင်ရသော ပိတုန်းကောင်များ မရှိချေ။ မြို့၌သာ မဟုတ် မြန်မာပြည်ရှိ တောတောင်များ၌ပင် မရှိချေ။ ကျွန်ုပ်ကိုယ်တိုင် ကြားရုံမျှပင် မကြားဖူးချေ။ တရားခံအား ထောက်ခံသော သက်သေ မောင်ငယ်ဆိုသူမှာ တရားခံ၏ တပည့်ရင်း၊ ဆရာအား မှီခိုအားထားနေသူဖြစ်သဖြင့် သူ၏ သက်သေခံချက်ကား တန်ဖိုးမရှိလှပေ။

သို့ဖြစ်၍ တရားခံသည် ယခင်က စာရိတ္တကောင်းခြင်း၌ ယုံမှားရန် အကြောင်းမရှိသော်လည်း ယခုအမှုတွင် အဖိုးတန် ကျောက်မျက်ရွဲများကို ရယူလိုသောဇောဖြင့် မုသားပြောခြင်းဖြစ်ပေလိမ့်မည်။ ကျွန်ုပ်၏ ယူဆချက်ကို ထောက်ခံသည့်အချက်မှာ တရားခံသည် ကျောက်မျက်ရတနာများ အကြောင်းကို နားလည်သည့်နေရာတွင် ပါရဂူတစ်ယောက်ဖြစ်သည့်အတိုင်း အစားဝယ်၍ မရနိုင်လောက်အောင် ရှားပါးထိုက်တန်လှသော ပုလဲများကို

http://www.cherrythitsar.org



ပြန်၍ မပေးလိုဘဲ လျော်ကြေးသာပေးလိုကြောင်း သူ၏ ဝန်ခံချက်ပင်ဖြစ်လေသည်။

သို့ဖြစ်၍ တရားခံ ဦးဘဖြူအပေါ်၌ စွဲဆိုထားသော ရာဇသတ်ပုဒ်မ ၄၀၆ မှာ ပျက်ပြယ်ခဲ့သော်လည်း ပုဒ်မ ၄၂၀ အရ ထင်ရှားသည် ယူဆသည့်အတိုင်း ဦးဘဖြူကို ဒဏ်ငွေ ၂၅၀၀၀ တပ်ရိုက်၍ မပေးနိုင်က ထောင်ဒဏ်တစ်နှစ်ကျခံရန်နှင့် အကယ်၍ တရားခံက ဒဏ်ငွေဆောင်ခဲ့သော် ၎င်းအနက် ၂၀၀၀ ကို တရားလိုအား လျော်ကြေးအဖြစ်ဖြင့် ပေးရန် ကျွန်ုပ် အမိန့်ချမှတ်လိုက်သည်။

ဤသည်ကား တရားသူကြီး၏ စီရင်ချက်ဖြစ်၍ နောက်တစ်နေ့ထုတ် အင်္ဂလိပ်မြန်မာသတင်းစာများတွင် နာမည်ကျော်ပန်းတိမ်ဆရာကြီး ဦးဘဖြူအား အပြစ်ပေးလိုက်ပြီဟူသော ခေါင်းစဉ်များဖြင့် ရေးသားပါရှိလေသည်။

ဦးဘဖြူသည် ဒဏ်ငွေများကို ပေးဆောင်လိုက်၏။ သို့သော် သူ၏ ဂုဏ်သတင်းသည်ကား ဒဏ်ငွေဆောင်ရုံမျှနှင့် နဂိုအတိုင်း သန့်ရှင်းစင်ကြယ်၍ သွားမည်မဟုတ်ပေ။

ဆိုးဝါးသောကံကြမ္မာတို့မည်သည်  တစ်ခုချင်းမလာရောက်ဘဲ ဆက်တိုက်ဖြစ်စေ၊ စုပြုံ၍ဖြစ်စေ၊ လူတို့အား တိုက်ခိုက်လေ့ရှိသည့်အတိုင်း ၂ လ အတွင်း အမှု ၃ မှုနှင့် ရင်ဆိုင်ရရှာ၏။

ဒုတိယအမှုမှာ မစ္စတာလောရင့်က သူ့ခြံအတွင်းသို့ ကျူးကျော်ဝင်ရောက်ပါသည်ဟု ဦးဘဖြူ၏သား မောင်ထိန်လင်းအပေါ်တွင် စွဲဆိုသောအမှုဖြစ်၏။

ယင်းကဲ့သို့ဝင်ရောက်သည်မှာ မေရီအား တွေ့ဆုံပြောဆိုရန်သာဖြစ်၍ အခြားရာဇဝတ်မှုဖြစ်လောက်အောင် မကောင်းသောရည်ရွယ်ချက်တစ်စုံတစ်ရာမရှိကြောင်းဖြင့် ထုချေရာ မောင်ထိန်လင်းမှာ နောက်ဆုံး၌ တရားသေလွတ်မြောက်သွားသော်လည်း ငွေ ၂၀၀၀ နီးပါးမျှ ဦးဘဖြူမှာ ကုန်ကျရ၏။

တတိယအမှုမှာ မစ္စတာလောရင့်အပေါ်တွင် တင်ရှိသောအကြွေး ငွေ ၂၀၀၀ ကို ဦးဘဖြူက ရလိုကြောင်းစွဲဆိုသောအမှုဖြစ်လေသည်။

ထိုအမှုမှာ နောက်ဆုံး၌ မစ္စတာလောရင့်အပေါ်တွင် အနိုင်ဒီဂရီ ရရှိခဲ့သော်လည်း တရားရုံးမှာ သူ့ပိုင်အိမ်ကြီးကို မဂိုလမ်းရှိ ချစ်တီးတစ်ဦးထံ ပေါင်နှံပြီးသည့်အတိုင်း အိမ်ကြီးကို လေလံပစ်ရာ၌ ထိုအပေါင်ငွေ တစ်သောင်းနှင့် ကျသင့်သော အတိုးကို ခုနှိမ်အထောက်အထားပြုရသဖြင့်

http://www.cherrythitsar.org



အကြွေးငွေ ၂၀၀၀ နှင့် တရားစရိတ်များအတွက် ငွေ ၆၀၀ ကျော်ကျော်မျှသာ ရရှိသဖြင့် ပေါက်ရှုံးရှုံးခဲ့ရ၏။

မစ္စတာလောရင့်မှာ အိမ်ကြီးကိုစွန့်ပစ်ခဲ့ရပြီးနောက် မြို့ထဲတွင် တိုက်ခန်းတစ်ခန်းငှားရမ်း၍ နေထိုင်ခဲ့၏။ မေရီကိုလည်း မောင်ထိန်လင်း ဆေးရန်မှကင်းအောင် မေမြို့တွင်ရှိနေသော သူ၏နှမဝမ်းကွဲတစ်ယောက် ထံသို့ ပို့လိုက်၏။ နောက်တစ်နှစ်တွင် မစ္စတာလောရင့်မိသားစုတစ်စုသည် အင်္ဂလန်သို့ တစ်ခါတည်း ပြန်သွားလေသည်။

ထို့နောက်၌ကား ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတော့၏။

စစ်ကြီးဖြစ်သောအခါ၌ ဦးဘဖြူမှာ အလုပ်မှအနားယူကာ ရှိသမျှ ငွေကလေးများကို ငွေတိုးပေးလျက် အေးချမ်းစွာနေထိုင်ခဲ့လေရာ မောင်ထိန် လင်းသည် လမ်းသစ်တောင်၌ရှိသော "တိုင်းမင်းကြီးရုံး" တစ်ရုံးတွင် ရုံးဝန်ထောက် အလုပ်ကိုရရှိခဲ့ပြီးလျှင် ဖခင်ကြီးအား လုပ်ကျွေးသမှုပြုကာ နေထိုင်ခဲ့လေ သတည်း။

ဤသို့ဖြင့် ဦးဘဖြူသည် မိမိဘက်မှရိုးသားမှန်ကန်ပါလျက် ဆုံး ရှုံးခဲ့သောအမှုအကြောင်းကို သတိမေ့လုမတတ်ရှိစဉ် လွန်ခဲ့သော ၁၉၅၁ခု ဇန်နဝါရီလအတွင်းက ရန်ကုန်မြို့၊ ဘားလမ်းရှိ "မက္ကဒေါ်နယ် အင် အောင် မြင့်" ခေါ် ဝတ်လုံတိုက်ကြီးတစ်တိုက်မှ အောက်ပါအတိုင်း စာတစ်စောင် ရရှိလေသည်။

**မှ**
**မက္ကဒေါ်နယ် အင် အောင်မြင့်**
**ဝတ်လုံတော်ရများ**
**အမှတ် (   ) ဘားလမ်း၊ ရန်ကုန်မြို့။**

**သို့**

**ဦးဘဖြူ**
**အငြိမ်းစား**
**ကန်တော်ကြီးစောင်း၊ အေဒီလမ်း၊**
**ရန်ကုန်မြို့။**

လူကြီးမင်းခင်ဗျား

ကျွန်ုပ်တို့၏ အမှုသည်များဖြစ်သော စကော့တလန်ပြည် "အက် ဒင်ဗာရာ" မြို့ရှိ မစ္စတာလောရင့်၏သမီးဖြစ်သူ မေရီလောရင့်နှင့် ခင်ပွန်း တို့က ဟောင်ကောင်ဘဏ်တိုက်မှတစ်ဆင့် ဦးဘဖြူကိုဖြစ်စေ၊ အကယ်၍ ဦးဘဖြူမရှိက ဦးဘဖြူ၏အမွေစားအမွေခံများကို ဖြစ်စေ၊ ငွေများပေးရန်

http://www.cherrythitsar.org



ညွှန်ကြားသည့်အတိုင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ စကားပြောဆိုရန် ကျွန်ုပ်တို့ အလုပ်တိုက်သို့ ကြွရောက်စေလိုက်ပါသည်။

အကယ်၍ လူကြီးမင်းကိုယ်တိုင် မကြွလာနိုင်ပါက အခွင့်အမိန့်ရ ကိုယ်စားလှယ်တစ်ယောက်ယောက်ကို ညွှန်ကြားချက်အပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံရုံးချိန်အတွင်း စေလွှတ်ပါရန် မေတ္တာရပ်ခံပါသည်။

ထိုအခါ ကျွန်ုပ်တို့အမှုသည်ထံမှ ပေးပို့လိုက်သောစာနှင့်တကွ ဟောင်ကောင်ဘဏ်တိုက်မှ ငွေထုတ်ယူရန် ချက်လက်မှတ်ကိုပါ ပေးအပ်ပါမည်။

ကျန်းမာပါစေ
'မက္ကဒေါ်နယ် အင် အောင်မြင့်
ဝတ်လုံတော်ရများ"

စာရပြီးသည့်နောက်တစ်နေ့၌ ဦးဘဖြူသည် မောင်ထိန်လင်းနှင့်အတူ အထက်ပါလိပ်စာအတိုင်း သွားရောက်ရာ ဝတ်လုံတော်ရ ဦးအောင်မြင့်နှင့် အခန့်သင့်ပင် တွေ့ရှိရ၏။ ဝတ်လုံတော်ရ ဦးအောင်မြင့်သည် ဦးဘဖြူသားအဖအား လွန်ခဲ့သော ၁၉၃၉–၄၀ ခုနှစ်လောက်က မစ္စတာလောရင့်ဆိုသူ သတ္တဗေဒပါရဂူကြီးတစ်ယောက်နှင့် အိမ်နီးပါးချင်းအဖြစ် နေခဲ့ဖူးသည့်အကြောင်းများကို အတော်အသင့်တီးခေါက်မေးမြန်းပြီးနောက် စိတ်ကျေနပ်သောအခါ အက်ဒင်ဗာရာမြို့မှ ဦးဘဖြူအမည်ဖြင့်ပို့လိုက်သော စာအိတ်တစ်လုံးကို ထုတ်၍ပေးလေသည်။

စာအိတ်အတွင်း၌ကား အင်္ဂလိပ်ဘာသာဖြင့် လက်နှိပ်စက်ရိုက်နှိပ်ထားသော ဖူးစကတ်အရွယ်အစား စက္ကူ ၃ ရွက်အပြည့်ပါရှိပြီးလျှင် မြန်မာဘာသာပြန်ဆိုသော် အောက်ပါအတိုင်း ဖြစ်လေသည်။

သို့
ကျွန်ုပ်၏ချစ်လှစွာသော ဘဘကြီး
မစ္စတာ ဦးဘဖြူ
(အကယ်၍ မရှိက)
သူ၏အမွေစားမွေခံများ
ရက်စွဲ။ ။ ၁၂–၁၁–၄၉

ကျွန်ုပ်သည် လွန်ခဲ့သောနှစ်က အက်ဒင်ဗာရာမြို့တွင် ကွယ်လွန်ခဲ့ရှာသော မွေးသဖခင်ကျေးဇူးရှင် မစ္စတာ အေ ပီလောရင့် (သတ္တဗေဒပါရဂူ)၏သမီး မေရီလောရင့်ဖြစ်၍ ဤစာကို ရေးပို့ခြင်း ဖြစ်ပါသည်။

http://www.cherrythitsar.org



ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီး လွန်ခဲ့သော ၁၉၄၀ခုနှစ်လောက်က ကျွန်ုပ်၏အသက်မှာ ၁၅နှစ်မျှပင်ရှိသေး၍ ကျွန်ုပ်၏မိခင် ဖခင်တို့နှင့်အတူ မြန်မာပြည်၏မြို့တော် ရန်ကုန်မြို့ ကန်တော်ကြီးအနီး၌ ဦးဘဖြူ၏သား အဖ အိမ်နှင့် တစ်အိမ်ခြား၌ အိမ်နီးချင်းအဖြစ် နေခဲ့ဖူးသည်ကို အမှတ်ရပါ လိမ့်မည်။ ကျွန်ုပ်၏ဖခင်မှာ ရိုးသားဖြောင့်မတ်သူတစ်ယောက်ပင် ဖြစ်လင့် ကစား လူတစ်ယောက်နှင့်စကားများလျှင် ထိုသူအပေါ်၌ ကလဲ့စားမချေရ မချင်း မကျေနပ်နိုင်သောစိတ်မျိုးရှိသူတစ်ယောက် ဖြစ်ပါသည်။ ထိုနည်း အတူ လူတစ်ယောက်က ကျေးဇူးပြုခဲ့လျှင်လည်း ထိုသူ့အား ကျေးဇူးမဆပ် ရမချင်း မကျေနပ်ပါ။ ဤအလေ့အကျင့်မျိုးမှာ ဖေဖေတစ်ယောက်တည်း ၌သာမဟုတ်ဘဲ ကျွန်မတို့မိသားစု၌ မျိုးရိုးဇာတိပါခဲ့သော အလေ့အကျင့်မျိုး ဖြစ်ပါသည်။

"ဟင်နရီ(မောင်ထိန်လင်း)" နှင့်ကျွန်မတို့ လူငယ်တို့ဘာဝ မေတ္တာ ရှိနေသည့်ကိစ္စ၌ တစ်နေ့တွင် ကျွန်မတို့အိမ်ခြံတွင်းသို့ ဟင်နရီဝင်လာသည် ကို တွေ့ရသဖြင့် ရှူးရှူးရှားရှားဖြစ်ကာ ဘဘကြီးဦးဘဖြူအိမ်သို့သွား၍ ခွန်းကြီးခွန်းငယ်ပြောကြရာ ဘဘကြီးကလည်း ဒေါသထွက်ကာ သူ့အား အတော်အတန်နစ်နာအောင် ပြောဆိုလွှတ်လိုက်ကြောင်း သိရပါသည်။ အိမ် သို့ ပြန်ရောက်သောအခါ ထိုအကြောင်းများကို တစ်ဖျစ်တောက်တောက် ပြောကာ အခဲမကျေနိုင်အောင်ရှိနေသဖြင့် တစ်နေ့နေ့တွင် ဘဘကြီးအပေါ်၌ လက်စားချေတော့မည်ဟု သိရပါသည်။

ထို့နောက် ရက်အနည်းမျှအကြာတွင် ဘဘကြီးထံသို့ရှမ်းစော်ဘွား ကတော်တစ်ယောက်ရောက်လာ၍ ဘုရင်ခံကတော် ဘိလပ်အပြန်တွင် လက် ဆောင်ပေးရန် အဖိုးငွေနှစ်သောင်းကျော်မျှထိုက်တန်သည့် အလွန်ရှားပါးလှ ပသောပုလဲလည်ဆွဲတစ်ကုံးကို ဘယက်လုပ်ရန် အပ်နှံထားကြောင်း သိရပါ သည်။ ကံကြမ္မာဖန်တီးလာပုံမှာ ထိုအခါက ဒတ်ချ်လူမျိုးများပိုင် 'ဒတ်ချ် ဘော်နီယို' နယ်ရှိ သူ၏မိတ်ဆွေ သတ္တဗေဒဆရာကြီးတစ်ဦးက လူကြုံနှင့် လက်ဆောင်အဖြစ်ပေးပို့လိုက်သော ယင်ဖို၊ ယင်မ ၂ ကောင်ကို ရရှိထားပါ သည်။

ထိုယင်ကောင်များမှာ အဆမတန်ကြီးထွားသော အမျိုးဖြစ်၍ ထို ဘော်နီယိုကျွန်းစုမြောက်ပိုင်း တောနက်များထဲတွင် အနည်းငယ်မျှသာတွေ့ရ ကြောင်း၊ ယင်းတို့၏ဥများမှာ ပုလဲလုံးခန့်မျှကြီး၍ ကျွန်း၏မြောက်ပိုင်း ပုလဲရရှိရာဌာနများ၌ ပုလဲလုံးများကို သူတို့ပေါက်သောဥများဟု ထင်မှတ် ကာ တစ်ခါတစ်ရံချီသွားတတ်ကြောင်း၊ ယင်မမှာ အထူးသဖြင့် အနံ့ခံရာတွင်

http://www.cherrythitsar.org



အလွန်ဖျတ်လတ်လျက် ကိုက် ၁၀၀ အတွင်းသို့ပင် ကောင်းစွာအနံ့ခံ၍ လိုက်နိုင်ကြောင်း၊ ဒက်ဒီ၏မိတ်ဆွေထံမှ စာအရသိရပါသည်။ ထိုယင်မျိုးကို "ဆစ်လဗ္ဗာဒေါက်တာ" ဟုခေါ်၍ ငါးပုတ်ကိုအလွန်ကြိုက်နှစ်သက်ပြီးလျှင် ငါးပုပ်ကိုကျွေးရပါသည်။ ထိုယင်ကောင်ကြီးနှစ်ကောင်ရခြင်းမှာ ဒက်ဒီအတွက်လက်စားချေဖို့ အခွင့်အရေးနှင့် ဘဘကြီး၏ကံကြမ္မာကို ဖန်တီးလာခြင်းပင် ဖြစ်ပါတော့သည်။

သို့နှင့် ဒက်ဒီသည် အကြံရကာ ဤအကြံကို ကြံစည်ပါတော့ သည်။ သူသည် အင်စပိတ်တော်အိမ်နှင့် မေရီတို့အိမ်ကိုခြားထားသော ခြံစည်းရိုးအနီးတွင် ဝါးပင်ပုစုကလေးနောက်ကွယ်၌ ပေါက်လျက်ရှိသော စိန်ပန်းပင်ပေါ်သို့တက်ကာ သစ်ပင်ခွ၌ထိုင်လျက် ဘဘကြီး၏အလုပ်ခန်း သို့ မှန်ပြောင်းဖြင့် ကြည့်ရှုနေသည်ကို မြင်ရပါသည်။ ယင်ကျွေးသော ငါးပုပ်ကလေးများနှင့် လောက်လေးခွကိုလည်း ယူသွားသည်ကိုမြင်ရပါ သည်။ ကျွန်မစိတ်ထင်အားဖြင့် ပုပ်နေသောငါးကောင်ကလေးကို လောက် လေးခွဖြင့် ဘဘကြီးအလုပ်ခန်းအတွင်းသို့ ပစ်သွင်းသည် ထင်ပါသည်။

ထို့နောက် အနံ့ခံရန် ယင်မကို တစ်ပါတည်းလွှတ်လိုက်ဟန် တူပါသည်။ မည်သည့်နည်းနှင့်မဆို သူသည် ပုလဲကုံးကိုရရှိကြောင်း ကျွန်မသိရသည်။ ဤအကြောင်း မည်သူ့ကိုမျှ သူအသိမပေးပါ။

ကျွန်မတို့ မာမီက သစ်ပင်ပေါ်သို့ မည်သည့်အတွက်ကြောင့် တက်ကြောင်းမေးမြန်းကြည့်သောအခါ သစ်ပင်ပေါ်မှပိုးမွှားလေးများကို ရှာဖွေစုံစမ်းရန်ဖြစ်ကြောင်းနှင့် ပြောပြသောအခါ မာမီကလည်း ရိုးသားသော မိန်းမတစ်ယောက်ဖြစ်၍ ယုံကြည်ခဲ့ပါသည်။ နောက်များမကြာမီပင် ယင်ဖိုယင်မ နှစ်ကောင်စလုံးကိုပင် သတ်ပစ်လိုက်ပါသည်။

ထိုအခါက သတင်းစာတွင်ပါသော ဘဘကြီး၏အမှုအကြောင်းများနှင့် ဒက်ဒီ၏ပြုလုပ်ပုံ၊ ပတ်ဝန်းကျင်အခြေအနေ၊ သူ၏လက်တွင် အလွန်လှပသော ပုလဲကုံးတစ်ကုံးရှိနေခြင်း စသည်တို့ကိုထောက်ထားခြင်းအားဖြင့် ကျွန်မရေးသားဖော်ပြချက်များမှာ မမှားနိုင်ဟု ယူဆပါသည်။

ထို့နောက် ဂျပန်က အင်္ဂလိပ်နှင့်အမေရိကန်အား စစ်မကြေငြာမီ တစ်လခန့် (နိုဝင်ဘာလ) က ကျွန်မတို့သည် လန်ဒန်သို့ပြန်ခဲ့ကြပြီးနောက် ကမ္ဘာစစ်ကြီးအတွင်း အင်္ဂလန်ပြည် ယောက်ရှိုင်းယားနယ် 'ဟားလ်'မြို့တွင် နေထိုင်ခဲ့ရာမှ ကျွန်မမိခင်ဘက်မှ အမွေအနှစ်မြောက်များစွာ ရရှိခဲ့ပါသည်။

သို့သော် မိခင်ကြီးမှာ အမွေအနှစ်မှ အကျိုးကျေးဇူး ခံစားသင့်သလောက်မခံစားရဘဲ မကြာမီ ကွယ်လွန်အနိစ္စရောက်သွားရာ ကျွန်မနှင့်

http://www.cherrythitsar.org



ဒက်ဒီဘက်မှ ဆွေမျိုးများရှိရာ စကော့တလန်ပြည်နယ် အက်ဒင်ဘာရာမြို့သို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကြပါသည်။

လွန်ခဲ့သော ၁၉၄၈ခု၊ မတ်လအတွင်းက ဖခင်ကြီးမှာ ရုတ်တရက် မကျန်းမမာဖြစ်လာ၍ ဒဗ္ဗလင်းမြို့ ဆေးရုံကြီးသို့တင်၍ပင် ကုသရပါသည်။ သို့သော် သူ၏ရောဂါမှာ အသည်းကြီး၍ လာသောကင်ဆာရောဂါဖြစ်သဖြင့် ဆရာဝန်များ လက်လျှော့ကာ အိမ်သို့ပြန်၍ ယူလာခဲ့ရ၏။ အိမ်သို့ရောက်၍ ၂ လခန့်အကြာ၌ အနိစ္စရောက်သွားရာ မသေမီ (၇) ရက်ခန့်က ကျွန်မတို့ မြို့မှ ဂိုဏ်းအုပ်ဘုန်းတော်ကြီးကိုပင့်၍ သူ့ရှေ့တွင် အပြစ်များကိုဝန်ခံရာ မြန်မာပြည်မှာနေစဉ်က ဦးဘဖြူအပေါ်တွင် သူအကောက်ကြံ၍ လက်စားချေ မိခဲ့သောပြစ်မှုကိုပါ ထုတ်ဖော်ဝန်ခံလေရာ ထိုအခါမှ ကျွန်မမှာ အသေးစိတ် ကို သိရပါတော့သည်။ ဒက်ဒီမှာ စိတ်ဆိုးလွယ်သလောက် စိတ်ပြေတတ် သူဖြစ်သည့်အပြင် မိမိပြုလုပ်မိသောအပြစ်ကို နောင်တရတတ်သူ၊ သနား ကြင်နာတတ်သူ ဖြစ်သဖြင့် ဦးဘဖြူဆုံးရှုံးနစ်နာသောငွေများကို ပို့ပေးရန် သေတမ်းစာ၌ ထည့်၍ ရေးခဲ့ပါသည်။

ကျွန်မမှာ ဒက်ဒီဆုံးပြီးနောက် ၆ လခန့်အကြာတွင် စကော့လူမျိုး ဗိုလ်တစ်ဦးနှင့်အိမ်ထောင်ပြုခဲ့ရာ မိခင်ကြီးဘက်မှ အမွေရရှိသော ပစ္စည်း များကိုလည်း ကျွန်မတစ်ဦးတည်းပိုင်ဆိုင်ရရှိခဲ့ပါသည်။ အဘယ့်ကြောင့် ဆိုသော် ကျွန်မ၏အစ်ကိုအရင်းရောဘတ်မှာ သင်္ဘောစက်ဆရာတစ်ယောက် ဖြစ်၍ အမေရိကန် ကရူဇာတိုက်သင်္ဘောတစ်စင်းပေါ်၌ စစ်မှုထမ်းနေစဉ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်စ ၁၉၄၁ ခု ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကွမ်တန် ပင်လယ်ကွေ့အနီး၌ ဂျပန်တို့က နှစ်မြှုပ်လိုက်သော 'ရီပဲ့လ်(စ်)' က သင်္ဘော ပေါ်တွင် ပါသွားရှာသည်။ သို့ဖြစ်၍ အမွေကို ကျွန်မတစ်ဦးတည်း ပိုင်ဆိုင် ရရှိခဲ့ပါသည်။

သို့ဖြစ်၍ ဖခင်၏သေတမ်းစာအရ ဦးဘဖြူနစ်နာသောငွေကိုပေး ရန် ကျွန်မပင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဦးဘဖြူအပေါ်တွင် ရုံးမင်းက ဒဏ်ငွေ ၂၅၀၀၀ တပ်ရိုက်ကြောင်း မြန်မာပြည်မှထုတ်သည့် ရန်ကုန်ဂေဇက် သတင်းစာတွင်ပါတာ တွေ့မြင်ခဲ့ဖူး သဖြင့် ယင်းငွေနှင့်ညီမျှသော စတာလင်ငွေကို စကော့တလန်ဘဏ်တိုက်သို့ ပေးသွင်းပြီးနောက် ရန်ကုန်မြို့ရှိ ကျွန်မတို့မိတ်ဆွေ ဝတ်လုံတော်ရကြီး မစ္စတာဒေါ်နယ်မှတစ်ဆင့် ဘဘကြီး ဦးဘဖြူကိုဖြစ်စေ သူ၏ တရားဝင် အမွေစား အမွေခံများကိုဖြစ်စေ တစ်ခါတည်း ထုတ်ပေးရန် လွှဲအပ်လိုက်ပါ သည်။

ဘဘကြီးသာမက ကျွန်မငယ်စဉ်ကအလွန်ချစ်ခဲ့သော ဘဘကြီး၏သား ဟင်နရီကိုလည်း ယခုတိုင် ကျွန်မသတိရလျက် ရှိပါသည်။ ဘဘကြီးအသက်ရှည်လျှင် ကျွန်မ ယခုကျေးဇူးတုန့်ပြန်ပေးဆပ်သော ငွေများဖြင့် အကျိုးကျေးဇူးခံစားနိုင်ရန် ဆုတောင်းပါသည်။

**မမေ့သော သမီးချစ်**

**မေရီလောရင့်**

ထိုနေ့က ဦးဘဖြူနှင့် မောင်ထိန်ဝင်းတို့သည် ချက်လက်မှတ်ဖြင့် ဟောင်ကောင်ဘဏ်တိုက်မှ ငွေ ၂၅၀၀၀ ကို ကောင်းစွာထုတ်ယူရရှိခဲ့ကြ၏။ ဦးဘဖြူမှာ မိမိအပေါ်တွင် အကောက်ကြံသော်လည်း နောင်တတရား ရ သဖြင့် ကျေးဇူးကိုပြန်၍ဆပ်သော မိတ်ဆွေဟောင်းကြီး မစ္စတာလောရင့် အား အမှတ်ရလျက်ရှိရာ မောင်ထိန်ဝင်းမှာမူ မစ္စတာလောရင့်ထက် မေရီကို ပို၍ အမှတ်ရကာရှိနေတော့သတည်း။

**သွေးသောက်မဂ္ဂဇင်း**

http://www.cherrythitsar.org



# ခါတော်မီ စိန်သူစိုး

မီးရထားဝင်း အုတ်နံရံကြီးမှာ ၁၉ ပေမြင့်၏။ ဝင်း၏အပြင်ဘက်၌ တိုက်ခံအိမ်ကြီးတစ်ဆောင်ရှိရာ ထိုတိုက်ခံအိမ်ကြီး၏ နံရံအစွန်းမှာ အထက်ပါမီးရထားဝင်းအုတ်နံရံနှင့် ၆ ပေ သာဝေး၏။ အုတ်နံရံထိပ်မှာ အကျယ်တစ်ပေခွဲရှိ၍ လူတစ်ယောက် ကောင်းစွာရပ်နေနိုင်၏။ တိုက်နံရံဘက်မှ အုတ်စွန်းမှာမူ ဗျက် ၁၂ လက်မသာ ကျယ်၏။ မီးရထားအုတ်နံရံကြီးထိပ်နှင့် တိုက်ခံအိမ်ကြီးနံရံမှ အုတ်စွန်းမှာ အမြင့်ချင်း တူညီသလောက်ရှိလေသည်။ ကျန်းမာသန်စွမ်းသော လူရွယ်တစ်ယောက်သည် မီးရထားဝင်းအုတ်နံရံတံတိုင်းပေါ်မှနေ၍ တိုက်ခံအိမ်ကြီး၏ နံရံမှ အုတ်စွန်းပေါ်သို့ ခုန်၍ကူးရန် မခဲယဉ်းလှပေ။ သို့သော် ကျန်းမာသန်စွမ်းသူပင် ဖြစ်လင့်ကစား စိတ်နှလုံးတုန်လှုပ်ချောက်ခြားခြင်း ရှိခဲ့ပါမူ တစ်မျိုးတစ်ဖုံဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် အမြင့်မှနေ၍ ကြည့်ခြင်း၊ အလွန်မြင့်သောနေရာ တွင် ကိုယ်လက်လှုပ်ရှားခြင်း စသည်တို့မှာ ကိုယ်အင်အားကို ထိန်းသိမ်းရသည်နှင့်အမျှ စိတ်၏အင်အားကို ထိန်းသိမ်းရန် လိုအပ်လှလေသည်။

၁ ပေ ကျယ်သော ပျဉ်ချပ်ကို မြေပေါ်တွင်ချထားပြီးနောက် လူတစ်ယောက်အား နံဘေးသို့ ခြေချော်၍ မကျစေဘဲ လျှောက်သွားရန် ခိုင်း

http://www.cherrythitsar.org



လျှင်ကောင်းစွာ လျှောက်သွားနိုင်မည်မှန်သော်လည်း ယင်း ပျဉ်ချပ်ကို ၁၂ ပေ ခန့် အမြင့်တွင်တင်၍ လျှောက်သွားစေလျှင် ထိုသူသည် လျှောက်ဝံ့ကောင်းမှ လျှောက်ဝံ့ပေတော့မည်။ ဤအချက်သည်ပင် စိတ်ဓာတ်အင်အား ထိန်းသိမ်းမှုမှာ ကာယအင်အား ထိန်းသိမ်းမှုထက်ပင် အရေးကြီးကြောင်း ကောင်းစွာ ထင်ရှားလေသည်။

မောင်ကျော်သောင်းသည် အသက် ၃၀ ခန့်ရှိ၍ ကာယဗလအားဖြင့် တောင့်တင်းသန်မာသော အားကစားသမားတစ်ယောက်ဖြစ်သည့်အတိုင်း အထက်ဖော်ပြပါ မီးရထားဝင်း အုတ်နံရံထိပ်မှ ၆ ပေ ဝေးသော တိုက်နံရံအစွန်းပေါ်သို့ ခုန်၍ကူးရန် မခဲယဉ်းချေ။ ကျောင်းနေစဉ်က ၈ ပေခွဲ ၉ ပေကိုပင် အလွယ်တကူ ခုန်နိုင်ခဲ့သူဖြစ်၏။ သို့သော် ယခု ခုန်ရ မည့်ကိစ္စမှာ မကောင်းသော အကြံအစည်ဖြင့် ထိုအိမ်ကြီးပေါ်မှ ပစ္စည်းကို ခိုးယူရန်ဖြစ်လေသည်။ ထို့ပြင် ခုန်ရမည့်အချိန်မှာလည်း နံနက် ၃ နာရီ ဖြစ်၍ မီးရောင်မရှိ မှောင်နှင့်မည်းမည်းရှိနေမည့်အချိန် ဖြစ်လေသည်။ အချိန် ကို ယခုကဲ့သို့ နံနက် ၃ နာရီတွင် သတ်မှတ်ရခြင်းမှာ မည်မျှပင် နိုးနိုးကြားကြားအိပ်သူမှန်စေ ထိုအချိန်တွင် မုချအိပ်မောကျ၍ နေလိမ့်မည်ဟု သူခိုးတို့ထုံးစံအတိုင်း တွက်ကိန်းချပြီးဖြစ်လေသည်။

ထို့ထက် အရေးကြီးသော အချက်တစ်ချက်လည်း ရှိသေး၏။ မီးရထားဝင်း အုတ်နံရံကြီး၏ အတွင်းဘက် ၁၈ ပေခန့်အမြင့်တွင် လျှပ်စစ်ဓာတ်အားပေးနေသည့် ဓာတ်ကြိုးများ သွယ်တန်းလျက်ရှိရာ ဓာတ်အားပေးခြင်းကို ၃ နာရီမှ ၄ နာရီအတွင်း ရပ်ဆိုင်းထားခြင်းဖြစ်၏။ သို့ဖြစ်၍ ဓာတ်ကြိုးများတွင် လျှပ်စစ်ဓာတ်အား မရှိသည့်အချိန်ကို တမင်ရွေးချယ်ကာ ထိုတစ်နာရီခန့်မျှ အချိန်အတွင်းတွင် မိမိ၏ အကြံအစည်ကို ပြီးစီးအောင် ပြုလုပ်မည်ဟု စိတ်ကို ပိုင်းဖြတ်ထား၏။ ကျော်သောင်းမှာ ခေတ်ပညာတတ်သူခိုးတစ်ယောက်ဖြစ်သည့်အတိုင်း မိမိလုပ်ကိုင်ရမည့်အလုပ်ကို ကြိုတင်၍အသေးစိတ် စိတ်ကူးထားပြီးဖြစ်၏။ ဓာတ်ကြိုးများတပ်ဆင်ထားသော သံတိုင်မှ ဓာတ်ကြိုးများကို ခို၍ မီးရထားဝင်း အုတ်တံတိုင်းကြီးပေါ်သို့ တက်ပြီးလျှင် ထိုနေရာမှ တစ်ဖန် ၁၂ လက်မခန့် ဗျက်ကျယ်သော တိုက်နံရံအုတ်စွန်းပေါ်သို့ ခုန်၍ကူးမည်၊ ရောက်သောအခါ အုတ်စွန်းတစ်လျှောက် နံရံသို့ကပ်၍ လျှောက်သွားပြီးနောက် ၈ ပေခန့် အဝေးတွင်ရှိသော ပြတင်းပေါက်မှ အိမ်တွင်းသို့ ဝင်မည်၊ ထို့နောက် အိမ်ပေါ်ထပ်တွင် တစ်ယောက်တည်း အိပ်လေ့ရှိသော မုဆိုးမမင်းကတော်ကြီး ဒေါ်တင်တင်အိပ်ရာဘေးရှိ မှန်တင်စားပွဲအံဆွဲထဲမှ ထိုနေ့ မင်္ဂလာဆောင်တွင် ဝတ်စားသော စိန်တစ်ဆင်စာကို

http://www.cherrythitsar.org



အလွယ်တကူ ယူနိုင်ပေမည်။ အပြန်၌လည်း ၎င်းပြတင်းပေါက်မှထွက်၍ မိမိလာခဲ့သော လမ်းအတိုင်း ပြန်ရုံသာရှိသည်။ အားလုံးအချိန်များကို ပေါင်း၍ တွက်ချက်လျှင် မိနစ် ၃၀ အလွန်ဆုံး မိနစ် ၄၀ ထက်ပို၍ မကြာနိုင်ပေ။ တစ်နာရီဆိုသောအချိန်မှာ မိမိအတွက် ကောင်းစွာ လုံလောက်ပေပြီ။ မီးရထား အုတ်တံတိုင်းပေါ်မှနေ၍ ၆ ပေသာ ဝေးသော အုတ်စွန်းသို့ ခုန်၍ ကူးရန်မှတစ်ပါး မိမိပြုလုပ်ရမည့်အလုပ်မှာ ကလေးကစားသလောက်ပင် လွယ်ကူလှပေသည်။

သို့နှင့် ကျော်သောင်းသည် မီးရထားဘူတာ အပြင်ဘက် မှောင်ရိပ်တစ်နေရာသို့ ရောက်ရှိလာပြီးလျှင် အလုပ်စရန် ပြင်ဆင်လျက်ရှိလေ၏။

ထိုည၌ ကျော်သောင်းသည် ခါတိုင်းကဲ့သို့ အရက်ကို အလွန်အကျွံ မသောက်ဘဲ လာခါနီးတွင် ဘီယာအနည်းငယ်ကို သောက်ခဲ့၏။ ရှပ်အင်္ကျီပေါ်မှ ဆွယ်တာလက်ရှည်ကို ချပ်ချပ်ရပ်ရပ် ဝတ်ပြီးလျှင် ဘောင်းဘီရှည် အနက်ကို သားရေခါးပတ်ဖြင့် ခပ်တင်းတင်းပတ်လေ၏။ အညိုရောင် ရှက်ထည်ဖိနပ်မှာ အောက်တွင် ထူထဲသော ရော်ဘာကြောင့် ခြေမချော်နိုင်အောင် ရှိနေ၏။ လက်ဝဲဘက် ဘောင်းဘီအိတ်တွင် လက်နှိပ်ဓာတ်မီးအတိုကလေးနှင့် မောင်းချအားကြီးတစ်ချောင်း ပါ၏။ လကျာ်ဘက် အိတ်၌မူ သံဖြတ်လွှလေးတစ်ချောင်း ပလိုင်ယာတစ်ခု မှန်ဖြတ်သော စိန်သွားနှင့် သော့တွဲတစ်တွဲပါရှိ။ ဤမျှလောက်ဆိုလျှင် လုံလောက်ပေပြီ။

မှောင်ထဲတွင် ၆ ပေဝေးသော နေရာသို့ ခုန်ကူးရာ၌ မိမိစိတ်ကို မကြောက်ရွံ့စေဘဲ ခိုင်မြဲတည်ကြည်စွာ ထိန်းသိမ်းထားရန်မှတစ်ပါး အခြားအလုပ်များမှာ မပြောလောက်ပေ။

ဤသို့ အသင့်ပြင်ဆင်ပြီးသောအခါ အချိန်မှာ ၃ နာရီထိုးရန် ၅ မိနစ်မျှသာ လိုတော့၏။

ကျော်သောင်းသည် မိမိခုန်ကူးရမည့် နေရာသာမက မင်းကတော်ကြီးဒေါ်တင်တင်အိပ်သော အိပ်ယာအခန်းနှင့်တကွ မှန်ပြတင်းပေါက်များ အိမ်အနေအထားကိုပါ စုံစမ်းပြီးဖြစ်၏။ ဒေါ်တင်တင်သည် ထိုနေ့ ညနေက မင်္ဂလာဆောင်တစ်ခုသို့ သွားရောက်ရာ အပြန်တွင် အဖော်ကောင်းသဖြင့် မြန်မာရုပ်ရှင်ကားတစ်ကားကိုပင် ဝင်၍ ကြည့်ခဲ့သေး၏။ သို့နှင့် အိမ်သို့ ၁၀ နာရီကျော်ကျော်လောက်တွင် ပြန်ရောက်လာရာ ထိုည၌တွင် ပင်ပန်းနွမ်းနယ်၍ မုချ အိပ်မောကျနေရပေမည်။ ထို့ပြင် လက်ဝတ်လက်စားများကိုလည်း ဘဏ်သို့ပြန်၍မအပ်မီ မိမိအိပ်ရာအနီး၌ အလွယ်တကူထားရ မည်။

http://www.cherrythitsar.org



အောက်ထပ်တွင် အိပ်သော ထမင်းချက်မိန်းမကြီးနှင့် အခိုင်းအစေ သူငယ်ကလေးအတွက်ကိုလည်း လေကားတံခါးဖုံးကို အပေါ်မှ မင်းတုန်းချ၍ အိပ်လေ့ရှိသောကြောင့် စိုးရိမ်ရန် မရှိပေ။ ဤအချက်အလက်များကို ကျော်သောင်းသည် ကောင်းစွာ လေ့လာသိရှိပြီးဖြစ်လေသည်။

*

၃ နာရီထိုးသည်နှင့် တစ်ပြိုင်နက် ဓာတ်မီးများ ငြိမ်းသွား၏။ ကျော်သောင်းသည် မှောင်ရိပ်မှ ထွက်ကာ မီးရထားသံလမ်းများကို ဖြတ်ကျော်၍ အုတ်နံရံမြင့်ကြီးရှိရာသို့ လာခဲ့၏။ ဓာတ်တိုင်တစ်တိုင်သို့ ရောက်သောအခါ အလွယ်တကူပင် တက်နိုင်၍ ၎င်းမှ ဓာတ်ကြိုးသုံးဆင့်ကို တွဲရရွဲခိုကာ အုတ်တံတိုင်းကြီးထိပ်ပေါ်သို့ ရောက်သွားလေသည်။

ကျော်သောင်းသည် မီးရထားအုတ်တံတိုင်းနှင့် နံရံအစွန်းကြားရှိ ၁၉ ပေ အနက်ရှိသော ချောက်ကြီးကို ငုံ့၍ကြည့်၏။ ချောက်ကြီးမှာ မှောင်နှင့်မည်းမည်းရှိနေ၍ အောက်မှ လေကလေးများပင် တဟူးဟူးတိုက်ခတ်လျက်ရှိလေသည်။

ကျော်သောင်းသည် ယခင်ကလည်း ဤကဲ့သို့ ခုန်လွှားရာတွင် ဖိနပ်ဖြင့် ခုန်ခဲ့ဖူးသည့်ပြင် ကျောင်းနေစဉ်က အလေ့အကျင့်လည်း ပါလာသဖြင့် ဖိနပ်ကို ချွတ်၍ ခုန်ရန်မလိုချေ။ သို့နှင့် တင်းတင်းရင်းရင်း ချပ်ချပ်ရပ်ရပ်ရှိစေရန် ဖိနပ်ကြိုးများကို ဖြည်ပြီးလျှင် တင်းကြပ်စွာ တစ်ဖန်ပြန်၍ စည်းနှောင်၏။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့ ခုန်ရာတွင် ဖိနပ်ပင် စီးထားသော်လည်း ဖိနပ်ပါသည်ဟု မထင်ရဘဲ မိမိခြေထောက်နှင့် တစ်သားတည်းဆက်၍ နေသကဲ့သို့ ဖြစ်စေရန်လိုအပ်၏။

ကျော်သောင်းကား ခုန်ရန် အသင့်ရှိနေလေပြီ။ သို့နှင့် လက်နှိပ်ဓာတ်မီးဖြင့် အုတ်စွန်းကို တစ်ချက်ထိုးကြည့်လိုက်၏။ အချိန်မှာ ၃ နာရီ ၁ မိနစ်မျှ ရှိလေပြီ။

ကျော်သောင်းသည် ပထမ မိမိကိုယ်ကို မိမိ သက်သာနိုင်သမျှ သက်သာအောင် နေလိုက်၏။ လေကို ခပ်ပြင်းပြင်း ၃ ကြိမ် ရှူလိုက်၏။ ထို့နောက် ရေကူးမည့်သူတစ်ယောက်ကဲ့သို့ လက်ျာဘက်လက်ကို လက်ဝဲဘက်လက်ထက် အတန်ငယ်ပို၍ မြှောက်ကာ လွှားခနဲ ခုန်လိုက်လေသည်။

ကျော်သောင်း၏အခုန်မှာ အမှန်းအဆကောင်း၍ တိကျလှသည့်ပြင် အားကစားသမားများ၏ အခုန်အပျံမျိုး ဖြစ်သည့်အတိုင်း အုတ်နံရံစွန်း

http://www.cherrythitsar.org



ပေါ်တွင် ဟန်မပျက် လှပစွာ သွား၍ တင်နေလေသည်။ အုတ်နံရံပေါ်သို့ ခြေကျသည်နှင့်တစ်ပြိုင်နက် ကျော်သောင်းသည် လက်နှစ်ဖက်ကို မြှောက်လိုက်ကာ အုတ်နံရံဖြင့် ဖေးမထားပြီးနောက် အုတ်ကြားရှိ အက်ကြောင်းကလေးများကို စမ်း၍ ကိုင်တွယ်ထားလိုက်နိုင်၏။

ထို့နောက် အုတ်နံရံကို လက်နှစ်ဖက်ဖြင့် ဖေးကာ ၈ ပေခန့် လျှောက်သွားလေသည်။ ပြတင်းပေါက်သို့ရောက်သောအခါ မှန်တစ်ချပ်ကို စိန်သွားဖြင့်ဖြတ်၍ အတွင်းမှ မျောက်လက်ကလေးကို ဖွင့်ရန်ကား လွယ်ကူလှ၏။ အချိန်ကား ၃ နာရီ ၁၁ မိနစ် ရှိလေပြီ။

ပြတင်းပေါက် ပွင့်သွားသောအခါ အတွင်းသို့ လွှားခနဲခုန်၍ ဝင်လိုက်၏။ ပတ်ဝန်းကျင်နှင့်တကွ တစ်အိမ်လုံး တိတ်ဆိတ်လျက် ရှိနေပြီးလျှင် မှန်ပြတင်းများမှဝင်သော ကြယ်ရောင်များမှတစ်ပါး အတွင်းတွင် မှောင်နှင့်မည်းမည်း ရှိနေလေသည်။ သို့သော် အသေအချာနားထောင်က အခန်းတွင်းမှ ဟောက်သံတစ်ခုကိုကား ခပ်သဲ့သဲ့ကားရ၏။ ကျော်သောင်းသည် လက်နှိပ်ဓာတ်မီးကလေးကို ခပ်အုပ်အုပ် ထိုးလျက် အိမ်ရှေ့ဧည့်ခန်းလယ်သို့ ရောက်ရာ စားပွဲဝိုင်းတစ်ခုပေါ်တွင် လက်နှစ်လုံးမျှသာ လျော့သေးသော လိမ္မော်ရည်တစ်ပုလင်းနှင့် ဖြူစင်သော ပန်းကန်ပြားတစ်ချပ်ပေါ်တွင် မစားရသေးသော ကြက်ဥကြော်နှင့် ဝက်အူချောင်း ၃ – ၄ ချောင်းကိုလည်း ကောင်း၊ ပေါင်မုန့်အညိုနှစ်ချပ်နှင့် ထောပတ်ဘူးကိုလည်းကောင်း တွေ့ရ လေ၏။ စားပွဲ၏ အခြားဘက်တွင် စားကြွင်းစားကျန်များနှင့် ပန်းကန်ပြား တစ်ချပ်ကို တွေ့ရ၏။

မင်းကတော်ကြီးသည် အိပ်ရာဝင်ခါနီးတွင် ဧည့်သည် တစ်ယောက်အား ဧည့်ခံရန် စောင့်ဆိုင်းနေပြီးလျှင် ဧည့်သည်မလာသောအခါမှ တစ်ယောက်တည်း စားသောက်လိုက်ဟန် လက္ခဏာရှိလေသည်။ သို့နှင့် ကျော်သောင်းသည် ဝမ်းဟာနေသည့်အတိုင်း ပေါင်မုန့်ထောပတ်သုတ် ကြက်ဥကြော်နှင့် ဝက်အူချောင်းများကို မြိန်ရည်ရှက်ရည် စားသောက်လိုက်ပြီးလျှင် လိမ္မော်ရည်ကို အကုန်သောက်ချလိုက်၏။

အချိန်မှာ ၃ နာရီ ၁၇ မိနစ်ရှိပြီဖြစ်၍ အလုပ်လုပ်ရန် ၃၄ မိနစ်သာ ရှိတော့၏။ သို့သော် . . . ပစ္စည်းကို ရှာဖွေယူ၍ ပြန်ထွက်သွားရန် အလွန်ဆုံး ၁၅ မိနစ်ထက် ကြာမည်မဟုတ်သဖြင့် အရေးမကြီးလှပေ။

ကျော်သောင်း၏ မျက်လုံးများသည် ကြယ်ရောင်များဖြင့် အတန်ငယ်လင်းနေသော ပြတင်းပေါက် အနီးတစ်ဝိုက်သာမက အခြားမှောင်မိုက်သော နေရာများကိုပါ အမှောင်တွင် ကျင့်သားရလာပြီဖြစ်သဖြင့် တဖြည်း

http://www.cherrythitsar.org



ဖြည်း မြင်စပြုလာ၏။ သို့နှင့် အခန်းတွင်းရှိ စားပွဲကုလားထိုင် ဘီရိုအနေ အထားများကို စိတ်တွင် မှတ်သားလိုက်လေသည်။

ခေါင်းရင်းဘက်ရှိ အိပ်ခန်းတံခါးမှာ စေ့ရုံသာ စေ့ထားသဖြင့် ခြေဖျားထောက်၍ဝင်သွားရာ ဇာခြင်ထောင်အတွင်းတွင် ပက်လက်အိပ်ပျော်နေသော ဒေါ်တင်တင်၏ ပုံသဏ္ဌာန်ကို ခပ်ရေးရေးမြင်ရ၏။ ကျော်သောင်း သည် လက်နှိပ်ဓာတ်မီးကို ခပ်အုပ်အုပ် ထိုးလိုက်ရာ အိပ်ယာနံဘေးရှိ မှန်တင်ခုံစားပွဲကလေးပေါ်တွင် ပုတီးစေ့များ စီထားသော လက်ပွေ့အိတ်ကလေးကို မြင်ရလေသည်။

စားပွဲတစ်နေရာ၌ကား တချက်ချက်မြည်၍ သွားနေသော စားပွဲတင်နာရီတစ်လုံးကိုလည်း မြင်ရ၏။ အလုပ်ကား မခဲယဉ်းတော့ပေ။ စိန်များပါသော လက်ပွေ့အိတ်ကို ယူထွက်သွားရန်သာ ရှိတော့၏။ သို့နှင့် ခုတင်ခြေရင်းဘက်မှ ခေါင်းရင်းစားပွဲကလေးရှိရာသို့ ခြေဖျားထောက်၍ သွားလေ၏။ ခြေနှစ်လှမ်းမျှ လှမ်းမိသောအခါ လကျ်ာဘက်ခြေထောက်ဖြင့် လှုပ်ရှားနေသော ပျော့စိစိအရာတစ်ခုကို တိုက်မိလေရာ ကြမ်းပေါ်သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။

'အလိုလေး . . . ကြောင်ကြီးပါလား . . .'

ကျော်သောင်းသည် ကုလားထိုင်တစ်လုံး နံဘေးတွင် ဝပ်နေသော ကြောင်ကြီးတစ်ကောင်ကို တွေ့ရ၏။ စိမ်းလဲ့ဝိုင်းစက်သော ကြောင်မျက်လုံးကြီးများမှာ မြ နှစ်လုံးကဲ့သို့ ဓာတ်မီးရောင်တွင် တောက်ပလျက်ရှိလေ၏။ ကျော်သောင်းသည် အရေးထဲတွင် ခြေကြား၌ လှုပ်၍နေသော ကြောင်ကြီးကို စိတ်ထဲမှ ကျိန်ဆဲရေရွတ်ကာ လက်ဖြင့် ဆွဲယူလိုက်၏။

သို့သော် ကြောင်ကြီးသည် လက်ထဲမှ ချော်ထွက်သွားကာ အခန်းကိုဖြတ်၍ ပြေးသဖြင့် လိုက်၍ ဖမ်းရပြန်လေသည်။ ထိုအချိန်တွင် နောက်ပေါင်နှစ်ချောင်းကို ဆွဲမိရာ ကြောင်ကြီးသည် 'ခွီး' ခနဲမြည်ကာ ကျော်သောင်း၏လက်ကို လှည့်၍ ကိုက်လိုက်၏။ ထို့နောက် လက်သည်းများဖြင့်လည်း ကုတ်ခြစ်လိုက်လေသည်။

သို့သော် ကျော်သောင်းသည် မိမိအား အနှောင့်အယှက်ပေးသော သတ္တဝါအား လည်ပင်းကိုဖျစ်၍ ဖမ်းယူလိုက်ပြီးလျှင် ပြတင်းပေါက်မှ ပစ်ချရန် ပြတင်းပေါက်ဆီသို့ သွားလေသည်။

သို့သော် ပစ်၍မရနိုင်တော့ပေ။ ပြတင်းပေါက်အနီးသို့ ရောက်သည်နှင့်တစ်ပြိုင်နက် မိမိ၏ လကျ်ာဘက် နားရွက်အောက်ကို တစ်စုံတစ်ယောက်က နောက်မှနေ၍ ရိုက်လိုက်သဖြင့် ကြောင်ကို လက်ထဲမှ

http://www.cherrythitsar.org



လွှတ်ချလိုက်ရတော့၏။ ကြောင်ကြီးမှာ လက်ထဲမှ လွှတ်သွား သည့်အချိန်၌ပင် ကျော်သောင်း၏လက်များကို ၃ – ၄ ချက်မျှ ကုတ်၍ သွားလိုက်သေး၏။

ကျော်သောင်းသည် နောက်သို့ ပြန်၍ လှည့်ကြည့်လိုက်ရာ မင်းကတော်ကြီးသည် လမ်းလျှောက်တုတ်တစ်ချောင်းကိုကိုင်ကာ ရဲဝံ့စွာ ရပ်နေသည်ကို တွေ့ရ၏။

မင်းကတော်ကြီးက

'ဟဲ့ . . . သူခိုး၊ ဘာလာလုပ်တာလဲ ဟင် . . . နင်ဒီမှာ ဘာလာလုပ်တာလဲ . . . အမယ်လေးတော် ပူစီသေပါပြီ . . .'

ကျော်သောင်းသည် မည်သို့မျှ တစ်စုံတစ်ရာ ပြန်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားနှင့် ကြက်သေသေလျက်ရှိနေ၏။ ထို့နောက်မှ သတိပြန်၍ရလာလေသည်။

'တုတ်ကြီးချလိုက် . . . ခင်ဗျားကြီး'

'ဆုတ် . . . ဆုတ် . . . နင် ငါ့အနားမကပ်နဲ့၊ ဟောဒီမှာ လာကြပါဦးတော် . . . သူခိုး . . . သူခိုး . . .'

သို့အော်ရင်း မိန်းမကြီးသည် ကျော်သောင်း၏ လက်ဆီသို့ တုတ်ကောက်ကြီးဖြင့် တအားလွှဲ၍ ဆက်ကာဆက်ကာ ရိုက်လေ၏။ ပထမအချက်သည် လက်မောင်းရင်းကို ထိပြီးလျှင် ဒုတိယအချက်မှာ လက်ဝဲဘက်လက်ဖြင့် ကာကွယ်လိုက်သဖြင့် လက်ဝဲဘက်လက်ကောက်ဝတ်ကို ထိလေသည်။ တုတ်ဖျားသည် ကျော်သောင်း၏ လက်ပတ်နာရီကို တည့်တည့်ကြီး ရိုက်မိသဖြင့် မှန်များ ကြေမွသွား၏။

ထိုအခါမှ ကျော်သောင်းတွင် ကြောက်စိတ်များ ဝင်လာတော့၏။ အလုပ်မှာ အထင်နှင့်အမြင်လွဲကာ ထစ်ထစ်ငေါ့ငေါ့ဖြစ်ရသည်ကို သတိရ မိ၏။ မိမိမှာ ဂုဏ်သရေရှိ လူကြီးတစ်ယောက်အသွင် ပြင်ပ၌ ဟန်ဆောင်နေသူဖြစ်သဖြင့် အကယ်၍ မိမိအလုပ်မအောင်မြင်စေကာမူ ရုံးပြင်ကန္တားမရောက်လို၊ မိမိ၏ အကြောင်း သတင်းစာထဲတွင် မပါစေလိုပေ၊ မိမိ၏ အခြေအနေကို ချက်ခြင်းပြန်၍ သုံးသပ်မိ၏။

မိမိရှေ့၌ ကြမ်းတမ်းခက်ထရော်သော တရားသူကြီး၏ မျက်နှာသည်လည်းကောင်း၊ အစိုးရဘက်မှ သက်သေထွက်လျက်ရှိသော ရဲအရာရှိနှင့် 'ဆွဲချ' ရှေ့နေ၏ မျက်နှာသည်လည်းကောင်း တရေးရေး ပေါ်လာတော့၏။ လက်ထိပ်နှင့် အချုပ်ခန်းကို တွေး၍ မြင်ယောင်မိသည်။ ထို့နောက် မိမိ၏ဓာတ်ပုံနှင့်တကွ နေ့စဉ်သတင်းစာကြီးများတွင် ပါလာမည့် သတင်းများကို ဆက်လက်တွေးမိပြန်၏။

http://www.cherrythitsar.org



ကျော်သောင်းသည် ကြောင်ကြီးကို ခြေတစ်ဖက်ဖြင့် ကန်ကျောက်လိုက်ပြီးနောက် မင်းကတော်ကြီး လက်ထဲမှ တုတ်ကိုလုရန် ကြိုးစားလေ၏။ မင်းကတော်ကြီးကား ရုတ်တရက် အလျှော့မပေးဘဲ ဟစ်အော် အကူအညီတောင်းလျက်ရှိလေသည်။

ထိုအခါ၌ကား ကျော်သောင်းမှာ စိတ်တို၍လာပြီဖြစ်၍ လက်ဝါးစောင်းဖြင့် မိန်းမကြီးလက်ဝဲဘက်နားရွက်အောက်သို့ တစ်ချက်တည်း ရိုက်ချလိုက်ရာ မင်းကတော်ကြီးသည် နောက်သို့ ယိမ်းယိုင်လျက် စားပွဲနှင့်ဦးခေါင်းကို ရိုက်ခတ်မိသွားပြီးနောက် ကြမ်းပေါ်သို့ သတိမေ့ကာ လဲကျသွားလေတော့၏။ ဤကဲ့သို့ စားပွဲစွန်းနှင့် ရိုက်မိသော ဒဏ်ရာမှာ မိမိလက်ဝါးဖြင့် ရိုက်လိုက်သောဒဏ်ရာထက် ပြင်းထန်၏။

'အချိန်ဖြုန်းမနေနဲ့ နောက်ကျနေပြီ၊ မြန်မြန်လုပ်မှ' ဟူသော အသိဉာဏ်တစ်ခုသည် ကျော်သောင်း၏ ဦးခေါင်းထဲသို့ ရုတ်တရက် တိုးဝင်လာ၏။ ကြောင်ကုတ်သောဒဏ်ရာများကြောင့် လက်နှစ်ဖက်စလုံးတွင် အစင်းအကြောင်းကြီးများ ထင်နေ၍ သွေးများထွက်ကာ ကျိန်းစပ်လျက်ရှိ၏။ ဤကဲ့သို့ စိတ်များ နောက်ကျိရှုပ်ပွေလျက် ရှိနေသည့်အတွင်းမှပင် မိမိအလိုရှိသော စိန်တစ်ဆင်ဆာကို အာရုံစူးစိုက်မိ၏။ စိန်များထည့်ထားသော လက်ပွေ့အိတ်ကလေးသည် မိမိနှင့် ခြေလှမ်း ၄ လှမ်းကွာ၌ပင် ရှိနေသည်မဟုတ်ပါလော။

'မြန်မြန်လုပ်မှနော် . . . အချိန်မရှိတော့ဘူး . . .'

ကျော်သောင်းသည် အိမ်ရှေ့တံခါးသို့သွား၍ နားထောင်၏။ မည်သည့်အသံကိုမျှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်ကို တွေ့ရ၏။

အကယ်၍ မိန်းမကြီး ဟစ်အော်သံကြောင့် တစ်စုံတစ်ယောက်ပင် ရောက်လာစေကာမူ မိမိသည် ပြတင်းပေါက်မှ အလွယ်တကူ ထွက်သွားနိုင်သည်ကို သတိရသောအခါမှ အတန်ငယ် စိတ်အေး၍ သွားမိတော့၏။ ပြတင်းပေါက်ကို ကျော်ကာ အုတ်စွန်းတစ်လျှောက် လျှောက်သွားပြီးနောက် အုတ်တံတိုင်းပေါ်သို့ ခုန်ကူး၍ အခြားဘက်သို့ ဆင်းတက်ရန်ကား ၅ မိနစ်ထက် ပို၍ ကြာမည်မဟုတ်ပေ။ ဤသို့ဆိုလျှင် မည်သည့်အတွက် စိုးရိမ်ရမည်နည်း။

'လက်ပွေ့အိတ်ကလေး သွားယူပြီး မြန်မြန်ပြေးပါတော့လား'

ခြေလှမ်းများသည် လေးကန်လျက် အိပ်မက်ထဲမှာကဲ့သို့ ရှိနေသော်လည်း မမြင်အပ်သော တန်ခိုးအာဏာတစ်ခုမှ စေလွှတ်လိုက်သည့်

http://www.cherrythitsar.org



အသိဉာဏ်အလင်းရောင်ကလေးများသည် တစ်ခုပြီးလျှင် တစ်ခု ကျော်သောင်း၏ ဦးခေါင်းထဲသို့ ဆက်ကာဆက်ကာ ထိုးဝင်လျက်ရှိလေ၏။

သို့နှင့် သူသည် စားပွဲကလေးရှိရာသို့ လာခဲ့ပြီးလျှင် စားပွဲပေါ် သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ကာ လက်ပွေ့အိတ်ကလေးကို ဆွဲယူ လိုက်၏။ ထိုအချိန်၌ စားပွဲတင်နာရီမျက်နှာကို ဓာတ်မီးရောင်ဖြင့် မြင်ရ လေရာ အချိန်မှာ ၃ နာရီ ၂၅ မိနစ်ရှိနေလေပြီ။ အလုပ်လုပ်ရန် ၃၅ မိနစ် သာ ကျန်တော့၏။ ထိုအခါ စားပွဲတင်နာရီသည် မိမိလက်ပတ်နာရီနှင့် အချိန်ကိုက်မကိုက် သိလိုသဖြင့် လက်ဝဲဘက်လက်ကို မြှောက်ကာ လက် နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။ သို့သော် နာရီကလေးမှာ မင်းကတော် ကြီး၏ တုတ်ချက်ကြောင့် မှန်တစ်ခုလုံး ကြေမွသွားရုံမျှမက လက်တံနှစ်ခု စလုံးပင် မဏ္ဍိုင်နှင့် ကပ်ခါ လိမ်ကောက်နေသည်ကို တွေ့ရတော့၏။

ကျော်သောင်းသည် လက်ပွေ့အိတ်ကလေးကို လျင်မြန်စွာ ကြည့် လိုက်၏။ သို့သော် မိမိထင်သည့်အတိုင်း စိန်များကို မတွေ့ရချေ။ တို့ပတ် ပုဝါကလေးတစ်ထည်၊ ငွေစက္ကူ ၁၀ တန်တစ်ချပ်၊ အကြွေအနည်းငယ်နှင့် မှန်ဝိုင်းကလေးတစ်ခုကိုသာ တွေ့ရ၏။ ကျော်သောင်းသည် အကြံရကြပ်ခါ ငွေစက္ကူကို ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်ပြီးနောက် လက်ပွေ့အိတ် ကို လွှင့်ပစ်လိုက်၏။

ထို့နောက် မင်းကတော်ကြီးအိပ်သော အိပ်ရာအောက်တွင်လည်း ကောင်း၊ ခေါင်းအုံးများအောက်၌လည်းကောင်း၊ စားပွဲအံဆွဲ၌လည်းကောင်း၊ မလှမ်းမကမ်းတွင်ရှိနေသော အဝတ်ဘီရိုကြီးနှင့် အံဆွဲများဖွင့်၍လည်း ကောင်း တစ်ခုပြီးလျှင်တစ်ခု လျင်မြန်စွာ ရှာဖွေလျက်ရှိလေ၏။ သို့သော် မည်သည့်နေရာတွင်မျှ မတွေ့ရချေ။ ဤသို့ အလွယ်တကူ မတွေ့ရသဖြင့် ကျော်သောင်းသည် တစ်ကိုယ်လုံးထူပူလာပြီးလျှင် အခန်းတစ်ခုလုံး ပြာ လောင်ခတ်မျှ ပြေးလွှားရှာဖွေလျက် ရှိနေလေ၏။

အချိန်ကား ကုန်မှန်းမသိ ကုန်လွန်လာခဲ့၏။

၄ နာရီထိုးရန် မိနစ် ၂၀ မျှသာ လိုတော့၏။ ကြွက်လှေျာက်ပေါ် တွင် မုန့်သေတ္တာပုံးကလေးတစ်ပုံးကို မြင်ရသဖြင့် တွေ့လိုတွေ့ငြား သွား၍ ရှာဖွေပြန်၏။

သို့သော်အတွင်း၌ အဝတ်စများ၊ အပ်ချည်လုံးနှင့် အပ်များနှင့် အခြားတိုလီမိုလီ ပစ္စည်းကလေးများကိုသာ တွေ့ရ၏။

စားပွဲအောက်၌ စုပုံထားသော မဂ္ဂဇင်းစာအုပ်များနှင့် သတင်းစာ ဟောင်းများ စုပုံထားသော အပုံတစ်ပုံကိုပါ လှန်လှောရှာဖွေပြန်၏။

http://www.cherrythitsar.org



သို့သော် မည်သည့်နေရာတွင်မျှ မတွေ့ရချေ။ လက်နှိပ်ဓာတ် မီးဖြင့် စားပွဲတင်နာရီကို ထိုးကြည့်ရာ အချိန်မှာ ၄ နာရီထိုးရန် ၁၀ မိနစ်မျှသာ လိုတော့ကြောင်း တွေ့ရ၏။

ထိုအချိန်၌ကား ကျော်သောင်းမှာ တစ်ကိုယ်လုံးထူပူပြီးလျှင် ဇော ချွေးများပင် ပြန်လျက်ရှိနေလေပြီ။

သို့နှင့် ကျော်သောင်းသည် ပြတင်းပေါက်ရှိရာသို့ လျင်မြန်စွာ ပြေးသွားလေ၏။ ထိုခဏ၌ မိန်းမကြီး၏ ညည်းညူသံကို ကြားလိုက်ရ သဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာ မင်းကတော်ကြီးသည် သတိပြန်၍ လည်လာပြီးလျှင် လက်တစ်ဖက်ဖြင့် ထမီအထက်ဆင့်အောက်ရှိ ချွေးခံအိတ် ထဲမှ တစ်စုံတစ်ရာကို စမ်းသပ်နှိုက်ထုတ်နေသည်ကို မြင်လိုက်ရ၏။ ထို အခါ ကျော်သောင်းသည် မိန်းမကြီးရှိရာသို့ လျင်မြန်စွာ ပြေးသွားပြီးလျှင် အနီရောင် ပိုးလက်ကိုင်ပုဝါကလေးဖြင့် ထုပ်ထားသော အထုပ်ကလေးကို အတင်းဆွဲယူလေရာ မင်းကတော်ကြီးကလည်း တစ်ဖက်မှ မလွှတ်ဘဲ

'လာကြပါတော် . . . လာကြပါတော် . . . ဓားပြတိုက်နေပါပြီ ဓားပြ ဓားပြ'

ဟု သံကုန်ဟစ်အော်လျက်ရှိလေသည်။

ကျော်သောင်းသည် စားပွဲတင်နာရီကို ဖျတ်ခနဲ လှည့်ကြည့်လိုက် ပြန်၏။ အချိန်ကား ၄ နာရီထိုးရန် ၆ မိနစ်မျှသာ လိုတော့၏။

'မပေးဘူး . . . မပေးဘူး . . . ဟောဒီမှာ ဓားပြပါတော် . . . ဓားပြ . . .'

'လွှတ်နော် အမယ်ကြီး ကျုပ်လုပ်မိလိမ့်မယ်'

မင်းကတော်ကြီးသည် ပါးစပ်ကအော်ဟစ်ရင်း လက်တစ်ဖက်က ကျော်သောင်း၏ အင်္ကျီလက်ဖျားကိုပင် ဆွဲထားလျက်ရှိလေသည်။ ထိုအခါ ၌ ကျော်သောင်းမှာ မတတ်သာလှသည့်အဆုံးတွင် လွတ်လပ်သော လက် တစ်ဖက်ဖြင့် မိန်းမကြီး၏မျက်နှာကို တစ်ခါတည်း ပြင်းထန်စွာ ရိုက်ချလိုက် တော့၏။ မင်းကတော်ကြီးကား ကြမ်းပေါ်သို့ အလျားမှောက်လဲကျသွားလေ သည်။

ထိုခဏ၌ အိမ်ရှေ့တံခါးကို တစ်စုံတစ်ယောက် ပြင်းထန်စွာ ခေါက်နေသံကြားရပြီးလျှင် အပြင်မှ ဟစ်အော်ဆူညံသံများကိုလည်း ကြား ရလေသည်။

ကျော်သောင်းသည် စိန်ထုပ်ကို လျင်မြန်စွာ ဆွဲယူ၍ ဘောင်းဘီ အိတ်ထဲသို့ ထိုးသွင်းပြီးလျှင် ပြတင်းပေါက်ဆီသို့ အတင်းပြေးသွားလေ၏။

http://www.cherrythitsar.org



အချိန်ကား မရှိတော့ချေ။ စားပွဲတင်နာရီကို လှမ်းကြည့်လိုက်ရာ ၄ နာရီထိုးရန် ၅ မိနစ်သာ လိုတော့ကြောင်း တွေ့ရ၏။ အကယ်၍သာ မီးရထားဘူတာဝင်းအတွင်းမှ ဓာတ်ကြိုးများကို ဓာတ်အား လွှတ်ထားပါက အုတ်စွန်းကို ၁၀ ပေမျှလျှောက်၍ ရေပိုက်ကို တွယ်ကပ်ဆင်းရပေတော့မည်။ ဤအသိဉာဏ်ကလေးပင် ကျော်သောင်း၏ဦးခေါင်းထဲသို့ နောက်ဆုံး ထိုးဝင်လာသေး၏။

ပြတင်းပေါက်ကိုကျော်ကာ ကျော်သောင်းသည် တိုက်နံရံမှ အုတ်စွန်းကလေးအတိုင်း လျှောက်လာခဲ့၏။ သို့သော် မိမိလာခဲ့စဉ်ကလောက် မသွက်လက်တော့ပေ။ ပခုံးတွင် တစ်ချက်ထိသွားသော ဒဏ်ရာမှာ အတော်နာကျင်နေပြီးလျှင် ကြောင်ကုတ်ထားသောလက်ချောင်းများမှ သွေးများထွက်ကာ တုန်တုန်ရင်ရင် ရှိနေ၏။ အုတ်တံတိုင်းပေါ်သို့ ခုန်ရမည့်နေရာသို့ ရောက်လျှင် မျက်နှာကို နံရံနှင့် ကပ်ထားရာမှ အုတ်တံတိုင်းဘက်သို့ တဖြည်းဖြည်း လှည့်လိုက်၏။ ထိုအချိန်၌ တိုက်ရှေ့မှ လူများ ဆူညံသံနှင့်အတူ တိုက်တံခါးကို တဒုန်းဒုန်း ရိုက်ဖွင့်သံများကို ကြားရလေ၏။

ကျော်သောင်း၏စိတ်တွင် ယခင် မိမိလာခဲ့စဉ်က နှင့်မတူဘဲ စိုးရိမ်ကြောက်ရွံ့လျက် ရှိ၏။

ပထမ စိုးရိမ်သောအချက်မှာ အိမ်ရှေ့မှ တိုက်တံခါး ပွင့်သွားပြီးနောက် တစ်စုံတစ်ယောက်သော သူသည် မိမိထွက်လာခဲ့သော ပြတင်းပေါက်မှ ခေါင်းပြူ၍လာပြီးလျှင် မိမိအား သေနတ်နှင့် ပစ်ချလိုက်လေမည်လောဟု စဉ်းစားမိ၏။

ဒုတိယအချက်မှာ မီးရထားအုတ်တံ တိုင်းပေါ်သို့ ခုန်၍ကူးရာတွင် အပိုအလိုမရှိ တိတိကျကျ ရောက်အောင် ခုန်နိုင်ပါမည်လော ဟူသောအချက်ဖြစ်၏။ တတိယအချက်သည်ကား ဓာတ်ကြိုးများကို ထိုအချိန်၌ ဓာတ်အား လွှတ်ထားပြီလောဟူသော အချက်ဖြစ်၏။

တတိယအချက်မှာ အရေးအကြီးဆုံးနှင့် သူအကြောက်ဆုံးသော အချက် ဖြစ်လေသည်။

ကျော်သောင်းသည် ဤအချက်များကို စဉ်းစားရင်း ဖောချွေးများ ပြန်လျက်ရှိရာမှ အချိန်ကုန်မခံနိုင်တော့ဘဲ အုတ်စွန်းမှ မီးရထား တံတိုင်းကြီးပေါ်သို့ ခုန်လိုက်လေ၏။

စိတ်၏ ဂဏှာမငြိမ်မှုကြောင့် လက်ဝဲဘက် ခြေဖဝါးကျသောနေရာမှာ ၆ လက်မခန့် ရှေ့သို့ပို၍ ရောက်သွားပြီးလျှင် လက်ျာဘက်ခြေမှာ ထို့ထက် ရှေ့သို့ ၄ လက်မခန့် အရှိန်ဖြင့် တိုး၍ ကျရောက်သွား၏။

http://www.cherrythitsar.org



ကျော်သောင်းသည် လက်ဝဲဘက်ကို ခြေနှင့် ကုပ်ထားနိုင်သော်လည်း အရှိန်ပြင်းသော လကျာဘက်ခြေဖဝါးကို မကုပ်နိုင်တော့ဘဲ ရှေ့သို့ အားလွန်ကာ ဓာတ်ကြိုးများပေါ်သို့ ထိုးကျသွားလေတော့၏။

သတိကောင်းသူဖြစ်သည့်အတိုင်းလည်း တတိယအဆင့် ဓာတ်ကြိုးကိုဖမ်း၍ ဆွဲထားလိုက်နိုင်သေး၏။ သို့သော် အချိန်ကား နှောင်းခဲ့ လေပြီ။ တတိယအဆင့်ဓာတ်ကြိုးမှာ ထိုချိန်တွင် ဓာတ်အားလွှတ်ပြီး ရှိနေ လေသည်။

နောက်တစ်မိနစ်အကြာတွင် ဘူတာကြီးမှ နံနက် ၄ နာရီ ၆ မိနစ် ထွက် ကုန်ရထားမှ မီးရထားစက်ခေါင်းမောင်းသမားသည် တတိယအဆင့် ဓာတ်ကြိုးတွင် တွဲရရွဲချိတ်၍ နေသော လူတစ်ယောက်၏ အလောင်းကို တွေ့မြင်ရသဖြင့် မီးရထားဘူတာသို့ သတင်းပေးပို့လေ၏။

ထိုအချိန်၌ မင်းကတော်ကြီး အခန်းတွင် ရဲအရာရှိတစ်ဦးနှင့် အရပ်သား ၄ – ၅ ယောက်တို့သည် အဖြစ်အပျက် အကျိုးအကြောင်းများကို မေးမြန်းလျက်ရှိရာ စားပွဲကလေးအပေါ်မှ စားပွဲတင်နာရီကလေးမှာလည်း နေ့တိုင်းကဲ့သို့ပင် ၁၀ မိနစ် နောက်ကျနေကျဖြစ်သည့်အတိုင်း အချိန်မှန် ထက် ၁၀ မိနစ် နောက်ကျကာ တချက်ချက် သွားလျက်ရှိလေသည်။

**သွေးသောက်မဂ္ဂဇင်း**

http://www.cherrythitsar.org



# သူစိုးမကလေး

အနောက်တိုင်းသို့ ပညာတော်သင်အဖြစ် သွားရောက်သူများသည်လည်းကောင်း၊ မိမိကိုယ်ရေးကိုယ်တာအတွက် မိမိတို့ စရိတ်ဖြင့် သွားရောက်သူများသည်လည်းကောင်း၊ အမျိုးမျိုးသော မစ်ရှင်အဖွဲ့ သံအဖွဲ့များဖြင့် သွားရောက်ကြသူများသည်လည်းကောင်း ရောက်ရှိရာမြို့တွင် တွေ့ကြုံဖြစ်ပျက်ခဲ့ရသည့် 'အတွေ့အကြုံ' များကို စာဖြင့် ဖွဲ့နွဲ့သီကုံး ရေးသားတတ်ကြပေရာ၊ အချို့မှာ လန်ဒန်သူ၊ ပါရစ်သူများနှင့် နှစ်ကိုယ်ယှဉ်တွဲ နွဲ့ပျော်မြူးတူးရသည့် အကြောင်းများကိုပင် ရာဇဝင်ကြွေးကို ဆပ်သည်ဟုဆိုကာ ရေးသားကြလေသည်။

ကျွန်တော့်မှာ စကောလားရှစ် တစ်ခုဖြင့် လန်ဒန်မြို့သို့ သွားရောက်ပညာသင်ကြားရသော သာမန်ကျောင်းသားတစ်ယောက်ဖြစ်၍ စာကြည့်ရသည်မှတစ်ပါး တစ်စုံတစ်ရာ ထူးထူးခြားခြား မတွေ့ကြုံရသည့်ပြင် လည်ပတ်ခြင်း မရှိသဖြင့် တစ်ကြောင်း၊ စာရေးရန် ဝါသနာမပါသဖြင့် တစ်ကြောင်း ရေးသားရန် အချက်အလက်များ မရရှိခဲ့ပေ။

သို့သော် တစ်နေ့တွင် ထူးခြားသောအဖြစ်အပျက်တစ်ခုနှင့် မမျှော်လင့်ဘဲ ရင်ဆိုင်တိုးမိသဖြင့် ကျွန်တော်လည်း တွေ့ကြုံသော အဖြစ်အပျက်

http://www.cherrythitsar.org



ကို ကျွန်တော်တတ်သမျှ အစီအစဉ်ဖြင့် အောက်တွင် ရေးသားဖော်ပြပါ အံ့။

*

ကျွန်တော်၏ အမည်နေရပ်သည်လည်းကောင်း၊ ကျွန်တော် သင်ကြားလျက်ရှိသော ဘာသာရပ်သည်လည်းကောင်း၊ ကျွန်တော်နေသော ကျောင်းနှင့် နေထိုင်ရာ တိုက်ခန်းသည်လည်းကောင်း၊ ကျွန်တော် လခပေး၍ စားသောက်သော အဘိုးကြီး အမယ်ကြီး လင်မယားသည်လည်းကောင်း၊ ဤဝတ္ထုအတွက် များစွာ အရေးမကြီးလှပါ။ ကျွန်တော်၏ မိတ်ဆွေ ကျောင်းသားဟောင်းတစ်ဦးက ညွှန်ကြားဆက်သွယ်ပေးသဖြင့် ကျွန်တော်သည် ထို အဘိုးကြီးလင်မယားနေထိုင်သော တိုက်ခန်းကလေးတွင် အိမ်ရှေ့ဘက်ရှိ အခန်းကျဉ်းကလေးတစ်ခု၌ အိပ်ရန်နေရာနှင့် စာကျက်ရန် စားပွဲကလေးတစ်လုံးထားနိုင်သော နေရာကလေးတစ်ခုကို ရရှိခဲ့ပါသည်။ အဘိုးကြီး အမယ်ကြီးမှာ အလွန်သဘောကောင်းပြီးလျှင် ထမင်းချက်နှင့် အိမ်ထောင်သိမ်းမိန်းမကြီးတစ်ယောက်က နေ့စဉ် လာရောက်ချက်ပြုတ်ပေးရာ ကျွန်တော်ပါ အခပေး၍ အဘိုးကြီးလင်မယားနှင့်အတူ စားသောက်နေထိုင်ခွင့် ရရှိခဲ့ပါ သည်။

၁၉၅၄ ခုနှစ်တွင် လန်ဒန်သို့ ရောက်ရှိ၍ ရောက်စကပင် အဖော်ဖြစ်သူ မိတ်ဆွေကျောင်းသားဟောင်းတစ်ဦးနှင့်အတူ မြို့ပေါ်တွင် ရောက်သင့်ရောက်ထိုက်သော နေရာများသို့ ရောက်ဖူးပြီဖြစ်၍ ကျွန်တော်သည် များစွာလည်ပတ်ခြင်း မပြုတော့ဘဲ အိမ်၌ ကုပ်ကုပ်နေကာ ကျောင်းစာများကိုသာ အားထုတ်လျက်ရှိနေခဲ့၏။ စာမေးပွဲမှာလည်း နီးကပ်လာပြီဖြစ်သည့်ပြင် အစိုးရက ထောက်ပံ့သော စရိတ်ဖြင့်လောက်အောင် အတော်ချိုးခြံမှ သာဖြစ်တော့မည်ဟု အောက်မေ့ကာ အိမ်တွင်ကုပ်၍ နေခဲ့ခြင်းလည်း ဖြစ် ၏။

နေ့စဉ် နံနက် ၁၁ နာရီအချိန် ကျောင်းသို့တက်ရောက်ရ၍ အပြန်တွင် ‘ကျူ’ ခေါ် မြေအောက်ရထားဖြင့် ပြန်လေ့ရှိ၏။ ကျွန်တော်နေထိုင် သောအရပ်မှာ အခြားအရပ်များနှင့် နှိုင်းစာလျှင် အတော်အတန် ဆိတ်ငြိမ် သဖြင့် ကျွန်တော် နှစ်သက်သောနေရာဖြစ်လေသည်။

အိမ်ရှင်အဘိုးကြီး အမယ်ကြီးမှာ ညဉ့် ၉ နာရီသာသာခန့်တွင် အိပ်ရာသို့ဝင်၍ ကျွန်တော်တစ်ယောက်သာလျှင် အိမ်ရှေ့ဆောင်အစွန်းရှိ

http://www.cherrythitsar.org



အခန်းကလေးတွင် စာကျက်၍ နေလေ့ရှိ၏။ ကျွန်တော်တို့နေသော တိုက်ခန်းမှာ တတိယအထပ်တွင်ရှိ၍ အောက်ထပ်သို့ဆင်းလျှင် ကျွန်တော်နေသောအခန်းကလေး၏ နောက်ဘက် လှေကားမှဆင်းရ၏။ အသွားအလာလွယ်ကူစေရန် အောက်ထပ်သို့ဆင်းသော လှေခါးတံခါးသော့ကို အိမ်ရှင်များက ကျွန်တော့်အား ပေးထား၏။ ဤသို့ဖြင့် ကျွန်တော့်မှာ သာမန်ပညာတော်သင် ကျောင်းသားတစ်ယောက်မျှသာ ဖြစ်သော်လည်း အစားအသောက်အနေအထိုင်မှစ၍ မဆင်းရဲဘဲ အတော်ပင် အဆင်ပြေလျက်ရှိခဲ့လေသည်။

ညဥ့်အချိန်များမှာ အလွန်အေးသဖြင့် စာကျက်သော အချိန်များတွင် မီးဖိုအနီး၌ ကုလားထိုင်ကို ချကာ ဘရန်ဒီကို အဖော်ပြုမှသာ စာကြည့်နိုင်၏။

အလွန်နှင်းကျသော ညဥ့်တစ်ညဥ့်၌ ကျွန်တော်သည် ၁ နာရီထိုးပြီးသည့်တိုင်အောင် မအိပ်သေးဘဲ ခက်ခဲရှုပ်ထွေးသော ပုစ္ဆာများကို တွက်ချက်လေ့လာလျက်ရှိစဉ် အသံတစ်သံသည် ကျွန်တော်၏နားတွင်းသို့ ထိုးဖောက်ဝင်ရောက်လာသည်ကို သတိပြုမိ၏။ ပထမ၌ အနီးပတ်ဝန်းကျင်ရှိ တိုက်အိမ်အစွန်းများနှင့် သစ်ပင်များကို ဆောင်းလေတိုက်ခတ်သောအသံဖြစ်သည်ဟူ၍လည်းကောင်း၊ သို့မဟုတ်လျှင်လည်း အိမ်နီးချင်း အိမ်တစ်အိမ်တွင် ညဥ့်နက်သန်းခေါင် ပါတီတစ်ခုခုမှ ထွက်ပေါ်လာသော ကြေးတူရိယာတစ်ခုခု၏ အသံဖြစ်သည်ဟူ၍လည်းကောင်း ထင်မိ၏။ အသံမှာ မှန်မှန်လည်း မကြားရ တစ်ခါတစ်ခါမှသာ ကြားရ၍ ထူးဆန်းလှသည်ဟုလည်း ထင်မိ၏။ အသံမှာ ခပ်အုပ်အုပ် ခပ်တုန်တုန်ရှိနေ၍ သတ္တုချင်းထိခိုက်သံကဲ့သို့သော အသံတစ်သံက နောက်မှ ကပ်၍ပါလာသေး၏။

အချိန်မှာ ၂ နာရီထိုးရန် မိနစ်အနည်းငယ်မျှသာ လိုတော့၍ တစ်ရပ်ကွက်လုံး တိတ်ဆိတ်လျက်ရှိနေပြီးလျှင် တစ်ခါတစ်ရံ အခန်းတွင်းမှ အဘိုးကြီးဟောက်သံနှင့် စားပွဲတင်နာရီမှ တချက်ချက်မြည်နေသော အသံများသာလျှင် ပတ်ဝန်းကျင်၏ ဆိတ်ငြိမ်မှုကို ထိုးဖောက်နှောင့်ယှက်သကဲ့သို့ရှိနေ၏။

ထိုအတွင်း ထူးဆန်းသောအသံတစ်သံသည် တစ်ချက်တစ်ချက်တွင် ဝင်ရောက်လာသဖြင့် တစ်ခဏမျှအကြာတွင် ကျွန်တော်လည်း အိမ်ရှေ့မှန်ပြတင်းပေါက်ရှိရာသို့ သွားရောက်ကာ ခန်းဆီးများကို ပင့်ပြီးလျှင် ဆီးနှင်းများဝေလျက်ရှိသော လမ်းကို ကြည့်မိ၏။

လမ်းဓာတ်မီးများသည် ထူထပ်စွာ ကျရောက်လျက်ရှိသော နှင်းများအောက်တွင် မထင်မရှား ဝိုးဝါးမျှ ထိန်လင်းလျက်ရှိ၏။ အချို့ ဓာတ်မီး

http://www.cherrythitsar.org



ကြိုးများသည် ဆောင်းလေလှိုင်းများတွင် လှုပ်ရှားလျက်ရှိ၏။ ထူးဆန်းသောအသံကိုကား ဆက်လက်ကြားနေရ၏။

အသံလာရာအရပ်သို့ နားစွင့်ထောင်လျက်ရှိရာ ထိုအခါမှ အသံထွက်ပေါ်လာရာ အရပ်ကို ကျွန်ုပ် ရိပ်စားမိလာ၏။ ကျွန်တော်နေသော တိုက်နှင့် မျက်နှာချင်းဆိုင်တွင် ဆေးဆိုင်တစ်ခုရှိ၍ ၎င်း၏လက်ဝဲဘက်တွင် မီးရထားလက်မှတ်များ ရောင်းသော ရုံကလေးတစ်ရုံရှိ၏။ ယင်းတို့နှစ်ခုစပ်ကြားတွင် ဘဏ်တိုက်ခွဲကလေးတစ်ခု ရှိလေသည်။ ယင်းဘဏ်တိုက်ကလေးမှာ မြို့လယ်ဘဏ်တိုက်ကြီးတစ်တိုက်၏ တိုက်ခွဲကလေးတစ်ခုမျှသာဖြစ်၍ နေ့အခါများ၌ပင် ငွေပေးငွေယူ လူဝင်လူထွက် မစည်ကားလှချေ။ ကျွန်တော်၏ အိမ်ရှင်အဘိုးကြီးကပင်၊ ကျွန်တော်၏ငွေများကို ထိုဘဏ်တိုက်ကလေး၌ အပ်နှံ၍ အလိုရှိသောအခါမှ လိုသလောက်ထုတ်ယူရန် တိုက်တွန်းသေး၏။ သို့သော် ကျွန်တော့်လက်တွင် တစ်လအတွက် စားသုံးရန်ငွေမှတစ်ပါး အမြောက်အမြားမရှိ အဖိုးတန်ပစ္စည်းလည်း မရှိသဖြင့် အပိုသက်သက်မျှသာဖြစ်၏။

အသံမှာ ထိုဘဏ်တိုက်ကလေး အတွင်းမှ ထွက်ပေါ်လာဟန် လက္ခဏာရှိ၏။

ဘဏ်၏အပေါ်ထပ်မှာ ရှေ့နေရုံးခန်းများသာဖြစ်၍ အနီးပတ်ဝန်းကျင်၌ လူနေအိမ်ခြေ နည်းပါးလှလေသည်။ အသံဖြစ်ပေါ်လာပုံကို ထောက်ခြင်းအားဖြင့် အတွင်းတွင် စက်ကိရိယာများ တပ်ဆင်လှုပ်ရှားနေသကဲ့သို့ထင်ရလေသည်။

အကယ်၍သာ ကျွန်တော့်တွင် တယ်လီဖုန်းရှိက ရဲအဖွဲ့အား ချက်ခြင်းအကြောင်းကြားမည်ဖြစ်၏။ သို့နှင့် ခေတ္တမျှ စဉ်းစားလျက်ရှိလေရာ လမ်းထောင့်၌ လူအများသုံးနိုင်သော တယ်လီဖုန်းတိုင်ကလေးရှိသည်ကို သတိရလာ၏။ သို့သော် ထိုနေရာသို့ ရောက်အောင်သွားရန်မှာ ဓာတ်မီးတိုင်တစ်တိုင်အောက်မှ ဖြတ်၍ သွားရမည်ဖြစ်လေသည်။ ကျွန်တော်သည် ပြတင်းခန်းဆီးများကို ဆွဲချလိုက်ပြီးနောက် ခေတ္တမျှ စဉ်းစားလျက်ရှိ၏။ မိမိအလုပ်မဟုတ်ဘဲ ဝင်ရောက်စွက်ဖက်ခြင်းဖြစ်မည်ကိုလည်း စဉ်းစားမိ၏။

သို့သော် ဘဏ်တိုက်ဆိုသည်မှာ ပုဂ္ဂလိက ပစ္စည်းများနှင့် ပြည်သူပိုင်ပစ္စည်းများ အပ်နှံသိုလှောင်ထားသော နေရာဖြစ်၍ တိုင်းကြီးပြည်ကြီးသားတစ်ယောက်အနေနှင့် တတ်နိုင်သမျှ ကာကွယ်ရန် ဝတ္တရားရှိသည်ကိုလည်း နားလည်၏။ မိမိနှင့် တိုက်ရိုက် သက်ဆိုင်သော အလုပ်တစ်ခုမဟုတ်စေကာမူ အစိုးရဥပဒေကို ရှိသေစောင့်ထိန်းရန်ကား တိုင်းသူပြည်သား

http://www.cherrythitsar.org



တိုင်း၏ ဝတ္တုရားဖြစ်လေသည်။ 'ငါ တစ်ခုခုတော့ လုပ်မှပဲ' ဟု စိတ်ကို သံန္နိဋ္ဌာန်ချလိုက်၏။

သို့နှင့် ကျွန်တော်လည်း အင်္ကျီချိတ်တွင် ချိတ်ထားသော စပို့ကုတ် အထူကြီးကို ကပျာကရာစွပ်ပြီးလျှင် တံခါးကိုဖွင့်၍ အောက်ထပ်သို့ ဆင်းခဲ့လေ၏။ အဘိုးကြီးနှင့် အမယ်ကြီးကား ဟောက်၍ ကျန်ရစ်ခဲ့၏။ တိုက်ခန်းနီးချင်းမှာ အိပ်ပျော်နေကြပြီးလျှင် ပတ်ဝန်းကျင်မှာ တိတ်ဆိတ်လျက် ရှိလေသည်။

တိုက်မှထွက်၍ ကျွန်တော်သည် လမ်းပေါ်သို့ ရောက်လာ၏။ ထို့နောက် တယ်လီဖုန်းသေတ္တာကလေးရှိသောနေရာသို့ လျှောက်ခဲ့လေသည်။ ဆီးနှင်းများ ကျ၍နေသဖြင့် လမ်းဘေးတစ်ဖက်တစ်ချက်ရှိ တိုက်တံခါးနှင့် မှန်ပြတင်းများသည် ကောင်းစွာမဖောက်ထွင်းနိုင်သော ဓာတ်မီးရောင်များ အောက်တွင် မထင်မရှား ဝိုးဝါးမှုသော မြင်ကွင်းတစ်မျိုးကို ဖြစ်စေ၏။ ကျွန်တော်တို့ တိုက်နှင့် ကပ်လျက်ရှိသော တိုက်အောက်ထပ် အခန်းတစ်ခန်းမှ ကလေးငိုသံတစ်သံ ကြားလိုက်ရ၏။ အလွန်ဝေးသော နေရာတစ်ခုမှ မြင်းရထားခေါင်းလောင်းသံကဲ့သို့လည်းကောင်း၊ မီးစက်ခေါင်းမောင်းသံကဲ့သို့လည်းကောင်း အသံတစ်သံ ကြားလိုက်ရပြန်၏။ အလွန်အေးသော ဆောင်းလေသည် ကျွန်တော်၏ ရှေ့တူရူမှ ဖြည်းညင်းစွာ တိုက်ခတ်လျက်ရှိ၏။

ကျွန်တော်သည် လူသွားလမ်းစင်္ကြံသမံတလင်းမှ လျှောက်သွားရာ တယ်လီဖုန်းသေတ္တာကလေးဆီသို့ ရောက်သွား၏။ ထိုအချိန်တွင် ဈေးဆိုင်တံခါးတစ်ခုရှိရာ မှောင်ရိပ်မှ အသံတစ်သံ ကြားရလေသည်။ အသံမှာ ယောကျာ်းတစ်ယောက်၏ အသံဖြစ်၍ ခပ်အုပ်အုပ်ဖြစ်သော်လည်း ပြတ်ပြတ်သားသား ရှိလေသည်။

ထိုအသံက . . .

'ခင်ဗျား နောက်ပြန်ဆုတ်လိုက်ပါ'

ကျွန်တော်သည် နောက်သို့ လှည့်ကြည့်လိုက်၏။ တံခါးအရိပ်၌ကား မည်းမည်းသဏ္ဌာန်တစ်ခုကို မြင်ရလေသည်။ ကျွန်တော်က 'တယ်လီဖုန်းသေတ္တာ' ၏ တံခါးကို ဖွင့်မည်ပြုရာ ယခင်ကအသံ ထွက်ပေါ်လာပြန်၏။

ယခုအကြိမ်၌မူ အသံမှာစူးရှ၍ အမိန့်ပေးသော 'လေ' နှင့် ပြောသကဲ့သို့ ရှိလေသည်။

'အခုချက်ချင်း နောက်ပြန်ဆုတ်'

http://www.cherrythitsar.org



လူတစ်ယောက်သည် မှောင်ရိပ်အစွန်းသို့ ထွက်လာ၍ လက်တစ်ဖက်ကို မြှောက်ချီ ဆန့်တန်းလျက်ရှိရာ သူ၏လက်တွင် မည်းနက်သော သေနတ်တိုကလေးကို မြင်လိုက်ရ၏။ သေနတ်ပြောင်းကလေးမှာ ကျွန်တော်၏ ရင်ဝအား ချိန်ရွယ်လျက်ရှိလေသည်။ သေနတ်မှာ ပစ္စတို အကြီးစားကလေးဖြစ်ဟန်တူ၍ ၆ ပေခန့်အကွာမှ အလင်းရောင်အောက်တွင် ချိန်ထားသောချိန်ချက်သည် မည်သည့်နည်းနှင့်မျှ မလွဲနိုင်ပေ။

ကျွန်တော်သည် လူအေးတစ်ယောက်ဖြစ်သည့်ပြင် ခုခံတိုက်ခိုက်လိုသော စိတ်လည်း မရှိသဖြင့် ထိုသူရှိရာသို့ လျှောက်သွားလေ၏။ လူဆိုးကား မျက်နှာပေါ်တွင် ပိုးသားမျက်နှာဖုံးတစ်ခု တပ်ဆင်ထားသည်ကို မထင်ရှားသော အလင်းရောင်၌ ခပ်ရေးရေးမြင်ရ၏။

ကျွန်တော်က . . .

'ခင်ဗျားဘယ်သူလဲ ဓားပြတိုက်တာလား'

ဟု မေးလိုက်ရာ ထိုသူသည် ခေါင်းကို ဖြည်းညင်းစွာရမ်းလျက်

'မဟုတ်ဘူး ကျုပ်က အစောင့်ပဲ။ ခင်ဗျား တယ်လီဖုန်းသေတ္တာဆီသွားတာ ဘဏ်တိုက်ရှေ့တံခါးနားက ကျုပ်မြင်လိုက်လို့ ကျုပ်လိုက်လာ တာ'

'ဘာဗျ . . . ဘဏ်တိုက် . . . ဟုတ်စ'

'ဟုတ်တယ် . . . ဘဏ်တိုက်က ခင်ဗျားအသံကြားတယ် မဟုတ်လား။ ဒီတော့ ပြတင်းပေါက်ဖွင့်၊ ခန်းဆီးတွေမပြီး ခင်ဗျားကြည့်တယ်လေ၊ ဒီနောက် ခင်ဗျား လမ်းပေါ်ရောက်လာပြီး ဒီတယ်လီဖုန်းသေတ္တာဆီ ရောက်လာတာပဲ၊ ဟုတ်တယ် မဟုတ်လား၊ ကိုင်း . . . ကျုပ်နဲ့အတူ လိုက်ခဲ့ပေတော့ မိတ်ဆွေ'

သူက မိတ်ဆွေဟု ခေါ်လိုက်သော်လည်း ကျွန်တော်သည် မည်သည့်နည်းနှင့်မျှ သူ၏မိတ်ဆွေမဟုတ်ချေ။ သို့သော် ထိုအကြောင်းကို သူ့အား ဖွင့်ပြောရန်မသင့်ဟု ယူဆမိ၏။ သို့နှင့် ကျွန်တော်က . . .

'ဘယ်ကို လိုက်ရမှာလဲဗျ'

'ဘဏ်တိုက်ကိုလေ . . . အထဲကို'

ကျွန်တော့်အား အကြပ်ကိုင်ချေပြီ။ သို့သော် . . . ကျွန်တော်ကလည်း သူခေါ်သောနေရာသို့ လိုက်ချင်နေ၏။ သို့မှသာ ကျွန်တော်စိတ်ကူးခဲ့သော ပြည်သူပိုင်ပစ္စည်းများအား တိုက်ခိုက်လုယူခြင်းကို ကာကွယ်နိုင်မည်မဟုတ်ပါလော . . . တိုင်းပြည်၏ တာဝန်ဝတ္တရား မကျေပွန်သော ကျောင်းသားတစ်ယောက်ဖြစ်ကာ အသက်ရှင်နေရခြင်းထက် တာဝန်ဝတ္တရား

http://www.cherrythitsar.org



ကျေပွန်သည့် တိုင်းကြီးပြည်ကြီးသားတစ်ယောက်အနေနှင့် သေရခြင်းက မြတ်သည်မဟုတ်ပါလော . . .။

သို့နှင့် ကျွန်တော်တို့သည် ပြန်၍ လှည့်လာခဲ့၏။ တိုက်ခန်းတစ်ခန်းမှ နို့စို့ရွယ်ကလေးမှာ ငိုလျက်ပင် ရှိသေးရာ မိခင်ဖြစ်သူက ချော့မော့နေသော အသံကိုလည်း ကြားရ၏။ ကားတစ်စီးသည် တောက်ပသော ရှေ့မီးလုံးကြီးနှစ်လုံးကို ထိုးကာ လမ်းထိပ်မှ အေးဆေးစွာဖြတ်သွား၏။ ထိုအချိန်၌ ပိုးသားမျက်နှာဖုံးနှင့် လူသည် ကျွန်တော့်အား မှောင်ရိပ်တစ်ခုသို့ ဆွဲယူလိုက်ရာ မကြာမီပင် ကျွန်တော်တို့သည် ဘဏ်တိုက်ရှေ့သို့ ရောက်ခဲ့ကြလေသည်။

ထိုသူသည် စေ့၍ထားသော တံခါးကို ခြေဦးဖြင့် အသာတွန်း၍ ဖွင့်လိုက်ရာ တံခါးလည်း ပွင့်သွားလေသည်။

အလင်းရောင်မှ လာသဖြင့် ကျွန်တော်၏မျက်လုံးများမှာ ပထမကောင်းစွာမမြင်ရဘဲရှိလေရာ အတန်ကြာမှ မှောင်ထဲတွင် ကျင့်သားရ၍ မြင်ရလာ၏။ ဘဏ်တိုက်၏ ရှေ့ဘက်ခန်းမဆောင်ကြီးမှာ မှောင်နေသည်မှတစ်ပါး နေ့အခါကအတိုင်း နေသားတကျရှိနေ၏။ 'ကောင်တာ' ၏ အတွင်းဘက်တွင် ဖိ၍ထားသော စာရွက်များ၊ ဖိုင်များ၊ မင်အိုး၊ ကလောင်တံ၊ မင်နှိပ်များပင် ခြေရာလက်ရာ မပျက်ရှိနေလေသည်။

ပိုးသားမျက်နှာဖုံးနှင့် လူဆိုးသည် မန်နေဂျာအခန်းဘေးရှိ လမ်းကြားတစ်ခုမှ ကျွန်တော့်အား ခေါ်သွားလေရာ ဘဏ်တိုက်မှ ရွှေငွေနှင့် အဖိုးတန် စာချုပ်စာတမ်းများ သိမ်းဆည်းထားသော 'သံသေတ္တာအလုံခန်း' ရှိသော နေရာကို ထိုအခါတွင်မှ ကျွန်တော် သိရှိရလေသည်။ ယင်းအလုံခန်းမှာ ဘဏ်မန်နေဂျာ အလုပ်လုပ်သော အခန်း၏ နောက်တည့်တည့်တွင် ရှိ၏။ လမ်းကြားကလေးကို ကွေ့မိသောခါ၌ကား ဓာတ်မီးများလင်းနေသည်ကို တွေ့ရ၏။ သို့သော် တစ်ခုတည်းသော မှန်ပြတင်းပေါက်ကို ပလတ်စတစ်အချပ်များဖြင့် အတွင်းမှ သေချာစွာ ကပ်ထားသောကြောင့် မီးရောင်ကို အပြင်မှ မြင်နိုင်မည်မဟုတ်ပေ။ တံခါးတစ်ခု၏ အောက်ပိုင်းကိုလည်း သကြားထည့်သော ဂုန်နီအိတ်ဟောင်းများဖြင့် ကာရံထားလေသည်။

လူတစ်ယောက်ပင် ကောင်းစွာ ဝင်၍သွားနိုင်သော သံသေတ္တာကြီး၏ တံခါးရှေ့တွင် မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်သည် သံဖောက်ကိရိယာများ၊ လျှပ်စစ်ဓာတ်လွန်ပူများဖြင့် အပြင်းအထန် အလုပ်လုပ်လျက်ရှိ၏။ ယောကျ်ားမှာ အရပ်မြင့်၍ သက္ကလပ်ဝတ်စုံကို ကျနစွာဝတ်ဆင်ထား၏။ မိန်းမဖြစ်သူသည်လည်း အရပ်မြင့်ပြီးလျှင် သက္ကလပ်

http://www.cherrythitsar.org



ဘောင်းဘီနက်အရှည်နှင့် ရှပ်လက်တိုကို ဝတ်ထား၏။ သားမွေးအင်္ကျီရှည် တစ်ထည်မှာ အနီးရှိ သံချိတ်တစ်ခုတွင် ချိတ်ထားသဖြင့် သူဝတ်သော အင်္ကျီ ဖြစ်ဟန်တူ၏။ ရွှေရောက်တောက်သော ဆံပင်များသည် နီမြန်းသော သူ၏ ကုပ်သားပေါ်တွင် ပျံကျရောက်လျက်ရှိလေသည်။

အရပ်မြင့်သော ယောက်ျား၏ လည်ပင်းတွင် အပြာရောင် ပိုးလည်စည်းတစ်ခု တွဲရရွဲကျလျက်ရှိသဖြင့် အကြောင်းရှိက မျက်နှာကို ဖုံးကွယ် နိုင်ရန် အသင့်ထားခြင်း ဖြစ်ဟန်တူ၏။ ချွေးပေါက်ကြီးများသည် သူ၏ နဖူးနှင့် ပြည့်တင်းသော ပါးပြင်မှ ကျဆင်းလျက်ရှိလေရာ၊ ချွေးများကို ယင်း လက်ကိုင်ပုဝါဖြင့် တစ်ခါတစ်ခါ သုတ်လေသည်။ မိန်းကလေးမှာမူ မျက်နှာကို ဖုံးအုပ်ခြင်းမရှိချေ။ တောက်ပသောမျက်လုံးပြာကြီးများဖြင့် ကျွန်တော့်အား လှမ်းကြည့်ရာ မျက်နှာကလေးမှာ လှပပြေပြစ်၍ ချစ်စဖွယ်ကောင်းပြီးလျှင် ရုပ်ချောသလောက် မျက်နှာထားနှင့် စကားလည်း ချိုသာလှပေသည်။ အရပ်မြင့်သလောက် ကိုယ်လုံးကိုယ်ထည်ကောင်းပြီးလျှင် တည့်မတ်ဖြောင့်စင်းသော ကိုယ်ရှိ၏။ လက်မောင်းအိုးကြီးများမှာလည်း ယောက်ျားတစ်ယောက်ကဲ့သို့ တုတ်ခိုင်၊ သန်မာလှပေသည်။ လက်ျာဘက်ပါးပြင်တွင် မှဲ့ကလေးတစ်လုံးရှိလျက် ကျွန်တော်တွေ့ဖူးသမျှ အနောက်တိုင်းသူများထဲတွင် အချိုသာဆုံးမျက်နှာရှိသူ ဖြစ်လေသည်။

မိန်းမပျိုသည် ကျွန်တော့်အား ဖမ်းလာသူ မျက်နှာဖုံးလူဆိုးဘက်သို့လှည့်၍ . . .

'ဘယ်သူ့များ ဖမ်းမိလာခဲ့တာလဲ ဂျင်မီ'

'ဒီမိတ်ဆွေက ကျွန်တော်တို့ကို မြင်သွားတယ်ဗျ၊ နို့ပေမယ့် သူ့ကို ကျွန်တော်က ပထမ မြင်လိုက်တယ်'

မိန်းမပျိုသည် ကျွန်တော့်ဘက်သို့လှည့်၍ တစ်ချက်ပြုံးလိုက်၏။ အကြောင်းရှိက ကျွန်တော့်ဘက်မှပင် လိုက်မည့် လက္ခဏာရှိ၏။ ထိုအချိန်၌ ကျွန်တော်၏ စိတ်များသည် သူ့ဘက်သို့ ယိမ်းယိုင်ကာ ဤလှပသော မိန်းမပျိုနှင့် အတူသာ အလုပ်လုပ်ရပါက ဘဏ်တိုက်များကို ချိုးဖောက်ဝင်ရောက်သည့် ဥပဒေမဲ့အလုပ်များကိုပင် လုပ်ကိုင်ရန် ဝန်လေးမည်မဟုတ်ဟု ယူဆမိ၏။

မိန်းမပျိုသည် ကျွန်တော့်ဘက်သို့လှည့်၍ . . .

'ရှင် ဒီအချိန်မှာ ကိုယ့်အိပ်ရာထဲကိုယ် အေးအေးအိပ်နေဖို့ ကောင်းတယ်'

ဟု ပြောလိုက်ရာ အရပ်မြင့်သောသူ၏ အဖေါ်က . . .

http://www.cherrythitsar.org



'တခြားဟာတွေ စိတ်မဝင်စားပါနဲ့ . . . ကိုယ့်အလုပ်သာ ကိုယ် ဂရုစိုက်စမ်းပါ ဗက်တီ'

ဟု ပြောလိုက်လေသည်။

ထိုအခါမှ သူတို့လုပ်ကိုင်နေပုံကို ဂရုစိုက်၍ ကြည့်မိ၏။ ကြမ်းပြင်ပေါ်တွင် ဆိတ်ရေဖြင့်ပြုလုပ်ထားသော သားရေအိတ်ကြီးတစ်လုံးရှိ၍ ယင်းအိတ်ကြီးထဲတွင် လျှပ်စစ်ဓာတ်အားဖြင့် လှုပ်ရှားအသုံးပြုနိုင်သည့် တူများ၊ လွန်ပူများ၊ ဖောက်စက်များ၊ တူရွင်းဆောက်များ ရှိလေသည်။ ယင်းကိရိယာများကို ဘဏ်တိုက်အတွင်းသို့ လျှပ်စစ်ဓာတ်အားပေးသော မီတာသေတ္တာမှ ရော်ဘာကြိုးမကြီးဖြင့် ဆက်ထား၏။ အရပ်မြင့်သောသူသည် မီးခံသေတ္တာခန်းကြီး၏ အောက်ခံ သမံတလင်းခုံကို လျှပ်စစ်သံတူရွင်းဖြင့် ထိုးဖောက်လျက်ရှိရာ ဗက်တီဆိုသူ မိန်းမပျိုက သေတ္တာကြီး၏ သော့ပေါက်အတွင်းသို့ သံရည်ပျော်မီးတောက်ကို ထိုးသွင်းလျက်ရှိလေသည်။ သို့ရှိစဉ် သူတို့သည် မျက်မှန်နက်အဝိုင်းကြီးများကို တပ်ဆင်လိုက်ကြ၏။

ကျွန်တော်သည် သူတို့လုပ်ကိုင်ပုံကို စိတ်အားထက်သန်စွာ ကြည့်ရှုလျက်ရှိရာ ပိုးသားမျက်နှာဖုံးတပ်ထားသော အစောင့်က ကျွန်တော့်အား

'ဟိုထောင့်က ကုလားထိုင်ပေါ် သွားထိုင်နေပါ့လား၊ လှုပ်တော့ မလှုပ်နဲ့နော်၊ လှုပ်ရင် ဗက်တီက သူ့ဓာတ်မီးတောက်နဲ့ ခင်ဗျားမျက်လုံးကို ထိုးလိုက်လိမ့်မယ်'

ဟု ကျွန်တော့်အား ပြောလိုက်ရာ သူပါးစပ်မပိတ်မီပင် ဗက်တီက

'ဒီသူငယ်က လူကောင်းတစ်ယောက်နဲ့ တူပါတယ်၊ လူကောင်းဆိုရင် ဘယ်တော့မှမလုပ်ဘူး'

ဟု ချက်ချင်း ပြန်ပြောလိုက်လေသည်။

ထို့နောက် သူတို့သည် ယခင်ကထက် လျင်မြန်စွာ အလုပ်ကို လုပ်ကြ၏။ မျက်နှာဖုံးတပ်ထားသော ဂျင်မီကမူ ဘဏ်တိုက်အပြင်သို့ မကြာခဏ သွားရောက်ပြီးလျှင် လူသူလေးပါး အရိပ်အကဲကိုကြည့်၍ ပြန်လာဟန်တူ၏။ သူတို့လုပ်ကိုင်ပုံမှာ အလွန်ထူထဲသော သံတံခါးကြီးကို မဖွင့်ဘဲ ယင်းတံခါးရွက်၌ လူတစ်ယောက်ဝင်သာရုံမျှ အပေါက်တစ်ပေါက် ရရှိစေ ရန် ပြုလုပ်နေခြင်းဖြစ်ဟန်တူ၏။

ကျွန်တော်သည် ဓာတ်မီးတောက်ပါသည့် မီးပန်းစက်ကို ကျင်လည်စွာ ကိုင်တွယ်နေသော ဗက်တီ၏ ပင်ပန်းကြီးစွာ အားထုတ်လုပ်ကိုင်နေသည်ကိုသာ အာရုံစိုက်၍ ကြည့်နေမိ၏။ တစ်နာရီခန့် ကြာလတ်သော် အပေါက်မှာ လူတစ်ယောက်ဝင်နိုင်လောက်သော အပေါက်ကို

http://www.cherrythitsar.org



ရရှိခဲ့လေပြီ။ သို့သော် အောက်ဆုံးထပ် မီးခံသံပြားတစ်ချပ်ကား ကျန်၍နေသေး၏။

ဗက်တီသည် မျက်နှာမှ ချွေးများကို ပိုးလက်ကိုင်ပုဝါဖြင့် သုတ်လိုက်ပြီးနောက် အရပ်မြင့်သော အဖော်ဖြစ်သူအား . . .

'ကိုင်း . . . ဒေးဗစ်၊ အလုပ်တော့ ပြီးလုပါပြီ၊ သံတံခါးအေးအောင် ရေတစ်ပုံးသာ ယူခဲ့ပေတော့'

ထိုအခါမှ ဤဘဏ်တိုက်ဖောက်လုပ်ငန်းကို ဦးစီးစီမံအုပ်ချုပ်၍ အမိန့်ပေးနေသူမှာ 'ဗက်တီ' ဖြစ်၍ အရပ်မြင့်သော ဒေးဗစ်နှင့် မျက်နှာဖုံး တပ်တံခါးစောင့် ဂျင်မီတို့က သူ၏ လက်အောက်ခံများဖြစ်ကြောင်း အကဲခတ်မိလေသည်။

ဒေးဗစ်သည် သံသေတ္တာခန်းကြီး လက်ျာဘက်၌ ရှိသော အောက်ထပ် မြေတိုက်သို့ ဆင်း၍သွားပြီး မကြာမီ ရေတစ်ပုံးကိုယူ၍ ပြန်လာ၏။ ဂျင်မီကား အပြင်ဘက်တွင် ပတ္တရောင်လှည့်၍ ပြန်လာရာမှ ကျွန်တော့်အနီး၌ ထိုင်လေသည်။ ထို့နောက် သံပူကို ရေလောင်းလျှင် ပြင်းထန်စူးရှ၍ မွန်သော အခိုးအငွေ့များ ထွက်လာတတ်ကြောင်း သတိပေးသဖြင့် ကျွန်တော်လည်း နှာခေါင်းကို လက်ကိုင်ပုဝါဖြင့် စည်းထားလိုက်၏။

သူပြောသည့်အတိုင်းလည်း မှန်ပေသည်။ ဗက်တီသည် နှာခေါင်းကို ပိုးလက်ကိုင်ပုဝါဖြင့် ပိတ်၍ ချည်လိုက်ပြီးနောက် ရေပုံးမှရေကို ဖြည်းညင်းစွာလောင်းလေရာ ရဲရဲနီလျက်ရှိသော သံတံခါးမှ တရှူးရှူးတရှဲရှဲမြည်သော အသံများနှင့်အတူ မီးခိုးလုံးများ ထွက်ပေါ်လာပြီးလျှင် တစ်ခန်းလုံး မီးခိုးများဖြင့် ပြည့်လျက်ရှိလေ၏။

'ဒီသံပြားက မီးခံသံမဏိပြားပဲ ဒေးဗစ်ရဲ၊ ဒီတော့ ဆေးမီးစာကို အသုံးပြုရလိမ့်မယ်၊ ကျွန်မလွယ်အိတ်ထဲက 'ပရော့ဆိုက်' ဆေးရည် ပုလင်းလှမ်းလိုက်စမ်းပါ'

ဟု ဗက်တီက ပြောသဖြင့် ဒေးဗစ်သည် ဆိတ်ရေလွယ်အိတ်ထဲမှ ဆေးရည်များပါသော ပုလင်းတစ်လုံးကို ဗက်တီအား လှမ်း၍ပေးလိုက်လေသည်။ ထိုအခါ ဗက်တီသည် အတွင်း သံမဏိပြားပေါ်သို့ နှုတ်ခမ်းသား မရှိရာ လမ်းကြောင်းအတိုင်း ဆေးရည်များကို သွန်းလောင်းလေသည်။ ထို့နောက် ဒေးဗစ်က လျှပ်စစ်လွန်ပူဖြင့် နှုတ်ခမ်းသားများအား မျဉ်းကြောင်းအတိုင်း လိုက်၍ ထိုးဖောက်လေရာ ၁၅ မိနစ်ခန့်အကြာတွင် သံမဏိအချပ်ကြီးသည် နောက်သို့ ကွာ၍ကျသွားပြီးလျှင် လူတစ်ယောက်ဝင်နိုင်လောက်သော တိုးယိုပေါက်ကြီးတစ်ခု ဖြစ်သွားတော့၏။

ဒေးဗစ်က ရှေးဦးစွာ ဝင်သွားပြီးလျှင် လူဆိုးများ လက်နှင့်ထိမိလျှင် မြည်သော ဝိုင်ယာကြိုးကို သံညှပ်ကပ်ကြေးကြီးဖြင့် ဖြတ်လိုက်၏။ ထို့နောက် ကြိုးတစ်ချောင်း၌ ဓာတ်မီးလုံးတစ်လုံးကို တပ်လိုက်ရာ သံမဏိခန်းကြီးအတွင်းမှာ ထိန်လင်း၍ သွားလေသည်။ အတွင်း၌ကား လက်ဝဲဘက်တွင် အဖိုးတန်စာချုပ်စာတမ်းများ ထည့်ထားသော သံသေတ္တာကလေးများကို တစ်လုံးစီစီ၍ ကမ္ဗည်းထိုးထား၏။ လက်ျာဘက်၌မူ ငွေစက္ကူထုပ်များ အထပ်လိုက်ရှိနေလေသည်။ ဂျင်မီသည် ကျွန်တော့်အား စိတ်မချသဖြင့် အခန်းတွင်းသို့ ကျွန်တော့်အား တွန်း၍ ပို့လိုက်သဖြင့်သာ မြင်ရခြင်းဖြစ်လေသည်။ ငွေစက္ကူထုပ်များပေါ်၌ကား အချပ်ရေနှင့် တန်ဖိုးကို အပြာရောင်၊ အနီရောင် ခဲများဖြင့် ရေးမှတ်ထား၏။ ဗက်တီသည် ကျွန်တော့်အား ဂျင်မီခေါ်သွင်းလာသည်ကို တစ်စုံတစ်ရာ ကန့်ကွက်ခြင်းမပြုဘဲ ကျွန်တော့်ကို ပင်ခပ်ပြုံးပြုံး၍ ကြည့်၍နေလေသည်။

ဒေးဗစ်က ဂျင်မီအား . . .

'ဘယ့်နှယ်လဲဟေ့ ဂျင်မီ၊ ငါတို့တော့ ဒီကနေ့ည တစ်ညထဲနဲ့ ပွနိုင်တယ်ဟေ့၊ ကြည့်စမ်းပါဦးကွယ်၊ တစ်ပေါင်စက္ကူထုပ်တွေ ငါးပေါင် စက္ကူထုပ်တွေ အားရစရာကြီး'

ဟု ပြောလိုက်ရာ ဂျင်မီက

'ဟုတ်တာပေါ့ကွဲ့၊ အသာမပြီး ယူခဲ့ရုံပဲ'

ဟု ပြန်ပြောလိုက်ရာ ဗက်တီက

'ဟေ့သူငယ်တွေ သတိထားကြ၊ စိတ်ကို ထိန်းကြ၊ ဘယ်နည်းနဲ့မှ ဒီကနေ့ည မယူရဘူး၊ ဒီကနေ့ည ဒီကိုလာတာ ငါလိုချင်တဲ့ပစ္စည်းတစ်ခုသာ ယူဖို့လာတယ်ဆိုတာ မင်းတို့ သိတယ်မဟုတ်လား'

ဟု ပြောလိုက်ရာ ဒေးဗစ်က

'သိပါတယ် ဗက်တီ'

ဂျင်မီကလည်း

'ကျွန်တော်လဲ သိပါတယ်ခင်ဗျာ'

ဟု ဖြေလိုက်တော့မှ ဗက်တီက . . .

'အေး . . . ဒီလိုမှပေါ့၊ လူများဟာ လောဘကြောင့် ဒုက္ခတွေ့တတ်တယ်ဆိုတာ ကြားဖူးတယ်မဟုတ်လား'

'ကြားဖူးပါတယ် ဗက်တီ'

'မင်းကော ကြားဖူးတယ်မဟုတ်လား ဂျင်မီ'

'ကျွန်တော်လဲ ကြားဖူးပါတယ် ခင်ဗျာ'

http://www.cherrythitsar.org



'ဒီလိုမှပေါ့ကွဲ့၊ မင်းတို့ကို ထိုက်တန်တာထက်ပိုပေးပြီး ဒီကနေ့ည အတွက် ငါငှားလာတယ် မဟုတ်လား၊ ဒီတော့ လောဘရမ္မက်ကို စောင့်ထိန်းကြမှပေါ့၊ ဒေးဗစ် ဟောဒီသေတ္တာကလေးဟာ ငါလိုချင်တဲ့ပစ္စည်းပဲ ကိုင်း ယူခဲ့ပေတော့'

ဗက်တီသည် လက်ဝဲဘက်စင်မြင့်ပေါ်တွင် တင်ထားသော သံသေတ္တာကလေးများထဲမှ နံပါတ်များကို ရွေးချယ်လျက်ရှိ၏။ ထို့နောက် သေတ္တာကလေးတစ်လုံးကို ဆွဲထုတ်လိုက်ပြီးလျှင် ယင်းသေတ္တာမှနံပါတ်ကို သူ၏ မှတ်တမ်းစာအုပ်ကလေးတွင် ရေးထားသော နံပါတ်နှင့် အထပ်ထပ် တိုက်၍ ကြည့်ပြီးနောက် ဒေးဗစ်အား ယူခဲ့ရန် ပေးအပ်လိုက်လေသည်။

ဒေးဗစ်နှင့် ဂျင်မီတို့သည် ငွေစက္ကူထုပ်များကို အားမလိုအားမရ ကြည့်ရှုပြီးနောက် ဗက်တီ၏မျက်နှာကို လှမ်း၍ ကြည့်လိုက်ကြ၏။ ထို့ နောက် ဒေးဗစ်က . . .

'တော်လဲတော်တဲ့ မိန်းမတစ်ယောက်ပါပေပဲဗျာ၊ လန်ဒန်မြို့ပေါ် မှာ မရှိဘူး'

ဟု ပြောလိုက်သောအခါ ဂျင်မီက

'လန်ဒန်မြို့တွင် မကဘူး၊ အင်္ဂလန်တစ်နိုင်ငံလုံးမှာတောင် ရှားပါတယ်၊ ဉာဏ်ပညာရှိရုံသာမကဘူး၊ သစ္စာလဲ ရှိပါပေတယ်'

ဤသို့ဖြင့် ကျွန်တော့်ရှေ့၌ပင် 'ဗက်တီ' ၏ အတွင်းရေးများကို ဖေါ်ထုတ်ချီးကျူးလျက်ရှိလေရာ ကျွန်တော့်မှာ နှုတ်ဆိတ်၍ မနေနိုင်တော့ ဘဲ . . .

'ကျွန်တော့်စိတ်ထဲမှာတော့ ခင်ဗျားတို့လုပ်ပုံတွေဟာ တွေးလို့ကို မရနိုင်ဘူးဗျာ၊ ဘဏ်တိုက်ကိုလဲ ဖောက်သေးရဲ့ ငွေကိုလဲ မယူဘူး၊ ဒီစာချုပ်ထည့်တဲ့ သေတ္တာကလေးကိုပဲ ယူတယ်'

ထိုအခါ ဗက်တီက ပြုံးလျက် . . .

'ဒီသူငယ်ကို ပြောပြလိုက်ပါ ဂျင်မီရယ် . . . သူငယ်က အင်မတန်ငြိမ်သက်ပြီး တည်ကြည်ဖြောင့်မတ်တဲ့ လူကြီးလူကောင်း ရုပ်လက္ခဏာ ရှိပါတယ်'

ဂျင်မီသည် မျက်နှာဖုံးကို မဖြုတ်ဘဲ ကျွန်တော့်အား ပြောပြလေသည်။

'ဒီမှာ ငြိမ်သက်တဲ့မိတ်ဆွေကောင်းလေးရဲ့ ဇာတ်လမ်းက တိုတိုပါပဲ။ ဗက်တီက ကျုပ်တို့ရဲ့ ဆရာဗျ၊ ဒီတော့ ကျုပ်တို့က သူ့စကားကို နားထောင်ရုံပဲ၊ သူ့ကို ဘာမှ ပြန်ပြီး မေးခွန်းထုတ်စရာမလိုဘူး၊ သူက လခ

http://www.cherrythitsar.org



ပေးထားတယ်၊ ဝေစရာခြမ်းစရာ ရှိရင်လဲ သူကိုယ်တိုင် အနစ်နာခံပြီး ကျုပ်တို့ကို မျှမျှတတဝေပေးတယ်၊ ဒီတော့ ကျုပ်တို့ကလဲ သစ္စာရှိရတယ်၊ ဒီက နေ့ညအလုပ်ကတော့ ဟောဒီ ဒေးဗစ်လက်ထဲမှာ ယူလာတဲ့ စာချုပ်သေတ္တာ ကလေးကို သူလိုချင်တဲ့အတွက် လုပ်ရတာပဲ၊ ဒီသေတ္တာကလေးက သူ့ ယောက်ျားရဲ့ ပစ္စည်းပေါ့၊ သူ့ယောက်ျားက စစ်ထဲမှာ စစ်ဗိုလ်လူချောလူလှ တစ်ယောက်ပဲ၊ ဆိုက်ပရပ်ကျွန်း တိုက်ပွဲမှာ ကျရှာတယ်'

သူ စကားပြောရပ်လိုက်သောအခါ ဒေးဗစ်က

'ဗက်တီ့ယောက်ျားရဲ့ ဝိညာဉ်ကို ဘုရားသခင်စောင်မပါစေ'

ဟု ဆုမွန် တောင်းလိုက်၏။

ထိုအခါ ဗက်တီသည် ကျွန်တော့်မျက်နှာကို ပြုံး၍ကြည့်လိုက်ရာ ဤမျှလောက် လှပ၍ ချစ်စဖွယ်ကောင်းသော မျက်နှာ၊ ဤမျှလောက် ချိုသာသောမျက်နှာထား၊ ဤမျှလောက် ယဉ်ကျေးသိမ်မွေ့သော အသွင်အပြင်မျိုးကို မည်သည့်အခါကမျှ ကျွန်တော် မတွေ့ဖူးခဲ့ပေ။ အမှန်ပြောရမည်ဆိုသော် မိန်းမများအား တစ်ကြိမ်တစ်ခါမျှ မချစ်ခဲ့ဖူးသော ကျွန်တော့်မှာ ယခုမှ 'ဘုမသိ ဘမသိ' တွေ့ရသော ဗက်တီအား ချစ်ခင်စွဲလမ်းလျက် ရှိနေလေပြီ။ ကျွန်တော့်လောက် မိုက်တွင်းနက်သူ ရှိနိုင်ပါမည်လော . . .

ဗက်တီက . . .

'ကိုင်း . . . မြန်မြန်သွားကြ . . . ၂ မိနစ်အတွင်း ကားပေါ်ရောက်ရမယ်'

ဟု ပြောလိုက်၏။

သို့နှင့် ဂျင်မီက ရှေ့ဆုံးမှ လမ်းပြ၍သွားရာ . . . ဒေးဗစ်က သေတ္တာကလေးကို သယ်ပိုး၍ လိုက်၏။ နောက်ဆုံးတွင် ကျွန်တော်နှင့် ဗက်တီတို့သည် ပခုံးချင်းယှဉ်၍ လိုက်ကာ ဘဏ်တိုက်တံခါးမှ ထွက်ခဲ့ကြလေသည်။

ဗက်တီက . . .

'သူငယ် . . . တစ်ခုတော့ သတိထားနော် . . . ဒီအကြောင်းကိုရော ဒီကနေ့တွေ့ကြုံရတဲ့ အဖြစ်အပျက်ကိုရော . . . အပြင်မှာ ဖောက်သည်ချမယ်လို့တော့ မကြံနဲ့နော်၊ မေ့ပစ်လိုက်ရင် ကောင်းမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီသတင်းပေါက်ကြားရင် ဗက်တီက ဘယ်နည်းနဲ့မှ သည်းမခံနိုင်ဘူး၊ ပြီးတော့ ဟိုအကောင် ၂ ကောင်ကလဲ လူတစ်ယောက်ကို ပစ်သတ်ဖို့ ဝန်မလေးဘူး၊ အခုပြောတဲ့စကား မြဲမြဲမှတ်ထားပါနော်'

'ကောင်းပါပြီဗျာ'

http://www.cherrythitsar.org



'ဒါထက် သူငယ်က အသားနည်းနည်း ဝါတယ် . . . အရှေ့တိုင်း သားလား'

'ဟုတ်ပါတယ် မြန်မာပြည်က စကောလားရှစ် စာသင်သား ကျောင်းသားတစ်ယောက်ပါ'

'နာမည်က ဘယ်လိုခေါ်သလဲ၊ မေးတာရိုင်းတယ်လဲ မထင်နဲ့နော်'

'မထင်ပါဘူး ခင်ဗျား မထင်ပါဘူး . . . ကျွန်တော် နာမည်က မောင်မောင်တဲ့'

'ကျောင်းသားတစ်ယောက်လား ကျောင်းသားဆိုတာ မိန်းမတစ် ယောက်ကို ဒီလိုမျက်လုံးမျိုးနဲ့ မကြည့်ရဘူး မစ္စတာမောင်မောင်'

'ဘာဖြစ်လို့လဲ ခင်ဗျာ'

'ကျုပ်ကိုကြည့်တဲ့ မျက်လုံးက ရိုးမှမရိုးဘဲ'

'ဟုတ်ပါတယ်ခင်ဗျာ။ အမှန်ပြောရမယ်ဆိုရင် ဒီအခန်းထဲ ကျွန် တော်ဝင်လာပြီး ခင်ဗျားမျက်နှာကို မြင်လိုက်ကတည်းက ကျွန်တော်တော့ ချစ်မိနေပြီခင်ဗျာ'

'ကျုပ်က ဒီလောက်ရုပ်လှလို့လား'

'ကျွန်တော်တွေ့ဖူးသမျှ မိန်းမထဲမှာတော့ အလှဆုံး၊ မျက်နှာအချို ဆုံး ပြီးတော့'

'တော်ပါပြီ . . . တော်ပါပြီ ဒီလိုယောကျ်ားတွေရဲ့ မြှောက်လုံးပင့် လုံးတွေ ဇက်တီ အများကြီးကြားဖူးတယ်၊ နားဝင်လည်း အင်မတန်ချိုပါ တယ်၊ ဒါပေမယ့် . . . ခုနေအခါ ဇက်တီဟာ အချစ်နဲ့ပတ်သက်ပြီး စဉ်း စားနေဖို့ အချိန်လဲမရှိဘူး . . . နောင်တွေ့ကြတဲ့အခါများရှိရင် . . .'

ထိုအချိန်၌ ကျွန်တော်တို့မှာ စက်နှိုး၍ အသင့်စောင့်နေသော ကား အနီးသို့ ရောက်လာပြီဖြစ်၍ ဇက်တီသည် စကားလက်စကို ဖြတ်လိုက်၏။ ထို့နောက် ကားပေါ်သို့ ခုန်တက်ပြီးလျှင် ကျွန်တော့်အား လက်ပြရင်း ကား ကလေးသည် လျင်မြန်သော အဟုန်ဖြင့် ထွက်သွားလေရာ . . . ဇက်တီ၏ ကိုယ်မှ ရေမွှေးနံ့ကလေးသာလျှင် ကျွန်တော့်အနီးတွင် မွှေး၍ ကျန်ရစ်ခဲ့ တော့၏။

ကျွန်တော်သည် အိပ်မက်မက်၍ နေသော သူတစ်ယောက်ကဲ့သို့ ဇက်တီတို့လူစု ထွက်သွားသော ကားနောက်မှ အနီရောင်မီးလုံးကလေး ၂ လုံးကို ငေးစိုက်ကြည့်ရှုနေမိ၏။

သတိရသောအခါ၌ကား မီးနီကလေးများ ပျောက်ကွယ်၍ သွား လေပြီ . . .။

http://www.cherrythitsar.org



ကျွန်တော်သည် အိမ်သို့မပြန်သေးဘဲ ဘဏ်တိုက်ထဲသို့ဝင်၍ သွားမိ၏။ ထို့နောက် မန်နေဂျာအခန်းမှ လှည့်ပြီးလျှင် သံသေတ္တာခန်းကြီးထဲသို့ ဝင်သွား၏။ အခန်းတွင်း၌ကား ခတ်မီးတစ်လုံးသည် ဒေးဗစ်ထားခဲ့သည့်အတိုင်း ထိန်ထိန်လင်းလျက်ရှိလေရာ . . . လက်ျာဘက် စင်မြင့်များပေါ်မှ ငွေစက္ကူထုပ်များသည် အစည်းလိုက် 'လေဘယ်' ကပ်လျက်ရှိသဖြင့် ဆိတ်ငြိမ်ခြင်းသည် မကောင်းသောစိတ်ကို အားပေးတတ်သည့်အတိုင်း သွားရင်းဟန်လွှဲ ဆိုသကဲ့သို့ ၅ ပေါင်စက္ကူများ စည်း၍ထားသော အထုပ်တစ်ထုပ်ဆီသို့ပင် လက်ရောက်၍ သွားမိ၏။ ငွေစက္ကူများမှာ သုံးပြီးအဟောင်းများဖြစ်သဖြင့် သုံးစွဲရန်လည်း လွယ်ကူပေလိမ့်မည်။ ထိုနေ့မှာ လကုန်ခါနီးရက်ဖြစ်သဖြင့် ကျွန်တော့်လက်ထဲတွင် ၁၀ ပေါင်နှင့် သျှီလင်အနည်းငယ်မျှသာ ကျန်ရှိတော့ရာ အလွယ်တကူရလျှင် ယူလိုသော လောဘဇောသည် ကျွန်တော့်အား တိုက်တွန်းလျက်ရှိ၏။

ထိုအခါ ကျွန်တော်သည် ဗက်တီ၏ ခံ့ညားလှပ ချစ်စဖွယ်ကောင်းလှသော မျက်နှာပြုံးကလေးကို မြင်ယောင်လျက် . . .

'ဒီလိုမှပေါ့ ဒေးဗစ်ရဲ့၊ လူများဟာ လောဘကြောင့် ဒုက္ခတွေ့ရတတ်တယ်ဆိုတာ ကြားဖူးရဲ့မဟုတ်လား'

ဟု ပြောလိုက်သော ဆည်းလည်းနှင့်တူသည့်အသံကလေးကို ကြားယောင်မိ၏။ ပြည်သူပိုင်ပစ္စည်းများ လူဆိုးများလက်သို့ မပါစေရန် ရည်ရွယ်ချက်ဖြင့် လာခဲ့သော ကျွန်တော်သည် အဘယ်ကြောင့် ဤမျှလောက် လောဘထွက်ရသနည်း။ အသက်ကိုစွန့်၍ ဖောက်ထွင်းတိုက်ခိုက်ဝံ့သော မိန်းမတစ်ယောက်ကပင် လောဘရမ္မက်ကို သိမ်းဆည်းနိုင်ပါလျက် ကျွန်တော်ကဲ့သို့ ယောကျ်ားရင့်မကြီးတစ်ယောက်က အချောင်နှိုက်မည်ဟု ဆို လျှင် ရှက်စဖွယ်ကောင်းလှချေ၏။ ချက်ချင်းပင် နောင်တရမိ၏။ သို့နှင့် ကျွန်တော်သည် ငွေစက္ကူထုပ်ဆီသို့ ရောက်သွားသောလက်ကို ပြန်၍ ရုပ်သိမ်းလိုက်၏။ ထို့နောက် ဘဏ်တိုက်မှ လျင်မြန်စွာ ထွက်ပြီးလျှင် အိမ်သို့ပြန်ခဲ့လေသည်။

အိမ်တံခါးကို သော့ဖွင့်၍ ဝင်ခဲ့ပြီးနောက် အိပ်ရာပေါ်တွင် လူးလိမ့်ကာ အိပ်ရန် ကြိုးစားသော်လည်း ဗက်တီကို မစဉ်းစားဘဲ မနေနိုင်အောင်ရှိနေသဖြင့် ရတ်တရက်အိပ်၍ မပျော်ဘဲ အတန်ကြာမှ မှေးခနဲ အိပ်ပျော်သွား၏။ အိပ်ရာမှနိုးသောအခါ မိုးစင်စင်လင်းနေပြီဖြစ်၍ လမ်းဘက်မှ ဆူညံသောအသံများကို ကြားရလေရာ ဘဏ်တိုက်ကို လူဆိုးများ ဖွင့်ဝင်သည်ကို ရဲဘက်မှ တွေ့ရသဖြင့် ဆူညံနေခြင်းဖြစ်ကြောင်း အိမ်ရှင် အမယ်ကြီး

http://www.cherrythitsar.org



က ပြောပြ၏။ ညက အပြင်သို့ ကျွန်တော်ထွက်သွားသည်ကိုမူ လင်မယား နှစ်ယောက်စလုံး သိဟန်မတူချေ။

ထိုနေ့မှစ၍ ကျွန်တော်သည် တစ်ကိုယ်တည်း ကြိတ်၍ 'ဗက်တီ' အား တွေ့လိုတွေ့ငြား ရှာဖွေလျက်ရှိလေ၏။ ဝိတိုရိယဘူတာ ပါရစ်ဟော် တယ်၊ ဟိုက်(ဒ)ပတ် ဥယျာဉ်မှစ၍ လူစည်ကားသော နေရာမှန်သမျှတွင် အချိန်အားရတိုင်း ရှာဖွေကြည့်ရှု၏။ သို့သော် ဗက်တီအား အရိပ်အငွေ့မျှ မတွေ့ရချေ။ ထို့နောက် လမ်းပြတစ်ယောက်ငှားပြီးလျှင် ကျွန်တော်မရောက် ဘူးသေးသော ရပ်ကွက်များတွင် အနှံ့အပြား ရှာဖွေ၏။ သို့သော် အချည်း နှီးပင်။

လန်ဒန်မြို့ကို မဆိုထားဘိဦး။ ရန်ကုန်ကဲ့သို့ မြို့မျိုး၌ပင် ပျောက် ဆုံးသွားသော သူတစ်ယောက်အား ရှာဖွေတွေ့ရှိရန် ခဲယဉ်းလှပေရာ ကျွန် တော်လည်း နောက်ဆုံးတွင် လက်လျှော့လိုက်ရတော့၏။

လန်ဒန်မြို့တွင် နောက်ထပ် ၁ နှစ်ကျော်ကျော်မျှ နေရပြီးလျှင် ပညာများကို ဆက်လက်သင်ကြားရလေရာ ကျွန်တော် တစ်ကြိမ်မျှသာ တွေ့ ဖူး၍ ထိုတစ်ကြိမ်မှပင် အရူးအမူးစွဲမက်ခဲ့သော ဗက်တီ၏ ဇာတ်လမ်းမှာ လန်ဒန်မြို့တွင် ဤမျှဖြင့် ဇာတ်သိမ်းခဲ့ရလေတော့သည်။

*

မြန်မာပြည်သို့ ကျွန်တော် ပြန်လည်ရောက်ရှိခဲ့ပြီးနောက် ၁၉၅၈ ခုနှစ် ဆောင်းဦးပေါက်အချိန်လောက်တွင် ရန်ကုန်မြို့သို့ နိုင်ငံခြား ကျွမ်း ဘားအဖွဲ့တစ်ဖွဲ့ ရောက်ရှိလာရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးပြီးလျှင် ဂျူဗလီဟောတွင် ပြသလျက်ရှိ၏။

တစ်နေ့သော စနေနေ့၌ ကျွန်တော်သည် ပထမတန်းလက်မှတ် တစ်စောင် ဝယ်ယူပြီးလျှင် သွားရောက်ကြည့်ရှုရာ၊ မြေပြင်တွင် ကျွမ်းနှင့် ဘားအမျိုးမျိုးပြသပြီးနောက် ကောင်းကင်ဘားနှင့် ကြိုးတန်းပေါ်တွင် လမ်း လျှောက်ခြင်း၊ ကျွမ်းထိုးခြင်းများကို မိန်းကလေးများက အမျိုးမျိုး ပြသကြ ၏။ နောက်ဆုံးတွင် အမြင့်ဆုံး သံကြိုးတန်းပေါ်၌ မိန်းကလေးတစ်ယောက် က မော်တော်ဆိုင်ကယ်စီး၍ မော်တော်ဆိုင်ကယ်ကို ရပ်ခြင်း၊ အခြားမိန်းက လေးတစ်ယောက်ကို လက်ကိုင်ပေါ်၌ ကင်းမြီးကောက်ထောင်၍ ပြခြင်း၊ သူကိုယ်တိုင် ဖင်ထိုင်ခုံပေါ်၌ 'ချိန်ဆ' နည်းအမျိုးမျိုးကို ပြလေရာ ပရိသတ် များက ဆူညံစွာ လက်ခုပ်များတီးကာ ဩဘာပေးကြ၏။

http://www.cherrythitsar.org



မော်တော်ဆိုင်ကယ်ပေါ်သို့ စ၍တက်သောနေရာမှာ ကျွန်တော်နှင့်အနီးဆုံးဖြစ်၍ မိန်းကလေး၏ မျက်နှာကို အတော် နီးနီးကပ်ကပ် မြင်ရလေရာ လွန်ခဲ့သော ၄ နှစ်ခန့်က လန်ဒန်မြို့တွင် ကျွန်တော် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကို ရုတ်တရက်ပြန်၍ သတိရလိုက်မိ၏။ အဘယ်ကြောင့်ဆိုသော် တစ်ကိုယ်လုံး အသားရောင် သို့မဟုတ် ပန်းနုရောင်အသားကပ် ဘောင်းဘီနှင့် အင်္ကျီများကို ဝတ်ဆင်လျက်၊ ရွှေရောင်တောက်သော ဆံပင်ပေါ်တွင် ပန်းရောင်နှင်းဆီဖူးကလေးများကို ရစ်သိုင်း၍ ထားသော ယင်းမိန်းကလေး၏ မျက်နှာမှာ လန်ဒန်မြို့တွင် ကျွန်တော်ရှိစဉ်က ဘဏ်တိုက်ကို ရဲဝံ့စွာ ဖောက်၍ စာချုပ်သေတ္တာကလေးကို ယူသွားသော 'ဗက်တီ' ၏ မျက်နှာပင်ဖြစ်တော့၏။ (သို့မဟုတ် ဗက်တီနှင့် အလွန်တူလှ၏) မဆိုသလောက် ရင့်၍သွားသည်မှတစ်ပါး မျက်နှာပေးချိုပုံ၊ နှုတ်ခမ်းများ ပါးလှပ်ပုံ၊ နှာတံနေပုံ၊ မျက်လုံးပြာပုံ ရွှေရောင်ဆံပင်များ၏ ခွေလိပ်ပုံတို့မှာ ကျွန်တော့်မျက်လုံးများထဲတွင် ထိုအခါက ဓာတ်ပုံရိုက်ထားသကဲ့သို့ စွဲ၍ နေသောကြောင့် ဤမျှလောက် မှတ်မိခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်၏။

ကပွဲ အစီအစဉ် (ပရိုဂရမ်) ကို ဖတ်ကြည့်ရာ နောက်ဆုံး ကပြချက်ဖြစ်သော သံကြိုးတန်းပေါ်၌ မော်တော်ဆိုင်ကယ်စီးပြခြင်းကို 'မစ္စက်ဟယ်လင်မက်ကွိုင်း' က ကစားပြလိမ့်မည်ဟု ပါရှိ၏။ နာမည်ကား မတူချေ။ မည်သို့ပင်ဖြစ်စေ၊ ဗက်တီသော်လည်းကောင်း၊ ဗက်တီ၏ အမွှာပူးညီအစ်မသော်လည်းကောင်း ဖြစ်ရမည်ဟု တွက်မိ၏။

ထိုအတွင်း ကျွန်တော်နှင့် ကုလားထိုင်ချင်း ကပ်လျက်ရှိသော မျက်နှာဖြူစုံတွဲမှ မိန်းမဖြစ်သူက သူ့ယောက်ျားအား တီးတိုးလေသံဖြင့်

'ဒါလင်၊ ကျွန်မဖြင့် ဒီအဖွဲ့ထဲမှာ အခုနောက်ဆုံးပြတဲ့ မက်ကွိုင်းကို အချစ်ဆုံးပဲ'

'ဟုတ်တာပေါ့၊ အင်မတန်ချောတဲ့ သူငယ်မပဲ၊ သတ္တိကလဲ တစ်ကယ့်သတ္တိခဲမလေး'

'သူက ခေါင်းဆောင်ဖြစ်ပါလိမ့်မယ်နော်'

'ခေါင်းဆောင်တော့မဟုတ်ဘူး၊ မနှစ်က ပါရစ်မှာ ချန်ပီယံရခဲ့တယ်ဆိုပဲ၊ အဆုံးမှာတော့ သူတို့အဖွဲ့တစ်ဖွဲ့လုံး သူနဲ့ စားနေတာပေါ့ကွယ်'

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ဟယ်လင်မက်ကွိုင်းအား ကပွဲအပြီးတွင် သွားရောက်တွေ့ဆုံမည်ဟု စိတ်ကို သံဓိဋ္ဌာန်ချလိုက်၏။

သို့နှင့် ပွဲအပြီးတွင် ကျွန်တော်လည်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာရှိတစ်ယောက်နှင့်အတူ သူတို့အဝတ်အစားများပြင်သော ဇာတ်ခုံနောက်

http://www.cherrythitsar.org



ဘက်ရှိ တဲအတွင်းသို့ လိုက်သွား၏။ သို့သော် ကျွန်တော်ထင်သော 'ဗက်တီ' ကို ရှာမတွေ့၍ ပြန်ခဲ့ရလေသည်။

သို့နှင့် နောက်တစ်နေ့၌ ကျွန်တော်သည် ပွဲကို တစ်ကြိမ် ထပ်မံကြည့်ရှုပြီးလျှင် ကြိုးစားပြန်၏။

ထိုနေ့၌မူ ပွဲမပြီးခင် သူလာမည့်လမ်းက စောင့်နေသဖြင့် အပြန်တွင် ရင်ဆိုင်တိုးမိသောကြောင့်သာ တွေ့ရလေသည်။ ကျွန်တော်က ကျွန်တော်၏ နာမည်ကတ်ပြားကလေးကို ထုတ်ပေးပြီးလျှင် ခေါင်ငင်နှုတ်ဆက်ရာ ပထမတွင် အံ့အားသင့်သကဲ့သို့ ဖြစ်သွား၏။ ကျွန်တော်က လွန်ခဲ့သော ၁၉၅၄ ခုနှစ်က လန်ဒန်တွင် တစ်ကြိမ်တွေ့ဖူးသည် ထင်ကြောင်း အရိပ် အမြွက်မျှ ပြောပြရာ မက်ကွိုင်းသည် မျက်နှာကို တစ်မျိုး ပြင်လိုက်ပြီး နောက် . . .

'ရှင် လူမှားနေလို့ထင်ပါရဲ့'

ဟု ခပ်ကျယ်ကျယ်ပြောလိုက်ပြီးလျှင် ကျွန်တော်က ဝမ်းနည်းကြောင်းပြော၍ ပြန်လှည့်သွားမည်ပြုသောအခါ ကျွန်တော့်နောက်မှ ကပ် လျက် . . .

'ရှင် . . . အပြင်က ခဏစောင့်နေ ကျွန်မလိုက်ခဲ့မယ်'

ဟု ပြောလိုက်သဖြင့် ကျွန်တော်သည် အံ့အားသင့်သွား၏။

တဲအပြင်သို့ရောက်၍ မကြာမီ မက်ကွိုင်းသည် အစိမ်းရောင်ဝတ်ရုံကို ဝတ်၍ ကျွန်တော့်အနီးသို့ ရောက်လာ၏။ ထို့နောက် အတန်ငယ်မှောင်သော နေရာတစ်ခုကို ရွေးချယ်၍ . . .

'ရှင့်ကို ကျွန်မ မှတ်မိပါတယ်၊ မစ္စတာမောင်မောင် မဟုတ်လား'

'ဟုတ်ပါတယ် ဗက်တီ'

'ဗက်တီလို့ မခေါ်နဲ့တော့ နာမည်ပြောင်းထားပြီ၊ မစ္စဟယ်လင် မက်ကွိုင်းတဲ့'

'တွေ့ရတာ သိပ်ဝမ်းသာတာပဲဗျာ၊ နေပါဦး ဘာဖြစ်လို့ နာမည် ပြောင်းထားတာလဲ'

'နာမည်ဆိုတာ ပြောင်းနိုင်တာပေါ့၊ မစ္စတာမောင်မောင်ရယ်၊ ခက်တာလိုက်လို့ပဲ၊ ပြီးတော့လဲ အကြောင်းရှိလို့ပေါ့၊ ကျွန်မကလဲ တွေ့ရတာ ဝမ်းသာပါတယ်'

'ကျွန်တော် ခင်ဗျားနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်ဗျာ'

'ပြောတာပေါ့'

http://www.cherrythitsar.org



'နက်ဖြန်ည ၇ နာရီကို စထရင်းမှာ ကျွန်တော်က ညစာကျွေးချင်ပါတယ်'

ဗက်တီသည် အတန်ငယ်စဉ်းစားပြီးနောက်

'ညစာတော့ မဖြစ်နိုင်ဘူးထင်တယ်၊ ကျွန်မအခန်းက ၉ နာရီ ၁၅ မိနစ်မှာ ရှိတယ်၊ ဒီတော့ ကျွေးချင်ရင် နေ့လယ်စာကျွေးပါ၊ ကျွန်မ လက်ခံပါတယ်'

ထိုအချိန်တွင် မျက်နှာဖြူ ၃ – ၄ ယောက်နှင့် ယဉ်ကျေးမှုဌာနမှ အရာရှိများ ခပ်လှမ်းလှမ်းမှ လာနေသည်ကိုမြင်သဖြင့် ကျွန်တော်က နောက်တစ်နေ့ နေ့လည် ၃ နာရီတွင် စထရင်းဟော်တယ်သို့ ဆက်ဆက်လာရန် ဖိတ်ကြားခဲ့ပြီးလျှင် တဲအနီးမှ လျင်မြန်စွာ ထွက်ခဲ့လေ၏။

*

နောက်တစ်နေ့ မွန်းလွဲ ၃ နာရီမထိုးမီ ၁၀ မိနစ်ခန့်အချိန်တွင် ဟယ်လင်မက်ကွိုင်းသည် သူကိုယ်တိုင် ကားကလေးတစ်စီးကို မောင်းလျက် စထရင်းဟိုတယ်သို့ ရောက်လာရာ ကျွန်တော်လည်း သီးသန့်ငှားရမ်းထားသော အခန်းကလေးသို့ နေ့လည်စာ စားသောက်ရန် ခေါ်သွားလေ၏။ လွန်ခဲ့သော ၁၉၅၄ ခုနှစ်က လန်ဒန်တွင် တွေ့ခဲ့ရသော ယောကျ်ားဆန်ဆန် ဗက်တီမဟုတ်တော့ဘဲ ပကတိ နူးညံ့ပျော့ပျောင်းသော အသွင်အပြင်ရှိသည့် 'ဟယ်လင်မက်ကွိုင်း' ဖြစ်လာသည်ကို တွေ့ရတော့၏။ ကိုယ်လုံးကိုယ်ပေါက်မှာလည်း ယခင်ကကဲ့သို့ တုတ်တုတ်ခိုင်ခိုင်မဟုတ်တော့ဘဲ အချိုးအစားကျ၍ ကျစ်လျစ်ပြေပြစ်သော ကိုယ်လုံးကိုယ်ပေါက်ရှိ၏။ မျက်လုံးပြာကြီးများဖြင့် ကျွန်တော့်အား ကြည့်၍နေရာ ကျွန်တော်ကလည်း သူ့အား ရွှန်းရွှန်းစားစား ကြည့်၍နေမိ၏။

'အခုထက်ထိ ကျွန်မကို အရင်ကမျက်လုံးမျိုးနဲ့ ကြည့်တုန်းပဲလား'

'ကြည့်တာပေါ့ ဗက်တီ . . . အခုလဲ ဒီကမေတ္တာဟာ မပျက်ပြယ်သေးပါဘူး၊ အရင်ကအတိုင်းပါပဲ၊ ဒါကြောင့် အခုလို ကံကောင်းထောက်မလို့ လာပြီး အမှတ်မထင် တွေ့ကြုံဆုံစည်းတဲ့အခါ ဝမ်းထဲမှာ ရှိသမျှအချစ်တွေ အံထုတ်ပြီး ပြောချင်တာပါပဲ'

'ယောကျ်ားအချစ်ဟာ ဒီလောက်ပဲ စွဲသလား'

'တခြားသူတော့ မပြောတတ်ဘူး၊ ဒီကတော့ ဒီအတိုင်းပဲ'

ဟယ်လင်သည် ပခုံးနှစ်ဖက်ကို ဆတ်ခနဲနေအောင် တွန့်လိုက်၏။

http://www.cherrythitsar.org



'ချစ်တာတော့ မချစ်ရဘူးလို့ မဆိုချင်ပါဘူး၊ နို့ပေမယ့် မဖြစ်နိုင်ပါဘူး မစ္စတာမောင်မောင်'

'ဘာပြုလို့ မဖြစ်နိုင်ရမှာလဲ . . . ကျုပ်ဟာ အတွင်းဝန်ကလေး တစ်ယောက်ပါဟယ်လင် . . .၊ ဟယ်လင့်ကို ကောင်းကောင်းမွန်မွန်ပြုစုပြီး လှလှပပကြီး ထားနိုင်ပါတယ် . . . ဒီအဖွဲ့ကသာ ထွက်လိုက်ပါ လက်ထပ်ယူပါ့မယ်'

ဟယ်လင်၏မျက်နှာမှာ ညှိုးငယ်သော အသွင်သို့ ပြောင်းသွားပြန်၏။ ပို၍နူးညံ့သော ရုပ်လက္ခဏာများ ပေါ်လာ၏။

'ဒီလို ချစ်တယ်ဆိုတဲ့အကြောင်း ဖွင့်ပြောတာ တစ်နည်းအားဖြင့် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မဖြစ်နိုင်တော့ဘူး . . . မစ္စတာမောင်မောင်၊ ကျွန်မ လက်ထပ်ဖို့ အသေအချာစေ့စပ်ပြီးပြီ'

'ဘယ်သူနဲ့လဲ'

'ဒီအဖွဲ့က မန်နေဂျာနဲ့'

'နှာခေါင်းကောက်ကောက် မျက်နှာနီနီနဲ့ လူကြီးလား'

'ဟုတ်ပါတယ် . . . နှာခေါင်းကောက်ပေမယ့် နှာခေါင်းကောက်သလောက် စိတ်သဘောထားဖြောင့်တဲ့လူကြီးပါ'

ကျွန်တော်သည် တစ်ခါတည်း စိတ်လျှော့လိုက်သဖြင့် မျက်နှာပျက်သွားဟန်တူ၏။

'အခုမှတော့ စိတ်မပျက်နဲ့တော့ မစ္စတာမောင်မောင် အချစ်ဆိုတာ ဒီလိုပဲ၊ ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် အပေါ်ယံလှလှပပကလေး မြင်ရင် ချစ်လိုက်ကြတာပဲ စွဲလိုက်ကြတာပဲ၊ ဒါပေမယ့် လက်ထပ်တဲ့ကိစ္စတွေက အကြောင်းအားလျော်စွာ ဖြစ်လာကြတယ်၊ ဒီလူကြီးနဲ့ စကားစပ်မိကြတာက ဒီလို မစ္စတာမောင်မောင်ရဲ့၊ တခြားမဟုတ်ဘူး၊ ဟိုညက ဘဏ်တိုက်ထဲက ကျွန်မဖောက်ယူတဲ့ သေတ္တာကလေးအဆက်ပဲ'

'ပြောပါဦးဟယ်လင် . . . ဒီသေတ္တာလေးအကြောင်း အရင်ကတည်းက ကျွန်တော် သိချင်နေပါတယ်'

'ဒီသေတ္တာကလေးက စစ်ပွဲမှာကျတဲ့ ကျွန်မယောက်ျား မက်အာသာရဲ့ သေတ္တာပဲ၊ ဒီအထဲမှာ ကျွန်မက ပေးထားတဲ့ဓာတ်ပုံတစ်ပုံ ရှိတယ်၊ အဲဒီဓာတ်ပုံရဲ့ကျောဘက်မှာ ခဲတံနဲ့ မထင်မရှားရေးထားတဲ့ မြေပုံတစ်ခုရှိ တယ်၊ မြေပုံက သူစစ်ပွဲမှာ မကျခင် ၃ နှစ်လောက် ကရေးဗီယန်ပင်လယ် မှာ သင်္ဘောပျက်ပြီး လူမရှိတဲ့ ကျွန်းတစ်ကျွန်းရောက်သွားတာကိုးရှင့်၊ အဲဒီ ကျွန်းမှာ ရေးက ပင်လယ်ဓားပြတွေထားခဲ့တဲ့ ပစ္စည်းဘဏ္ဍာတွေ သွားပြီး

http://www.cherrythitsar.org



တွေ့တယ်၊ အချိန်လဲ မရှိဘူး၊ တိုတိုပြောပါရစေတော့ ဒီနောက် သဘော်တစ်စင်းကကယ်ပြီး၊ အင်္ဂလန်ပြန်ရောက်တဲ့အခါ ဒီကျွန်းတွေ့ခဲ့တဲ့အကြောင်း ဒီကျွန်းရှိတဲ့နေရာကို ကျွန်မရဲ့ ဓာတ်ပုံကျောဘက်မှာ ခဲတံနှင့် ရေးဆွဲမှတ်ထားတဲ့အကြောင်း ကျွန်မသိရတယ်၊ အဲဒီ ဓာတ်ပုံပါတဲ့ သူ့စာချုပ်စာတမ်းတွေကို မယားကြီးက ဘဏ်တိုက်အပ်ထားလို့ ကျွန်မက မရရတဲ့နည်းနဲ့ ယူရတာပါ မစ္စတာမောင်မောင်၊ အမှန်တော့ ကျွန်မဟာ သူခိုးဓားပြ မဟုတ်ပါဘူး'

'သူ့မှာ မယားကြီးရှိသလား'

'ဟုတ်တယ်၊ ရှိတယ်၊ ကျွန်မက ဒုတိယမယားပါ၊ ဒီမြေပုံ ကျွန်မလက်ထဲရောက်တော့ ကျွန်မလဲ သဘော်တစ်စင်းဝယ်ပြီး စွန့်စားသွားလာနိုင်မယ့်လူ လိုက်ရှာနေတာ၊ အခု မန်နေဂျာနဲ့ တွေ့တာပဲ၊ တွေ့တော့ သူကအခုမြန်မာပြည်က အပြန် ဒီအဖွဲ့ကို ဖျက်သိမ်းပြီး ကျွန်မတို့ လက်ထပ်မယ်၊ လက်ထပ်ပြီးတဲ့နောက် ဒီမြေပုံအရ ပစ္စည်းတွေကို သွားရောက်ရှာဖွေဖို့ အားလုံးစီစဉ်ပြီးပြီ'

'ခင်ဗျားရဲ့ ဇာတ်လမ်းကိုတော့ သိပါပြီဗျာ၊ နို့ပေမယ့် ကျွန်တော်တော့ အသည်းကွဲကျန်ရစ်ခဲ့တာပဲ'

'ဒီလိုပေါ့လေ . . . ချစ်တိုင်းလည်း ပေါင်းသင်းကြရတာမှမဟုတ်ဘဲ၊ ပြီးတော့ ရှင်တို့နိုင်ငံမှာ ကျွန်မထက်လှတဲ့ အသားဝါမကလေးတွေ အများကြီးရှိတာပဲ၊ ရှင်လိုချင်တာ ရွေးပြီးယူပေါ့'

'အို . . . ကျွန်တော် စိတ်ကုန်ပါပြီ ဟယ်လင်'

'ကိုင်း . . . မစ္စတာမောင်မောင် စကားပြောလို့ ကောင်းနေလိုက်တာ အချိန်တောင် ကုန်မှန်းမသိ အတော်ကုန်သွားတယ်'

ကျွန်တော် သိခဲ့၊ ချစ်ခဲ့၊ စွဲခဲ့သော ဗက်တီခေါ် ဟယ်လင်မက်ကွိုင်းသည် ကျွန်တော့်အား နှုတ်ဆက်၍ ကားပေါ်သို့တက်သွားရာ ကျွန်တော်လည်း သူ့ကား နောက်မြီးကို ကြည့်ကာ ဟိုတယ်ဆိုင်တံခါးဝတွင် ငေးမောကျန်ရစ်ခဲ့လေသည်။

**၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလ၊**

**သွေးသောက်မဂ္ဂဇင်း။**

**Sir A.C ၏ B. L 4 ဝတ္ထုတိုကို မှီငြမ်းပါသည်။**

## ဝိဇ္ဇာစိန်

အလွန်အေးမြသော ပြာသိုလ၏ တစ်နေ့သော ညဦးနေဝင်ရီတရောအချိန်တွင် တာမွေရပ်ရှိ ဝွတ္တလစ်ကွက်သစ် တရုတ်ဘားတစ်ခုအတွင်းသို့ မီးခိုးရောင် ကုတ်အင်္ကျီတစ်ပတ်ရစ်နှင့် ညဦးဆောင်း ကက်ဦးထုပ် အညိုရောင်ကို ဆောင်းထားသော အသက် ၄၀ ခန့်ရှိ လူတစ်ယောက်သည် ခြေလှမ်းခပ်မှန်မှန်ဖြင့် ဝင်လာလေသည်။ အရပ် ၅ ပေ၊ ၆ လက်မခန့် ရှိ၍ ကျစ်လျစ်သောကိုယ်လုံးကိုယ်ပေါက်ရှိပြီးလျှင် ဖျပ်လတ်သွက်လက်သော အမူအရာလည်း ရှိ၏။

ထိုသူသည် စားပွဲလွတ်တစ်လုံးရှိ ကုလားထိုင်တွင် ဝင်၍ထိုင်ကာ အနီးပတ်ဝန်းကျင်မှ စားပွဲများကို အကဲခတ်သကဲ့သို့ မသိမသာကြည့်ရှုလျက် ရှိရာမှ လူရှင်းသော ထောင့်တစ်ထောင့်တွင် ထိုင်၍ အားလူကြော်ကို ဝါးနေသူအား အတန်ကြာ စိုက်၍ကြည့်နေလေသည်။ ထိုသူမှာ ခပ်ဝဝ ဖိုင့်ဖိုင့် ဖြစ်၍ ချည်လုံချည်သက္ကလပ်ဆန်း တိုက်ပုံအင်္ကျီကို ဝတ်ထား၏။ အသက်အရွယ်အားဖြင့် ၄၀ ကျော် ၅၀ တွင်းပင် ရှိပေမည်။

ဘားအတွင်းသို့ နောက်ဝင်လာသူသည် ဘီယာကို အာလူးကြော်ဖြင့် မြည်းနေသူအား လူမှားမည်စိုးသဖြင့် အခြားစားပွဲတစ်လုံးသို့ ပြောင်း

http://www.cherrythitsar.org



ပြီးလျှင် အသေအချာ စောင်းငဲ့ကြည့်ရှုပြန်ရာ မိမိ မျက်စိမမှားသည်ကို သိသောအခါမှ ထိုသူထိုင်နေသော စားပွဲသို့ တည့်တည့်မတ်မတ် လျှောက်သွားလေသည်။ အနီးသို့ရောက်သောအခါ နောက်ရောက်လာသူက ထိုင်နေသောလူ ခပ်ဝဝအား . . .

'ဟေ့ မင်းနောင်'

ဟု အားရဝမ်းသာ နှုတ်ဆက်လိုက်လေသည်။

ထိုအခါ အာလူးကြော်ဝါးနေသူ ကိုမင်းနောင်လည်း နှုတ်ဆက်သူ၏လက်ကိုဆွဲကာ . . .

'ဟာ . . . မောင်တက်စိန် သူငယ်ချင်း . . . မင်း ဘယ်တုန်းက လွတ်လာသလဲ'

'တစ်နေ့ကပဲကွဲ့၊ ဆဋ္ဌသံဃာယနာအတွက် လွတ်တဲ့လူထဲ ငါပါလာတယ်လေ . . . အဆင်သင့်လိုက်တာကွယ် တွေ့ရတာ ဝမ်းသာလိုက်တာ . . .'

'အေး . . . ငါလဲ ဝမ်းသာပါတယ်ကွယ်'

ကိုမင်းနောင်သည် အာလူးကြော် ပန်းကန်ကို ရှေ့သို့ အတန်ငယ်တိုးပေးလိုက်ပြီးလျှင် ဘီယာတစ်ပုလင်း နောက်ထပ်မှာလိုက်လေသည်။

'အာလူးကြော် ဝါးဦးကွယ် . . . ဘီယာသောက်ရင်း တို့စကားအေးအေးဆေးဆေး ပြောကြရအောင်၊ နေပါဦး မင်း ဘာမှုနဲ့ကျတာတုန်း ဒီတုန်းက ငါမရှိဘူးကွဲ့၊ တောပြန်နေတယ်'

'လက်မှတ်လိမ်မှုလေ'

'ဘယ်နှစ်နှစ်ကျသလဲ'

'သုံးနှစ်၊ နို့ပေမယ့် နှစ်နှစ်တောင် မပြည့်ပါဘူးကွယ်၊ ကံကောင်းထောက်မလို့ အခု လွတ်လာတာ'

'ငွေဘယ်လောက် ရလိုက်သလဲ'

'ငါးထောင်'

'အခု ဘယ်လောက်ကျန်သေးလဲ'

'တစ်ပြားမှ မကျန်တော့ဘူး၊ စားဖို့တောင်မရှိဘူး၊ ငါးထောင်ဆိုတာ များတာမှမဟုတ်ဘဲ မင်းနောင်ရယ်၊ ထောင်မကျခင် သုံးလိုက်၊ ဖြုန်းလိုက်၊ စားလိုက်သောက်လိုက်နဲ့ . . . ထောင်ကျခါနီးလဲ ရှေ့နေငှားရတာ နဲ့ ဘာနဲ့ ချောတာပေါ့ကွယ်'

'အေးလေ ဟုတ်မှာပဲ'

'မတရားသဖြင့် ရတဲ့ပစ္စည်းဟာ ဘယ်မြဲမလဲကွယ်'

http://www.cherrythitsar.org



'ဒါထက် အခု မင်းဘယ်မှာနေသလဲ'

ကိုမင်းနောင်သည် ဘီယာဖန်ခွက်ကို ဖြည့်ပေးပြီးလျှင် စီးကရက်ဘူးကိုလည်း အိတ်ထဲမှထုတ်၍ ကိုတက်စိန်အား တည်လေသည်။

'ကွက်သစ်ထဲမှာ အခန်းကလေးတစ်ခန်း ငှားနေတယ်ကွဲ့ . . . အခန်းငှားတယ်ဆိုပေမယ့် အိပ်ရုံလောက်ပါပဲကွယ်၊ ဒါထက် မင်းဆီကို အကူအညီတစ်ခုတောင်းချင်တယ်ကွယ်'

'ဘာအကူအညီများလဲကွယ့် ပေးနိုင်ရင် ပေးရတာပေါ့သူငယ်ချင်း'

'မင်းအခု ပန်းပဲလုပ်တုန်းပဲလား'

'ဆိုပါတော့ကွယ်၊ အခုတော့ သံသေတ္တာတွေ၊ သံတံခါးတွေ ပြင်နေတယ်၊ နို့ပေမယ့် အရင်ကလို အလုပ်အကိုင် မကောင်းလှပါဘူး သူငယ်ချင်း'

'အကူအညီဆိုတာက တခြားမဟုတ်ဘူး၊ ငွေ ၃၀၀ လောက် ရှာပေးစေချင်တယ်ကွယ် . . . ငါပြန်ပေးမှာပေါ့ကွဲ့၊ ငါ့အကြောင်း မင်းလဲအသိသားနဲ့၊ လူမိုက်ထဲမှာ ငါ့လောက် စကားတည်တဲ့လူ ခပ်ရှားရှားပဲ'

'မရှိပါဘူး သူငယ်ချင်းရယ် . . .၊ ပန်းပဲလုပ်တဲ့အကောင် ငွေ ၃၀၀ ရှိနိုင်ပါ့မလား၊ ထမင်းတောင် အနိုင်နိုင်စားနေရတာ'

'မင်းက ငါ့ကို မယုံလို့လား'

'မယုံလို့မဟုတ်ပါဘူး သူငယ်ချင်း မရှိလို့ပြောနေတာပေါ့၊ မင်းအကြောင်း ငါသိပါတယ်၊ နေပါဦး ဒီငွေသုံးရာက ဘာလုပ်ဖို့လဲ'

'အရင်ထောင်မကျခင်က အခြေအနေ ပြန်လုပ်ရဦးမယ်ကွဲ့၊ ဟန်နဲ့ပန်နဲ့ နေဖို့ အဝတ်အစားသပ်သပ်ရပ်ရပ် ဝတ်ဖို့၊ ဟော်တယ်ကလေး ဘားကလေးတက်ပြီး အရက်သောက်၊ ကားကလေး ဘာကလေး ငှားစီးတန် စီးနိုင်ဖို့ ဆိုပါတော့ကွယ် . . . အခုခေတ်မှာ ဒီလိုလုပ်နိုင်မှ အထင်ကြီးမှာကိုးကွယ့်၊ ဒီတော့မှ လူတစ်ဖက်သားက ကိုယ့်ကို ယုံကြည်မယ်မဟုတ်လား'

'အေးပေါ့လေ . . . မင်းပြောတာ ဟုတ်တာပေါ့၊ နေဦးသူငယ်ချင်း မင်းကို ငါ ငွေမပေးနိုင်ပေမယ့် အကြံကောင်းတစ်ခုတော့ ပေးလိုက်မယ်'

'အေးကွယ် လုပ်စမ်းပါဦး'

'ဖိုးသီလကြီး သိတယ်မဟုတ်လား၊ အရင်က ပွဲစားယောင်ယောင်ဘာယောင်ယောင်လုပ်ပြီး ခိုးမှုနဲ့ ထောင်ကျသွားတဲ့အကောင်ကြီးလေ'

'အေး သိတယ် သိတယ်'

'အဲဒီအကောင်ကြီးက အခု ဘရားဆပ်ဖြစ်နေတယ်ဆရာ ဖိုးသီလမဟုတ်တော့ဘူး၊ ဦးသီလ ကုမ္ပဏီဆိုပြီး ၃၂ လမ်းမှာ ဂိုထောင်နဲ့ တိုက်

http://www.cherrythitsar.org



ခန်းတစ်ခန်းငှားပြီး လက်အောက်စာရေးတွေ စာချီတွေနဲ့ ဖြစ်နေတယ်ကွဲ့၊ အဲဒီအကောင်ကြီးဆီ မင်းသွားစမ်း၊ မင်းအရည်အချင်းနဲ့ဆိုရင် မင်းကို သဘောကျပြီးသားပဲ၊ မင်းလိုချင်တဲ့ ငွေသုံးရာ ဈေးရတာ မရတာအပထား အခု လောလောဆယ်စားဖို့သုံးဖို့က မင်းမှာ ခက်တယ်မဟုတ်လား'

'ဟုတ်တာပေါ့ကွယ်'

ကိုမင်းနောင်သည် နောက်ထပ် ဘီယာတစ်ပုလင်းမှာပြီးလျှင် ကို တက်စိန်နှင့်အတူ မိမိတို့ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုလျက်ရှိကြ လေ၏။

*

နောက်တစ်နေ့၌ ကိုတက်စိန်သည် အဝတ်အစားကို တတ်နိုင် သမျှ သပ်ရပ်စွာဝတ်ပြီးလျှင် ကိုမင်းနောင် လမ်းညွှန်လိုက်သည့်အတိုင်း ၃၂ လမ်းသို့ သွားရောက်လေ၏။ ကုန်ပစ္စည်းများ သိုလှောင်ထားဟန်တူ သော ဂိုထောင်နှင့်ကပ်လျက် 'ဦးသီလကုမ္ပဏီ' (ကုန်ပစ္စည်းအမျိုးမျိုး ရောင်း သည် ဝယ်သည်) ဟူသော ဆိုင်းဘုတ်တစ်ခုကို တွေ့ရ၏။ ကုမ္ပဏီအလုပ် တိုက်မှာ အောက်ဆုံးထပ်ဖြစ်၍ အတွင်းသို့ ဝင်သွားရာ အသက် ၃၅ နှစ်ခန့် ရှိ မျက်မှန်တပ်ထားသော အသားခပ်ညိုညို ခပ်ပိန်ပိန် မိန်းမတစ်ယောက် သည် လက်နှိပ်စက်ရိုက်လျက်ရှိရာမှ ကိုတက်စိန်အား နေရာထိုင်ခင်းများ ပေး၍ အကျိုးအကြောင်း မေးမြန်းလေသည်။ ကိုတက်စိန်က ဦးသီလနှင့် တွေ့လိုကြောင်း ပြောသောအခါ အမျိုးသမီးသည် ကိုတက်စိန်၏ နာမည် ကို မိမိစာအုပ်ပေါ်၌ ရေးမှတ်ပြီးလျှင် အတွင်းခန်းသို့ ဝင်သွားလေ၏။

မကြာမီ အမျိုးသမီး ပြန်ထွက်လာပြီးနောက် ကိုတက်စိန်အား နောက်ဘက်ကျသော မှန်များကာထားသည့် အခန်းတစ်ခုရှိရာသို့ ခေါ်သွား လေသည်။

ဦးသီလမှာ အသက် ၅၀ ပင် မပြည့်သေးသော်လည်း ပါးသွယ် နားသွယ်ကျလျက် ပါးနှစ်ဖက်မှ အရေပြားကြီးများ အောက်သို့ တွဲကျလျက် ရှိ၏။ မျက်ခုံးမွေးထူလျက် မျက်လုံးကျဉ်းကလေးနှစ်ခုမှာ သေးငယ်သော် လည်း မြွေဟောက်၏ မျက်လုံးများကဲ့သို့ တဖိတ်ဖိတ်တောက်လျက် ရှိလေ သည်။

ဦးသီလသည် ကိုတက်စိန်အား ချက်ချင်းပင် မှတ်မိ၏။ ကိုတက် စိန်က မိမိထောင်က လွတ်လာကြောင်း အတိအလင်းပြောဆိုပြီးလျှင် ယခု

http://www.cherrythitsar.org



လောလောဆယ် အလုပ်လက်မဲ့ဖြစ်နေသဖြင့် အလုပ်ပေးရန် ပြောဆိုလေသည်။

ဦးသီလသည် ပါးစပ်ကို မသိမသာရွဲ့ကာ အတန်ငယ်ပြုံးလိုက် ၏။ သို့သော် သူ၏အပြုံးမှာ ဟာသဇာတ်မပါသည့် ခြောက်သွေ့သော အပြုံးဖြစ်လေသည်။ သူ၏စူးရှသော မျက်လုံးကလေးများမှာလည်း မြွေ၏ မျက်လုံးကဲ့သို့ အေးအေးစက်စက်နိုင်လှပေသည်။

ဦးသီလက . . .

'အင်း . . . အတော်ကြာသွားပြီနော် . . . မတွေ့တာ'

ဟု ပြောလိုက်သောအခါ ကိုတက်စိန်က . . .

'စစ်ပြီးကတည်းကဆိုပါတော့ ဦးသီလ'

'အင်း . . . ဒီတော့ ဆိုပါဦး၊ အခု လွတ်လာတာ ဘယ်လောက်ကြာပြီလဲ'

'သုံးရက်ပဲရှိပါသေးတယ်'

'လက်မှတ်လိမ်မှု ဟုတ်စ'

'ဟုတ်ပါတယ်'

'ဘယ်လောက်ခံခဲ့ရသလဲ'

'ကျတုန်းက ၃ နှစ်၊ နို့ပေမယ့် ၂ နှစ်တောင် မပြည့်ပါဘူးဗျာ၊ ဆဋ္ဌသံဃာယနာတန်ခိုးနဲ့ လွတ်လာတယ်'

'ကံကောင်းတယ် ကိုတက်စိန်'

'အင်း . . . လွတ်တော့လာတာပဲ ကံကောင်းချင်လို့လား၊ ကံဆိုးချင်လို့လားတော့ မပြောတတ်ဘူး'

'နေပါဦး ခင်ဗျား ဘာလုပ်တတ်သလဲ၊ ကျုပ်အလုပ်နဲ့မှ ကိုက်ပါ့မလား'

'ကိုက်ပါတယ်ဗျာ . . . ကျုပ်က ဘာမဆိုလုပ်တတ်တယ်၊ လုပ်လဲလုပ်ဝံ့တယ်'

'ဒီလိုဆိုရင် ကြိုက်ပြီ၊ ကဲ . . . ဒီတော့ အခုလောလောဆယ်သုံးဖို့စွဲဖို့ ရစေမပေါ့ဗျာ၊ နို့ပေမယ့် ကျုပ်ဆီမှာ အလုပ်လုပ်ရင် ပေါ့ပေါ့ဆဆ မလုပ်ရဘူးနော်၊ အလုပ်နဲ့တူအောင် လုပ်ရလိမ့်မယ်၊ ကျုပ်က သေချာတယ်၊ စေ့စပ်တယ်၊ တိကျတယ်'

'ကောင်းပါပြီဗျာ၊ ကျုပ်လုပ်ပါ့မယ်'

'ခင်ဗျားကို အရင်က သိဖူးတဲ့မိတ်ဆွေချင်းမို့ အလုပ်ပေးရမှာ အလုပ်အကိုင်ကလဲ မကောင်းလှဘူး၊ ဒီတော့ တစ်ပတ်ကို ခရီးစရိတ်

အလွတ် ၃၀ ကျုပ်အတွင်းရေးမှူး ခင်သိန်းနိုင်ဆီက ထုတ်ယူ၊ ဒီကနေ့ ကြာသပတေးနေ့ ဆိုတော့ တနင်္လာနေ့ကစပြီး အလုပ်ဝင်ပေတော့'

'ကောင်းပါပြီဗျာ . . .'

'အလုပ်ကတော့ ရန်ကုန်မြို့ပေါ်မှာ ဈေးချောင်ရမယ့် ကုန်ပစ္စည်းတွေ အများကြီးရှိတယ်၊ အဲဒါ တွေ့အောင်ရှာ၊ တွေ့ရင်ဝယ်၊ ကျုပ်ဆီကို ချက်ချင်းအကြောင်းကြား တယ်လီဖုန်းနဲ့ ပြောတန်ပြော . . . ဒီတော့မှ ကျုပ်က ကြည့်ပြီးစီစဉ်မယ် . . .'

'ဟုတ်ကဲ့ . . . '

'ဒီအပြင် ခင်ဗျားဝယ်ရတဲ့ ပစ္စည်းကို ရောင်းလို့ရတဲ့ အမြတ်ပေါ်မှာ ၁၀ ရာခိုင်နှုန်း ကော်မရှင်ပေးဦးမယ် . . . တစ်နေ့ ခရီးစရိတ် တစ်ကျပ်ကတော့ မနက်တိုင်း ကျုပ်အတွင်းရေးမှူးက ထုတ်ပေးလိမ့်မယ် . . . အခုနေအခါ ဒီလောက်ပဲ ကျုပ်ကြည့်ရှုနိုင်ဦးမယ်။ ဒီမယ် ကိုတက်စိန် ရန်ကုန်မြို့အကြောင်း ခင်ဗျား သိတယ်မဟုတ်လား၊ မလုပ်ဝံ့ မကိုင်ဝံ့ ကြလို့သာ ဈေးချောင်ရမယ့်ပစ္စည်းတွေဟာ ပြည့်နေတာပဲ . . . ပြီးတော့ ကျုပ်တို့ ရောင်းချင်တဲ့ဈေးနဲ့ ဝယ်ချင်သူတွေလဲ ပြည့်နေတာပဲ၊ လိုတာက ကုန်ပစ္စည်းကို ဘယ်နေရာမှာ ဈေးချောင်နဲ့ ဝယ်ရနိုင်မယ်၊ ဒီပစ္စည်းကို ဘယ်နေရာသွားရောင်းရင် ဖွံမယ်၊ ဘယ်နေရာဟာ ရောင်းချက်ပဲဆိုတာ သိဖို့လိုတယ် . . . ခင်ဗျားလဲ ရန်ကုန်မှာ လူလည်လုပ်နေတာပဲဗျာ ဒီလောက်ပြောရင် နားလည်ရောပေါ့ . . .'

'သိပါပြီ ဦးသီလ . . .'

'နေပါဦး . . . ကျုပ် ဒီမှာနေတယ်ဆိုတာ ဘယ်သူက ညွှန်လိုက်သလဲ . . .'

'မင်းနောင်ပေါ့ဗျာ . . .'

'ပန်းပဲလုပ်တဲ့ မင်းနောင်လား . . .'

'ဟုတ်ပါတယ် . . . အခုတော့ သံသေတ္တာတွေ ဘာတွေ ပြင်နေတယ်ဆို ထင်ပါရဲ့ . . .'

ဦးသီလသည် ကြိမ်ကုလားထိုင်ကြီးကို အားပါးတရ မှီလိုက်၏။ ထို့နောက် ၎င်းရှေ့ရှိ စားပွဲအံဆွဲအတွင်းမှ ခြောက်လုံးပြူးသေနတ်တစ်လက်ကို ဖြတ်ခနဲ ဆွဲထုတ်လိုက်ပြီးလျှင် စားပွဲပေါ်၌ တင်ထားလိုက်လေသည်။

'ဒီမယ် ကိုတက်စိန်၊ ချစ်တုန်းကမုန်းစကားပြောရမယ်ဆိုတာလို အခုကတည်းက ခင်ဗျားကို ပြောထားရဦးမယ်၊ ကျုပ်ဆီမှာ အလုပ်လာလုပ်တဲ့လူတိုင်းကို ပြောရတာပဲ၊ ကျုပ်အပေါ်မှာ တင်စီးလာရင် ကျုပ်က နည်း

http://www.cherrythitsar.org



နည်းကလေးမှ မခံတတ်ဘူး၊ အဲဒါ ကျုပ်ညာဉ်ပဲ၊ ဒါကြောင့် ဒီပစ္စည်းကလေး အဆင်သင့်ထားရတယ်၊ သုံးရမှာလဲ ကျုပ်က ဝန်မလေးဘူး . . .'

ကိုတက်စိန်သည် ဦးသီလအား တစ်စုံတစ်ရာ ပြန်မပြောဘဲ အခန်း အခြေအနေကို မသိမသာ ကြည့်ရှုအကဲခတ်လျက် ရှိလေသည်။

အခန်း ထောင့်တစ်ထောင့်တွင် ဖိုင်တွဲနှင့် စာရင်းစာအုပ်များ ထားသော မတ်ရပ် သံအံဆွဲသေတ္တာတစ်လုံးရှိ၍ အနီးတွင် သစ်သား ဘီရိုကြီးတစ်လုံးရှိ၏။ ဘီရို အတွင်း အောက်ဆုံးထပ်တံခါးမှာ အတန်ငယ် ဟနေပြီးလျှင် အတွင်းမှ အိပ်ရာလိပ်အစွန်းတစ်ခု ထွက်နေသည်ကို မြင်ရ၏။ စားပွဲနှင့် အနီးဆုံး ထောင့်၌ မီးခံသေတ္တာကြီးတစ်လုံးရှိပြီးလျှင် ပုံသဏ္ဌာန်မှာ အလွန်ရှေးကျသော်လည်း ကြီးမားခိုင်ခံ့လှပေသည်။

ယင်းသို့ အကဲခတ်ကြည့်ရှုပြီးနောက်မှ ဦးသီလ၏ မျက်နှာကို မော်ကြည့်လိုက်လေသည်။ ဦးသီလက ဆက်လက်၍ . . .

'ကျုပ်က ကိုယ့်ဒူးကိုယ်ချွန် လူတစ်ယောက်ပဲဗျ၊ မဟုတ်ရင်လဲ မခံတတ်ဘူး၊ ဘယ်ဟာမျိုးမဆို ကျုပ် သွားမယ့်လမ်းက ကာဆီးနေရင် ဖယ်ရှားပစ်ရမှာပဲ'

ကိုတက်စိန်က အေးဆေးသောအမူအရာဖြင့်

'ဟုတ်တာပေါ့ . . .'

'တနင်္လာနေ့ အလုပ်ဝင်ရမယ်နော်၊ အပြင်ရောက်တော့ ခင်သိန်း နိုင်ကို အကျိုးအကြောင်းပြော တောင်းစရာရှိရင် သူ့ဆီမှာတောင်း၊ ပေးစရာ ရှိ သူ့ကိုပေး၊ ဘာမဆို သူနဲ့ပြီးပါတယ်၊ ကဲ . . . ကဲ . . . သွားပေတော့'

အခန်းပြင်သို့ ထွက်လာသောအခါ ကိုတက်စိန်သည် မိမိအား မသိမသာ ကြည့်လိုက်သော အတွင်းရေးမှူး ခင်သိန်းနိုင်နှင့် မျက်လုံးချင်း ဆုံနေသဖြင့် အတန်ငယ် ပြုံးပြလိုက်ပြီးလျှင် သူ၏ စားပွဲရှိရာသို့ လျှောက် သွားလေသည်။

ခင်သိန်းနိုင်သည် နီရဲအောင် ဆိုးထားသော လက်သည်းများဖြင့် လက်နှိပ်စက် ရိုက်ထားသော စာရွက်ကို ဖြုတ်ပြီးလျှင် အခြားစာတစ်ရွက် ဖြင့် တွဲလျက်ရှိ၏။

ကိုတက်စိန်က . . .

'ညီမလေးက မခင်သိန်းနိုင်နော်'

'ဟုတ်ပါတယ် ဆရာနဲ့ စကားပြောခဲ့ရပြီ မဟုတ်လား'

'ပြောပြီးပါပြီ တနင်္လာနေ့ အလုပ်ဝင်ရမယ်'

'လေပေးအတော်ဖြောင့်ကြတယ် မှတ်တယ်၊ အကြာကြီးပဲ'

http://www.cherrythitsar.org



'ဖြောင့်ပါတယ်၊ ဟို စစ်မဖြစ်ခင်ကတည်းက သိဖူးတာပဲ၊ အလုပ်သိပ်များတယ်ထင်တယ်'

'များတာပေါ့ရှင် . . . အရောင်းကတစ်ဖက် အဝယ်က တစ်ဖက် ဂိုထောင်ရှိတဲ့ ပစ္စည်းစာရင်းလဲ လုပ်ရသေးတယ်၊ ဒီအထဲ ကုန်မှာတဲ့ စာ တွေ မေးမြန်းတဲ့ ပြန်စာတွေရေးရ၊ မနက် ၉ နာရီခွဲကတည်းက ထိုင်တာ ညနေ အလုပ်ဆင်းတောင် အကြွေးကျန်သေးတယ်'

'အလုပ်က ၉ နာရီခွဲ ဆင်းရတယ်နော်'

'ဟုတ်ကဲ့ ၉ နာရီခွဲက ညနေ ၄ နာရီခွဲအထိ ပါပဲ၊ ကျွန်မတို့ အစိုးရရုံးချိန် အတိုင်းပါပဲရှင်၊ ဆရာက သိပ်စည်းကမ်းကြီးတာ ဒီဟာဆို ဒီဟာမှ သိပ်သေချာတဲ့လူ၊ နည်းနည်းပါးပါး အချိန်နောက်ကျသွားရင် အချိန် ပိုအတွက်ဆိုပြီး အလုပ်သမားတွေ ပေးလိုက်သေးတယ်၊ သဘောလဲ ကောင်း ပါတယ်'

'အခုလို သိရတာ ကျေးဇူးတင်ပါတယ် မခင်သိန်းနိုင်'

'ကျွန်မနာမည်ကို ဆရာက ပြောလိုက်တယ်လား'

'ဟုတ်ကဲ့ . . .'

ကိုတက်စိန်သည် အရေးပါအရာရောက်သော ဦးသီလ၏ အတွင်း ရေးမှူးကို ချဉ်းကပ်နိုင်မှသာ ဦးသီလ၏ အတွင်းရေးများကို သိမည်ဟု ယုံကြည်ပြီး ဖြစ်သည့်အတိုင်း မခင်သိန်းနိုင်၏ အလိုကို ကြည့်ကာ စကား လက်ဆုံကျအောင် ပြောလျက်ရှိလေရာ၊ မခင်သိန်းနိုင်ကလည်း အလုပ်နှင့် ပတ်သက်သည့် ဆောင်ရွက်ရန်ကိစ္စများကို အသေးစိတ် ညွှန်ကြားလျက်ရှိ လေ၏။

နောက်ဆုံး ပြန်ရန်နှုတ်ဆက်သောအခါ၌ပင် ကိုတက်စိန်က မခင် သိန်းနိုင်အား မြင်လျှင်မြင်ခြင်း မိမိနှမအရင်းကဲ့သို့ ချစ်ခင်၍ အလုပ်နှင့် ပတ်သက်၍လည်း အလွန်အားထားကြောင်း မိမိအားလည်း အစ်ကိုအရင်း ကဲ့သို့ အားထားရန် အကြောင်းများကို တိုက်ရိုက်တစ်မျိုး သွယ်ဝိုက်လှည့် ပတ်သောနည်းဖြင့် တစ်ဖုံ အစွမ်းကုန် ကြဲခဲ့လေရာ ခင်သိန်းနိုင်မှာ ယခုမှ ပင် တွေ့ရသော်လည်း မိမိအပေါ်တွင် အတော် 'ကျ' လျက်ရှိနေပြီဖြစ်ကြောင်း သိခဲ့ရလေသည်။

ပထမရက်သတ္တပတ်အဆုံးတွင် လခအပြင် ကော်မရှင် ၄၀ မျှ ရရှိခဲ့၏။

ဒုတိယပတ် ပြီးဆုံးသောအခါ ကိုတက်စိန်သည် အိုမီဂါ ရွှေလက် ပတ်နာရီ ၂ လုံး၊ အပေါင်ဆုံးသော ရွှေလက်စွပ် ၁ ကွင်း၊ ရွှေချောင်း ၁

http://www.cherrythitsar.org



ချောင်း၊ ဓာတ်ဆီဂါလံ ၁၀၀ တို့ကို ဈေးသက်သာစွာဖြင့် ဝယ်ပေးနိုင်သော ကြောင့် ကော်မရှင် ၁၂၀ မျှ စီလေသည်။

ထိုအခါ၌ကား ကိုတက်စိန်မှာ ဦးသီလအပေါ်၌ များစွာ မျက်နှာပွင့်လန်းလျက်ရှိသည့်အပြင် မခင်သိန်းနိုင်ကလည်း မိမိအား 'ဟီးရိုး' တစ်ယောက်အနေဖြင့် ကြည့်ရှုသည်ကို တွေ့ရသဖြင့် အတော်ပင် စိတ်အားတက်ကြွမိတော့၏။

ကော်မရှင် ထုတ်ယူသောနေ့ညနေ၌ ကိုတက်စိန်က မခင်သိန်းနိုင် အားကျေးဇူးဆပ်သည့်အနေဖြင့် ရုပ်ရှင်ကို ပထမတန်းမှ နှစ်ယောက်အတူကြည့်ခြင်း၊ ရုပ်ရှင်ပြီးသောအခါ အိုရီးယန့်ပျော်ပွဲစားရုံ၌ ညစာစားသောက်ကြခြင်းများကိုပင် မခင်သိန်းနိုင်က လက်ခံ၏။ အိမ်အပြန်တွင် တက္ကစီငှား၍ ကိုတက်စိန်က လိုက်ပို့ခဲ့ရာ ထိုအချိန်၌ကား ကိုတက်စိန်နှင့် မခင်သိန်းနိုင်တို့မှာ အတော်ပင်ရင်းနှီးသော ဘဝသို့ ရောက်ခဲ့ကြလေပြီ။

ညစာစားရင်း မခင်သိန်းနိုင်အား ဦးသီလအကြောင်းကို တီးခေါက်ကြည့်ရာ ဦးသီလမှာ ယင်းကဲ့သို့ ပစ္စည်းအမျိုးမျိုးများကို တပည့်များထား၍ ဝယ်ယူပြီးလျှင် အဖိုးအရဆုံး နေရာများတွင် ရောင်းချနိုင်စွမ်းရှိကြောင်း။ တစ်ခါတစ်ရံ ရွှေနှင့် စိန်ကျောက်ပတ္တမြားကို နိုင်ငံခြားသို့ပင် တင်ပို့ရောင်းချကြောင်း။

သို့သော် သူ၏ ငွေများကို မည်သည့်ဘဏ်တိုက်တွင်မျှ အပ်နှံခြင်းမပြုဘဲ အိမ်၌ပင် ထားရှိကြောင်း၊ သူ၏ကြီးမားသော သေတ္တာကြီးထဲတွင် ထားဟန်တူကြောင်း၊ သေတ္တာကြီးမှာ ရှေးရိုးသေတ္တာကြီးဖြစ်၍ ဂဏန်းဂုက်များဖြင့် ဖွင့်ရသော သေတ္တာမျိုးမဟုတ်ကြောင်း၊ မိမိအား အတွင်းရေးမှူးလူယုံတစ်ယောက်အနေဖြင့် ထားရှိသည်မှန်သော်လည်း ဦးသီလမှာ အလွန်လျှို့ဂုက်သိပ်သည်းသူဖြစ်၍ ယင်းသံသေတ္တာကြီးကိုမူ မည်သည့်အခါမျှ ဖွင့်သည်ကို မမြင်ဖူးကြောင်း၊ တစ်ခါတစ်ရံ မိမိမှာ အလုပ်များ၍ ညဉ့်နက်သန်းကောင်အထိ အလုပ်လုပ်ရသော်လည်း ဦးသီလသည် သံသေတ္တာကြီးကို မည်သည့်အခါမျှ မဖွင့်ကြောင်းဖြင့် ပြောပြလေသည်။

မခင်သိန်းနိုင်သည် မိမိအလုပ်ရှင် သူဌေးအကြောင်းကို ထို့ထက်ပို၍ မသိရှာချေ။ ဦးသီလ ရှာဖွေဝယ်ယူသော ပစ္စည်းများမှာ သန့်ရှင်းသော ပစ္စည်းများမဟုတ်ဘဲ အများအားဖြင့် မတရားသော နည်းလမ်းများဖြင့် ရသော ပစ္စည်းများဖြစ်ကြောင်း သိဟန်လက္ခဏာမရှိချေ။ လခကောင်းကောင်းရ၍ ဦးသီလ၏ ယုံကြည်ခြင်းခံရသည်ကိုပင် ကျေနပ်ကာ ဂုဏ်ယူသူဖြစ်လေသည်။

http://www.cherrythitsar.org



ဤသို့ဖြင့် ကိုတက်စိန်မှာ မခင်သိန်းနိုင်ထံမှ ဦးသီလအကြောင်းကို အတော်ပင် စပ်စုမိလေပြီ။ သို့ဖြစ်၍ ထိုညက ပထမတန်းမှ ရုပ်ရှင်ပြ၍ အိုရီးယန့်တွင် ကျွေးမွေးခဲ့ရသည်မှာ မိမိကြံစည်မည်ဖြစ်သော အကြံအစည်အတွက် အရင်းမြှုပ်ခြင်းမျှသာဖြစ်၍ ငွေကုန်ရကျိုး နပ်ပေပြီဟု အောက်မေ့မိ၏။

ကိုတက်စိန်သည် 'လက်ကြီး' သူတစ်ယောက်ဖြစ်သည့်အတိုင်း တစ်ပတ်လျှင် ရသည့် တရာ ကိုးဆယ်မျှသောငွေနှင့် ရောင့်ရဲကျေနပ်သူမဟုတ်ပေ၊ တစ်သက်ပတ်လုံး စုဆောင်းခဲ့သမျှ ပစ္စည်းများကို တစ်ခါတည်းနှင့်ယူရန် စိတ်ကို ပိုင်းဖြတ်လိုက်လေသည်။ ဦးသီလမှာ မတရားသဖြင့်ရရှိထားသော ပစ္စည်းများဖြစ်သည့်အတိုင်း အကယ်၍ လူဆိုးစားပြတို့ လုယူတိုက်ခိုက်ခြင်းခံရစေကာမူ ရဲဘက်သို့ ဟုတ်မှန်သလောက် ဖွင့်ဟတိုင်တန်းဝံ့မည်မဟုတ်ချေ။

ဦးသီလသည် မိမိ၏အလုပ်အမှန်ကို အတွင်းရေးမှူး မခင်သိန်းနိုင်ပင် မသိအောင် လျှို့ဝှက်ထားနိုင်ခြင်းမှာလည်း အံ့သြဖွယ်ပင် ဖြစ်တော့၏။ မည်သို့ပင်ဖြစ်စေ ဦးသီလ၏ လူယုံ မခင်သိန်းနိုင်မှာ အတော်အတန်မိမိဘက်သို့ ပါနေပြီဖြစ်၍ ကိုတက်စိန်သည် မိမိအကြံ အထမြောက်စေရန် အကောင်းဆုံးနည်းလမ်းများကို ရှာဖွေလျက်ရှိလေသည်။

ကိုတက်စိန်သည် လခထုတ်သောနေ့တိုင်းလိုပင် မခင်သိန်းနိုင် အား အင်္ဂလိပ်နှင့် မြန်မာကားကို တလဲစီပြလျက် တစ်ခါတစ်ရံ အနောက် ပိုင်းတရုတ်ဟော်တယ်များသို့ပင် ခေါ်ဆောင်သွား၏။

ဦးသီလ၏ နေအိမ် ကို မခင်သိန်းနိုင် မသိချေ။ မည်သည့်နေရာ၌နေသည်ကိုပင် မသိဘဲ အလုပ်များသောနေ့များ၌ ည၌ ၉ နာရီအထိ အလုပ်လုပ်ရသော်လည်း ထိုအချိန်ထိ အလုပ်တိုက်၌ ဦးသီလရှိနေ၏။ နံနက်ကိစ္စရှိ၍ ခပ်စောစောလာသော အချိန်များ၌လည်း ဦးသီလရှိနေ၏။ ထို့ပြင် နံနက် ၁၁ နာရီခွဲအချိန်လောက်သာ ဦးသီလသည် အပြင်သို့ ခေတ္တထွက်လေ့ရှိ၍ နာရီဝက် အလွန်ဆုံး တစ်နာရီခန့် အတွင်းတွင် ပြန်လာတတ်ကြောင်း၊ ၎င်းထက်ပို၍ မိမိမသိ၊ ဦးသီလ၏ ကိုယ်ရေးကိုယ်တာနှင့်အတွင်းရေးများကိုလည်း မိမိအနေဖြင့် တစ်စုံတစ်ရာ စပ်စုခြင်းမပြုထောက်လှမ်းစုံစမ်းခြင်း မလုပ်ကြောင်းဖြင့် မခင်သိန်းနိုင်ထံမှ ထပ်မံသိရှိရပြန်၏။

နောက်ရက်သတ္တပတ်၌ ကိုတက်စိန်သည် နိုင်ငံခြားသင်္ဘောတွင် ပါလာသော မှောင်ခိုကုန်သည်တစ်ဦးထံမှ အကောင်းစား ရွှေလက်ပတ်နာရီ

http://www.cherrythitsar.org



၄၈ လုံးကို တစ်လုံးလျှင် ၁၀၀ စီနှင့် ဝယ်ပေးနိုင်သည့်အတွက် ရသင့်ရထိုက်သော ကော်မရှင်အပြင် ဦးသီလက ဆုငွေအဖြစ် ငွေ ၁၀၀ ပေးခဲ့လေသည်။

ထိုနေ့မှာ အင်္ဂါနေ့ဖြစ်၍ ဗုဒ္ဓဟူးနေ့ညနေသို့ ရောက်သောအခါ ဦးသီလသည် ကိုတက်စိန်အား သူ၏ အခန်းတွင်းသို့ ခေါ်ပြီးလျှင် နိုင်ငံခြားဖြစ်အရက်များ စီးကရက်များဖြင့် ဧည့်ခံလျက် နောက်တစ်ပတ်တွင် လုပ်ကိုင်ရမည့်အလုပ် အစီအစဉ်များကို ဆွေးနွေးလျက်ရှိလေ၏။ ထိုအချိန်၌ ကားကိုတက်စိန်မှာ ဦးသီလအပေါ်တွင် မျက်နှာပန်းပွင့်လျက် ဦးသီလက လည်းမိမိအား ညာလက်ရုံးသဖွယ် အားကိုးလျက်ရှိနေပြီဖြစ်ကြောင်းကောင်းစွာသိရလေပြီ။

ဦးသီလက . . .

'ကိုတက်စိန်ကို ကျုပ် အင်မတန်အားကိုးတယ်ဆိုတာ သိပြီ မဟုတ်လား . . .'

'ဟုတ်ကဲ့သိပါပြီ ဦးသီလ'

'တစ်ပတ် ၃၀ ဆိုတာလဲ ခင်ဗျားအတွက် နည်းပါတယ် . . . ရှေ့အပတ်ကစပြီး တစ်ပတ်ကို ၅၀ ထုတ်ယူပေတော့'

'ဟုတ်ကဲ့ ကျေးဇူးပါပဲဗျာ'

'ဩော် ဒါထက် နောက်ဗုဒ္ဓဟူးနေ့ညမှာ အလုပ်ကလေးတစ်ခု ရှိတယ်ဗျို့ . . . ကားနဲ့ ခင်ဗျား သွားရလိမ့်မယ်၊ စတေးရှင် ဝက်ဝွန်းကလေးတစ်ခု ကျုပ်ပေးမယ်၊ သမိုင်းလမ်းဆုံရောက်အောင် ခင်ဗျားက ဒရိုင်ဘာကိုလမ်းညွှန်သွားရုံပဲ။ ဟိုကို ၈ နာရီတိတိ အရောက်သွားရလိမ့်မယ် . . . ဟိုကျတော့ ဆိုင်းဘုတ်အစိမ်းနဲ့ တရုတ်လက်ဖက်ရည်ဆိုင်ရှေ့မှာ ကားကို ရပ်ထား၊ ခင်ဗျားတို့က ဆိုင်ထဲဝင်ပြီး လက်ဖက်ရည် သောက်ရုံပေါ့ဗျာ၊ ခင်ဗျားတို့ လက်ဖက်ရည် သောက်ပြီးလို့လဲ ပြန်လာရော ကားပေါ်မှာ ရေနံစည်သံပုံး ၃ လုံးရောက်နေလိမ့်မယ်၊ ဒီပုံးတွေပေါ်မှာ တာရပတ်ဖုံးခဲ့ရုံပဲ၊ လမ်းမှာဘယ်သူကိုတွေ့ရင် ဘယ်လိုလုပ်ရမယ် ဘယ်လမ်းက မောင်းရမယ်၊ ခင်ဗျားက ဘယ်လိုအဝတ်အစားမျိုး ဝတ်သွားရမယ်ဆိုတဲ့ ညွှန်ကြားချက်တွေတော့နောက်မှ ကျုပ်ပေးမယ်၊ ကဲ ဒါပါပဲ ကိုတက်စိန် ပြန်ချင်ပြန်နိုင်ပါပြီ'

အလုပ်တိုက်မှ ထွက်လာသောအခါ ကိုတက်စိန်သည် ဗိုလ်ချုပ်လမ်းအတိုင်း လျှောက်၍လာပြီးလျှင် ပန်းဆိုးတန်းသို့ ရောက်သောအခါ 'ဘား' တစ်ခုအတွင်းသို့ဝင်၍ အရက်သောက်ပြီးနောက် စီးကရက်ကို ဖွာရင်းအကြံထုတ်လျက်ရှိ၏။ ဦးသီလ အလုပ်ခန်းတွင်းရှိ မတ်ရပ်သစ်သားဘီရိုကြီးမှ တံခါးမှာ ခပ်မာမာဖြစ်နေသဖြင့် ၎င်းအတွင်း၌ မိမိမြင်ခဲ့ရသော

http://www.cherrythitsar.org



အဝတ်လိပ်ကြီးမှာ ၎င်း၏အိပ်ရာလိပ်ဖြစ်၍ ဦးသီလသည် နေအိမ်မရှိဘဲ အလုပ်ခန်း၌ပင် အိပ်ဟန်လက္ခဏာရှိ၏။

ဦးသီလကား အိုးအိမ်မရှိ တစ်ကိုယ်တည်းနေကာ ရသမျှ ငွေ များကို သူ့အခန်းတွင်းမှ သံသေတ္တာကြီးထဲတွင် စုဆောင်းလျက်ရှိသော 'ဥစ္စာစောင့်' ကြီးပင် ဖြစ်တော့၏။ ဥစ္စာစောင့်ကြီး၏ ပစ္စည်းများမှာ မည် သည့်နည်းနဲ့မျှ အလွယ်တကူ မဖွင့်နိုင်သော သံသေတ္တာကြီးအတွင်းတွင် ရှိနေသဖြင့် သော့တူကို ပြုလုပ်ရသည်ထက် ဥစ္စာရှင်ထံမှ သော့ကို ယူ၍ ဖွင့်ခြင်းက ကျိန်းသေသည့်အတိုင်း ဤနည်းကိုပင် လိုက်တော့မည်။

ထိုသို့လိုက်ရန် လမ်းတစ်ခုသာ ရှိ၏။ ထိုလမ်းမှာ ဦးသီလ အား မိမိက လက်ဦးအောင် သတ်ရန်ပင်ဖြစ်တော့၏။ စီးကရက်သုံးလေးလိပ် မျှ ကုန်သောအခါ ကိုတက်စိန်သည် စိတ်ကို တစ်ခါတည်းပိုင်းဖြတ်လိုက်၏။

ကြာသပတေးနေ့ ညနေအလုပ်ကိစ္စပြီးသောအခါ ကိုတက်စိန် သည် မခင်သိန်းနိုင်ထံ သွားရောက်ပြီးလျှင် . . .

'ဘယ့်နှယ်လဲခင် . . . ဒီည ရုပ်ရှင်လိုက်နိုင်မယ် မဟုတ်လား'

'ဆောရီးပဲ အစ်ကိုကြီးရေ . . . ခင် ဒီည ၉ နာရီမှ ပြန်ရမယ်'

'နက်ဖြန်ကော'

'နက်ဖြန်လဲ မအားဘူးအစ်ကိုကြီးရဲ့ . . . စနေနေ့ မကောင်းဘူး လား'

'ကဲ . . . ဒါဖြင့် စနေနေ့ညမှာ အစ်ကိုကြီးလက်မှတ် ဝယ်ထားမယ်နော်'

'ဟုတ်ကဲ့ အစ်ကိုကြီး ကျေးဇူးတင်ပါတယ် . . . ဘယ်ရုံမှာလဲ'

'ဂလုပ်မှာ'

သောကြာနေ့ နံနက်ခင်း၌ ကိုတက်စိန်သည် မိမိ၏ အစီအစဉ် များကို အသေးစိတ် စိတ်ကူးလျက်ရှိလေ၏။

နံနက်ခင်းတွင် မိမိအလုပ်ဝတ္တရားများကို မဆောင်ရွက်သေးမီ အနော်ရထာလမ်းရှိ ကုလားဆိုင်ကြီး တစ်ဆိုင်သို့သွား၍ လက်ဆွဲသားရေ အိတ်ကြီးတစ်လုံးကို ဝယ်ယူ၏။

ထို့နောက် လူရှင်းသော ပျော်ပွဲစားရုံတစ်ရုံသို့ လာပြီးလျှင် နံနက်စာကို မှာထားရင်း ရဲမင်းကြီးထံ တယ်လီဖုန်းဆက်၏။ တယ်လီဖုန်း ပြောရာတွင် မိမိ၏နဂိုသံကို မကျက်မိစေရန် စကားပြောသော အပေါက်ဝ ကို လက်ကိုင်ပုဝါဖြင့် အုပ်ကာ အသံခပ်ဝါးဝါး ခပ်နိမ့်နိမ့်ဖြင့် ပြောလေ သည်။

http://www.cherrythitsar.org



ထို့နောက် လက်ဆွဲသားရေအိတ်ကြီးကို အိမ်၌ သိမ်းဆည်းထားခဲ့ပြီးလျှင် နေ့လယ်ပိုင်းတွင် အလုပ်လုပ်ကိုင်လျက်ရှိ၏။ ညနေခင်းသို့ ရောက်သောအခါ ဦးသီလ၏ အလုပ်တိုက်သို့ တိုက်ရိုက်သွားလေ၏။

ထိုအချိန်၌ မခင်သိန်းနိုင်မှာ လက်နှိပ်စက်ရိုက်လျက်ပင် ရှိနေသေး၏။ ကိုတက်စိန် ဝင်လာသောအခါ ပြုံးသည်ဆိုရုံမျှ လှမ်း၍ပြုံးလိုက်ပြီးလျှင် မျက်နှာလည်း မကြည်လင်လှချေ။

'အစ်ကိုကြီး မသိသေးဘူးမှတ်တယ်'

'ဘာလဲခင် . . . ဘာလဲ'

'နေ့လယ်က ရဲအရာရှိ သုံးယောက်ဝင်လာတယ်လေ'

'ရဲ . . . ဟုတ်လား . . .'

လေသံကိုနှိမ့်လျက် . . .

'ဟုတ်တယ်'

'ဘာလာလုပ်တာလဲ'

'ကျွန်မတို့ လုပ်ငန်းအရိပ်အခြေ လာကြည့်တာနဲ့ တူပါတယ်'

'ဆရာနဲ့တွေ့လား . . .'

'တွေ့ပါတယ် . . . သူပဲ စကားလက်ခံပြောရတာပဲ'

'ဘာတွေ မေးသတဲ့လဲ'

'ဘာရယ်လို့ ထူးထူးထွေထွေတော့ မဟုတ်ဘူးလို့ ပြောတာပဲ အစ်ကိုကြီးရဲ့ . . . ကျွန်မတို့ သူဌေးကလည်း အင်မတန်လျှို့ဝှက်တဲ့လူ မဟုတ်လား၊ ကျွန်မကို စကားအကုန် ပြောချင်မှပြောမှာ'

'ဟုတ်တာပေါ့လေ . . . နို့ပေမယ့် သူတိုင်ပင်စရာ ဘယ်သူရှိ သလဲ၊ ခင်တစ်ယောက်ပဲ ရှိတယ်မဟုတ်လား၊ မစစ်ပေမယ့် ဒီလိုလာပြီး အကဲခတ်တာ မကောင်းဘူးပေါ့ ခင်ရယ်၊ ဒီလိုဆိုတော့ ကိုယ်တို့လဲ အနေရကြပ်တယ်မဟုတ်လား'

'ဟုတ်တာပေါ့ အစ်ကိုကြီးရဲ့၊ ပြီးတော့လဲ . . .'

စကားမဆုံးမီ အပြင်မှ ဧည့်သည်များ ရောက်လာ၍ စကားကို ဖြတ်လိုက်ရ၏။ မခင်သိန်းနိုင်သည် ဧည့်သည်များအား သူဌေးနှင့် တွေ့ဆုံပေးပြီးလျှင် မိမိကိုယ်တိုင်လည်း အလုပ်များ၍ နေသဖြင့် ကိုတက်စိန်သည် နှုတ်ဆက်၍ ထွက်ခဲ့ရ၏။ တံခါးပေါက်သို့ရောက်သောအခါ

'နက်ဖြန်ညနေ'

ဟု အသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်ရာ မခင်သိန်းနိုင်ကလည်း

'အိုကေ အစ်ကိုကြီး ကျွန်မ မမေ့ပါဘူး'

http://www.cherrythitsar.org



ဟု ပြန်ပြောလိုက်လေသည်။

စနေနေ့သို့ရောက်လာသောအခါ ကိုတက်စိန်သည် မိမိအစီအစဉ် လုံခြုံပိရိစွာ ရှိစေရန် အသေးစိတ် စဉ်းစားလျက်ရှိလေ၏။ လူသတ်မှုများ ၌ တရားခံသည် အမှုဖြစ်ပွားသည့် အချိန်တွင် အမှုဖြစ်ပွားသည့် နေရာ၌ မရှိဘဲ အခြားတစ်နေရာ၌ ရှိနေကြောင်း သက်သေပြနိုင်က လွတ်မြောက်နိုင် ၏။ သို့သော် ယင်းသက်သေခံမှာ များစွာခိုင်လုံဖို့ လိုအပ်ပေသည်၊ မိမိ လုပ်ကြံမည့် လုပ်ကြံမှု၌ ယင်းသက်သေခံမျိုးကိုပင် အားကိုးရပေသည်။

ထိုနေ့နံနက် ကိုတက်စိန်သည် ဦးသီလ ဂိုထောင်နှင့် မျက်နှာချင်း ဆိုင်၌ရှိသော မော်တော်ကား ရုံနောက်သို့ဝင်ကာ အလုပ်တိုက်ဘက်သို့ ချောင်းမြောင်းကြည့်ရှုလျက် ရှိလေ၏။ နံနက် ၁၁ နာရီတွင် ဦးသီလသည် အလုပ်တိုက် အတွင်းမှ ထွက်လာပြီးနောက် မဟာဗန္ဓုလလမ်းကို ဖြတ်ကာ ကမ်းနားဘက်သို့ လျင်မြန်စွာ လျှောက်သွားလေ၏။

ထိုအခါမှ ကိုတက်စိန်သည် တစ်ဘက်မှလှည့်၍ အလုပ်တိုက် အတွင်းသို့ မောကြီးပန်းကြီး ဝင်သွားရာ မခင်သိန်းနိုင်နှင့် ပက်ပင်းပါတွေ့ လေသည်။

ကိုတက်စိန်က . . .

'ဆရာ ဘယ်သွားလဲဟင် . . . ဆရာ'

'အစ်ကိုကြီး ဘယ်ကလာတာလဲ . . . ချွေးတွေနဲ့ . . .'

'ဗိုလ်တထောင်ဆိပ်က ပြေးလာခဲ့တာ . . . ကိစ္စအရေးကြီးတယ် သိပ်ဝွကျတာပဲ . . .'

'သူငွေး ခုပဲ အပြင်ထွက်သွားတယ် အစ်ကိုကြီးရဲ့၊ အနည်းဆုံး နာရီဝက် တစ်နာရီလောက်တော့ ကြာမယ်၊ ဒီအချိန် သူအပြင်ထွက်နေကျ ပဲ . . .'

နဖူးမှ ချွေးများကိုသုတ်လျက်

'အရေးထဲ သိပ်ဝွကျတာပဲခင်ရယ် . . . ရေငတ်လိုက်တာ အစ်ကို ကြီးကို လမ်းထိပ်က ဘိလပ်ရည်ဆိုင်သွားပြီး ရေခဲနဲ့ ကရင်ဆော်ဒါကလေး တဆိတ် ဝယ်ပေးပါလား ခင်ရယ် . . .'

'အဲဒီဆိုင်က သိပ်စောင့်ရတာ အစ်ကိုကြီးရဲ့ . . . အဲလေ သွား ပေးတာပေါ့ . . . သူလဲ အခု ချက်ချင်းပြန်လာဦးမှာမှ မဟုတ်ဘဲ'

'ကျေးဇူးပါပဲ ခင်ရယ် . . .'

မခင်သိန်းနိုင် ထွက်သွားသည်နှင့်တစ်ပြိုင်နက် ကိုတက်စိန်သည် ဦးသီလစားပွဲရှိရာ အတွင်းခန်းသို့ ဝင်သွားလေ၏။ ပထမဦးစွာ စားပွဲအံဆွဲ

http://www.cherrythitsar.org



အတွင်းမှ သေနတ်ကို ရှာဖွေရာ အံဆွဲနောက်ပိုင်း စာအုပ်တစ်အုပ်အောက်တွင် တွေ့ရသဖြင့် ကျည်ဆံများ ထည့်ထားမထားကို ကြည့်ပြီးလျှင် အင်္ကျီအိတ်ထဲသို့ ထည့်လိုက်၏။ ထို့နောက် စာရေးစားပွဲပေါ်မှ စာရွက်များကို ကဗျာကရာ လှန်လှောရှာဖွေပြန်၏။ မိမိအလိုရှိသော စာတစ်ရွက်ကို တွေ့ရသဖြင့် အင်္ကျီအိတ်အတွင်းသို့ ထိုးသွင်းလိုက်ပြန်၏။

မခင်သိန်းနိုင် ပြန်လာသောအခါ၌ကား ကိုတက်စိန်မှာ လက်နှိပ်စက်စားပွဲရှေ့ ကုလားထိုင်တွင် ဣန္ဒြေရစွာ ထိုင်လျက်ရှိနေလေပြီ။

ထိုညတွင် မခင်သိန်းနိုင်မှာ ည ၈ နာရီအထိ အလုပ်လုပ်ရမည်ဖြစ်၍ ၈ နာရီခွဲတွင် အသင့်ပြင်ဆင်၍ လမ်းထိပ်သို့ ထွက်ခဲ့ရန်တစ်ကြောင်း၊ ဂလုပ်ရုံတွင် ၉ နာရီခွဲပွဲအတွက် ပထမတန်းမှ လက်မှတ်နှစ်စောင် အသင့်ဝယ်ထားပြီးဖြစ်ကြောင်း၊ ရုပ်ရှင်ပြီးသောအခါ အိမ်သို့ အရောက်ပို့ပေးမည်ဖြစ်ကြောင်း၊ ကိစ္စမှာ အရေးကြီးနေသဖြင့် ဦးသီလ အပြန်ကို မစောင့်နိုင်တော့ကြောင်း နောက်ဆုံးပြောခဲ့ပြီးလျှင် အလုပ်တိုက်မှ လျင်မြန်စွာ ထွက်သွားလေ၏။

ထိုနေ့ညနေ၌ ကိုတက်စိန်သည် ဦးသီလစားပွဲပေါ်မှ ယူခဲ့သောစာရေးစက္ကူနှင့် တံဆိပ်နှင့် အမျိုးအစားပါတူသော စက္ကူထုပ်တစ်ထုပ်ကို စာရေးကိရိယာများ ရောင်းသော ဆိုင်တစ်ဆိုင်မှ ဝယ်ယူခဲ့ပြီးလျှင် ထိုလက်ရေးနှင့်တူအောင် အိမ်တွင် တစ်နာရီခန့် လေ့ကျင့်လျက်ရှိလေ၏။

ကိုတက်စိန်မှာ ငယ်စဉ်က အင်္ဂလိပ်စာကို ၇ တန်းအထိမျှသာ သင်ဖူးပြီးလျှင် အထက်တန်းပညာရပ်များကို မလိုက်စား၊ လိုက်စားလိုသော စိတ်ဆန္ဒမရှိခဲ့သော်လည်း ပန်းချီပညာကို အနည်းငယ်တတ်၍ လက်ရေးအလွန်ကောင်း၏။ လက်ရေးကို အမျိုးမျိုးရေးနိုင်၏။ အခြားသူများ၏ လက်ရေးကို အတုခိုး၍ ရေးနိုင်၏။ ရေးနိုင်အောင်လည်း ဝါသနာအလျောက်လေ့ကျင့်၏။

ထိုမျှသာမက အခြားသူများ၏ ရေးထိုးနေကျ လက်မှတ်ကိုပင်တူအောင် ရေးထိုးနိုင်၏။ အတော်အတန် အလေ့အကျင့်ရလာသောအခါ မည်သူ၏ လက်မှတ်ကိုမဆို နာရီဝက်အတွင်း တူအောင် ရေးထိုးနိုင်၏။ ငယ်စဉ်က ဤကဲ့သို့ လက်ရေးတူလက်မှတ်တူဖြစ်ရန် အပျော်သဘောဖြင့်လေ့ကျင့်လာခဲ့ခြင်းမှာ ကြီးပြင်း၍လာသောအခါ နဂိုကပင် ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင်မစားလိုဘဲ သူတစ်ပါးအပေါ်တွင် ခေါင်းပုံဖြတ်၍ စားလိုသော ဝါသနာရှိသူတစ်ယောက်အတွက် 'သက်မွေးဝမ်းကျောင်း' ပညာတစ်ရပ်ပင် ဖြစ်၍လာခဲ့လေသည်။

http://www.cherrythitsar.org



သို့ဖြစ်၍ ဓာတ်သိသောသူများက ကိုတက်စိန်အား နာမည်ရင်းကို မခေါ်ဘဲ လက်ရေးနှင့် လက်မှတ်အတုခိုးကောင်းသဖြင့် 'ဝိဇ္ဇာစိန်' ဟု ပြောင်လှောင်ခေါ်ဝေါ်ကြ၏။

ကိုတက်စိန်သည် ထိုစက္ကူရွက်ပေါ်တွင် ဦးသီလစားပွဲမှ တွေ့ရသော လက်ရေးနှင့်တူအောင် အတုခိုးပြီးလျှင် အောက်ပါအတိုင်း ရေးသားလေသည်။

**'အားလုံး အကြံတွေပေါ်ကုန်၍ ပုလိပ်က လိုက်နေပြီ၊ ကျုပ်မှာ ထောင်ကျလဲ မခံဝံ့သည့်အတွက် ဒီတစ်နည်းပဲ လွတ်မြောက်ဖို့ လမ်းရှိတော့သည်'**

**သီလ**

*

ထိုညဉ့်တွင် ကိုတက်စိန်သည် မခင်သိန်းနိုင်အား ၈ နာရီ ၄၅ မိနစ်တွင် လမ်းထိပ်မှစောင့်ခေါ်ခဲ့၍ ဆူးလေဘုရားလမ်းဘက်သို့ လျှောက်လာခဲ့၏။ မခင်သိန်းနိုင်နှင့် မတွေ့မီ နံနက်ခင်းက ဝယ်ခဲ့သော သားရေအိတ်ကြီးကို ဂိုထောင်နောက်ဖေးရှိ ထင်းရှူးသေတ္တာပုံများကြားတွင် ဝှက်ထားခဲ့သေး၏။ အချိန်မှာ ၉ နာရီခွဲပွဲအတွက် အတန်ငယ်စောသေးသည်နှင့် အိုရီးယင့်ဟော်တယ်အပေါ်ထပ်တွင် ကော်ဖီများ သောက်ရင်း ၁၅ မိနစ်ခန့် အချိန်ဖြုန်းပြီးနောက် ရုပ်ရှင်ရုံထဲသို့ ဝင်ခဲ့လေသည်။ ထိုညဉ့်က ဂလုပ်ရုံ တွင် အလွန်ရှည်သော မြန်မာကားတစ်ကား ပြနေသဖြင့် ညနေပွဲမှာ ၉ နာရီခွဲမှ ပြီးပြီးလျှင် ညဉ့်ပွဲကို ၉ နာရီ ၄၅ မိနစ်မှ စ၍ ပြရ၏။

ခေတ္တ အားလပ်ချိန်မပေးမီအတွင်း ကိုတက်စိန်မှာ မိမိအကြံ အတွက် အချိန်ကိုသာ စောင့်ဆိုင်းနေသူတစ်ယောက်ဖြစ်သည့်အတိုင်း ရုပ်ရှင်ဇာတ်လမ်းကို မဆိုထားဘိဦး လူကောင်များကိုပင် မသဲကွဲလှဘဲ ဝိုးဝါးမြင်ရ၏။ မကြာမကြာပင် မှောင်ထဲတွင် မြင်ရသော လက်ပတ်နာရီကိုသာ မခင်သိန်းနိုင်မမြင်အောင် ကြည့်မိ၏။ ထိုအချိန်က ကိုတက်စိန်မှာ ကာကီရောင် သိုးမွေးရုပ်အင်္ကျီ၊ မီးခိုးရောင် သက္ကလပ်ဘောင်းဘီရှည်၊ ရှူးဖိနပ် အနက်စသည်ဖြင့် သပ်ရပ်ခန့်ညားစွာ ဝတ်စားထားရာ လက်ျာဘက် ဘောင်းဘီအိတ်တွင် အသင့်ယမ်းထိုးပြီး သေနတ်ကလေးကိုလည်းကောင်း၊

http://www.cherrythitsar.org



လက်ဝဲဘက်အိတ်တွင် မောင်းချစားကြီးကိုလည်းကောင်း၊ ရှပ်အင်္ကျီအိတ် တွင် သေချာစွာ ခေါက်၍ ထည့်ထားသော အထက်က ဖော်ပြသည့် စာရွက် ကိုလည်းကောင်း စိတ်မလုံသည့်အတိုင်း မကြာခဏ စမ်းသပ်ကြည့်ရှုမိ၏။

အားလပ်ချိန်ပေးရန် မီးများဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ကို တက်စိန်သည် မခင်သိန်းနိုင်အား မျက်နှာချင်းဆိုင်ဘက်ရှိ တရုတ် 'ဘား' သို့ ခေတ္တ သွားဦးမည့်အကြောင်း ပြောခဲ့ပြီးလျှင် ရုံအတွင်းမှထွက်၍ အနီး ဆုံး ၃ ဘီးကားတစ်စီးပေါ်သို့ တက်လိုက်၏။ ထို့နောက် ဗိုလ်ချုပ်လမ်း ဘက်သို့ မောင်းစေပြီးလျှင် ၎င်းမှ ၃၂ လမ်းဘက်သို့ ချိုးဝင်လေ၏။ ဂိုထောင် နှင့် မနီးမဝေး၌ ကားကို ရပ်စေပြီးလျှင် ကားသမားအား ငွေစက္ကူတစ်ချပ်ကို လှမ်းပေးခဲ့ပြီးနောက် ဂိုထောင်နောက်ဘက်သို့ ဝင်သွားလေ၏။

ထို့နောက် ဂိုထောင်နောက်တွင် စောစောက မိမိဝှက်ထားခဲ့သော သားရေအိတ်ကြီးကို ထုတ်ယူခဲ့ပြီးလျှင် လက်တွင် လမ်းလျှောက်ရင်း နိုင်လွန် လက်အိတ်ကို စွပ်လျက် မောင်းချစားကြီးကို လက်တစ်ဖက်မှ ဖွင့်၍ ကိုင်ကာ အလုပ်တိုက်ရှေ့သို့ သွားလေ၏။ အချိန်မှ ၃ မိနစ်မျှ ကုန်လွန်ခဲ့ပြီဖြစ်၏။ တံခါးမှာ ပိတ်ထားလေပြီ။ သို့သော် နံဘေးမှန်ပြတင်းပေါက်တစ်ခုမှာ အတွင်းမှ သံချိတ်ချိတ်၍ထားသော်လည်း ကွဲနေသော မှန်တစ်ချပ်မှ အတွင်း သို့ လက်တစ်ဖက်ဖြင့် နှိုက်၍ မောင်းချစားဖြင့် ကော်လိုက်သောအခါ အတွင်းမှ ချိတ်ပြုတ်သွားလေ၏။

ထိုအခါ ပွင့်၍သွားသော ပြတင်းပေါက်မှ အတွင်းသို့ ကျော်၍ ဝင်ခဲ့၏။ လက်ထဲမှ မောင်းချစားကြီးကို သိမ်းဆည်းလိုက်ပြီးလျှင် မောင်းချ စားအစား ၆ လုံးပြူးသေနတ်ကို ကိုင်ထားလိုက်၏။ နောက်ထပ် ၂ မိနစ် အချိန်ကုန်၍ သွားပြန်၏။ အတွင်းခန်း၌ကား စာရေးစားပွဲပေါ်တွင် မီးလင်း လျက်ရှိသည်ကို မြင်ရလေရာ ဦးသီလသည် ကုလားထိုင်ပေါ်တွင် ထိုင်လျက် ရှိနေလေသည်။ ကိုတက်စိန်သည် ပြတင်းပေါက်ရှိရာမှ အတွင်းခန်း တံခါးဝ အထိ ခြေလှမ်း ၃ လှမ်းဖြင့် ရောက်ခဲ့ပြီးနောက် တံခါးကို ဖွင့်ကာ ခြေလှမ်း ၂ လှမ်းမျှ ရှေ့သို့တိုးပြီးလျှင် ဦးသီလအား မျက်နှာတည့်တည့်ကို သေနတ် ဖြင့် ချိန်လိုက်၏။ ဦးသီလကား အော်လည်း မအော်နိုင် ကိုယ်ကိုလည်း မလှုပ်ရှားနိုင်ဘဲ ပါးစပ်အဟောင်းသားဖြင့် ကိုတက်စိန်အား ကြည့်နေလေ သည်။

ဦးသီလ၏ လက်ျာဘက်နားထင်မှာ ချိန်ထားသော သေနတ် ပြောင်းဝနှင့် ၁၂ လက်မသာ ဝေးလေရာ ကိုတက်စိန်သည် သေနတ်မောင်း ကို တစ်ချက်ဆွဲလိုက်၏။ ကျည်ဆံသည် နားထင်ကို ဖောက်ကာ အခြား

http://www.cherrythitsar.org



ဘက် နားရွက်နောက်မှ ထွက်သွားလေသည်။ နူတ်ခမ်း၀ ပတ်လည်တွင် ညိုမြဲလျက် အပေါက်ငယ်မှ သွေးများ တသွင်သွင် ထွက်လာ၏။ ဦးသီလ သည် ၂ စက္ကန့်မျှ ယိမ်းယိုင်လှုပ်ရှားလျက်ရှိရာမှ စားပွဲပေါ်သို့ လက်နှစ် ဖက်ပစ်ကာ ဒိုင်းခနဲ စားပွဲနှင့် မျက်နှာ ဆောင့်မိသည်နှင့် တစ်ချိန်တည်း မှောက်လျက်ကျသွားလေသည်။ ကိုတက်စိန်မှာ ယမ်းငွေ့များပင် မွှန်၍ သွား သေး၏။

ကိုတက်စိန်သည် လက်အိတ်စွပ်ထားသော လက်ဖြင့် သေနတ် ကလေးကို ပူနွေးလျက်ရှိသော ဦးသီလ၏ ညာဘက် လက်၀ါးထဲသို့ ထည့် ပြီးလျှင် လက်ညှိုးကလေးကို သေနတ်ခလုတ်ပေါ်သို့ပင် တင်ထားလိုက်၏။ မိမိအင်္ကျီအိတ်ထဲမှ စာရွက်ကလေးကို ထုတ်ယူပြီးလျှင် စားပွဲပေါ်ရှိ အောက် ခံမင်နှိပ်ပြားပေါ်တွင် ဖြန့်ကာ စက္ကူဖိသော ဖန်လုံးကလေးဖြင့် ဖိထားလိုက် ၏။ ထို့နောက် ဦးသီလအလောင်း အင်္ကျီအိတ်များမှ သံသေတ္တာသော့ကို ရှာဖွေလေသည်။ ထိုအချိန်၌ မိမိလက်များမှာ တုန်လျက်ရှိနေသည်ကို သတိ ပြုမိ၏။

သော့ကို အခန့်သင့်ပင် တွေ့ရှိ၍ အနီးရှိ သံသေတ္တာကြီးမှ ကြေး သော့အိမ်အတွင်းသို့ သွင်းလိုက်၏။ ထိုအချိန်၌ မိမိ၏ လက်ပတ်နာရီကို ကြည့်မိရာ ရုပ်ရှင်ရုံမှ မိမိထွက်လာသည့်အချိန်မှ ယခုထိ ၉ မိနစ်သာ ရှိသေး ၍ အတော်အတန် စိတ်အေးသွားမိ၏။

သေတ္တာကြီး ပွင့်သွားသောအခါ ငွေစက္ကူများကို အစည်းလိုက် ပိုးကြိုးများဖြင့် စည်းနှောင်ထားသည်ကို တွေ့ရ၏။ ကိုတက်စိန်သည် ၁၀၀ တန်၊ ၁၀ တန်၊ ၂၀ တန်၊ ၅၀ တန် မခွဲခြားနိုင်ဘဲ အပေါ်ဆုံးကျသည့် အထုပ်များကို မိမိယူခဲ့သော လက်ဆွဲသားရေအိတ်ကြီး အတွင်းသို့ ထိုးသွင်း ၏။ နောက်ဆုံး ပြည့်ရုံမျှမက အနည်းငယ် ပို၍ နေသဖြင့် အဖုံးကို ပိတ် သောအခါ ချိတ် ချိတ်မိစေရန် အပေါ်မှ ဒူးနှစ်ဖက်ဖြင့်ဖိ၍ သားရေအိတ်ကို ပိတ်ရလေသည်။ ဤသို့ ယူသည့်တိုင်အောင် သံသေတ္တာကြီးထဲတွင် ထက် ၀က်ခန့်မျှ ကျန်ရှိသေး၏။

ကိုတက်စိန်သည် သံသေတ္တာကို ပြန်၍ ပိတ်ပြီးလျှင် သော့ကို ဦးသီလ အင်္ကျီအိတ်အတွင်းသို့ အသေအချာ ပြန်၍ ထည့်ထားလိုက်လေ သည်။ ထို့နောက် သံသေတ္တာကြီးကိုတစ်လှည့်၊ ဦးသီလ၏ အလောင်းကို တစ်လှည့် ပြန်၍ကြည့်ခဲ့ပြီးလျှင် လာလမ်းအတိုင်း ပြန်၍ ထွက်ခဲ့၏။ မိမိ ၀င်ခဲ့သော ပြတင်းကိုပင် မှန်ကွဲနေသည့်နေရာမှ လက်လျှို၍ ပြန်ပိတ်ခဲ့ သေး၏။

http://www.cherrythitsar.org



လမ်းပေါ်သို့ရောက်လျှင် အလုပ်တိုက်နှင့် ဂိုထောင်ကြားမှ တိုက်နောက်ဖေးဘက်သို့ ဝင်ခဲ့ပြီးလျှင် သားရေအိတ်ကြီးကို နံနက်က ဝှက်ထားသည့်နေရာ၌ပင် ပြန်၍ ထားခဲ့လေသည်။ အလုံးစုံပြီးစီးသောအခါ ကိုတက်စိန်သည် ရုပ်ရှင်ရုံသို့အရောက် သုတ်ခြေတင်ခဲ့၍ ရုံဝတွင်ရှိသော လူအုပ် ကိုတိုးဝှေ့ကာ ရုံထဲသို့ ဝင်ခဲ့လေသည်။

မခင်သိန်းနိုင်နံဘေးရှိ ကုလားထိုင်သို့ ဝင်၍ ထိုင်မိသောအခါ ရုပ်ရှင်ဆက်ပြသည်မှာ ၁ မိနစ်မျှပင် မရှိသေးချေ။ အချိန်အားဖြင့် တွက်ချက်ကြည့်သော် ကိုတက်စိန်သည် ရုပ်ရှင်ရုံမှ ထွက်ခဲ့၍ ဦးသီလအား သတ်ပြီးနောက် သံသေတ္တာအတွင်းမှ ငွေများ ယူငင်ဝှက်ထားခဲ့ပြီးလျှင် မိမိထိုင်သော ထိုင်ခုံသို့ ဣန္ဒြေမပျက် ပြန်ရောက်ခဲ့သော အချိန်ထိ ၁၁ မိနစ်သာကြာခဲ့လေသည်။

ဆက်လက်ပြသော ကျန်ရုပ်ရှင်ကား တစ်ဝက်မှာ ကိုတက်စိန် သည် အနည်းငယ်မျှ ဣန္ဒြေမပျက်စေဘဲ မခင်သိန်းနိုင်၏ စကားများကို အပေးအယူအဆင်သင့်စေရန် အလိုက်သင့် ပြောဆိုခြင်းဖြင့် ရုပ်ရှင်ပြီးခဲ့၏။ ထို့နောက် ကတိရှိသည့်အတိုင်း မခင်သိန်းနိုင်အား သုံးဘီးကားဖြင့် အိမ်အရောက်ပို့ပေးလေသည်။

*

နောက်တစ်နေ့တွင် ကိုတက်စိန်သည် ယခင်က အလုပ်ဆင်းနေကျ ၉ နာရီခွဲတွင် မဆင်းဘဲ ၁၀ နာရီထိုးပြီးမှ အလုပ်တိုက်သို့ ဣန္ဒြေမပျက် ရောက်လာ၏။ အလုပ်တိုက်ရှေ့တွင် ရဲကားတစ်စီး ဆိုက်ထား၍ အလုပ်တိုက်အတွင်းသို့ ဝင်မိသောအခါ ဧည့်ခန်းကုလားထိုင်များတွင် အရပ်ဝတ်အရပ်စားနှင့် လူစိမ်းနှစ်ယောက် ထိုင်နေသည်ကို တွေ့ရ၏။ မခင်သိန်းနိုင်မှာ မျက်လုံးကြီးများ နီရဲနေပြီးလျှင် မျက်နှာကို မကြာခဏ လက်ကိုင်ပုဝါဖြင့် သုတ်နေသည်ကို တွေ့ရ၏။

မခင်သိန်းနိုင်က . . .

'တစ်ခါဖြင့် ကိုယ်ကျိုးနည်းပြီအစ်ကိုကြီး . . .၊ သူဌေးဆုံးရှာပြီ သူ့ကိုယ်သူ ပစ်သတ်သွားတယ် . . .'

'ဟင် . . . ဟုတ်လား . . . ဖြစ်မှဖြစ်ရလေဗျာ . . . ဘယ်မှာလဲ အခန်းထဲမှာလား'

'ဟုတ်တယ် . . . သွားကြည့်ပါဦး အစ်ကိုကြီးရယ်'

http://www.cherrythitsar.org



ကိုတက်စိန်သည် တောက်တစ်ချက်ခေါက်၍ ညည်းတွားကာ အတွင်းခန်းသို့ ဝင်မည်ပြုလေ၏။

ထိုခဏ၌ ဦးသီလအခန်းမှ တံခါး ပွင့်လာပြီးလျှင် အတွင်းမှ ရဲအရာရှိတစ်ဦး ထွက်လာသဖြင့် ကိုတက်စိန်၏ ခြေလှမ်းများ ရပ်ဆိုင်းသွားလေသည်။ ရဲအရာရှိမှာ တည်ကြည်ခံ့ညားသော ရုပ်လက္ခဏာရှိ၍ ကိုတက်စိန်အား စူးရှသော မျက်လုံးများဖြင့် တစ်ချက် စိုက်ကြည့် လိုက်၏။

ရဲအရာရှိက . . .

'ခင်ဗျားက ဘယ်သူလဲ . . .'

'ကျွန်တော်က ဦးသီလတပည့်ပါ . . . သူ့ဆီမှာ လခစား အလုပ် လုပ်နေပါတယ်'

'နာမည်က . . .'

'မောင်တက်စိန်ပါတဲ့ ခင်ဗျာ . . .'

'ဪ . . . ကိုတက်စိန် ဟုတ်လား . . .'

'ဟုတ်ပါတယ် . . . ဒါထက် ကျွန်တော်တို့ဆရာ ဘယ်လိုများ ဖြစ်သွားသလဲ မပြောတတ်ပါဘူးခင်ဗျာ'

'ဘယ်လိုဖြစ်ရမှာလဲ သူ့ပစ္စည်းကို လိုချင်တဲ့လူက ပစ်သတ်သွား တာပေါ့'

'ဪ . . . ဟုတ်လားခင်ဗျ၊ ဖြစ်မှဖြစ်ရလေခင်ဗျာ သူ့စက္ကတေရီ ကပြောတော့ သူ့ကိုယ်သူ သတ်သေသွားဆိုလားလို့'

'ဒါကတော့ စားပွဲပေါ်မှာ စာတစ်စောင်တွေ့ရတာနဲ့ သူ့လက်ထဲ မှာ သူပိုင်သေနတ်ဆုပ်လျက်သား တွေ့ရတာနဲ့ ထင်မယ်ဆိုရင် ထင်စရာ ပေါ့၊ နို့ပေမယ့် ကျုပ်တို့မျက်စိက ဒီလိုကြည့်တာမှ မဟုတ်ဘဲ၊ စားပွဲပေါ်မှာ တွေ့ရတဲ့ လက်ရေးနဲ့ ဦးသီလလက်မှတ်ဟာ အစစ်မှမဟုတ်ဘဲ၊ ဦးသီလ သေပြီးတဲ့နောက်မှ လူသတ်သမားက တင်ထားတာဖြစ်မှာပေါ့'

'ဘာဖြစ်လို့လဲ ခင်ဗျ'

'ခင်ဗျားဆရာ ဦးသီလဟာ စာမတတ်ဘူးဗျ၊ သူ့လက်မှတ်တောင် သူ့စက္ကတေရီက ကိုယ်စားထိုးပေးရတယ်'

'ဪ . . .'

ထိုအချိန်၌ အပြင်ဧည့်ခန်းတွင် ထိုင်နေသော အရပ်ဝတ်အရပ်စား နှင့် လူနှစ်ယောက်သည် ကိုတက်စိန်အနီးသို့ ချဉ်းကပ်လာကြ၏။ အရာရှိက ဆက်၍ . . .

http://www.cherrythitsar.org



'နို့ပေမယ့် မခင်သိန်းနိုင်ရဲ့ လက်ရေးနဲ့ ဦးသီလနာမည်ကို မခင်သိန်းနိုင်ကပဲ 'သီလ' ဆိုပြီး လက်မှတ်ထိုးပုံကို အတုခိုးပြီး ထားတာကတော့ တကယ် ချီးကျူးလောက်တယ်၊ ပြီးတော့ ကိုယ့်ကိုယ်ကို သတ်သေတဲ့ အကြောင်း ရေးထားခဲ့တဲ့စာကို သေတဲ့လူက သူ့အတွင်းရေးမှူးကို အရေးခိုင်းပါ့မလား၊ ဒီလို အတုခိုးပုံမျိုးကို သာမန်လူတစ်ယောက် မတတ်နိုင်ဘူး၊ တကယ် အလေ့အကျင့်ရှိတဲ့လူမှ . . .'

စကားမဆုံးမီ ကိုတက်စိန်သည် နောက်သို့ ခြေတစ်လှမ်း ဆုတ်မည်ပြုလိုက်၏။ သို့သော် ရဲအရာရှိက မျက်စိတစ်ဖက် မှိတ်ပြလိုက်သောကြောင့် အရပ်ဝတ် အရပ်စားနှင့် ရဲကြပ်သည် ကိုတက်စိန်အား ကျင်လည်စွာ လက်ထိပ်ခတ်လိုက်လေသည်။

ရဲအရာရှိက . . .

'ခင်ဗျား အင်းစိန်ထောင်က လွတ်လာတာ မကြာသေးဘူး မဟုတ်လား'

ကိုတက်စိန်မှာ ငြင်းဆန်ရန် နည်းလမ်းမရှိသဖြင့် ဆိတ်ဆိတ်နေလိုက်၏။ အရာရှိက ဆက်လက်၍ . . .

'ခင်ဗျားရာဇဝင်ကို အင်းစိန်ထောင်က ယူလာတာ အခုမနက် ၉ နာရီမှာပဲ ကျုပ်ရတယ် . . .၊ ခင်ဗျားကျတာ ချက်လက်မှတ် လိမ်မှုမဟုတ်လား'

'ဟုတ်ပါတယ်'

'လက်မှတ်တု ထိုးတဲ့နေရာမှာ ခင်ဗျားက တော်လွန်းလို့ ခင်ဗျားကို ဝိဇ္ဇာစိန်လို့တောင် ထောင်သားတွေက နာမည်ပေးထားတယ်ဆို မဟုတ်လား'

'ဟုတ်ပါတယ် နို့ပေမယ့် ဒီအမှုမှာ ကျွန်တော် . . .'

'အေးလေ ရှင်းစရာရှိရင် ရုံးကျတော့ ရှင်းပေါ့၊ ဟေ့ မောင်တင်ဖေ တရားခံကို ကားနဲ့ ဌာနခေါ်သွားတော့ဟေ့၊ ငါ နောက်မှ လိုက်ခဲ့မယ် . . . ကဲ ဝိဇ္ဇာကြီး ကျောက်တံတားဌာန ကြွပေတော့ . . .'

**၁၉၆၂ ခုနှစ်**
**သွေးသောက်မဂ္ဂဇင်း**

http://www.cherrythitsar.org

# ကုလားမခြေထောက်

စာရေးဆရာများထံသို့ စာအမျိုးမျိုး ရောက်လာတတ်ခြင်းမှာ အဆန်းမဟုတ်ချေ။ ကျွန်ုပ်၏ ဖိုင်တွဲတွင် ထိုကဲ့သို့ အရပ်ရပ်မှ ပေးပို့သော စာများမှာ အတော်များပြားစွာ ရှိနေခဲ့သည်။

ငယ်ရွယ်သူ မိန်းကလေး ယောကျ်ားကလေးများထံမှ အကြံဉာဏ် တောင်းသည့် စာများ၊ ကျွန်ုပ် ရေးသော ဝတ္ထုကို ဝေဖန်သည့်စာများ၊ ချီး ကျူးသည့်စာများ၊ သူတို့ကိုယ်တိုင် ဖြစ်ပျက်တွေ့ကြုံခဲ့ရသည့် အကြောင်း များ၊ ထောင်မှ လွတ်လာသူများက ထောင်ထဲတွင် သူတို့ ကိုယ်တွေ့များကို ရေးသားပေးပို့သည့်စာများ၊ အစမပေါ်သေးသော လူသတ်မှုများ၊ လက္ခဏာ ကြည့်လိုသူများထံမှ စာများ၊ ဆရာကြီး အင်(မ)ကြာရီးနှင့် မိတ်ဆက်ပေးရန် တောင်းပန်သည့်စာများ စသည်ဖြင့် အမျိုးပေါင်းများစွာ ရှိလေသည်။ ယင်း ကဲ့သို့ အမျိုးမျိုးအဖုံဖုံ ပေးပို့ကြသည့် စာများထဲတွင် အချို့မှာ . . .

လျှို့ဝှက်ထားအပ်သည့် ကိစ္စများ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ထိခိုက်နာကျင်စေမည့်အကြောင်းရပ်များ ပါသဖြင့် မြို့ကြီးသားတို့၏ တာ ဝန်ကို နားလည်စောင့်ရှောက်ရမည့် ဝတ္တရားရှိသည့်အတိုင်း ကျွန်ုပ်က ရေး သားဖော်ထုတ်ခြင်းမပြုပေ။ သို့သော် အချို့မှာ ကျွန်ုပ်က စာဖြင့် ရေးသား

http://www.cherrythitsar.org



တောင်းဆိုသဖြင့်လည်းကောင်း၊ သူတို့ကိုယ်တိုင်က ဖေါ်ထုတ်စေလိုသဖြင့်လည်းကောင်း၊ အချို့မှာလည်း ကာယကံရှင်များမှာ မရှိတော့သည့်ပြင် သူတို့အကြောင်းကို ရေးသားခြင်းဖြင့် ထိခိုက်နာကျင်မည့် ဆွေမျိုးညာတိဟူ၍ မရှိတော့သဖြင့်လည်းကောင်း ကျွန်ုပ်က ရေးသားဖော်ပြရပါသည်။

အောက်တွင် ရေးသားအံ့သော ဆရာဝန်ဒေါက်တာမြသိန်းဆိုသူ ထံမှ စာမှာ အထက်ပါအချက်များထဲမှ တစ်ခုခုနှင့် ကိုက်ညီသည့်ပြင် စာဖတ်သူများအတွက်လည်း အဆန်းတကျယ် ဗဟုသုတလေးတစ်ခုရစေရန် ရည်ရွယ်ချက်ဖြင့် ကျွန်ုပ် ရေးသားအပ်ပါသည်။

လွန်ခဲ့သော လအနည်းငယ်ခန့်က ကျွန်ုပ်သည် အလုပ်စားပွဲ၌ အလုပ်လုပ်လျက်ရှိစဉ် စာပို့စာရေးဌာနမှ ရုံးလုလင်တစ်ယောက်လာ၍ ကျွန်ုပ်အမည်နှင့် စာတစ်စောင် အထုပ်တစ်ထုပ်ကို ပေးအပ်သဖြင့် လက်မှတ်ထိုး၍ ယူလိုက်ရ၏။ စာမှာ ကျွန်ုပ် တစ်ကြိမ်မှ မမြင်ဖူးသော လက်ရေးဖြင့် ဘာသာပြန်စာပေအသင်းမှ တစ်ဆင့် ကျွန်ုပ် ကလောင်အမည်ကို လိပ်တပ်ထား၏။ အထုပ်မှာ စက္ကူရွက်များဖြစ်ဟန်တူ၍ ရေဂျစ္စတြီပြုလုပ်ထား၏။ ရှေးဦးစွာ စာကို ကျွန်ုပ် ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရ၏။

*မေမြို့ဝတီမြို့*

*သို့ . . .*

*ဆရာကြီးဒဂုန်ရွှေမျှား*

*ဘာသာပြန်စာပေအသင်း*

*၁၆၁၊ ပြည်လမ်း ရန်ကုန်*

*မိတ်ဆွေကြီး ဒဂုန်ရွှေမျှားခင်ဗျား . . .*

*ကျွန်တော်သည် မိတ်ဆွေကြီးရေးသော ဝတ္ထုများကို ရှမဝ၊ သွေးသောက်၊ မြဝတီ စသော မဂ္ဂဇင်းများကို တွေ့မြင်ဖတ်ရှုရသဖြင့် လူတို့၏ ပင်ကိုဉာဏ်ကို ရှင့်သန်စေသော စုံထောက်ဝတ္ထုများ တွေးတောအံ့သြဖွယ်ရာ ဝတ္ထုများကို ဖတ်ရန် နှဂိုဝါသနာပါသည့်အတိုင်း များစွာ နှစ်ခြိုက်သဘောကျမိပါသည်။ အချို့က စုံထောက်ဝတ္ထုနှင့် အရှုပ်အထွေးပါ သော* ***(Mystery)*** *ဝတ္ထုများမှာ မဖြစ်နိုင်သော အကြောင်းများကို ရေးထား၍ အစဉ်အမြဲ ဖြစ်ပျက်တတ်သော လူ့သဘာဝနှင့် ဆန့်ကျင်သည်ဟုဆိုပါသည်။ သို့သော် ကျွန်တော်၏ အယူမှာ ဆန်းပြားစွာ ဖြစ်ပျက်တတ်ခြင်းသည်လည်း လူ၏ သဘာဝပင်ဖြစ်သည်ဟု ဆိုလိုပါသည်။ သို့သော် မည်သို့ပင်ဖြစ်စေ၊ မည်သူပင် မကြိုက်စေကာ ကျွန်တော်မှာ ရှုပ်ထွေးသော ဝတ္ထု*

*မျိုးနှင့် ဖုံထောက်ခန်းပါသည့် ဝတ္ထုမျိုးကိုမှ ကြိုက်နှစ်သက်သူဖြစ်ရာ ဆရာကြီး၏ အရေးအသားနှင့် ကျွန်တော့်ဆန္ဒ ကိုက်ညီသဖြင့် ဆရာကြီးနှင့် လူချင်းပင် မတွေ့ဖူးသော်လည်း ဆရာကြီးအား ကြည်ညိုမိပါသည်။*

*ဤသို့ဖြင့် ဆရာကြီးထံ မိတ်ဆက်စာရေးမည်ဟု စိတ်ကူးမိသည်မှာ အတော်ပင်ကြာပြီဖြစ်သော်လည်း မရေးဖြစ်ဘဲ ယခု ကျွန်တော်ကိုယ်တိုင် အဖြစ်အပျက်ကလေးတစ်ခုနှင့် တွေ့ကြုံရသောအခါမှ ရေးဖြစ်ပါတော့သည်။ ကိုယ်တိုင်တွေ့ကြုံသည်ဆိုသော်လည်း ကျွန်တော်မှာ သက်သေတစ်ယောက်မျှသာဖြစ်ပါသည်။ အဖြစ်အပျက် ကလေးမှာ ၁၉၅၀ ခုနှစ်တွင် ဖြစ်ပျက်ခဲ့သော်လည်း ရေးသားရန် အချက်အလက်အသစ်များမှာ ယခုမှ ပေါ်ပေါက်လာသဖြင့် ယခုမှ ရေးသားပေးပို့လိုက်ရပါသည်။*

*ကျွန်တော်မှာ သာမန် ဆရာဝန်ကလေးတစ်ယောက်မျှသာဖြစ်၍ စာပေအရေးအသားတွင် အဆီအငေါ် ဘည့်မည်မဟုတ်ပါ။ သို့သော် . . . အကြောင်းခြင်းရာ* ***(Facts)*** *များမှာမူ အတိအကျ မှန်ကန်ပါသည်။ သို့ဖြစ်၍ ကျွန်တော်၏ 'စာမူ' ကို ဆရာကြီး၏ 'လေသံ' ဖြင့် ပြင်၍ ရေးသားလျှင် စိတ်ဝင်စားဖွယ် ဝတ္ထုတစ်ပုဒ် ရရှိလိမ့်မည်ဟု မျှော်လင့်သည့်အတိုင်း ပေးပို့လိုက်ခြင်းဖြစ်ရာ မဂ္ဂဇင်းတစ်စောင်စောင်တွင် ဝတ္ထုအနေဖြင့် ဖတ်ရှုရပါ လျှင် ကျွန်တော် ကျေနပ်ပါပြီ။*

*ကျွန်တော်*

*(ပုံ)*
*မြသိမ်း*
*ဆရာဝန်*
*ဓေယျဝတီဆေးတိုက်*
*ဓေယျဝတီ*

**ကျွန်ုပ်သည် ဆရာဝန် ကိုမြသိမ်း၏ ဆန္ဒအတိုင်း သူ၏ စာမူမှ ဖြစ်ပျက်ခဲ့သည့် အခြင်းအရာမှန်များကို ကောက်ယူပြီးလျှင် ပင်ကိုသဘော အနေအထား မချွတ်ယွင်းစေဘဲ အောက်တွင် ရေးသားပါအံ့။**

*****

http://www.cherrythitsar.org



ဖေယျဝတီမြို့သည် တောင်ငူခရိုင်အတွင်းရှိ ဖြူးမြို့၏ မြောက် ဘက် ၇ မိုင်ကွာခန့်တွင်ရှိ၍ လယ်များနှင့် ကြံခင်းကြီးများ ပတ်လည်ဝိုင်း လျက် ရှိပြီးလျှင် စစ်မဖြစ်မီက ကုလားများ အတော်ပင် ကြီးစိုးခဲ့သော ရွာ ကြီးတစ်ရွာဖြစ်လေသည်။ လယ်မြေနှင့် ကြံခင်းဧကပေါင်းများစွာ ပိုင်သော ကုလားသူဌေး (ရွာသားများအခေါ် ကုလားမင်းသား) ကိုယ်တိုင် နန်းတော် တမျှ ကြီးကျယ်ခမ်းနားသော အဆောက်အအုံတစ်ခုကို တည်ဆောက်ကာ နေထိုင်ခဲ့၏။ သို့ဖြစ်၍ ရွာကြီးမှာ မြန်မာများထက် ကုလားလူဦးရေက များ ပြီးလျှင် ထိုဒေသတစ်ဝိုက်တွင် ဖေယျဝတီရွာကို 'ကုလားရွာ' ဟုပင် အသိ အမှတ် ပြုခဲ့ကြလေသည်။

ကျွန်တော်သည် တောင်ငူသား ဇာတိဖြစ်၍ ဆရာဝန်စာမေးပွဲကို အောင်မြင်ပြီးသည့်နောက် လွတ်လပ်အေးချမ်းစွာ နေထိုင်လိုသည့်အတိုင်း အစိုးရခန့်ထားသော အလုပ်များကို အကြောင်းအမျိုးမျိုးပြ၍ ငြင်းခဲ့ပြီးလျှင် နောက်ဆုံး၌ ဆေးဆိုင်တစ်ဆိုင်ဖွင့်ရန် စိတ်ကူးခဲ့၏။ သို့နှင့် ဈေးလမ်းတွင် တိုက်ခန်းတစ်ခုငှား၍ ဆေးဆိုင်ဖွင့်ခဲ့ရာ ကျွန်တော်၏ဆေးဆိုင်မှာ အထည် အဝါကြီးသလောက် လူနာများ အရောက်နည်းခဲ့၏။ ဤသို့ နည်းပါးခြင်း မှာ အချက် ၂ ချက်ရှိသည်ဟု ကျွန်တော်ထင်မိ၏။ ပထမအချက်မှာ ကျွန် တော့်ထက် ဘွဲ့ထူးဂုဏ်ထူးရှိသူ ကုလားဆရာဝန်များသည် ကျွန်တော့် အရင် ၁၁ နှစ်ခန့်ကပင် တောင်ငူမြို့တွင် အခြေစိုက်ကာ ရှိနေကြသဖြင့် သူတို့၏ ဖောက်သည်များကို ကျွန်တော် မတိုးနိုင်ချေ။ ဒုတိယအချက်မှာ 'ရွာနွားကို ရွာသားမကြိုက်' ဟု ဆိုလျှင် စာဖတ်သူများ သိလောက်ပေပြီ။

သို့ဖြစ်၍ . . . ကျွန်တော်လည်း 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဟူသော စကားအတိုင်း လူနေအိမ်ခြေနည်းပါးသော ဖေယျဝတီမြို့သို့ ရွှေ့ ပြောင်းကာ ဖေယျဝတီဆေးတိုက်ဟူသော အမည်ဖြင့် ဆေးဆိုင်ဖွင့်လှစ်ခဲ့ ၏။ ထိုရွာ၌မူ ထိုအခါက အစိုးရလက်မှတ်ရ ဆရာဝန်မရှိသေးသဖြင့် တစ် ကြောင်း၊ တောင်ငူမြို့မှ လာသည်ဆိုသောကြောင့် အထင်အမြင်ကြီးကြသ ဖြင့် တစ်ကြောင်း တစ်နှစ်အတွင်း၌ပင် အတော်အတန် ဟန်ဟန်ပန်ပန် ရှိ ခဲ့လေသည်။ ထို့ပြင် ကျွန်တော်မှာ ဟိန္ဒူစတန်နီစကားကို ရေလည်စွာ ပြော တတ်သဖြင့်လည်း ကုလားဖောက်သည်များ၏ ယုံကြည်လေးစားမှုကို ခံခဲ့ ရသည် . . .။

၃ နှစ်မျှ ကြာသောအခါ ကျွန်တော်၏ဆေးဆိုင်ကို နောက်တစ် ခန်းမျှ ထပ်မံတိုးချဲ့နိုင်ပြီးလျှင် လက်ထောက်တစ်ယောက်အပြင် ဆရာမ တစ်ယောက်ကိုလည်း ငှားရမ်းနိုင်ခဲ့လေသည်။

http://www.cherrythitsar.org



အလုပ်အကိုင် ဖွံ့ဖြိုးလာသလောက် ကျွန်တော်၏ ဂုဏ်သတင်းနှင့် ကျော်စောကိတ္တိလည်း ကြီးမားရှုလာခဲ့သည်။ ထိုအခါက မြို့ပေါ်တွင် ကုလားသူဌေးများ၊ စပါးအရောင်းအဝယ် ပြုလုပ်နေသည့် တရုတ်ကုန်သည်ကြီးများ၊ မြန်မာမြေပိုင်ရှင်များ၊ ရှာနီးချုပ်စပ်မှ တောသူကြီးများရှိရာ သူတို့အားလုံးပင် ကျွန်တော့်အား လေးစားချစ်ခင်ကြသည် . . .။ ကျွန်တော့်မှာ ရွာတွင် တစ်ဦးတည်းသော ဆရာဝန်တစ်ယောက်ဖြစ်သည့်အတိုင်း ထစ်ခနဲဆိုက ကျွန်တော့်ထံသို့ ပြေးလာကြသည်။ ဤသို့ဖြင့် ကျွန်တော်၏ဆေးတိုက်မှာ တစ်နေ့တခြား နာမည်ရပြီးလျှင် ကျွန်တော်၏ အလုပ်အကိုင်မှာ ကြီးပွားတိုးတက်၍ လာခဲ့သည်။

ကျွန်တော့်မှာ ငယ်စဉ်ကပင် 'ဘောလုံး' ဝါသနာအိုးတစ်ယောက်ဖြစ်သည့်အတိုင်း ဖေယျာဝတီအသင်းက ဖြူးမြို့သို့ သွားရောက်ကန်သည့်အခါ၌လည်းကောင်း၊ ဖြူးနှင့် ပူးပေါင်းကာ ညွန့်ပေါင်းအသင်းအဖြစ်ဖြင့် တောင်ငူသို့လည်းကောင်း၊ ပျဉ်းမနားသို့လည်းကောင်း သွားရောက်ယှဉ်ပြိုင်ကန်ရသောအခါများ၌လည်းကောင်း ကျွန်တော့်မှာ နာယကလူကြီးအဖြစ် ဖြင့် လူငယ်များကို စောင့်ရှောက်သွားရ၏။ အသင်းတည်ထောင်ရာ၌လည်း ငွေပင်ငွေရင်းကို ကျွန်တော်ကပင် ကမကထပြုကာ စိုက်ထုတ်ရ၏။ ငွေကြေးကောက်ခံသောအခါလည်း ကျွန်တော်ကပင် ခေါင်းဆောင်ရ၏။ ဤသို့ဖြင့် ကျွန်တော်၏နာမည်မှာ ဆေးပညာ လောက၌သာမက လူရွယ်လူလတ်တို့၏ 'ဘောသမားလောက၌လည်း ထင်ရှားခဲ့သည်။ ဒေါက်တာမြသိမ်း' ဟု ဆိုလျှင် တောင်ငူနှင့်ပျဉ်းမနားမှ ဘောသမားကြီးများပင် သိသည်။

ဖေယျာဝတီမှာ ရွာတစ်ရွာမျှပင်ဖြစ်သော်လည်း ကံကောင်းထောက်မသဖြင့် နာမည်ကျော်ဘောသမား ၂ ယောက်ရှိခဲ့သည်။ တစ်ယောက်မှာ မောင်ဘကျော်ဖြစ်၍ ၂ ယောက်တန်းတွင် လက်ဝဲဘက်မှ ကစားသူဖြစ်သည်။ 'ဒီစတြိတ် ပလေယာ' (District Player) တစ်ယောက်ဖြစ်၍ ဖေယျာဝတီ ၌သာမက ဖြူး၊ ကညွတ်ကွင်း၊ တောင်ငူမြို့များ၌ပင် မောင်ဘကျော်၏ နာမည်ကို မသိသူ ရှားပါးလှသည်။ အထူးသဖြင့် လက်ဝဲဘက် ခြေအလွန်ပြင်းသူတစ်ယောက်ဖြစ်၍ 'မထိလျှင်နေရော့၊ ထိလျှင် မသက်သာဘူး' ဆိုဘိသကဲ့သို့ ရှိသည်။ ချက်ကောင်းတစ်ချက် 'မိ' လိုက်လျှင် 'ဘကျော်ကွ' ဟု ပရိသတ်က ညာသံပေးလိုက်သည်နှင့်တစ်ပြိုင်နက် ဘောလုံးမှာ 'စင်တာ' (ဗဟိုမျဉ်းကြောင်း) ကို ကျော်၍ သွားချေပြီ။

အခြား ဘောသမားတစ်ယောက်ကား မောင်လှရွှေဖြစ်၏။ ငါးယောက်တန်းတွင် 'အလယ်လူ' ဖြစ်၏။ မြန်၏။ သွက်လက်၏။ ရဲရင့်၏။

http://www.cherrythitsar.org



ဖြတ်ထိုးညဏ်ကောင်း၏။ ပျဉ်းမနား ပုလိပ်သင်းနှင့် တစ်ကြိမ်ကစားစဉ် က ဘကျော် ကန်ထုတ်လိုက်၍ ဗဟိုမျဉ်းကြောင်းအနီးသို့ ရောက်သွားသော ဘောလုံးကို မောင်လှရွှေက ယူသွားပြီးနောက် ဂိုးထဲသို့ တစ်ခါတည်း ပစ်သွင်းလိုက်သည်။ သို့ဖြစ်၍ ရှေ့တန်း၌ လှရွှေပါပြီးလျှင် ၂ ယောက်တန်း၌ ဘကျော်ရှိက တစ်ဘက်သို့ မနိုင်နိုင်စေကာမူ အနည်းဆုံး သရေပွဲမျှ ဖြစ်နိုင်သည်ဟု ပရိသတ်က အားထားကြသည်။

အောက်တွင် ဆက်လက်ရေးသားအံ့သော အကြောင်းများကား သူတို့ ၂ ယောက်မှ အစပြုလေသည်။

ဇေယျဝတီမြို့၏ အနောက်တောင်ဘက် ၁ မိုင်ကွာလောက်တွင် ချောင်းကလေးတစ်ချောင်းရှိရာ ချောင်းကမ်းပါးပေါ်၌ 'သပြေတန်း' ခေါ် ရွာကလေးတစ်ရွာ ရှိ၏။

ထိုရွာ၌ အတော်အတန် လှပသော မိန်းမပျိုတစ်ယောက် နေထိုင်လေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်က ဇေယျဝတီ ကုလားမင်းသား၏ အိမ်တော်သို့ ပါရှန်လူမျိုး စိန်ကျောက်ကုန်သည်တစ်ဦး လာရောက်တည်းခိုဖူးရာ တစ်နှစ်ခန့်မျှ နေထိုင်သွားသဖြင့် သပြေတန်းရွာမှ မိန်းမတစ်ယောက်နှင့် တိတ်တိတ်ပုန်း ရည်ငံခဲ့လေသည်။ သို့သော် စိန်ကုန်သည်မှာ အပျော်အပါးထားခြင်းမျှသာ ဖြစ်သဖြင့်၊ ပြန်ခါနီးတွင် ငွေနှင့် ကျောက်သံပတ္တမြားအချို့ကို ထိုမိန်းမအား ပေးလျော်ခဲ့ပြီးနောက် အိန္ဒိယသို့ ပြန်သွားလေ၏။

သို့သော် မိန်းမ၌မူ ကိုယ်ဝန်အရင့်အမာနှင့် ကျန်ရစ်ခဲ့လေသည်။ စိန်ကုန်သည် ပြန်သွားပြီးနောက် ၅ လကျော် ၆ လခန့် ရှိသောအခါ မိန်းကလေးတစ်ယောက် ဖွားမြင်လေသည်။ ၃ လသမီးအရွယ်သို့ ရောက်သောအခါ 'မနန်းခင်' ဟူသော အမည်ကို ပေးလေသည်။ မနန်းခင်သည် အရွယ်ရောက်၍ ကြီးပြင်းလာသောအခါ ကျေးတောသူဟုဆိုလောက်သော ရုပ်ရည်အလျဉ်းမရှိဘဲ ကြော့ရှင်းပြေပြစ်၍ ယဉ်ကျေးလှပသော အမူအရာမှာ မြို့ကြီးသူများ မသာအောင်ပင် ရှိခဲ့လေသည်။ နှာတံနှင့် မျက်လုံးမှာ ပါရစီလူမျိုးဖြစ်သော ဖခင်ဘက်မှလည်းကောင်း၊ ဝါဝင်းသော အသားအရေနှင့် နွဲ့နှောင်းသော ကိုယ်အမူအရာမှာ ရှမ်းမြန်မာအစပ်ဖြစ်သော မိခင်ဘက်မှလည်းကောင်း မနန်းခင် အမွေရခဲ့၏။ မနန်းခင် ၁၅ နှစ်အရွယ်သို့ ရောက်သောအခါ မိခင်ကြီးမှာ တစ်ယောက်တည်းသော သမီးကလေးကို ထားရစ်ကာ ကွယ်လွန်သွားရှာသည်။ ဤသို့ဖြင့် မနန်းခင်မှာ အဘိုးဖြစ်သူလက်တွင် ကြီးပြင်းလာခဲ့ရသည်။

http://www.cherrythitsar.org



အသက် ၁၈ နှစ်သို့ရောက်သောအခါ မနန်းခင်မှာ အရပ်ရှည်ရှည်နှင့် ထောင်ထောင်မောင်းမောင်းရှိနေလျက် ကိုယ်လုံးကိုယ်ပေါက်မှာ ဖခင် ၏ ထွားကျိုင်းခြင်းဘက်သို့ နွယ်လျက်ရှိ၏။

မည်သို့ပင်ဖြစ်စေ သပြေတန်းရွာ၌ 'မိန်းမချော' တစ်ယောက်ရှိသည်ဆိုသော သတင်းမှာမူ ရွာနီးချုပ်စပ်သာမက ဇေယျဝတီမြို့ ဖြူးမြို့ သို့ပါ ပျံ့နှံ့ခဲ့လေသည်။ ထိုအခါ ယင်ကောင်များသည် အညှီအဟောက်နံ့ ရှိသောနေရာသို့ ဝိုင်းအုံလာကြကုန်၏။ စပါးပွဲစားများ၊ တရုတ်ဒိုင်မှ သူဌေးများ၊ ဘာဘူ ကုလားပိုက်ဆံဝါလားများတို့သည် သပြေတန်းရွာသို့ အကြောင်းအမျိုးမျိုးပြ၍ လာရောက်ကာ မနန်းခင်နှင့် မိတ်ဖွဲ့ရန် ကြိုးစားကြကုန်၏။ လက်ဆောင်ပဏ္ဏာများ ပို့ဆက်ကြ၏။ အောင်သွယ် ဒလန်များ ရှာကာ မနန်းခင်၏အချစ်ကို ဆွတ်ခူးရန် လက်ကမ်းကြကုန်၏။ သို့သော် မနန်းခင်ကား ထိုသူများကို လက်မခံဘဲ အထိုက်အလိုက်ပြော၍သာ လွှတ်လိုက်လေသည်။

ယင်းကဲ့သို့ ပိုးပန်းကြသူများအနက် ဇေယျဝတီမှ နာမည်ကျော်ဘောသမား ဘကျော်နှင့် လှရွှေတို့လည်း ပါဝင်ရာ၊ သူတို့နှစ်ယောက်ကိုမူ အတော်အသင့် မနန်းခင်က လက်ခံလေသည် . . .။ သို့ဖြင့် မောင်ဘကျော်နှင့် မောင်လှရွှေတို့မှာ နောက်ဆုံး မနန်းခင်၏ အိမ်သို့ပင် ဝင်ထွက်နိုင် သောအခွင့်အရေး ရရှိခဲ့လေသည်။ မနန်းခင်သည် ရုပ်ချောသော မောင်ဘ ကျော်ကို မျက်နှာသာပေး၏။ သတ္တိကောင်း၍ ရုပ်ရုပ်ချုံချုံလုပ်တတ်သော မောင်လှရွှေကိုလည်း မေတ္တာထား၏။ ဤသို့ဖြင့် မောင်ဘကျော်သည် မောင်လှရွှေ မလာတတ်သည့်အခါမျိုး၌ မနန်းခင်ထံ လာရောက်လျက် စကားစမြည်များ ပြောလျက်ရှိရာ မောင်လှရွှေကလည်း မောင်ဘကျော်ကို အထူးရှောင်ရှားလေသည်။ မနန်းခင်ကိုယ်တိုင်ပင် မည်သူ့အား လက်ခံရမည်ကို မဆုံးဖြတ်နိုင်ဟန် ရှိခဲ့သည်။ မောင်ဘကျော်ကိုကြည့်လိုက်လျှင် အသားလတ်လတ် အရပ်ထောင်ထောင်မောင်းမောင်း ရှိ၍ မျက်နှာသွယ်ပြီးလျှင် ကြည့်လိုက်တိုင်း ခပ်ပြုံးပြုံးနှင့် တွေ့ရသည်။ တစ်ဖက်က ကြည့်လျှင်လည်း မောင်လှရွှေမှာ မျက်နှာထား တည်တည်နှင့် ယုံကြည်အားကိုးလောက်သည်ဟု ထင်ရသော အမူအရာရှိသည်။

သူတို့နှစ်ယောက် အနက်၊ မနန်းခင်သည် မည်သူ့အား သူ၏အချစ်ကို ပုံ၍အပ်ရမည်နည်း။

သို့ရှိစဉ် တစ်နေ့၌ ဝမ်းနည်းကြေကွဲဖွယ်သော အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့၏။

http://www.cherrythitsar.org



တစ်နေ့သ၌ တောင်ငူညွန့်ပေါင်းအသင်းနှင့် ပျဉ်းမနား ညွန့်ပေါင်းအသင်းတို့သည် တောင်ငူမြို့၌ တွေ့ဆုံကစားကြရာ၊ ဇေယျာဝတီမှ ဘကျော်နှင့် လှရွှေတို့သာ ပါရှိ၏။ ထိုနေ့က ကျွန်တော့်မှာ အရေးကြီးသော ကိစ္စတစ်ခုရှိသဖြင့် တောင်ငူသို့ သူတို့နှင့်အတူ မလိုက်နိုင်ဘဲရှိရာ၊ ပွဲကောင်းတစ်ခု လွတ်၍ သွားချေပြီဟု ဝမ်းနည်းမိ၏။ ကိစ္စချိန်းထားသူကိုပင် စိတ်ဆိုးမိ၏။

သို့သော် ည ၈ နာရီလောက်တွင် တောင်ငူမှ ကားတစ်စီးရောက်လာ၍ ဘကျော်မှာ မီးရထားအရှိန် မသတ်မီ မီးရထားပေါ်မှ ခုန်ဆင်းလိုက်ရာ၊ တွဲကြားထဲသို့ ချော်ကျသွားသဖြင့် လက်ဝဲဘက်ခြေသလုံးကို ကြိတ်သွားကြောင်း၊ ဆေးရုံသို့ ပို့လိုက်ရကြောင်း၊ ဒဏ်ရာမှာ အတော်ကြီးကြောင်းဖြင့် လူကြုံလွှတ်၍ အကြောင်းကြားလာ၏။ သို့နှင့် ကျွန်တော်လည်း သူ၏ အစ်ကိုနှင့်အတူ ထိုကားနှင့်ပင် တောင်ငူမြို့သို့ လိုက်သွားရာ တောင်ငူဆေးရုံကြီးသို့ ရောက်သောအခါ ၁၁ နာရီပင် ထိုးပြီးလေပြီ။

ကျွန်တော်သည် ဆရာဝန်ကြီးနှင့် ချက်ခြင်း သွားရောက်တွေ့ဆုံပြီးလျှင် မောင်ဘကျော် အခန်းသို့ သွား၍ကြည့်၏။ မောင်ဘကျော်သည် ကျွန်တော့်ကိုမြင်လျှင် မြင်ချင်း

'ဒေါက်တာ ကျွန်တော်တော့ လူဖြစ်ရှုံးဖြစ်ပါပြီ ခင်ဗျာ . . .။ ကျွန်တော့်ကို အဆိပ်သာပေးပါ . . . ကုမနေကြပါနဲ့တော့ . . . ဆရာဝန်ကြီးပြောပေးပါ ဒေါက်တာ'

ဟု မျက်ရည်စက်လက်နှင့် ပြောရှာ၏။ ကျွန်တော့်မှာ အဖေအမေ သေဖူး၏။ ၇ နှစ်သမီးကလေးတစ်ယောက်လည်း ဆုံးဖူး၏။ သို့သော် စိတ်ကို ဖြေ၍ မျက်ရည်မကျခဲ့ပါ။ ယခု မောင်ဘကျော်ပြောသံကို ကြားလိုက်ရသောအခါ ကျွန်တော်၏ ရင်ထဲတွင် အလုံးတစ်လုံးသည် ရင်ဝသို့ တက်၍ ဆို့လိုက်ဘိသကဲ့သို့ ရှိ၏။ မျက်ရည်များ တဖြိုင်ဖြိုင် ကျလာ၏။ သို့သော် ကျွန်တော်လည်း တတ်နိုင်သမျှ ကြိုးစား၍ အားပေးရ၏။

ဒဏ်ရာမှာ လက်ဝဲဘက် ခြေသလုံး ကြေမွသွားသည့်ပြင် ဒူးဆစ်အတွင်းမှ ချဉ်ဆီတိုင်ကိုပါ လက်မလေးပုံတစ်ပုံခန့် ထိခိုက်လျက်ရှိသဖြင့် ပြင်းထန်လှ၏။ ဆရာဝန်ကြီးကမူ ဒူးအထက် လက်လေးသစ်ခန့်မှ ဖြတ်ပစ်မှသာ အသက်ချမ်းသာရာရမည့် အကြောင်း ပြောပြ၏။ ကျွန်တော်လည်း ဆရာဝန်ကြီးကဲ့သို့ပင် သဘောရရှိ၏။ သို့ဖြစ်၍ မောင်ဘကျော်၏ အစ်ကိုနှင့် တိုင်ပင်ကာ ဆရာဝန်ကြီးအား သူ့သဘောအတိုင်း ပြုလုပ်ရန် နောက်ဆုံးလွှဲအပ်လိုက်ကြရတော့၏။

http://www.cherrythitsar.org



နောက်တစ်နေ့၌ပင် မောင်ဘကျော်၏ လက်ဝဲဘက်ခြေကို ဒူး အထက်လက် ၄ သစ်ခန့်မှ ဖြတ်ပစ်ရလေရာ တောင်ငူဆေးရုံတွင် ၅ လ ကျော်ကျော်မျှ ကုရပြီးလျှင် အကုကောင်းသဖြင့်သာ အသက်မှ ချမ်းသာရာ ရခဲ့လေသည်။

*

မောင်ဘကျော် ဆေးရုံမှ ဆင်းလာသောအခါ ချိုင်းထောက်နှင့် လမ်းလျှောက်ရရှာ၏။ နာမည်ရဘောသမားတစ်ယောက်ကား ယခုအခါ လူ ချင်းမတူသော ဒုက္ခိတ တစ်ယောက်အဖြစ်သို့ ရောက်ရရှာလေပြီ။ မောင် ဘကျော်၏မျက်နှာမှာ ယခင်က သနားကမားရှိနေသည့်အပေါ်တွင် ယခု သော် ကရုဏာသက်ဖွယ် အရိပ်အရောင်များက ပို၍ လာတော့၏။ မနန်းခင် နှင့် ယခင်က ဆက်သွယ်လာခဲ့သော အချစ်ဇာတ်လမ်းကိုလည်း တစခန်း ပြန်၍ ဖွင့်သည်ဟု ကြားရပြန်၏။ ဤသို့ဖြင့် မောင်ဘကျော်သည် ချိုင်း ထောက်နှင့်ပင် မနန်းခင်ရှိရာ သပြေတန်း ရွာကလေးသို့ သွားရောက်ကာ မနန်းခင်အိမ်သို့ ရှေးကအတိုင်း ဝင်ထွက်လျက်ရှိခဲ့လေသည်။

မောင်လှရွှေဘက်မှ ကြည့်မည် ဆိုကလည်း အရေးသာရန် အကြောင်းရှိ၏။ အဘယ်ကြောင့်ဆိုသော် မောင်ဘကျော် ဆေးရုံသို့ တက် နေခိုက်၌ မောင်လှရွှေမှာ လေးငါးခြောက်လခန့် မနန်းခင်အိမ်သို့ လွတ်လပ် စွာ ဝင်ထွက်ခွင့်ရခဲ့၏။ ထို့ပြင် မနန်းခင်သည် 'ချိုင်းထောက်နှင့် ခြေကျိုး ကြီး' ကို လက်ထပ်နိုင်ပါမည်လော။ အချစ်တွင် ပြိုင်ဖက်ဖြစ်သော သူနှစ် ယောက်တို့သည် ရှေ့ကို မည်ကဲ့သို့ စခန်းသွားကြဦးမည်နည်း။

အချိန်ကြာမြင့်၍လာလေ အချစ်၏ဒဏ်သည် ပြင်းထန်၍ လာလေ ဖြစ်ဟန်တူ၏။ ယခင်က အလွန်ချစ်ခင်ခဲ့သော သူငယ်ချင်းနှစ်ယောက်တို့ သည် ယခုအခါ လမ်း၌တွေ့သော်လည်း မခေါ်ဘဲ တစ်ယောက်ကို တစ် ယောက် ရှောင်ကွင်းကြ၏။ မောင်ဘကျော်မှာ ချိုင်းထောက်ကြီးနှင့်ပင် မနန်း ခင်အား ပိုးပန်းလျက်ရှိနေရာ တစ်ဘက်မှ မောင်လှရွှေကလည်း အလျှော့မ ပေးချေ။ သို့ဖြစ်၍ စင်ပြိုင်ပိုးပန်းလျက်ရှိသော သူငယ်ချင်းနှစ်ယောက်တို့ သည် အဆိုးရွားဆုံးသော ရန်သူအဖြစ်သို့ပင် ရောက်ရှိနေကြပြီလော။ ကျွန် တော်လည်း သူတို့နှစ်ယောက်အတွက် တွေးမိတိုင်း ရင်လေးမိ၏။

*

http://www.cherrythitsar.org



ဤသို့ဖြင့် အချိန်အတော်အတန်ကုန်ခဲ့ရာ တစ်နေ့တွင် အလွန်ကြောက်မက်ဖွယ်ကောင်းသော သတင်းဆိုးကြီးကို ကျွန်တော် ကြားရ၏။ ကြားရသောအချိန်မှာ နံနက်ခင်းဖြစ်၍ ကျွန်တော်သည် ထိုနေ့ နံနက်စာကိုပင် မစားနိုင်အောင် ရှိတော့သည်။ မောင်ဘကျော်နှင့် မောင်လှရွှေတို့သည် တစ်ယောက်ကိုတစ်ယောက် ရန်မူလိမ့်မည်ဟု ထင်လျက်ရှိရာမှ 'မနန်းခင်ဓားထိုးခံရ၍ သေရှာပြီ' ဟူသောသတင်းကို ထိုနေ့ နံနက်ခင်းတွင် ရုတ် တရက်ကြားလိုက်ရသောကြောင့်ပေတည်း။

မနန်းခင် နေသော အိမ်ကလေးမှာ သပြေတန်းရွာအစွန်နှင့် ၃ ဖာလုံခန့်ဝေးသောနေရာ ကြံခင်းတစ်ခုအလယ်၌ရှိ၍ အဘိုးဖြစ်သူနှင့် တစ်ယောက်တည်းနေထိုင်ခဲ့၏။ ထိုနေ့ည သန်းခေါင်အချိန်လောက်တွင် သူ့အဘိုးဖြစ်သူသည် မနန်းခင်အခန်းဆီမှ ခပ်အုပ်အုပ် အော်သံတစ်ခု ကြားလိုက်ရသည်ထင်မိ၏။ သို့သော် မည်သည့်အကြောင်းကြောင့် ဟူ၍မသိ၊ ပြန်၍ အိပ်ပျော်သွားသည်။ အိပ်ရာမှ ပြန်၍နိုးသောအခါ မိုးစင်စင်လင်း ၍ နေချေပြီ။ ယခင်ကမူ မြေးဖြစ်သူ မနန်းခင်သည် သူ့အိပ်ရာမှ မထမီပင် မျက်နှာသစ်ရေများ၊ သွားတိုက်ရန် ဆားမီးဖုတ်များ လင်ပန်းငယ်တွင် ထည့်ကာ အဘိုးဖြစ်သူထံ ပို့လာမြဲဖြစ်၏။ အဘိုးကြီးသည် မြေးဖြစ်သူ မရောက်လာသဖြင့် ခြေရင်းခန်းဘက်သို့ ကူးခဲ့ရာ နောက်ဖေးဘက်တံခါးမှာ ပွင့်နေလျက် မနန်းခင်သည် တံခါးအပြင်၌ ရင်ဝတွင် ဓားဒဏ်ရာများနှင့် သေဆုံးနေသည်ကို တွေ့ရ၏။ သွေးကွက်ကြီးတစ်ခုသည် အလောင်းအောက်၌ အိုင်ထွန်းလျက်ရှိ၏။ အဘိုးကြီးသည် ၁၀ အိမ်ခေါင်းအား အလောင်းကို စောင့်ရန် မှာထားခဲ့ပြီးသော် ဇေယျဝတီရွာသို့ လှည်းကို ကိုယ်တိုင်မောင်းသွားကာ ပုလိပ်အရာရှိများထံ တိုင်ကြားလာ၏။

ကျွန်တော်မှာ ရွာတွင် တစ်ဦးတည်းသော ဆရာဝန်ဖြစ်သည့်အတိုင်း ပုလိပ်အရာရှိများနှင့်အတူ လိုက်ပါသွားရ၏။ သပြေတန်းရွာသို့ ရောက်သော် ပုလိပ်အရာရှိများလည်း သေဆုံးသူ၏ဒဏ်ရာကို ကျွန်တော့် အား ကြည့်စေရာ မနန်းခင်၏ လက်ဝဲဘက်ရင်အုံမှ ဒဏ်ရာမှာ မောင်းချဓား သို့မဟုတ် ဓားမြှောင်ကဲ့သို့ ချွန်ထက်၍ ပြတ်သောလက်နက်ဖြင့် ထိုးထားဟန်ရှိသည်။ အနက် ၃½ လက်မ နက်၍ နှလုံးသားအတွင်းသို့ ၂½ လက်မခန့် စူးဝင်နေသည်ကိုတွေ့ရသည်။ ဒဏ်ရာ၏ အခြေအနေမှာ တစ်ချက်တည်းနှင့် ပွဲချင်း ပြီး သေနိုင်သည်။ 'ရစ်ဂါးမောတစ်' (Rigor Mortis) ခေါ် စမ်းသပ်မှု အပူအအေးပြဒါးချိန်ဖြင့် သေဆုံးသည့်အချိန်ကာလကို ပိုင်းခြားနိုင်မှု ကိစ္စများကို စမ်းသပ်စစ်ဆေးရာ မနန်းခင် သေဆုံးသည်မှာ ၆ နာရီထက် မနည်း

http://www.cherrythitsar.org



ကြာရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ ကျွန်တော်သည် အထက်ပါအကြောင်း များကို ဆေးစာတွင်ရေး၍ ပုလိပ်ဘက်သို့ အစီရင်ခံသည်။

ပုလိပ်နှင့် အရာရှိများသည် သေသူ၏ အနီးပတ်ဝန်းကျင်ကို ကြည့်ရှုစုံစမ်းရာ အလောင်းနှင့် ဝါးတစ်ရိုက်ခန့်အဝေး ချုံစပ်တွင် မောင်ချစား အရိုးဖြူတစ်ချောင်း အသွားလေးလက်မ တစ်မတ်ခန့်ကို တွေ့ရသည်။ ထိုဓားကြီးမှာ မောင်ဘကျော် အမြဲကိုင်ဆောင်နေသော ဓားဖြစ်ကြောင်း သက်သေများ ရရှိသည်။ ဓားသွားမှာလည်း အရင်းအထိ သွေးများစွန်းပေလျက်ရှိသည်။

မနန်းခင် သေဆုံးသော အိမ်တံခါးဝမှ ကြံပင်အုပ်စုများရှိသော နေရာအထိ သဲကုန်းကလေးဖြစ်သဖြင့် ခြေရာများထင်နေသည်ကို တွေ့ရ၏။ ခြေရာမှာ တစ်ဖက်သာ ဖိနပ်ရာဖြစ်၍ ကျန်တစ်ဖက်မှာ တုတ်တိုတစ်ခု၏ ထိပ်ဖျားဖြင့် ထောက်ထားသည့်အရာမျိုး ဖြစ်လေသည်။ ခြေလှမ်းလှမ်း၍ သွားသောအခါ ညာဘက်ခြေထောက် ဘွတ်ဖိနပ်ရာတစ်ဖက်၊ ဘယ်ဘက်က သစ်သားတုတ်တစ်ခုဖြင့် ထောက်သွားသည့် အရာတစ်ဖက်ဖြစ်နေသည်ကို စုံထောက်အရာရှိများ တွေ့မြင်ရလေသည်။ သို့ဖြစ်၍ ခြေရာရှင်သည် လက်ျာဘက်ခြေသာရှိ၍ လက်ဝဲဘက်မှာ 'ချိုင်းထောက်' တစ်ခုဖြင့် ထောက်သွားကြောင်း ထင်ရှားလေသည်။

မည်သူ၏ ခြေရာများပေနည်း . . . သပြေတန်းရွာနှင့် ဇေယျဝတီရွာကြီးတွင် မောင်ဘကျော်မှတစ်ပါး ခြေတစ်ချောင်းသာရှိ၍ ချိုင်းထောက်နှင့်သွားရသူဟူ၍ မရှိချေ။ မောင်ဘကျော်မှ လွဲလျှင် အခြားသူဖြစ်နိုင်မည် မဟုတ်ဟု ယူဆရ၏။

သို့နှင့် ပုလိပ်အရာရှိများသည် မောင်ဘကျော်အား ဖမ်းဆီးရတော့၏။ အခြားခိုင်လုံသော သက်သေခံတစ်ခုလည်း ရှိသေး၏။ ၎င်းမှာ ဓားရိုးပေါ်၌ တွေ့ရသော လက်ရာများမှာ မောင်ဘကျော်၏ လက်ရာများဖြစ်ကြောင်း လက်ပုံစံဌာနမှ တွေ့ရခြင်းပင်ဖြစ်လေသည်။

မောင်ဘကျော်ကမူ မိမိသည် မနန်းခင်အား ချစ်ကြိုက်ပိုးပန်းနေသည်မှာ အမှန်ဖြစ်ကြောင်း၊ သို့သော် ထိုညက မိမိသည် အပိန်၏ ခေါက်ဆွဲဆိုင်ထဲတွင် အပေါင်းအဖော်များနှင့်အတူ အရက်မူးလျက် ရှိနေပြီးနောက်၊ မိမိအိမ်သို့ ပြန်ခဲ့ကြောင်း၊ သို့သော် မည်သည့်နေရာသို့ ရောက်သွားသည် မသိ၊ အိပ်ရာတစ်ခုဟုထင်မှတ်ကာ လဲကျသွားကြောင်း၊ ထို့နောက် တစ်စုံတစ်ရာ သတိမရတော့ကြောင်း၊ သတိရ၍ ကြည့်လိုက်သောအခါ မိုးစင်စင်လင်းနေပြီဖြစ်၍ မိမိအိပ်ရာပေါ်သို့ ရောက်နေကြောင်း၊ သို့သော် မိမိသည်

http://www.cherrythitsar.org



ယမန်နေ့ညက အပိန်၏ ဆိုင်မှထွက်ခဲ့ရာ ရွာတောင်ဘက်ရှိ ချောင်းဦးတံတားကလေးထိပ်သို့ ရောက်မှန်းမသိ ရောက်လာ၍ ထိုနေရာ တောစပ်ကလေး၌ လဲနေရာ ကင်းသမားများက တွေ့ရှိ၍ အိမ်သို့ တွဲချီပို့သဖြင့်သာ အိမ်သို့ရောက်လာကြောင်း၊ သို့သော် ဤသို့တွဲပို့သည်ကို မိမိ တစ်စုံတစ်ရာ မသိကြောင်းနှင့် အစစ်ခံ၏။ ကင်းသမားများကလည်း ဤအတိုင်းကပင် အစစ်ခံလေသည်။

သို့သော် မောင်ဘကျော်အပေါ်တွင် သက်သေခံများကား လွှဲဖယ်ရှောင်တိမ်း၍ မရနိုင်အောင် ထင်ရှားလှပေသည်။

(၁) ဓားမှာ မောင်ဘကျော်၏ ဓားဖြစ်ခြင်း။

(၂) ထိုဓားပေါ်၌ သွေးများရှိခြင်း။

(၃) ထိုဓားမျိုးဖြင့် မနန်းခင်၏ ကိုယ်ပေါ်မှ ဒဏ်ရာကို ဖြစ်နိုင်စေသည်ဟု ဆရာဝန်က ဆိုခြင်း။

(၄) မောင်ဘကျော်၏ လက်ျာဘက် လက်ရာများမှာ ထိုဓားရိုးပေါ်တွင် တွေ့ရသည့် လက်ရာများနှင့် ကိုက်ညီနေခြင်း။

(၅) အလောင်းအနီးမှ ဇေယျဝတီ ရွာဘက်သို့ သွားနိုင်သည့် သဲကုန်းကလေးပေါ်၌ ခြေရာများတွေ့ရရာ ယင်းတို့မှာ လက်ျာဘက်ဘွတ်ဖိနပ်များနှင့် အခြားတစ်ဖက်က တုံးတိဖြစ်သော တုတ်ရာတစ်ခုဖြစ်ခြင်း။

(၆) တွေ့ရသော လက်ျာဘက် ဘွတ်ဖိနပ်ရာမှာလည်း မောင်ဘကျော်၏ လက်ျာဘက်ဘွတ်ဖိနပ်ရာနှင့် အံကိုက်လျက်ရှိနေခြင်း။

(၇) တရားခံမှာ သေသူ မနန်းခင်အား ပိုးပန်းနေသူဖြစ်ခြင်း။

(၈) မနန်းခင်သည် ခြေတစ်ချောင်းတည်းသာရှိသော ချိုင်းထောက်သမားအား မည်သည့်နည်းနှင့်မျှ ချစ်နိုင်မည်မဟုတ်သဖြင့် မောင်ဘကျော်သည် မိမိမစားရသည့်အမဲကို သဲနှင့်ပက်ခြင်းဖြစ်ရမည်ဟု အများက တွေးခေါ်ခြင်း။

(၉) မောင်ဘကျော်သည် အပိန်ဆိုင်မှ ထွက်လာသည့်အချိန်နှင့် ၎င်းအား ကင်းသမားများက တွေ့ရှိသောအချိန်မှာ အချိန်အတော်ကြာသဖြင့် မနန်းခင်အား သွားရောက်သတ်ဖြတ်ရန် အခါအခွင့်ရနိုင်ခြင်း။

အထက်ပါ အချက် ၉ ချက်တို့ကား မျက်မြင်သက်သေပင် မရှိစေကာမူ တရားခံအပေါ်တွင် အပြစ်ပေးနိုင်လောက်အောင် ထင်ရှားသော

http://www.cherrythitsar.org



အချက်ကြီးများဖြစ်၏။ နောက်ဆုံး အမှတ် ၇ – ၈ နှင့် ၉ အချက်များမှာ ယုံမှားသံသယရှိလောက်သော အချက်များဖြစ်သည်ဟု ဆိုရငြားသော်လည်း အမှတ် ၅ အရ သူ၏ ခြေတစ်ဖက်ရာနှင့် ချိုင်းထောက်ရာများ တွေ့ရသည် ဆိုသော အချက်နှင့် ပေါင်းစပ်ကြည့်ပါမူ လွတ်နိုင်မည့်အချက်များ မရှိတော့ချေ။

လူသတ်မှုဖြစ်ပွားပြီးနောက် ၂ လကျော်ကျော်ခန့် ကြာရှိသောအခါ တောင်ငူစက်ရှင်ရုံးမှ မောင်ဘကျော်အား ထောင်ဒဏ် ၁၀ နှစ် အပြစ် ပေးလိုက်၏။ သို့နှင့် ကျွန်တော်တို့မှာ တရားခံ ကြိုးမိန့်မှ လွတ်မြောက်သည်ကိုပင် ဝမ်းမြောက်ရတော့မည်ကဲ့သို့ ရှိလေသည်။

*

ဤသို့ဖြင့် ယခင်က နာမည်ကျော်ဘောသမား ဖြစ်ခဲ့သော မောင်ဘကျော်မှာ ၁၉၅၀ ခု အောက်တိုဘာလ ၇ ရက်နေ့မှစ၍ 'တောင်ငူ' ထောင်ကြီးတွင် ၁၀ အပြစ်ဒဏ်ကို စ၍ ခံခဲ့ရရှာလေသည်။

နေ့ရက်များသည် တရွေ့ရွေ့ ကုန်လွန်၍ လာခဲ့သည်။ ဤသို့ဖြင့် နောက်ဆုံး ၁၉၅၃ ခု နိုဝင်ဘာလသို့ ရောက်လာခဲ့၏။

ထိုအခါက ကျွန်တော်သည် မိတ္ထီလာ ပျော်ဘွယ်မြို့များသို့ ရက်ပေါင်း ၂၀ ခန့် ခရီးထွက်လျက်ရှိရာမှ တစ်နေ့သော ညနေစောင်းတွင် ဇေယျဝတီသို့ ပြန်၍ရောက်ရှိလာ၏။

ထိုည ၈ နာရီအချိန်လောက်၌ ကျွန်တော်သည် အိမ်သားများနှင့် စကားပြောလျက်ရှိစဉ် သူငယ်ကလေးတစ်ယောက်သည် ကျွန်တော့်ထံ စက်ဘီးတစ်စီးဖြင့် လာရောက်၍ မောင်လှရွှေမှာ အသည်းအသန်ဖြစ်နေကြောင်း၊ ကျွန်တော်နှင့် အလွန်တွေ့လိုကြောင်း ပြောသဖြင့် ကျွန်တော်လည်း ချက်ခြင်းလိုပင် သူ့အိမ်သို့ လိုက်ပါသွား၏။ မောင်လှရွှေမှာ အိပ်ရာပေါ်တွင် ပက်လက်ကလေးမှျ ရှိနေလျက် ကျွန်တော် စမ်းသပ်ကြည့်ရှုသောအခါ အဆုတ်ရောင်သော ရောဂါဖြစ်၍ ရောဂါမှာ အတော်ပင် ကျွမ်းလျက်ရှိနေပြီဖြစ်ကြောင်း တွေ့ရ၏။ လွန်စွာသွေးအားနည်းလျက် ရှိနေပြီးလျှင် တစ်ခါတစ်ခါ သတိလစ်၍သွားသည်ဟု သိရ၏။ ရောဂါကား ကုစားနိုင်သည့်အခြေကို ကျော်လွန်လျက် ရှိနေလေပြီ။

ကျွန်တော်က . . .

'ငါမရှိတုန်း ဖြစ်ရတာကိုကွဲ့'

http://www.cherrythitsar.org



ဟု ပြောလိုက်ရာ မောင်လှရွှေက

'ကျွန်တော်လဲ ဆရာ အရင်တစ်ခါပြောဖူးတဲ့ ဆေးကို ဆရာ့ဆေးတိုက်က ယူသောက်တာပဲဆရာ'

'အခု ဘယ့်နှယ်နေသေးသလဲ၊ မောင်လှရွှေ'

'မသက်သာပါဘူး ဆရာရယ် . . . ဒီကနေ့ည မောလဲ မောတယ်'

'ကိုင်း . . . ဒါဖြင့် ငါဆေးထိုးပေးဦးမယ်'

'မထူးတော့ပါဘူး ဆရာ . . . ဒီကနေ့ညဟာ နောက်ဆုံးနဲ့တူပါတယ် . . . ဒါကြောင့် ကျွန်တော် ဆရာ့ကို အခေါ်ခိုင်းလိုက်တယ်'

ကျွန်တော်သည် မောင်လှရွှေအား အမောပြေ၍ သွေးအား ကောင်းစေသော ဆေးတစ်လုံး ထိုးပေးသေးသည်။ သောက်ဆေးတစ်ခွက်ကိုလည်း တိုက်လိုက်သည်။ သို့သော် အကြောင်းကား မထူးလှချေ။ လူနာသည် အားမရှိသော်လည်း စကားပြောနိုင်ရန် အစွမ်းကုန် ကြိုးစားနေဟန်ရှိသည်။

မောင်လှရွှေက . . .

'ဆရာတစ်ယောက်ထည်းလား'

'အေးလေ တစ်ယောက်ထည်းပေါ့ . . . ဘာဖြစ်လို့လဲ . . .'

'ဒါဖြင့် ခဏစောင့်ပါဦးဆရာ . . . သူကြီးဦးညွန့်ကို ကျွန်တော် အခေါ်ခိုင်းထားပါတယ် . . . ဒါထက် အခု ကျွန်တော့်ကို ထိုးတာ ဘာဆေးလဲဆရာ'

'မင်းအားရှိအောင် ထိုးပေးတဲ့ဆေးပေါ့ကွဲ့၊ ဘယ့်နှယ်လဲ အတော်နေသာရဲ့လား'

'ဟုတ်ကဲ့ . . . နေသာပါတယ်ဆရာ'

မောင်လှရွှေသည် သက်ပြင်းတစ်ချက် ချလိုက်၏။ အသံမှာ ဆေးတန်ခိုးဖြင့် အတော်အတန် မာလာဘိသကဲ့သို့ ရှိသော်လည်း ရုပ်လက္ခဏာများကား တဖြည်းဖြည်း ပျက်လျက်ရှိနေလေပြီ။

မကြာမီ သူကြီးဦးညွန့် ရောက်လာ၍ ကျွန်တော်တို့လည်း ကုလားထိုင်များကို သူ၏ အိပ်ရာခုတင်အနီးသို့ တိုးကပ်လိုက်သည်။

မောင်လှရွှေက . . .

'ကျွန်တော်မနေရတော့ဘူး ဒေါက်တာ၊ ကျွန်တော့်ကိုယ်ကို ကျွန်တော်သိတယ်၊ ဒီတော့ ကျွန်တော်မသေခင် သက်သေရှေ့မှာ ဒေါက်တာ့ကို တစ်ခုပြောခဲ့ချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စမှာ ဒေါက်တာက အသိဆုံးမို့ပြောချင်တာပဲ'

ကျွန်တော်က အံ့အားသင့်လျက်

http://www.cherrythitsar.org



'ဘာကိစ္စလဲ မောင်လှရွှေ . . . ကျုပ်က ဘယ်ကိစ္စမှာ ဘယ်လို သိပုံလဲ'

'ကိုဘကျော်ကိစ္စလေ . . . ကိုဘကျော်နဲ့ သူ့အချစ်ကလေး နန်းခင်ကိစ္စပေါ့ ဒေါက်တာ'

ကျွန်တော့်မှာ သူတို့အကြောင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ မတွေးမိသဖြင့် မောင်လှရွှေ၏စကားကို ကြားရသောအခါ မိုးကြိုးထိမှန် လိုက်ဘိသကဲ့သို့ ဖျတ်ခနဲ လန့်၍သွားမိ၏။ သူကြီးဦးညွန့်ကမူ မောင်လှရွှေ ဂယောင်ချောက်ချားပြောနေသည်ထင်သဖြင့် စကားမပြောရန်ပင် သတိပေးသေး၏။

မောင်လှရွှေက . . .

'သူကြီးက သက်သေအဖြစ်နဲ့သာ နားထောင်ပါခင်ဗျာ၊ ကျွန်တော် ကောင်းကောင်းသတိရပါတယ်'

ဟု ပြောလိုက်သောအခါ ကျွန်တော်က

'နန်းခင်ကိစ္စနဲ့ . . . မင်းအခု မမာတာနဲ့ ဘာဆိုင်သလဲ မောင်လှရွှေ။ ကိုယ့်ကိုယ်ကို နေကောင်းအောင်သာ လုပ်စမ်းပါ . . . ပြီးတော့ စကားမပြောရင် ကောင်းတယ်၊ မောင်လှရွှေ မင်းရောဂါက စကားပြောလို့ မဖြစ်ဘူး'

ဟု ပြောလိုက်ရာ မောင်လှရွှေက . . .

'မထူးတော့ပါဘူး ဒေါက်တာ၊ ပြောလဲ သေမှာပဲ မပြောလဲ သေမှာပဲ၊ ဒီတော့ ကျွန်တော်မသေခင် မှန်တဲ့အကြောင်းကလေး ဖွင့်ပြောခဲ့ချင်တယ် နန်းခင်ကို ဘယ်သူသတ်သလဲ ဒေါက်တာသိသလား'

'သတ်တဲ့လူက ထောင်ထဲရောက်နေပြီ မဟုတ်လားကွဲ့ . . . အခုမှပဲ မင်းက အဆန်းလုပ်ပြီး မေးနေတယ် . . .'

'ဘကျော်လား . . .'

'ဟုတ်တယ်လေ'

'သူ ဘာကြောင့်သတ်မလဲ ဒေါက်တာ . . . လူသတ်မှုဆိုတာ ရည်ရွယ်ချက်ရှိရမယ် မဟုတ်လား'

'သူ့ကို နန်းခင်က မချစ်ဘဲ မင်းဘက်ကို ပါသွားတော့ မနာလိုတဲ့ စိတ်နဲ့ သတ်တာပေါ့ကွဲ့၊ ဒီထက်ခိုင်လုံတဲ့ ရည်ရွယ်ချက် ရှိရဦးမလား'

'အဲဒါ တခြားလူတွေထင်တာကို ဒေါက်တာရဲ့၊ ထင်စရာပေါ့လေ၊ ဘယ်သူဖြစ်ဖြစ် ဒီလိုတွေးမှာပေါ့ . . .'

'မင်းကလဲ ဒီအတိုင်းသက်သေခံတာပဲ . . .'

http://www.cherrythitsar.org



'နို့ပေမယ့် နန်းခင်က ကျွန်တော့်ကိုချစ်တာမဟုတ်ဘူး ဒေါက်တာ၊ သူက ချိုင်းထောက်ကိုမှ ချစ်တာ . . .'

'ဟင် . . . ဟုတ်လား'

'သတ်တဲ့လူဟာ တခြားမဟုတ်ပါဘူး ဒေါက်တာ ကျွန်တော်ပဲ'

'ဟုတ်နိုင်ပါ့မလား မောင်လှရွှေ ပြီးတော့ . . .'

'ဟုတ်တာပေါ့ခင်ဗျာ'

'ထိုးတဲ့ဓားကလဲ ဘကျော်ဓား . . . ဓားပေါ်မှာ တွေ့ရတဲ့ လက်ရာကလဲ ဘကျော်လက်ရာ၊ ပြီးတော့ အလောင်းနားတွေ့ရတဲ့ ခြေရာတွေ ကလဲ ဘကျော်ခြေရာ . . .'

'ဒါပေမယ့် ဘကျော်မဟုတ်ဘူးဒေါက်တာ'

'ဘကျော်အပြင် ခြေတစ်ချောင်းနဲ့လူ ဘယ်သူရှိသေးသလဲကွဲ့'

'ကျွန်တော်မသေခင် ဒီဟာတွေ ရှင်းပြချင်လို့ အခုခေါ်တာပဲဒေါက်တာ၊ ကျွန်တော်သတ်တယ်ဆိုတာ စာတော့ တိုတိုပဲရေးပါ၊ သတ်တာဝန်ခံရင် ပြီးတာပဲ၊ ပြီးတော့ ကျွန်တော် လက်မှတ်ထိုးပါ့မယ်၊ သူကြီးနဲ့ ဒေါက်တာက သက်သေအဖြစ်နဲ့ ထိုးပေါ့၊ ကလောင်တံကို ကိုင်နိုင်တဲ့အားကလေး ရှိတုန်း ထိုးလိုက်ပါရစေ'

မောင်လှရွှေမှာ အတော်ပင် မောပန်းနေသဖြင့် ကျွန်တော်လည်း အားတိုးဆေးတစ်ခွက်ကို အရက်အနည်းငယ်နှင့်ရော၍ တိုက်လိုက်၏။

'အင်း . . . ဘကျော် ဘကျော် . . . သူအိပ်မက်တောင် မမက်တဲ့ ပြစ်မှုအတွက် ခမြာမှာ ဒုက္ခခံနေရရှာတယ်၊ အခု သူထောင်ကျသွားတာ ဘယ်လောက်ရှိပြီလဲ ဒေါက်တာ . . .'

'သုံးနှစ်ကျော်ကျော် ရှိသွားပြီ'

'အဲဒီ သုံးနှစ်အတွင်းမှာ ကျွန်တော်ဟာ တစ်ညမှ ဒီအကြောင်း မတွေးမိတဲ့ ညရယ်လို့ မရှိဘူး ဒေါက်တာ။ သူထောင်ကျနေတာရော၊ ဟို အမျိုးမစစ်တဲ့ကောင်မကို ကျွန်တော် မောင်းချဓားနဲ့ စိုက်လိုက်တာရော၊ မျက်စိထဲမှာ တရေးရေးမြင်နေတယ်၊ ဒီတော့ ကျွန်တော်မသေခင် ဒီအမှားကြီး ကို ကျွန်တော် ပြင်ခဲ့ရလိမ့်မယ် . . . ကျွန်တော် နောင်တရပြီ ဒေါက်တာ နောင်တရပြီ၊ ကျွန်တော့်လောက် ယုတ်မာတဲ့လူ မရှိတော့ဘူး . . .။ အဲဒီနေ့က အပိန်ဆိုင်ထဲမှာ သူ့အပေါင်းအဖော်တွေရော သူရော အရက်မူးကြတာ တခြားဟုတ်ပါရိုးလား ဒေါက်တာ၊ အဲဒီနေ့ နန်းခင်က သူ့ကို ချစ်ပါပြီ လက်ထပ်ပါတော့လို့ စကားရတဲ့အတွက် အောင်ပွဲကြီး ကျင်းပတာပေါ့ ဒေါက်တာ၊ သောက်တာလဲ အလွန်အကျွံသောက်တော့ အလွန်အကျွံမူးပြီး

http://www.cherrythitsar.org



လူမှန်းမသိအောင် ဖြစ်တော့တာပေါ့ခင်ဗျာ . . .။ တံတားကလေးနားမှာ မှူးပြီး တုံးထိုးထားသလို လဲနေလိုက်တာ ည ၁၀ နာရီက နာရီပြန်တစ်ချက် အထိပဲ၊ ဒီအတွင်း ကျွန်တော် ကောင်းကောင်းအလုပ်လုပ်ဖို့ အချိန်ရတာ ပေါ့ . . . အင်း . . . မိန်းမ . . . မိန်းမ ဒီကမ္ဘာကြီးတစ်ခုလုံး နှိပ်စက်နေ တာ မိန်းမပဲဒေါက်တာ၊ ကျွန်တော်တို့နှစ်ယောက်မှာ သူ့ကို ကြိုက်နိုး ငါ့ကို ကြိုက်နိုးနဲ့ စောင့်နေခဲ့တာ နှစ်နှစ်ကျော်ပြီ မဟုတ်လား ဒေါက်တာရဲ့၊ အဲဒီ လို နန်းခင်က နောက်ဆုံး စီရင်ချက်ချလိုက်တယ်ဆိုတာကြားတော့ ကျွန် တော့်ခေါင်းထဲမှာ မြွေပေါက်လိုက်သလို အဆိပ်တက်လာတော့တာပါပဲ ခင် ဗျာ . . .။ အချစ်ဆိပ်များဟာ မြွေဆိပ်ထက် ပြင်းပါသေးသလား ဒေါက် တာ . . .။ ဒီတော့ ဒီကောင်မ သေရမယ်လို့ ကျွန်တော် စိတ်ကို ပိုင်းဖြတ် လိုက်တယ်၊ ကျွန်တော် မစားရတဲ့ဟင်းကို တခြားသူ မစားစေရဘူးခင်ဗျ၊ မနာလို ဝန်တိုစိတ်များဟာ တယ်ကြောက်စရာကောင်းပါကလားနော် . . . ဒေါက်တာ'

'ဒါပေါ့ကွယ် . . . ကိုင်း ဖြည်းဖြည်းပြော မင်းမောမယ်ကွဲ့.'

'ဒီတော့ ဘာမှမပြောနဲ့၊ အရက်ဆိုင်ထဲက သူထွက်သွားတော့ ကျွန် တော်လဲ သူ့နောက် မနီးမဝေးက နောက်ယောင်ခံလိုက်သွားတော့တာပဲ၊ ဒါနဲ့ ကိုဘကျော် ဒယိမ်းဒယိုင်နဲ့ အပိန်ဆိုင်ထဲက ထွက်သွားလိုက်တာ၊ ဖြစ်ချင်တော့ ကိုယ်တော်မြတ်က အိမ်ဘက်ကိုမသွားဘဲ . . . ကိုဖိုးမြကြံ ခင်းဘက်က ကွေ့ပြီး ထောက်ကြွထောက်ကြွနဲ့ ချိုင်းထောက်ကြီးနဲ့ လျှောက် သွားလိုက်တာ တံတားကလေးထိပ်က တောစပ်နားလဲရောက်ရော တစ်ခါထဲ သစ်ပင်တစ်ပင် ခေါင်းဆိုက်ပြီး ထိုးလဲသွားတော့တာပါပဲခင်ဗျာ . . . လ ကလေးကလဲ မှုန်ရီမှုန်မွား၊ အနီးအနားမှာလဲ ဘယ်သူမှမမြင်၊ အချိန်ကလဲ အတော်ညဉ့်နက်လာတော့ ကျွန်တော့်စိတ်ထဲမှာ စိတ်ကူးတစ်ခုဝင်လာပြန် တယ်၊ ဘယ်လိုစိတ်ကူးလဲဆိုတော့ နန်းခင်သေရုံသာ မဟုတ်ဘူး . . . ဒီ အကောင့်အပေါ်မှာ အမှုပတ်ပြီး ဒီအကောင်ပါ ဒုက္ခရောက်စေရမယ်လို့ စိတ် ကူးမိပြန်တယ် . . . ဒါလဲ အချစ်ဆိပ်တက်တာပဲမဟုတ်လား ဆရာရဲ့ . . . ငယ်ငယ်က တစ်ယောက်နဲ့တစ်ယောက် အင်မတန်ချစ်လာတဲ့ သူငယ်ချင်း ဟာ 'မ' နဲ့ ပတ်သက်လာတော့ ကမ်းမမြင် လမ်းမမြင် ဖြစ်ကုန်တော့တာ ပဲခင်ဗျာ . . .။ ဒါနဲ့ ကျွန်တော် သူ့ကို လှုပ်နှိုးသေးတယ်ခင်ဗျ၊ နို့ပေမယ့် မရတော့ဘူး၊ အသေဖြစ်နေပြီ . . . ကျွန်တော်လုပ်ချင်သလိုလုပ် ကြံချင် သလိုကြံ သူသိမှာမဟုတ်တော့ဘူး . . . ဒီနောက်တော့ လွယ်ပါတယ်ခင် ဗျာ။ လက်အိတ်စွပ်ပြီး သူ့ခါးထဲက မောင်းချဓားကြီးယူ၊ သပြေတန်းသွား

http://www.cherrythitsar.org



ကောင်မကို အပြင်က လေချွန်ခေါ်၊ ထွက်အလာမှာ နှလုံးသားတည့်တည့် စိုက်လိုက်တာပါပဲဒေါက်တာ . . . အားခနဲ တစ်ချက်ထဲသာ အော်နိုင်ပြီး နန်းခင်ဟာ တံခါးပေါက်ဝမှာပဲ လဲကျသွားတယ် . . . ကိုယ်က ချစ်နေတဲ့ လူကို ဘကျော်နဲ့တော့ မပေးစားဘူး . . . မောင်းချစားနဲ့ပဲ ပေးစားလိုက်တယ်'

'နေပါဦး မောင်လှရွှေ . . . မောင်းချစားကတော့ ဟုတ်ပါပြီ။ နို့ပေမယ့် ခြေရာတွေက ဘကျော်ခြေရာတွေပါကလားကွဲ့ . . . ဘယ့်နှယ်လဲ ငါဖြင့် နားမရှင်းသေးပါဘူးကွယ် . . .'

'ဒီဟာကလဲ ကြံရတာပေါ့ဆရာ . . . ဘကျော် သတ်တယ်ဆိုတာ ယုတ္တိလဲရှိအောင် လုပ်ဦးမှပေါ့ . . . ဓားက ဘကျော်ဓားဆိုပေမယ့် အလောင်းနားက ခြေရာက ကျွန်တော့်ခြေရာနဲ့တူနေရင် ဘယ်သူယုံမလဲ . . . ဆရာ ရှဲ၊ ဒါနဲ့ ကျွန်တော်က ဘာကိုသွားပြီး သတိရသလဲဆိုတော့ အိမ်မှာ ကျွန်တော့်ညီကလေးစီးနေတဲ့ 'ကုလားမခြေထောက်' ကို သတိရတာကို ခင်ဗျ၊ ကျွန်တော့်အိမ်ကလဲ မနီးမဝေးဆိုတော့ အိမ်ပြေးပြီး ကုလားမခြေထောက် ယူ . . . ဘကျော်ရဲ့ ညာဘက်ခြေထောက်က ဘွတ်ဖိနပ် ဖြုတ် ကုလားမခြေထောက်ရဲ့ ညာဘက် ဝါးလုံးထိပ်မှာ စွပ်ပေး၊ တစ်ခါတည်း ဟန်ကျသွားတာပဲ ဆရာရှေ့ . . . နေရာကျချင်တော့ ကျွန်တော်ယူလာတဲ့ ကုလားမခြေထောက် ဘယ်ဘက်ဝါးလုံးထိပ်ဟာ ဘကျော်ချိုင်းထောက်ထိပ်နဲ့ တစ်ကိုက်ထဲလောက်ပဲခင်ဗျ၊ နို့ပေမယ့် တစ်ခုက လိုနေသေးတယ်ဒေါက်တာ၊ ဘာလဲဆိုတော့ လက်ျာဘက်ဝါးလုံးမှာ သူစီးတဲ့ ဘွတ်ဖိနပ်ကြီးကို တပ်တဲ့ အခါမှာ ချောင်နေတယ်ခင်ဗျ၊ ဘွတ်ဖိနပ်အချောင်ကြီးထဲကို ဝါးလုံးထည့်ရုံနဲ့ ဘယ်လိုနည်းနဲ့မှ လမ်းသွားမဖြစ်နိုင်ဘူးခင်ဗျ၊ ဒီတော့မှ သံမှိုကလေး ၃ ချောင်း ရိုက်ပြီး ဝါးလုံးထိပ်မှာ တွယ်ရတာကို ခင်ဗျ . . . အမူမှာ သက်သေခံအဖြစ်နဲ့တင်ထားတဲ့ ဘွတ်ဖိနပ်ကြီးကို ကုလားမခြေထောက်ရဲ့ ညာဘက်အဖျားမှာ သံမှိုနဲ့ ရိုက်တပ်ထားပြီး ကုလားမခြေထောက်ကို သယ်သွား၊ တောစပ်က လွန်လို့ ခြေရာထင်မယ့် သဲကုန်းကလေးရောက်တော့ အဲဒီ ဘွတ်ဖိနပ်တစ်ဖက်တပ်ထားတဲ့ ကုလားမခြေထောက်ကြီး စီးသွားတာပေါ့ ဆရာ၊ သင်္ချာန်လုပ်ရင် သရုပ်နဲ့တူပါမှပေါ့၊ အင်း . . . မောလိုက်တာ ဒေါက်တာ၊ ဆေးကလေး တစ်ခွက်လောက် တဆိတ်သောက်သွားပါရစေဦး'

သို့နှင့် ကျွန်တော်လည်း မောင်လှရွှေအား ဆေးတစ်ခွက်ကို အရက်နှင့်ရော၍ တိုက်လိုက်ပြန်၏။ ထို့နောက် သူ၏ စာရေးစက္ကူကပ်ပေါ်တွင် သူ၏ ပြောပြချက်အတိုကောက်ကို ကျွန်တော်က ရေးသားသည်။

http://www.cherrythitsar.org



'ရေးပြီးပြီလားဒေါက်တာ . . . ပေး . . . ပေး . . . ကျွန်တော် လက်မှတ်ထိုးမယ် . . . အားမကုန်ခင် ကျွန်တော်ထိုးပါရစေ ဒေါက်တာ'

သူကြီးဦးညွန့်နှင့် ကျွန်တော်တို့လည်း မောင်လုရွှေ၏ ဖြောင့်ချက် ပေါ်တွင် အသိသက်သေအဖြစ်ဖြင့် လက်မှတ်ရေးထိုးကြရာ၊ ထိုညဉ့် ကျွန် တော်မှာ ၁၂ နာရီမှ အိမ်သို့ ပြန်ရောက်၏။

မောင်လုရွှေမှာ နောက်တစ်နေ့တွင် သေဆုံးသွားရာ ကျွန်တော် လည်း မောင်ဘကျော်၏ ဆွေမျိုးသားချင်းများနှင့် တိုင်ပင်ကာ ဤကိစ္စ အတွက် ဝတ်လုံတစ်ယောက်ငှား၍ လွှတ်တော်တွင် လျှောက်ထားလေသည်။

တစ်လခန့်ကြာသောအခါမှ အမှုကိုပြန်၍ ဖွင့်ကာ ထပ်မံစစ်ဆေး စုံစမ်းနိုင်ခွင့်ရရှိ၏။ အင်းစိန်စုံထောက်ရုံးရှိ ရာဇဝတ်မှုနှင့် ပတ်သက်သည့် လက်နက်ကိရိယာများ ထားရှိသော ပြတိုက်မှ မောင်ဘကျော်၏ ဘွတ်ဖိနပ် တစ်ဖက်ကို ဝတ်လုံနှင့် တရားသူကြီးများ၊ စုံထောက်များ ကြည့်ရှုစစ်ဆေး သောအခါ မောင်လုရွှေ ဖြောင့်ဆိုခဲ့သည့်အတိုင်း သံမှို ၃ ချောင်းရာကို တွေ့ ရလေသည်။ ထိုအချက်ကား အမှုပြန်၍ ဖွင့်လှစ်ရာတွင် အရေးပါအရာ ရောက်သော အချက်တစ်ချက်ဖြစ်ရာ နောက်ဆုံးတွင် မောင်ဘကျော်အား လွှတ်မြောက်ခွင့်ပေးခဲ့လေသတည်း။

ဤနေရာတွင် ဒေါက်တာမြသိမ်း၏ စာပြီးဆုံး၍ အောက်၌ သူ၏ လက်မှတ် ရေးထိုးထားသည်။

*

သို့နှင့် ကျွန်ုပ်သည် ဒေါက်တာမြသိမ်း၏စာမူကို ကျွန်ုပ်၏ အရေး အသားအားဖြင့်သာ ထပ်ချောပြင်ဆင်လျက် 'စာမူ' ကို ရှုမဝတိုက်သို့ ပေး အပ်လိုက်သည်။

**၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ**
**ရှုမဝမဂ္ဂဇင်း**

# ဥမှင်လေးဆယ်

'ရဲယမန်း' မြို့နယ်ကလေးသည် ကျောက်ဆည်ခရိုင်တွင် မြောက်ဘက်အစွန်ဆုံးကျသော မြို့နယ်ကလေးဖြစ်၍ အရှေ့ဘက်တွင် ရှမ်းပြည် နယ်တောင်တန်းများနှင့် ကပ်လျက်ရှိလေသည်။ ထိုတောင်တန်းများမှပင် 'ပန်းလောင်' မြစ်နှင့် 'ဇော်ဂျီ' မြစ်တို့သည် ကျောက်ဆည်ခရိုင်အတွင်းသို့ စီးဝင်ကြလျက် ထင်ရှားသော မြန်မာမင်းတစ်ပါးဖြစ်သည့် ပုဂံပြည် အနော်ရထာမင်းသည် ကျောက်တုံးများကို ချပြီးလျှင် ဇော်ဂျီမြစ်မှ ဆည်ကြီးများ ပြုလုပ်တည်ခဲ့လေသည်။ ကျောက်တုံးများဖြင့် ဆည်ကြီးများ တည်ထားပြုလုပ်ခဲ့ခြင်းကြောင့်လည်း 'ကျောက်ဆည်' ဟု ခေါ်တွင်ခဲ့ခြင်း ဖြစ်လေသည်။

အဆိုပါ 'ရဲယမန်း' မြို့ကလေး၌ ပုလိပ်ဌာနနှင့် များစွာမဝေးလှသော နေရာတွင် တိုက်ခံအိမ်တစ်လုံးရှိရာ လမ်းကို မျက်နှာမူ၍နေသော ထိုအိမ်၏ ဝရံတာတွင် တစ်နေရာ၌ လူလတ်ပိုင်းအရွယ်ရှိ လူနှစ်ယောက်တို့သည် ညဥ့်နေဝင်ရီသရောအချိန်တွင် လက်ဖက်ပန်းကန်ကို လက်ဖက်ရည်ကြမ်းဝိုင်းအလယ်၌ချကာ စကားစမြည် ပြောဆိုလျက်ရှိကြလေသည်။

ပထမလူမှာ အိမ်ရှင် ကိုသောင်းတင်ဖြစ်၍ အရွယ်အားဖြင့် ၃၅ နှစ်ခန့်မျှ ဖျတ်လပ်သွက်လက်သော အမူအယာရှိပြီးလျှင် နက်မှောင်သော

http://www.cherrythitsar.org



မျက်လုံးမျက်ခုံးရှိ၏။ အထူးသဖြင့် မျက်လုံးများမှာ စူးရှသလောက် တည်ငြိမ်လေးနက်ခြင်းမရှိဘဲ စကားပြောလိုက်တိုင်း ဂဏှာမငြိမ်အောင် ကစားလျက်ရှိလေသည်။ သို့သော် ဤအချက်အလက်များကို ဂရုစိုက်ကြည့်မှသာ မြင်နိုင်၏။ အဘယ်ကြောင့်ဆိုသော် ကိုသောင်းတင်သည် စကားပြောလိုက်သည့်အခါများတွင် ရယ်စရာ ပြောတတ်သည့်အတိုင်း ရယ်ရွှန်းပတ်ရွှန်းပြောလိုက်ခြင်းအားဖြင့် ထိုအခြင်းအရာများကို ဖုံးဖိထားနိုင်သောကြောင့် ပေ တည်း။

ငင်းနှင့်အတူ စကားပြောနေသူမှာ ကိုသောင်းတင်နှင့် ရွယ်တူလောက်ပင် ရှိဟန်တူ၍ ရုပ်ရည်အားဖြင့် ကိုသောင်းတင်ထက် လှပချောမောသည် မဆိုနိုင်စေကာမူ။ စကားကို မှန်မှန်ပြောတတ်ခြင်း၊ ဣန္ဒြေရှိခြင်း၊ မျက်လုံး၏ ငြိမ်သက်ခြင်းများရှိ၍ အလုံးစုံ ခြုံ၍ ကြည့်လိုက်သော် ကြည်ညိုလေးစားလောက်သော အမူအရာရှိလေသည်။ ထိုသူကား ကိုတင်ညွန့်ဖြစ်၍ ရန်ကုန်မှ အထူးအလုပ်ဝတ္တရားဖြင့် ရောက်လာသည့် စုံထောက်ဌာနမှ စုံထောက်တစ်ဦးဖြစ်၏။ ကိုတင်ညွန့်သည် အစိုးရ အလုပ်ဝတ္တရားနှင့် လာရောက်ခြင်းဖြစ်ရာ သူငယ်ချင်းဖြစ်သူ ကိုသောင်းတင်၏ နေအိမ်၌ မတည်းခိုဘဲ ပုလိပ်အကူအညီကိုလည်း ရယူနိုင်ရန် ရန်ကုန်မြို့ ဒုတိယ ပုလိပ်မင်းကြီးက မိတ်ဆက်ပေးလိုက်သည့် ဌာနာအုပ် ဦးသာတင့်အိမ်၌ တည်းခိုခဲ့လေသည်။

ထိုညဉ့်ကား စုံထောက် ကိုတင်ညွန့်နှင့် ဌာနာအုပ် ဦးသာတင့်တို့အား ကိုသောင်းတင်က ညစာဖိတ်၍ ကျွေးရာ၊ ဦးသာတင့်မှာ ထိုနေ့ နေ့လည်ကပင် တောရွာတစ်ရွာသို့ အရေးကြီးသော အမှုကိစ္စတစ်ခုနှင့် ချက်ခြင်းလိုက်ပါသွားရသောကြောင့် ကိုတင်ညွန့်တစ်ယောက်တည်းသာ ရောက်နိုင်ခဲ့လေသည်။ သို့ဖြစ်၍ သူငယ်ချင်းနှစ်ယောက်တို့သည် ထမင်းများ စားပြီးနောက် အိမ်ရှေ့ဝရံတာသို့ ထွက်ကာ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုနေကြခြင်း ဖြစ်လေသည်။

ဤနေရာ၌ ကိုတင်ညွန့် ထောက်လှမ်းစုံစမ်းရန် လိုက်လာခဲ့ရသည့် ကိစ္စကို အနည်းငယ်မျှ ဖော်ပြရပေမည်။ လွန်ခဲ့သော ၆ လခန့်က မန္တလေးမြို့ ငွေတိုက်တွင် ငွေစက္ကူအတု ၁၀၀၀ ကျော် ဖိုးခန့်ကို တွေ့ရ၏။ ထိုငွေစက္ကူတုများမှာ ငွေစက္ကူကောင်းနှင့် ခွဲ၍မရဘဲ နံပါတ်ချင်းတူညီသည်ကို တွေ့ရ၍ ဂရုတစိုက်ကြည့်သောအခါမှသာ အလွန်သေးငယ်သိမ်မွေ့သော ခြားနားချက်များကို တွေ့ရလေသည်။ မည်သည့်နေရာမှ ပို့သော စက္ကူများဖြစ်သည်ကို စုံစမ်းသောအခါ ကျောက်ဆည်ငွေတိုက်မှ ပို့ကြောင်း တွေ့ရှိ

http://www.cherrythitsar.org



ရ၏။ ကျောက်ဆည်မှတစ်ဖန် ခြေရာခံ၍ လိုက်သောအခါ ထိုစက္ကူများမှာ ရဲယမန်းမြို့နယ်မှရရှိသော အခွန်တော်များတွင် ပါလာကြောင်း ခြေရာခံမိလေသည်။ သို့နှင့် ပုလိပ်များသည် ရဲယမန်းရှိ လူအများနှင့် ပတ်သက်သည့် နေရာများကို ရှာဖွေသောအခါ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှ တစ်ဆယ်တန် စက္ကူ ၂ ချပ်ကို ထပ်မံရရှိလေရာ ရဲယမန်းမြို့နယ်အတွင်းတွင် ခြေရာပျောက်သွားလေသည်။

ဤကိစ္စကို ပုလိပ်များ ဆက်လက်လိုက်သော်လည်း တစ်စုံတစ်ရာ သဲလွန်စမရသဖြင့် ရန်ကုန်ရှိ ရာဇဝတ်မှု စုံစမ်းရေးဌာနမှ ကိုတင်ညွန့်အား အထူးအလုပ်ဝတ္တရားနှင့် စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။ ကိုတင်ညွန့် နှင့် ကိုသောင်းတင်တို့မှာ ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြသည့် အတိုင်း ယခုကဲ့သို့ ကိုသောင်းတင်က ဖိတ်ခေါ်ညှော့ခံခြင်းဖြစ်လေသည်။

ကိုသောင်းတင်မှာ ဥပစာတန်းအောင်ပြီးမှ ကျောင်းမှ ထွက်ခဲ့ရာ ကုန်သည်ဘက်တွင် ဝါသနာထုံခဲ့သည့်အတိုင်း မိမိလုပ်ခဲ့ဖူးသော လခစား အလုပ်အမျိုးမျိုးကို စွန့်ပစ်ပြီးနောက် မိမိ နေရင်းဇာတိဖြစ်သော ရဲယမန်း ရွာသို့ပြန်ကာ စာပုံနှိပ်စက် တစ်လုံးထောင်၍ အေးချမ်းစွာနေခဲ့၏။

သို့သော် စာပုံနှိပ်လုပ်ငန်းအလုပ်မှာ မိမိဝါသနာပါ၍ အပျင်းပြေ ရုံမျှလုပ်သော အလုပ်ဖြစ်၍ မိဘလက်ငုတ်ဖြစ်သော လယ်ယာချောင်းမြောင်း များမှ ဝင်ငွေဖြင့်သာ စားသောက်နေထိုင်ခြင်းဖြစ်၏။ ကိုသောင်းတင်မှာ ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝ သူတစ်ယောက်ဖြစ်သည့်ပြင် ဖေါ်ရွေသောသူတစ် ယောက်လည်း ဖြစ်သည့်အတိုင်း အားလုံးသော အစိုးရအရာရှိများ ပုလိပ် အရာရှိများမှာ ကိုသောင်းတင်ကျွေးမွေးပြုစုခြင်းကို မခံဖူးသူဟူ၍ မရှိ သလောက်ပင် ဖြစ်လေသည်။

ကိုသောင်းတင်သည် ကုန်သည်အလုပ်တွင် စိတ်ဝင်စားသည် ဆို ရာ၌ သာမန် ကူးသန်းရောင်းဝယ်သည့် 'သမားရိုးကျ' ကုန်သည် အလုပ် ထက် တစ်ချက်တည်းနှင့် 'ကော်' နိုင်သည့် ကုန်သည်အလုပ်မျိုးကို ပို၍ ဝါသနာပါလေသည်။

သို့ဖြစ်၍လည်း ယိုးဒယားဘက်မှ မီးခြစ်ကျောက်များ သွင်းသည့် အလုပ်၊ ရှမ်းပြည်နယ်ဘက်မှ ဘိန်းများကို မြန်မာပြည်သို့ လျှို့ဝှက်တင်ပို့ ရောင်းချသည့် အလုပ်။ အိန္ဒိယပြည်ဘက်မှ ချည်ချော ပလေကပ် လုံချည် များကို 'တမူး' တောင်ကြားလမ်းမှတစ်ဆင့် ကုန်းလမ်းခရီးဖြင့် သယ်ယူ ရောင်းချသည့်အလုပ် စသည်တို့ကို စမ်းသပ်လုပ်ကိုင်ခဲ့ဖူးရာ လုပ်သည့် အတိုင်းလည်း ခပ်မျက်မျက် စားခဲ့ရဖူးလေသည်။

http://www.cherrythitsar.org



လက်ဖက်ပန်းကန်ပြားကို ကိုတင်ညွန့် ကုလားထိုင် အနီးသို့ တိုးပေးလိုက်ပြီးနောက် . . .

'စားလေဗျာ . . . ကိုတင်ညွန့်၊ ခင်ဗျားတို့ ရန်ကုန်က လက်ဖက်အကြမ်းမျိုးတွေ မဟုတ်ဘူးဗျ၊ ရှမ်းပြည်က ကျုပ် မိတ်ဆွေတစ်ယောက်က လက်ဆောင်ပေးတဲ့ ရွှေဖီမိုးလွတ် တကယ့် အဖူးအညွန့် ကလေးတွေပါ'

ကိုတင်ညွန့်သည် လက်ဖက်ကို တစ်တို့နှစ်တို့ယူ၍ စားပြီးနောက် လက်ဖက်ရည်ကြမ်းကိုသာ ဆက်လက် သောက်လျက်ရှိလေသည်။

ကိုသောင်းတင်သည် စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်ပြီးနောက် . . .

'ဘယ့်နှယ်လဲ ကိုတင်ညွန့် ခင်ဗျားလာတဲ့ကိစ္စကော'

'အကြောင်းမထူးသေးပါဘူးဗျာ ရောက်တာမှ ၂ ရက်ရှိသေးတာပဲ၊ ပြီးတော့ ဒီနယ်က ပုလိပ်ကို ကျုပ် မလွှန်ဆန်နိုင်ပါဘူး၊ ပြီးတော့ တကယ်လို့ သတင်းအစအနရဦးတော့ သူတို့ကို မလွှန်ဆန်ချင်ဘူး'

'ခင်ဗျားက တယ်ရိုးသေးတာပဲ၊ ကိုယ့်အမှုကိုယ် စုံထောက်လို့ရရင် ကိုယ်နာမည်ကြီးပြီး ရာထူးတက်တာပေါ့'

'အင်း . . . ခင်ဗျားပြောတာလဲ ဟုတ်ပါတယ် . . . ဒီကိစ္စ ခင်ဗျားကော ဘယ်လိုသဘောရသလဲ။ ခင်ဗျားက မြို့ခံလဲဖြစ်ပြန်၊ ဥစ္စာပစ္စည်းနဲ့လဲ ပြည့်စုံပြန်ဆိုတော့၊ ခင်ဗျားတို့ကပိုပြီး အကဲခတ်နိုင်တာပေါ့'

'အင်း . . . ကျုပ်တို့အလုပ်က ကုန်သည်ဆိုတော့ ဒီဟာမျိုးတွေ သိပ်လဲ နားမထောင်ဘူးဗျို့၊ ဂရုလဲ မစိုက်လှဘူး၊ တစ်ခုတော့ရှိရဲ့၊ ကျုပ်တို့နယ်က ရှမ်းပြည်နယ်နဲ့ ကပ်နေတော့ ကုန်းလမ်းက အဝင်အထွက်လဲ အင်မတန်များတယ်မဟုတ်လား . . .။

ဒီတော့ ဟိုဘက်ကများ ယိုလာသလားလို့ တွေးမယ်ဆို တွေးစရာပဲဗျ၊ ဒီဟာက ကျုပ်အထင်လေ'

'ဟုတ်တယ်ဗျို့ ကျုပ်လဲ ခင်ဗျားပြောမှပဲ တွေးမိတယ်'

'ဘိန်းတောင် လွတ်အောင်ချနိုင်သေးတာပဲဗျာ၊ စက္ကူအတုဆိုတော့ ထုတ်ဖို့ ဘာခက်သလဲဗျ၊ ဘယ်သူ့ကို ဘယ်သူက သင်္ကာမကင်း ရှိဦးမှာလဲ'

'ဟုတ်တာပေါ့ဗျာ၊ ဒါကြောင့် ခက်နေတာပေါ့၊ ဒီအပေါ် စက္ကူက အင်မတန်သေသပ်တာဗျ၊ လုပ်ပုံသိပ်ကောင်းတာပဲ၊ စက္ကူကို နေ့တိုင်းကိုင်တွယ်နေတဲ့ တကယ့်ကျင့်သားရပြီး လူများမှ ခွဲခြားသိနိုင်တယ်'

ကိုသောင်းတင်သည် စီးကရက် အသစ်တစ်လိပ်ကို မီးညှိပြီးလျှင် မီးခိုးများကို အေးဆေးစွာ မှုတ်ထုတ်လိုက်ပြီးနောက် . . .

http://www.cherrythitsar.org



'အရင္တစ္ခါ စကၠဴ ၂ ခ်ပ္ ဖမ္းမိတယ္ ဆိုတုန္းက ေျမာက္ပိုင္းက တံုက်င္ရဲ႕ လက္ဖက္ရည္ဆိုင္က ဖမ္းမိတာဗ်'

'ဟုတ္တယ္ အမႈဖိုင္တြဲမွာ က်ဳပ္ေတြ႕သားပဲ၊ သူလဲ ဘယ္သူ႕လက္ထဲက ရတယ္ဆိုတာ ဘယ္ေျပာႏိုင္မလဲဗ်ာ။ လက္ဖက္ရည္ဆိုင္ဆိုတာ လူအမ်ားနဲ႔ ဆက္ဆံေနရတာမို႔ သူေျပာတာ ဟုတ္တာေပါ့၊ ဒါေၾကာင့္ ေနာက္ဆံုး အမႈပိတ္လိုက္ရတယ္'

'အဲဒါနဲ႔ပတ္သက္လို႔ က်ဳပ္ အႀကံတစ္ခုေပးခ်င္တယ္ဗ်ာ . . .'

ႏြားကို ႀကိမ္ႏွင့္တို႔လိုက္သကဲ့သို႔ျဖစ္ကာ . . .

'ဘယ္လိုအႀကံမ်ိဳးလဲ ကိုေသာင္းတင္ ေျပာစမ္းပါဦး'

'ဒီ တံုက်င္ဆိုတဲ့ တရုတ္ဟာ အမွန္က ေငြေၾကးကိစၥနဲ႔ ပတ္သက္ရင္ သူ႕ဆရာ ဦးစူးဝါးရဲ႕ဆီကို သြားရတယ္ဗ်၊ ဦးစူးဝါးရဲ႕ ကုန္စံုဆိုင္ဆိုတာ က်ဳပ္တို႔ၿမိဳ႕မွာေတာ့ မသိတဲ့လူမရွိဘူး၊ အဲဒီ ဦးစူးဝါးက ရွမ္းျပည္နယ္က လက္ဖက္ေျခာက္တို႔ သားေမြးတို႔ ကတိုးတို႔ ပိုးတို႔ ဝယ္ေလေတာ့ ရွမ္းေတြနဲ႔ အဆက္အသြယ္ရွိတယ္မဟုတ္လား၊ အဲဒီေတာ့ တစ္ခုနဲ႔တစ္ခု ဆက္စပ္ၾကည့္ရင္ ရွမ္းျပည္ဘက္ကမ်ား ဦးစူးဝါးက တစ္ဆင့္ သြင္းမယ္ဆိုရင္ သြင္းႏိုင္ေလာက္တယ္၊ ၿပီးေတာ့ သူ႕အိမ္မွာလဲ ရွမ္းကုန္သည္ေတြ ေတာ္ေတာ္အဝင္အထြက္မ်ားတယ္ဗ်၊ ကြမ္မြန္းဆင့္ (Common Sense) နဲ႔ ၾကည့္တာေလ ဒါလဲ က်ဳပ္အထင္ပဲ'

'ဒါေပါ့ဗ်ာ တပ္အပ္ေတာ့ ဘယ္သိႏိုင္မလဲ . . . ေနာက္ မသကၤာစရာ ဘယ္သူမ်ားရွိေသးသလဲဗ်၊ ေျပာစမ္းပါဦး'

'ေတာင္ပိုင္းမွာ ကိုဘိုးလူဆိုတာေတာ့ ရွိတယ္၊ ဒီလူက လူမိုက္လူေပတစ္ေယာက္၊ ရိုက္မႈ ဓားထိုးမႈနဲ႔ ေထာင္ ၂ ခါ ၃ ခါ က်ဖူးတယ္'

'ဌာနာအုပ္ေျပာတဲ့ ကာလသားေခါင္းဆိုတဲ့လူ ထင္ပါရဲ႕'

'အစစ္ေပါ့ ဒီလူလဲ အိမ္မွာ အၿမဲတန္း ကစားဝိုင္းလက္ခံၿပီးေနတဲ့လူတစ္ေယာက္ပဲ၊ ဒါေပမယ့္ ရွမ္းေတြနဲ႔ေတာ့ အဆက္အသြယ္မရွိဘူးဗ်၊ လုပ္မယ္ဆိုရင္ေတာ့ ဘာမဆိုလုပ္ဝံ့တဲ့ လူတစ္ေယာက္ပဲ'

'ခင္ဗ်ားေျပာပံုေထာက္ေတာ့ ဦးစူးဝါးကို ပိုၿပီး မသကၤာစရာေကာင္းတာေပါ့ . . .'

'ဒါေပါ့ဗ်ာ သူကလဲ ရွမ္းေတြနဲ႔ အဆက္အသြယ္ရွိေနတာပဲ'

'ဒီလို ကုန္သည္ႀကီးမ်ိဳးမွလဲ မ်ားမ်ားထုတ္ႏိုင္မွာကိုးဗ်၊ မေကာင္းတဲ့စကၠဴဆိုတာ မ်ားမ်ားထုတ္ႏိုင္မွလဲ အက်ိဳးရွိတာပဲ၊ ဒီလူက ေခတ္ပညာတတ္လား'

http://www.cherrythitsar.org



'မတတ်ပါဘူးဗျာ၊ ပြည်ကြီးသားကြီးပါ၊ အသက် ၅၀ ကျော် လောက်ရှိပါပြီ၊ ငယ်ငယ်ကတည်းက ရောက်တဲ့ လက္ခဏာပဲ၊ ခေတ်ပညာ တတ်လားလို့ မေးတာက ခင်ဗျား ဘာကိုရည်ရွယ်တာလဲ'

'ဒီစက္ကူတွေ လုပ်ပုံကြည့်ရတာက တကယ့်ခေတ်မီနည်းစံနစ်နဲ့ လုပ်တဲ့ လက္ခဏာရှိတယ်ဗျ၊ စက္ကူအထူအပါးရော အဖြတ်အတောက်ရော ဘလောက်နှိပ်ပုံ ရောင်စုံသွင်းပုံ ရေစာခံပုံ နံပါတ်ထိုးပုံမှစပြီး တကယ် စနစ် ကျတယ်'

'ဒါကြောင့်လား . . .'

'ဟုတ်တယ်'

'ဒါကတော့ ကိုတင်ညွန့်ကလဲဗျာ . . . ခေတ်ပညာတတ်တဲ့လူ တစ်ယောက်က အင်မတန်ချောင်ကျတဲ့ နေရာမှာလုပ် . . . ကျုပ်တို့မြို့ကို ကုန်တွေနဲ့ ဖလှယ်ပြီး သွင်းရင်ကော မဖြစ်နိုင်ဘူးလား'

'အင်း . . . ဒီလိုဆိုရင်လဲ ဖြစ်နိုင်တာပေါ့လေ'

'ကျုပ်တော့ဖြင့် ဒီအတိုင်းထင်တာပဲဗျာ၊ ဒီစက္ကူတွေဟာ ကျုပ်တို့ နယ်မှာ လုပ်ပုံလက္ခဏာ မရှိဘူးဗျ၊ တခြားက သွင်းတာနဲ့တူတယ်၊ ဘာဖြစ် လို့လဲဆိုရင် ကျုပ်တို့နယ်မှာသာ လုပ်ရိုးမှန်ရင် ဒီထက်များများတွေ့ရမယ် မဟုတ်လား'

'ကိုင်းလေ . . . ကြည့်ရသေးတာပေါ့ အချိန်လဲ ရှိပါသေးတယ်၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားဆီလာရတာ သတင်းတော့ အတော်စုံစုံလင်လင် ကြား ရတယ်ဗျို့'

'ဒါပေါ့ဗျာ ကျုပ်လဲ တတ်နိုင်သလောက် ကူညီပါ့မယ်။ ဒါထက် ကျုပ်ဖြင့် ဒီလို မမှန်တဲ့ စက္ကူနဲ့ သုံးရစွဲရမှာများ သိပ်ကြောက်တာပဲ'

'ဥပဒေကို ဆန့်ကျင်ရတဲ့ အလုပ်မို့လား'

'ဥပဒေကို ဆန့်ကျင်လို့သာ မဟုတ်ဘူးဗျာ၊ ကိုယ်က မမှန်တဲ့ စက္ကူတစ်ချပ်ကိုင်ပြီး သုံးစွဲလိုက်လို့ ဆင်းရဲသားတစ်ယောက်လက်ထဲမှာ ဆုံး ပါးသွားရင် ခမြာ ဘယ့်လောက်နစ်နာမလဲဗျ'

'ဟုတ်တာပေါ့'

'ကော့ကရိတ် ဘက်ကနေပြီး မီးခြစ်ကျောက်ခိုးသွင်းတာ။ အန်း တောင်ကြာလမ်းတို့ 'တမူး' တို့ဘက်က အိန္ဒိယပြည်ဖြစ် ပလေကပ် လုံချည် တွေချပြီး မြန်မာပြည်ထဲမှာ . . . ရောင်းတာ အပြစ်ရှိသလား . . . ကိုတင် ညွန့်'

'ရှိတာပေါ့ဗျ'

http://www.cherrythitsar.org



'ဘာျဖစ္လို႔လဲ'

'အစိုးရ ဥပေဒနဲ႔မွ မလြတ္ဘဲ'

'ခင္ဗ်ားေျပာတာလဲ တစ္နည္းေတာ့ မွန္တာေပါ့၊ ဒါေပမယ့္ ဟို တိုင္းျပည္မွာ တစ္ျပားနဲ႔ ရတဲ့ကုန္ကို က်ဳပ္က စြန္႔စြန္႔စားစားယူလာၿပီး ဒီ တိုင္းျပည္က်ေတာ့ . . . တစ္က်ပ္နဲ႔ ေရာင္းတယ္ဗ်ာ၊ က်ဳပ္က မမွန္တဲ့ ေငြစကၠဴနဲ႔ လိမ္မဝယ္ဘူးဗ်ာ၊ ၿပီးေတာ့ မီးခြစ္ေက်ာက္ ပေလကပ္ လုံခ်ည္ တို႔ဟာ က်ဳပ္တို႔ျမတ္စြာဘုရားက တားျမစ္ထားတဲ့ကုန္မ်ိဳးလဲ မဟုတ္ဘူး၊ လူေတြရဲ့ အက်င့္စာရိတၱကိုလဲ မပ်က္စီးေစတတ္ဘူး၊ လူကိုလဲ ေဘး အႏၲရာယ္မျဖစ္ေစတတ္ဘူး၊ ဒီေတာ့ က်ဳပ္အယူအဆက နည္းနည္းကေလး မွ အျပစ္မရွိဘူး၊ ေရာင္းတဲ့လူ ေက်နပ္လို႔ က်ဳပ္က ဝယ္တယ္၊ ဝယ္တဲ့လူ ေက်နပ္လို႔လဲ က်ဳပ္က ေရာင္းတယ္၊ ဘယ္မွာ က်ဳပ္အျပစ္ရွိသလဲ၊ ခင္ဗ်ား အစိုးရက သူ႔အခြန္အေကာက္လိုခ်င္လို႔ တားျမစ္တိုင္း က်ဳပ္က ေနရမွာ လား . . .'

ကိုတင္ညြန္႔က ၿပဳံးလ်က္ . . .

'အင္း . . . ခင္ဗ်ား အယူအဆကလဲ တစ္မ်ိဳးေပါ့ဗ်ာ . . .'

ဟု ေျပာၿပီး စီးကရက္အတိုကို လႊင့္ပစ္လိုက္ၿပီးေနာက္

'သို႔ေသာ္ တစ္ခုရွိရဲ့ သူမ်ားကိုေတာ့ က်ဳပ္ မလိမ္ခ်င္ဘူး ေငြစကၠဴ အတုကိုသုံးၿပီး ဆင္းရဲသားကို မနစ္နာေစခ်င္ဘူး၊ အဲဒီလို စက္ဆုပ္စရာ ေကာင္းတဲ့အလုပ္မ်ိဳးေတာ့ က်ဳပ္မလုပ္ခ်င္ဘူး'

စုံေထာက္ ကိုတင္ညြန္႔လည္း ကိုေသာင္းတင္ထံမွ ၾကားသိရသမွ် သတင္းမ်ားကို မိမိ၏ ဒိုင္ယာရီစာအုပ္တြင္ အတိုအေကာက္ ေရးမွတ္လ်က္ ရွိေလ၏။

ထို႔ေနာက္ ေက်ာင္းေနဖက္သူငယ္ခ်င္း ၂ ေယာက္တို႔သည္ မိမိ တို႔ ေက်ာင္းေနစဥ္က ျဖစ္ပ်က္ေတြ႔ႀကဳံခဲ့ဖူးသည့္ အေၾကာင္းမ်ားကို စျမံဳ႕ ျပန္လ်က္ ရွိေနၾကေလ၏။ ကိုတင္ညြန္႔က ကိုေသာင္းတင္၏ အေၾကာင္းကို ေျပာျပရာ၌ ကိုေသာင္းတင္မွာ ငယ္စဥ္ကပင္ စြန္႔စားရသည့္ အလုပ္မ်ားကို ဝါသနာပါပုံ၊ သတၱိေကာင္းပုံ၊ လူမ်ားအား တစ္ပတ္ရိုက္တတ္ပုံ၊ ခါတ္ပုံရိုက္ ဝါသနာပါပုံ၊ မည္သည့္ေနရာ၌မဆို လက္ေျမာက္ပုံ၊ ရယ္စရာေျပာတတ္ပုံ စသည္တို႔ကို ေျပာျပ၏။ ကိုေသာင္းတင္ကလည္း ကိုတင္ညြန္႔အား ျပန္၍ ခ်ီးက်ဴးရာ၌ ကိုတင္ညြန္႔မွာ ငယ္စဥ္ကပင္ စကားနည္း၍ ဥာဏ္ႀကီးရင့္ပုံ စူးစမ္းဆင္ျခင္ရေသာ အလုပ္မ်ိဳးကို ဝါသနာပါပုံ၊ ေရွးေဟာင္းေက်ာက္စာ မ်ား ဝါသနာပါပုံ၊ စုံေထာက္ဝတၳဳမ်ားကို ေလ့လာဖတ္ရႈပုံ၊ တိုင္းျပည္တြင္

http://www.cherrythitsar.org



ရာဇဝတ်ပြစ်မှုများ လျော့ပါးသွားအောင် တိုင်းသူပြည်သားများကပါ ကူညီသင့်ကြောင်း 'လက်ချာ' ကို ကောလိပ်ကျောင်း ပွဲတစ်ပွဲ၌ ပေးခဲ့ပုံ စသည်တို့ကိုပါ ပြန်၍ ပြောပြပြီးနောက် အိမ်ရှင်ကိုသောင်းတင်က . . .

'ဪ ဒါထက် ကိုတင်ညွှန့် ခင်ဗျားရှေးဟောင်းပစ္စည်းတွေကို ကော စုသေးတယ်မဟုတ်လား'

'စုတယ်လေ . . .'

'ဒီဟာတွေ ခင်ဗျား ဘယ်မှာထားသလဲ'

'ရန်ကုန်မှာ ထားတာပေါ့ဗျ၊ အင်မတန်လုံခြုံတဲ့နေရာမှာ သူ့နေရာနဲ့သူ ပစ္စည်းကို ဘယ်လိုကဘယ်လို ရရှိပုံ၊ ပစ္စည်းရာဇဝင်ပါ တတ်နိုင်သမျှ စုံလင်အောင် ရေးပြီးထားတယ်'

'ကျောင်းက ထွက်မှကော ခင်ဗျား ဆက်စုသေးသလား'

'စုတာပေါ့ဗျာ . . . ကျောင်းကထွက်မှ စုဖို့သာပြီး အနိုင်ရတာပေါ့၊ ပြီးတော့ ပုလိပ်ဘက်ကို ကျုပ်မဝင်ခင်က ကျောက်စာဌာနမှာ ကျုပ်လုပ်သေးတယ်ဗျ'

'အင်း . . . ခင်ဗျားဝါသနာနဲ့ ကိုက်တာပေါ့ဗျာ . . . ဒါဖြင့် ဘာကြောင့် ထွက်ခဲ့သလဲ'

'ဝမ်းရေးက ရှိသေးတာကိုးဗျ၊ ပင်ပန်းသလောက် လခကမကောင်းတော့ ကျုပ်လဲ ပုလိပ်ဘက်ဝင်ပြီး စုံထောက်အလုပ် လုပ်ရရင် ကောင်းမှာပဲ ဆိုပြီး တစ်ခါထဲ လွှတ်လိုက်တာပဲဗျို့'

'ဒီတော့ ပုလိပ်ဘက်မှာကော ပျော်ရဲ့လား'

'ပျော်တယ်ဆိုပါတော့ဗျာ . . . လခကလေးကလဲကောင်း၊ နဂိုဝါသနာကလဲရှိတော့ ဒီပြင်အလုပ်လုပ်ရတာထက်တော့ ပျော်တယ်ဆိုပါ တော့'

'ကောင်းတာပေါ့လေ . . . အစိုးရ အမှုထမ်းရင်းလဲ ကိုယ့်ဝါသနာပါတာ စုဆောင်းနိုင်တာပေါ့၊ ဒါထက် ရာဇဝင်နဲ့ပတ်သက်ပြီး ခင်ဗျားကို နှီးနှောရဦးမယ် ကျုပ်တို့ ကျောက်ဆည်ခရိုင်က ဆည်ကြီးတွေကို ဘယ်သူဆည်ခဲ့သလဲ'

'ပုဂံနော်ရထာမင်းစော ဆည်ခဲ့တာပေါ့ဗျ'

'ဟုတ်တာပေါ့ ပုဂံနော်ရထာဟာ အင်္ဂလိပ်သက္ကရာဇ် အေဒီ ၁၀၄၀ နဲ့ ၁၀၇၀ ကြားလောက်မှာ မင်းပြုတယ်၊ အတိအကျတော့ ကျုပ် သေသေချာချာ မသိဘူးပေါ့ဗျာ၊ ဒါနဲ့ ဒီသက္ကရာဇ်အတွင်းလောက်မှာပဲ တရုတ်ပြည်က ပြန်လာလို့ ရှမ်းပြည်နယ်ရောက်တဲ့အခါ စောမွန်လှ မင်းသမီးကို ရှမ်း

http://www.cherrythitsar.org



ပြည်နယ်က ဆက်ပို့ရခဲ့တယ်၊ ဒါနဲ့ စောမွန်လှကို အင်မတန်မြတ်နိုးတော်မူပြီး တခြား မိဖုရားတွေကိုတောင်မှ ဂရုမစိုက် ရှိလေတော့၊ တခြားမိဖုရားတွေက မလိုမုန်းတီးပြီး စောမွန်လှ ပျက်စီးရာ ပျက်စီးကြောင်း ကုန်းချောကြတာနဲ့ နောက်ဆုံးမှာ ရှမ်းပြည်နယ်ကို ပြန်ရတယ်၊ အဲဒီလို အပြန်မှာ ဒုဋ္ဌဝတီခေါ်တဲ့ မြစ်ငယ်မြစ်ရဲ့ လက်ျာဘက်ကမ်းမှာ နားငွေ့ကို ဌာပနာ ပြီး ရွှေစာရံဘုရား တည်ခဲ့တယ်မဟုတ်လားဗျ . . .၊ ဒီဟာတွေက ရာဇဝင် ထဲမှာ ပါတာတွေပဲ၊ ဒီနောက် နော်ရထာမင်းကြီးကိုယ်တိုင် တည်ထားခဲ့တဲ့ ရွှေစည်းခုံ၊ မဟာပိန္နဲ၊ လောကနန္ဒာ၊ ရွှေရင်မွှော်၊ ပေါ်တော်မူ၊ ပေါ်ရိုသတ် ဆိုတဲ့ စေတီပေါင်း ၆၀ ဆိုတာလဲ . . . ခင်ဗျားအသိသားပဲ'

'သိပါတယ် . . . ဒါထက် ကိုယ့်လူက ရာဇဝင်တွေ ဘာတွေ မမေ့သေးဘဲကိုး . . .'

'မှတ်မိတာက တခြားကြောင့် မဟုတ်ပါဘူးဗျာ၊ အဆက်ရှိလို့ ကျုပ်က မှတ်မိထားတာပါ၊ အဲဒါတွေဟာ ရာဇဝင်ထဲပါတဲ့ ဘုရားတွေကိုဗျ၊ လူတိုင်းသိကြတယ် ဆိုပါတော့၊ ကျုပ်အခုတွေ့ထားတဲ့ ဘုရားက နော်ရထာမင်းဟာ မိန်းမများရဲ့ ပရိယာယ်မာယာတွေ စိတ်နာပြီး တိတ်တဆိတ် တည်ခဲ့တဲ့ဘုရားဗျ၊ ရာဇဝင်ထဲမှာတော့ မပါဘူးပေါ့ဗျ၊ ကျုပ်လဲ ရှမ်းပြည်နယ်စပ်က ရှမ်းအဘိုးကြီးတစ်ယောက်က ပြောလို့သိရတယ်၊ အဲဒီဘုရားကို ခင်ဗျား မဖူးချင်ဘူးလား . . .'

ကိုသောင်းတင်က စိတ်အားထက်သန်လှသော အမူအရာဖြင့်

'ဖူးချင်ပြီလားဗျာ၊ ကျုပ်က ဒါမျိုးလိုက်ရှာနေတာပဲ . . .'

'နေဦး ကျုပ်ပြောဦးမယ် ဘုရားက ညဏ်တော်အနိမ့်ကလေးပါ တောထဲမှာ တည်ထားတဲ့ ဘုရားဆိုပါတော့ . . . ဘုရားရဲ့ ဘွဲ့တော်က ဥမင်လေးဆယ်ဘုရားပဲဗျ မဆန်းဘူးလား . . .'

'ဆန်းတာပေါ့ဗျာ၊ အဲဒီလို ဆန်းမှကျုပ်ကြိုက်တာ'

'နေပါဦး ဆရာကြီး ခပ်ဖြည်းဖြည်းလုပ်ပါ၊ ဒီရှမ်းအဘိုးကြီး ပြောတာက သူတို့ရှမ်းပြည်နယ်ဘက်က ကျုပ်တို့နယ်ဘက်ကို တိုးထွက်လာတဲ့ တောင်တန်းကလေး ၃ ခုအနက်က အလယ်တောင်တန်းရဲ့ ထိပ်တောင်ပူစာကလေးမှာ ဒီဘုရားရှိတယ်တဲ့၊ ဒီဘုရားတည်ထားတဲ့ တောင်ပူစာအောက်မှာ အင်မတန်ကြီးကျယ်တဲ့ လိုဏ်ဂူကြီးတစ်ခု ရှိတယ်ဆိုပဲဗျ၊ အဲဒီလိုဏ်ဂူကြီးထဲမှာ ဥမှင်ကလေးပေါင်း ၄၀ ရှိသတဲ့ဗျ၊ ဒါနဲ့ ကျုပ်လဲ သူပြောတဲ့အတိုင်း ကျုပ်တို့ နယ်ထဲ တိုးဝင်လာတဲ့ တောင်တန်း ၃ ခုကို မြေပုံထဲမှာ ရှာတော့ သူပြောတဲ့အလယ်တောင်တန်းဆိုတာ တွေ့တာပေါ့ဗျာ၊ ကျုပ်တို့ မြို့နဲ့ ဘာမှ

http://www.cherrythitsar.org



မဝေးဘဲဗျ၊ ဒီတောင်တန်းတွေမှာ ဝါးရုံတွေက အင်မတန်ပေါလေတော့၊ ကျုပ်လဲ တပည့်လူယုံတစ်ယောက်နဲ့ ဝါးရုံတွေကို ရှင်းလင်းပြီး လိုက်ရှာတော့ တောင်ထိပ်မှာ ဉာဏ်တော် ၈ တောင်လောက်ရှိတဲ့ ဘုရားတစ်ဆူတွေ့ရတာကို ကိုတင်ညွှန့်ရဲ့'

'ကိုင်းဗျာ ကျုပ်ကို အဲဒီဘုရား လိုက်ပို့စမ်းပါ'

'ပို့တာပေါ့ဗျာ၊ ပို့ချင်လို့ ပြောနေတာပဲ . . . ဘုရားကို တွေ့ပေမယ့် ခက်တာဟာ ဘုရားအောက်တည့်တည့်မှာရှိတဲ့ လိုဏ်ဂူဆိုတာကိုတော့ ရှာမတွေ့ဘူးဗျာ၊ သူလဲဘဲ ဘယ်နေရာရယ်လို့ အသေအချာ မပြောနိုင်ဘူးတဲ့ ရှေးလူကြီးသူမများ ပြောစကားနဲ့သာ ပြောရတာပဲဗျ . . . ဒါနဲ့ ကျုပ်ကလဲ ဒီလို ရှာဖွေရမယ့် အလုပ်မျိုးဆိုရင် အင်မတန် ဝါသနာပါလေတော့ အားအားရှိတိုင်း ကျုပ်တပည့်ခေါ်ပြီး သွားရှာတာတစ်နေ့တော့ သွားတွေ့တာကိုးဗျ'

'နိတ်လိုက်လေ ကိုယ့်လူရယ် . . . ဒါဖြင့် ဂူကြီးကို ခင်ဗျားတွေ့ပြီပေါ့'

'တွေ့တာပေါ့ဗျာ တွေ့တာကလဲ ကံအားလျော်စွာ သစ်ပင်အိုကြီးတစ်ပင်လဲနေတဲ့ အမြစ်အောက်က တွင်းကြီးထဲမှာ သွားတွေ့တာကိုးဗျ၊ ပုံသဏ္ဍာန်ကတော့ ဂူဝမှာ ဒီသစ်ပင်ကြီးက ပိတ်ပြီးပေါက်နေတာ ဖွက်ပြီးထားသလိုဖြစ်နေတာနဲ့ တူပါတယ် . . . ဒါနဲ့ . . . တိုတိုပြောကြပါစို့ဗျာ၊ အထဲဝင်ကြည့်တော့ သူပြောတဲ့အတိုင်း ဥမှင်ပေါင်း ၄၀ ဖောက်ထားတာ ရှုပ်ပွေနေတာပဲဗျို့၊ ဝက်ပါကျနေတာပဲ မိန်းမများရဲ့ မာယာ ၄၀ ကို အကြောင်းပြုပြီး ဖောက်ထားတယ်ဆိုတာ ဒီတော့မှ ကျုပ်လဲ သဘောပေါက်တာကိုဗျ၊ ဒါနဲ့ . . . အဲဒီဥမှင်တွေက ဝင်သွားတော့ အလယ်မှာ ဘာတွေ့သလဲဆိုရင် ကျောက်သလွန်တစ်ခု တွေ့တယ်၊ ဘေးလိုဏ်ခေါင်းနံရံက ဂူကလေးတွေထဲမှာ ကျောက်စာတွေ တွေ့ရတယ်၊ နံရံတွေမှာလဲ ပုဂံခေတ်က နန်းတွင်းယဉ်ကျေးမှုတွေ စစ်ချီစစ်တက်ပုံတွေ အမဲလိုက်ပုံတွေ တွေ့ရတယ်ဗျ၊ ခင်ဗျားဖြင့် ဂူထဲရောက်ရင် ပြန်ချင်မှာတောင် မဟုတ်ဘူး'

'ဟုတ်တယ်ဗျို့ . . . ပြန်ချင်မှာမဟုတ်ဘူး၊ ဒါထက် ကျုပ်တို့ဘယ်တော့ သွားကြမလဲ'

'ကျုပ်ကတော့ အားပါတယ် ခင်ဗျားသာ . . .'

စကားမဆုံးမီ . . .

'ကိုင်း . . . ဒါဖြင့် နက်ဖြန် ကျုပ် အစီရင်ခံစာတွေ ရေးလိုက်ဦးမယ်၊ သန်ဘက်ခါ သွားကြတာပေါ့'

'သွားလေ . . . ခင်ဗျားသဘောပေါ့ . . .'

http://www.cherrythitsar.org



'ဘယ်အချိန်သွားကြမှာလဲဗျ'

'အကောင်းဆုံးကတော့ နေ့လယ် အကောင်းဆုံးပဲဗျ၊ ညနေဆို တော့ နွားကျောင်းသားတွေ၊ ထင်းခုတ်ဝါးခုတ်ပြန်တဲ့လူတွေ တွေ့ရင် လူမြင် တယ်ဗျာ'

'ကောင်းပါတယ် ၂ နာရီထိုးအရောက် ကျုပ်လာခဲ့မယ်'

'ဟာ အိမ်လာလို့မဖြစ်ဘူးဗျ၊ ခင်ဗျားနဲ့ကျုပ်နဲ့ နှစ်ယောက်အတူတူ သွားတာမြင်ရင် ခင်ဗျားငွေစက္ကူမှုက ရှိသေးတယ်၊ ဒီအကောင်တွေက ကျုပ် သတင်းပေးတယ်ထင်ပြီး ကျုပ်ကို ရန်ငြိုးဖွဲ့ကြဦးမယ် ဆရာရေ့၊ နောက် ယောင်ခံပြီး လိုက်လာမှဖြင့် ခင်ဗျားအမှုက အရေးမကြီးဘူး ကျုပ် လျှို့ ဝှက်ထားတဲ့နေရာ ပေါ်သွားရင် ဂျောက်ပဲ'

'ဟုတ်တယ်ဗျို့ ခင်ဗျားပြောတာမှန်တယ်'

'ပြီးတော့ ကိုတင်ညွန့် ခင်ဗျား ကျုပ်ကို ကတိနှစ်ခုပေးရလိမ့်မယ် ပထမအချက် ဒီကိစ္စကို အစိုးရကျောက်စာဌာနကို ဘယ်နည်းနဲ့မှ မသိစေ ရဘူး၊ ခင်ဗျားဝမ်းထဲမှာပဲ ထားရမယ်၊ ဒုတိယအချက်က အခုလို ကျုပ်နဲ့ သွားမယ့်အကြောင်း ဘယ်သူ့ကိုမှ ခင်ဗျား မပြောခဲ့ရဘူး၊ ပြန်ရောက်လာ လဲ မပြောရဘူး၊ အဲဒီ ကတိနှစ်ခုမှ ကျုပ်က ပြနိုင်မှာဆရာရေ့'

'ကျုပ် သစ္စာပြုပါတယ်ဗျာ၊ ဘယ်သူ့ကိုမှ ကျုပ် မပြောပါဘူး၊ ဒါထက် ခင်ဗျားအိမ်ကနေပြီး အတူတူမသွားရင် ဘယ်က သွားကြမှာလဲ'

'မြို့မြောက်တံခါးဝမှာ အဓိကရ ညောင်ပင်ကြီးတစ်ပင်ရှိတယ်ဗျ၊ အဲဒီ ညောင်ပင်အောက်မှာ ကျုပ်နဲ့ ဆုံကြမယ် ခင်ဗျားသာ ဆက်ဆက်လာ ခဲ့ပေတော့'

'ကောင်းပါပြီဗျာ၊ သန်ဘက်ခါ ကျုပ် ဆက်ဆက်လာခဲ့ပါမယ်'

'၂ နာရီအရောက်နော်'

'စိတ်ချ ကိုသောင်းတင် ကျုပ်လာခဲ့မယ်'

ထို့နောက် စုံထောက်ကိုတင်ညွန့်လည်း အိမ်ရှေ့ခန်းတွင် ထိုင်နေ သော ကိုသောင်းတင်၏ ဇနီးကိုပါ လောကဝတ်အတိုင်း ပျူငှာစွာ နှုတ် ဆက်ပြီးလျှင် တဲအိမ်သို့ ပြန်သွားလေ၏။

*

ချိန်းဆိုသောနေ့ရက် နေ့လယ်ကို ရောက်သောအခါ ကိုသောင်း တင်သည် မိမိ၏ ခွေးသမင်ကြီးအား အစာကောင်းစွာ ကျွေးမွေးပြီးနောက်

http://www.cherrythitsar.org



လည်ပတ်နှင့် သံကြိုးကို ကောင်းစွာ ပြင်ဆင်တတ်ပြီးနောက် မြို့မြောက်ဘက်သို့ ထွက်လာရာ ညောင်ပင်ကြီးအောက်တွင် စိတ်အားထက်သန်စွာ စောင့်ဆိုင်းလျက်ရှိသော စုံထောက်ကိုတင်ညွန့်ကို တွေ့ရ၏။

'ဘယ့်နှယ်လဲ ကိုတင်ညွန့် တယ်ဝီရိယကောင်းပါကလား . . .'

'ကျုပ်စောင့်နေတာ ၁၅ မိနစ်လောက်ရှိပြီ၊ လာ သွားကြစို့ ခွေးကြီးလဲ ပါလာသကိုးဗျ'

'အရေးဆိုရင် သူမှ လမ်းပြနိုင်တာ ကိုတင်ညွန့်ရဲ့'

'ဘယ်လောက်ဝေးသလဲ ကိုသောင်းတင်'

'သုံးမိုင်လောက်တော့ ဝေးတယ်'

ထို့နောက် သူငယ်ချင်းနှစ်ယောက်တို့သည် မြောက်ဘက်သို့ ဝက်သစ်ချပင်ကလေးများ ပေါက်သော တောကို ဖြတ်၍ သွားကြလေ၏။ ခရီးတစ်မိုင်ကျော်ခန့် သွားမိလျှင် တောမှာ အတော်နက်လာသဖြင့် သစ်ပင်ကြီးလည်း ထူထပ်လာလေသည်။ ၅ ဖာလုံခန့်မျှ သွားမိလတ်သော် ထင်းရှူးပင်များရှိသော နေရာတစ်ခုသို့ ရောက်လာပြီးလျှင် လမ်းသည် အရှေ့စူးစူးသို့ ကွေ့လာလျက် မြေလည်း တဖြည်းဖြည်း မြင့်၍ လာလေ၏။ ရှေ့သို့ တစ်မိုင်ခန့်သွားမိသောအခါ အတော်မြင့်သော ဆင်ခြေလျှောတစ်ခုသို့ ရောက်လာရာ ကိုသောင်းတင်က ဤတောင်ဆင်ခြေလျှောများတွင် ဝက်ဝံများ ထောင်ထားသည့် တွင်းများရှိသဖြင့် လမ်းဘေးသို့မသွားဘဲ မိမိနောက်တည့်တည့်မှ လိုက်ရန် သတိပေး၏။ ခွေးကြီးက ထိုလမ်းများကို ယခင်က သိပြီးသကဲ့သို့ တရှူးရှူးအနံ့ခံကာ ရှေ့မှ ဆွဲသွားလေရာ ကိုသောင်းတင်လည်း သံကြိုးကို နောက်မှ ကိုင်ထားလေသည်။

သုံးဖာလုံခန့် ဆင်ခြေလျှောပေါ်သို့ ခပ်မော့မော့ တက်မိသောအခါ ခြုံနွယ်များထူထပ်သည့် နေရာတစ်ခုသို့ ရောက်လာလေရာ ခွေးကြီးသည် ခြုံကြီးတစ်ခုအတွင်းသို့ ဆွဲ၍သွားသဖြင့် ဝင်၍ လိုက်သွားကြရာ အတွင်း၌ကား မြေပြင်သည် အတော်အတန် ရှင်းလင်းလျက်ရှိနေပြီးလျှင် အလယ်၌ ၁၅ ပိဿာခန့်ရှိ ကျောက်ပြားကြီးတစ်ချပ်ကို တွေ့ရလေ၏။ ကိုသောင်းတင်သည် ကျောက်ပြားကြီးကို လှန်လိုက်ရာ လူတစ်ယောက်ဝင်သာရုံ တွင်းတစ်ခု ပေါ်၍လာပြီးနောက် အတွင်းသို့ ဆင်းသော အုတ်လှေခါးဟောင်းတစ်ခုကို တွေ့ရလေသည်။

'မြေတိုက်လိုပဲနော် . . . ကိုသောင်းတင် . . .'

'အဲဒါ အဝင်ဝပေါ့ဗျ၊ လိုဏ်ခေါင်းက အောက်မှာမှ ရှိတယ် ဟိုကျတော့ ခင်ဗျားတွေ့ရပါလိမ့်မယ် . . . ကိုင်း ဆင်းကြစို့ . . .'

http://www.cherrythitsar.org



သို့နှင့် ကိုသောင်းတင်သည် ခွေးကြီးကို ရှေ့မှ ထားလျက် ဆင်းသွားလေရာ ကိုတင်ညွှန့်လည်း နောက်မှလိုက်ပါသွားလေ၏။ လှေခါးထစ်ပေါင်း ၂၀ ခန့် ဆင်းမိသောအခါ ၁၀ ပတ်လည်ခန့်ရှိ အခန်းကလေးတစ်ခုကဲ့သို့ဖြစ်နေသော နေရာတစ်ခုသို့ ရောက်ကြလေ၏။ ထိုနေရာသည် ဘီရိုဟောင်းကြီးတစ်ခု၊ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးကို တွေ့ရသည်နှင့် ကိုတင်ညွှန့်မှာ အနည်းငယ်မျှ အံ့အားသင့်လျက်ရှိလေသည်။

'ဒီဟာတွေက ခင်ဗျားပစ္စည်းတွေလား . . .'

'ဒါပေါ့ဗျ . . . ခင်ဗျားလို မိတ်ကောင်းဆွေကောင်း လာလို့ လိုက်ပြတဲ့အခါ အဆင်သင့်ဖြစ်အောင် လုပ်ထားရတာပေါ့၊ ထိုင်ဦးဗျာ ကုလားထိုင်ပေါ်မှာ . . .'

ကိုတင်ညွှန့်သည် ကုလားထိုင်ပေါ်၌ ထိုင်ပြီးလျှင် မှောင်နှင့်မည်းမည်းရှိနေသော အတွင်းဘက်ကို ကြည့်ကာ စိတ်ထဲက ကြောက်မိသလိုလိုပင် ရှိမိ၏။ ကိုသောင်းတင်သည် အိတ်ထဲမှ ပါသော သော့တစ်ချောင်းဖြင့် ဘီရိုကို ဖွင့်ပြီးလျှင် ပုလင်းတစ်လုံးကို ထုတ်ယူ၏။ ထိုပုလင်းမှာ အမဲဆီပုလင်းဖြစ်၍ ကိုသောင်းတင်လည်း အဝတ်စုတ်တစ်ခုကို ယူပြီးနောက် ခွေးကြီး၏ရှေ့လက်နှစ်ဖက်နှင့် ခြေထောက်များကို အမဲဆီဖြင့် သုတ်ပေးလေသည်။ ထို့နောက် ဘီရိုထဲမှ ရေနံဆီလက်ဆွဲမီးအိမ်တစ်လုံးကို ထုတ်ယူပြီးလျှင် ရေနံဆီထည့်၍ မီးစာကို ပြင်ဆင်ပြီးနောက် ထွန်းညှိပြန်၏။

'ဂူထဲမှာတော့ လက်နှိပ်ဓာတ်မီးလောက်နဲ့ မရဘူး မီးအိမ်ပါမှဗျ'

'ဟုတ်တာပေါ့ . . .'

'ကိုင်းလာ ကိုတင်ညွှန့် သွားကြမယ်၊ မှန်အိမ်ပြင်ပြီးပြီ . . .'

အခန်းနှင့်တူသော ထိုနေရာကလေး၏ လက်ဝဲဘက်တစ်လျှောက်၌ကား မည်းမှောင်လျက်ရှိသော လဟာပြင်ရှိ၍ ကိုသောင်းတင်သည် လက်ဆွဲမီးအိမ်ကို တစ်ဖက်ကကိုင်ပြီးလျှင် အခြားလက်တစ်ဖက်ဖြင့် ခွေးကြီးကို ဆွဲခဲ့လေ၏။

ကိုက် ၅၀ ခန့်မျှ သွားမိသောအခါ လက်ျာဘက်ရှိ နံရံတွင် လူတစ်ယောက် မတ်တတ်ရပ်၍ လျှောက်သာရုံမျှ အပေါက်တစ်ခုကို တွေ့ရသည်နှင့် ကိုသောင်းတင်လည်း အဝင်ဝ၌ရှိသော အမှတ်အသားတစ်ခုကို မှန်အိမ်ဖြင့် မြှောက်၍ ကြည့်လေ၏။

'အဲဒါ ဥမင် ၄၀ ထဲ ဝင်ရမယ့် ပထမအပေါက်ပဲ ကိုတင်ညွှန့်ရဲ့၊ သွားရမယ့်လမ်းက ဂူပေါက်ပေါင်း ၄၀ ရှိတယ်၊ ဂူပေါက်တစ်ခုကို လမ်းခွဲ ၃ ခုစီခွဲထားတော့ ကျုပ်ပြောတဲ့ ဗဟိုဌာနကို ရောက်ဖို့ လမ်းခွဲပေါင်း ၁၂၀

http://www.cherrythitsar.org



ရှိတာပေါ့၊ ဘယ်လောက်ရှုပ်သလဲဗျာ၊ ရှင်ဘုရင်မို့ လုပ်နိုင်တာပေါ့ . . .၊ ကိုင်း လာ ဝင်ကြမယ်'

သို့နှင့် ကိုသောင်းတင်သည် ခွေးကို ဆွဲပြီးလျှင် ရှေ့မှ ဝင်လေရာ ကိုတင်ညွှန့်လည်း နောက်မှ လိုက်သွားရလေ၏။ အတောင် ၄၀ ခန့် သွားမိ တိုင်း လမ်းခွဲ ၃ ခု တွေ့ရသဖြင့် ကိုသောင်းတင်သည် ဂူနံရံမှ အမှတ် အသားများကို မီးအိမ်ဖြင့် မြှောက်ကြည့်၏။ ထို့နောက် ၃ လမ်းအနက်မှ လက်ဝဲဘက်လမ်းအတိုင်း လိုက်လေသည်။

'ကျုပ်ဘေးက ကပ်ပြီးလိုက်ဗျနော် ကွဲကျန်ရစ်ရင် လူချင်းပြန်တွေ့ ဖို့တောင် အတော်ခဲယဉ်းတယ်'

'ဟုတ်တာပေါ့ဗျာ . . . ဒါဖြင့် ခင်ဗျားကော ဘယ်လိုပြန်ထွက် သလဲ'

'ဒါကြောင့် 'ရန်လုံ' ခေါ်လာတာပေါ့ဗျ၊ ရန်လုံက ကျုပ်ထက် လမ်း သိသေးတယ်၊ ပြီးတော့လဲ ဂူနံရံမှာ ကျုပ်သာ သိနိုင်လောက်တဲ့ အမှတ် အသားတွေ လုပ်ထားတယ်'

'မီးအိမ်များ ငြိမ်းသွားရင် အခက်သားနော်'

'ကျုပ်အိတ်ထဲမှာ ဖယောင်းတိုင်နဲ့ မီးခြစ်ပါပါသေးတယ်ဗျာ၊ ခင် ဗျားကော မီးခြစ်ပါသေးသလား ကိုတင်ညွှန့်'

'မပါဘူးဗျာ၊ ကျုပ်က ဆေးလိပ်သောက်တဲ့လူမှ မဟုတ်ဘဲ၊ ဒီ တော့ ကျုပ်ကို ဖယောင်းတိုင်တစ်တိုင်နဲ့ မီးခြစ်တစ်လုံး ပေးထားပါလား'

'ကိစ္စမရှိပါဘူးဗျာ ကျုပ်တို့လဲ မကွဲနိုင်ပါဘူး'

နာရီဝက်ခန့်မျှ ကွေ့ကောက်သော လိုဏ်ခေါင်းလမ်းကလေးများ အတိုင်း သွားမိကြသောအခါ ကျယ်ဝန်းသော အခန်းကြီးတစ်ခုအတွင်းသို့ ရောက်လာကြလေ၏။ အခန်းကြီးမှာ စတုရန်းပေ ၅၀ ခန့် ကျယ်ပြန့်၍ လေးဘက်ရှိ ကျောက်နံရံများ၌ စေတီတော်ရှိ လိုဏ်ပေါက်ကလေးများကဲ့သို့ လိုဏ်ပေါက်များရှိရာ အတွင်း၌ကား ကျောက်စာများနှင့် ကျောက်သားနံရံ ကို ထွင်းထုထားသည့် အရုပ်အမျိုးမျိုးတို့ ရှိနေလေသည်။ ကျောက်သား နံရံတို့၌ပင် ကျောက်များကို ဆစ်ကာ ထွင်းထုထားသည့် ရုပ်လုံးပန်းပြောက် တို့သည် ကြည့်ရှု၍ မဆုံးနိုင်အောင် ရှိနေကြ၏။

'သိပ်ကောင်းတာပဲ ကိုသောင်းတင် သိပ်ထူးဆန်းတာပဲဗျာ'

'ဒီဂူကြီးဟာ ကျုပ်တို့ကျောက်ဆည်မြို့က ဆည်ကြီးတွေကို ဆည် တုန်းက ဖောက်လုပ်ခဲ့တဲ့ ဂူကြီးပေါ့ဗျ . . . ဒီလို ရှေးယဉ်ကျေးမှုမျိုးကို တွေ့တဲ့လူ အင်မတန် ရှားတာကလား'

http://www.cherrythitsar.org



'ရှားဆို ခင်ဗျားတစ်ယောက်ရှိတာပဲဗျ၊ ဒါနဲ့ ကျုပ်တို့လာခဲ့တာ မိုင်ဝက်လောက်တော့ရှိပြီထင်တယ်'

'မကတောင် မကဘူး'

'ထောင့်ချိုးတွေကလဲ မနည်းပါဘူးဗျာ'

'တစ်ရာကျော်ရှိတာပေါ့ ကိုတင်ညွန့်ရဲ'

အခန်းကြီး၏ အမြင့်ကိုကား လက်ဆွဲမှန်အိမ် မီးရောင်ဖြင့် မခန့်မှန်းနိုင်ချေ။ အားလုံးသော လိုဏ်ခေါင်းကလေးများသည် ဤအခန်းတွင် အဆုံးသပ်လျက်ရှိရကား အခန်းကြီး၏ နံရံတွင် ပတ်ပတ်လည်ဝိုင်းရံလျက် ရှိကုန်၏။ ကိုသောင်းတင်က မီးအိမ်ကို မြှောက်၍ပြရာ ကိုတင်ညွန့်လည်း ကျောက်နံရံများပေါ်ရှိ 'မုခ်' ကလေးများအတွင်းတွင် ရှိသော ကျောက်စာချပ်များ ကျောက်သားရုပ်များကို နီးနိုင်သမျှ နီးကပ်စွာ ကြည့်ရှုလျက်ရှိလေသည်။ အလွန်မှောင်သော ဥမင်ကြီး အလယ်တွင်ရှိနေသဖြင့် လက်ဆွဲမီးအိမ်ပင် ဖြစ်လင့်ကစား မီးရောင်သည် ကျောက်သားများအပေါ်တွင် အတော်ထင်ရှားစွာ ကျရောက်လျက်ရှိလေ၏။ ကိုတင်ညွန့်သည် စိတ်အားထက်သန်စွာ ကြည့်ရှုလျက်ရှိရာမှ . . .

'အေးအေးဆေးဆေးများ ကြည့်ရရင် ကောင်းမှာပဲဗျာ၊ တချို့ကို ကျုပ် ကူးတောင်ယူချင်တယ်'

'နောက်တော့ ကူးတာပေါ့ဗျာ၊ အကြာကြီး ခင်ဗျား ကူးနိုင်ပါတယ်၊ ဟိုဘက်ဆုံးထောင့်က မုခ်ပေါက်အပေါ်မှ ထွင်းထားတဲ့ပုံတွေ သွားကြည့်ပါဦး'

ကိုတင်ညွန့်သည် ထောင့်အကျဆုံးသော နေရာသို့ သွားရောက်ကြည့်ရှုလေ၏။

'အဲဒါက နောင်တော် စုက္ကတေးမင်းကို လုပ်ကြံတဲ့အခန်း၊ ဒါနဲ့ ကပ်ပြီးနေတာက စောမွန်လှမင်းသမီးကို ရှမ်းပြည်နယ်က ဆက်တဲ့ အခန်း'

'ဟုတ်ပါရဲ့ . . . ခင်ဗျားမီးအိမ် ကျုပ်ကို ပေးစမ်းပါဦး . . . ကောင်းကောင်းမြင်ရအောင်'

သို့သော် မီးအိမ်ကို မပေးသေးဘဲ ကိုသောင်းတင်က . . .

'အုတ်လှေခါးထစ်တွေရောက်ဖို့ အကွေ့ ဘယ်နှစ်ခုရှိတယ်ထင်သလဲ ကိုတင်ညွန့်'

'လေးဆယ်လောက်ရှိမှာပေါ့'

'ဘယ်ကမလဲဗျ၊ တစ်ရာ့နှစ်ဆယ် ရှိတာပေါ့ . . . ဒီတော့ ထွက်ရမယ့်လမ်းဟာ မှန်ဖို့နဲ့ မှားဖို့ အပုံ ၁၂၀ ပုံရင် ၁ ပုံပဲရှိတယ်'

http://www.cherrythitsar.org



'ဟုတ်တာပေါ့ . . . ကိုသောင်းတင်'

'မီးရောင်ရှိတာတောင် ဒီလောက် ထွက်ဖို့ခက်တဲ့လမ်းကို မီးရောင် မရှိရင်တော့ ဘယ့်နှယ်နေပါ့မလဲ'

'ဘယ်ထွက်နိုင်မလဲ ကိုသောင်းတင် ကျုပ်ဖြင့် စိတ်ကူးတောင် မကြည့်ဝံ့ပါဘူးဗျာ'

'မှောင်တာများဟာ သိပ်ဆိုးတာပဲနော် . . . လူ့စိတ်ကို အင်မတန် ထိခိုက်တယ်ဗျို့၊ ကျုပ် တစ်ခါစမ်းကြည့်ဖူးတယ်ဗျ၊ ဒါကြောင့် ဒီတစ်ခါ စမ်းကြည့်ဦးမယ်'

သို့ပြောဆိုပြီးနောက် ကိုသောင်းတင်သည် လက်ဆွဲမီးအိမ်မှ မီးကို ငြိမ်းလိုက်လေ၏။

မြေအောက်ဥမင်၏ အလယ်တွင် မည်မျှလောက် မှောင်မိုက်သည်ကို ကိုတင်ညွှန့် ပထမဆုံး တွေ့ရလေသည်။ အမှောင်ထုကြီးမှာ ကြီးလွန်းလှ ရကား ခြေတစ်လှမ်း ရှေ့သို့လှမ်းရန်ပင် ခဲယဉ်းလှ၏။

'ဘာလုပ်တာလဲဗျ'

'မှောင်ထဲမှာ ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ စမ်းကြည့်တာလေ . . .'

'တော်ပါတော့ ကိုသောင်းတင် ဒီလောက်စမ်းရရင် တော်လောက် ပါပြီဗျာ . . .'

'ဟဲ . . . ဟဲ . . . ဟဲ'

သို့သော် မီးရောင်မှာ ပြန်၍ လင်းမလာဘဲ ကိုသောင်းတင်၏ ဟက်ဟက်ပက်ပက် ရယ်မောသံသာ ကြားရလေ၏။

'ဘယ့်နှယ်လဲ နေလို့မဖြစ်ဘူးလားဗျ ကိုတင်ညွှန့်'

ကိုတင်ညွှန့်သည် သည်းမခံနိုင်လေဟန်ဖြင့် . . .

'မီးထွန်းပါတော့ ကိုသောင်းတင် ထွန်းပါတော့ဗျာ . . .'

'သိပ်ထူးဆန်းတာပဲ အခု ခင်ဗျား ဘယ်နေရာရောက်နေတယ်ဆို တာ ကျုပ် မပြောနိုင်ဘူး၊ ခင်ဗျားကော ကျုပ်ဘယ်မှာ ရှိတယ်ဆိုတာ ပြော နိုင်သလား'

'မပြောနိုင်ပါဘူးဗျာ၊ လိုဏ်ခေါင်းထဲက ပဲ့တင်သံနဲ့ ခင်ဗျားအသံ ဟာ အရပ်လေးမျက်နှာ ရောက်နေတာပါပဲ'

ရန်လုံ၏ ဟိန်းသံကို တစ်ဖန်ကြားလိုက်ရလေရာ မှောင်မိုက်သော ဂူကြီးအတွင်းတွင် မကောင်းဆိုးဝါးအော်သံကဲ့သို့ ကြောက်မက်ဖွယ် ကောင်း လှပေ၏။

http://www.cherrythitsar.org



'ကျုပ်လဲ ရန်လုံကြောင့် ထွက်နိုင်တာပေါ့ဗျာ၊ သူ့ခြေလက်တွေ မှာ အမဲဆီသုတ်ထားတော့ ဒီအကောင်က ခြေရာကို ကောင်းကောင်းကြီး ပြန်ကောက်နိုင်တယ်ဗျ'

'ဟုတ်တာပေါ့ ကိုင်း ကိုသောင်းတင် ဒီလောက်စမ်းသပ်ရရင် တော်လောက်ရောပေါ့ဗျာ၊ မီးထွန်းပါတော့'

'ကိုတင်ညွန့် ခင်ဗျားကို ကျုပ် တစ်ခုပြောမယ်၊ ခင်ဗျားဟာ စုံထောက်တစ်ယောက်ဗျ၊ စွန့်စားဖို့နဲ့ အခက်အခဲတွေ့ရင် ကျော်နိုင်ဖို့ အရည်အချင်းရှိတဲ့ လူတစ်ယောက်ပဲ၊ ဒီတော့ အခု စွန့်စားဖို့အလုပ်က ထွက်ပေါက် ၁၂၀ ရှိတဲ့အနက် ထွက်ပေါက်အမှန်တစ်ပေါက်ကို တွေ့အောင်ရှာရလိမ့်မယ်၊ ဒုတိယအခက်အခဲ ကျော်လွှန်ဖို့ဆိုတာက ဒီမှောင်ထုကြီးကို ကျော်ပြီး အလင်းရောက်ဖို့ပဲ လှေခါးရှိတဲ့နေရာရောက်အောင် ခင်ဗျား ကြိုးစားပေတော့၊ လူများဟာ ကိုယ်သွားမယ့်လမ်းကို အနှောင့်အယှက်လုပ်ရင် ဖယ်ရှားကြရမြဲပဲဗျ . . . အခုမှတော့ ခင်ဗျားကို ကျုပ်ဖွင့်ပြောခဲ့မယ်။ ခင်ဗျား ငွေစက္ကူမှုနဲ့ လိုက်နေတဲ့လူဟာ တခြားမဟုတ်ဘူးဗျ၊ ကျုပ်ပဲ . . . ငွေစက္ကူလုပ်တဲ့ စက်လဲ တခြားမှာမဟုတ်ဘူး၊ အခု ခင်ဗျားနေရစ်ခဲ့မယ့် လိုဏ်ခေါင်းထဲမှာပဲ ရှိတယ်၊ ဒီတော့ မှောင်ထဲမှာ ခင်ဗျားလိုက်ရှာတာပေါ့ . . . ဟုတ်လား . . . ဟဲ . . . ဟဲ . . .

အလုပ်နဲ့ပတ်သက်လာရင် သူငယ်ချင်းရယ်လို့ မညှာနိုင်ဘူး ကိုတင်ညွန့် . . . ကျုပ်သွားမယ့်လမ်းမှာ ရှုပ်တဲ့လူမှန်သမျှကို ကျုပ်ရှင်းရလိမ့်မယ်'

ကိုတင်ညွန့်သည် ကျယ်လောင်စွာ ဒေါသထွက်သောအသံဖြင့်

'ဟဲ့ခွေး . . . ဟဲ့သစ္စာဖောက်၊ နင့်လောက်ယုတ်မာတဲ့အကောင် ရှိသေးလား၊ ဟင် . . . ကိုင်းကွယ် ငါသေမယ့်အတူတူတော့ မထူးဘူး နင့်ပါ ခေါ်သွားမယ် . . .'

ကိုတင်ညွန့်သည် အင်္ကျီအတွင်းအိတ်ထဲတွင် ထည့်၍ ယူလာခဲ့သော ပစ္စတိုသေနတ်ကလေးဖြင့် ကိုသောင်းတင်ရှိရာအရပ်သို့ မှန်းကာ ၅ ချက်ဆင့်၍ ပစ်လိုက်လေ၏။

သို့သော် ကိုသောင်းတင်ကား ဤသို့ပြုလုပ်မည်ကို တင်ကြို၍ တွေးမိပြီးဖြစ်သည့်အတိုင်း ထိုအချိန်၌ အနီးရှိ အခြားဂူဝအတွင်းသို့ ဝင်၍ သွားလေပြီ၊

'သွားပြီ သူငယ်ချင်း ဒီမှာနေရစ်ပေတော့။ မင်းကို လိုက်ရှာဖို့မပြောနဲ့ မင်းအရိုးကိုတောင် ဘယ်သူမှ တွေ့တော့မယ်မဟုတ်တော့ဘူး'

http://www.cherrythitsar.org



ကိုသောင်းတင်ပြောလိုက်သော အသံကိုကား . . . ကိုတင်ညွှန့်သည် သဲ့သဲ့မျှသာ ကြားရတော့၏။ ထို့နောက် ရန်လုံတစ်ချက်ပေါက်လိုက်သံကိုလည်းကောင်း မှောင်ထဲတွင် တစ်စုံတစ်ရာကို တိုက်မိသဖြင့် ကိုတင်ညွှန့်လဲကျသွားသောအသံကိုလည်းကောင်း နောက်ဆုံးကြားလိုက်ရပြီးလျှင် ဂူကြီး၏ အလယ်ခန်းမကြီးတစ်ခုလုံးမှာ သုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ်၍ သွားလေ၏။

*

စုံထောက်ကိုတင်ညွှန့် ထူးဆန်းစွာ ပျောက်ဆုံးသွားသည်မှာ တစ်လကျော်ကျော်မျှပင် ကြာရှိခဲ့လေပြီ။ သို့သော် ဤကိစ္စကို မြို့ပေါ်က လူများ မသိကြချေ။ ပုလိပ်ဘက်မှလည်း မိမိတို့ ရှေ့ရေးအတွက် တတ်နိုင် သမျှ လျှို့ဝှက်၍ ထားခဲ့လေသည်။ ကိုသောင်းတင်မှာ သူ၏ ချစ်လှစွာသော သူငယ်ချင်းအတွက်ဟု ဆိုကာ မြို့ပေါ်နှင့်တကွ ရွာနီးချုပ်စပ် မကျန် ပုလိပ်အရာရှိအချို့နှင့်အတူ လျှို့ဝှက်စွာ လိုက်လံစုံစမ်းလျက်ရှိသဖြင့် ကိုသောင်းတင်အပေါ်တွင် ပုလိပ်ဘက်မှ တစ်စုံတစ်ရာ သင်္ကာမကင်းမဖြစ်ခဲ့ချေ။ ဌာနအုပ် ဦးသာတင့်ကိုယ်တိုင်ပင် ကိုသောင်းတင်အပေါ်၌ ကိုတင်ညွှန့် ပျောက်ဆုံးမှုနှင့် ပတ်သက်၍ တစ်စုံတစ်ရာ သင်္ကာမကင်း မရှိခဲ့ချေ။ ကိုသောင်းတင်မှာ ကုန်စည်များကို လိမ်လည်သွင်းယူတတ်ကြောင်း ပိုက်ဆံကြေးငွေအမြောက်အမြား ရမည်ဆိုက မည်သည့်အလုပ်အကိုင် အရောင်းအဝယ်မဆို စွန့်စားပြုလုပ်တတ်သည့် သူတစ်ယောက်ဖြစ်ကြောင်းကို ပုလိပ်များက သိ၏။ သို့သော် ငွေစက္ကူတုများ ပေါ်ပေါက်လာခြင်းကိစ္စနှင့်သော်လည်း ကောင်း ထိုကိစ္စအတွက် ရန်ကုန်ပုလိပ် စုံထောက်ဌာနမှ အထူးစေလွှတ် သည့် ကိုတင်ညွှန့် ပျောက်သွားသည့်ကိစ္စနှင့် ပတ်သက်၍သော်လည်း ကောင်း ကိုသောင်းတင်အပေါ်တွင် တစ်စုံတစ်ရာ သံသယမရှိကြချေ။ ထို့ ပြင်လည်း ကိုသောင်းတင်မှာ မိမိ၏ ဆိုးရွားယုတ်မာမှုများကို ပေါင်းသင်းဆက်ဆံခြင်းဖြင့်လည်းကောင်း၊ ထည်ဝါတည်တံ့သော မျက်နှာထားဖြင့်လည်းကောင်း ပျားရည်တမျှ ချိုအေးသာယာလှသော စကားလုံးများဖြင့်လည်းကောင်း ဖုံးအုပ်၍ ထားနိုင်ခဲ့သည်သာ ဖြစ်လေသည်။

တစ်လခွဲခန့်မျှ ကြာသောအခါ တစ်နေ့သောနံနက်တွင် ဌာနအုပ် ဦးသာတင်အိမ်အတွင်းသို့ မိန်းမတစ်ယောက် ဝင်လာပြီးလျှင် ကိုသောင်းတင်သည် မြို့မြောက်ဘက် ၃ မိုင်ခန့်ကွာသော တောင်ခြေ၌ ဝက်ဝံများ

http://www.cherrythitsar.org



ထောင်သည့် တွင်းထဲသို့ ခြေချော်၍ ကျသွားလေရာ အောက်၌ စိုက်ထား သော ညှောင့်သည် ဝမ်းဗိုက်ကို ထုတ်ချင်းခတ်စူးဝင်သွားသဖြင့် အူများပင် ထွက်လျက်ရှိကြောင်း၊ ထိုအကြောင်းကို ဝက်ဝံထောင်သူများက တွေ့သဖြင့် ကိုသောင်းတင်အိမ်သို့ လာရောက်သတင်းပေးကြောင်း ပြောဆိုလေ၏။ ထို မိန်းမကား ကိုသောင်းတင်၏ ဇနီးမစောရင်ပင် ဖြစ်လေသည်။ မစောရင် သည် လှည်းတစ်စီး ငှားပြီးလျှင် ကိုသောင်းတင်ရှိရာသို့ အမြန်သွားရောက် ရာ ကိုသောင်းတင်က ဌာနအုပ် ဦးသာတင့်အား အမြန်ခေါ်ပေးရန် ပြောသ ဖြင့် ယခု လာရောက်ခေါ်ငင်ခြင်းဖြစ်ကြောင်းနှင့် ပြောပြလေ၏။

ဌာနအုပ် ဦးသာတင့်လည်း ဆပ် အင်စပိတ်တော် တစ်ယောက်နှင့် အတူ မြင်းကိုယ်စီဖြင့် တောင်ခြေသို့ အပြင်းစိုင်း၍သွားလေရာ ဝမ်းဗိုက် ပေါက်နေသည့်ဒဏ်ရာကြီးမှ အူများပင် အခွေလိုက်ထွက်နေသည့် ကိုသောင်း တင်ကို တွေ့ကြရလေ၏။ ကိုသောင်းတင်မှာ ဝေဒနာကို အပြင်းအထန်ခံစား ၍ နေရသော်လည်း သတိကောင်းစွာ ရလျက်ပင်ရှိသေးရာ သူကိုယ်တိုင် စုံထောက်ကိုတင်ညွန့်အား ဥမှင်လေးဆယ်ဂူသို့ လှည့်ပတ်ခေါ်သွားပြီးလျှင် ထားခဲ့ကြောင်း ဝန်ခံရုံမျှမက ငွေစက္ကူ အတုလုပ်သောစက်နှင့် ကိရိယာ တန်ဆာပလာများကို ဤဂူကြီးအတွင်းတစ်နေရာ၌ ထားခဲ့ကြောင်း ထုတ် ဖော်ပြောပြလေ၏။

ကိုသောင်းတင်ပြောပြချက်အရ ပုလိပ်ဘက်မှ ရှာဖွေသောအခါ ဥမှင်လေးဆယ်ခေါ် မြေအောက်လိုဏ်ခေါင်းကြီးကို တွေ့ရ၍ ထိုအထဲတွင် စုံထောက်ကိုတင်ညွန့် အဝတ်အစားများနှင့် တကွ ၎င်းအတွင်းမှ အသား အကြွင်းအကျန်များနှင့် အရိုးစုများကို တွေ့ရှိရလေသည်။

အထက်ပါ အထုပ္ပတ္တိမှာ ကိုသောင်းတင်၏ သေတမ်းစစ်ချက်မှ ကောက်နုတ်ဖော်ပြချက်များပင်တည်း။

**၁၉၅၃ ခုနှစ်၊ ဇူလိုင်လ၊**
**သွေးသောက်မဂ္ဂဇင်း။**

# ကလိမ်ချုံစားပြမှုကြီး

ရဲတို့၏ အလုပ်ဝတ္တရားမှာ နေပူမိုးရွာမရှောင် အိမ်ကြိုအိမ်ကြား မရှောင် နေ့ညအချိန်မရွေး ထမ်းဆောင်ကြရ၏။ "လူကောင်းသူကောင်း များ၏ မိတ်ဆွေ လူဆိုးများ၏ ရန်သူ" ဖြစ်ကြ၏။ သို့ဖြစ်၍ ရဲတို့၏တာဝန် များမှာ ဘေးအန္တရာယ်များ လှပေသည်။

တနေ့သော ညနေစောင်း နေဝင်ရီတရောအချိန်၌ ကျွန်တော်သည် မော်တော်ကားတိုက်မှု တစ်ခုနှင့် ပတ်သက်၍ အစိုးရဘက်မှ သက်သေခံနိုင်မည့် သက်သေတစ်ယောက်ကို ရှာဖွေရန် (...) လမ်းထဲသို့ ဝင်လာခဲ့၏။ ယမန်နေ့က ထိုလမ်းထိပ်တွင် အတန်ငယ်လူပြတ်သည့်အချိန်၌ ကားတိုက်မှု တစ်ခုဖြစ်ပွားခဲ့ရာ ကားသည် မရပ်ဘဲ မောင်းပြေးသဖြင့် ထိုလမ်းထဲတွင်နေသော ... တရုတ်ကပြားကြင်စိန်ဆိုသူသည် ကားနံပါတ်ကို မှတ်မိလိုက်ကြောင်း သတင်းရရှိသည့်အတိုင်း ကျင်စိန်နေသော အိမ်ကိုရှာဖွေရန် ဝင်လာခဲ့ခြင်းဖြစ်သည်။ ကျင်စိန်မှာ ထိုလမ်းထဲ၌နေကြောင်း သတင်းအမှန်အကန် ရရှိသော်လည်း အိမ်နံပါတ်ကိုကား မည်သူမျှ မသိချေ။ သို့ဖြစ်ရကား အိမ်ပေါက်စေ့လိုက်၍ မေးရပေတော့မည်။

ထိုလမ်းမှာ တရုတ်–ကုလား–မြန်မာမှစ၍ လူပေါင်းစုံ နေထိုင်လျက်ရှိရာ တိုက်တစ်တိုက်တွင် အခန်းပေါင်းများစွာရှိရုံမျှမက တိုက်

http://www.cherrythitsar.org



ပျက်များ၊ တိုက် တစ်လုံးနှင့် တစ်လုံးကြားတွင် ကွက်လပ်များ တဲအိမ်ငယ်များ၊ ကားဂိုဒေါင်များ ရှိသဖြင့် တိုက်ပိုင်ရှင်ကိုယ်တိုင် နေထိုင်သောအဆောက်အအုံဟူ၍ မရှိသ လောက် ဖြစ်ပြီးလျှင် အိမ်ငှားနေထိုင်သူများသာ များလေသည်။

တိုက် ၆ လုံးရှိအခန်းများကို မေးပြီးဖြစ်ရာ ကျင်စိန်ကို သိသူဟူ၍ မတွေ့ရချေ။ သို့ဖြစ်၍ ကျွန်တော်သည် မျက်နှာချင်းဆိုင်ဘက်သို့ လှည့်ပြီးလျှင် ပထမ–ဒုတိယ–တတိယ–စတုတ္ထတိုက်များကို မေးပြန်ရာ အဖြေမှာ အထက်ကနည်းတူပင်ဖြစ်တော့၏။ ပထမအဆောက်အအုံသို့ ရောက်၍ ပိတ်ထားသော တိုက်တံခါးကို ခေါက်လေ၏။ တစ်မိနစ်မျှ ဆိတ်ငြိမ်လျက်ရှိသဖြင့် ဤအခန်းတွင် လူမရှိပါလေ၏လောဟု စဉ်းစားရင်း နောက်တစ်ကြိမ်ခေါက်ပြီးနောက် ခေတ္တမျှစောင့်ဆိုင်းလျက်ရှိစဉ် အခန်းတံခါးတစ်ဖက် ပွင့်လာပြီးနောက် အသက် ၅၀ ကျော်ခန့်ရှိ အဒေါ်ကြီးတစ်ယောက်၏ ဦးခေါင်းသည် အပြင်သို့ပြူထွက်လာ၏။ မိန်းမကြီးမှာ သန့်ရှည်မွန်ရည် သည့် အသွင်အပြင်ရှိ၏။

'ဘာကိစ္စလဲ မောင်၊ ခဏစောင့်ရတာ သည်းခံပါနော်၊ တံခါး မဖွင့်ခင် လူဆိုးလူကောင်းဆိုတာ အပေါက်ကလေးက ချောင်းကြည့်ရသေး တယ်မောင်ရဲ့'

'ဟုတ်တာပေါ့ခင်ဗျာ၊ အခုလို ကျွန်တော်အနှောက်အယှက် ပေးရတာ ဝမ်းနည်းပါတယ်'

'အိမ်ထဲဝင်ပါဦးလေ'

'မဝင်တော့ပါဘူးခင်ဗျာ၊ သတင်းလေးတစ်ခု မေးချင်လို့ပါ'

'ဝင်သာဝင်ပါမောင်၊ ကိစ္စမရှိပါဘူး၊ ခဏလေးအမောပြေထိုင်ဦး ပေါ့'

သို့နှင့်ကျွန်တော်သည် ကျင်စိန်၏အကြောင်းကို နှုတ်မှမထွက်နိုင်ခင်ပင် အဒေါ်ကြီးခေါ်ရာ အိမ်တွင်းသို့ လိုက်ပါသွားရလေ၏။ ကျဉ်းမြောင်းရှည်လျား၍ မှုံမွှားမွှားမျှသာ အလင်းရောင်ရှိသော အခန်းငယ်တစ်ခုကို ဖြတ်သန်း သွားရပြီးနောက် အတော်အတန်ကျယ်ဝန်းသော အခန်းတစ်ခုသို့ ရောက်လာ ၏။ ထိုအခန်း၌လည်း အခန်းအလယ်ရှိ စားပွဲဝိုင်းတစ်လုံးအပေါ် တည့်တည့်တွင် မီးအုပ်ဆောင်းဖြင့် ထွန်းထားသော ဓာတ်မီးလုံးတစ်ခုသာရှိ၏။ အသက် ၅၀ကျော် ၆၀နီးပါးခန့်ရှိ ဆံမုတ်ဆိတ်များ ဖြူဆွတ်လျက် အဘိုးကြီးတစ်ယောက် ထိုင်လျက်ရှိလေသည်။ အဘိုးကြီးသည် ကျွန်တော်တို့ ဝင်လာသည်ကို မြင်သောအခါ နေရာမှထလိုက်၏။

http://www.cherrythitsar.org



'ဟောဒီမှာ ကိုသာနိုးရဲ့၊ ဒီသူငယ်က . . .'

'ကျွန်တော့်နာမည် မောင်မြင့်မောင်ပါတဲ့၊ ( . . .) ရဲ့ဌာနက ရဲအုပ်တစ်ယောက်ပါ'

အိမ်ရှင်များမှာ အသက်အရွယ်ကြီးရင့်သူများဖြစ်သည့်ပြင် အနေအထိုင် အပြောအဆိုမှစ၍ လူကြီးလူကောင်းများ ဖြစ်ဟန်တူသဖြင့် တစ်ကြောင်း၊ ကျွန်တော်နာမည်ရင်းနှင့် အလုပ်အကိုင်ပါ ဟုတ်မှန်သည့်အတိုင်း ဖွင့်၍ပြောလိုက်၏။

အဘိုးကြီးအမည်မှာ ဦးသာနိုးဖြစ်၍ အမယ်ကြီးမှာ ဒေါ်နှင်းပုံဖြစ်ကြောင်း သိရ၏။ အပြောအဆို အနေအထိုင်မှစ၍ ရိုးသားပုံပေါ်၍ အေးချမ်းစွာ နေထိုင်ကြသော အညာသူအညာသားများ ဖြစ်ဟန်တူလေသည်။ အမယ်ကြီးသည် နောက်ဖေးဆောင်သို့ ခေတ္တဝင်သွား၍ ပူနွေးသောကော်ဖီများကို ယူလာရာ ကျွန်တော်လည်း သူတို့၏ လောကဝတ်ကြေပွန်ခြင်းကို လက်ခံလိုက်ရတော့၏။ ထိုနောက် ကော်ဖီသောက်ရင်း ယမန်နေ့ ကားတိုက်မှုမှ ဆက်၍ ကျင်စိန်ဆိုသူသက်သေကို လာရောက်ရှာဖွေခြင်း ဖြစ်ကြောင်းဖြင့် ကျင်စိန်၏ပုံသဏ္ဌာန်ကို ပါပြောပြလေသည်။

'ဒီမှာ ကိုသာနိုးရဲ့၊ ကျုပ်တို့တိုက်တောင်ဖက် တစ်တိုက်ကျော်က အခန်းမှာ တရုတ်ကပြားလေးတစ်ယောက် ရှိတယ်မဟုတ်လား၊ အိမ်ရှေ့ရေစက်မှာ နေ့တိုင်းရေချိုးတဲ့ သူငယ်လေ'

'မဟုတ်ပါဘူးကွယ်၊ ဒီသူငယ်က အရပ်ပုပုပဲ။ ဟောဒီရဲအုပ်မင်းလိုချင်တဲ့လူက အရပ်ရှည်ရှည်တဲ့'

'ဟုတ်ပါတယ် ခင်ဗျာ'

'မျက်နှာချင်းဆိုင်တန်း အိမ်ထောင်ပရိဘောဂဆိုင်က တရုတ်ကလေးများ ဖြစ်နေမလား မပြောတတ်ဘူး ရှင်မရေ'

'မဟုတ်ပါဘူးတော်၊ သူ့နာမည်က ဘွန်ပြင်းဆိုလား၊ ဘွန်ပြောင်းဆိုလား၊ ကျင်စိန်တော့ မဟုတ်ပါဘူး၊ ကျုပ် သိပါတယ်'

ထိုနောက် သူတို့အချင်းချင်း စိတ်ဝင်စားစွာ ကျွန်တော်အလိုရှိသော ကျင်စိန်နှင့် ရုပ်ရည်ချင်းတူသူများကို ရှာဖွေပြောဆိုလျက် ရှိကြရာ ယခုခေတ်တွင် ယခင်စစ်မဖြစ်မီ အချိန်ကကဲ့သို့မဟုတ်ဘဲ၊ ရဲအရာရှိများအား တတ်အားသမျှ ကူညီလိုသော စိတ်ဆန္ဒများလူထုစိတ်ဓာတ်တွင် ကိန်းအောင်းလာပြီဖြစ်ကြောင်း သိရသဖြင့် ကျွန်တော်လည်း တွေး၍ဝမ်းမြောက်မိ၏။

ထိုခဏ၌ ကျွန်တော်၏ နောက်ကျောကို တစုံတရာအေးစက်မာကျောသော အရာဝတ္ထုကလေးတစ်ခု လာ၍ထောက်လိုက်သည်ကိုလည်း

http://www.cherrythitsar.org



ကောင်း၊ "မတ်တပ်ရပ်လိုက်" ဟူသော ကြောက်မက်ဖွယ်ကောင်းသော အသံတစ်သံကိုလည်းကောင်း ကြားလိုက်ရ၏။

ကျွန်တော်သည် မတ်တပ်မရပ်နိုင်သေးချေ . . . ။ ဟုတ်မှုဟုတ်ပါမည်လောဟု စဉ်းစားတွေဝေလျက်ရှိ၏။ ကျွန်တော်၏ ဦးဏှောက်များမှာ အံ့အားသင့်ခြင်းဖြင့် တွေဝေလျက်ရှိ၏။ ဦးသာနိုးတို့ လင်မယားအား စူးစိုက်ကြည့်နေမိ၏။ သူတို့သည် မျက်နှာမပြောင်းဘဲ ဖေါ်ရွေသော အမူအရာများနှင့်ပင် ရှိနေသေးရာ၊ ကျွန်တော်မှာ အစဉ်းစားရခက်လှ၏။ ငါ အိမ်မက်မက်နေတာလား၊ ဟုတ်နိုင်ပါမလား" ဟုပင် တွေး၍နေမိ၏။

'မတ်တပ်ရပ်လေ ပြောနေတာ မကြားဘူးလား'

ကျွန်တော်၏ နောက်ကျောကို ထောက်ထားသော မာကျောသော သေနတ်ပြောင်းဝကလေးသည် . . . အသားထဲသို့ပင် မြုပ်ဝင်လုမတတ် ထောက်လာ၏။ သို့နှင့် ကျွန်တော်လည်း နေရာမှထလိုက်ပါသည်။

'ဒီလူကို ရှာစမ်း . . . အဘိုးကြီး'

ဟု သေနတ်ကိုင်သူက ကွဲအက်စူးရှသော အသံကြီးဖြင့် အမိန့်ပေးလိုက်၏။ သို့နှင့် ဦးသာနိုးဆိုသူသည် ကျွန်တော်၏ အင်္ကျီအိတ်များကို စမ်းသပ်လေ၏။ လက်နက်ဟူ၍ တစုံတရာမပါကြောင်း သိရသောအခါ၊ အင်္ကျီအိတ်များထဲတွင် တွေ့ရသော တိုလီမိုလီပစ္စည်းကလေးများကို စားပွဲပေါ်၌ တင်ထားလိုက်လေသည်။

'ဒီဘက်လှည့် . . . လက်မြှောက်ထား'

ကျွန်တော်သည် အသံရှင်ဘက်သို့ လှည့်လိုက်ရ၏။ ခြောက်လုံးပြူးကိုင်ထားသူမှာ အတော်ပင်အရုပ်ဆိုးသူတစ်ယောက်ဖြစ်၍ အသက်မှာ ၃၅နှစ် ခန့်သာ ရှိပေလိမ့်မည်။ ပါးများချိုင့်ဝင်လျက် မေးရိုးနှစ်ဖက်သည် ရှေ့သို့ခပ် ငေါငေါထွက်ကာ မျက်နှာတစ်ခုလုံးသည်လည်း ဝက်ခြံများဖြင့် ပြည့်လျက်ရှိပြီးလျှင် မျက်လုံးများသည်လည်း ဖျော့တော့တော့မွဲခြောက်ခြောက်အရောင် ရှိလေသည်။

'ခင်ဗျား ကျုပ်သိလား'

'မသိဘူး'

'လူလိမ် သက်သက်ညာတာ'

ကျွန်တော်လည်း စကားဖက်၍ မပြောလိုသဖြင့် ခပ်မဆိတ်နေလိုက်၏။

'ဒါဖြင့်လဲ မကြာခင်သိရစေ့မပေါ့'

ထိုအခိုက်တွင် "ကိုဖိုးလုံး" ဟု အဝေးမှ လှမ်းခေါ်သောအသံက

http://www.cherrythitsar.org



လေးတစ်သံကိုကြားလိုက်ရ၏။ အသံကလေးမှာ မိန်းကလေးတစ်ယောက်၏ ချိုသာရွှင်ပျသောအသံဖြစ်၍ တံခါးတစ်ခု၏နောက်ကွယ်မှ ပေါ်လာလေ သည်။ အသံကလေးမှာ ကြည်လင်ပြတ်သားရုံမျှမက နူးညံ့၍ သာယာလှပေ သည်။

'ကိုဖိုးလုံး ဒီကိုလာပါဦးရှင်'

'ဘာလုပ်မလို့လဲဟေ့'

'သူ ဒီကိုရောက်နေပြီ'

'အေး လာမယ်၊ အဘိုးကြီး ဒီအကောင်ကောင်းကောင်း ကြည့်ထား နော်'

ကိုဖိုးလုံးသည် တခါတည်းစကားဆက်၍ အဘိုးကြီးအား အမိန့် ပေးလိုက်လေသည်။

မုတ်ဆိတ်မွေးများဖွါလျက် ရိုးသားဟန်လက္ခဏာဖြင့် အညာသား ကဲ့သို့ အသွင်အပြင်ရှိနေခဲ့သော အဘိုးကြီးသည် ခါးထဲမှ အနက်ရောင် ခြောက်လုံးပြူးသေနတ် အကြီးစားတစ်လက်ကို ရုတ်တရက်ဆွဲထုတ်လိုက်ပြီး လျှင် ကျွန်ုပ်အား ချိန်ထားလိုက်၏။

အဘိုးကြီးဟုပင် ဆိုရသော်လည်း ဖြောင့်စင်း၍ တောင့်တင်း ကျစ်လျစ်သော ကိုယ်လုံးကိုယ်ပေါက်ရှိသူဖြစ်၏။

'ထိုင်လေ . . . မောင်ဘယ်သူတဲ့၊ သြော် မောင်မြင့်မောင်'

ဟုပင် ကျွန်ုပ်၏မျက်နှာကို ခပ်ပြုံးပြုံးကြည့်ယင်း အမယ်ကြီးက ဝင်၍ပြောလိုက်သေး၏။ ကျွန်ုပ်လည်း ကုလားထိုင်တွင် ထိုင်ချလိုက်လေ သည်။

ထိုခဏ၌

'ဟေ့ . . .ဘာဖြစ်နေကြတာလဲကွဲ့ . . .မောင်ဖိုးလုံး'

ဟု ပြောလိုက်သော အခြားအသံတစ်သံကို တံခါးဆီမှ ကြားရလေ သည်။

'ဖြစ်တာ မပြောနဲ့တော့ ဆရာရေ၊ ဒီအကောင်တွေ ကျွန်တော်တို့ ကို အနံ့ခံမိနေပြီလေ၊ အခုတင်ကလေးကပဲ ကျွန်တော်အပြင်က ပြန်အလာမှာ လမ်းထိပ်တိုက်ခန်းတွေကစပြီး ဒီရဲဘော်ဟာ တစ်အိမ်ဆင်းတစ်အိမ်တက် လိုက်ပြီး စုံစမ်းနေတာ ကျွန်တော်နဲ့အမြဲ နှစ်ယောက်စလုံးမြင်ရတယ်၊ ဒီ ရဲဘော်က စုံထောက်ဘက်ကဆရာ၊ တခါက အင်းစိန်မှာ မိတ်ဆွေတစ် ယောက်က ပြလို့ ကျွန်တော်မှတ်မိတာပေါ့၊ အခုတော့ ကျွန်တော်တို့ လက်ထဲ ရောက်နေပါပြီ'

http://www.cherrythitsar.org



'ဒါပေမယ့် မောင်ဖိုးလုံး၊ မင့်ကိုယ်မင်း ဒီလောက်ထင်ထင်ပေါ်ပေါ် မလုပ်သင့်ဘူး၊ တခြားလူတွေလုပ်လိမ့်မပေါ့ကွယ်'

'ဒါပေမယ့် ဒီလူက ကျွန်တော်တို့အကြောင်း သိနေပြီဟာ ထူးဦးမှာလား'

'ထူးတယ်ကွ၊ ထူးတယ် . . . မင်းလုပ်ပုံ မိုက်တယ်ကွယ်'

'အောင်မယ်၊ မိုက်တယ် မိုက်တယ်တဲ့ ဟုတ်စ . . . သူများလုပ်သမျှ ခင်ဗျားမကောင်းတာချည်းပဲ၊ တော်ပါဗျာ၊ ဒီအလုပ်တွေ ဘယ်သူဒိုင်ခံလုပ်နေသလဲ'

'ဒီမှာ ကိုဖိုးလုံး၊ တော်ပါတော့ရှင်'

ထိုအချိန်၌ စက္ကူရွက်များကို ဆွဲယူသံများ၊ လေးလံသော ဝတ္ထုပစ္စည်းများချသံများ ကြားရပြီးနောက် ယခင်အသံကပင် ဆက်လက်၍

'မင်း တစ်ခုတော့ မှန်တယ်ဟေ့၊ ကိုယ်တို့လူက ( . . .) ဌာနကရဲ့အုပ်ပဲ၊ သူ့ပစ္စည်းထဲမှာ မှတ်ပုံတင် ကပ်ပြားကလေးတွေ့ပြီ'

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ၊ ဟင်'

'အဖြေက အလွယ်ကလေးပဲ၊ ဖျောင်ပစ်လိုက်ရုံပေါ့ နောက်ပြီး တော့'

'နောက်ပြီးတော့ ကိုယ်လည်ပင်းကိုယ်ကြိုးကွင်းစွပ်ကြားလား'

ပြောင်လှောင်စွာ ရယ်မောပြီးနောက် ဖိုးလုံးက

'ဟား . . .ဟား . . .ဟား တို့မိတ်ဆွေဟာ ဟိုတုန်းက တို့လုပ်ခဲ့တဲ့အကြောင်းတွေ မသိဘူး မင်းကထင်သလား'

'မင်းဟာ အင်မတန်မိုက်မဲတဲ့အကောင်၊ မြည်းနဲ့အတူတူပဲ၊ ဦးနှောက်မရှိဘူး၊ တို့ကြံမဲ့အကြံကို သူသိရင် အသုံးမကျပါလား၊ ပြီးတော့ သူဒီနေရာကို လာတယ်ဆိုတာ သူ့လူတွေကကော မသိဘူးတဲ့လား၊ ဒီတော့ သူ့ကိုသတ်ပစ်လိုက်လို့ ဘာအကျိုးရှိမလဲ ဖိုးလုံးရယ်၊ ကြိုးနဲ့တုပ်ပြီး ချည်ထားခဲ့ရင် တော်ရော့ပေါ့ မောင်ဖိုးလုံးရယ်၊ စိတ်ချရပါတယ်ကွဲ့ . . . သူ့အဖေါ်လာရှာရင် အလွန်ဆုံးမနက်ဖြန်ပေါ့'

ထိုစကားကို ကြားရသောအခါ

'အင်း ငါ့ဘက်လိုက်မယ့်သူ တစ်ယောက်ရှိလို့ တော်သေးရဲ့'

ဟု ကျွန်တော်အောက်မေ့မိပါသည်။ သို့သော် ကျွန်တော်၏အခြေအနေမှာ လူဆိုးများလက်တွင်းသို့ လုံးဝရောက်နေသဖြင့် စိတ်မချရသေးပါ။

'ဒီမှာ ကျွန်တော်တစ်ခုပြောမယ်ဆရာ၊ ဆရာမေးချင်တာ မေးပြီး ဖျောင်ပစ်လိုက်ပေါ့ ဆရာရဲ့၊ ကျွန်တော့်ကို သူသိသွားပြီ မဟုတ်လား၊

ဒါကြောင့် သူ့ကို အရှင်ထားရင် စကားရှည်နေမယ်၊ ဒီတော့ တခါထဲ စကား မပြောနိုင်အောင် လုပ်လိုက်ရင် ပြီးတာပဲ၊ ကျွန်တော့်အတွက်လဲ ကြည့်ဦးမှ ပေါ့'

'ကိုဖိုးလုံး၊ အကျိုးအကြောင်း စဉ်းစဉ်းစားစားလုပ်နော်'

'ဟေ့ မောင်ဖိုးလုံး၊ မင်းဆင်ခြေပေးတာတွေ ငြင်းနေဖို့အချိန်မရှိဘူး ကွဲ့၊ မင်းက ဒီလို အကျိုးနဲ့အကြောင်းနဲ့ ပြောလို့ရတဲ့ လူစားမျိုး မဟုတ်ဘူး၊ မင်းနားမလည်ဘူး ဒီတော့ မင်းနားလည်သလိုပြောမယ်၊ ဒီလူသေရင် မင်းသေရမယ်သာ မှတ်ထား၊ ကဲ ရှင်းပြီးလား'

အတန်ကြာ ငြိမ်သက်လျက်ရှိ၏။ ထိုနောက် စိုးမိုးသော အသံရှင် သည် စကားကို တိုတောင်းစွာ ဖြတ်၍ပြောလိုက်ရာ ကျွန်တော့်မှာ ဖြတ်ခနဲ လန့်၍ သွားမိ၏။

'ဒီအဘိုးကြီးနဲ့ အမယ်ကြီးကို အရင်သွားပေစေ . . .၊ ဟောဒီ ရဲဘော်ကို မင်းကကြည့်နေ မောင်ဖိုးလုံး၊ စိတ်ချရအောင် ကြိုးနဲ့တုပ်လိုက် စာချုပ်နဲ့ မန်းနီတွေကို ငါစီစဉ်ပြီး ထုပ်ရဦးမယ်၊ နောက်နာရီဝက်အကြာမှာ တို့များဒီက အပြီးသွားမှာပဲ'

ထိုအခါ ကိုဖိုးလုံးသည် ညည်းညည်းညူညူနှင့် ရောက်လာပြီး လျှင် ကျွန်တော့်အား ခြောက်လုံးပြူးသေနတ်တစ်လက်နှင့် ချိန်ထား၏။ ထိုနောက် လူကြီးတစ်ယောက်အား ခေါင်းငဲ့၍ပြလိုက်ရာ၊ အဘိုးကြီးနှင့် အမယ်ကြီးသည် ဆရာလုပ်သူရှိသော အခန်းဘက်သို့ ကူးသွားကြလေသည်။

ကိုဖိုးလုံးသည် တံခါးဆီမှ ကြိုးတစ်ချောင်းကိုယူခဲ့ပြီးလျှင် ကျွန် တော်အား နောက်မှီမြင့်သော ကုလားထိုင်တစ်လုံးနှင့် ရစ်ပတ်တုပ်နှောင်တော့ ၏။ ပါးစပ်ကိုလည်း ကုလားထိုင်ကူရှင်ဖုံးသော အဝတ်စိမ်းကြီးဖြင့် ချည် နှောင်ထား၏။ ထိုနောက် လမ်းမဘက်တံခါးကို ညင်သာစွာပိတ်လေရာ၊ ထိုခဏ၌ အပေါ်ထပ်မှ ဖေါ့၍နင်းသော ခြေသံများကို ကြားရလေသည်။

ကိုဖိုးလုံး၏ မျက်လုံးများမှာ တစ်စုံတရာကောက်ကျစ်စဉ်းလဲသည့် အကြံဉာဏ်ရသကဲ့သို့ တောက်ပလာ၏။ အသံခပ်အုပ်အုပ်ဖြင့်

'အမြရေ'

အခြားအခန်းတစ်ဖက်မှ

'ဘာလဲ ဘာလုပ်မလို့လဲ'

'ဒီကိုလာဦး'

'အို မလာချင်ပါဘူး၊ သူရှိ . . .'

'သူ . . . ဘာဖြစ်ရဦးမှာလဲ၊ လာပါကွဲ့'

http://www.cherrythitsar.org



ခြား၍ထားသော အခြားအခန်းဘက်မှ ရုပ်တိုက်သော ခြေသံသဲ့သဲ့ ကြားရပြီးနောက် . . .၊ မိန်းမပျိုတစ်ယောက်သည် ကျွန်တော့်အား တုပ်နှောင် ထားရာ အခန်းထဲသို့ ဝင်လာလေ၏။ မိန်းမပျိုမှာ အသက် (၁၈)နှစ်ထက် ကြီးဦးမည်မဟုတ်ပေ၊ အပြာနုရောင်ဂျော်ဂျက်အင်္ကျီလက်ပြတ်၊ ဘရိုကိတ်လုံ ချည်၊ လက်ဝဲဘက်လက်တွင် ရွှေလက်ပတ်နာရီကလေးဖြင့် သပ်ရပ်စွာပြင် ဆင်လျက် ရှိ၏။ အသားမဖြူမညို မျက်နှာသွယ်သွယ်နှင့် အတော်ပင် ချော မောလှပသူကလေးဖြစ်ရာ၊ ဖျတ်လက်သွက်လက်၍ ရဲရင့်သော အမူအရာ လည်း ရှိ၏။ ကိုယ်လုံးကိုယ်ပေါက်မှာ ကျစ်လျစ်၍ အချိုးအစားပြေပြစ်သူက လေးဖြစ်လေသည်။ မျက်လုံး ၂ လုံးမှာမူ မမှောင်မလင်းရှိနေသော မီးရောင်တွင် မြွေဟောက်၏ မျက်လုံးကဲ့သို့ ကြောက်မက်ဖွယ်ကောင်းအောင် အရောင်ထွက်လျက်ရှိလေသည်။

ကျွန်တော့်မှာ ပုပုဝဝ ခေါင်းတုံးဆံထောက်နှင့်ဖြစ်၍ ကုလားထိုင် နှင့် ပူးကာ၊ ဝက်တစ်ကောင်ကဲ့သို့ တုပ်နှောင်သည်ကို မြင်ရသောအခါ၊ အမြသည် ကျွန်တော့်ဘက်သို့ လှည့်၍ပြုံးလိုက်သေး၏။ ထိုနောက် ကိုဖိုးလုံး နှင့် မျက်နှာချင်းဆိုင် လိုက်လေသည်။

'ကိုင်း၊ ကိုဖိုးလုံး ရှင်ဘာပြောချင်လိုလဲ'

ကိုဖိုးလုံးသည် ခြေသံများ ကြားလျက်ပင် ရှိသေးသော အပေါ်ထပ် ကို တချက်မျှမော်ကြည့်ကာ နာစွင့်၍ ထောင်လိုက်ပြီးနောက် တီးတိုးလေသံ ဖြင့်

'နိုပ်ထည့်လိုက်ရုံပေါ့ . . . ဘယ်နှယ့်လဲ'

ထိုစကားကြားလိုက်ရသောအခါ၊ အမြ၏ မျက်နှာမှာ အတော်ပင် ရွှင်၍လာသော်လည်း တစုံတရာကို တွက်ချက်မှန်းဆနေဟန်တူ၏။

'အားလုံးတစ်သိန်းလောက် ရှိတယ်၊ ဒီအထဲက သုံးပုံးတစ်ပုံဟာ ကျွန်မဝေစုပေါ့၊ အဲဒီတော့ကျွန်မ ကိုယ်လွတ်ရုန်းထွက်ဖို့ ခက်တယ် မဟုတ် လား၊ ကိုဖိုးလုံး'

လွန်ခဲ့သော ၂ရက်လောက်ကပင် မဂိုလမ်းကုလားသူဌေးတစ်ဦး တိုက် ကို နောက်ဖေးဘက်မှ လူဆိုးများဖေါက်၍ "အလုံခန်း" မြေတိုက်ထဲမှ ငွေသား တစ်သိန်းခန့်နှင့် အစိုးရအာမခံစာချုပ်များကို ခိုးယူသွားသော တိုင်ချက်ကို ကျွန်တော်သတိရလိုက်မိ၏။

'ဒီဟာတွေ ထားစမ်းပါ၊ တစ်သိန်းစလုံး တို့နှစ်ယောက် အပိုင်စီး နိုင်ရင် မကောင်းဘူးလား'

'ဘယ်လိုလုပ်မလဲ၊ ကိုဖိုးလုံးရဲ့၊ မဖြစ်နိုင်တာ'

http://www.cherrythitsar.org



'ဘာမဖြစ်နိုင်ရမှာလဲ၊ ဖြစ်အောင်ကြံရင် ဖြစ်ရမှာပေါ့၊ ကိုဖိုးလုံးတာဝန်ထားလိုက်၊ ဒီတော့မင်း ဖိုးလုံးနောက်လိုက်မလား၊ ကိုဖိုးလုံးဟာ မြ့အပေါ် စိတ်ကောင်းသဘောကောင်း ရှိတယ်ဆိုတာ မြသိပါတယ်ကွယ်'

'နို့ပေမယ့် သူ့ကို ကိုဖိုးလုံး မချုပ်မိသမျှ မတတ်နိုင်ဘူး၊ သူ့အကြောင်း ကျွန်မသိတယ် ကိုဖိုးလုံး ကျွန်မနောက်ကို သူမလိုက်နိုင်မှ နေရာကျမှာ'

'အို ဒီဟာတွေ ကျုပ်ကြံမယ်၊ သူမလိုက်နိုင်အောင် ကျုပ်လုပ်မယ်၊ ပြီးတော့ ကျုပ်နောက်ကို လိုက်မယ်ဆိုတာ တကယ်ပြောနေတာလား မြရယ်'

ထိုနေရာ၌ အမြသည် နှုတ်ဖြင့် ပြန်မပြောဘဲ သူ၏သေးသွယ် သောလက်ကလေးနှစ်ဖက်ကို ဆန့်တန်းပေးလိုက်လေသည်။ ကိုဖိုးလုံးသည် လက်နှစ်ဖက်ကို ဖြည်းညင်းစွာ ဆွဲယူပြီးနောက် လက်ဖမိုးကလေးကိုယုယစွာ နမ်းရှုပ်လိုက်၏။ ကျွန်တော့်အနေနှင့် မိန်းမပျို၏ အမူအရာကို ယုံကြည် မိ၏။ ကိုဖိုးလုံးက အမြအား စေ့စေ့ကြည့်ပြီးနောက်

'လုပ်ရမှာက . . . '

ကိုဖိုးလုံးသည် စကားကို ရှေ့သို့မဆက်တော့ဘဲ ဖြုံးခနဲ ရပ်လိုက်၏။ ထိုခဏ၌ အခြားဘက်ခန်းမှ ခြေသံကြားလိုက်ရပြီးလျှင် စိုးမိုးသောအသံရှင်၏ စကားပြောသံကို ကြားလိုက်ရ၏.။

'ခက်တာပဲကွယ်၊ မင်းတို့ကို နည်းနည်းကလေးမှ စိတ်မချရဘူး။ အဲဒီလို အခြေအနေနဲ့ ဘယ်လိုလုပ်ပြီး ငါသွားရမလဲ၊ ဟော့ အမြ မင်းကဟိုဘက်ခန်းသွားပြီး ပုလိပ်တော်မင်းကို မျက်နှာပြနေပြန်တာလား'

'ကိုဂွမ်တိတ်နော် . . . မြကို မဟုတ်တာ မပြောနဲ့၊ ကိုဂွမ်တိတ်လည်ပင်းကို ဘာမှကြိုးကွင်းစွပ်စရာမရှိဘူး'

ကြိုးများဖြင့် တုပ်နှောင်ထားရာမှ ကျွန်တော်သည် လည်ပင်းကိုတတ်နိုင်သမျှလှည့်၍ နောက်သို့ပြန်ကြည့်လိုက်ရာ၊ အခန်း ၂ ခန်းကို ခြား၍ထားသော ခန်းဆီးအလယ်မှ ခွဲသွားပြီးနောက် ကျွန်တော်တို့ရှိနေသော အခန်းထဲသို့ လူတစ်ယောက်ဝင်လာသည်ကို မြင်လိုက်ရ၏။ ထိုသူမှာ ပုပုဝဝနှင့် အရပ်ခပ်ပြတ်ပြတ်ရှိပြီးလျှင် မျက်နှာမှာ တရုတ်တစ်ယောက်၏ မျက်နှာဖြစ်လေသည်။ သက္ကလပ် ဘောင်းဘီရှည်၊ ကော်လာတပ်ပိုးရှပ်အင်္ကျီ၊ ကုတ်အင်္ကျီ၊ သားရေပြောင် ရှူးဖိနပ် စသည့်ဖြင့် ဥရောပတိုက်သားရှုံးလောက်အောင် သပ် ယပ်ကျနစွာ ဝတ်ထား၏။ သူသည် အခန်းအလယ်၌ အုပ်ဆောင်းဖြင့် ထွန်း ထားသော ဓာတ်မီးရောင်အောက်သို့ပင်ရောက်လာ၏။ ကျွန်တော်၏အသက် ကို ချမ်းသာရာရရန် ဟန့်ထားခဲ့သော လူဆိုးဗိုလ်ပင်

http://www.cherrythitsar.org



ဖြစ်တော့၏။ သူ၏လက်တစ်ဖက်၌ကား သားရေအိတ်တစ်လုံးကို ဆွဲထား လေသည်။

အမြသည် သူတို့အထဲတွင် ခေါင်းဆောင်ဖြစ်ဟန်တူသော 'ငွမ်တိတ်' ဆိုသူ တရုတ်အား 'ကြာကြည့်' ကြည့်လျက် ပြုံးပင်ပြုံးလိုက် သေး၏။

အမြကား ဆရာရောတပည့်ပါ ဖမ်းစားလျက်ရှိနေကြောင်း ကျွန် တော်သဘောပေါက်မိ၏။

တရုတ်သည် ကျွန်တော့ဘက်ကို လှည့်ကြည့်ပြီးနောက်

'တို့တတွေကို သူမမှတ်မိပါဘူးကွယ်'

ဟု နှစ်ယောက်စလုံးအား ပြောလိုက်၏။

'ဟင်း . . .ထင်သလား ကိုငွမ်တိတ်။ အကောင်းဆုံးကတော့ တခါ ထဲ လက်စသတ်ဖျောက်ပစ်ရင် အကောင်းဆုံးပဲ၊ သေတဲ့လူများဟာ စကားမ ပြောဘူးဆို မဟုတ်လား'

'မဟုတ်ဘူး မောင်ဖိုးလုံး မဟုတ်ဘူး၊ သတ်တာ ဖြတ်တာတွေ ကျုပ် မလိုချင်ဘူး'

'ကိုဖိုးလုံးဟာလေ ကိုယ်မလုပ်ချင်ဘဲနဲ့ လုပ်ချင်သလိုချည်းပြောနေ တာပဲ'

ကိုဖိုးလုံး၏ မျက်နှာမှာ ရဲခနဲဖြစ်၍သွားလေ၏။ အမြနှင့်ယခင်က တိုင်ပင်ထားသည်ကို ပြေး၍သတိရသောကြောင့်ပေလော မပြောတတ်။ အမြ၏ ဩဇာအာဏာသည် သူ၏အသည်းနှလုံးကို လွှမ်းမိုးနေဟန်တူ၏။ သူသည် တရုတ်အနီးသို့ ချဉ်းကပ်သွားလေသည်။ သူ၏အရပ်အမောင်းကြီး မှာ ငွမ်တိတ်၏ ဦးခေါင်းပေါ်မှာ စီး၍နေလေသည်။

တစ်ခန်းလုံး ငြိမ်သက်လျက်ရှိ၏။ ငွမ်တိတ်သည် တောက်ပမည်း နက်သော မျက်လုံးကလေး ၂ လုံးဖြင့် ဖိုးလုံးအား မော်ကြည့်လိုက်၏။ အေးစက်သော အမူအယာမှ ကြမ်းကြုတ်သော အမူအရာကို ပြောင်းသွား၏။ ဖိုးလုံးကြီး၏ နှုတ်ခမ်းများသည် တွန့်လိမ်မဲ့ရွဲ့၍ သွားသည်ကို မြင်လိုက် ရ၏။ ကျွန်တော်သည် ထိုအချိန်၌ မိန်းကလေးကိုပင် သတိမေ့လျက်ရှိရာ 'ခစ်' ခနဲ လှောင်ပြောင် ရယ်မောလိုက်သော အသံကို ကြားမှသတိရလာ၏။ သူ၏ရယ်သံမှာ ပြောင်လှောင်ရယ်မောသော ရယ်သံဖြစ်လေသည်။ ဖိုးလုံး၏ အသည်းနှလုံးထဲသို့လည်း ဓားသွားကဲ့သို့ ဝင်သွားဟန်တူ၏။

ဖိုးလုံးသည် နွားတွန်သကဲ့သို့ ပါးစပ်မှ မြည်လိုက်ပြီးနောက် လက်ျာဖက်လက်သီးဖြင့် ငွမ်တိတ်၏ ပွင့်လင်းသော မျက်နှာအလယ်တည့်

http://www.cherrythitsar.org



တည့်သို့ တအားထိုးလိုက်၏။ တရုတ်သည် လက်သီးအရှိန်ဖြင့် နောက်သို့ ၂ လှမ်း ၃ လှမ်း မျှယိုင်၍ သွားပြီးလျှင် အခန်းထောင့်တစ်ထောင့်တွင် ခွေကျသွားလေ၏။ သို့သော် ပုံ၍ကျမသွားမီပင် သူ၏လက်ထဲ၌ ၆ လုံးပူးသေနတ်တစ်လက်ကိုကိုင်၍ ဖိုးလုံးအား ချိန်ထားပြီးလေသည်။ တရုတ်၏ လှုပ်ရှားမှုမှာ လျှပ်စစ်ကဲ့သို့ လျှင်မြန်လှ၏။

အေးဆေးသော အသံဖြင့်

'ကိုင်း ဒီကိစ္စတော့ နောက်မှမင်းနဲ့ငါနဲ့ စာရင်းရှင်းတာပေါ့ကွယ်။ မင်းလက်ထဲက သေနတ်ဟာ ချလိုက်ပါ'

ထိုအချိန်၌ ကိုဖိုးလုံးမှာ မိမိခါးမှ သေနတ်ကို တဝက်တပျက်မျှသာ ဆွဲထုတ်ယူရသေးသဖြင့် ကြမ်းပေါ်သို့ချလိုက်ရလေသည်။ ကျွန်တော်သည် မိန်းကလေး၏ မျက်နှာကို ကြည့်လိုက်သောအခါ မဲ့ရွဲ့၍ ပြုံးသလိုဖြစ်သွားသည်ကို မြင်လိုက်ရသေး၏။

ထိုအခါ ကျွန်တော်သည် တစုံတရာကို ကောင်းစွာသတိပြုလိုက်မိ၏။ မိန်းမပျိုအနီး၌ ရှိနေသော စားပွဲပေါ်တွင် ယခင်သူတို့နှစ်ယောက် သတ်ပုတ်ခြင်းမပြုမီက စာအုပ်တစ်အုပ်နှင့် မဂ္ဂဇင်းအချို့ရှိရာ၊ ယင်းတို့မှာ စားပွဲပေါ်၌ယခု မရှိတော့ပြီ။ မိန်းမပျိုနှင့် ၂ ပေပင် မကွာသောနေရာ၌ ဝှမ်တိတ်၏ ခရီးဆောင် လက်ဆွဲသားရေအိတ်ရှိ၏။ ထိုသားရေအိတ်ထဲတွင် သူတို့ပြောဆိုနေသော စာချုပ်စာတမ်းများနှင့် ငွေတစ်သိန်းရှိနေလိမ့်မည်။ ထိုပစ္စည်းများနေရာတွင် စာအုပ်နှင့်မဂ္ဂဇင်းများ အစားထိုးရောက်၍ နေချေပြီလော။ မိန်းကလေးသည် အလစ်တွင် ငွေနှင့်အဖိုးတန်စာချုပ်များကို ထုတ်ယူနိုင်ရန် သူတို့နှစ်ဦးအား ရန်တိုက်ပေးခြင်း ဖြစ်ကောင်းဖြစ်ပေ လိမ့်မည်။ ယင်းအဖိုးတန်စာချုပ်နှင့် ငွေများကို မိန်းမပျိုသည် သူ၏ ပါးလျား ကိုယ်ထဲ၌လည်း ထည့်ထားရန်မဖြစ်နိုင်၊ ကျွန်တော်သည် စုံထောက်ဉာဏ် ဖြင့် စဉ်းစားလိုက်၏။

စားပွဲ၏ အခြားဖက်၌ တစ်ယောက်အိပ်ခုတင်တစ်လုံးရှိ၍ အနီရောင်စောင်ကြမ်းတစ်ထည်ကို ကြမ်းသို့ထိအောင် ဖုံး၍ခင်းထား၏။ ကျွန်တော်၏မျက်လုံးများသည် မိန်းမပျို၏မျက်လုံးများနှင့် သွားရောက်တွေ့ဆုံသောအခါ ပြုံးယောင်ယောင်ရှိနေသည်ကိုလည်း မြင်လိုက်ရ၏။

တရုတ်သည် ဖိုးလုံး၏သေနတ်ကို ကောက်၍သူ၏ကုတ်အင်္ကျီ အိတ်ထဲသို့ ထည့်လိုက်၏။

"ဒီမှာကွဲ့ မောင်ဖိုးလုံး၊ မင်းငါ – ငါနဲ့အမြကို ဒီနေရာက မြန်မြန်ထွက်သွားနိုင်အောင် ကူညီတဲ့အတွက်ကြောင့်သာပေါ့ကွယ်၊ နို့မဟုတ်

http://www.cherrythitsar.org



ရင် မင့်မိုက်ပြစ်ကို မင်းလက်ငင်း ခံရပြီးသားပဲ၊ နို့ပေမယ့် မင့်ကို အခွင့်အရေး တစ်ခု ထပ်ပေးဦးမယ်၊ ဘယ်နှယ့်လဲဟေ့ အမြ၊ ဒီအကောင်ကြီးကို မင်း ဘာတွေများ အကြံဉာဏ် ပေးထားသေးသလဲ"

'မပေးရပါဘူး ကိုဝွမ်တိတ်ရယ်၊ ပေးလို့လဲ ရမယ့် လူစားမျိုး မဟုတ်ပါဘူး'

'အေး ဟုတ်တယ်၊ မင်းပြောတာ မှန်တယ်'

သို့ပြောပြီးနောက် ဝွမ်တိတ်သည် စားပွဲရှိရာသို့ လာပြီးလျှင် သားရေ အိတ်ကို ဆွဲယူလိုက်၏။ ထို့နောက် အိတ်ထဲမှ ဖိုးလုံး၏ သေနတ်ကို ထုတ် လိုက်ပြီးလျှင် မောင်ဖိုးလုံးလက်သို့ ကမ်းလျက် . . .

'ရော့ မင်းသေနတ်ကို ပြန်ယူ . . . ငါတို့သွားကြမယ်၊ ဒီရဲဘော်ကို တော့ အဘိုးကြီးနဲ့ အမယ်ကြီးက ငါပြောထားသလို ကြည့်စီမံပါလိမ့်မယ်'

သို့နှင့် သုံးဦးသားတို့သည် ကျွန်တော့်အား ပြန်၍မျှပင်မကြည့်ဘဲ အခန်းထဲမှ ထွက်သွားကြလေ၏။

မကြာမီ ခေါင်းဆောင်တရုတ် "ဝွမ်တိတ်" ဆိုသူသည် အခန်းတွင်း သို့ ခြေဖျားထောက်၍ ဝင်လာသည်ကိုတွေ့မြင်ရသဖြင့် ကျွန်တော့်မှာ အံ့အားသင့်၍ ကြည့်နေမိ၏။ ထိုထက် အံ့သြဖွယ်ကောင်းသည်မှာ သူ၏ လက်တစ်ဖက်၌ ဓားမြှောင်တစ်လက်ကိုလည်းကောင်း၊ အခြားတစ်ဖက်၌ ခြောက်လုံးပြူးသေနတ်တလက်ကိုလည်းကောင်း . . . ကိုင်လာခြင်းပင် ဖြစ်လေသည်။ သူသည် ကျွန်တော်၏ အသက်သခင်ပင် မဟုတ်လော။

သူသည် ကျွန်တော့်အနီးသို့ ချဉ်းကပ်လာပြီးနောက် ကျွန်တော့် ကိုယ်ပေါ်တွင် တုပ်ထားသောကြိုးကို ဓားမြှောင်ဖြင့် တချက်နှစ်ချက်ဇေ့ရမ်း လိုက်ရာ လက်ယာဘက် ကြိုးတစ်ချောင်းမှာ အတန်ငယ်လျော့သွားသည်ကို သတိပြုမိ၏။ ထိုနောက် သေနတ်ကို ကျွန်တော်၏ (၃) ပေခန့်အကွာ၌ ချထား ပြီးလျှင် . . .

'ဖိုးလုံး ပြန်လာလိမ့်မယ်'

ဟု ကျွန်တော်၏ နားနားသို့ ကပ်၍ ပြောပြီးနောက် လျင်မြန်စွာ ထွက်သွားလေ၏။

လမ်းမဘက်သို့ ထွက်သောတံခါးသည်ပြန်၍ပိတ်သွားရာ ကျွန် တော်လည်း တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။ ကျွန်တော်ကိုယ်မှ ကြိုးများကို တခါတည်း ဖြတ်သွားခြင်း မဟုတ်ပေ၊ သို့သော် လက်ျာဖက် လက်မှ ကြိုးမှာ အတန်ငယ် လျော့သွားသဖြင့် ကြိုးပမ်းအားထုတ်က လက်ျာဘက် လွတ်မြောက်ကောင်း လွတ်မြောက်ပေမည်။ 'ဖိုးလုံး ပြန်လာ

http://www.cherrythitsar.org



လိမ့်မယ်' ဟု ပြောခြင်းနှင့် သေနတ်ကို ချထားခဲ့ခြင်းမှာ လေးနက်သော အဓိပ္ပါယ်ရှိရပေမည်။ ကျွန်တော်က ဖိုးလုံးအလာကို စောင့်၍ပစ်ထည့်ရန် ရည်ရွယ်ချက်ပင်ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ သူသည် ကျွန်တော်၏ အသက်ချမ်းသာရန် ရေးမဆွ ကာကွယ်ခြင်းဖြစ်ဟန်တူ၏။ လက်နက်ကို ကျွန်တော်၏လက်ထဲသို့ မထည့်ဘဲ လက်လှမ်းမမီတမီ၌ ထားခဲ့ခြင်းနှင့် ကြိုးကို လျော့ခဲ့ခြင်းမှာလည်း သူထွက်သွား ချိန်ရရန်နှင့် သေနတ်ကို နောက်မှယူနိုင်ရန် စီမံပြုလုပ်ခဲ့ခြင်းနှင့် တူ၏။ လမ်းရှုပ်နေ သော ကိုဖိုးလုံးကို လမ်းရှင်းရန် ကျွန်တော်အား လက်နက်ကောင်းသဖွယ် အသုံးပြုခြင်းပင်ဖြစ် တော့၏။

အချိန်များစွာ မရှိချေ။ ကိုဖိုးလုံးသည် အချိန်မရွေး ရောက်လာနိုင်သည်။ သို့နှင့် ကျွန်တော်သည် လကျ်ာဘက်လက်ကို အနှောင်အဖွဲ့မှ ရုန်းထွက်လျက်ရှိရာ တစ်မိနစ်အကြာတွင် ပြေသွားတော့၏။ သို့သော် ကိုယ်ကို ကုလားထိုင်နှင့် တုပ်ချည်ထားသော ကြိုးကာ ခိုင်မြဲလျက်ပင်ရှိ၏။ ကျွန်တော်၏အသက်မှာ သေနတ်ရရှိရေးတစ်ခုပေါ်၌သာ တည်လျက်ရှိ၏။ ထိုခဏ၌ တံခါးဆီမှ ခြေသံများကို ကြားရလေရာ ကျွန်တော်လည်း ကုလားထိုင်ခြေထောက်များအောက်မှ ဝမ်းလျားထိုးလိုက်ရာ လေးလံသော ကုလားထိုင်ကြီးသည် ကျွန်တော်၏ ခါးတစ်ပိုင်းကို ပိလျက်ရှိတော့၏။ သို့သော် သေနတ်ကိုကား လက်ထဲတွင် အုပ်ကိုင်မိလေပြီ။

မထင်ရှားသော မီးရောင်၌ လူတစ်ယောက်သည် ခပ်ဖြည်းဖြည်း ဝင်၍လာရာ ထိုသူမှာ ဖိုးလုံးပင် ဖြစ်တော့၏။ သူ၏လက်၌ကား ပြောင်လက်သော အရာတစ်ခုကို မြင်လိုက်ရ၏။ စိတ်ချလောက်သော ပစ်ကွင်းအတွင်းသို့ ရောက်သည်နှင့် တပြိုင်နက် ၎င်း၏ရင်ဝဆီသို့ ချိန်ဆကာ သေနတ်မောင်းကို ဖြုတ်လိုက်လေ၏။ ဖိုးလုံးသည် "အင်း" ခနဲ လေရှည်ဆွဲကာ တစ်ချက်မျှသာ အောင်နိုင်လျက် လက်နှစ်ဖက်ဖြင့် လည်ပင်းကို ဖျစ်ရင်း နေရာမှာပင် ပုံလျက်သား ကျသွားလေသည်။

လူတစ်ယောက်အား သွေးအေးအေးတွင် မပစ်ခတ်လိုသော်လည်း မိမိကိုယ်ကို ကာကွယ်သည့်အနေဖြင့် မလွှဲမရှောင်သာ ပြုလုပ်လိုက်ရလေပြီ။

ကျွန်တော်၏ မှန်းဆချက်အရ အမြဲသည် ဂွမ်တိတ်၏ သားရေအိတ်ထဲမှ အဘိုးတန် စာချုပ်များနှင့် ငွေများကို အလစ်တွင် ယူထားလိုက်ပြီး နောက် အိပ်ရာခင်းအနီးဖုံးထားသော ခုတင်အောင်၌ ဝှက်ထားလိုက်ဟန်တူ၏။ သို့နှင့် သူသည် ငွေများကို ယူရန် မုချပြန်လာလိမ့်မည်။ သို့သော် ဖိုးလုံးကား သူ့ထက်စော၍ ရောက်လာလိမ့်မည်။ အကယ်၍ ဂွမ်တိတ်

http://www.cherrythitsar.org



ကိုယ်တိုင် တွေ့ရှိစေကာမူ၊ အမြဲသည် သူကိုယ်တိုင် တစ်ပတ်ရိုက်မှုကို ဖိုးလုံးအပေါ်တွင် ပုံချနိုင်သည် မဟုတ်ပါလော။ မည်သို့ပင်ဖြစ်စေ အချိန်မကြာမီအတွင်း အမြဲမှုချပြန် လာမည်ဟု ကျွန်တော်တွက်မိ၏။ ကြိုးများကို ဖြေ၍ရသည်နှင့် တစ်ပြိုက်နက် ကျွန်တော်သည် ကုလားထိုင်အောက်မှ ရုန်းထွက်ကာ ခုတင်ဆီသို့ ပြေးသွားလေ၏။ ခုတင်အောက်၌ကား စာအိတ်ရှည်ကြီးတစ်လုံးနှင့်အတူ ၁၀၀ တန် ၁၀ တန်၊ ၅ ကျပ်တန်များကို ကျွန်တော် ထင်သည့်အတိုင်း တွေ့ရတော့၏။ သို့နှင့် ကျွန်တော်လည်း ငွေစက္ကူစည်းများကို ကုလားထိုင်ဖုံးသော အဝတ်နှင့် ထုပ်ပြီးလျှင် ဖိုးလုံး၏ အလောင်းရှိရာသို့ ပြန်လာခဲ့၏။ ထို့နောက် အလောင်းဘေးမှ ကပ်ကာ အပြင်သို့ ထွက်သောအခန်းရှည်ကြီးတစ်လျှောက် ထွက်လာခဲ့လေသည်။

ရှေ့တွင်မည်ကဲ့သို့ လုပ်ရမည်ကို စိတ်ကူးယင်း ခေတ္တရပ်လိုက်၏။ သူတို့သည် အပြင်မှ ချောင်းမြောင်း၍ နေကောင်းနေလိမ့်မည်။ သို့ဖြစ်၍ အပြင်သို့ထွက်သော တံခါးကို မြင်နိုင်လောက်သည့် နေရာချောင်ကောင်းကောင်းတစ်ခု၌ ခို၍နေရန် စိတ်ကိုပိုင်းဖြစ်လိုက်၏။

အပေါ်ထပ်သို့ တက်သော လှေခါးမှာအတွင်းဘက်၌ရှိရာ မှောင်ရိပ်ကျသော ချောင်တစ်ခုဖြစ်၍နေရာ ကျွန်တော်လည်း ထိုနေရာမှ စောင့်ဆိုင်းလျက်ရှိလေ၏။

ကျွန်တော်၏လက်တွင် သေနတ် ၂ လက်ရှိ၏။ ၎င်းအနက်မှ ဖိုးလုံးကို ပစ်လိုက်သောယမ်းတောင့်တစ်တောင့်သာ အသုံးပြုရသေးသဖြင့် ယမ်းတောင့် ၁၂ တောင့် ကျန်ပေလိမ့်မည်။ သို့နှင့် သေချာသည်ထက် သေချာစေရန် "ဂွမ်တိတ်"ပေးသော သေနတ်ကို မောင်းချိုး၍ ဆုံလည်ဖင်ဘုတ်ကို လက်က စမ်းကြည့်မိ၏။ မောင်းဖြုတ်သည့်နေရာနှင့် တည့်တည့်၌သာပစ်ပြီး ယမ်းတောင့်အခွံကို တွေ့ရ၏။ ဂွမ်တိတ်ကား သူ့ကိုပြန်၍ ရန်မူမည်စိုးသဖြင့် ယမ်းတောင့်တစ်တောင့်တည်းသာထည့်၍ သေနတ်ကို ပေးခဲ့ခြင်းဖြစ်၏။

ကျွန်တော်သည် ထိုသေနတ်ကို ကြမ်းပြင်ပေါ်တွင် အသာချထားလိုက်ပြီးနောက် ဖိုးလုံးထံမှ ရသောသေနတ်ကို ကြည့်ပြန်၏။ ထိုသေနတ်၌ကား၊ ယမ်းတောင့်တစ်တောင့်မျှ မပါချေ။ ဂွမ်တိတ်သည် ဖိုးလုံးအား သေနတ်ပေးစဉ်က ယမ်းတောင့်အားလုံးကို ထုတ်ယူထားလိုက်ဟန်တူ၏။ ဤသို့လျှင် ကျွန်တော့်မှာ ငွေထုပ်ကြီးပိုက်၍ အပြင်သို့လည်း မထွက်ဝံ့၊ ခုခံရန်ဟူ၍လည်း၊ လက်နက်တစုံတရာမရှိဘဲ၊ မှောင်ထဲတွင် တစ်ကိုယ် တည်း ရှိနေတော့၏။ အဖိုးတန် စာချုပ်များနှင့် ငွေထုပ်ကြီးသာလျှင် ကျွန်

http://www.cherrythitsar.org



တော်၏ လက်နက်ဖြစ်သည့်အတိုင်း ယင်းတို့အား လုံခြုံသောနေရာ တစ်နေရာတွင် သိုဝှက်၍ ထားရပေမည်။ ယင်းသည်ပင် ကျွန်တော့်အတွက် လက်နက်ကောင်းတစ်ခုဖြစ်တော့၏။

သို့နှင့် ကျွန်တော်သည် လမ်းဘက်မှ လှေခါးဆီသို့ ထိုးနေသော ဓာတ်မီးရောင်ကိုရှောင်ရှားကာ အပေါ်ထပ်သို့ တက်သွားလေသည်။ ကျွန်တော့်အား တုပ်နှောင်ထားစဉ်က ဂွမ်တိတ်သည် အပေါ်ထပ်တွင် ရှိနေ သည်ကို သိရသဖြင့် အပေါ်ထပ်သို့ ရောက်၍ငွေထုပ်ကို ဝှက်ရန်နေရာ ရှာဖွေစဉ် အနီးမှ မှန်ပြတင်းတစ်ချပ်သည် လေတိုက်၍ပွင့်သွားသဖြင့် ကျွန် တော်လည်း ပြူတင်းပေါက်မှကြည့်လိုက်ရာ၊ ၁၀ ပေ၊ ၁၂ ပေခန့်မျှသာ ကွက်လပ်ခြားနေသော တိုက်တစ်တိုက်၏ နောက်ဖေးဆောင် အမိုးပြားကလေးကိုစီး၍ မြင်နေရ၏။ ထိုအမိုးမှာ တိုက်မကြီးခေါင်မိုးနှင့် သီးခြားရှိနေသဖြင့် လူများအသုံးပြုဟန် မတူချေ။ သို့နှင့် ကျွန်တော်လည်း ငွေတစ်သိန်းခန့်ပါရှိသော အထုပ်ကို ကျစ်လျစ်အောင်ပြန်၍ ထုပ်ပြီးနောက်၊ အမိုးပြားပေါ်သို့ ပစ်တင်လိုက်၏။

ထိုနောက် ကျွန်တော်လည်း ဓာတ်မီးများကို ဖွင့်ပြီးလျှင် ပက်လက်ကုလားထိုင်ပေါ်တွင် ခြေဆင်းလဲလူထိုင်ကာ စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်ယင်း အဖမ်းခံရန် ရန်သူများအား စောင့်ဆိုင်းလျက်ရှိလေ၏။

ကျွန်တော်မျှော်လင့်သည့်အတိုင်းပင် မကြာမီဖြေးညင်းစွာ နင်းလာသော ခြေသံများကိုကြားရပြီးနောက်၊ သေနတ် ၂ လက်ကိုင်ထားသော အမြသည် ကျွန်တော်ရှိရာသို့ ရှေ့ရှုလာလျက်ရှိ၏။ ကျွန်တော်၏ အေးဆေးသော အမူအရာကို မြင်သောအခါ တန့်ခနဲ ဖြစ်သွားသေး၏။

'ဒီမှာ ကိုဂွမ်တိတ် တွေ့ပြီ . . . တွေ့ပြီ'

ချက်ခြင်းလိုပင် ကိုဂွမ်တိတ်သည် နောက်မှရောက်လာ၍

'ဖိုးလုံးဟာ စာချုပ်နဲ့ ငွေတွေကို ဘယ်လိုလုပ်လိုက်သလဲ'

ဟု ဒုံဒိုးမေးလိုက်လေသည်။

ကျွန်တော်က အေးဆေးစွာဖြင့်

'ခင်ဗျား အမျိုးသမီးမေးကြည့်ပါလားဗျ'

ဂွမ်တိတ်မှာ မျက်နှာမပျက်သော်လည်း တစ်ကိုယ်လုံး တုန်လှုပ်သွားဟန်ရှိလေသည်။

'သူတို့နှစ်ယောက်စလုံး ခင်ဗျားကို တပတ်ရိုက်တာဗျ၊ ခင်ဗျား မသိသေးဘူးလား'

'ရှင် လူလိမ်'

http://www.cherrythitsar.org



အမြသည် သေနတ်ကိုင်ရင်း ကျွန်တော့်ဆီသို့ တစ်လှမ်းတိုးလာရာ၊ ဂွမ်တိတ်က မျက်နှာထားနှင့် ကြည့်လိုက်မှ ခြေလှမ်းများ တန့်သွားလေသည်။ ကျွန်တော့်စကားများကို ကြားရသည်နှင့်တပြိုက်နက် ဂွမ်တိတ်မျက်လုံးများမှာ ဓာတ်မီးရောင်အောက်တွင် မြွေ၏မျက်လုံးများကဲ့သို့ ဝင်းခနဲလက်ခနဲတောက်ပလျက်ရှိ၏။ ထို့နောက် မိန်းခလေးအား . . .

'သြော် . . . ဟုတ်လား၊ ဒီလိုကိုး . . . '

'ငွေထုပ်ကို သူတို့ ဘယ်မှာထားသလဲ'

ကျွန်တော်မဖြေနိုင်မီ မိန်းကလေးသည် ဂွမ်တိတ်၏ ပါးနားသို့ ထိလုမတတ်ကပ်လျက် . . .

'အခုမှတော့ အမှန်ဖွင့်ပြောပါတော့မယ် ကိုဂွမ်တိတ်ရယ်။ သားရေအိတ်ထဲက ကျွန်မကိုယ်တိုင် နှိုက်ယူပါတယ်။ နှစ်ယောက်စလုံးကို ကျွန်မတစ်ပတ်ရိုက်ဖို့ပါပဲ၊ ပြီးတော့ ဒီငွေထုပ်ကို ခုတင်အောင်ပစ်သွင်းပြီး ဝှက်ထားခဲ့တာ အခုမရှိတော့ဘူး'

မိန်းကလေး၏လေသံမှာ စိတ်အားထက်သန်လွန်းသဖြင့် ဂွမ်တိတ်ပင် ယုံကြည်သွားဟန် လက္ခဏာရှိလေသည်။ တရုတ်ကား မိန်းကလေးကို စွဲမက်နေဟန်တူ၍ ဖိုးလုံးနှင့် သစ္စာဖောက်သည်ကို ခွင့်မလွှတ်နိုင်စေကာမူ ခိုးယူခြင်းကိုမူ ခွင့်လွှတ်နိုင်မည့် လက္ခဏာရှိ၏။

'သူပြောတာ တစ်ဝက်တပျက်တော့မှန်ပါတယ်၊ ငွေကို ခုတင်အောက်ဝှက်ထားတာတော့ မှန်ပါတယ်။ ငွေကို ခုတင်အောက်ဝှက်ထားလိုက်တာ သူပဲ။ နို့ပေမယ့် ဒီအကြံထဲမှာ ဖိုးလုံးဆိုတဲ့သူ ပါတယ်ဗျ။ ခင်ဗျာ့ကို လက်သီးနဲ့ထိုးအောင် ရန်တိုက်ပေးတာလဲ သူပဲ၊ အဲဒီလို ခင်ဗျားတို့နှစ်ယောက် ဖြိုးဖြိုးဒိုင်းဒိုင်း ဖြစ်နေတုန်း အမှတ်တမဲ့နှိုက်ယူတာပေါ့ . . .'

'သိပ်လူပါးဝတဲ့သူ'

ပြောကာ မိန်းကလေးသည် သေနတ်ကို ပြင်၍ ကျွန်တော့်ဘက်ကို လှည့်လိုက်ရာ တစ်ခါဖြင့် ကိစ္စချောပေပြီဟု ကျွန်တော်အောက်မေ့လိုက်၏။ သို့သော် ဂွမ်တိတ်၏လက်များမှာ လွန်စွာလျင်မြန်သဖြင့်၊ အမြ၏လက်ထဲမှ သေနတ်နှစ်လက်စလုံးကိုပင် ကျင်လည်စွာ သိမ်းယူလိုက်လေသည်။ ထို့နောက် ကျွန်တော့်ဘက်ကို လှည့်လျက် . . .

'ကိုင်း မိတ်ဆွေ၊ ငွေတွေ ဘယ်မလဲဆိုတာ ပြောပေတော့'

'ဟာ ဒီလိုနဲ့ ဘာရမလဲ'

'ဒီမှာ မိတ်ဆွေ၊ ကျုပ်ဟာလူသတ်သမားတစ်ယောက် မဟုတ်ဘူး၊ ကျုပ်တို့ဂိုဏ်းမှာ သေနတ်တွေပေါပေမယ့် အရမ်းပစ်ဖို့ ကျုပ်ခွင့်မပြုဘူး၊

http://www.cherrythitsar.org



ကျုပ် လုခဲ့ တိုက်ခဲ့တာများလှပြီ၊ လူ့အသက်တစ်ချောင်း မသတ်ခဲ့ဘူး၊ ဒီတော့ သာသာကြည်ကြည်နဲ့ပြောပါမိတ်ဆွေ၊ မိတ်ဆွေလဲ ဉာဏ်အမြော်အမြင်ရှိတဲ့ စုံထောက်ကြီးတစ်ယောက်ပဲ၊ ဒီလိုဆိုလဲ အပေးအယူ လုပ်ကြတာပေါ့'

'ခင်ဗျား အရင်စပြီးပြော'

'ဒီကိစ္စမှာ နှစ်ဖက်စလုံး အကျိုးအမြတ်ညီမျှနေတယ်လို့ ဆိုနိုင်တယ်၊ နှစ်ဖက်စလုံးလဲ အကျိုးအမြတ်ဆုံးရှုံးနိုင်တယ်။ ဒီတော့ အမြကို ခင်ဗျားပေးမယ်၊ ခင်ဗျားက ဒီအထုပ်ကို ကျုပ်ပေး၊ ကျုပ်လဲ ငွေယူပြီး လွတ်မြောက်ရာလွတ်မြောက်ကြောင်း သွားမယ်၊ ကျုပ်အနေနဲ့ဆိုရင် အင် မတန်မျှတတဲ့ အပေးအယူပဲ၊ ပြီးတော့ အမြကိုရတာဟာ စုံထောက်တစ် ယောက်အတွက် မနည်းလှပါဘူး။ ဖိုးလုံးတော့ သေပြီ၊ ဒီတော့ ကျုပ်နဲ့ ငွေကိုပဲ ခင်ဗျားလိုက်ရှာရတော့မယ်၊ ဘယ်နှယ့်လဲ မိတ်ဆွေ'

'အမြကို ပေးမယ်ဆိုတာ ဘယ်နှယ့်လုပ်ပြီး ကျုပ်ယုံရမှာလဲ။ ဘယ်လို အာမခံနဲ့ ပေးမလဲ'

'အာမခံတော့ မရှိဘူးမိတ်ဆွေ၊ နို့ပေမယ့် ဒီကောင်မဟာ ဖိုးလုံးနဲ့ ကြိတ်ကြံပြီး ကျုပ်ကိုစွန့်ပစ်သွားမယ်ဆိုတာ သိရတော့ ကျုပ်စိတ်မကောင်းတော့ဘူး၊ ဒီဟာပါပဲ'

သို့နှင့် ကျွန်တော်သည် လူဆိုးဗိုလ် ဂွမ်တိတ်၏ အပေးအယူကို စဉ်းစားလျက်ရှိလေသည်။

'ဟာ ဒီလိုတော့ မဖြစ်ဘူး၊ ခင်ဗျား ငွေယူပြီးလွတ်သွားမယ်ဆိုတော့

ခက်ထန်သော အသံဖြင့်

'သဘောမတူဘူးလား၊ မတူချင်နေလေ၊ ကျုပ်က လူတစ်ယောက်ကို သွေးအေးတုန်း မသတ်ဝံ့ပေမယ့် စကားမပြောတဲ့ လူကိုပြောအောင် လုပ်တဲ့နည်းတော့ ကျုပ်သိတယ် . . . ငြိမ်ငြိမ်နေ မလှုပ်နဲ့၊ (အမြဘက်သို့ လှည့်၍) အမြရေ ဒီကိုလာစမ်း၊ ဟိုစာပွဲအံဆွဲထဲမှာ အဝတ်ကြိုးနှစ်ချွေရှိတယ် ယူခဲ့စမ်း၊ ဒီရဲဘော်ကို သခ်ၤန်းစာကလေးနဲနဲပြရအောင်'

အမြသည် စားပွဲရှိရာသို့သွား၍ အံဆွဲအတွင်းမှ အဝတ်ကြိုးနှစ်ချွေကို ယူခဲ့ပြီးလျှင် ကျွန်တော်၏အနီးသို့ ရောက်လာ၏။ ဂွမ်တိတ်ကား ကျွန်တော်အား စကားပြောအောင် ညှင်းပန်းသောနည်းတစ်မျိုးကို အသုံးပြုပေတော့မည်။ တိုက်ရာပါပစ္စည်း တစ်သိန်းကျော်ခန့်ကို လက်လွှတ်၍ အရေးမပါသော အမြကိုပင် လက်ခံလိုက်ရမည်လော၊ သို့လော သို့လော ကျွန်တော်၏ ဦးနှောက်များမှာ ချာချာလည်လျက် ရှိနေလေပြီ။ ထိုခဏ၌ အသံတစ်သံ

http://www.cherrythitsar.org



ကြားလိုက်ရသဖြင့် ခြေဖော့၍နင်းလာသော ခြေသံများဖြစ်ကြောင်း သိရ လေရာ ကျွန်တော်တို့အားလုံးပင် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့် ကာ အံ့အားသင့်လျက် ရှိကြလေ၏။

ငွမ်တိတ်သည် စားပွဲရှိရာ အခန်းဒေါင့်ဆီသို့ နောက်ဆုတ်ရင်းကပ် သွားလေ၏။

သူသည် တံခါးဆီသို့ စိုက်ကြည့်နေရာကပင် ကျွန်တော်နှင့် မိန်းကလေးအား မျက်ခြေပြတ်မခံချေ။

သူသည် ကျွန်တော်တို့နှစ်ယောက်ကိုပင် ဆိတ်ဆိတ်နေရန် သေနတ်ကိုရမ်း၍ အချက်ပြလိုက်လေ၏။

တံခါးအပြင်မှ အသံကြားရပြန်သေး၏။

သေနတ်ကိုကိုင်ထားသော ငွမ်တိတ်၏လက်မှာ –

အလောတကြီးရှိနေသည့် လက္ခဏာဖြင့် တုန်တုန်ရီရီရှိနေ၏။

ကျွန်တော်တို့နံဘေးတွင် အခြားအခန်းတစ်ခုရှိသေးရာ၊ ထိုအခန်း တံခါးသည် ရုတ်တရက်ပွင့်လာပြီးနောက်၊ ဒေါ်နန်းပုံသည် အကြီးစား ခြောက်လုံးပြူးသေနတ်တစ်လက်ကို ကိုင်ကာ ဘွားခနဲပေါ်လာလေသည်။ ယခင်က အပြစ်ကင်းမဲ့စွာ ရှိနေတတ်သော အညာသူအမယ်ကြီးတစ်ယောက် မဟုတ်တော့ဘဲ ထမီကိုတိုတိုဝတ်ထားသည့် ဖျတ်လတ်သွက်လက်သော မိန်းမတစ်ယောက် ဖြစ်လာလေသည်။

သေနတ်ကို ယောကျ်ားတစ်ယောက်ကဲ့သို့ နိုင်နင်းစွာကိုင်လျက် သူ၏သေနတ်ကို ငွမ်တိတ်ရှိရာသို့ တည့်တည့် ကြီးချိန်ထားလေသည်။

'နင်တို့ဥာဏ်တွေ အကုန်လုံးငါသိတယ် . . ။ ဒီစုံထောက်ကောင် ဆိုတာလဲ နင်တို့အထဲကပဲ၊ နင်တို့က တို့လင်မယားကို ဝေစုမပေးရအောင် လုပ်တဲ့နည်းပေါ့လေ . . .ဆိုစမ်း၊ ငွေနဲ့အစိုးရစာချုပ်စာတမ်းတွေ ဘယ်မလဲ ပြောလေ'

'မဟုတ်ပါဘူးဗျာ၊ ဘယ်မလဲဆိုတာတော့ ကျုပ်လဲမသိဘူး၊ ဟောဒီ ရဲဘော်သိမှာပေါ့၊ သူ့ကို မပြောပြောအောင် လုပ်မယ် ကြံနေတုန်း၊ ခင်ဗျားတို့ ရောက်လာတာကို'

ဒေါ်နှင်းပုံသည် ငွမ်တိတ်၏စကားကို အယုံအကြည်မရှိဘဲ ဦးသာ နိုးဘက်သို့လှည့်၍ . . .

'ကိုသာနိုး ဘာငိုင်ကြည့်နေတာလဲ၊ ဒီတရုတ်ကောင်ကို နာနာတုပ် ထားစမ်း၊ ဟောဒီမှာ ကြိုးရှိတယ် အဆင့်သင့်ပဲ၊ သူ့ကိုတုပ်ထားမှ စိတ်ချရ မယ်'

http://www.cherrythitsar.org



ထိုအခါ ကျွန်တော်လည်းကျွန်တော်ထင်သည့်အတိုင်း ဖြစ်မည်စိုးသဖြင့် သေနတ်ကျည်ဆံများလာမည့်လမ်း၌ မနေမိစေရန် ဘေးနားသို့ တိမ်းရှောင်လိုက်လေ၏။

ဂွမ်တိတ်သည် သူ၏လက်ထဲမှ သေနတ်ကိုချထားလိုက်သည် မှန်၏။ သို့သော် သူ၏ကိုယ်ပေါ်တွင် မည်သူမျှ ရှာဖွေခြင်းမပြုသေးချေ။ တရုတ်လူမျိုးများကား "ကွက်ကျော်" မြင်သူများဖြစ်သည့်အတိုင်း သူ၏အိတ်များထဲတွင် ယမ်းထိုးပြီးသေနတ်များ မရှိနိုင်သလော၊ သို့နှင့် ကျွန်တော်သည် တစ်ဘက်သို့ ရွှေ့လိုက်ခြင်းဖြစ်၏။

အဘိုးကြီးသည် မိန်းမကြီးအမိန့်ပေးသည့်အတိုင်း ဂွမ်တိတ်အား ကြိုးဖြင့်ချည်နှောင်မည်ပြုလေ၏။ သို့ပြုလုပ်ရန် သူသည် လူနှစ်ယောက်ကြားကိုဝင်လျက် အမယ်ကြီးချိန်ထားသော သေနတ်ကို သူ၏ကိုယ်လုံးကြီးဖြင့် ကွယ်လိုက်ရလေရာ ထိုခဏ၌ပင် ဂွမ်တိတ်၏ လက်များ လှုပ်ရှားသွားသည်ကို ကျွန်တော်သတိပြုလိုက်မိ၏။ နောက်တခဏ၌ ဂွမ်တိတ်သည် လက်တစ်ဖက်တချက်တွင် သေနတ်တစ်လက်စီ ရောက်နေပြီးနောက် အဘိုးကြီးနှင့် အမယ်ကြီးအား တဒိုင်းဒိုင်းပစ်ခတ်လေတော့၏။

ကျွန်တော်လည်း နောက်ဘက်မှဝင်၍ သူ၏ပုခုံးနှစ်ဖက်ပေါ်သို့ ဒူးထောက်ကာ လည်မျိုကို တအားဖျစ်ညစ်လိုက်လေရာ ထိုအခါ၌ကား သူ၏သေနတ်များထဲတွင် ယမ်းတောင့်တစ်တောင့်မျှပင် မရှိတော့ချေ။ သူသည် ကြမ်းပေါ်တွင် ပက်လက်လန်လျက် မျက်လုံးများသည်လည်း ပေါက်ထွက်မတတ်ပြူးကာ တဟောဟောရှိနေတော့မှ လက်လွှန်မည်စိုးသဖြင့် ရပ်လိုက်ရ၏။ ၁၀ နှစ်တိုင်တိုင် လေ့ကျင့်၍ရလာသော ကျွန်တော်၏ ခွန်အားဗလများကို ဤနေရာတွင် ကောင်းစွာအသုံးချလိုက်လေရာ၊ ကျွန်တော်၏ပင်ကိုတွင် ကျင်လည်ဖျတ်လတ်မှုသာမရှိပါက နောက်ဆုံးကျည်ဆံသည် ကျွန်တော်၏နံဘေးသို့ ဖောက်ဝင်ပြီးဖြစ်ပေလိမ့်မည်။

အဘိုးကြီးသည် သေနတ်ဒဏ်ရာ ၄ , ၅ ချက်ဖြင့် ပက်လက်လန်ကာ လဲကျလျက်ရှိရာ အမယ်ကြီးမှာလည်း ကျွန်တော်အား ကြိုးဖြင့် တုပ်နှောင်ခဲ့သည့် ကုလားထိုင်ပေါ်တွင် တစောင်းမှီကာ ရှိနေတော့၏။ နှစ်ယောက်စလုံးပင် အသက်မရှိတော့ချေ။

ဂွမ်တိတ်သည် တခဏကြာမှ သတိရလာရာ . . .

ကျွန်တော်ကပင် ပွေ့ထူလိုက်ရ၏။ ဂွမ်တိတ်သည် မျက်လုံးများကို အားယူ၍ဖွင့်ပြီးနောက် လည်ပင်းကို လက်နှစ်ဖက်ဖြင့် ပွတ်သပ်ကာ ရှုံ့မဲ့လျက်ရှိလေ၏။

http://www.cherrythitsar.org



'အရှုံးပေးပါပြီ မိတ်ဆွေ၊ ဩော် ဒါထက် အမြဲတစ်ယောက်ကော'

'မရှိတော့ဘူး'

'အင်း ထွက်သွားတာလဲ ခပ်ကောင်းကောင်းပဲ၊ အဘိုးကြီးနဲ့ အမယ်ကြီး ကိစ္စချောပြီ မဟုတ်လား'

'ချောပြီ နှစ်ယောက်စလုံးပဲ'

ထိုအချိန်တွင် အိမ်ရှေ့မှ ဆူဆူညံညံအသံများနှင့် အတူ လူတစ်စုသည် အိမ်ရှေ့တံခါးကို အတင်းရိုက်ဖွင့်လျက် ရှိလေ၏။ မကြာမီ တံခါးပွင့်သွား၍ သေနတ်ကိုင် ညဥ့်ပတ္တရောင်များ အခန်းထဲသို့ ဝင်လာလေသည်။ မျက်နှာချင်းဆိုင်တိုက်မှ တိုက်ရှင်သည် ဂွမ်တိတ်ပစ်လိုက်သော သေနတ်သံများကို ထိုအခါမှ ကြားရသဖြင့် ပတ္တရောင်များကို အကြောင်းကြားလိုက်ခြင်း ဖြစ်လေသည်။

ဂွမ်တိတ်အား လက်ထိပ်ခတ်စေ၍ ရဲသားများသည် ဝတ္တရားရှိသည့်အတိုင်း လက်နက်များကို သိမ်းဆည်းခြင်း၊ အလောင်းများကို အရပ်သားများ အကူအညီဖြင့် လူနာတင်ကားပေါ်သို့ တင်ပို့ခြင်း ကိစ္စများကို ဆောင်ရွက်လျက် ရှိကြရာ၊ ကျွန်တော်နှင့် ရဲသားတစ်ယောက်သည် ကွက်လပ်သာခြား၍နေသော နံဘေးတိုက်တစ်လုံး၏ နောက်ဖေးခေါင်မိုးပေါ်သို့ တက်၍ ငွေထုပ်ကြီးကို သိမ်းဆည်းရ၏။

အမှုကို ရုံးတင်စစ်ဆေးသောအခါ ဂွမ်တိတ်သည် မကွယ်သာတော့သဖြင့် ဖြောင့်ချက်ပေးရလေ၏။ အစိုးရအာမခံစာချုပ်နှင့် ငွေတစ်သိန်းခန့်မှာ ကျွန်တော်ထွေးတင်သည့်အတိုင်း မဂိုလမ်းကုလားသူဌေးတစ်ဦး၏တိုက်ကို ဖောက်၍ တိုက်ခိုက်သောပစ္စည်းများ ဖြစ်ကြောင်း သိရလေသည်။ "ဂွမ်တိတ်" ကြီးမှူးသော လူဆိုးဂိုဏ်းမှာ မဂိုလမ်းနှင့် နောက်ဖေးချင်းဆက်လျက်ရှိသော တိုက်အိုတစ်လုံးကို လွန်ခဲ့သော ၃ လခန့်ကပင် ငှားရမ်းနေထိုင်ခဲ့၍၊ မြေအောက်မှ ဥမင်လိုဏ်ခေါင်းဖေါက်ကာ ကုလားသူဌေး၏ ပစ္စည်းများထားသော အုပ်တိုက်ကလေးကို မြေအောက်မှဖေါက်၍ ခိုးယူခဲ့ခြင်း ဖြစ်လေသည်။ လူဆိုးဂိုဏ်းနေထိုင်ပုံမှာ လွန်စွာပိရိသေသပ်၍ ဦးသာနိုးလင်မယားက အညာမုပ္ပွဲစားကြီးအဖြစ်ဖြင့်လည်းကောင်း၊ အမြဲက သမီးအဖြစ်လည်းကောင်း၊ ဂွမ်တိတ်က အိမ်တွင်ခိုင်းစေသော ထမင်းချက် အစေခံအဖြစ်ဖြင့်လည်းကောင်း၊ နေထိုင်ခဲ့ကြသည်။ ယခုတိုက်မှာ လူဆိုးများစခန်းချရာ ဗဟိုအချက်အချာဖြစ်၏။ ဖိုးလုံးဆိုသော လူဆိုးမှာ "အမြဲ" နှင့် ဆက်သွယ်ရောက်လာသော သာယာဝတီနယ်မှ ဆုငွေ ၅၀ဝိထုတ်ထားခြင်း ခံရသည့် ရာဇဝင်လူဆိုးဝရမ်းပြေးတစ်ယောက် ဖြစ်လေ၏။

http://www.cherrythitsar.org



ဤအမှု၌ ကျွန်တော့်မှာ ကုလားသူဌေးက ချီးမြှင့်သော ငွေ ၂၀၀၀ ကို လည်းကောင်း၊ ဝါးရမ်းပြေးဖိုးလုံးအတွက် ထုတ်ထားသော ဆုငွေ ၅၀၀ ကို လည်းကောင်း၊ ရဲမင်းကြီးချီးမြှင့်သော ‘ပါကားဖောင်ထိန်”နှင့် နာမည်ကောင်း လက်မှတ်တစ်စောင်ကို လည်းကောင်း ရရှိလေသည်။

ရဲတို့၏ အလုပ်ဝတ္တရားမှာ တစ်ခါတရံ အရေးမကြီးသော ကိစ္စကလေးများမှ အမှုကြီးများ ပေါ်လာတတ်ပေသည်။

**သွေးသောက်မဂ္ဂဇင်း**

# ထောင်နှုတ်စမ်းကို နင်းခဲ့သူ

*ယခု ရေးသားအံ့သော အတ္ထုပ္ပတ္တိမှာ ကျွန်ုပ်၏စိတ်ကူးမဟုတ်၊ အင်္ဂလိပ်ဘာသာမှ ပြန်ဆိုခြင်းလည်း မဟုတ်၊ နိုင်ငံခြားဝတ္ထုတစ်ပုဒ်ကို နောက်ခံကျောရိုးထားကာ မှီးငြမ်းပြုလျက် မြန်မာ့အသွင်၊ မြန်မာ့ဟန်ပန်ဖြင့် ရေးသားခြင်းလည်း မဟုတ်ဘဲ၊ ကျွန်ုပ်ထံသို့ ရက်များမကြာမီက လူငယ်တစ်ယောက် ရောက်လာပြီးလျှင် သူ၏အတ္ထုပ္ပတ္တိအဖြစ်မှန်ကို ပြောပြသဖြင့် သူပြောသည့်အတိုင်း (နာမည်များကို ပြောင်းလဲထားသည်မှတပါး) အတိအကျ ရေးသားထားခြင်းသာ ဖြစ်ကြောင်း ဝန်ခံပါသည်။*

**ဒဂုန်ရွှေမျှား**

လွန်ခဲ့သော ၂၀.၈.၆၄ ကြာသပတေးနေ့က ကျွန်ုပ်၏ ရုံးအလုပ်ခန်းသို့ ရုံးစေလုလင်က လိုက်ပြသဖြင့် လူငယ်တစ်ယောက် အခွင့်တောင်း၍ ဝင်လာသည်။ လူငယ်မှာ အသက် ၁၈ နှစ်၊ ၁၉ နှစ် ရှယ်ဖြစ်၍ အသားမဖြူမညို ဆံပင်နက်နက်နှင့် ကြံ့ခိုင်ဖွံ့ဖြိုးသော ကိုယ်လုံး ကိုယ်

http://www.cherrythitsar.org



ပေါက်ရှိ၏။ ဝိုင်းဝန်း၍ မည်းနက်ထောက်ပသော မျက်လုံးများ၊ ထူထဲသော မျက်ခုံးများရှိ၏။ ဘောင်းဘီရှည်နှင့် ဂျာကင်အင်္ကျီကို ဝတ်ထား၏။

သူသည် ကျွန်ုပ်အား မတ်တပ်ရပ်၍ အရိုအသေပြုပြီးနောက် ကျွန်ုပ်ညွှန်ပြသော ကုလားထိုင်ပေါ်၌ ထိုင်လေသည်။ ခြေစုံရပ်၍ ကျွန်ုပ်အား ဦးညွှတ်အရိုအသေပြုပုံကို ကြည့်ခြင်းဖြင့် ၎င်းမှာ စစ်သားလူထွက်သော်လည်းကောင်း၊ ရဲသားလူထွက်သော်လည်းကောင်း ဖြစ်ရမည်ဟု ကျွန်ုပ် ခန့်မှန်းမိလေပြီ။

'ကိုင်း ဆိုစမ်းပါဦး၊ ငါနဲ့တွေ့ချင်တယ်ဆိုတာ၊ မင်း ဘာပြောချင်လို့လဲ'

'ဆရာကြီးကို အခုလို လူကိုယ်တိုင်တွေ့ရတာ အင်မတန် ဝမ်းသာပါတယ်ခင်ဗျာ၊ ကျွန်တော်ရိုသေလဲ ရိုသေပါတယ်'

'အေး အေး'

'ဒီမှာ ဆရာကြီးခင်ဗျာ၊ လွန်ခဲ့တဲ့ ၄–၅ နှစ်လောက်က သွေး သောက် မဂ္ဂဇင်းထဲမှာ ဆရာကြီးရေးခဲ့တဲ့ 'ကျားပါးစပ်သိုက်' အကြောင်း ကျွန်တော်ဖတ်ရပါတယ်'

'အင်း ပြောပါဦး'

'အဲဒီ ဝတ္ထုက ဟိုရှမ်းပြည်နယ်မြောက်ပိုင်းက ( . . .)မြို့နဲ့ ၆ မိုင်အကွာလောက်မှာ ချောင်းကလေးတစ်ချောင်းရှိတယ်၊ ဒီချောင်းမှာ ရွှေကို ကျင်ကြတယ်၊ ဒါနဲ့ စွန့်စားတဲ့ လူငယ်၂ယောက်ဟာ ချောင်းဖျားလိုက်သွားတော့ ချောင်းဖျားဟာ အင်မတန်မြင့်တဲ့ တောင်ကြီးအောက်က တောင်ခေါင်းကြီးတစ်ခုထဲက ထွက်လာတာ တွေ့ရတယ်၊ အဲဒီ တောင်ခေါင်းကြီးရဲ့ အဝဟာ ကျားပါးစပ်နဲ့တူတယ်၊ နောက်ဆုံး အဲဒီတောင်ခေါင်းထဲ ခက်ခက်ခဲခဲ ဝင်လိုက်ကြတဲ့အခါ အထဲမှာ တကယ့်ရွှေတုံး ရွှေခဲကြီးတွေ တွေ့တာကိုး ခင်ဗျ'

'အေး အဲဒါဘာဖြစ်သလဲ'

'အဲဒီနေရာကို ကျွန်တော်ရောက်အောင်သွားချင်တယ် ဆရာကြီး၊ ကျွန်တော်မကြောက်ပါဘူး၊ ကျွန်တော်စွန့်စားသွားဝံ့ပါတယ်၊ဒီတော့ ဆရာကြီးမှာ အဲဒီနေရာရဲ့ မြေပုံကလေး ဘာလေးရှိရင် ကျွန်တော်ကို မစ စေချင်ပါတယ် ဆရာကြီး'

'ဟာ တယ်ခက်တဲ့ ကောင်ပဲ၊ ဒီဟာ ငါစိတ်ကူးနဲ့ ရေးတာကွ'

'နို့ပေမယ့် ဒီမြို့လဲရှိတယ် ဆရာ၊ ဒီရွာကလေးလဲ ရှိတယ်၊ ဒီချောင်းလဲ ရှိတယ်လို့ ကျွန်တော်ကြားဖူးတယ်၊ သိပ်ယုတ္တိရှိတာပဲ'

http://www.cherrythitsar.org



'ငါက မြေပုံကြည့်ရေးတာပဲကွ၊ ကျန်တဲ့ဟာက ဟုတ်ချင်မှ ဟုတ်မှာပေါ့'

'ဘာပဲဖြစ်ဖြစ် ကျွန်တော်တော့ တစ်နေ့နေ့စွန့်စား သွားမှာပဲ၊ ဖြစ်ချင်တာဖြစ်ပစေ၊ သေချင်လဲ သေပစေ'

'နေပါဦး မင်းရာဇဝင်ပြောစမ်းပါဦး၊ မင်း ဘယ်ကလဲ'

'ကျွန်တော် ရှမ်းပြည်နယ်ဘက်ကပါ၊ ဆရာကြီး၊ ၁၁ နှစ် ၁၂ လောက်က ၇ တန်း စာမေးပွဲအောင်ခဲ့ပြီး အဲဒီကတဲက ကျောင်းကထွက်ပြေး၊ အိမ်က ထွက်ပြေး၊ ရောက်ချင်ရာရောက်၊ ပေါက်ချင်ရာပေါက်၊ လုပ်ချင်တဲ့ အလုပ်လုပ်၊ တေပေနေခဲ့ပြီး အခု ရန်ကုန်ရောက်လာတာပါပဲ ဆရာကြီး၊ စစ်ထဲမှာလဲ ၄ နှစ်လောက် အမှုထမ်းခဲ့ပါတယ်'

'အေး ကောင်းကောင်းမွန်မွန် နေပေါ့ကွယ်၊ ရိုးရိုးသားသားလုပ်၊ ရိုးရိုးသားသားကြံ၊ ဆရာတော့ ဒါလောက်ပဲ မင်းကို ပြောနိုင်မယ်'

'ဟုတ်ကဲ့ ဆရာကြီး၊ ဆရာကြီးစကားကို ကျွန်တော်နားထောင်ပါမယ့်'

လူငယ်မှာ ဝတ်ပုံ,စားပုံ၊ ပြောပုံ,ဆိုပုံအမူအရာကို ကြည့်ခြင်းဖြင့် ရုပ်ရှင်ဇာတ်လိုက်ဆန်ဆန်၊ လမ်းသရဲဆန်ဆန် ရှိနေသော်လည်း သွက်လက်ချက်ချာ၍ ယဉ်ကျေးသိမ်မွေ့သော အမူအရာရှိလေသည်။

ကျွန်တော်က . . .

'ဒါနဲ့ မင်းရန်ကုန် ဘယ်လိုရောက်လာသလဲ'

'ကျွန်တော်ဒီမရောက်ခင်က လယ်လုပ်တယ်ဆရာကြီး၊ ဒါနဲ့ လယ်လုပ်လို့ ရတဲ့ငွေကလေးတွေကို စရိတ်လုပ်၊ ရန်ကုန်မှာ ဘာအလုပ်ပဲ လုပ်ရ လုပ်ရ ဆိုပြီး ဆင်းလာခဲ့တာပါပဲ'

'နို့ မင်းအခုဘာလုပ်မယ် ကြံသလဲ'

'ကျွန်တော့် ရရာအလုပ် လုပ်မှာပဲ ဆရာကြီး၊ အခုလောလောဆယ်တော့ ကျွန်တော်ဆံပင်ညှပ်ဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်ဖို့ စပ်ထားတယ်'

'မင်းက ဆံပင်ညှပ်တတ်လို့လား'

'ဟုတ်ကဲ့ ညှပ်တတ်ပါတယ် ဆရာကြီး၊ ကျွန်တော်စစ်ထဲက ထွက်လာပြီးတဲ့နောက် ဆံပင်ညှပ်ဆိုင် တစ်ဆိုင်သွားပြီး မကြာမကြာ ဆံပင်ညှပ်ပါတယ်၊ အဲဒီ ဆံပင်ညှပ်တဲ့လူနဲ့ မိတ်ဆွေဖြစ်ပြီး သူ့ဆီက အဲဒီပညာကို ကျွန်တော်လေ့လာ သင်ယူခဲ့ပါတယ်'

'အေး ကောင်းတယ်ဟေ့၊ ပညာဆိုတာ ဘာပညာပဲဖြစ်ဖြစ် သိအပ်တတ်အပ်တာချည်းပဲကွဲ့၊ ဘယ်သင်းမှ အောက်ကျနောက်ကျ ရှိတယ်လို့

http://www.cherrythitsar.org



မယူဆရဘူး၊ ခိုးတာတိုက်တာကလွဲလို့ ဘယ်အလုပ်ပဲ လုပ်လုပ် ရှက်စရာ မဟုတ်ဘူး'

'ဟုတ်ကဲ့ ဆရာကြီး ကျွန်တော့်ကို ဆုံးမတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ'

'အေး ဒါနဲ့ မင်းအရင်က လုပ်ခဲ့တာတွေ နည်းနည်းပြောပြစမ်းပါ'

'အလုပ်ကတော့ စုံနေတာပဲဆရာကြီး၊ ကျွန်တော်ကူလီလုပ်ဖူးတယ်၊ သူများအိမ်မှာ အိမ်စေလဲလုပ်ဖူးတယ်၊ မြန်မာပြည်နဲ့ ယိုးဒယားနယ်ခြားမှာ နိုင်ငံခြားသားတွေကို တစ်နိုင်ငံက တစ်နိုင်ငံအကူးမှာ လမ်းပြလဲလိုက်ပြီး လုပ်ဖူးတယ်၊ အဲဒီကားတွေမှာ စပယ်ယာလဲ လုပ်ဖူးတယ်၊ ကိုယ်တိုင်လဲ ကားမောင်းဖူးတယ်၊ အဲ အလုပ်အကိုင်မရှိတဲ့အခါလဲ ထင်ရာမြင်ရာ မိုက်မိုက်ကန်းကန်း လုပ်ဖူးပါတယ် ဆရာကြီး'

'အင်း မင်းရုပ်ကြည့်ပြီး ငါလဲဒီအတိုင်းပဲ အကဲခတ်မိတာပဲ'

'နို့ပေမယ့် ကျွန်တော်ဟာ အခုကျွန်တော်ရဲ့ ဆရာဖြစ်ဖူးတဲ့ ဘုန်းတော်ကြီးဆီမှာရော၊ ကျွန်တော့်ကို ကြည့်ရှုစောင့်ရှောက်ခဲ့တဲ့ ဆရာဆီမှာရော၊ ကျွန်တော့်ကိုဆေးဝါးကုသပေးခဲ့တဲ့ ဆရာကြီးဆီမှာရော၊ ကျွန်တော်ဟာ နောက်ကို ဘယ်တော့မှ သူတပါးပစ္စည်း မခိုးတော့ပါဘူး၊ အရက်သေစာကို ဘယ်တော့မှ တစ်သက်လုံးမသောက်တော့ပါဘူး၊ သူ့သားအိမ်ယာကိုလဲ နောက် ဘယ်တော့မှ မပြစ်မှားတော့ပါဘူးလို့ ကျွန်တော့်လက်မောင်းသွေးကို ဖောက်ပြီး ကျွန်တော် သစ္စာပြုပြီးပါပြီ ဆရာကြီး'

လူငယ်သည် ရှပ်အင်္ကျီလက်ကို ပင့်ပြီးလျှင် သူ၏တုတ်ခိုင်သော လက်ဝဲဘက် လက်တံတောင်ဆစ်အနီးမှ အမာရွတ်ကို ကျွန်ုပ်အား ပြပါ သည်။

'အေး ကောင်းပါလေရဲ့ကွယ်၊ သာဓု သာဓု သာဓု၊ ဒါနဲ့ နေပါဦး၊ မင်းက တော်တော်စွန့်စွန့်စားစား လုပ်ချင်တဲ့သူငယ်ပဲ၊ ဒီတော့ မင်းအဲဒီလို ပေတေပြီးနေတုန်းက စွန်စွန့်စားစား လုပ်ခဲ့တာကလေးတွေရှိရင် ဆရာသိချင်တယ်ကွယ်'

'ဟုတ်ကဲ့ ဆရာကြီး ကျွန်တော်နောက်တစ်ခါလာရင် စာနဲ့ရေးပြီး ယူခဲ့ပါမယ်၊ အဲဒီတုန်းက ကျွန်တော်ဟာ မိုက်မိုက်ကန်းကန်းနဲ့ လမ်းသရဲဆန်ဆန်တွေ လုပ်ဖူးတဲ့အကြောင်းပါပဲခင်ဗျာ'

'အေး အေး ဘာပဲဖြစ်ဖြစ် မင်းကိုတိုင်စွန့်စွန့်စားစား လုပ်ဖူးတဲ့ အလုပ်တစ်ခုပေါ့ကွယ်၊ ကောင်းကောင်း မကောင်းကောင်း အရေးမကြီးပါဘူး'

http://www.cherrythitsar.org



'ဟုတ်ကဲ့ ဆရာကြီးနောက်တစ်ခါလာရင် ပါပါစေ့မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး'

လူငယ်သည် ကျွန်ုပ်အား သူ၏နာမည်ကို နေရပ်လိပ်စာနှင့်တကွ ရေးပေးခဲ့ပြီးနောက် နေရာမှထကာ ကျွန်ုပ်အား အရိုအသေပေးပြ၍ နှုတ်ဆက်၏။ သို့နှင့်ကျွန်ုပ်လည်း ကျွန်ုပ်ထံသို့ လာရသည့်အတွက် သူ့ကို လမ်းစရိတ် ငွေတစ်ကျပ်ထုတ်ပေးလိုက်ပါသည်။

*

နောက် ၂၅.၈.၆၄ အင်္ဂါနေ့ နေ့လယ် တစ်နာရီလောက်တွင် ကျွန်ုပ်ထံသို့ ထိုလူငယ်ရောက်လာပြန်လေသည်။ သူ၏လက်ထဲတွင် စာရွက်လိပ်တစ်ခုပါလာ၍ ထိုစာရွက်လိပ်ကို ကျွန်ုပ်အား ပေးလေသည်။ ထိုစာရွက် အပြင် သူ၏ ပိုက်ဆံအိတ်ထဲတွင် တရိုတသေခေါက်၍ထားသော စာရွက်ခေါက်ကလေးတစ်ခုကိုလည်း ထုတ်ပေးရာ ထိုစာရွက်ကို ဖြန့်ကြည့်သော အခါ အလွန်သေးငယ်သော မိန်းမလက်ရေးဖြင့် ရေးထားသည့် စာတစ်စောင် ကို တွေ့ရ၏။ စာရွက်ပေါ်တွင် စာကိုခဲတံဖြင့် ရေးထားသည့်ပြင် အချိန် လည်း အတော်ကြာရှည်ပြီ ဖြစ်သည့်ဟန်ဖြင့် စာရွက်ကလေးမှာ ခေါက်ရိုး ကျိုးနေရာမှ ပြတ်လုမတတ်ပင် ကျိုးလျက်ရှိနေလေပြီ။

ကျွန်ုပ်လည်း သူ့ရှေ့၌ပင် သူပေးအပ်သော စာရွက်လိပ်ကြီးကို ဖွင့်၍ စာတစ်မျက်နှာကို ဖတ်ကြည့်ရာ သူ ၁၅ နှစ်အရွယ်က မိုက်ရူးရဲလုပ်ခဲ့ပုံ၊ စွန့်စားခဲ့ပုံများ ပါရှိသော သူကိုယ်တိုင် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက် ကလေးတစ်ခုကို တွေ့ရ၏။

သူ၏လက်ရေးမှာ များစွာမဆိုးလှပေ။ လက်ရေးပီသ၍ ကြည့်ပျော် ရှုပျော်ရှိပြီးလျှင် စာအရေးအသားမှာလည်းအတော်အသင့်ကောင်းမွန်သည်ဟု ဆိုရပေမည်။ သို့နှင့် ကျွန်ုပ်လည်း သူပေးအပ်ခဲ့သော စာရွက်လိပ်ကြီးကို ရုံးဆင်း၍ အိမ်သို့ရောက်သောအခါ၌ အသေအချာဖတ်ကြည့်ရာ သူကိုယ် တိုင်ရေးထားသော သူ၏အတ္ထုပ္ပတ္တိကလေးမှာ အတော်အတန် စိတ်ဝင်စားဖွယ် ကောင်းသဖြင့် တစ်ကြောင်း၊ သူရေးထားပုံနှင့် သူ့အား အကဲခတ်ရသည်မှာ လည်း မဟုတ်မမှန်ဘဲ ကြံဖန်ရေးသားခြင်း မဟုတ်တန်ရာဟု အကဲခတ်မိ သဖြင့် တစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ ဤအတ္ထုပ္ပတ္တိကလေးကို ဖတ်ခြင်း ဖြင့် အသက် ၁၃ နှစ်မှ ၁၉ နှစ်အတွင်းရှိ လူငယ်လူရွယ်များသည် ထိုသူငယ် ကဲ့သို့ မဖြစ်စေလိုသဖြင့် တစ်ကြောင်းကြောင့် သူရေးထားသော ဖူးစကက်

စာရွက် နှင့် ၈ မျက်နှာခန့်ရှိ သူ၏အဖြစ်အပျက်ကလေးကို အမိပွါယ်ရှုပ်ထွေး နေသည့် နေရာလောက်ကိုသာ ကျွန်ုပ်ကပြင်ဆင်ပြီးနောက် အောက်တွင် ရေးသားဖော်ပြပါအံ့။

(မိန်းမလက်ရေးဖြင့် ရေးထားသည့် စာကလေးကိုမူ သူသည် အလွန်နှစ်သက် မြတ်နိုးသဖြင့် သိမ်းဆည်းထားမည် ဖြစ်သောကြောင့် ကျွန်ုပ်အား ၎င်းစာနှင့် ထပ်တူ မိတ္တူကော်ပီတစ်စောင်ကူးပေးစေပြီးလျှင် မူလ စာရွက်ကလေးကိုမူ ၎င်းအား ပြန်၍ပေးလိုက်ပါသည်။)

သူရေးပေးသောစာမူမှာ အချို့နေရာများ၌ ကျွန်ုပ်တည်းဖြတ်ပြင်ဆင်ထားသည်မှအပ အောက်ပါအတိုင်း ဖြစ်ပါသည်။

*

**ဆရာကြီးခင်ဗျာ . . . .။**

*ယခုဖော်ပြမည့်ဇာတ်လမ်းမှာ ကျွန်တော်၏ အဖြစ်အပျက်အမှန် ဖြစ်ပါသည်။ သို့သော် ကျွန်တော့်မှာ စာရေးဆရာတစ်ယောက် မဟုတ်သဖြင့် (Note) မှတ်စုသဘောသာ ရေးသားထားပါသည်။ ဆရာကြီး သဘောအတိုင်း အသုံးပြုနိုင်ပါသည်ခင်ဗျား။*

အမည်မဖော်လိုသော ရှမ်းပြည်နယ်မြို့တော် တစ်ခုတွင် ဖြစ်ပါသည်။ ဤဖြစ်ရပ်ကလေးမှာ တကယ့်အဖြစ်အပျက်တစ်ခု ဖြစ်သော်လည်း ကာယကံရှင်အမျိုးသမီးနှင့် ကျွန်တော်မှာစာပေးစာယူအားဖြင့် သဘော တူညီမှု ရရှိပြီး ဖြစ်သောကြောင့်သာ ယခုကဲ့သို့ ဆရာကြီးဒဂုန်ရွှေမျှားထံမှ တစ်ဆင့် ကျွန်တော်တင်ပြခြင်းဖြစ်ပါသည်။

ကျွန်တော်လုပ်ခဲ့သည့် ကိစ္စမှာ ရာဇဝတ်မှုမကင်းသော ကိစ္စပင် ဖြစ်သော်လည်း အမျိုးသမီးနှင့် ကျွန်တော်မှာ ပြေလည်မှုရရှိပြီး ဖြစ်သောကြောင့် ရဲဝံ့စွာတင်ပြလိုက်ပါရသည်။

ထိုအမှုဖြစ်ပွားသည့်အချိန်က ကျွန်တော်၏အသက်မှာ ၁၅ နှစ်ခန့်သာ ရှိပါသေးသည်။ သို့သော်လည်း နဂိုကပင် ကြွံခိုင်တောင့်တင်းသူ တစ်ယောက်ဖြစ်သည့်ပြင် ကာယဗလနှင့် ပတ်သက်သည့် အားကစား အမျိုးမျိုးတွင်လည်း လေ့ကျင့်လိုက်စားသူဖြစ်သဖြင့် ရင်အကျယ် ၄၀ လက်မ၊ လက်မောင်း ၁၄ လက်မ ရှိရကား လူကြီးတစ်ယောက်ကိုပင် ကျွန် တော်၏ ကာယဗလအနေဖြင့် မမှုပါ။ ယှဉ်ပြိုင်၍ သတ်ဝံ့ပါသည်။ သတ်ရန် လည်း သတ္တိရှိပါသည်။

http://www.cherrythitsar.org



ထိုအခါက ကျွန်တော်သည် မော်တော်ကားစပယ်ယာအဖြစ်ဖြင့်လည်းကောင်း လိုင်စင်မရသေးသော ကားမောင်းသမားအဖြစ်ဖြင့်လည်းကောင်း ယိုးဒယားပြည်ဘက်မှ တစ်ခေါက်ပြန်၍လာချိန်ဖြစ်ပါသည်။ လိုင်စင်မရသေးသော ကားမောင်းသမားဆိုသည်မှာ ထိုအခါက နယ်ခြားဒေသများတွင် ကားမောင်းလိုင်စင်မပါသော်လည်း နယ်ခြားစောင့်များနှင့် အကြောင်းပေါင်းသင့်ကာ မောင်းခွင့်ပြုထားရာ ကျွန်တော်လည်း လိုင်စင်မရဘဲနှင့် မောင်းသည့်အခါ မောင်းခဲ့ဖူးပါသည်။

နယ်ခြားမှအပြန် ထိုမြို့သို့ရောက်သောအခါ မြို့၏ဆင်ခြေဖုံးဆင်းရဲသားရပ်ကွက်တစ်ခုတွင် လူမရှိသော အိမ်ကလေးတစ်လုံးကို အခန့်သင့်တွေ့ရသဖြင့် ကျွန်တော်လည်း ထိုအိမ်ကလေးကို အိမ်ပိုင်ရှင်ထံမှ တစ်လလျှင် ၁၀ နှင့် နှစ်လတွက် တစ်ခါတည်း ကြိုတင်ပေးပြီး ငှားရမ်းလိုက်ပါသည်။ အိမ်ဟုပင်ဆိုရသော်လည်း သက်ငယ်မိုး၊ ဝါးခင်း၊ ဝါးထရံကာတဲကလေးမျှသာ ဖြစ်ပါသည်။

ထိုအခါက ကျွန်တော်၏လက်ထဲတွင် ငွေ ၁၀၀ ကျော်ကျော်လောက် ရှိသဖြင့် တစ်ကိုယ်ရေတကာယသမားလည်း ဖြစ်သောကြောင့် နေ့အခါ၌ ကြုံရာအလုပ်ကို လုပ်ကိုင်ပြီးလျှင် တဲကလေးတွင် ညဥ့်အိမ်ရုံမျှသာအိပ်၍ ထမင်းကိုလည်း ထမင်းဆိုင်တွင်လည်းကောင်း၊ တခါတရံတွင် မိတ်ဆွေသူငယ်ချင်းများ၏ အိမ်တွင်လည်းကောင်း စားသောက်၍ ဖြစ်သလိုနေထိုင်ခဲ့ပါသည်။

သို့သော် ရငွေနှင့် သုံးငွေမမျှတသည့်ပြင် ကျွန်တော် ကိုယ်တိုင်ကလည်း လက်ဖွာသောသူငယ်တစ်ယောက်ဖြစ်သောကြောင့် ၁၅ ရက်ခန့်မျှကြာသောအခါ ငွေ ၁၀၀ မှာ ချောသလောက်ဖြစ်နေပါပြီ။ အိမ်လခမှာမူ ၂ လအတွက် ကြိုတင်ပေးထားခဲ့သောကြောင့် မထောင်းတာလှသော်လည်း သမုဒ္ဒရာဝမ်းတစ်ထွာအတွက် အခက်ကြုံရပါတော့သည်။ ငွေဝင်မှန်သောအလုပ်၊ လခစားအလုပ်များကို တစ်နေကုန် တနေ့ခန်း လိုက်၍ ရှာသော်လည်း မည်သည့်နေရာတွင်မျှမရဘဲ အချိန်သာလျှင် ကုန်ခဲ့ပါတော့သည်။

သို့နှင့် နောက်ဆုံးရှိသော ပိုက်ဆံကလေးနှင့် နေ့လယ်တစ်နာရီကျော်ကျော်အချိန်တွင် ထမင်းဆိုင်သို့သွား၍ ထမင်းတစ်နပ်ကို အဝစားလိုက်ပါတော့သည်။

တစ်နေ့ လက်ထဲတွင် ပိုက်ဆံပြား ၅၀ သာရှိပါတော့သည်။ မြေပြန့်ကဲ့သို့ မဟုတ်သဖြင့် ပြား ၅၀ နှင့် အဝစားနိုင်သော ဆိုင်မျိုးမရှိပါ။

http://www.cherrythitsar.org



ထိုကြောင့် နေ့လယ်တွင် ဈေးထဲ၌ရောင်းသော ငါးထမင်း (ရှမ်းပြည်နယ်တွင် ငါးနှင့်ထမင်းကို နယ်၍ထားသော ရှမ်းထမင်းချဉ်) တစ်မတ်ဖိုးကို ရေနွေးကြမ်းဖြင့် မြှောချကာ စားရပါတော့သည်။

သို့သော် ကျွန်တော်မှာ အစား ကောင်းသူတစ်ယောက်ဖြစ်သဖြင့် မဝသေးသောကြောင့် သားရေကြော် ၁၅ ပြားဖိုးကို ထပ်၍စားကာ ရေနွေးကြမ်းဖြင့်ပင် ကျိတ်မှိတ်မြှောချရပါတော့သည်။

*

နောက်တစ်နေ့အဖို့ မည်ကဲ့သို့ ပြုလုပ်ရမည်ကို စဉ်းစား၍မရပါ။ လက်ထဲတွင် ပိုက်ဆံကလည်း တစ်ပြားတစ်ချပ်မျှ မရှိ၊ ပေါင်နှံစရာ ဆို၍လည်း သားရေဂျာကင်အဟောင်းတစ်ထည်မှလွဲ၍ ဟောင်းနွမ်းသော အဝတ်အစားများသာ ရှိသဖြင့် ပိုက်ဆံရလမ်းမမြင်၊ "ငါဘယ်လို လုပ်ရ ပါမလဲ၊ အလုပ်ကလဲ မရှိ၊ ငွေကလဲ မရှိ၊စားရာကလဲ နတ္ထိဖြစ်နေပါပြီကော" ဟု တစ်ကိုယ်တည်း ညည်းညူစဉ်းစားမိပါသည်။ အိပ်ရာထဲတွင် ရတ်တရက်အိပ်မပျော်သေးဘဲ ရှိနေရာ နောက်ဆုံး၌ နောင်ခါလာ နောင်ခါ ဈေးပဲဟော့ ဘာပဲဖြစ်ဖြစ် လုပ်မယ်" ဟု စိတ်ကို သန္နိဋ္ဌာန်ချလိုက်ပါသည်။ ထိုအခါမှ အိပ်ပျော်သွားပါသည်။'

နောက်တစ်နေ့မိုးလင်းလင်းချင်း ကျွန်တော်ရင်ဆိုင်ရမည့်ပြဿနာများကို တသီကြီးရောက်၍ တွေးမိပါသည်။ ထို့ကြောင့် မြို့၏တောင်ပိုင်းရှိ တရုတ်ကုလားများထံ အလုပ်အတွက် သွားရောက်စုံစမ်းရှာဖွေပါသည်။ သို့သော် မည်သည့်အလုပ်မျှမရပါ။ သို့နှင့် ကျွန်တော်သည် တစုံတရာရည်ရွယ်ချက်မရှိဘဲ မြို့ပတ်လမ်းအတိုင်း မြို့အပြင်ဘက်သို့ အဓိပ္ပါယ်မရှိသော ခြေလှမ်းများဖြင့် နေးကွေးစွာ လျှောက်ခဲ့ရာ ကားလမ်းဘေးတောင်ကုန်းတစ်ခုပေါ်သို့ တစုံတရာရည်ရွယ်ချက် မရှိဘဲ ရောက်သွားပါသည်။ တစ်ခုသောချယ်ရီပင် တစ်ပင်အောက်သို့ရောက်သောအခါ မြေပေါ်တွင် ထိုင်ချလိုက်ရင်း ကျွန်တော့်ဘဝကိုတွေးမိတိုင်း ရင်နာမိပါသည်။ ကျွန်တော့်အား မွေးဖွားသော မိဘများကိုပင် စိတ်ထဲမှ အပြစ်တင်မိပါသည်။ "သူတို့မွေးလာလို့ ငါအခုလို ဒုက္ခရောက်ရတယ်" ဟူသော အတွေးတို့သည် ကျွန်တော်၏ဦးနှောက်တွင်းသို့ မိုက်ရိုင်းစွာ ဝင်ရောက်လာပါသည်။

ဤကဲ့သို့ ရောက်တတ်ရာရာ တွေးနေသည်မှာ အချိန်မည်မျှ ကြာသွားသည်မသိပါ။ လမ်းပေါ်မှ မုန့်ဟင်းခါးသည်တစ်ယောက်၏ အော်သံ

http://www.cherrythitsar.org



ကြားလိုက်မှ ကျွန်တော့်မှာ ဖျတ်ခနဲ အသက်ဝင်လာဘိသကဲ့သို့ သတိရလာပါတော့သည်။ ဝမ်းဗိုက်ထဲမှာ ဆာလိုက်သည်မှာလည်း ပြောစရာမရှိပါ။ ဘောင်းဘီအိတ်တွင် ပိုက်ဆံအကြွေများ ရှိလိုရှိငြား စမ်းသပ်ကြည့်မိပါသည်။ သို့သော် ၅ ပြားစေ့တစ်စေ့မျှပင် မရှိတော့ပါ။ ယမန်နေ့ညက ပိုက်ဆံ ၁၀ ပြား ကျန်သည်ကို မနက်က (ခေါက်ညို) ဟုခေါ်သော ကောက်ညှင်းပေါင်းကို ဝယ်စားခဲ့သဖြင့် အိတ်ထဲတွင် တစ်ပြားတစ်ချပ်မျှ မကျန်တော့ပါ။ သို့သော် ဤကဲ့သို့ ဘောင်းဘီအိတ်အတွင်းဘက်သို့ တဖြည်းဖြည်းစမ်းရင်း မာကျောသော ပစ္စည်းတစ်ခုကို စမ်းမိပါသည်။ ၎င်းပစ္စည်းမှာ အခြားမဟုတ်၊ ယိုးဒယားပြည် 'ကျင်းရယ်' မြို့ကလေး၏ လမ်းဘေးဆိုင်တစ်ဆိုင်မှ ဝယ်လာခဲ့သော အသွား ၆ လက်မခန့်ရှိ မောင်းပြန်ဓားတစ်ချောင်းပင် ဖြစ်ပါ သည်။ မောင်းပြန်ဓားဆိုသည်မှာ ဓားသွားကို ဆွဲ၍မဖွင့်ရဘဲ ခလုတ်ကို နှိပ်ရုံမျှဖြင့် ပွင့်သွားသော ဓားဖြစ်ပါသည်။

ကျွန်တော်သည် ဓားကို အိတ်ထဲမှ ဆွဲထုတ်ကာ ခလုပ်ကို နှိပ်လိုက်ရာ ဖြောင်းခနဲ ပွင့်သွားပါသည်။ ထိုအခါ ကျွန်တော်၏ ဦးနှောက်အတွင်းသို့ မကောင်းသော အတွေးအခေါ်များ ဝင်ရောက်လာပါသည်။ လက်ထဲတွင် လက်နက်လည်းရှိနေသဖြင့် ဖြစ်လိုရာဖြစ်စေတော့ဟူသော သဘောဖြင့် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာ ချမှတ်လိုက်ပါသည်။

တစ်ချိန်က မန္တလေးမြို့ ဝင်းလိုက်ရုံတွင် ပြသွားသော ရုပ်ရှင်တစ်ခုကို သတိရမိပါသည်။ ဇာတ်လမ်းမှာ စုံထောက်အဖွဲ့နှင့် လမ်းသရဲ ၂ ဦးတို့ စွန့်စားခန်းဖြစ်ပါသည်။ အီတလီပြည်၏ သာယာသောရှုခင်းကို နောက်ခံထားပြီးလျှင် ရိုက်သော ဇာတ်ကားဖြစ်၍ ချမ်းသာသော သူဌေးတို့၏ အိပ်ခန်း၌ ညဥ့်အချိန်တွင် တက်ရောက်ကာ အနုကြမ်းစီးသော ဇာတ်လမ်းဖြစ်ပါသည်။

ကျွန်တော်ရပ်နေသော တောင်ကုန်း၏အောက်ခြေနှင့် ကိုက် ၂၀၀ ခန့်အကွာတွင် ၂ ထပ်တိုက်တစ်လုံးရှိသည်ကို သတိထားလိုက်မိပါသည်။ ထိုတိုက်မှာ ကျွန်တော်သိသော လက်ဖက်ကုန်သည်ကြီးတစ်ဦး၏ တိုက်ဖြစ်၍ ထိုသူမှာ ရှမ်းပြည်နယ်တွင် သူဌေးဟု ခေါ်လောက်သူဖြစ်ပါသည်။ တိုက်၏ အနေအထားမှာ မြို့ပတ်လမ်းဘက်သို့ မျက်နှာမူလျက် မြို့ဘက်ကို ကျောပေး၍နေပါသည်။ တိုက်၏ နောက်ဘက် ခြံဘေးတွင် စိန်နားပန်းပင်များ ထူထပ်စွာ ပေါက်ရောက်ကာ ချုံများပင် ဖြစ်၍နေပါသည်။ ခြံ၏ အကျယ်အဝန်းမှာ ပေ ၂၀၀ ပတ်လည်ခန့်ရှိမည်ထင်ပါသည်။ တစ်ကြိမ်က ထိုတိုက်သို့ လက်ဖက်ပိုများကို ကားနှင့်တင်ရန် အမှတ်မထင် ရောက်ဖူးပါသည်။

http://www.cherrythitsar.org



တိုက်၏အနေအထားမှာ အောက်ထပ်တွင် ရှေ့မှ ဧည့်ခန်းကြီးရှိ၍ နောက်ဖေးဘက်တွင် စားသောက်ခန်းနှင့် ထမင်းချက်ခန်းများ ရှိပါသည်။ သို့ဖြစ်၍ အောက်ထပ်တွင် လူမနေကြောင်း ခန့်မှန်းမိပါသည်။

အပေါ်ထပ်မှာ ဆင်ဝင်၏ အထက် လေညင်းခံသည့်နေရာ၊ ရှေ့ခန်း၌ ဘုရားစင်ရှိ၍ ရင်ခွဲထားသည့် အခန်းဖြစ်ပါသည်။ နောက်မှကြည့် လျှင် ညာဘက်၌ ၂ ခန်း၊ ဘယ်ဘက်၌ ၂ ခန်းဖြစ်၍ ညာဘက်နှစ်ခန်းမှာ ရှေ့ခန်းတွင် ယောက်ျားဖြစ်သူနေပြီး နောက်ခန်းမှာ မိန်းမနှင့် ကလေးငယ် တစ်ယောက်နေပါသည်။ ဘယ်ဘက်အခန်း ၂ ခန်းအနက် ရှေ့ခန်းတွင် ကလေး ၃ ယောက်အိပ်ပြီး နောက်ခန်းမှာ အိမ်ရှင်၏ သမီးအကြီးနေသော အခန်းဖြစ်ပါသည်။

အိမ်ရှင်သူဌေးမှာ မြေပြန့်သို့ လွန်ခဲ့သော နှစ်ရက်သုံးရက်ခန့် ကပင် အရောင်းအဝယ်ကိစ္စဖြင့် သွားနေသောကြောင့် အိမ်၌မရှိပေ။ အိမ် ၏ ညာဘက်ဘေးတွင် အစေခံတန်းလျားတစ်ခုရှိ၍ ၎င်းတွင် ဒရိုင်ဘာလင် မယားနှင့် ထမင်းချက်အဒေါ်ကြီးတို့ နေကြပါသည်။ ထမင်းချက် အဒေါ်ကြီး၏ ယောက်ျားမှာ ထိုအိမ်၌ပင် မာလီလုပ်သည်ကို ကျွန်တော် ကြိုတင် သိရှိထားပြီးဖြစ်ပါသည်။

အချိန်မှာ ၆ နာရီခန့်ရှိပြီဖြစ်၍ လမ်းဓာတ်မီးများပင် လင်း၍လာ ပြီဖြစ်ပါသည်။ ကျွန်တော်သည် ချယ်ရီပင်တစ်ပင်အောက်တွင် ထိုင်ရင်း ကိုယ့်အစီအစဉ်နှင့်ကိုယ် စိတ်ထဲတွင် အလုပ်ရှုပ်နေပါသည်။ အစာမရှိသော ဝမ်းဗိုက်ကလည်း တဂွီဂွီမြည်လျက်ရှိရာ ယင်းအသံများကို ကြားရတိုင်း ကျွန်တော်၏စိတ်ဓာတ်မှာ ပြင်းထန်တက်ကြွ၍ လာပါသည်။ တစ်ခဏကြာ လျှင် ကျွန်တော်သည် ထိုင်ရာမှထ၍ တောလမ်းကလေးအတိုင်း ဖြတ်ကာ တိုက်၏ နောက်ဖေးဘက် စိန်နားပန်းချုံများအောက်သို့ တိတ်တဆိတ် ဝင် ရောက်ပြီးလျှင် ခိုအောင်းပုန်းကွယ်နေလိုက်ပါသည်။

မိုးရာသီဖြစ်သောကြောင့် စိန်နားပန်းချုံများမှာ အကိုင်းအခက် များ ဝေဆာပြီးလျှင် အုပ်ဆိုင်းနေသောနေရာကို မည်သူမျှ မမြင်နိုင်ပါ။ ထိုအချိန်တွင် မိုးဖွဲကလေးများသည် တဖြည်းဖြည်း ပြင်းထန်လာရာမှ တစ် ခါတည်း သွန်ချသကဲ့သို့ ရွာသွန်းလာပါတော့သည်။ ထိုအခါ ကျွန်တော့် မှာ မိုးရေနှင့် အအေးဒဏ်ကို ကာကွယ်စေရန် သားရေဂျာကင်မှ ကော်လာ ကို ထောင်လိုက်ပြီးလျှင် 'ဇစ်' ကို ဆွဲ၍ စေ့လိုက်ရပါတော့သည်။ ဘောင်း ဘီညာဘက်အိတ်ထဲမှ မောင်းပြန်ဓားကိုလည်း မကြာခဏ စမ်းသပ်ကြည့် ရှုမိသည်မှာ အလုပ်တစ်လုပ်ပင် ဖြစ်နေပါတော့သည်။

http://www.cherrythitsar.org



တစ်နာရီကျော် ၂ နာရီခန့် ဒုက္ခခံ၍ စောင့်ဆိုင်းလျက်ရှိရာ မိုးရာသီဖြစ်သဖြင့် လူသွားလူလာ ပြတ်လတ်ပြီးလျှင် ပတ်ဝန်းကျင်မှာလည်း တိတ်ဆိတ်၍ နေပါသည်။ မကြာမီ အစေခံတန်းလျားမှ မီးများလည်း မှိတ်သွားပါသည်။ တိုက်အပေါ်ထပ်မှာလည်း အိမ်သားများ အိပ်ကြပြီဖြစ်သည့် လက္ခဏာနှင့် မီးများ ငြိမ်းသွားပါသည်။ သို့သော် ဆိုခဲ့သည့် အိမ်ရှင်သမီး အကြီးနေသည့် အခန်းမှာမူ မီးလင်းလျက် ရှိနေသည်ကို မြင်ရပါသည်။ ၎င်းမှာ အိပ်မပျော်သေး၍ပေလော၊ သို့မဟုတ် စာကြည့်နေ၍ ပေလော မပြောတတ်ပါ။

တစ်ခဏမျှကြာသောအခါ ထိုအခန်းမှ အမျိုးသမီး မအိပ်သေးကြောင်း ကျွန်တော် ကောင်းစွာသိရပါတော့သည်။ အဘယ်ကြောင့်ဆိုသော် အခန်း၏ ပြတင်းပေါက်မှ မှန်ပေါ်မှ ၎င်း၏အရိပ်ကို မြင်လိုက်ရသောကြောင့်ဖြစ်ပါသည်။ အရိပ်သည် မတ်တပ်ရပ်လျက်ရှိရာမှ အိပ်ရာပေါ်သို့ ဖြစ်စေ၊ ကုလားထိုင်တစ်လုံးပေါ်သို့ဖြစ်စေ ထိုင်ချလိုက်သည်ကို မြင်ရသဖြင့် ၎င်းမှာ မအိပ်သေးဘဲ စာကြည့်နေသည်ကို အသေအချာ ကျွန်တော် သိရပါသည်။ ကျွန်တော်၏အစီအစဉ်ကို စိတ်ထဲတွင် ရေးဆွဲပြီးဖြစ်သည့်အတိုင်း ထိုင်ရာမှ ထလိုက်ပြီးလျှင် ရုပ်ရှင်ကားထဲကအတိုင်း မျက်နှာတစ်ခြမ်းကို လက်ကိုင်ပုဝါဖြင့် စည်းလိုက်ပြီးနောက် ချုံအောက်မှထွက်ကာ တိုက်ခြေရင်းသို့ ပြေးကပ်လိုက်ပါသည်။ ကံကောင်းထောက်မသဖြင့် လူသံလည်း မကြားခွေးဟောင်သံလည်း မကြားရသဖြင့် ကျွန်တော်၏ လှုပ်ရှားမှုများကို ခွေးရောလူပါ မသိကြကြောင်း ကျွန်တော် သိရှိရပါသည်။

ထိုအခါ ကျွန်တော်လည်း အထူးအထွေ ဆက်လက်မစဉ်းတော့ဘဲ ရေပိုက်လုံးကို တွယ်ဖက်ကာ အပေါ်သို့ တက်ပါတော့သည်။ ယိုးဒယားပြည်ဖြစ် (Golden Dragon) ခေါ် ရွှေနဂါးတံဆိပ် အမျိုးအစား ပတ္တူနောက်ပိတ်ဖိနပ်မှာ ဤကဲ့သို့ ရေပိုက်ကို တွယ်တက်ရာတွင် များစွာအကူအညီရပါသည်။ ဤသို့ တဖြည်းဖြည်း ပိုက်လုံးကို တွယ်ဖက်တက်ခဲ့ရာ နောက်ဆုံးတွင် ၎င်းအမျိုးသမီးအိပ်သော အခန်းပြတင်းပေါက်သို့ ရောက်သွားပါတော့သည်။

(ပြတင်းပေါက်မှာ နှစ်ပေါက်ဖြစ်၍ တစ်ပေါက်မှာ နံဘေး၌ ရှိပြီးလျှင် အခြားတစ်ပေါက်က ရေပိုက်၏ ညာဘက်နောက်၌ရှိသည်။) ရေ ပိုက်မှနေ၍ လက်လှမ်းလိုက်လျှင် နောက်ဘက်ပြတင်းကို ကောင်းစွာ မီပါ သည်။ ထိုနေရာသို့ ရောက်သွားသည့်အချိန်တွင် မိုးကလည်း သည်းသည်း မည်းမည်း ရွာသွန်းလျက်ရှိပါတော့သည်။

http://www.cherrythitsar.org



သို့နှင့် ကျွန်တော်သည် ညာဘက်ခြေထောက်ကို ပြတင်းပေါက်၏ အုတ်ဘောင်ပေါ်၌ တင်ထားလိုက်ပြီးလျှင် ဘယ်ဘက်လက်နှင့် ခြေထောက်က ရေပိုက်ကို မြဲမြဲစွာ ကိုင်တွယ်ထားရပါသည်။ ကုသိုလ်ကံသည် ကျွန်တော့်ဘက်မှ ဖေးမကူညီလျက် ရှိသည်ထင်ပါသည်။ အဘယ်ကြောင့် ဆိုသော် မှန်ပြတင်းကို ကျွန်တော်က လက်သီးဖြင့် ထိုးခွဲလိုက်သောအချိန်မှာ မိုးချိန်းသံနှင့် တစ်ထပ်တည်းကျသွားသောကြောင့် မှန်ကွဲသံကို မည်သူမျှ ကြားလိမ့်မည်မထင်ပါ။ ထိုအခါ ပြတင်းပေါက်အတွင်းသို့ လက်လျှို၍ မင်းတုပ်ကို ဆွဲလိုက်ရာ ပြတင်းပေါက်မှာ ပွင့်သွားပြီဖြစ်၍ ကျွန်တော်လည်း အခန်းထဲသို့ တစ်ခါတည်း ဖြည်းညင်းစွာ အသာခုန်ချလိုက်ပါတော့သည်။

တစ်ယောက်အိပ်ခုတင်တစ်လုံးပေါ်၌ကား အသားဖြူ၍ အသက် ၂၀ ခန့်မျှ ထင်ရသော ရုပ်ရည်လှပချောမောသည့် အမျိုးသမီးတစ်ယောက်သည် ဝတ္ထုစာအုပ်တစ်အုပ်ကို စိတ်အားထက်သန်စွာ ဖတ်လျက်ရှိ၏။ သူသည် ပြတင်းပေါက်မှ မှန်များ ကွဲသွားသည်ကိုလည်းကောင်း၊ ပြတင်းပေါက်ပွင့်သွားသည်ကိုလည်းကောင်း၊ အခန်းတွင်းသို့ ကျွန်တော် ခုန်ချဝင်လာသည်ကိုလည်းကောင်း မသိရှာချေ။ စာကိုသာ စိတ်ဝင်စား၍ နေဟန်တူလေသည်။ ကျွန်တော်သည် လက်ထဲ၌ ဓားကိုကိုင်ပြီးလျှင် ခြေသံမကြားအောင် ခြေကို ဖော့၍နင်းရင်း သူမအနီးသို့ ချဉ်းကပ်သွား၏။ အမျိုးသမီးမှာ ဘရာစီယာ အတွင်းကခံ၍ ဘလောက်(စ်) ခေါ် လည်ဟိုက် အပေါ်အင်္ကျီဝတ်ထားပြီးလျှင် ၎င်းအပေါ်မှ အနွေးထည်အင်္ကျီတစ်ထည်ကို လက်မလျှိုဘဲ ပခုံးပေါ်တွင် တင်ရုံသာ တင်ထား၏။ ရုပ်ရည်မှာ အနီးသို့ ကပ်၍ ကြည့်လေလေ ချောမောလှပလေလေ ထင်မိ၏။ ခေတ်မီပညာတတ် အမျိုးသမီးတစ်ယောက်ဖြစ်၍လည်း ဆင်ယင်ထုံးဖွဲ့ပုံမှာ လှပသော မျက်နှာကလေးနှင့် လိုက်လျောသည်ဟုသာ ဆိုနိုင်၏။ သို့သော် ကျွန်တော်အဖို့မှာမူ ထိုအခိုက်အတန့်၌ သူမ၏ အလှအပကို ဂရုမစိုက်နိုင်ပါချေ။ တစ်စက္ကန့်မျှသော အချိန်ပင်လျှင် ကျွန်တော့်အတွက် အလွန်အရေးကြီးသောအချိန်ပင် မဟုတ်ပါလော။

ဤသို့ဖြင့် ကျွန်တော်သည် ခြေသံမကြားအောင် သူမ၏ အနီး သို့ ကပ်သွားမိပါတော့သည်။ ထို့နောက် ကျွန်တော်သည် မောင်းပြန်ဓားကို ဖြောင်းခနဲ ဖွင့်လိုက်ပြီးလျှင် ကျွန်တော်၏ ဘယ်ဘက်လက်ဖြင့်လည်း သူမ၏ ပါးစပ်ကို ပိတ်ထားလိုက်ပါသည်။ ထိုအချိန်၌ပင် ကျွန်တော်၏ ညာဘက်လက်မှ ဓားကလည်း လည်ပင်းဆီသို့ ရောက်သွားကာ လည်မျိုဆီသို့ ကပ်ဖိထားလိုက်ပါသည်။

http://www.cherrythitsar.org



'မအော်နဲ့နော် . . . အသက်ပျောက်သွားမယ်'

ကျွန်တော်က အသံကို ဖျက်နိုင်သမျှ ဖျက်ပြီးလျှင် အမျိုးသမီး အား ခပ်ငေါက်ငေါက် အမိန့်ပေးလိုက်ပါသည်။ အမျိုးသမီးမှာ ရုတ်တရက် တိုက်ခိုက်ခြင်းခံရသဖြင့် ကြက်သေသေ၍ သွားပါသည်။ ထို့နောက်မှ တုန်ယင်သောအသံကလေးဖြင့် . . .

'ရှင် . . . ရှင် . . . ဘယ်ကလဲ၊ ဘာလိုချင်လို့ ကျွန်မအခန်းကို ဝင်လာရတာလဲဟင်'

သူမ၏အသံမှာ အလွန်ကြောက်ရွံ့နေသည့်ဟန်ဖြင့် တုန်တုန်ရင် ရင် ဗလုံးဗထွေးရှိနေပြီးလျှင် ရင်အုံကလေးမှာလည်း တဒိတ်ဒိတ်ခုန်၍ နေသည်ကို မြင်ရပါသည်။

သို့နှင့် ကျွန်တော်က . . .

'ခင်ဗျား အေးအေးဆေးဆေးနေပါ၊ ကျုပ် ခင်ဗျားကို ဘာမှ အန္တရာယ်မပြုဘူး . . . အဲ ကျုပ်လိုချင်တာကတော့ ငွေပဲ'

'ကျွန်မ . . . ကျွန်မ . . . ကျွန်မမှာ ငွေမရှိပါဘူးရှင်'

သို့သော် ကျွန်တော်သည် သူမပြောသည်ကို မယုံသေးဘဲ သူမ စာကြည့်သော စားပွဲအံဆွဲကို ဆွဲ၍ ဖွင့်လိုက်၏။ ခဲတံ၊ စာအုပ်အချို့နှင့် ကွန်ပါဘူးတစ်ဘူးမှလွဲ၍ တစ်စုံတစ်ရာ မတွေ့ပါ။ စားပွဲခင်းကို ဆွဲ၍ လှန်လိုက်၏။ သို့သော် မည်သည့်အရာဝတ္ထုမျှ မရှိချေ။ ထိုအချိန်၌ သူ ဖတ်လျက်ရှိသော စာအုပ်မှာ 'ဆိုက်ကိုလိုဂျီ' ခေါ် စိတ်ပညာစာအုပ်တစ်အုပ်ဖြစ်နေသည်ကို ကျွန်တော် သတိပြုလိုက်မိပါသည်။

'ကဲ . . . အချိန်သိပ်မရှိဘူး၊ ပေးမလား မပေးဘူးလား ပြော'

သို့ ပြောပြောဆိုဆိုနှင့်ပင် သူ၏ လည်ပင်း၌ ထောက်ထားသော ဓားကို အတန်ငယ် အောက်သို့ ဖိနှိပ်လိုက်၏။ မိန်းမပျိုမှာ တွန့်ခနဲဖြစ် သွား၏။

'ကျွန်မ ပိုက်ဆံများများ မရှိပါဘူးရှင်၊ ဟောဒီအပေါ် အင်္ကျီထဲမှာတော့ ငွေ ၅၀ ရှိပါတယ်၊ ကျွန်မကို အန္တရာယ်မပြုပါနဲ့ရှင်'

မိန်းမပျိုသည် ကျွန်တော့်အား ဤကဲ့သို့ တောင်းပန်ပြောဆိုလိုက်သည်ကိုပင် ကျွန်တော့်မှာ တစ်မျိုး အားတက်၍ သွားမိတော့၏။ သို့နှင့် ကျွန်တော်သည် သူ၏ အပေါ်အင်္ကျီအိတ်ထဲမှ ၅၀ တန် စက္ကူတစ်ရွက်နှင့် တံဆိပ်ခေါင်း ၂ လုံး၊ ၃ လုံး ကပ်ထားသော စာနစ်စောင်ကို အလွယ်တကူပင် နှိုက်၍ ယူလိုက်၏။ ထို့နောက် ၅၀ တန်စက္ကူကို ကျွန်တော်၏ သားရေဂျာကင်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်ပြီးလျှင် ခြင်ထောင်တန်းပေါ်၌ အသစ်

http://www.cherrythitsar.org



တွေ့ရသော သူမ၏ ခေါင်းစည်းပိုးလက်ကိုင်ပုဝါကို ဆွဲယူပြီးနောက် ၎င်း၏ ပါးစပ်ကိုပိတ်ရန် ဟန်ပြင်လိုက်၏။

'မလိုပါဘူးရှင် . . . ကျွန်မ ရှင့်ကို အန္တရာယ် မပြုပါဘူး၊ ရှင့်ဖာသာ အေးအေးဆေးဆေးဆင်းသွားပါ'

'အို . . . ဒီလို ဘယ်ရမလဲဗျ'

ကျွန်တော်သည် သူမ၏အနီးသို့ ယခင်ကထက် တိုး၍ ကပ်သွားလေသည်။

'ရှင် သွားမှာသာ သွားပါ၊ ကျွန်မ မိန်းကလေးပေမယ့် စကားတည်ပါတယ်'

ကျွန်တော်သည် သူမပြောသောစကားကို ယုံကြည်မိ၏။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ မျက်နှာတွင် ကျွန်တော့်အား တစ်စုံတစ်ရာ ဘေးအန္တရာယ်ပြုမည့် လက္ခဏာများကို မတွေ့ရသောကြောင့် ဖြစ်ပါသည်။

ထိုအချိန်အထိပင် မိုးမှာ ခပ်သည်းသည်း ရွာနေသဖြင့် သူနှင့် ကျွန်တော် ပြောနေသော စကားများကို အခြားဖက်ခန်းမှ အိပ်နေသောသူများ ကြားနိုင်သည်မထင်ပါ။ အခန်းကလည်း လုံခြုံလှပါသည်။

ထို့ပြင် အခြားအချက်တစ်ချက်မှာလည်း ထိုအချိန်ထိ အမျိုးသမီးသည် အော်ဟစ်ခြင်း၊ ရုန်းကန်ခြင်း၊ တစ်ဘက်ခန်းမှ အိပ်နေသူများ ကြားအောင် အချက်ပေးခြင်း စသည်တို့ကို မတွေ့ရသဖြင့် သူပြောသော စကားများကို ပိုမို၍ ယုံကြည်လာပါသည်။

ထို့နောက် ကျွန်တော်လည်း သူ့အား တစ်စုံတစ်ရာ မလုပ်ခဲ့ဘဲ ပြတင်းပေါက်ဘောင်ပေါ်သို့ တက်ကာ ၎င်းမှတစ်ဆင့် ကျွန်တော် တက်လာခဲ့သော ရေပိုက်မှ လျင်မြန်စွာ လျှောချဆင်းလာခဲ့ရာ အချိန်တစ်မိနစ်မျှ မကြာမီ နောက်ဖေးချုံတန်းဆီသို့ ပြန်လာခဲ့နိုင်ပါသည်။

ထိုနေရာသို့ရောက်လျှင် များစွာမခဲယဉ်းတော့ဘဲ လမ်းဘက်သို့ ခပ်သုတ်သုတ်ထွက်ကာ သုတ်ခြေတင်ခဲ့ရာ အိမ်သို့ ချောမောစွာ ပြန်လည်ရောက်ရှိခဲ့ပါတော့သည်။

အိမ်သို့ ရောက်လျှင်ရောက်ချင်း ကျွန်တော်သည် မိုးရေများ စို၍နေသော သားရေဂျာကင်ကို ချွတ်၍ ပလတ်စတစ် သေတ္တာထဲတွင် အစိုလိုက်ထည့်ထားလိုက်ပါသည်။ ရေစိုနေသော ရှပ်အင်္ကျီနှင့် ဘောင်းဘီကိုလည်း ရေအိုးထဲသို့ ထိုးထည့်ကာ သွေ့ခြောက်သော အဝတ်အစားများနှင့် လဲလှယ်ဝတ်လိုက်ပါသည်။ ဆံပင်ကိုလည်း ပုံတစ်မျိုးဖြစ်အောင် ဘယ်ခွဲမှ ညာခွဲဖြစ်အောင် သပ်ယပ်စွာ ဖြီးလိုက်ပါသည်။ ထို့နောက် လုံချည်ဟောင်းတစ်

http://www.cherrythitsar.org



ထည်ကို ဝတ်လိုက်သောအခါ ကျွန်တော်၏ ရုပ်မှာ မည်သည့်နည်းနှင့် မဆို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလိမ့်မည် ထင်ပါသည်။

ထို့နောက် ကျွန်တော်လည်း မပြီးသေးသော ရုပ်ရှင်ရုံတစ်ရုံသို့ လျှောက်ခဲ့ပြီးလျှင် ရုံနံဘေးတွင် ရောင်းချနေသော ညဈေးတန်းကလေးရှိ ထမင်းဆိုင်သို့ ဣန္ဒြေမပျက်ဝင်၍ ထမင်းတစ်ပွဲကို မှာစားပါသည်။ ဤသို့ဖြင့် လွန်ခဲ့သော နာရီပေါင်းများစွာက ပိန်လိန်၍နေသော ကျွန်တော်၏ ဝမ်းဗိုက်မှာ အတော်ပင် ပြည့်ဖောင်း၍ လာပါတော့သည်။ ကျွန်တော် ထမင်းစားသောနေရာနှင့် မနီးမဝေးတွင် ကျောက်သင်ပုန်းကြီးတစ်ခုပေါ်၌ 'ထီ ဖွင့်ရန် ၁၁ ရက်သာ ကျန်လိုတော့သည်' ဟု မြေဖြူဖြင့် ရေးထားသော စာ ကို တွေ့လိုက်ရပါသည်။

ထမင်းစားပြီးနောက် ကျွန်တော်ပေးသော ၅၀ တန်စက္ကူကို ငွေပြန်အမ်းသောအခါ ကျွန်တော်က ထမင်းဆိုင်ရှင် အဒေါ်ကြီးအား

'ထီလက်မှတ်ရသေးလား အဒေါ်'

ဟု မေးသည်တွင် အဒေါ်ကြီးက

'အေး ရပါသေးတယ်ကွယ်၊ မိုးက ရွာနေတာနဲ့ အထဲသိမ်းထားတယ်'

သို့ ပြောဆိုရင်း ဆိုင်ရှင်အဒေါ်ကြီးသည် ထီလက်မှတ်များကို ငွေထည့်သော ဈေးသေတ္တာကလေးထဲမှ ဆွဲထုတ်လိုက်ပါသည်။ ထိုအခါ ကျွန်တော်လည်း လက်မှတ်များကို နံပါတ်ရွေး၍ မနေတော့ဘဲ အပေါ်ဆုံးစာအုပ်မှ အပေါ်ဆုံးစာရွက်ကလေးပေါ်တွင် အဒေါ်ကြီးထံမှ ဖောင်တိန်ကို တောင်း၍ 'ပေါက်ရမည်' ဟူသော အတိတ်ကို တစ်ခါတည်းရေးချလိုက်ပါသည်။ ယခု စာရေးသောအချိန်၌မူ ထိုနံပါတ်ကို ကျွန်တော် မမှတ်မိတော့ပါ။

အိမ်သို့ပြန်ရောက်လျှင် ကျွန်တော်လုပ်ခဲ့သမျှကို ပြန်၍ စဉ်းစားမိပါတော့သည်။ အိပ်မက်များပင် မက်နေသလားဟု ထင်မိပါသေးသည်။

'ငါဟာ ရာဇဝတ်မှုကြီးတစ်ခုကို ကျူးလွန်ခဲ့မိတာပဲ' ဟု ထမင်းကလည်း ဝပြီးလျှင် သွေးကလည်း အေးသွားပြီဖြစ်၍ တွေးရင်းတွေးရင်း ကြောက်ရွံ့လာပါတော့သည်။ ကျွန်တော်၏မျက်စိထဲတွင် ရုပ်ရှင်ထဲကလို လက်ထိပ်ကြီးတရမ်းရမ်းနှင့် မြင်ယောင်နေမိပါတော့သည်။

'သြော် . . . လူများဟာ တကယ်ငတ်တဲ့ ဝမ်းရေးနဲ့ ကြုံလာရင် လူကိုလဲ သတ်ဝံ့တယ်၊ ဘာမဆိုလုပ်ဝံ့တယ်ဆိုတာ ဟုတ်မှာပဲ' ဟု တစ်ကိုယ်တည်း စိတ်ထဲက ရေရွတ်မိပါသည်။ တစ်ချိန်က အမှတ်မရခဲ့သော ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် မိဘနှစ်ပါးကိုပါ ထိုအချိန်ကျမှ

http://www.cherrythitsar.org



တမ်းတမိကာ ကျွန်တော်ကျူးလွန်မိခဲ့သော ပြစ်မှုကြီးအတွက် ယူကျုံးမရ ဖြစ်ရပါတော့သည်။

'အို . . . ဖြစ်ပြီးမှတော့ ဘာမှ မထူးပါဘူးလေ၊ ယောကျ်ားပဲ၊ လုပ်ရဲရင် ခံရဲရုံရှိတာပေါ့'ဟု မိမိကိုယ်ကို မိမိ အားတင်းလိုက်သောအခါမှ မေ့ခနဲ အိပ်ပျော်သွားပါသည်။ သို့သော် နှစ်နှစ်ခြိုက်ခြိုက် အိပ်၍မပျော်ဘဲ အိပ်မက်ရှည်ကြီးများကို မြင်မက်လျက်ရှိရာ ထိုအိပ်မက်များထဲတွင် ရဲသားများ၊ အချုပ်သမားများ၊ လက်ထိပ်များ၊ ကြိုးများကိုသာ ကြောက်မက်ဖွယ် ရာ တွေ့မြင်နေရပါသည်။

*

ယင်းကိစ္စ ဖြစ်ပွားပြီးနောက် တစ်ပတ်ခန့်ကြာသည့်တိုင်အောင် ကျွန်တော်၏ အမှုအကြောင်းကို လူပြောသူပြောလည်းမရှိ၊ သတင်းစာများ ထဲ၌လည်း မပါသဖြင့် ကျွန်တော့်မှာ ရင်ထဲတွင် တထိတ်ထိတ်နေရာမှ အတော်အတန် စိတ်အေး၍ သွားပါတော့သည်။ ငါးဆယ်တန်မှ ဖျက်ထားသော ငွေအကြွေများမှာလည်း တစ်နေ့တခြား လျော့ပါးလာပြီဖြစ်၍ ကျွန် တော့်မှာ ယခင်ကအတိုင်း မူမပျက်စေဘဲ အလုပ်ထွက်၍ ရှာရပြန်ပါတော့ သည်။ ထိုအခါ ကံကောင်းထောက်မ၍ မမျှော်လင့်ဘဲ တရုတ်ဆိုင်တစ်ဆိုင် တွင် အလုပ်ရပါသည်။ ဤသို့ဖြင့် ကျွန်တော်မပျက်စေရန် အထူးသတိထား၍ အလုပ်လုပ်လျက်ရှိရာ ဝင်ငွေကလေးကလည်း ကောင်းလာသဖြင့် ကျွန်တော် ၏ စားဝတ်နေရေးမှာ အတော်ပင် ပြေလည်ခဲ့ပါသည်။

အလုပ်ဆင်း၍ သုံးရက်မြောက်သောနေ့တွင် ထီဖွင့်ပါသည်။ ကျွန် တော်အလုပ်လုပ်သောဆိုင်မှ ရေဒီယိုထဲတွင် ထီပေါက်စဉ်များကို ကျေညာ သည့်အခန်း၌ မြို့၏နာမည်နှင့်တကွ 'ပေါက်ရမည်'ဟူသော အတိတ်ကို ပေါက်စဉ်ထဲတွင် အမှတ်မထင် ကြားလိုက်ရပါသည်။ သို့သော် ဤအတိတ် မျိုး ထိုးသူများမှာ ဒုနဲ့ဒေးဖြစ်မည်ဖြစ်သဖြင့် ကျွန်တော် ဂရုမစိုက်ဘဲ အမှတ် မဲ့ပင် နေလိုက်ပါသည်။ နောက် ၄ – ၅ – ၆ ရက်ကြာသောအခါ ဆိုင်ရှင် တရုတ်က ထီပေါက်စဉ်တစ်စောင်ကိုဝယ်၍ သူထိုးထားသော ထီလက်မှတ် များကို တိုက်သဖြင့် ကျွန်တော်လည်း အလုပ်အားချိန်တွင် ထိုပေါက်စဉ် စာရွက်နှင့်ပင် ကျွန်တော်ထိုးထားသော လက်မှတ်ကို တိုက်ကြည့်ရာ ကျွန် တော့်မှာ ဝမ်းသာလုံးဆို့ပြီးလျှင် နေရာမှ ထ၍ မခုန်မိအောင်ပင် မနည်းကြီး သတိထားလိုက်ရပါသည်။

http://www.cherrythitsar.org



အဘယ္ေၾကာင့္ဆိုေသာ္ ထမင္းဆိုင္မွ ကၽြန္ေတာ္ျဖတ္ခဲ့ေသာ ထီလက္မွတ္ကေလးမွာ မေမွ်ာ္လင့္ဘဲ ၅၀၀ ဆု ေပါက္၍ ေနေသာေၾကာင့္ ျဖစ္ပါသည္။ ထိုအခ်ိန္၌ ကၽြန္ေတာ္က်ဴးလြန္မိခဲ့ေသာ ရာဇဝတ္မႈႀကီးကိုပင္ ေမ့၍ သြားလုမတတ္ရွိေနပါသည္။

ကၽြန္ေတာ္ေပါက္ေသာဆုမွာ အနည္းဆံုးေသာ ဆု ၅၀၀ ဆု ျဖစ္သျဖင့္ ကၽြန္ေတာ္ေနေသာၿမိဳ႕ ေငြတိုက္႐ုံး၌ပင္ အလြယ္တကူ ထုတ္ယူရရွိခဲ့ပါသည္။ ေငြ ၅၀၀ ႏွင့္အတူ ၂၀၀ တန္ ေငြစုလက္မွတ္တစ္ေစာင္ကိုလည္း ရရွိခဲ့ရာ လက္ဖက္ရည္ဆိုင္ရွင္၏ သမီးကေလးကို ေနာက္တစ္ႏွစ္အခ်ိန္ က်ေရာက္ေသာအခါ ထုတ္ယူရန္ ကၽြန္ေတာ္ လက္မွတ္ထိုး၍ လႊဲေပးလိုက္ပါသည္။

ကၽြန္ေတာ္ရေသာ ေငြ ၅၀၀ ထဲမွ ထက္ဝက္ခြဲၿပီးလွ်င္ ေငြ ၂၅၀ ကို ကၽြန္ေတာ္၏ဘဝတြင္ ပထမဆံုးအႀကိမ္ ကၽြန္ေတာ္ က်ဴးလြန္မိသည့္ ျပစ္မႈခံရရွာသူ ထိုအမ်ိဳးသမီးထံသို႔ စာတိုက္မွ ေရစစ္ရီျပဳလုပ္ၿပီးလွ်င္ စာတစ္ေစာင္ႏွင့္အတူ ပို႔လိုက္ပါသည္။ ကၽြန္ေတာ္၏ လိပ္စာကိုလည္း ကၽြန္ေတာ္၏နာမည္ကို ေျပာင္းထားသည္မွတစ္ပါး အျပည့္အစံု ထည့္လိုက္ပါသည္။ ဤကဲ့သို႔ ထည့္လိုက္ရျခင္းမွာ မွတ္ပံုတင္ ေငြလႊဲျခင္းျဖစ္၍ မလႊဲသာေသာေၾကာင့္သာ ထည့္လိုက္ရျခင္းျဖစ္ပါသည္။

ကၽြန္ေတာ္ေရးလိုက္ေသာ စာမွာ ေအာက္ပါအတိုင္း ျဖစ္ပါသည္။

*'ေက်းဇူးတင္စြာျဖင့္ အစ္မႀကီး ( . . . ) ခင္ဗ်ား။*

*ဟိုတစ္ညက ကၽြန္ေတာ့္အား ကူညီလိုက္ေသာ ေငြ ၅၀ ကို ျပန္၍ ေပးဆပ္လိုက္ပါသည္။ ထို႔အျပင္ ေငြ ၂၀၀ ကိုလည္း အစ္မႀကီးအတြက္ စာအုပ္ဖိုးအျဖစ္ **(Present)** လုပ္လိုက္ပါသည္။ အဲဒီအခ်ိန္က ကၽြန္ေတာ့္မွာ အက်ပ္အတည္းေၾကာင့္ လုပ္လိုက္ျခင္းျဖစ္ပါသည္။ ခြင့္လႊတ္ပါ ခင္ဗ်ား၊ ကၽြန္ေတာ့္အား ဒုကၡမေပးသည့္အတြက္ မ်ားစြာ ေက်းဇူးတင္မိပါသည္။*

**လွမ်ိဳး**

ေနာက္ႏွစ္ရက္ခန္႔အၾကာတြင္ ကၽြန္ေတာ့္ထံသို႔ စာတစ္ေစာင္ ေရာက္ရွိလာရာ ကၽြန္ေတာ့္မွာ တစ္ႀကိမ္တစ္ခါမွ် စာရဖူးသူမဟုတ္သျဖင့္ အေတာ္ပင္ အံ့ၾသ၍ သြားခဲ့ပါသည္။ စာအိတ္ကိုဖြင့္၍ စာကိုဖတ္ရေသာ

http://www.cherrythitsar.org



**အခါ စာမှာ သူမထံမှ စာဖြစ်သဖြင့် ပို၍ပင် အံ့သြမိပါတော့သည်။ စာထဲတွင်ပါရှိသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

*နေ့စွဲ ၁၉.၄.၅၉*

***ဒီမှာရှင့် . . . ကိုလှမိုး***

*ရှင်ထည့်ပေးလိုက်သော ငွေ ၂၅၀ ကို စာတိုက်မှတစ်ဆင့် ရရှိပါတယ်၊ ရှင်က ကျွန်မထံကို ငွေ ၅၀ ပေးဆပ်တယ်ဆိုတော့ ရှင်ဘယ်ကများ ပွပေါက်တစ်ခုတိုးလာသလဲ၊ ရှင်က ကိုယ့်ကိုယ်ကို အမေရိကန်ဓာတ်ကားထဲက ဇာတ်ဆောင်မျိုးဖြစ်နေသလား မသိဘူး၊ တော်တော့ကို စတန့်လုပ်လိုက်တာပဲ၊ ကျွန်မမို့သာပေါ့၊ ဒီပြင်လူဆိုရင် ရှင်တစ်ယောက် ခုလောက်ဆိုရင် အချုပ်လား ထောင်လားပဲ၊ ကျွန်မ ရှင့်ကို ဒုက္ခမပေးလိုက်တာက ရှင်ကလဲ ကျွန်မကို ဒုက္ခမပေးဘဲကိုး၊ ပြီးတော့ ငွေ ၅၀ လောက်မပြောနဲ့ ငွေ ၅၀၀ လောက်တောင် ဂရုမစိုက်ပါဘူး၊ ရှင်ပေးလိုက်တဲ့ ငွေ ၂၀၀ ကို* ***(Present)*** *ဆိုလို့ လက်ခံလိုက်တယ်။*

*တစ်ချိန်က ဒီအလုပ်မျိုးတွေမလုပ်ဖူးဆိုတာ ကျွန်မသိပါတယ်၊ အခုမှ အခက်အခဲတွေ့လို့ လုပ်ရတယ်မဟုတ်လား . . . ဘာဖြစ်လို့လဲဆို တော့ ကျွန်မအိပ်တဲ့ ခေါင်းအုံးအောက်က ငွေ ၁၀၀၀ ကျော် ရှင် တွေ့မသွား ပဲကိုး၊ တကယ်လို့သာ ရှင် လူဆိုးဖြစ်ခဲ့ရင် နှံ့နှံ့စပ်စပ် ရှာမှာပေါ့၊ ခုတော့ ရှင်က မလုပ်ဖူးတော့ မကျွမ်းကျင်ဘူးဆိုသလို ဖြစ်နေတယ်၊ ပြီးတော့ ရှင် က ကျွန်မစကားကို ယုံကြည်ပြီး ပါးစပ်တို့ လက်တို့ ခြေတို့ကို မတုတ်နှောင် ဘဲ သွားခဲ့တယ်၊ နောက်ပြီး ရှင့်မျက်လုံးတွေကလဲ လူဆိုးတစ်ယောက်နဲ့ မတူဘူး၊ ဒါတွေကြည့်ခြင်းအားဖြင့် ရှင်ဟာ လူဆိုးတစ်ယောက်မဟုတ်ဘူး ဆိုတာ သိပါတယ်၊ ဒါတင်မကသေးဘူး၊ လူဆိုးတစ်ယောက်ဟာ ငွေ ၅၀ ထဲနဲ့ ကျေနပ်မတဲ့လား . . .၊ ပြီးတော့ ရှင် ကျွန်မကို သတိမထားလိုက်တာ က ကျွန်မဝတ်ထားတဲ့ လက်ဝတ်လက်စားတွေကို ရှင်မြင်ရက်နဲ့ တွေ့မသွား ခြင်းဟာ ရှင် လူဆိုးတစ်ယောက်မဟုတ်မှန်း ထင်ရှားစေပါတယ်၊ ခုရတဲ့ ငွေ ၂၅၀ ကတော့ သန့်သန့်ရှင်းရှင်းပဲလား၊ ကျွန်မတော့ မကောင်းတဲ့ကိစ္စ က ရခဲ့တယ်လို့ မထင်ဘူး၊ ရှင်ဟာ အသက်ကလေးကလဲ ငယ်ပါသေးတယ်၊ ဒီလိုကိစ္စမျိုးတွေကို နောက် မလုပ်ပါနဲ့လားရှင်၊ ငွေတင်ပေးရာမှာ ရှင့်လိပ်စာ ကြီးက ဘာကြောင့်ထည့်လိုက်သလဲ၊ ဒါကြောင့် ရှင့်ထံကို ကျွန်မ စာရေး နိုင်တာ၊ သိပ် အံ့သြမသွားနဲ့ဦး၊ နာမည်တော့ ပြောင်းထည့်ချင်ထည့်မှာပေါ့၊*

http://www.cherrythitsar.org



*ဒီတော့ ကျွန်မ အကြံဘစ်နေ ပေးပါရစေလား၊ နောက်ကို ဒီလိုသူရဲကောင်း ဆန်တဲ့ အလုပ်မျိုးတွေ မလုပ်ပါနဲ့လို့၊ အသက်အေးကလဲ နီးကပ်တယ်၊ ရာဇဝတ်မှုလဲ ဖြစ်နေတယ်။*

*ကဲ . . . ရှင် ငွေ ၂၀၀ ထည့်ပေးလိုက်တာ စာအုပ်ဖိုးဆိုတော့ ကျေးဇူးတင်ပါသတဲ့ရှင်၊ သြော် . . . ခဲတံနဲ့ ရေးရတာ ရှုတ်တရက် ဖောင် တိန်ရှာမတွေ့လို့ အမြန်ရေးလိုက်ခြင်းမို့ ခွင့်လွှတ်ပါနော် . . .။*

*Good Luck*
*သင့်ရဲ့ ဝေဝေဦး*

*

နောက်မကြာမီ ကျွန်တော်သည် ၎င်းမြို့မှ ထွက်ခဲ့ပြီးလျှင် စစ် ထဲသို့ဝင်၍ ၄ နှစ်ခန့်မျှ စစ်မှုထမ်းခဲ့ပါသည်။ မကြာမီကမှ စစ်ထဲမှ ထွက် ခဲ့ပြီးလျှင် အလုပ်အမျိုးမျိုးလုပ်၍ ကျွန်တော်၏ဝမ်းစာကို ကျွန်တော် ကျောင်း ခဲ့ပြီးနောက် နောက်ဆုံးတွင် ရန်ကုန်မြို့သို့ ယခု ရောက်လာခြင်းဖြစ်ပါ သည်။

ထိုအမျိုးသမီးမှာ ယခုအချိန်တွင် မန္တလေးတက္ကသိုလ်၌ သိပ္ပံပညာ ကို သင်ကြားလျက်ရှိကြောင်း ခိုင်လုံစွာ သိရှိရပါသည်။ သို့သော် ကျွန်တော် နှင့်မူ တစ်စုံတစ်ရာ အဆက်အသွယ် မရှိတော့ပါ။

(အထက်ပါအဖြစ်အပျက်မှာ ကျွန်တော် ကိုယ်တိုင် တွေ့ကြုံဖြစ် ပျက်ခဲ့သည့် တစ်ကယ့်အဖြစ်အပျက်ကလေးဖြစ်၍ ဆရာကြီးအလိုရှိသလို အသုံးပြုနိုင်ပါရန် ကန်တော့သည့်အနေဖြင့် ပေးခြင်းဖြစ်ပါသည်။)

ပုံ
လှမိုး

၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ၊
ငွေတာရီမဂ္ဂဇင်း။

**ဒဂုန်ရွှေမျှား**

http://www.cherrythitsar.org

